ကျော်ဂူးထော်ရှင်

သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ

အဖျော်ဆရာတော်ဘုရား စီရင်ရေးသားတော်မူသော

ပရမတ္ထသင်္ဂဟသံပေါက် ကို

သဒ္ဓိဝိဟာရိကတပည့်

အရှင် အမရဝေါတိ

ဖွင့်ပြရေးသားအပ်သော

ပရမတ္ထဝါဏီပေါ

သံပေါက်-အဓိပ္ပါယ်

ကျမ်းပြုဆရာတော်နှင့် တကွ
ရတနာဒီပံ ပါဠိဆရာ ဦးကျော်သိန်း တို့
ကြည့်ရှုသုတ်သင် ပြင်ဆင်ကြသည့်

ရတနာဒီပံ ဝိဇ္ဇာကတ် ပုံနှိပ်တိုက် မန္တလေး

ကို

နိဒါနကထာ

အာစရိယပရမ္ပရာ ကျေးဇူးတော်ရင် အရှင်စန္ဒဝံသာလင်္ကာရ အမည်တော်ရသော လေးရာကျော်သော ကျောင်းတိုက်တို၏ ဂိုဏ်းချုပ်ဦးစီး အကြီးဥက္ကဋ္ဌဖြစ်တော်မူသော မြို့ပြင်ကြီးဆရာတော် ဘုရားကြီး, နဝဂိန္ဒာဘိကဝိဓဇ မဟာဓမ္မရာဇဂုရု ဟူသော ပဌမတံဆိပ်နာမံတော်, နဝဂိန္ဒာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယတံဆိပ် နာမံတော်တို့ကို ခံယူရရှိတော်မူသော သာသနာပြု မိဃ်းကောင်းဆရာတော်ဘုရားကြီး,အရှင်ရဝိန္ဒာဘိဓဇအမည်တော်ရသော ဗင်္ကလားဆရာတော်ဘုရားကြီးတို့၏ ထံတော်ရင်းဝယ် လောကီ–လောကုတ္တရာ အဖြာဖြာသော ကျမ်းငယ်–ကျမ်းကြီး အသီးသီးတို့ကို ဦးမြောက်ပေးသနားတော်မူကြသဖြင့် ထိုဆရာတော်ဘုရားကြီးများ၏ အထံတော်တို့မှ အာစရိယမုဋ္ဌိ ရှိသည်ဖြစ်၍ မြို့ပြင်ကြီးဆရာတော်ဘုရားကြီး၏တူတော်ရင်းစစ် သဒ္ဓိဝိဟာရိက တပည့်လည်း ဖြစ်တော်မူသော အရှင်အာစရိယထေရ်မြတ် (**အဂ္ဂမဟာပဏ္ဍိတ အဖျော်ဆရာတော်ဘုရား**)သည် လင်္ကာရင် ၁၂၇၆–ခုနှစ်၌ ဟသ်ာတဓရိုင် အဖျော်ရွာ အင်းဝကျောင်းတိုက်ဝယ် ယာပိုထ်လေးလီ မျည်မှိတင်း သီတင်းသုံးနေထိုင်တော်မူစဉ်အခါ အဘိဓမ္မာ ပရမတ်ကို တတ်သိလိုလားကြသော တပည့်တကာတို့အား အဘိဓမ္မာတရားကို သင်ကြားပြသပို့ချပေးသနားရမည် ဟူသော ဘကြီးတော် အင်းဝဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို ရိုသေကျိုးနွံစွာ နာခံမှတ်

သားငြိုးလျှင် တပည့်တကာ များစွာတို့အား အဘိဓမ္မာတရား ကို ဟောကြား ပြသ ပို့ချပေးတော်မူ၏။

အဘိဓမ္မာ ပရမတ်
တတ်သိမြှော်မြင် ပညာရှင်
ယနေ့တိုင်လဲ
မေ့နိုင်ဘဲ

ယင်းသို့ အဘိဓမ္မာတရား ကို ဟောကြားပြသ ပို့ချ ပေးတော်မူစဉ် အရှင်အနု ရုဒ္ဓါမဉ်ထေရ်မြတ် ပြုစီရင်တော်မူအပ်သော သင်္ဂြိဟ်ကျမ်းကို ပဓာနထား၍ ပါဠိဘာသာကို သင်အံ-လေ့လာခြင်းမပြု နိုင်ကြသည့် တပည့်တကာတို့နှင့် များစွာလျော်ပတ် ကောင်းမြတ်နာပျော်ဖွယ်ရှိအောင် မြန်မာ ကဗျာ လင်္ကာ သက်သက်တို့ဖြင့်သာ တန်ဆာဆင်ယင် ပြုပြင်အပ်သော **"ပရမတ္ထ သင်္ဂဟ သံပေါက်ကျမ်း"** ကိုလည်း ပြုစုတီထွင် စီရင်ရေးသားတော်မူ၏။ ထိုသို့ သံပေါက်ကျမဲ်းကို စီရင်ရေးသား ပြီးဆုံးပြောသော်လည်း ဆယ်နှစ်ကျော်-ဆယ့်တနှစ်အတွင်း၌ တကြိမ်တခါမျှ စက်တင်ပုံရိုက်ခြင်း အလျဉ်းမပြုဘဲ နာခံသင်ယူကြသူ တပည့်တကာတို့အား လက်ရေးစာမူတို့ဖြင့် သာလျှင် တဆင့်ဆင့်ကူးယူစေကုန်လျက် သင်အံ-ကျက်မှတ် စေခဲ့ရာ မျှားစွာသော တပည့်တကာတို့သည် ရုပ်ခာတ်-နာမ်ခာတ် ပရမတ်နှစ်ဖြာ အဘိဓမ္မာ၌ ရေရေရာရာ လိမ္မာ သိမြင် ပညာရှင်အဖြစ်သို့ ကောင်းစွာရောက်ခဲ့ကြကုန်၏။

ယနေ့တိုင်လဲ
မေ့နိုင်ဘဲ

ထို့နောက် ၁၂၇၇-ခုနှစ် သို့ ရောက်သောအခါ သင်္ဂြိဟ်သံပေါက်ကျမ်းကို ပြုစီရင်တော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရားနှင့် ရန်ကုန်မြို့ ငါးထပ်ကြီး ပိဋကတ်တိုက်

ကျောင်း ဆရာတော်အရှင်ဣန္ဒကမထေရ်တို့သည် စစ်ကိုင်း တောင်ရိုး ကမ္မောဇဆျောင်၌ အတူတကွ ဝါကပ်နေထိုင်ဘော် မူကြစဉ် ထိုသံပေါက်ကျမ်းကို စာအုပ်ငယ်အဖြစ်သို့ရောက် အောင် ရွက်ဆောင်အား စိုက် စက်တင်ပုံ ရိုက်ရန် သဘောတူ ညီကြပြီးလျှင် တောင့်တရင်း ရှိနေကြသည့် တပည့်တကာတို့၏ အလိုအာသာ ပြည့်စုံစေခြင်းငှါ စာဆရာတော် အရှင်ဣန္ဒက ကိုယ်တိုင် အကျဉ်းချုပ် အဖြေ တို့ကိုပါ ထည့်သွင်း၍ တည်း ဖြတ်သုတ်သင်ကာ သိုက်မြိုက်စွာ စက်တင်ပုံရိုက်စေခဲ့သည်။ ထိုသံပေါက်ကျမ်းကို စက်တင်ပုံရိုက်ပြီးစီးသောအခါ၌ ဤ **အဓိပ္ပါယ်ကျမ်း**ကို ကြိုးပမ်းစီစဉ်သူသည် ဆယ်နှစ်သားအရွယ် ကျောင်းသားငယ်ကလေးမျှသာ ရှိပါသေး သည်။ ကျေးဇူးရှင် ကျမ်းပြုဆရာတော်ဘုရား၏ အထံတော်မှ နာခံမှတ်သား၍ တတ်ကျွမ်း နားလည်ပြီး ဖြစ်ကြသော အဘိဓမ္မာဆရာကြီး ဦးဘိုးတေ, ဦးလူတုတ်,ဦးညို(မောင်), ဦးမြတ်ထောင် အစရှိ ကုန်သော တပည့်တကာတို့ကလည်း မိမိတို့၏ ရပ်ကွက် အသီး အသီးတို့၌ အမျိုးသို့-အမျိုးသား, လူကြီး-လူငယ် တို့အား တဆင့် ပြန်လည် သင်ကြား ပေးကြရာ များစွာသော အမျိုး သို့-အမျိုးသားအပေါင်းတို့လည်း သင်္ဂြိဟ်ကိုးပိုင်း၏ သရုပ်-အဓိပ္ပါယ်တို့ကို ကောင်းစွာ တတ်ကျွမ်း နားလည်ကြကုန်၏။ ထိုစဉ်အခါက အမျိုးသို့-အမျိုးသားတို့အချင်းချင်း မေးကြ, ဖြေကြ,ရွတ်ကြ-အံကြခြင်း တို့ကြောင့် အဖျောက်တိုက်နယ် တခုလုံးကို လွှမ်းမိုး လွှင့်တက်ရုံသာမက ဘဝဂ်တိုင်မျှ ပျံ့.နှံ့. ဆူညံလွှက် ရှိခဲ့သော အဘိဓမ္မာဒေသနာသံများကိုကား မမေ့နိုင်အောင် ယနေ့တိုင် ကြားယောင်နေမိပါသေး သည်။

ငမ်းနည်းဘွယ်ရာ ကြောင်းခြင်းရာ

ဤသို့ဖြင့် တခေတ်မှတခေတ်သို့ အသစ်အသစ် ကူးပြောင်း၍ နှစ်ပေါင်း(၁၀) ကျော် ကြာညောင်းလာသောအခါ၌ ဤအဓိပ္ပါယ်ကျမ်းကို ပြုစုစီရင်သူလည်း ကျောင်းသားအဖြစ်မှ သာမဏေအဖြစ်သို့ သာမဏေအဖြစ်မှလည်း ရဟန်းအဖြစ်သို့ ရောက်ရှိလာပြန်သဖြင့် ကျေးဇူးရှင် အဖျော်ဆရာတော်ဘုရား၏ ထံတော်၌၎င်း, ထိုဆရာတော်ဘုရား၏ တပည့်ကြီးများ ဖြစ်ကြသော အရှင်ကဝိဓဇ, အရှင်ဓမာလင်္ကာရ တို့၏ ထံ၌၎င်း လောကီ-လောကုတ္တရာ သဒ္ဒါ,သဂြိဟ်-စသော အခြေခံ စာဝါများကို သင်ယူတတ်မြောက် ပြီးစီးသောအခါ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်ကြီး၏ ဦးစီးဉာဏ္ဍ မဟာဝိနာယက ဖြစ်တော်မူ၍ ယခုအခါ ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃဉာဏ္ဍ မဟာနာယက ဖြစ်ဧတော်မူသော **အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး** ၏ ထံတော်မှောက်သို့ ဆည်းကပ်ရောက်ရှိခဲ့၍ နေ့ဝါညဝါ အဖြာဖြာသော ပရိယတ်ဓမ္မကွန်တို့ကို သင်-အံ-မှတ်-ကျက် လေ့လာ ဆည်းပူးလျက် ရှိနေခဲ့သည်။ ထိုအချိန်အခါမှာ အဘိဓမ္မာဆရာကြီး ဦးဘိုးတေ, ဦးလူတုတ် အစရှိကြသော ပုဂ္ဂိုလ်ကြီးတို့သည် ဘိဇ္ဇနဓမ္မတာ မရဏာသေမင်း သူ့လက်တွင်းသို့ မလွတ်ကင်းရှာ မငြင်းသာဘဲ သက်ဆင်းကျရောက်ကုန်ရှာပါ၌။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး စိရင်ရေးသားတော်မူအပ်သော သံပေါက်ကျမ်းသည်လည်း တခေတ်မှ တခေတ်သို့ တရစ်တရစ် ကူးပြောင်းလာခဲ့ရာ ရှေးဦးပဌမ ပုံရိုက်ဦးသည်မှစ၍ ယနေ့

တိုင်အောင် နှစ်ပေါင်း (၄၀)ကျော် ကြာညောင်းခဲ့ပြီဖြစ်၍ စာမူဟောင်းသော်မျှ မကျန်ကြွင်းလောက်အောင် ပျက်စီးယိုယွင်းခြင်းသို့ ရောက်ကြလေပြီ။ ရှေး ယခင် အခါက အဖျောက်တိုက်နယ် တခုလုံး အာဘိဓမ္မာ ဒေသနာသံ တိုဖြင့် ဆူညံဖုံးလွှမ်း နေခဲ့သလောက် ယခုအခါမှာ သင်အံ-လေ့ကျက်သူ ကင်းပျောက်လု နီးနီး အချည်းနှီး ဖြစ်နေမှုကို ကြည့်ရှုတွေ့မြင်ရခြင်းမှာ အလွန်တရာ ဝမ်းနည်းကြေကွဲဘွယ် အကြောင်းတရပ်ပင် ဖြစ်ပေသည်။

ကြံစည်သော်လဲ အောင်နိုင်ခဲ့၏

ထိုအကြောင်းခြင်းရာကို ကောင်းစွာ မြော်မြင် ဆင်ခြင်မိကြသည့် အချို့, အချို့သော တပည့်တကာ တို့သည် သင်္ဂြိဟ်သံပေါက်ကျမ်းကို အသစ်တဖန်ထပ်မံပုံရိုက်ပေးပါရန် မိမိအား အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်လျောက်ထားကြကုန်၏။ ယင်းသို့ လျောက်ထား တောင်းပန်ကြ သော်လည်း ထို အချိန်အခါမှာ သူတို့ တောင့်တ လိုလား နေကြသော သံပေါက်ကျမ်းကို ကြိုးပမ်းအားထုတ်ပုံနှိပ်လုပ်ဆောင်နိုင်ရန် ကြိုးစားကြံစည်ပါသော်လည်း မပြီးပြတ်နိုင်သေးသည့် သင်ရေး-ကြားရေး,ကိုယ်ရေး-ကိုယ်တာ မရှောင်သာသော အကြောင်းအမျိုးမျိုး,အခက်အခဲအမျိုးမျိုးတို့ကြောင့် ရုတ်တရက် မအောင်မြင်နိုင်ဘဲ ဖင့်နွှဲကြန့်ကြာခဲ့ရလေသည်။

ဆရာများထံမှောက် ဘတ်ကြားလျောက်

ဤသို့ ကြံစည် စဉ်းစား ကြိုးစား နေခြင်းဖြင့် ကောင်းစွာအောင်မြင် ကြောင်း နည်းလမ်းကောင်း ပေါ်

ပေါက်လာသည်ဖြစ်၍ "ထိုကျမ်းကို အာသစ်တဖန် ထပ်မံပုံရိုက်လျှင်ရှေးယခင်အခါကကဲ့သို့ အဆင့်ဆင့်သင်ကြား ပြသပေးနိုင်ကြမည့် အဘိဓမ္မာဆရာကြီးများနှင့်လည်း ကင်းဝေးခဲ့ကြပြီဖြစ်သောကြောင့် သင်္ဂြိဟ်သံပေါက်ချည်း ရိုက်နှိပ်ပါကယခုခေတ်အခါ၌ လေ့လာကျက်မှတ်ရန် အင်မတန်ခက်ခဲမလွယ်ကူဘဲရှိရာ၏။ ထိုကျမ်း၏အဖွင့်-အဓိပ္ပါယ်တို့ဖြင့် တန်ဆာဆင်ယင် ပြုပြင်ရေးသား ရိုက်နှိပ်မှသာလျှင် မှတ်သားနာယူကြသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေလျက် အချက်ကျကျ ဆိုင်ရာအဓိပ္ပါယ်သဘာဝတို့ကို ကောင်းစွာ နားလည်မှတ်သားနိုင်ကြလိမ့်မည်" ဟု ယုံကြည် စဉ်းစားမိသည်တကြောင်း, ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကလည်း အဖွင့်အဓိပ္ပါယ်ပါ ထည့်သွင်းရေးသား၍ ပုံရိုက် လုပ်ဆောင်စေလိုသည်တကြောင်းကြောင့် မိမိထံမှောက်သို့ ဆည်းကပ် ရောက်လာကြသည့် တပည့် ကြီး-ငယ်တို့အား ဆိုင်ရာစာဝါများကို သင်ကြားပြသ ပို့ချပေးနေစဉ် အကြားအကြား၌ ရသမျှ အချိန်ကိုယူ၍ စာမူကြမ်းရေးသားပြီးလျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှစ်ပါး့တို့၏ ထံမှောက်၌ ဘတ်ကြားလျှောက်ထား၍ စက်တင် ပုံရိုက်စေအပ်ပါသည်။

ယင်းသို့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးများ၏ ထံမှောက်၌ ဘတ်ကြားလျှောက်ထားကာမျှဖြင့် ဤကျမ်း၌ အပြစ်ဒေါသ ကင်းစင်လှပြီဟု မဝင့်ကြွားလိုပါ။ ရှေးဦးပထမ လက်ရေးမူဖြင့် စတင်ရိုက်နှိပ်ရခြင်း, အချိန်မှီ ပြီးစီးအောင် ကြိုးစားရခြင်းတို့ကြောင့် မှား

ပုထုဇဉ်ဓမ္မတာ
မှားယွင်းချက် ရှိမည်သာ

ယွင်းချက်မရှိအောင် ကြည့်ရှုသုတ်သင် ပြင်ဆင်ပါသော်လည်း ပုထုဇဉ်ဓမ္မတာ သတိကင်းကွာသည့်အခါ မှားယွင်းချက် ရှိမည်သာ ဖြစ်ပါသည်။ အကယ်၍ မှားယွင်းချက် တစုံတရာတွေ့ရှိပါက သက်တော်,ရွယ်တော် ရှစ်ဆယ်ကျော်-ကိုးဆယ်နီးပါး ကြီးမားတော်မူလှသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နှစ်ပါးဘို့၏ မှားယွင်းချက် ဟု မယူဆဘဲ ဤကျမ်းကို ကြိုးပမ်းစီစဉ်သူ၏ မှားယွင်းချက် ဟူ၍သာ မှတ်ယူကြစေလိုပါသည်။

ကျမ်းရေးသားပုံ အစီအစဉ်

အတိဂမ္ဘီရ, သုဒ္ဒဿ, သုနိပုဏ္ဏဖြစ်၍ အလွန်တရာ သိမ်မွေ့နက်နဲ ခက်ခဲလှစွာသော အဘိဓမ္မာ၏ သရုပ်-အဓိပ္ပါယ်အဓိပ္ပါယ်များကို ကောင်းစွာမှတ်သား နားလည်နိုင်ဘို့ရန် ပညာဉာဏ်နှင့် အခြေပြုသူတို့အတွက် ထောက်တည်ရာမရှိအောင် ခက်ခဲလှရကား ဋီကာကဘယ်နည်း အဋ္ဌကထာကြီးက ဘယ်ပုံ ဟု နည်းပေါင်းစုံဖွင့်၍ အကျယ်တဝင့် ရေးသားခြင်းထက် **"အခြေပါဒ၊ သင်္ဂီးစ၌၊ ချနည်းမကျယ်၊ ဓိပ္ပါယ်ကောင်းစွာ၊လိုရုံသာလျှင်၊အပ်ရာမသည်း၊နားထွင်းနည်းသို့"** ဟူသော အရှင်မဟာရဋ္ဌသာရ၏ညွှန်ကြား-ဆုမွန် နယုပဒေသအတိုင်း အဘိဓမ္မာ၏ အခြေခံဖြစ်သော သရုပ်-အဓိပ္ပါယ်တို့ကိုသာလျှင် ကောင်းစွာ တတ်သိ နားလည်အောင် ဖွင့်ပြရေးသားရခြင်းကပိုမိုအကျိုးမြောက် ခရီးရောက်လှပေသည်။ ထို့ကြောင့် ဤကျမ်း၌ သင်္ဂြိဟ်ကျမ်းလာ သရုပ်-အဓိပ္ပါယ်တို့ကိုသာလျှင် အဓိက-ပဓာနပြု၍ လွယ်ကူစွာ ကြည့်ရှု မှတ်သားနိုင်ကြရန် သံပေါက်ကဗျာကို ဂရိတ်-ခဖြင့် စာလုံး

များးဖြင့်၎င်း, သရပ်—အဓိပ္ပါယ်ကို ၁၄-ပွါ်င့်စာလုံးငယ်များး ဖြင့်၎င်း စီစဉ်ထားးပါသောကြောင့် ချမ်းသာလွယ်ကူစွာ ကြည့်ရှုလေ့လာ နိုင်ပါသည်။

ရည်ရွယ်မှန်းထား အကျိုးတရား

၅၏ ကျမ်းကို ကြိုးပမ်း စီစဉ်ရခြင်း၏ အဓိကရည်ရွယ်ရင်းမှာ စာမူမျှ မကျန် ကြွင်းသလောက် ပျောက်ပျက်လုနီးနီး ရှိနေသော ဇာတ်ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သံပေါက် ကျမ်းကို အသစ်တဖန် ထပ်မံရိုက်နှိပ်မိစေခြင်း, တောင့်တရင်း ရှိနေကြသည့် တပည့် တကာတို့၏ အာသာဆန္ဒကို ပြည့်ဝစေခြင်း, ပါဠိဘာသာကို သင်အံလေ့လာခြင်း မပြုနိုင်ကြသော အုတိဓမ္မသုတေသီ ပါရမီရှင် တို့အား လျင်လျင်မြန်မြန် အသိဉာဏ် တိုးပွားစေခြင်း, ပြည်ထောင်စု မြန်မာနိုင်ငံတော် အဘိဓမ္မာစာပြန်ပွဲများ၌ ဆင်နွှဲဖြစ်မှန်းလိုသူတို့အား ပထမ ဆင့်, ဒုတိယဆင့်,တတိယဆင့်-သုံးဆင့်လုံးကို လွယ်လင့်တကူ သင်ယူ ဖြစ်မှန်းခြင်းဖြင့် အောင်ပန်း ဆွတ်လှမ်းနိုင်ခြင်း-အစ ရှိသော အကျိုးတရားတို့ကို မြော်ကိုး ယုံကြည်လျက် ကြိုးစား တိထွင် စီစဉ် လိုက်ရခြင်း ဖြစ်ပါသည်။ထို့ကြောင့် ရှုပ်ခတ်, နာမ်ခတ်ပရမတ်နှစ်ဖြာ ဘိဓမ္မာကိုလိမ္မာသိမြင် ပညာရှင်ဖြစ် လိုကြသော ပရမတ်ဂဝေသီ သုတေသီ အပေါင်း ပါရမီရှင် သူတော်ကောင်းတို့သည် နှစ်ထောင်းရှင်မြ။ ကြည်နူးဝမ်း မြောက်စွာ လေ့လာ မှတ်သား နိုင်ကြပါစေသတည်း။ ။

၁၃၂၄ ခုနှစ်
တောင်သလင်းလ

အရှင် အမတဇောတိ
မဗိုးရိမ်တိုက်သစ် မန္တလေး

ဒေသကံ အာဘိမ္မေဿ၊ သမ္မုဒ္ဓံ ဓမ္မ.မဇ္ဈလံ၊
နိရင်္ကံ နတ္ထာ သံဃံ၊ ဂရုဠ္ဂာဒ္ဓ မေ ဂရုံ၊

ပရမတ္ထဿ သံဝိတ္တုံ၊ ဂုဏုနာ ယံ ကတံ ပုရာ၊
တထာဝိတံ နဇာနန္တိ၊သောတ္ဖန.မတ္ထဂုဇ္ဇတာ၊

တသ္မာဒံဟံ ရစယိဿာမိ၊ နာတိဝိတ္ထာရ-ဝဇ္ဇနံ၊
ဝိသဇ္ဇန.မဓိပ္ပါယံ၊ တေသံ သုခဝိဗုဒ္ဓိယာ၊ ။

အဟံ၊ အမတဇောဘိ၊မည်ရှိသမျှတို့၊အကျွန်ုပ်သည်၊
အာဘိမ္မေဿ၊ ကျမ်းမြတ်ရန်စဖြာ၊ ဘိဓမ္မာဂိုး၊ ဒေသကံ၊
ဉာဏ်ငဇိရ၊ ဂန္ဓိရဖြင့်၊ ဖြိုက်ဟထုတ်ဘော်၊ဟောကြား
တော် မူတတ်သော၊ သမ္မာ၊ဒိဋ္ဌာ၊ ဥုယျတရား၊ထိုင်းပါး
ကို၊ဗိုင်းခြားဇကန်၊ကိုယ်ပိုင်ဉာဏ်ဖြင့်၊ဝေဘန်ဆိုမြင်တော်
မူသော- ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုဂုဏ်း၊ ဥစ္ဆဲလံ၊
ထွန်းတောက်စွာသော၊မွေဥ္ဇာ၊ မဂ္ဂလေးတန်၊ ဖိုလ်လေး
တန်နှင့်၊နိဗ္ဗာန်-ပရိယတ်၊ဆယ်ပါးသောတရားတော်မြတ်
ကိုဂုဏ်း။ နှံရင်္ကံ၊ ကိလေမြူမှေး၊ညံ့စ်အကြွေးမှ၊ ကင်း
ဝေးခြင်းရှိတော်မူသော၊ သံဃာ၊ မဂ္ဂဋ္ဌာန် - ဖလဋ္ဌာန်၊
ရှစ်ဘန်အရိယာ၊ မြတ်သံဃာကိုဂုဏ်း၊ နတ္ထာ-နမာမိ၊
ကာယ,ဝစီ၊မနောမည်သည့်၊ သုံးလိဒ္ဓါရ၊ ပဏာမဖြင့်၊
ဦးချခါခါ၊ရိုကိုးပါဏ်၊နတ္ထာ၊ဂါမိုးပြီးဦး၊ ဂရုဠ္ဂါ၊ကံ၊ သိလ
ဝန်ဟု၊ စသည်ပေါင်းခြုံ၊ အလုံးစုံကြောင့်၊ ယုံကြည်

အာဒေးသဝေး၊ ကျေးဇူးမျှားခြင်း၊ လေးစားအပ်သော ဂုဏ်ရှိသော။ မေ၊အာကျွန်ုပ်၏။ ဂရုစိုက်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ သညာလျှမ်းတောက်၊ ဘွဲ့ဂုဏ်ရောက်သည့်၊ အစ၊ မြတ်ဆရာဘုရားနှင့်တကွ၊ အာဘိဓမ္မာ၊ ရဟန္တဂုရု၊ သွင်းဆုခပ်နှုပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်စသည့်၊ အလိုလိုက္ကြောင့်၊ သည်မမြိန်၊ ဝန်ဒိုးဂိုနဲကြီး၊ မဗျိုးနိမ်ဆရာဘုရား-တည်းဟူသောကျေးဇူးတော်ရင်၊ ဆရာသခင်၊ အရှင်မြတ်ကိုဝုင်း၊ နတွာ-နမာဒိ၊ ကာယ,ဝစီ၊ မနောမည်သည့်၊ သုံးလိုဒွါရ၊ ပဏာမဖြင့်၊ ဦးချခါခါ၊ ဂိုဒိုးပါ၏၊ နတွာ၊ ဂိုဒိုးပြီး၍--

ဂုရုနှာ၊ ကျေးဇူးတော်ရှင်၊ ဆရာသခင်ဖြစ်သော၊ အဖျောက်ဆရာတော်ဘုရားကြီးသည်၊ ပုရာ၊ငါဘို့ငယ်ငယ်၊ ကျောင်းသားရွယ်ဘဝ၊ ရှေးအခါကာလ၌၊ ဝါ၊ ရှေးအခါကာလက၊ ပရိမဏ္ဍသာ၊ မဒေဂါဂ်မပြုန်၊မွန်ဖြတ်ဟန်ကြောင့်၊ဇကေန ခဲကပ်၊အသိကျပ်သည့်၊ပရိမတ်အထု၊ တရားဝုဏ်၊(အဓိပ္ပါယ်၊အဓိပ္ပါယ်ဖြစ်သော၊)ယံ သံဒိဋ္ဌံ၊ ဘိဓမ္မာကျင်းမြတ်၊ ပရိမတ်ကို၊ တတ်သိလိုလား၊ တပည့်များတို့၊မှတ်သား စေရန်၊ ရည်ပြတ်သန့်၍၊ စိမံရေးသား၊ ပေးသနား၍သော ပရိမဏ္ဍ၊သင်ဟာဟု၊နာမတင့်ဆန်း၊ အကြင်သံဒိပ်ကဗျာကျမ်းကို။ ကတံ၊သိလွယ်, ဆောင်လွယ်၊ ဘာသိရွတ်လွယ်၍၊ ဓိပ္ပါယ်ရှင်းရှင်း၊ ဉာဏ်မြင်လင်းအောင်၊ အကျဉ်းစိုရင်အပ်ခဲ့သလို၊ တထာဝိ၊ထိုသို့

ပင် စီရင်ဆပ်ပါသော်လည်း၊ တံ သံဒိဋ္ဌံ၊ ပရမဉ္စ၊ သင်္ဂဟဟု၊ နာမတင့်ဆန်း၊ ထို သံဒိဝ်ကဗျာကျမ်းသည်၊ အထွဋ္ဌဉ္စဟု၊ အထွဖိပါယ်၊ သိမှတ်ဘွယ်မူ၊ မလွယ်ကူဘဲ၊ လွန်ခက်ခဲ၍၊ နက်နဲ ကွယ်ဝှက်လေသည် ဖြစ်သောကြောင့်။ သောတူနံ၊ ဘိဝမ္ဘာအရာ၊ မလိမ္မာ၍၊ များစွာလိုလား၊ ဉာဏ်တိုးပွားဖောင်၊ ကြိုးစားဘို့ရန်၊ စိတ်အားသန်လှုက်၊ နာခံမှတ်ယူကြဘို့အား။ ယသ္မာ၊ ဒုကြင့်ကြောင့်၊ ခန္ဓာနှစ်၊ ပုဒ်ဝါကျတိုင်း၊ မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်းပိုင်ပိုင်၊ မသိနိုင်ကြောင့်နှင့်။

တသ္မာ၊ ထိုသို့ ပုဒ်ဝါကျတိုင်း၊ မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်း ပိုင်ပိုင်၊ မသိနိုင်သောကြောင့်၊ တာဆ၊ ပရမတ္ထ၊ သင်္ဂဟဟူး၊ နာမတင့်ဆန်း ထိုသံဒိဝ်ကဗျာကျမ်း၏၊ နာတိဝိတ္ထာရဝဏ္ဏနံ၊ ထိုထိုသဘာဝ၊ အာဂမကို၊ မြန်မာ့ခေါ်ထုံး၊ စကားသုံးဖြင့်၊ သိကုံးပြုရာ၊ ပုဒ်များစွာကြောင့်၊ သဒ္ဒါနည်းခြင်း၊ ဖောက် ဖျင်း၍၊ မကျည်း-မကျယ်လွန်း သောမှုဖွင့်လည်းဖြာ်ထသော၊ ဝိဿဇ္ဇနံ၊ သေသေချာချာ၊ အခြေပါခဲအောင်၊ နေရာတကျ၊ ပွေ့ဖျာပြီသည့်၊ အဖြေဝိဿဇ္ဇနာလည်း ဖြစ်ထသော၊ အဓိပ္ပါယ်၊ သိလွယ်, မှတ်လွယ်၊ သိမှတ်လွယ်အောင်၊ မသွယ်မဝိုက်၊ စာကိုယ်ပိုဒ်ကို၊ တိုက်ရိုက်လည်းပြ၊ ဝက်ထွန့်၊ ဝါဒန္တရနည်း၊ ဖောသီးသီးဖြင့်၊ ဖျင်းလည်းဖျင်းမှု၊ သတိုပြု၍၊ ပြုရဖိမံအပ်သော ဖေပွင့် အဓိပ္ပါယ်ကျင်းကို၊ တသံ၊ ဘိဓေ္မာအရာ၊ မလိမ္မာ၍၊

များစွာလိုလား၊ ညာဏ်တိုးပွားအောင်၊ ကြိုးစားဘို့ရန်၊ ဗိတ်အားသန်လျက်၊ နာခံမှတ်ယူသင်ကြားကုန်သော တိုသူ့ ဆရေပါင်းတို့အား။သုခဝိဗုဒ္ဓိယာ၊မပင်မပန်း၊ချိန်မှန်း၁ဘဲ၊ ချမ်းချမ်းသာသာ၊ လွယ်ကူစွာ-ဆိုဖြင်ပါစေခြင်း အကျိုးငှါ၊ ရစေယိဆောဒါ၊ အာသိဉာဏ်တိုးပွါး၊ အကျိုးများ၊ အောင်၊ရေးသားတီထွင်၊စိရင်ပါဇုံသတည်း။ ။

ပဏာမ နှင့် ပဋိညာဉ် ပြဆိုခဏ်း ပြီး၏။

ပဌမသိဂီဝါ

သံပေါက်-အဓိပ္ပါယ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

စိတ်ဝိုင်း

ပဏာမ-ပဋိညာဉ်

—

၁။ အောင်သူထွဋ်လျှံ၊ မြတ်ခမ္မံ၊ သံဃံ-နမတ္ထု၊။

၁။ ကျမ်းဂန်တခုကို ပြုစုတီထွင် စီရင်ရေးသားသူသည် မိမိ ရေးသားမည့်ကျမ်းဌ အန္တရာယ်မရှိခြင်း, ကျမ်းပြီးခြင်းအကျိုးငှါ ရှေးဦးစွာ ရတနာသုံးပါး အပေါင်းအား ရှိခိုးခြင်း-ပဏာမကို ပြု၏။ ထို့နောက်မှ ''ဤမည်သော ကျမ်းကို စီရင်ရေးသားအံ့'' ဟူသော ဝန်ခံခြင်း-ပဋိညာဉ် စကားရပ်ကို ရေးစပ်ပြဆိုလေ့ရှိသကဲ့သို့၊ ထို့အတူ ကျေးဇူးတော်ရင် ဆရာတော်ဘုရားကြီး သည်လည်း သင်္ဂြိဟ်ဆောင်ရာ ကဗျာကျမ်းစာကို စီရင်ရေးသားတော်မူရာဌ အန္တရာယ်မရှိခြင်း, ကျမ်းပြီးခြင်း-စသည်အကျိုးငှါ ရှေးဦးစွာ ရတနာသုံးပါးအပေါင်းအား ရှိခိုးခြင်း-ပဏာမကို ပြဆိုလိုသောကြောင့် ''အောင်သူထွဋ်လျှံ၊ မြတ်ခမ္မံ၊ သံဃံ-နမတ္ထု၊'' ဟူသော ပထမလင်္ကာကဗျာပုဒ်ကို အားထုတ်ရေးသား ပြဆိုတော်မူအပ်၏။ ထို့ကြောင့် ဤလင်္ကာကို ဂန္ထာရမ္ဘ-ပဏာမလင်္ကာ-ဟု မှတ်အပ်၏။

၂။ ဘိဓမ္မာ-ပရမတ်၊ တတ်စွမ်းကြွလို့၊ များဆိုထို့၊ လူဗိုလ် တောင်းပန်ပြု။

၃။ သင်္ကြိုတ်ကျမ်းနှယ်၊အဓိပ္ပါယ်၊ဆိလွယ်သံပေါက် ပြု၊

၂" သမ္မည္ဇတ ဥာဏ်ရှင် ဘုရားသခင်၏ သာသနာတော် သုံးဂုဏ်တွင် ယထာဓမ္မသာသနာ ဟုဆိုအပ်သော အဘိဓမ္မာ ဒေသနာတြတ်သည် လွန်စွာကျယ်ဝန်း ခက်ခဲနက်နဲ သိမ်မွေ့လှရကား နက်ရှိုင်း ပြောကျယ် သမုဒ္ဒရာဝယ် ယုန်သူငယ် ထောက်တည်ရာ မရနိုင်သည့် ပမာ၊ ဥာဏ်-ပညာ လွန်စွာ အားသေးသူများအတွက် အနက် သဘာဝ ကို အချက်ကျကျ သင်ယူတတ်မြောက် သဘောပေါက်လွယ်သော ဒေသနာတော်မဟုတ်။ စင်စစ်မူ၍ မဟုသာဟ ကြီးစွာဖြင့် လေ့လာဆည်းပူးခြင်း ပြုမှသာလျှင် အဘိဓမ္မာ၏ သရုပ်-အဓိပ္ပါယ် များကို သဘောပေါက် တတ်မြောက်ဓပမည်။

ထို ယထာဓမ္မသာသနာ ဟု ဆိုအပ်သော အဘိဓမ္မာကျမ်းမြတ်၌ ရုပ်ဓာတ် , နာမ်ဓာတ်ပရမတ်တရားကို မှတ်သားနားယူလိုကြသော ထိုထို များစွာ တပည့်တကာ တို့သည် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး၏ ထံတော်မှာက်၌ အဘိဓမ္မာတရားကို သင်ကြား ပြသပို့ချ ပေးသနားတော်မူ၍ လူအများ သဘောပေါက် တတ်မြောက်လွယ်သော ဆိုင်ရာကျမ်းစာ တခုကိုလည်း ပြုစုရေးသား ခြီးမြှောက် ပေးသနားတော် မူပါမည့်အကြောင်းဖြင့် တောင်းပန် လျှောက်ထား ကြကုန်၏။ ယင်းသို့ တောင်းပန် လျှောက်ထားကြပုံကို ဒုတိယလက်ဝ ကဗျာရပ်ဖြင့် ရေးစပ် ပြဆိုတော်မူသည်။

၃။ ဤသို့ ကြွမ်ဖန်များစွာ တောင်းပန် လျှောက်ထား ကြသော တပည့် တကာ တို့၏ အာသာဆန္ဒ ပြည့်ဝစေခြင်း အကျိုးငှါ အရှင် အနုရုဒ္ဓါ မထေရ်မြတ် စိရင်ရေးသားအပ်သော အဘိဓမ္မတ္ထ-သင်္ဂြိဟ်

၄။ စိတ်, ဧရတသိက်၊ ရုပ်နှင့်နိဗ္ဗာန်၊ ဤလေးတန်၊ ဖေါင်ပြုန်မပြု-ပရမတ်စု။

ကျန်းကို ပဓာနထား၍ အဘိဓမ္မာတရားဘို့ကို သင်ကြားပို့ချ ဟောပြတော်မူစဉ် ထိုကျန်း၏ သရုပ်, ဒေသိပ္ပါယ်, အဖွင့်-သံဝဏ္ဏနာတို့နှင့် လျော်ကန်ညီညွတ်အောင် ဆောင်လွယ်, မှတ်လွယ်, ရွတ်လွယ်-ဘာသာလွယ်သော ''ပရမတ္ထသင်္ဂဟ-သံပေါက်'' ကျမ်းကိုလည်း ဆုံးခဏ်းရောက်ခအောင် ခြုံးမြောက်တိထွင် စီရင်ရေးသားပေအုံ့-ဟူသော ဝန်ခံခြင်း ပဋ္ဌာန်ဥာဉ်စကားရပ်ကို တတိယလက်ဝ ကဗျာရပ်ဖြင့် ရေးစပ်ပြဆိုတော် မူအပ်သတည်း။

ပဏာမ-ပဋ္ဌာန်ဥာဉ်ပြီး၏။

၄။ အဘိဓမ္မာ(၇)ကျမ်းဌ ဟောတော်မူအပ်သော မဖေါက်မပြုန်မှန်ကန်မွန်မြတ်သည့် ပရမတ်တရာသည် အကျဉ်းအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးတို့တွင်-

စိတ်-ဟူသည် အာရုံကို ကြိုစည်တတ်, သိတတ်သော သဘောတရားတည်း။

စေတသိက်-ဟူသည် စိတ်ဌာနိုတွယ်ယှဉ်စပ်၍ ဖြစ်တတ်သော သဘောတရားတည်း။

ရုပ်-ဟူသည် အချင်း, အပူ-စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖေါက်ပြန်တတ်သော သဘောတရားတည်း။

နိဗ္ဗာန်-ဟူသည် ဒုက္ခခပ်သိမ်းတို့မှ ကင်းဝေး ချုပ်ငြိမ်းတတ်သော သဘောတရားတည်း။

ဤတရားလေးပါးတို့သည် အစဉ်အတိုင်း အာရုံမကိုဝင်စားနနေလက္ခဏာ, မှုသန်, ဝေဒိယနစသောလက္ခဏာ, ရုပ်ပုန်းလက္ခဏာ, သန္တိလက္ခဏာတည်းဟူသော မိမိတို့၏ ပင်ကိုယ်သဘော လက္ခဏာအသီးအသီးတို့မှ

၈ ဧရမတ္ထသင်္ဂဟသံပေါက် အဓိပ္ပါယ်

၅။ ကာမ,ရူပ၊ အရူပဌာ၊ လောကုတ္တရာဖြတ်၊ ငြားလတ် စိတ်လေးခု။

ဧဖေါက်ပြန်ပြောင်းလွဲခြင်း အလျင်းမဲ့ကြသောကြောင့် ‘‘ ပရမတ္ထဓမ္မ-ပရမတ်တရား’’တို့မည်ကုန်၏။

၅။ စိတ်ပရမတ်သည် ဘူမိဘေဒခေါ် ဘုံအဝှမ်းအပြားအားဖြင့် (၁) ကာမာဝစရဇိတ် (၂) ရူပါဝစရဇိတ် (၃) အရူပါဝစရဇိတ် (၄)လောကုတ္တရာစိတ်-ဟူ၍ လေးမျိုးရှိ၏။ ထိုတွင်-

(၁) ဝတ္ထုကာမ, ကိလေသကာမ နှစ်ပါးတို့၏ဖြစ်ရာဘုံကို ကာမတဆယ့်တဘုံဟု ခေါ်ဆို။ ထိုကာမတဆယ့်တဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော စိတ်သည် ကာမာဝစရစိတ် မည်၏။

(၂) ဖြစ်ထိုက်သော ရုပ်,နာမ်နှစ်ပါး တွဲဘက်ဖြစ်သော ဘုံကို ရူပဘုံဟုခေါ်၏။ထိုရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောစိတ်သည် ရူပါဝစရစိတ်မည်၏။

(၃) ဖြစ်ထိုက်သော နာမ်တရား သက်သက်မျှ ဖြစ်သောဘုံကို အရူပဘုံဟု ခေါ်၏။ ထို အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော စိတ်သည် အရူပါဝစရစိတ် မည်၏။

(၄) ဥပါဒါနက္ခန္ဓာ ဟုဆိုအပ်သော သန်ါရလောကမှ လွန်မြောက်ဆဲ, လွန်မြောက်ပြီး ဖြစ်သော မဂ်စိတ်, ဖိုလ်စိတ်သည် လောကုတ္တရာစိတ် မည်၏။ ။တန်ဆောင်းလည်း- သတ္တလောက-စသော လောကသုံးပါးမှ လွန်မြောက်တတ်သော စိတ်သည် လောကုတ္တရာစိတ် မည်၏။

၆၊ သောမနဿ၊ တက္ကတူပင်၊ ဒိဋ္ဌိယှဉ်၊ အသင်္ခါရိ စိတ်တခု-သသင်္ခါရိစိတ်တခု၊

၇၊ သောမနဿ၊ တက္ကတူပင်၊ ဒိဋ္ဌိမယှဉ်၊ အသင်္ခါရိ စိတ်တခု-သသင်္ခါရိစိတ်တခု၊

၊ ၆။၇။ ကာမာဝစရစိတ်သည် ကုသိုလ်, အကုသိုလ်, အဗျာကတ-ဟူ၍ ဇာဘ်အထူး အပြားအား ဖြင့် သုံးပါး ရှိ၏။ ထို့တွင်- " ကုသလာ ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ " ဟူသော မမ္မသင်္ကို ပါဠိတော် အစဉ်အတိုင်း ကုသိုလ်တရားကို ရှေ့ထား ပြသင့်သော်လည်း သောဘဏတရားချင်းတူသော မဟဂ္ဂုတ်, လောကုတ္တရာတရားတို့နှင့် ဆက်စပ်ပြလို၍ ကုသိုလ်တရားကို မပြဆိုသေးဘဲ အသောဘဏတရား ကို ရှေ့ထား ပြရသည်။

အသောဘဏစိတ်၌လည်း အကုသိုလ်စိတ်, အဟိတ်စိတ်-ဟူ၍ နှစ်မျိုး ရှိရာ အဟိတ်စိတ်မှာ အဗျာကတဖြစ်၍ အကုသိုလ်၏ နောက်၌ ဖြစ်ထိုက် သောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြ၏။ ထို့တွင်လည်း- လောဘမူ စိတ်, ဒေါသမူစိတ်, မောဟမူစိတ်-ဟူ၍ သုံးမျိုးရှိပြန်ရာ လောဘသည် ဘဝတခုဝယ် ပဋိသန္ဓေနေသူအား ဘဝကိုနှစ်သက်တွယ်တာခြင်း (ဘဝ နိကန္တိက) လောဘဇောအဖြစ်ဖြင့် ဖြစ်ခြင်း, ဓဋ္ဌဘဝ၏ အခြေအမြစ် ဖြစ်သော (ဝဋ္ဋမူလ) တရားဖြစ်ခြင်းကြောင့် လောဘမူစိတ်ကို ရှေးဦး ထား၍ ပြဆိုအပ်၏။

လောဘမူစိတ်ကား....

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် (၁)

၈။ ဥပေက္ခာဒေဝေါ၊ မသွေတူပင်၊ ဒိဋ္ဌိယှဉ်၊ အသင်္ခါရိ စိတ်တခု-သသင်္ခါရိစိတ်တခု။

၉။ ဥပေက္ခာဒေဝေါ၊ မသွေတူပင်၊ ဒိဋ္ဌိမယှဉ်၊အသင်္ခါရိ စိတ်တခု-သသင်္ခါရိစိတ်တခု။

၁၀။ သော,ဥ,သမ်,ဝိပ်၊ အ,သ- စိတ်ခါ၊ လေးစိုဖြာ၊ လောဘာစိတ်ရှစ်ခု။

၈။၉။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်(၁)
ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်(၁)
ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)
ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)
ပေါင်း(၈)ပါးတည်း။

ဤစိတ်(၈)ပါးသည် လောဘ,မောဟ ဟူသော မူလနှစ်ပါးနှင့်ယှဉ်သော်လည်း မောဟသည် အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသောကြောင့် အများနှင့်မဆက်ဆံသော အသာဓာရဏာနည်းဖြင့် လောဘမူလ-လောဘမူစိတ်ဟု အမည်ရသည်။

၁၀။ လောဘမူစိတ်(၈)ပါးနှင့် သောမနဿဝေဒနာ(၄)ဥပေက္ခာဝေဒနာ(၄)ပေါင်းဝေဒနာဘေဒအားဖြင့်(၈)ပါး။ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄) ဝိပ္ပယုတ်စိတ်(၄) ပေါင်း ယောဂဘေဒအားဖြင့် (၈)ပါး။ အသင်္ခါရိကစိတ်(၄) သသင်္ခါရိကစိတ်(၄) ပေါင်းသင်္ခါရဘေဒအားဖြင့် (၈)ပါး။ဤသို့လျှင် ဝေဒနာအပြားစသည်တို့ဖြင့် ရေတွက်လျှင် လေးပါးစီ-လေးပါးစီ ပြားသောကြောင့် လောဘမူစိတ်(၈)ပါး ဖြစ်သတည်း။

လောဘမူစိတ်(၈)ပါး ပြီး၏။

၁၁။ ဒေါမနဿ၊တကွတူပင်၊ ဒေါသယှဉ်၊ အာသင်္ခါရိ
စိတ်တခု-ဆသင်္ခါရိစိတ်တခု။
၁၂။ ဒေါသမူစိတ်၊ မည်တံဆိပ်၊ ခပ်နှိပ် ဤနှစ်ခု။
၁၃။ ဥဒ္ဓစ္စမည်ရှိ၊ စိစိကိန္တာ၊ ဥဒ္ဓစ္စ၊ ယှဉ်ရာ-မော
စိတ်ဒု။

၁၁။၁၂။ လောဘမူစိတ်၏ နောက်၌ ဟိတ်နှစ်ပါးစိန့် ယှဉ်ခြင်းတူ သော် ဒေါသမူစိတ်ကို ပြအပ်၏။ **ဒေါသမူစိတ်ကား-**

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အာသင်္ခါရိကစိတ် (၁)
ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် (၁)
ပေါင်း(၂)ပါးတည်း။

ဤ စိတ်နှစ်ပါးသည် ဒေါသ, မောဟ-ဟူသော မူလနှစ်ပါးနှင့် ယှဉ်သော်လည်း မောဟသည် အကုသိုလ်စိတ် အားလုံးနှင့် ဆက်ဆံသော ကြောင့် အများနှင့်မဆက်ဆံသော အသာဓာရဏ နည်းအားဖြင့် ဒေါသမူလ = ဒေါသမူစိတ်ဟု အမည်ရသည်။

လောဘမူ၌ သောမနဿဝေဒနာ, ဥပက္ခာဝေဒနာ ဟု နှစ်မျိုးရှိသော်လည်း ဤစိတ်၌ စိတ်တပါးနှင့်မဆက်ဆံသော အသာဓာရဏ မမှ အစွမ်းဖြင့် ဝေဒနာ အထူးအပြားမရှိ။ ဒေါမနဿဝေဒနာချည်းဖြစ်သည်။ ဒေါမနဿဝေဒနာ ဖြစ်တိုင်းမှာ ဒေါသဟုဆိုအပ်သော ပဋိဃ ယှဉ်တွဲပါမြဲဖြစ်သောကြောင့် ယောဂအထူးအပြားလည်းမရှိ။ ပဋိဃသမ္ပယုတ် စိတ်ချည်း ဖြစ်သတည်း။ ။ဒေါသမူစိတ် (၂)ပါး ပြီး၏။

၁၃။ လောဘမူ,ဒေါသမူစိတ်တို့၏ နောက်၌ မောဟတည်းဟူသော မူလတပါးသာရှိသော မောဟမူစိတ်ကို ပြဆိုအပ်၏။ **မောဟမူစိတ်ကား-**

ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် (၁)
ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် (၁)
ပေါင်း(၂)ပါးတည်း။

၁၂ ပရမတ္ထသင်္ဂဟသံပေါက်-အဓိပ္ပါယ်

၁၄။ လောဘမူ-၄စ်၊ ဒေါ်,မော,နှစ်စီး၊စိတ်ဆွါဒ်၊ သညီ ခေါ်ဆောင့်။

ဤစိတ်၌ မောဟဟုဆိုအပ်သော မူလတပါးသာ ရှိသောကြောင့် ''မောဟ-မူလ'' ဟု ဆိုအပ်လျက် ''လ''အက္ခရာချေဖျောက်ပြီး မောဟမူစိတ်-ဟူ၍ခေါ်၏။ တနည်းလည်း ''မောဟ-မူဟ''ဟု ဆိုအပ်လျက် ''ဟ''အက္ခရာ ချေဖျောက်ပြီး မောဟမူစိတ်-ဟူ၍ ခေါ်အပ်၏။

ဤစိတ်နှစ်ပါးသည် မောဟဟုဆိုအပ်သော မူလတပါ.နှင့်သာယှဉ်၏။ ယင်းသို့တပါးဝ်ည်း ယှဉ်ရသော မောဟ်တရားသည် ယခင်စိတ်နှစ်မျိုးဦ့ ယှဉ်ရသကဲ့သို့ လောဘ,ဒေါသတို့၏ သဘောသို့ မလိုက်လျောရဘဲ မိမိအလိုဆန္ဒအတိုင်း တွေဝေခွင့် ရ၏။ သို့တွေဝေခွင့်ရသော မောဟနှင့်ယှဉ်ရသည့်စိတ်မှာ ကောင်းသောအာရုံဦ့ဖြစ်စေ, မကောင်းသော အာရုံ၌ ဖြစ်စေ အာရုံ၏အရသာ ကွဲပြားပေါ်လာအောင် မခံစားနိုင်သောကြောင့် သင့်တင့်လျော်ကန်ရုံ သာယာခံစားတတ်သော ဥပေက္ခာဝေဒနာနှင့် ယှဉ်ဖြစ်ရ၍ ဥပေက္ခာသဟဂတ်စိတ်ချည်းဖြစ်သည်။

မောဟမူစိတ်(၂)ပါးပြီး၏။

၁၄။ လောဘမူစိတ်-၈ပါး, ဒေါသမူစိတ်-၂ပါး, မောဟမူစိတ်-၂ပါး ပေါင်း(၁၂)ပါးသောစိတ်ကို ''အကုသိုလ်စိတ်'' ဟု ခေါ်အပ်၏။ ။ဤစိတ် (၁၂)ပါးတို့သည် ကုသိုလ်တရားတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ကြကုန်၏။ ကုသိုလ်တရားကား မကောင်းမှုဒုစရိုက်တို့ကို ပဟာန်သုံးပါးဖြင့် ပယ်ရှားသုတ်သင်တတ်သော ပဟာယကတရားတည်း။ အကုသိုလ်တရားကား သတ္တဝါအား ညစ်နွမ်း ညှိုးခြောက် မကောင်းကျိုးကို ရောက်စေတတ်-ဖြစ်စေတတ်သည်ဖြစ်၍ ပယ်ရှားအပ်-သုတ်သင်အပ်သော ပဟာတဗ္ဗတရားတည်း။ ဤသို့ ပဟာယက, ပဟာတဗ္ဗအဖြစ်ဖြင့် ကုသိုလ်နှင့် အကုသိုလ်သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၏။ ထို့ကြောင့် အကုသိုလ် အမည်ရ၏။

၁၅။ သော-လေး, ဥ-ဆ၊ ဒေါဝေ-ဒွ၊ နွဲဒ-စိတ်အကု။

၁၆။ ဥဝေဒိလျက်၊ စက္ခု, သောတ၊ ဃာန, ဇိဝှါ၊ နုကာယာ၊ ပဋ္ဌာဝိညာဏ်မှတ်။

တနည်းလည်း မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ - စသော အဲကုသိလ်စေတသိက်တို့နှင့် ယှဉ်သောကြောင့် ဤစိတ် (၁၂) ပါးသည် ''အကုသိလ်စိတ်'' မည်၏။ ထင်ရှားစေခဲ့-မောဟ, အဟိရိက-စသော စေတသိက်စုသည် မကောင်းကျိုးပေးခြင်း လက္ခဏာရှိသောကြောင့် စင်စစ် အကုသိလမည်၏။ သဒ္ဓါ, သတိ-စသော စေတသိက်စုသည် ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသောကြောင့် စင်စစ် ကုသိလမည်၏။ စိတ်ပရမတ်တို့၏ ပကတိသဘောကား အာရုံကို သိခြင်းသဘောမျှသာတည်း။ ကုသိလ်စိတ်, အကုသိလ်စိတ်-စသောအားဖြင့် ခွဲခြားခေါ်ဝေါ်ထိုက်သော အမည်ထူးမရှိကြ။သို့ရာတွင်–လောဘ, ဒေါသ-စသော အကုသိလ စေတသိက်စုနှင့် ယှဉ်သောစိတ်ကို အကုသိလစိတ်ဟု ခေါ်ဝေါ်အပ်သည် ဖြစ်၍ ဤစိတ် (၁၂) ပါးလည်း အကုသိလ စေတသိက်စုနှင့် ယှဉ်သောကြောင့် ''အကုသိလစိတ်'' အမည်ရပေသည်။

၁၄။ ''သော-လေး, ဥ-ဆ'' ၏ အရ သောမနဿဝေဒနာနှင့် ယှဉ်သောစိတ် (၄) ဥပက္ခာဝေဒနာ နှင့်ယှဉ်သောစိတ် (၆) ''ဒေါ-ဒွ'' ၏ အရ ဒေါမနဿ ဝေဒနာ နှင့်ယှဉ်သောစိတ် (၂) ဤသို့ ဝေဒနာ အပြားအားဖြင့်လည်း အကုသိလစိတ် (၁၂) ပါး ဖြစ်သတည်း။

အကုသိလစိတ်-၁၂ ပါး ပြဆိုခဏ်းပြီး၏။

၁၆။ အကုသိလစိတ်၏ နောက်၌ အသောဘကျေးဇူးမည် တူသည့်အဟိတ်စိတ်ကို ပြဆိုအပ်၏။ ထိုဉာဏ်လည်း အကုသိလ်၏အကျိုး

၁၇။ မြင်, ကြား, နံ, လျက်၊ တွေထိတွက်၊ စဉ်လျက် သူဘို့တင်။

၁၈။ ဥပေ, သမ္မဒ်စ်၊ သန္တိစိတ်စု၊ လောင်းစွက်ပြု၊ အကုသိပါက်သတ်။

ဝိပါက်ကို ရှေးဦးစွာ ပြသင့်သောကြောင့် အကုသလဝိပါက် စိတ်ကို ရှေးဦးစွာ ပြအပ်၏။ **အကုသလဝိပါက် စိတ်သည်-**

ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ် (၁)
ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ် (၁)
ဥပေက္ခာ သဟဂုတ် ဃာနဝိညာဏ်စိတ် (၁)
ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ် (၁)
ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ် (၁)
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုက်းစိတ် (၁)
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် (၁)

ဟူ၍ (၇) ပါး ရှိ၏။ ထိုဘွင် စက္ခုပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည် စက္ခုဝိညာဏ် မည်၏။ သောတပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည် သောတဝိညာဏ်, ဃာနုပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည် ဃာနဝိညာဏ်, ဇိဝှါပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည် ဇိဝှါဝိညာဏ်, ကာယပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည် ကာယဝိညာဏ် မည်၏။

၁၇။ ဤဝိညာဏ်စိတ် ၅-ပါး အပေါင်းကိုပင် ပဉ္စဝိညာဏ်စိတ်-ဟု ခေါ်၏။ မြင်ခြင်းကိစ္စ, ကြားခြင်းကိစ္စ, နံခြင်းကိစ္စ, လျက်ခြင်းကိစ္စ, တွေ့ထိခြင်းကိစ္စ အသီးအသီး ရှိကြ၏။

၁၈။ ပဉ္စဝိညာဏ်စိတ်ကား အနန္တရပစ္စည်းတရား တည်း။ သမ္ပဋိစ္ဆိုက်းစိတ်ကား အနန္တရ ပစ္စယုပ္ပန်တရား တည်း။ ပဉ္စဝိညာဏ်စိတ်ကား ပဉ္စဝတ္ထု၊

၁၉။ ကာယ- သုဒ္ဓိ၊ ဆော- သန္တိကို၊ ထင်ခါဝိုး၊ ကုသိုလ်ဝိပါက်အာဒ်။

ကို မှီဖြစ်၏။ သမ္မဋ္ဌိစ္ဆိုးကောင်းစိတ်ကား ဟဒယဝတ္ထုကို မှီဖြစ်၏။ ဤသို့ မှီရာမတူသော ရှေ့ပဋ္ဌဝိညာဏ်-အနန္တရာဒိပစ္စည်းတရားကြောင့် ဖြစ်လာရသဖြင့် အားနည်းလျှက် အာရုံ၏ အရသာကို ကောင်းစွာ မခံစားနိုင်ရကား သမ္မဋ္ဌိစ္ဆိုးကောင်းစိတ်သည် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်၍ဖြစ်ရ၏။

သမ္မဋ္ဌိစ္ဆိုးကောင်းလည်း ဟဒယဝတ္ထုကို မှီ၏။ သန္တီရဏလည်း ဟဒယဝတ္ထုကိုပင် မှီ၏။ ထိုသို့ မှီရာတူသည့် အနန္တရာဒိပစ္စည်းတရားကြောင့်ဖြစ်လာရသဖြင့် သန္တီရဏစိတ်သည် အားရှိရကား အတိဋ္ဌာရုံ၌ သောမနဿ သန္တီရဏ ဖြစ်၍ ဋ္ဌမဇ္ဈာနာရုံ၌ ဥပေက္ခာသန္တီရဏ ဖြစ်သင့်သည်။ ဤ၌ ဋ္ဌမဇ္ဈာနာရုံဖြစ်သောကြောင့် သန္တီရဏစိတ်လည်း ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ဖြစ်ရသည်။ ဤသို့လျှင် ပဋ္ဌဝိညာဏ်စိတ်-၅, သမ္မဋ္ဌိစ္ဆိုးကောင်းစိတ်-၁, သန္တီရဏစိတ်-၁ = ပေါင်း အကုသလဝိပါတ်စိတ် (၇) ပါး ဖြစ်သတည်း။

အကုသလဝိပါက် (၇) ပြီး၏။

၁၉။ အကုသလဝိပါက်စိတ် (၇) ပါးတွင် ဒုက္ခသဟဂတ်နေရာ၌ "သုခသဟဂတ် ကာယဝိညာဏ်စိတ်" ဟု ပြောင်းလဲပြီးလျှင် သောမနဿ သန္တီရဏစိတ် (၁) ပါးကို ထင်မှတ်ဆည့်သွင်းလျှင် အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး ဖြစ်သတည်း။

အကုသလဝိပါက်စိတ်မှာ အဟိတ်အမည် တချိုးထည်း ဖြစ်သင့်၍ "အဟိတ်" ဟူသော ဝိသေသနစကား မထည့်ရ။ကုသလဝိပါက်စိတ်ကား အဟိတ်-ဟူသော ဝိသေသနစကား မပါလျှင် မဟာဝိပါက်ဧသော ဝိပါက်တရားတွေ များစွာနှိုင်းနေကြ၍ အဟိတ်လော-သဟိတ်လောဟု တွေးတောယုံမှားဘွယ်ရှိသောကြောင့် "အဟိတ်" ဟူသော ဝိသေသနစကားဖြင့် ကူမမှည့်ခေါ်ရသည်။

၂၀။ သမ္ပဒိစ္ဆကော်၊ ခံယူရန်၊ သင်္ကြိဏ်မှတ်-ခုံစမ်းတတ်၊
၂၁။ အာခုံ-ပသာ၊ ဥပါဒါချင်း၊ ထိခိုက်လျှဉ်း၍၊
မပြင်းထန်တွက်၊ စက်, သော, ဃာ, ဇီ၊ ဝိဉ်
လေးလိ၊ယှဉ်မှီ-ဥဝေမှတ်။
၂၂၊ ဝါဂွမ်းအာဒု၊ စိုင်နှစ်ခု၊ ထိမှု ပုံသို့မှတ်၊

အလွန်အလိုရှိအင်သော အတိဇ္ဈာခုံ၌ သောမနဿ သန္ဓိရဏ ဖြစ်၍ သာမန်အလိုရှိကာမျှ ဖြင့်သော ဇဉ်မဇ္ဈတ္တာခုံ၌ ဥပေက္ခာသန္ဓိ ရဏ ဖြစ်သင့်သေးကြောင့် ဤစိတ်၌ သန္ဓိရဏနှစ်မျိုးရှိသည်။

၂၀။ ပဋ္ဌဝိညာဏ်ချုပ်ပြီးနောက် ထိုဇိညာဏ်၏ အာခုံကွယ်ပျောက်မသွားအောင် ခံယူသိမ်းဆည်းထားတတ်သော စိတ်သည် သမ္ပဋိစ္ဆိုဏ်းစိတ်မည်၏။ ထို သမ္ပဋိစ္ဆိုဏ်းစိတ်က ခံယူသိမ်းဆည်းထားသော အာခုံကိုပင် ဇဉ်ခုခုံလော-အနိဋ္ဌာခုံလောဟု သောက်လှမ်း စုံစမ်းတတ်သော စိတ်သည် သန္ဓိရဏစိတ်မည်၏။

အကုသလဝိပါက် (၇) ပါးကား အကုသိုလ်၏ အကျိုး, ကုသလ စိပါက်(၈)ပါးကား ကုသိုလ်၏ အကျိုးများ ဖြစ်ကြသောကြောင့် ဤစိတ် (၁၅)တို့သည် “ဝိပါက်စိတ်” တို့မည်ကုန်၏။ ဤ၌ ဝိပါက်ဟူသော အမည်သည် အကြောင်းကဲ်တရား နှင့် နာမ်တရားအဖြစ်ချင်း တူသော အကျိုးနာမ်တရားကိုသာ ဆိုလို၏။ နာမ်တရားအဖြစ်ချင်းမတူသော ကမ္မဇ ရုပ်များကို မဆိုလို။ သရက်မျိုးစေ့မှ ပေါက်ရောက်ဖြင့်ပေါ်လာသော သရက်သီးကိုသာလျှင် “ဝိပက္ကဲ-ဝိပါက” ဟု ခေါ်ရ၏။ ပင်စည်, အခက်,အရွက်-စသည်ကို ဝိပက္ကဲ-ဝိပါက ဟု မခေါ်ရသကဲ့သို့ မှတ်သေး။

၂၁။၂၂။ အဟိတ်ဝိပါက် (၁၅) တို့၌ ပဋ္ဌဝိညာဏ်စိတ်ပေါင်း (၁၀)ရှိ၏။ ထိုတွင်စက္ခုဝိညာဏ်, သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်တို့၏ အာရုံများမှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ

၂၃၊ ဘူတဖောဋ္ဌဗ္ဗံ၊ ဓာတ်ဟာနံပြောင်းစွာ၊ ကာဒ-ကိုကျော်နင်း၊ တညှဉ်-ဘုတ်ခံ၊ သညှံးထနံတိုက်ခိုက်၊ ဒု-သုဆိုက်၊ ဥ-ဒွိမရပ်-ကာဝိဉ်မှတ်။

၂၄၊ ပေဏထက်တွင်၊ ဂွမ်းပိုင်တင်လျက်၊ ဟူဖြင့်နှက်တုံ၊ ဂွမ်းမုံ-လွန်တိုက်၊ ပေသွေဆိုက်၊ ထိခိုက်ပုံသွေမှတ်။

ဟုဆိုအပ်သော ဥပါဒါရုပ်များတည်း။ မိရာဝဏ္ဏတို့သည် စက္ခုဝဏ္ဏ၊ သောတဝဏ္ဏ၊ ဃာနဝဏ္ဏ၊ ဇိဝှါဝဏ္ဏ-ဟုဆိုအပ်သော ဥပါဒါရုပ်များသာတည်း။ ထို စက္ခုဝိညာဏ်စသည်တို့သည် အာရုံနှင့်ပသာဒ ဝတ္ထုဆုံထိခိုက်မှုကို အကြောင်းပြု၍ ဖြစ်ကြရ၏။

သို့ဖြစ်၍ အတိုက်ခတ် ရှုပါရုံ-စသည်နှင့် အခံဓာတ် စက္ခုဝိညာဏ်စသည်၏မိရာ စက္ခုဝဏ္ဏစသည်သည် ဥပါဒါရုပ်ခည်း ဖြစ်ကြ၍ ထိုရုပ်ချင်းချင်း တွေ့ဆုံထိခိုက်ရာ၌ ဝါဂွမ်းနှစ်ခု အချင်းချင်း ထိခိုက်သောအခါ အတိုက်,အခိုက် မနာဘိသကဲ့သို့။ ထို့အတူ အတိုက်,အခိုက် မပြင်းထန်လှချေ။ ဤသို့ အတိုက်,အခိုက်မပြင်းထန်သည့် အာရုံနှင့်ပသာဒကြောင့် ဖြစ်လာရသော စိတ်ဝိညာဏ်လည်း လွန်စွာအားနည်း၏။ ဝိညာဏ်အားနည်းလျှင် ဝိညာဏ်ကြောင့်ဖြစ်သော ဗသအားနည်း၏။ ဗသအားနည်းလျှင် ဗသကြောင့်ဖြစ်သော ဝေဒနာအားနည်းပြန်၏။ ထိုသို့ ဝေဒနာအားနည်းသောကြောင့် ဤစက္ခုဝိညာဏ်-စသော စိတ် ၄-မျိုးတို့သည် လှုပ်လှုံ၍ပြု၍ ခံစားနိုင်မှုရှိသော ဥပေက္ခာဝေဒနာနှင့်ချည်း ယှဉ်စပ်၍ ဖြစ်ကြရသည်။

၂၃။၂၄။ ကာယဝိညာဏ်-၂ ပါး၏အာရုံကား ပထဝီ,တေဇော,စ၀်ယော-ဟုဆိုအပ်သော ဇောဋ္ဌဗ္ဗာရုံတည်း။ မိရာဝဏ္ဏကား-ကာယဝဏ္ဏတည်း။ ၎င်းတို့အချင်းချင်း တွေ့ဆုံထိခိုက်ရာ၌ အတိုက်ခတ် မဟာဘူတ်-၃ ပါးနှင့် အခံဓာတ် ကာယပသာဒ-ဟု ဆိုအပ်သော ဥပါဒါရုပ်

၂၅၊ တူနှင့်ဖောင်္ဂဗုံ၊ ပေတုံဘုတ်ခံ၊ ပဿဒဲ၊ ဂွမ်း သဏ္ဌာန်မှတ်-တူပုံဟပ်၊

တို့ တွေ့ဆုံထိခိုက်မိသည်ဖြစ်၍ ပေါ်အထက်တွင် ဂွမ်းပုံ-ဂွမ်းစိုင်ကို စင်၍ တူဖြင့်အားကုန် ထုနှက်သောအခါ ထိုထုနှက်သောတူသည် ဂွမ်းပုံ-ဂွမ်းစိုင်ပေါ်၌သာ မတည်နေဘဲ အောက်ခံပေခုံသို့တိုင်အောင် ပြင်းထန်စွာ ထုနှက်ရိုက်ခတ်သကဲ့သို့ ထို့အတူ မဟာဘုတ်နှင့် ဥပါဒါရုပ် တွေ့ဆုံထိခိုက်ရာ၌လည်း ပြင်းထန်စွာ တွေ့ဆုံထိခိုက်သဖြင့် လွန်စွာ အားရှိရကား အခံစာတ်ဖြစ်သော ကာယပဿဒ္ဓိသာ မတည်နေဘဲ ထိုပဿဒ္ဓိကို ကျော်၍လွန်၍ ထို၏မှီရာ မဟာဘုတ်တိုင်အောင် ပြင်းထန်စွာ ထိခိုက်လေသည်။

ဤသို့ ကာယပဿဒ္ဓိကိုကျော်လွန်၍ မဟာဘုတ်ခုင်းချင်း ပြင်းထန်စွာ ထိခိုက်စေအင်္သော အာရုံနှင့်ပဿဒ္ဓိကိုအကြောင်းပြု၍ ဖြစ်သော ဝိညာဏ်သည် လွန်စွာအားရှိ၏။ ဝိညာဏ်အားရှိလျှင် ဖဿလည်းအားရှိ၏။ ဖဿအားရှိပြန်လျှင်လည်း-ဝေဒနာအားရှိပြန်၏။ အားရှိသောဝေဒနာကြောင့်ထိခိုက်ထင်လာသော အာရုံသည် အနိဋ္ဌာရုံဖြစ်အံ့-ကြိုက်ကြိုက်ဆူသော ရေပူနှင့်တွေ့သည့် ကြာပန်းကဲ့သို့ မချမ်းမသာသော ဒုက္ခဝေဒနာနှင့်ယှဉ်ဖြစ်၏။ ဇဋ္ဌာရုံဖြစ်အံ့-အေးမြသန့်စင်ကြည်လင်သော ရေနှင့်တွေ့သည့် ကြာပန်းကဲ့သို့ ချမ်းမြေ့သာယာသောသုခဝေဒနာနှင့် ယှဉ်၏။ ထို့ကြောင့် ကာယဝိညာဏ်-၂ ပါးမှာ ဥပေက္ခာဝေဒနာနှင့် မယှဉ်ဘဲ ဒုက္ခဝေဒနာ, သုခဝေဒနာနှင့် ယှဉ်ဖြင်လေသည်။

၂၅။ ဥပမာစကားရပ်၌ ''တူ, ဂွမ်းပုံ, ပေခုံ'' ဟု သုံးမျိုး။ ဥပမေယျစကားရပ်၌လည်း ''ဖောဋ္ဌဗ္ဗာရုံ, ကာယပဿဒ္ဓိ, ထိုပဿဒ္ဓိ၏မှီရာ မဟာဘုတ် '' ဟု သုံးမျိုးစီပြဆိုထား၏။ ဥပမာနှင့်ဥပမေယျ-စကားနှစ်ရပ်ကိုစပ်ဟပ်လျှင် တူနှင့်ဖောဋ္ဌဗ္ဗာရုံ, ဂွမ်းပုံနှင့်ကာယပဿဒ္ဓိ, ပေခုံနှင့် ပဿဒ္ဓိ၏မှီရာ မဟာဘုတ်တို့ တူမျှကုန်၏။

အဟိတ်ကုသလဝိပါက်(၈)ပြီး၏။

၂၆။ ပဋ္ဌာန်ဂါဂျ၊ မနောဒ္ဓါရ၊ ဝဋ္ဋနတွင်၊ ဥပေက်ချဉ် ဆင်ခြင်စိတ်နှစ်ရပ်။

၂၇။ သော - သဟဂုတ်၊ ဟာသိတုပ္ပါ၊ စိတ်ထည့်ကာ၊ သုံးဖြာကိရိမှတ်။

၂၆။၂၇။ ဥပေက္ခာ သဟဂုတ် ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ် (၁)
ဥပေက္ခာ သဟဂုတ် မနောဒ္ဓါရာဝဇ္ဇန်းစိတ် (၁)
သောမနဿ သဟဂုတ် ဟာသိတုပ္ပါဒ်စိတ် (၁)
ပေါင်း အဟိတ် ကြိယာစိတ် - ၃ ပါး။

ပဋ္ဌဒ္ဓါရဉ် ထင်လာသောအာရုံကို ဆင်ခြင်၍ ဝိထိစိတ်ဖြစ်အောင် ပို့ဆောင်ပေးတတ်သော စိတ်သည် ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ် မည်၏။ မနောဒ္ဓါရဉ် ဒိဋ္ဌ, သုတ, မုတ-အားဖြင့် ထင်လာသောအာရုံကို ဆင်ခြင်၍ ဝိထိစိတ် ဖြစ်အောင် ပို့ဆောင်ပေးတတ်သော စိတ်သည် မနောဒ္ဓါရာဝဇ္ဇန်းစိတ်မည်၏၊ ၎င်စိတ်နှစ်ပါးလုံးကို ဆင်ခြင်တတ်သော စိတ် ဖြင့်သောကြောင့် "အာဝဇ္ဇန်းဒွေး" ဟု ခေါ်ဆိုသည်။

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်သည် ဗိမိနှင့် မှိရာတူသော ဘဝင်စိတ်မှ အနန္တရာဒိ-ပစ္စည်းကို ရသဖြင့် အာဇီဝ၏။ ၎င်သော်လည်း ထင်လာသည့်အာရုံကို ရှေးဦးစွာ ယူရခြင်း, တကြိမ်သာ ဖြစ်ခွင့်ရခြင်းကြောင့် အာရုံ၏ အရသာကို ကောင်းစွာ မခံစားနိုင်၊ မနောဒ္ဓါရာဝဇ္ဇန်း စိတ်လည်း အာရုံသစ်ကို ယူရခြင်း, ဇောစိတ်ကို ဖြစ်စေရခြင်း, ဝဋ္ဋဒွေကိစ္စတပ်ခိုက်၌ ဘဝင်စိတ်ကို ဖြစ်စေရခြင်းဘို့ကြောင့် လွန်စွာ ကြော်ငြာကြဗျာပါရမှားလှ၍ အာရုံ၏ အရသာကို ကောင်းစွာမခံစားနိုင်၊ ထို့ကြောင့် စိတ် - ၂ ပါးလုံး ဥပေက္ခာ ဝေဒနာနှင့်ချည်း ယှဉ်ဖြစ်ရသည်။

ပြုံးရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်သည် ဟာသိတုပ္ပါဒ်စိတ်မည်၏။ ပြုံးရွှင်ခြင်းဟူသည်လည်း ကာမဂုဏ်နှင့် စပ်၍ပြုံးခြင်း, သိမ်ဖျင်းသော စကားကိုပြော၍ပြုံးခြင်း, စသည်ကို မဆိုလို၊ မရုံ့ရင်းသော အနောဋ္ဌာရိက

၂၀။ အကုဝိသတ်၊ ကုဝိ - အင်္ဂဇွန်၊ သုံးရပ်ကြိယာ၊
ပေါင်းလေပါ၊စိတ်မှာ-ဌာနရသ်-အဟိတ်မှတ်။

အာရုံမျိုးဌ သွားပေါရုံမျှ စဉ်းငယ်ပြုံးဆွင်ခြင်းကို ဆိုလိုဏ်။ဂုဏ်းစိတ်သည် ဘုရားရဟန္တာတို့၏ သန္တာန်တော်ဌသာ ဖြစ်သော စိတ်တည်း။
သတ္တဝါတို့၏ ပြုံးရုယ်ခြင်းသည်-

(၁) မျက်စိပွင့်ရုံ ပြုံးရယ်ခြင်း - သိတ
(၂) သွားအနည်းငယ်ပေါ်အောင် ပြုံးရယ်ခြင်း-ဟသိတ
(၃) အသံထွက်အောင် ပြုံးရယ်ခြင်း - ဝိဟသိတ
(၄) ပုခုံး,ဦးခေါင်းလွှင်အောင် ပြုံးရယ်ခြင်း-ဥပဟသိတ
(၅) မျက်ရည်ထွက်အောင် ပြုံးရယ်ခြင်း - အပဟသိတ
(၆) ခြေပြစ်-လက်ပြစ်ပြုံးရယ်ခြင်း - အတိဟသိတ

ဟူ၍-၆မျိုးရှိ၏။ ထိုတွင် ရှေ့-၂မျိုးကား ဘုရား,ရဟန္တာဌသော ဗြတ်သောပုဂ္ဂိုလ်တို့၏ရယ်ခြင်းတည်း။ အလယ်-၂မျိုးကား ဘုရားစေတီ,ပုဂ္ဂိုလ်,အဆုံး ၂-မျိုးကား ယုတ်ညံ့သော ပုဂ္ဂိုလ်တို့၏ ရယ်ခြင်းဘည်း၊

ဧကန္တအာဝဇ္ဇန်းစိတ်-၂ပါးသည် မိမိ၏ ကြောင့်ကြ ဗျာပါရဖြင့်လည်း ဖြစ်နိုင်၏။ ဖြစ်နိုင်သော်လည်း ဧကန္တဘဝင်အစဉ်မှ အနန္တရာဒီပစ္စည်းကို ရသဖြင့် အားနည်းလှသောကြောင့် ဒုကျိုးဝိပါက်ကို မဖြစ်စေနိုင်။ဟသိတုပ္ပါဒ်စိတ်လည်း အနုသယကင်းငြိုးသော ဘုရား, ရဟန္တာ သန္တာန်တော်၌ ဖြစ်သောကြောင့် အကျိုး-ဝိပါက်ကိုဖြစ်စေခြင်း ဗျာပါရသတ္တိမရှိ။ ထို့ကြောင့် ဤစိတ်-၃ပါးတို့သည် ဖြစ်ကာမျှ-ပြုကာမျှ ကိစ္စအမူအရာရှိကြသဖြင့် "ကြိယာစိတ်" မည်ကုန်၏။

အဟိတ် ကြိယာ စိတ်-၃ပါးပြီး၏။

၂၀။ "အကုဝိသတ်။ ကုဝိအင်္ဂ" အရ အကုသလဝိပါက်စိတ် ၇ပါး, ကုသလဝိပါက်စိတ်-၈ပါးနှင့် "သုံးရပ်-ကြိယာ" အရ ကြိယာစိတ်-၃ပါးကိုပေါင်းသျှင် အဟိတ်စိတ် (၁၈) ပါး ဖြစ်သတည်း။

၂၉။ ကာယာ ဒု သူ၊ ကူသန္တိ တစ်၊ ဟာသိဖြစ်လျှင်၊ သော ဝေယ္ယဉ္စ၊ ကြွင်းလျှင်စုဒ္ဒသ်-ဥဟာမှတ်။

၃၀။ အဂၤုဆယ်နှစ်၊ ဆယ်ရှစ်အဟိတ်၊ သုံးဆယ် စိတ်မှာ၊ အသောဘာ၊ နှာမာ တံဆိပ်ခပ်။

၃၁။ သု-ဇ,ဒု-ဇ၊ ဒေါ-ဒွေး,သော-ဆ၊ ဥ-ဝိသ၊တို့သ-အသောမှတ်။

၂၉။ ဤစိတ် (၁၈) ပါးဘို့တွင် ကာယဝိညာဏ်စိတ်- ၂ပါးသည် ဒုက္ခဝေဒနာ,သုခဝေဒနာ,ကုသလဝိပါက်သန္တီရဏစိတ်နှင့် ဟသိတုပဋိဗ္ဗ စိတ်သည် သောမနဿဝေဒနာနှင့် ယှဉ်ဖြစ်ကြ၍ ကြွင်းသောစိတ်-၁၄ပါး တို့သည် ဥပေက္ခာဝေဒနာနှင့်ချည်း ယှဉ်ဖြစ်ကြသတည်း။ ။

အဟိတ်စိတ် (၁၈) ပါး ပြဆိုခဏ်းငြိုးခ်ဳ။

၃၀။ အကုသိလ်စိတ်-၁၂။ အဟိတ်စိတ်-၁၈။ ဤ(၃၀)သောစိတ် တို့သည် အသောဘဏစိတ်တို့မည်ကုန်၏။ အကုသိလ်စိတ်သည် သောဘ-ဒေါသ,မောဟ-စသော စင်စစ်အကုသိလ်ဖြစ်၍ မတင့်တယ်မဘွယ်ရာသော အသောဘဏတရားစုနှင့်သာ ယှဉ်၍ဖြစ်၏။ အဟိတ်စိတ်လည်း အသောဘဏတရားစုနှင့်မယှဉ်သော်လည်း တင့်တယ်ဘွယ်ရာသည့် ဂုဏ်ကို ဆောင်နိုင်သော အလောဘ, အဒေါသ-စသည့် သောဘဏတရားစုနှင့် မယှဉ်သောကြောင့် ဤစိတ်(၃၀)တို့သည် အသောဘဏစိတ်တို့မည်ကုန်၏။

၃၁။ "သု-ဇ,ဒု-ဇ၊ဒေါ-ဒွေး,သော-ဆ၊ဥ-ဝိသ" ၏အရ-သုခသဟဂုတ်စိတ် (၁) ဒုက္ခသဟဂုတ်စိတ် (၁) ဒေါမနဿသဟဂုတ်စိတ် (၂)

၃၂။ အကုသိုလ်စိတ်ခြောက်၊ ကြွင်းစိတ်ခြောက်ဆယ်၊ တစ်ဆယ်၊ အကျယ်ငါးနှာ။

၃၃။ တင့်တယ်ဘွယ်ရာ၊ သောဘဏာ၊ သညာခေါ်ဝေါ်ပြု။

သောမနဿသဟဂတ်စိတ် (၆) ဉပေက္ခာသဟဂတ်စိတ် (၂၀) တို့ကို ပေါင်းလျှင်လည်း အသောဘဏစိတ် (၃၀) ဖြစ်သတည်း။

အသောဘဏစိတ် (၃၀) ပြီး၏။

၃၂။၃၃။ အကုသိုလ်စိတ်, အဟိတ်စိတ်မှ ကြွင်းသော အကျဉ်းအားဖြင့် (၅၉) အကျယ်အားဖြင့် (၉၁) ပါးသောစိတ်တို့သည် တင့်တယ်သျှောက်ပတ်ကောင်းမြတ်ဖွယ်ရာသော ဂုဏ်အင်္ဂါတို့ကို ဆောင်နိုင်သောသဒ္ဓါ, သတိ-စသည့် သောဘဏတရားစုနှင့် ယှဉ်ကြသောကြောင့် "**သောဘဏစိတ်**"တို့မည်ကုန်၏။

အကုသိုလ်စိတ်, အဟိတ်စိတ်မှ ကြွင်းသော ကာမာဝစရစိတ်နှင့် မဟဂ္ဂုတ်, လောကုတ္တရာစိတ်များကိုသာ "**သောဘဏစိတ်**" ဟု တိုက်ရိုက်အမည်ပြု၏။ အကုသိုလ်စိတ်နှင့်အဟိတ်စိတ်ကိုကား တိုက်ရိုက်အမည်မပြု။ မပြုသော်လည်း ထို (၅၉) ပါးသောစိတ်တို့ကို "သောဘဏစိတ်" ဟု တိုက်ရိုက်အမည်ပြုထားခြင်းကြောင့် အကုသိုလ်စိတ်နှင့်အဟိတ်စိတ်ကိုလည်း ပြောင်းပြန်ယူရသော ဗျတိရေကနည်း, အလိုလိုငြီးသော အဝုတ္တသိဒ္ဓိနည်းဖြင့် "**အသောဘဏစိတ်**" ဟူ၍ မှည့်ခေါ်အပ်သတည်း။

၃၄။ သောမနဿ၊ တကွတူပင်၊ ဉာဏ်နှင့်ယှဉ်၊ အသင်္ခါရိစိတ်တခု-သသင်္ခါရိစိတ်တခု။

၃၅။ သောမနဿ၊တကွတူပင်၊ဉာဏ်မယှဉ်၊အသင်္ခါရိစိတ်တခု-သသင်္ခါရိစိတ်တခု။

၃၆။ ဥပေက္ခာ၀ေ၀၊ မသွေတူပင်၊ ဉာဏ်နှင့်ယှဉ်၊ အသင်္ခါရိစိတ်တခု-သသင်္ခါရိစိတ်တခု။

၃၇။ ဥပေက္ခာ၀ေ၀၊ မသွေတူပင်၊ ဉာဏ်မယှဉ်၊ အသင်္ခါရိစိတ်တခု-သသင်္ခါရိစိတ်တခု။

၃၄။ ၃၅။ ၃၆။ ၃၇။ သောဘဏစိတ်တို့တွင် ကာမာ၀စရစိတ်, ရူပါ၀စရစိတ်, အရူပါ၀စရစိတ်, လောကုတ္တရာစိတ်များ အသီးအသီး ပါ၀င်ကြရာ အောက်၌ ဥဒ္ဒေသဥအတိုင်း ကာမာ၀စရစိတ်ကို ရှေးဦးစွာ ပြအပ်၏။ ထိုဥလည်း ကုသိုလ်, ဝိပါက်, ကြိယာ-ဟူ၍ ဇာတ်အထူးအပြား အားဖြင့် ၃-မျိုးရှိပြန်ရာ ကုသိုလ်တရားကို နောက်-၂ပါးတို့၏ရှေ့သွား ပုဗ္ဗင်္ဂမဖြစ်၍ ရှေးဦးစွာ ပြအပ်၏။ ထို့ကြောင့်-

သောမနဿ သဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ်ဉာဏသမ္မယုတ် သသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် (၁)
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် (၁)
ဥပေက္ခာ သဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိကစိတ် (၁)
ဥပေက္ခာ သဟဂုတ် ဉာဏသမ္မယုတ် သသင်္ခါရိကစိတ် (၁)
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် (၁)
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် (၁)

ဟူ၍ ကုသိုလ်စိတ် (၈) ပါးကို ရှေးဦးစွာ ပြဆိုအပ်သည်။ ဤစိတ် (၈) ပါးတို့ကို ဏာမ (၁၁) ဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော

၃၈။ သော, ဥ, သမ်, ဝိပ်၊ အ-သစ်တ်ခါ၊ လေးစီဖြာ၊ ကုသလာစု-စိတ်ရှစ်စု။

၃၉။ ဝိပါက်-မဟာ၊ ကြိယာလည်း၊ ဤနည်းရှစ်စီ၊ကု-သိ-ကြို၊ သုံးလီ-ဝိစတု။

ကုသိုလ်များဖြစ်ကြသောကြောင့် "ကာမာဝစရကုသိုလ်စိတ်" ဟူ၍၎င်း, မဟဂ္ဂုတ် သောကုတ္တရာ ကုသိုလ်တို့ထက် စိတ်အရေအတွက်အားဖြင့် များပြားသောကြောင့် "မဟာကုသိုလ်စိတ်" ဟူ၍၎င်း ခေါ်ဝေါ် အပ်ကုန်၏။

အပြစ်မရှိခြင်း-ကောင်းသောအကျိုးကို ဖြစ်စေခြင်းသဘော, ယုတ်မာညစ်ကျေ မကောင်းမှု အကုသိုလ်တရား စုကို ဖုက်ဆီး တတ် သော သဘော, သမန်းမြက်နှင့်တူသည့်အကုသိုလ်တရားစုကိုရိတ်ဖြတ်တတ် သော သဘောတရားမျိုးကို "ကုသိုလ်" ဟု ဆိုရသည်။ ထိုကုသိုလ်တရားတို့ တွင် ကာမကုသိုလ်၌ အကုသိုလ်တရား ခေတ္တာခဏမျှ မဖြစ်ပွားခအောင် ပယ်ခွါဆားနိုင်သည့် တဒင်္ဂပဟာန်သတ္တိ, မဟဂ္ဂုတ်ကုသိုလ်၌ ခေါင်းပါး အားနည်းသွားအောင် ပယ်ခွါထားနိုင်သည့် ဝိက္ခမ္ဘနပဟာနသတ္တိ, လောကုတ္တရာကုသိုလ်၌ အကြွင်းအကျန် မရှိအောင် ပယ်ခွါနိုင်သည့် သမုစ္ဆေဒပဟာနသတ္တိ-ဟူ၍ အစွမ်းသတ္တိ အသီးအသီး ရှိလေသည်၊

၃၀။ မဟာကုသိုလ်စိတ် (၈) ပါး၌ သောမနဿဝေဒနာ (၄) ဉာဏသမ္ပယုတ် (၄) ဉာဏဝိပ္ပယုတ် (၄) အသင်္ခါရိက (၄) သသင်္ခါရိက (၄) ဤသို့ဝေဒနာအပြား, ဉာဏ်အပြား, သင်္ခါရအပြားအားဖြင့် လေးပါးစိ-လေးပါးစိ ရှိ၏။

မဟာကုသိုလ်စိတ် (၈) ပါးပြီး၏။

၃၉။ ဤကုသိုလ်စိတ် (၈) ပါးနည်းဘူ သဟိတ်ကာမာဝစရဝိပါက်စိတ် (၈) ပါး, သဟိတ်ကာမာဝစရ ကြိယာစိတ် (၈) ပါးစိ ရှိပြ

၄၀။ ဝိပါက်တေဝိ၊ နွါဒ်-အာကာ၊ ကု-ဂုစ်ကြိုယာ၊ဆယ် တဖြာ၊ ကာမာ-ဇောပညူ။

၄၁။ ဒု-သု-ဇစိ၊ ဒေါဒွေးဗ္ဂိလတ်၊ သော-ဠ္ဌာရဏ်၊ မွတ် လေ ဗတ္တိ်ဉ္ဇ။

သောကြောင့် ကုသိုလ်-၈, ဝိပါက်-၈, ကြိုယာ-၈ ပေါင်းလျှင် (၈+၈+၈ = ၂၄) ကာမာဝစရသောဘဏစိတ် (၂၄) ဖြစ်သတည်း။

သဟိတ်ကာမာဝစရဝိပါက် (၈) နှင့် ကြိုယာ (၈) ပြီး၏။
ကာမာဝစရသောဘဏစိတ် (၂၄) ပါး ပြဆိုခဏ်းပြီး၏။

၄၀။ ဝိပါက်စိဘ် (၂၃) အကုသိုလ်စိတ် (၁၂) ကုသိုလ်စိတ် (၈) ကြိုယာစိတ် (၁၁) ဤသို့ ဇာတ်အဝထူးအပြားဖြင့်ရောက်လျှင် ကာမစိတ် ပေါင်း (၅၄) ဖြစ်၏။

၄၁။ ထိုတွင် ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ် (၁) သုခဝေဒနာနှင့် ယှဉ်သောစိတ် (၁) ဒေါမနဿဝေဒနာနှင့်ယှဉ်သောစိတ် (၂) သောမ နဿ ဝေဒနာနှင့် ယှဉ်သောစိတ် (၁၀) ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စိတ် (၃၂) ဤသို့ ဝေဒနာအားဖြင့် ရောက်လျှင်လည်း ကာမစိတ် (၅၄) ပင် ဖြစ်ပေ၏။ ။ဤနည်းတူစွာ သမ္မယုတ်အပြား, သင်္ခါရ အပြား-စသည်တို့ကိုလည်းခွဲလေ။

ကာမစိတ် (၅၄) ပါး ပြဆိုခဏ်းပြီး၏။

၄၂။ ဝိတက္ကနှင့်၊ ဝိစာရတည်း၊ ဒိတိ,သုခါ၊ ဧကဂ္ဂါ၊ ချာန်ဆင်္ဂါစု-ပဗျာန်ဟူ။

၄၃။ ပဗျာန်ယှဉ်ရာ၊ ပဉ္စမဘ၊ ချာနာစိတ်တခု။

၄၂။၄၃။ ရူပါဝစရစိတ်သည်လည်း ကုသိုလ်,ဝိပါက်, ကြိယာ-အားဖြင့် သုံးပါးရှိရာ ကုသိုလ်စိတ်သည် ပုဗ္ဗဂ်မဒိတ်ဖြစ်သောကြောင့် ထိုစိတ်ကို ရှေးဦးစွာ ပြဆိုအပ်၏။

ဝိတက်, ဝိစာရ, ဒီဘိ, သုခ, ဧကဂ္ဂတာ-ချာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပထမချာန်ကုသိုလ်စိတ် (၁)

ဤသရုပ်အစဉ်၌ အကျုံးဝင်သော "'ချာန်, ချာန်အင်္ဂါ, ချာန်စိတ်" သုံးပါးတို့၏ တရားကိုယ်များကို ကွဲပြား-ခြားနားအောင် အကျဉ်းမျှ ထုတ်ဆောင် ပြဆိုပေအုံ့-

(က) ဝိတက်-စသော စေတသိက် ငါးပါးအပေါင်းသည် ချာန်မည်၏။

(ခ) ဝိတက်, ဝိစာရ, ဒီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသောတရား တပါးတပါးသည် ချာနင်္ဂ မည်၏။

(ဂ) ဝိတက်-စသော ငါးပါးနှင့်ယှဉ်သော စိတ်သည် ချာန်စိတ် မည်၏။

ဤဥစ္စလည်း ထုပ်,လျောက်-စသော အဆောက်အဦတို့ ဧပေါင်းနေ ကြခြင်းကြောင့် အိမ်ဟူ၍ဝင်း, ကျောင်းဟူ၍ဝင်း ခေါ်ဝေါ်ရ၍ ထိုထုပ်, လျောက်-စသော အစိပ်အဆစ်များကို အိမ်၏အစိပ်အဝိုင်း, ကျောင်၏ အစိပ်အဝိုင်း ဟုခေါ်ဝေါ်ရသကဲ့သို့၊ ထို့အတူ ချာန်အမည်ကားအပေါင်း၏အမည် ချာနင်္ဂအမည်ကား အစိပ်၏အမည်ဟု ကွဲပြားအောင် မှတ်ပါ။

ချာနင်္ဂငါးပါးတို့တွင် ဝိတက်ချာနင်္ဂသည် ကသိုဏ်း-ဧသော ဘာဝနာ အာရုံသို့ ရှေ့ရှုတင်ပေးခြင်း ကိစ္စ-လက္ခဏာ ရှိ၏။ ဝိစာရချာနင်္ဂသည်

၄၄။ စာ,ဝိ,သ,ဇ၊ ဗျာနဂ်၊ လေးထွေအစု-ဒုဗျာန်ဂ္ဂ။
၄၅။ ဒု-ဗျာန်ယ္ဘဥ်ဈာ၊ ဒုတိယာဒ၊ ဗျာနာဘိတ်တစ္ဆ။
၄၆။ ဗိဘိ,သဇေခ၊ ကဋ္ဌတော၊ သုံးထွေအစု-တဗျာန်ဂ္ဂ။
၄၇။ တစ္ဆာန်ယ္ဘဥ်ဈာ၊ တတိယာဒ၊ ဗျာနာ စိတ်တစ္ဆ။

ဝိတုက်တင်ပေးသော အာရုံကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်ခြင်း, ဝိတိဗျာနင်သည် စိတ်ကိုနှစ်သိမ့်စေခြင်း, သုခဗျာနင်သည် ဇဉ္ဈာရုံကိုခံစားခြင်း, ကေဋ္ဌတာဗျာနင်သည် စိတ်ကိုကောင်းစွာထားခြင်း-မပျံ့လွင့်ခြင်းကိစ္စလက္ခဏာ ရှိ၏။ ဤသို့တရားငါးပါးအပေါင်း၌ အာရုံကိုကပ်၍ရှုခြင်းကိစ္စလက္ခဏာ အသီးအသီး ရှိကြသောကြောင့် "ဗျာန်" အမည်ရလေသည်။

တနည်းလည်း -ဝိတက်ဗျာနင်သည် စိတ်ကိုဆုတ်နှစ်ထိုင်းမှိုင်းစေတတ်သော ထိန-မိဒ္ဓနိဝရဏကို အမြစ်ပြတ်အောင် သတ်ဖြတ်လျင်ကျွမ်းစေ၏။ ဝိစာရဗျာနင်သည် သံသယမကင်း ယုံမှားခြင်းကို ဖြစ်စေတတ်သော ဝိစိကိစ္ဆာနိဝရဏကို၊ ဝိဘိဗျာနင်သည် စိတ်ကို ပူပန်ချောက်ခြားအောင် ပြုတတ်သော ဗျာပါဒနိဝရဏကို၊ သုခဗျာနင်သည် စိတ်ကို တုန်လှုပ်ချောက်ခြားအောင် ပြုတတ်သော ဥဒ္ဓစ္စ-ကုက္ကုစ္စနိဝရဏကို၊ ကေဋ္ဌတာဗျာနင်သည် စိတ်ကို ထကြွလှုပ်ရှားစေတတ်သော ကာမစ္ဆန္ဒနိဝရဏကို အမြစ်ပြုတ်အောင် သတ်ဖြတ်လျင်ကျွမ်းစေ၏။ ထို့ကြောင့် ဤတရားငါးပါးသည် "ဗျာန်"မည်၏။

၄၄။၄၅။ ဝိစာရ, ဝိတိ, သုခ, ကေဋ္ဌတာ-ဗျာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ဒုတိယဗျာန် ကုသိုလ်စိတ် (၁)

၄၆။၄၇။ ဝိတိ, သုခ, ကေဋ္ဌတာ-ဗျာန်အင်္ဂါ သုံးပါးနှင့်တကွဖြစ်သော တတိယဗျာန် ကုသိုလ်စိတ် (၁)

၄၈၊ သုခ,ဇကောင်၊ နှစ်ပါးဘက်၊ မှတ်ချက်-စတုဿန်ရှု၊
၄၉၊ စ-ဈာနိယ္ဟဉ္ဇိရာ၊ စတုတ္ထဇ္ဈာ၊ ဈာနာဘိတ်တခု၊
၅၀၊ ဥပေက်-ဇကောင်၊နှစ်ပါးဘက်၊မှတ်ချက်-ပဉ္စဈာန်ရှု၊
၅၁၊ ပဉ္စဈာနိယ္ဟဉ္ဇိရာ၊ ပဉ္စမဇ္ဈာ၊ ဈာနာဘိတ်တခု၊
၅၂၊ ရူပါဝစရ၊ ကုသလ၊ ဈာန စိတ်ငါးခု၊

၄၈။၄၉။ သုခ, ဇောဋ္ဌတာ-ဈာန်အင်္ဂါနှစ်ပါးနှင့် စာကွဲဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် (၁)

ဤစတုတ္ထဈာန်စိတ်ကား သောမနဿ သဟဂုတ်စိတ် ဖြစ်သောကြောင့် ပီတိစေတသိက်ယှဉ်သင့်လျက် မယှဉ်ခြင်းကား တတိယဈာန် ရပြီးဖြစ်သော ယောဂီသည် မိမိရပြီးဖြင့်သော တတိယဈာန်အင်္ဂါ၏ အပြစ်ဒေါသများကို အကြိမ်ကြိမ် ဆင်ခြင်ပယ်ခွာနိုင်မှ စတုတ္ထဈာန်ကို ရနိုင်၏။ ထိုသို့ဘာဝနာ အဟုန်ဖြင့် အစွမ်းကုန် ပီတိကို ပယ်ခွာခဲ့ပြီးဖြစ်သောကြောင့်တည်း။

၅၀။၅၁။ ဥပေက္ခာ, ဇောဋ္ဌတာ-ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် (၁)

၅၂။ ဤသို့လျှင် ရူပါဝစရပထမဈာန်ကုသိုလ်စိတ်(၁)ဒုတိယဈာန် ကုသိုလ်စိတ်(၁) တတိယဈာန်ကုသိုလ်စိတ်(၁) စတုတ္ထဈာန်ကုသိုလ်စိတ်(၁) ပဉ္စမဈာန်ကုသိုလ်စိတ် (၁) အားဖြင့် ရူပါဝစရကုသိုလ်စိတ် ပေါင်း-၅ပါး ဖြစ်သတည်း။

ဈာနင်ငါးပါးတို့နိဝရဏတရားအသီးအသီး ပယ်သတ်လောင်ကျွမ်းစေပုံတို့ကို ပြဆိုခဲ့ရာ၌ ဤဥပေက္ခာ-ဟူသော ဈာနင်အမည်မပါဝင်ခဲ့ချေ။ သို့မပါသော်လည်း ဥပေက္ခာဈာနင်သည် ငြိမ်သက်ဒေးချမ်းခြင်း သဘောရှိသောကြောင့် သုခသဘောရှိရကား သုခဈာနင်၌ အကျုံးဝင်ပြီးလျှင် ထိုဈာနင်ကဲ့သို့ပင် ဥဒ္ဓစ္စ-ကုက္ကုစ္စနိဝရဏကို အမြစ်ပြတ်ဒေးဉ်ပယ်သတ်လောင်ကျွမ်းစေသည်-ဟုမှတ်။

၅၃။ ဝိပါက်, ကြိယာ၊စိတ်တို့မှာ၊ငါးစိသာ ပြု၊၍နည်း ရ။

၅၄။ ဈာန်ငါးတန်ဂို၊ သုံးပြန်သွို၍၊ ကု, ဝိ, ကြိယာ၊ ဆယ့်ငါးဖြာ၊ ရူပါ-စိတ်ဆရု။

၅၅။ ပဥ္စဈာန်သုံးခု၊ ကြွင်းစုဒွါဒ၊ သေ-ယှဉ်ကြ၊ ရူပ-ဆယ့်ငါးခု။

၅၃။ ကုသိုလ်စိတ်ကဲ့သို့ ဝိပါက်စိတ်, ကြိယာစိတ်တို့၌လည်း ဈာန်အင်္ဂါ-၅ပါး, ၄ပါး, ၃ပါး, ၂ပါး, ၂ပါး-စီတို့နှင့်ယှဉ်လျက် ပထမဈာန်ဝိပါက်စိတ်, ကြိယာစိတ်၊ ဒုတိယဈာန်ဝိပါက်စိတ်, ကြိယာစိတ် ၎သော အားဖြင့် ဝိပါက်စိတ်-၅ပါး, ကြိယာစိတ်-၅-ပါးရှိ၏။

၅၄။ ဤစိတ်များကားဈာန်အင်္ဂါအထူးအပြားဖြင့် မှတ်အပ်သော ဈာန်ဘေဒစိတ်များတည်း၊ ဈာန်အင်္ဂါအထူးအပြားဟူသော်လျှင် ပထမဈာန်စိတ် စသောအားဖြင့် ဈာန်စိတ်-၅မျိုးပြားလာသည်။ ကုသိုလ်ဈာန်စိတ်-၅ပါး, ဝိပါက်ဈာန်စိတ်-၅ပါး, ကြိယာဈာန်စိတ် ၅ပါးစီ၌သော ကြောင့် ၅-ပါးသုံးပြန်ပြန်လျှင် (၅×၃ = ၁၅) ရူပါဝစရစိတ်ပေါင်း တဆယ့်ငါးပါး ဖြစ်၏။

၅၅။ ရူပါဝစရစိတ်ကို ရေတွက်ပြရာ၌ ပဌမဈာန်စိတ်ကိုသာ "ဥပေက္ခာ-ကေဠာတာ" ဟု ဥပေက္ခာသဒ္ဒါဖြင့် တိုက်ရိုက်ရေတွက် ပြဆိုထား၍ ဥပေက္ခာသဟဂတ်စိတ်ဖြင့်ကြောင်း ထင်ရှား၏။ ကြွင်းဈာန်လေးမျိုးကိုမူ သောမနဿသဒ္ဒါ, ဥပေက္ခာသဒ္ဒါဖြင့် တိုက်ရိုက်ရေတွက် မပြအပ်သော်လည်း သောမနဿသဟဂတာဒီသော သုခသဒ္ဒ ဖြင့် ရေတွက်ပြဆိုထားသောကြောင့် သောမနဿ သဟဂတ်စိတ်ချည်း မှတ်ရမည်။ ထို့ကြောင့် ကုသိုလ်ပဌမဈာန် (၁) ဝိပါက်ပဌမဈာန် (၁) ကြိယာ

၅၆။ အာကာသာနဉ္စာယတနာ၊ ဈာနာယတ္တိမှ စိတ်တစု။
၅၇။ ဝိညာဏဉ္စာယတနာ၊ ဈာနာယတ္တိမှ စိတ်ဘစု၊
၅၈။ အာကိဉ္စညာယတနာ၊ ဈာနာယတ္တိမှ စိတ်ဘစု၊
၅၉။ နေဝသညာနာသညာယတနာ၊ ဈာနာယတ္တိမှ စိတ်တစု၊

ပဉ္စမဈာန် (၁)ပေါင်း ပဉ္စမဈာန်သုံးပါးမှာ ဥပေက္ခာ သဟဂတ်ဧကင် ဖြစ်၍ ကြွင်းသောစိတ် ၁၂-ပါးမှာ သောမနဿ သဟဂတ်ဧကင်ချည်း ဖြစ်သတည်း။

ရူပါဝစရစိတ် (၁၅)ပါး ပြဆိုခဏ်း ငြိုးဒ၏။

၅၆။ ၅၇။ ၅၈။ ၅၉။ အရူပါဝစရ စိတ် သည်လည်း-

အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ် (၁)
ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ် (၁)
အကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ် (၁)
နေဝသညာနာသညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ် (၁)

အားဖြင့် လေးပါးရှိ၏။ ထိုတွင် အာကာသာနဉ္စာယတန ဟူ အာကာသဟူသည် ကသိုဏ်း-၉ပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သော ဟင်းလင်းအပြင် ကောင်းကင်ပညတ်ကြီးတည်း။ ထိုဟင်းလင်းအပြင် ကောင်းကင်ကြီးကို ပါဠိလို "ကသိဏုဂ္ဃာဋိမာကာသ" ဟု ခေါ်ရ၏။ယင်းကသိဏုဂ္ဃာဋိမာကာသ သည်လည်း အနန္တစကြာဝဠာ အဝန္ဓာပြင် ကောင်းကင်ကြီးနှင့် တစပ်ထည်းကဲ့သို့ ရှိ၍ ဥပါဒ်ဟူသော အဝိုင်းအခြား, ဘင်ဟူသော အဝိုင်းအခြား မရှိသောကြောင့် အနန္တမည်၏၊ ထို အနန္တဖြစ်သော ကောင်းကင်ပညတ်ကို ပင် ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်၌ "အနန္တော အာကာသော-အနန္တော အာကာသော = ကောင်းကင်ပညတ်ကြီးကား အဆုံးအဝိုင်းအခြား မရှိပါတကား" ဟု အကြိမ်ကြိမ်

စီးဖြန်းပွားများလတ်သော် အဆုံးဒုတိုင်းအခြားမရှိသော ကောင်းကင်ပညတ်လျှင် တည်ရာရှိသည့်အာကာသာနဉ္စာယတနစျာန်သည် သမ္မယုတ်တရားတို့နှင့် တကွ ဖြစ်ပေါ်လာ၏။ ထိုစျာန်နှင့်ယှဉ်သော စိတ်ကိုပင် အာကာသာနဉ္စာယတန စျာန်စိတ်ဟု ဆိုရ၏။

ဝိညာဏဉ္စာယတနဉ် ဝိညာဏဟူသည် ဆိုအပ်ပြီးသော အာကာသာနဉ္စာယတနစိတ်ပင်တည်း။ ထိုစိတ်ကိုပင် နှုံးညံးမွာဖြစ်သော ဒုရုပစိတ်ဖြစ်သောကြောင့် '' ပဌမာရုပ္ပဝိညာဏ်'' ဟု လည်း ခေါ်ရသည်။ ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြုလျက် ''ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ = ပဌမာရုပ္ပဝိညာဏ်သည် အဆုံးအဝိုင်းခြင်း မရှိပါဘကား'' ဟု အကြိမ်ကြိမ် စီးဖြန်းပွားများလတ်သော် ယောဂိပုဂ္ဂိုလ်၏ စိတ်အစဉ်၌ ပဌမာရုပ္ပဝိညာဏ်ကို တပ်ခြင်း နိကန္တိ-တဏှာ ကင်းပြတ်၍ ဒုတိယာရုပ္ပဖြစ်သော ဤဝိညာဏဉ္စာယတနစျာန်သည် သမ္မယုတ်တရားတို့နှင့်တကွ ဖြစ်ပေါ်လာ၏။ ထိုစျာန်နှင့်ယှဉ်သော စိတ်ကိုပင် ဝိညာဏဉ္စာယတန စျာန်စိတ်-ဟု ဆိုရ၏။

အာကိဉ္စညာယတနဉ် အာကိဉ္စည-ဟူသည် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်တည်း။ ယင်းနတ္ထိဘောပညတ်ဟူသည်မှာလည်း ပရမတ္ထအာဒြင့် ထင်ရှားမရှိသော အဘာဝ ပညတ်မျှသာဝတည်း။ ယောဂိပုဂ္ဂိုလ်သည်လည်း ပဌမာရုပ္ပဝိညာဏ်တည်းဟူသော အာရုံကို လွှတ်၍ ထိုဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုလျက် ''နတ္ထိကိဉ္စိ, နတ္ထိကိဉ္စိ = ပဌမာရုပ္ပဝိညာဏ်သည် စိုးစဉ်းမျှ အကြွင်းအကျန် မရှိပါတကား'' ဟု အကြိမ်ကြိမ် စီးဖြန်းပွားများလတ်သော် ဒုတိယာရုပ္ပဝိညာဏ်ကို တပ်ခြင်း နိကန္တိ - တဏှာ ကင်းပြတ်၍ တတိယာရုပ္ပဖြစ်သော ဤအာကိဉ္စညာယတနစျာန်သည် သမ္မယုတ်တရားတို့နှင့်တကွ ဖြစ်ပေါ်လာ၏။ ထိုစျာန်နှင့်ယှဉ်သော စိတ်ကိုပင် အာကိဉ္စညာယတနစျာန်စိတ်-ဟု ဆိုရ၏။

နေဝသညာနာသညာယတနဉ်လည်း နေဝသညာ - နာသညာ-ဟူသည် သညာစေတသိက်တပါးထည်း၏ အမည်သာတည်း။ ဤစိတ်နှင့်

၆၀။ စိတ်အာရုပါ၊ ဝစရာ၊ ကုသလာစု-ဤလေးခု။
၆၁။ ဝိပါက်, ကြိယာ၊ စိတ်တို့မှာလည်း၊ ဤနည်းလေး
စိ၊ ကု, ဗ, ကြီ၊ဖြစ်ပြီ-တဆယ်.နှစ်။

ယှဉ်သော သညာဧစေတသိက်သည် တပါးတခြားစိတ်တို့နှင့် ယှဉ်သော သညာဧစေတသိက်နှင့် မတူဘဲ လွန်စွာသိမ်မွေ့ နူးညံ့လှ၍ လက္ခဏာယာဉ်တင်ပြီး ဆင်ခြင်သုံးသပ်ခြင်းငှါ မစွမ်းနိုင်။ ထိုသို့ မစွမ်းနိုင်လောက်အောင် သိမ်မွေ့ နူးညံ့လှသောကြောင့် "နေဝသညာ" အမည်ရပြီး လျှင် ပရမတ္ထအာဒီဖြင့် ထင်ထင်ရှားရှား ရှိပြန်သောကြောင့် "နာသညာ" ဟု အမည်ရပြန်သည်။ ထို့ကြောင့် သညာ ဧစေတသိက် တပါး ထည်း၏ အမည်ဟု မှတ်။

ယောဂီပုဂ္ဂိုလ်သည်လည်း ရှေးကအာရုံပြုထားသည့် တတိယာရုပ္ပဈာန်တည်းဟူသော နတ္ထိဘောပညတ်အာရုံကို လွှတ်၍ ဤစတုတ္ထာရုပ္ပဈာန်သည် အားငြိမ်းချမ်းသာ မွန်မြတ်ပါပေ၏ တကား" ဟု အကြိမ်ကြိမ် စိဖြန်းပွားများလတ်သော် တတိယာရုပ္ပဈာန်ကို တပ်ခြင်း နိကန္တိ-တဏှာ ကင်းပြတ်၍ စတုတ္ထာရုပ္ပဖြစ်သော ဤနေဝသညာနာသညာ ယတန **ဈာ**န်သည် သမ္မယုတ်တရားတို့နှင့်တကွ ဖြစ်ပေါ်လာ၏။ ထို**ဈာ**န်နှင့်ယှဉ်သောစိတ်ကိုပင် နေဝသညာနာသညာယတန **ဈာ**န်စိတ်-ဟု ဆို၏။ ။ဤကား အရူပ**ဈာ**န်စိတ်-၄-ပါးတို့ အစဉ်အတိုင်း ဖြစ်ပေါ်လာပုံကို ပြဆိုခြင်းတည်း။

၆၀။ ဤသို့လျှင် အရူပါဝစရကုသိုလ်စိတ်သည်လေးပါးဖြစ်သတည်း။

၆၁။ -ကုသိုလ်စိတ်နည်းတူ ဝိပါက်စိတ် ၄-ပါး, ကြိယာစိတ် ၄-ပါးစီရှိကြသောကြောင့် ကုသိုလ်စိတ်(၄)ဝိပါက်စိတ်(၄) ကြိယာစိတ်(၄) အားဖြင့် အရူပါဝစရစိတ်ပေါင်း (၄ + ၄ + ၄ = ၁၂) တဆယ့်နှစ်ပါးဖြစ်သတည်း။

၆၂။ အာရုံနှင့်ဟပ်၊ လေးစိမ့်တ်၍၊ သုံးရပ်-လေးလိ၊ ကု,ဝိ,ကြို၊ အရူပါဝ-ဆယ်.နှစ်ခု။

ဤစိတ်.၁၂ပါးကို ဝေဒနာအားဖြင့် ခွဲခြားခြင်း မပြုဆိုအင်္ဂလိပ်လည်း အောက် ရူပါဝစရ ပဉ္စမဈာန်စိတ်ကို ရည်ငြားနောက်မှ တဆင့်တက်၍ ပွား များ၊ အားထုတ်ခြင်းဖြင့် ရအပ်သော စိတ်များ ဖြစ်ကြသောကြောင့် တပါး ထက် တပါး သိမ်မွေ့နူးညံ့ကြရကား "ဥပေက္ခာ,ကေဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ နှစ်ပါး, နှစ်ပါးစီ ရှိကြသော ဒုဝင်္ကဈာန်စိတ်များဖြစ်ကြသည်။ ထို့ကြောင့် ဥပေက္ခာသဟဂတ်စိတ်ခုည်း ဟု မှတ်။

၆၃။ အရူပဈာန် လေးပါးတို့ အာရုံပြုအင်္ဂလိပ် "အာလမ္ဗဏတဗ္ဗ" အာရုံ, လွန်အင်္ဂလိပ်ငြိုးသော "အတိက္ကမိတဗ္ဗ" အာရုံ ဟု နှစ်မျိုးစီ ရှိ၏။ ထိုတွင် အရူပဈာန် လေးပါးတို့၏ အာလမ္ဗဏတဗ္ဗ အာရုံ အစဉ်ကား- ၁ ကောင်းကင်ပညတ်, ၂ ပဋိဘာရပ္ပဋိညာဏ်, ၃ နတ္ထိဘောပညတ်, ၄ တတိယာရုပ္ပ ဝိညာဏ်တည်း။ ဤ၌ အာလမ္ဗဏတဗ္ဗ အာရုံ ခေါ်းမျိုးသာ လိုရင်းဖြစ်သည်။ အတိက္ကမိတဗ္ဗ အာရုံမှာ လိုရင်းအာရုံမဟုတ်၊ မကင်း စကောင်းသော အာရုံမျိုးဖြစ်၍ သရုပ်ထုတ် မပြသာပြီ။

ဤ ဈာန်စိတ် လေးပါး တို့သည် အာရုံကို ပြောင်းခြင်း ပွားများမှ အောက်အောက်ဈာန်ကို လွန်မြောက်ပြီး အထက်အထက်ဈာန်ကို ရနိုင်သော အာရမ္မဏောဘဒ စိတ်များတည်း။ စိတ်တစ်မျိုး တမျိုး၌ လိုရင်း ပဓာန ဖြစ်သော အာလမ္ဗဏတဗ္ဗ အာရုံ တမျိုးစီ ရှိသောကြောင့် စိတ် လေးမျိုးမှာ အာရုံ လေးမျိုး ခွဲခြားကို ပြဆိုလို၍ "အာရုံနှင့်ဟပ်၊ လေးစိမ့်တ်၍" ဟု ခေးစပ်ပြဆိုအပ်၏။ ထို အာရုံအားလျော်စွာ ဖြစ်လာသော စိတ်လေးပါးကိုပင် ကုသိုလ်,ဝိပါက်,ကြိုယာ သုံးရပ်ဖြင့် မြောက်ပွားအပ်သည် ရှိသော် (၄×၃ = ၁၂) အရူပစိတ်ပေါင်း တဆယ့်နှစ်ပါး ဖြစ်သတည်း။

အရူပါဝစရစိတ် (၁၂) ပြဆိုခန်းပြီး၏။

ရတနာဒီပံ- ၅

၆၃။ သောတာပတ္တိ၊မဂ်ယှဉ်ဘိ၊ မှတ်သိ မဂ်စိတ်တစ်။
၆၄။ သကဒါဂါမိ၊မဂ်ယှဉ်ဘိ၊ မှတ်ဆိ မဂ်စိတ်တစ်။
၆၅။ အနာဂါမိ၊ မဂ်ယှဉ်ဘိ၊ မှတ်သိ မဂ်စိတ်တစ်။
၆၆။ အရဟတ္တ၊ မဂ္ဂ ယှဉ်ရာ၊ တရားသာ၊ ပေါင်းရာ
မဂ်လေးဖြစ်။

ရူပစိတ်-၁၅, အရူပစိတ်-၁၂ = ပေါင်း ၂၇ ပါးသော စိတ်တို့သည် ကာမစိတ်တို့ထက် မြတ်သည်အဖြစ်သို့ ရောက်ကြသောကြောင့် မဟဂ္ဂုတ်စိတ် တို့ မည်ကုန်၏။ကာမစိတ်-၅၄,မဟဂ္ဂုတ်စိတ် ၂၇ = ပေါင်း(၈၁) ပါးသော စိတ်တို့သည် သတ္တလောက-စသော လောက သုံးပါးနှင့် ထင်ရှားသော စိတ်များဖြစ်ကြသောကြောင့် လောကီစိတ် တို့ မည်ကုန်၏။

လောကီစိတ်(၈၁)ပြဆိုခဏ်း ပြီး၏။

၆၃။၆၄။၆၅။၆၆။ လောကုတ္တရာစိတ် ၌ မဂ်စိတ်သည်

၁-သောတာပတ္တိ မဂ်စိတ် (၁)
၂-သကဒါဂါမိ မဂ်စိတ် (၁)
၃-အနာဂါမိ မဂ်စိတ် (၁)
၄-အရဟတ္တ မဂ်စိတ် (၁)

ဟူ၍ လေးပါး ရှိ၏။ ဤ စိတ် လေးပါးကို မဂ္ဂင်(၈)ပါး တို့နှင့် ထိုက်သလို ယှဉ်သောကြောင့် "မဂ်စိတ်"ဟု ခေါ်ရ၏။ မဂ္ဂင်(၈)ပါး ဟူသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ-တည်း။ မဂ္ဂင်(၈)ပါး-မဂ်တရားဌ "သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ"မဂ္ဂင် လေးပါး တို့ကား ပညာန္ဒြေ,ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ တို့ သာတည်း၊ ထို ၄န္ဒြေ တို့သည် သောတာပတ္တိမဂ် ခဏ၌ မထက်ကြ သေး။ အထက်မဂ်များရောက်မှ တပါးထက် တပ : သာ၍သာ၍ ထက်ကြသည်။

၆၇။ သောတာပတ္တိ၊ဖိုလ်ယှဉ်ဘို၊မှတ်သိ-ဖိုလ်စိတ်တစ်။
၆၈။ သကဒါဂါမိ၊ ဖိုလ်ယှဉ်ဘို၊ မှတ်သိ-ဖိုသ်စိတ်တစ်။
၆၉။ အနာဂါမိ၊ဖိုလ်ယှဉ်ဘိ၊ မှတ်သိ-ဖိုလ်စိတ်တစ်၊
၇၀။ အရဟာတ္တ၊ ဖလယှဉ်ရာ၊ တစုသာ၊ ပေါင်းရာ-
ဖိုလ်ထေးဖြစ်၊

ဤသို့ မဂ်ချင်း တူသော်လည်း ဇာန်ခြေထက်-မထက်အားဖြင့် မင်္ဂလေးမျိုး ပြားသောကြောင့် မဂ်စိတ်လည်း လေးမျိုးပြားရသည်။

ဂဂ်ါ,ယမုနာ-စသော မြစ်တို့၏ အယဉ်သည် သမုဒ္ဒရာဘွင်းသို့သာ စီးဆင်း-သက်ရောက်သကဲ့သို့၊ မဂ္ဂင် (၈)ပါး တည်းဟူသော အယဉ်သည်လည်း နိဗ္ဗာန် တည်းဟူသော မဟာသမုဒ္ဒရာ တွင်းသို့ သာလျှင် စီးဆင်း-သက်ရောက်လေသည်။ ဤသို့ မဂ္ဂင်(၈)ပါးသည် ပကတိ ရေအယဉ်နှင့် တူသောကြောင့် "သောတ" အမည်ရ၏။သောတ မည်သော မဂ္ဂင်(၈)ပါး တည်းဟူသော ရေယဉ်သို့ ရှေးဦးစွာရောက်သော ပုဂ္ဂိုလ်၏ မဂ်သည် သောတာပတ္တိမဂ် မည်၏။ ထို မဂ်နှင့် ယှဉ်သော စိတ်သည် "သောတာပတ္တိမဂ်စိတ်" မည်၏။

သကဒါဂါမ်ပုဂ္ဂိုလ်၏ဖြစ်ကြောင်းမဂ်,အနာဂါမ်ပုဂ္ဂိုလ်၏ဖြစ်ကြောင်းမဂ်, ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ကြောင်း မဂ်သည် သကဒါဂါမိမဂ်,အနာဂါမိမဂ်,အရဟတ္တမဂ်မည်၏။ ထိုထိုမဂ်နှင့်ယှဉ်သောစိတ်သည် "သကဒါဂါမိမဂ်စိတ်"စသည် မည်၏။

၆၇။၆၈။၆၉။၇၀။ ဖိုလ်စိတ်သည်လည်း....

၁-သောတာပတ္တိ ဖိုလ်စိတ် (၁)
၂-သကဒါဂါမိ ဖိုလ်စိတ် (၁)
၃-အနာဂါမိ ဖိုလ်စိတ် (၁)
၄-အရဟတ္တ ဖိုလ်စိတ် (၁)

ဟူ၍ လေးပါးပင်ရှိ၏။ ဤစိတ် လေးပါးကို မဂ်စိတ်အသီးသီး၏ အကျိုးစိတ်ဖြစ်သောကြောင့် "ဖိုလ်စိတ်" ဟု ခေါ်ရ၏။ ထိုတွင် အဋ္ဌကထာမဂ်သို့

၇၁။ မင်္ဂ,ဖိုလ်ဆယ်ပြား, ဒေးနှစ်ထီး, ရှစ်မည့်-လောကုတ်ဖြစ်။

၇၂။ မဂ္ဂလေးဘန်၊ ကုသလံဟု၊ ဖိုလ်လေးခုမှ၊ ဝိပါက်ဟူ၊ ခုတ်ယူလောကုတ်ဖြစ်။

ရှေးဦးစွာရောက်ခြင်းကြောင့် ရအပ်သောဖိုလ်သည် သောတာပတ္တိဖိုလ်မည်၏။ထိုဖိုလ်နှင့်ယှဉ်သောစိတ်သည်"သောတာပတ္တိဖိုလ်စိတ်"မည်၏။ သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, ရဟန္တာပဂ်ဉာဏ်၏ ဖိုလ်သည် သကဒါဂါမိဖိုလ်စသည် မည်၏။ ထိုထို ဖိုလ်နှင့်ယှဉ်သော စိတ်သည် "သကဒါဂါမိဖိုလ်စိတ်"စသည် မည်၏။

၇၁။ မဂ်စိတ်လေးပါးနှင့်ညီစွာ ဖိုလ်စိတ်လည်း လေးပါးရှိသောကြောင့် မဂ်စိတ်-၄ပါး, ဖိုလ်စိတ်-၄ပါးကိုပေါင်းသော် လောကုတ္တရာစိတ်သည် အကျဉ်းအားဖြင့် ရှစ်ပါးဖြစ်သတည်း။

၇၂။ ထိုတွင် မဂ်စိတ်-၄ပါးကား အကြောင်းကုသိုလ်စိတ်တည်း။ ဖိုလ်စိတ်-၄ပါးကား အကျိုးဝိပါက်စိတ်တည်း။ ထို့ကြောင့် ကုသိုလ်စိတ်-၄, ဝိပါက်စိတ်-၄ အားဖြင့်လည်း လောကုတ္တရာစိတ်(၈)ပါးဖြစ်သတည်း။ ။ဤလောကုတ္တရာကုသိုလ်သည် မိမိ၏အခြားမဲ့၌ တူသော အကျိုးကိုဖြစ်ခစေ၏။ မဟဂ္ဂုတ်ကုသိုလ်လည်း အနာဂတ်ကာလ၌ ရယ်မရှိခဲ့သော် အခြားမဲ့ဘဝ၌ တူသောအကျိုးဝိပါက်ကို ဖြစ်စေ၏။ ထို့ကြောင့် မဟဂ္ဂုတ်-လောကုတ္တရာဝိပါက်စိတ်များ၌ အကြောင်းကုသိုလ်ဒုံးလျော်စွာ အကျိုးဝိပါက်လည်း ၄ပါး, ၅ပါး-စီရှိကြကုန်၏။ ကာမကုသိုလ်ကား ဒဋ္ဌဓမ္မကျိုး, ဥပပဇ္ဇကျိုး, အပရာပရိယကျိုး-ဟူ၍ အကျိုးပေးရာ ကာလ အမျိုးမျိုး ရှိသောကြောင့် မဟာဝိပါက်တည်းဟူသော တူသော အကျိုး

၇၃။ အကု-ဆယ့်နှစ်၊ နှစ်ဆယ့်တစ်-ကျ၊ ဝိပါက်ရုရှိ၊ ဆတ္တိံသိ၊ ကရိ-နှစ်ဆယ်ဖြစ်၊

၇၄။ ကာမဇောပဉ်၊ ရွတ္တင်ဆယ့်ငါး၊ အရွကာဒး၊ မှတ်သားဆယ့်နှစ်-လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိသတည်း။

ဤကုသိုလ်စိတ်အကျဉ်း (၈) ပြဆိုခဏ်းငြိုး၏။

၇၃။ အောက်၌ပြခဲ့သော စိတ်အလုံးစုံကို ဇာတ်အထူးအပြားအားဖြင့် အကျဉ်းချုံး၍ပေါင်းရုံးရေတွက်ဆင်သည်ဖို့သော် ''အကုသလဆယ့်နှစ်'' အရ-အကုသိုလ်စိတ်-၁၂ပါး, ''နှစ်ဆယ့်တစ်-ကု'' အရ-ကုသိုလ်စိတ်-၂၁ပါး, ''ဝိပါက်စုရှိ၊ ဆတ္တိံသိ'' အရ--ဝိပါက်စိတ်-၃၆ ပါး, '' ကရိ-နှစ်ဆယ်ဖြစ် '' အရ- ကြိယာစိတ်-၂၀ = ပေါင်း (၈၉) ပါး ဖြစ်သတည်း။

၇၄။ ဘုံအထူးအပြားအားဖြင့် ရေတွက်ပြန်မူလည်း '' ကာမဇောပဉ်''အရ-ကာမစိတ်-၅၄ပါး, ''ရွတ္တင်ဆယ့်ငါး'' အရ-ရူပါဝစရစိတ် ၁၅-ပါး, '' အရွကာဒး-မှတ်သားဆယ့်နှစ် '' အရ- အရူပါဝစရစိတ်

၇၅၊ ဤမျှတွင်ဝယ်၊ တခုငယ်၊ ကိုးဆယ်စိတ်တို့ဖြစ်။
၇၆၊ တရာ့နှစ်ဆယ်၊တခုကယ်၊ အကျယ်ဝေဘန်ထွစ်။
၇၇၊ ပဈာန်ယှဉ်ရာ၊ ပဌမ၁၊ စျာနာသောမဂ်တစ်၊
၇၈၊ ဒု-စျာန်ယှဉ်ရာ၊ ဒုတိယ၁၊ စျာနာသောမဂ်တစ်၊
၇၉၊ တ-စျာန်ယှဉ်ရာ၊ တတိယ၁၊ စျာနာသောမဂ်တစ်။
၈၀၊ စ-စျာန်ယှဉ်ရာ၊ စတုတ္ထ၁၊ စျာနာသောမဂ်တစ်၊
၈၁၊ ပဉ္စ-စျာန်ယှဉ်ရာ၊ ပဉ္စမ၁၊ စျာနာသော မဂ်တစ်၊

၁၂-ပါး, "လောကုတ်-ရှစ်"အရ-လောကုတ္တရာစိတ်-၈ပါး = ပေါင်း (၈၉)ပါးပင် ဖြစ်သတည်း။

၇၅။ ဤသို့လျှင် ဇာတ်အထူးအပြား, ဘုံအထူးအပြား-စသည်တို့ဖြင့် စိတ်သရုပ်တို့ကို ပေါင်းရုံးခရတွက်လျှင် စိတ်အကျဉ်းဘခုယုတ်ကိုးဆယ် ဖြစ်သတည်း။

စိတ်တခုယုတ်ကိုးဆယ် ပြဆိုခြင်းပြီး၏။

၇၆။ စိတ်အကျဉ်း တခုယုတ်ကိုးဆယ်၌ လောကုတ္တရာစိတ် ၈-ပါး ကို စျာန်အကျယ် ပွားလျှင် စိတ်အကျယ် (၁၂၁)ပါး ဖြစ်ပွားလာသည်။ ဖြစ်ပွားပုံကား ဤသို့တည်း။

၇၇။၇၈။၇၉။၈၀။၈၁။ သောတာပတ္တိမဂ် စိတ်၌
၁-ပဌမစျာန် နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)
၂-ဒုတိယစျာန် နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)
၃-တတိယစျာန် နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)
၄-စတုတ္ထစျာန် နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)
၅-ပဉ္စမစျာန် နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)
အားဖြင့် မဂ်စိတ်-၅ပါး ဖြစ်လာသည်။ ။ဤမဂ်စိတ်-၅ပါးကို ဝေဒနာ အားဖြင့် ရူပါဝစရစျာန်စိတ်များ၌ကဲ့သို့ ပ,ဒု,တ,စ-မဂ်စိတ်လေးပါးကို

၈၂။ ဈာနဆက်ဂဝယ်၊ရူပနှယ်၊ မှတ်ဘွယ်နည်းတူဖြစ်။
၈၃။ ကြွင်းမဂ်–ဖိုလ်ငယ်၊ငါးစိချယ်၊ အကျယ်ဝေဘန်လွှစ်။

သောမနဿ သဟဂုတ်, ပဋ္ဌမဈာန် မဂ်စိတ်ကို ဥပေက္ခာသဟဂုတ်- ဟု မှတ်လေ။

မဂ် ရခါနီး ဖြစ်သော ယောဂိ၏ သန္တာန်၌ ဝုဋ္ဌာနဂါမိနီ မည်သော ဝိပဿနာဉာဏ် ဖြစ်၏။ ထို ဉာဏ်၏ သတ္တိအမျိုးမျိုးသို့ လိုက်၍ အချို့သောဂိုဏ် ပဌမဈာန် သောတာပတ္တိမဂ်, အချို့ယောဂိဂ်ို ဒုတိယဈာန် သောတာပတ္တိမဂ်- စသည် ဖြစ်လာသည်။ ပုဂ္ဂိုလ်တယောက်ထဲဉ်ို ဤ မဂ်-၅ မျိုးလုံး တပြိုင်နက်မဖြစ်နိုင်၊ တမျိုးမျိုးသာ ဖြစ်သည်။ ထိုသို့ ဝိပဿနာဉာဏ်စွမ်းသို့ လိုက်၍ ပုဂ္ဂိုလ်အမျိုးမျိုး၌ မဂ်စိတ်အမျိုးမျိုး ဖြစ်သင့်၍ ဤ၌ မဂ်စိတ်-၅မျိုး ဖြစ်ပွားလာပုံကို ပြဆိုရသည်။ ထို့ကြောင့် "မဂ်စိတ်သည် တကြိမ်သာဖြစ်၏။အကြိမ်ကြိမ်မဖြစ်" ဟူသော အောက်၌ ဆိုခဲ့သော စကားနှင့် ဤစကားအစည်တို့ ဘေချင်းချင်း မဆန့်ကျင်ဟု မှတ်အပ်၏။

၈၂။ ရူပါဝစရစိတ်၌ ဈာန်အင်္ဂါအထူးအပြားသို့လိုက်၍ ပဌမဈာန်စိတ်, ဒုတိယဈာန်စိတ်-စသည် ဖြစ်လာသကဲ့သို့ ဤ၌လည်း ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဋ္ဌတာ-တည်း ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွ ဖြစ်သော ပဌမဈာန် သောတာပတ္တိမဂ်စိတ်, ဝိစာရ, ပီတိ, သုခ, ကေဋ္ဌတာ-တည်း ဟူသော ဈာန်အင်္ဂါလေးပါး နှင့် တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်-စသောအားဖြင့် ဈာန်အင်္ဂါအထူးအပြားသို့လိုက်၍ သောတာပတ္တိမဂ်စိတ် ၅ပါး ပြားလာသည်။

၈၃။ သောတာပတ္တိမဂ်စိတ်၌ ဈာန်အင်္ဂါ အားနည်းလျှင်စွာ ငါးပါး ပြားသကဲ့သို့၊ ထို့အတူ, သကဒါဂါမိမဂ်စသော ကြွင်းသော မဂ်စိတ်များ၌ဖျင်း, ဖိုလ်စိတ်များ၌ဖျင်း ငါးပါးစီ, ငါးပါးစီ ပြားကုန်၏။

၈၄၊ တပါးတပါး၊ ငါးစျာန်ပွားလျှက်၊ မဂ်စိတ်-နှစ်ဆယ်.ဖိုလ်နှင်ဆယ်၊ လေးဆယ်-လောကုတ်ဖြစ်၊

၈၅၊ လောကုတ်, ရူဒိ၊ ငါးစိစျာန်ထုတ်၊ အာရုပ္ပမှာ၊ ပဋိမာ၊ အင်္ဂါတူလစ်-ပဥ္စစျာန်ဖြစ်၊

၈၆၊ တဝိ-ပဥ္စစျာန်၊ ဥဝေမှန်၊ ကြွင်းစျာန်-သောဝေဖြစ်၊

၈၄။ ဤသို့ မဂ်စိတ် ဓာပါး တပါးမှာ စျာန်ငါးပါး အားလျော်စွာ ငါပါးစီ, ငါးပါးစီ ပြားသောကြောင့် (၄×၅ = ၂၀) မဂ်စိတ်ပေ ငါးနှစ်ဆယ်ရှိ၏။ ဖိုလ်စိတ်ဌိလည်း တပါးတပါးမှာ စျာန်ငါးပါးအားလျော်စွာ ငါပါးစီ,ငါးပါးစီ ပြားသောကြောင့် (၄×၅ = ၂၀) ဖိုလ်စိတ် ပေါင်း နှစ်ဆယ် ရှိ၏။ မဂ်စိတ်-၂၀, ဖိုလ်စိတ်-၂၀ ကို ပေါင်းလျှင် (၂၀ + ၂၀ = ၄၀) လောကုတ္တရာ စိတ်အကျယ် လေးဆယ် ဖြစ်သတည်း။

၈၅။ ရူပါဝစရစိတ်ကို စျာန်ငါးပါးဌ သွင်းယူအပ်သကဲ့သို့ လောကုတ္တရာစိတ်ကိုလည်း ပြုခဲ့သည့်အတိုင်း စျာန်ငါးပါးဌသွင်းယူအင်္ဂသောကြောင့် လောကီစျာန်, လောကုတ္တရာစျာန်နှစ်ရင်ပေါင်းဌ ပဌမစျာန်စိတ်-၁၁, ဒုတိယစျာန်စိတ်-၁၁, တတိယစျာန်စိတ်-၁၁, စတုတ္ထစျာန်စိတ်-၁၁-စီရှိ၏။ အရူပါဝစရစိတ်ကိုကား ရူပါဝစရပဋိမစျာန်စိတ်နှင့် ဥပေက္ခာ,ကေဂ္ဂတာ-ဟူသောစျာန်အင်္ဂတူသောကြောင့် ပဋိမစျာန်စိတ် အဖြစ်ဖြင့် ယူအပ်၏။

၈၆။ ရူပါဝစရစိတ်ဌ ပဋိမစျာန်စိတ်-၃, အရူပါဝစရစိတ်ဌ-၁၂, လောကုတ္တရာစိတ်ဌ-၈ = ပေါင်းပဋိမစျာန်စိတ် (၂၃) ရှိ၏။ ဥပေက္ခာဝေဒနာနှင့် ယှဉ်ဖြစ်၍ ကြွင်းသောစျာန်စိတ် (၄၄) တို့သည် သောမနဿဝေဒနာနှင့်ချည်း ယှဉ်၍ ဖြစ်ကြသည်။

၈၇။ သုံးဆယ့်ခွန်-ကျ၊ဝိပါက်ဈ၊ ပွား၊မှု-ငါးဆယ့်နှစ်။
၈၈။ သော-ခြောက်ဆယ့်နှစ်၊ ဥ-ဖြစ်ဗျဉ်းပဥ်၊ ဒေါ ဒွေးယှဉ်၊ ဇ လျှင်ဒု,သုဖြစ်။
၈၉။ တရုဉ်နှစ်ဆယ်၊ တခုကယ်၊ စိတ်အကျယ်တို့ဖြစ်။

၊၈၇။ စိတ်အကျဉ်း တခုယုတ်ကိုးဆယ်၌ စိတ်ဘို့ကို ဇာတ်အထူးအပြား, ဘုံအထူးအပြားဘို့ဖြင့် ရေတွက်ပြဆိုသကဲ့သို့။ ထို့အတူ စိတ်အကျယ် (၁၂၁)ပါး၌လည်း စိတ်တို့ကို ဇာတ်အထူးအပြား စသည်တို့ဖြင့် ရေတွက်ပြဆိုအင်ပြန်သည်ဖြစ်၍ အမြွက်မှု ရေတွက်ပြဆိုပေအံ့-

ဇာတ်အထူးအပြားဖြင့်- ကာမကုသိုလ်-၈, ရူပကုသိုလ်-၅, အရူပကုသိုလ်-၄, လောကုတ္တရာမဂ်ကုသိုလ်- ၂၀ = ပေါင်း ကုသိုလ်စိတ်အကျယ်(၃၇)ရှိ၏။ ထိုမှတပါး ကာမဝိပါက်-၂၃, ရူပဝိပါက်-၅, အရူပဝိပါက်-၄, လောကုတ္တရာဖိုလ်ဝိပါက်- ၂၀ = ပေါင်း ဝိပါက်စိတ်အကျယ်(၅၂)ရှိ၏။ အကုသိုလ်စိတ်နှင့် ကြိယာစိတ်ကား စိတ်အကျဉ်းနှင့်မထူးပြီ။ သို့ဖြစ်၍ အကုသိုလ်စိတ်-၁၂, ကုသိုလ်စိတ်-၃၇, ဝိပါက်စိတ် ၅၂, ကြိယာစိတ်- ၂၀ တို့ကိုပေါင်းလျှင် (၁၂ + ၃၇+၅၂+၂၀ = ၁၂၁)စိတ်အကျယ် တရုဉ်နှစ်ဆယ့်တပါး ဖြစ်သည်။

၈၈။၈၉။ ဝေဒနာအပြားအားဖြင့်လည်း " သောခြောက်ဆယ့်နှစ် "အရ-သောမနဿဝေဒနာ (၆၂)ပါး, "ဥဖြစ်ဗျဉ်းပဥ်" အရ-ဥပေက္ခာဝေဒနာ(၅၅)ပါး, ဒေါ-ဒွေးယှဉ်"အရ-ဒေါမနဿ ဝေဒနာ(၂)ပါး, "လျှင်-ဒု,သုဖြစ်"အရ- ဒုက္ခဝေဒနာ(၁)ပါး သုခဝေဒနာ(၁)ပါး = ပေါင်းစိတ်အကျယ(၁၂၁)ပါးပင် ဖြစ်သတည်း။ ဤနည်းဖြင့် သမ္မယုတ်အပြား, ဝိပ္ပယုတ်အပြား, အသင်္ခါရိကအပြား, သသင်္ခါရိကအပြား-စသည်တို့ဖြင့် မှတ်၍နွဲလေ။

စိတ်အကျယ်(၁၂၁)ပါး ပြဆိုခဏ်းငြိုးဒ်။

၉၀။ ဒွေးနဂုတိ၊ သံပေါက်စိ၍၊ အဆိန့်စ်ထုတ်၊ စ်တ်သရုပ်၊ ကျဉ်းချုပ်ဝေဘန်လှစ်။

၉၁။ စိတ်သရုပ်ဝယ်၊ ဘတ်ရွတ်လွယ်၍၊ ကျက်လွယ်, ဆောင်လွယ်၊တတ်ဆိုလွယ်၊လွယ်လွယ်ကျိုးဖြစ်၊ ဆားထုတ်သစ်။

၉၂။ စိတ်ဂိုင်းအလွယ်၊ သံပေါက်ချယ်၊ ဤဝယ်အပြီး ဖြစ်။

စိတ်ဂိုင်းသံပေါက်ပြီး၏

—

၉၀။၉၁။၉၂။ ဤကဗျာလင်္ကာတို့၏ အဓိပ္ပါယ်တို့ကား မူလစာကိုယ်လင်္ကာများဖြင့်ပင်လျှင် ပေါ်လွင်ထင်ရှားနေကြပြီဖြစ်၍ ဂန္ထဂရု မဖြစ်စေခြင်းငှါ ဖွင့်ဆိုရေးသားခြင်း မပြုပြီ။ ဤနည်းတူစွာ အထက် အထက် လင်္ကာများ၌လည်း အဓိပ္ပါယ်ပေါ်လွင်ထင်ရှားသော လင်္ကာများကို ဖွင့်ဆိုရေးသားခြင်း မပြုတော့ဘဲ မူလစာကိုယ် လင်္ကာများကိုသာလျှင် နံပါတ်စဉ်အတိုင်း ထည့်သွင်း ပြဆိုမည်ဖြစ်၍ သတိပြု-ကြည့်ရှုလေ့လာနိုင်ကြပါစေသတည်း။ ။

စိတ်ဂိုင်း ပြီး၏။

စေတသိက်ဝိုင်း

၁။ ဖြစ်, ချုပ်, အာ, မှိ၊ တူလေးလိုကြွေ့က်၊ စိတ်၌ မှီယှဉ်၊ စိတ်ကိုဆင်၊ ဖွဲ့ပုံ-စေသိကာ၊

၁။ ၁။ ကေ့ပွါဒ–စိတ်နှင့်အတူဖြစ်ခြင်း
၂။ ဧကနိရောဓ-စိတ်နှင့်အတူချုပ်ခြင်း
၃။ ကာလမ္မဏ-စိတ်နှင့်အာရုံတူခြင်း
၄။ ကေဝတ္ထုက-စိတ်နှင့်တူသော မှီရာရှိခြင်း

၍ အင်္ဂါလက္ခဏာ လေးပါးတို့နှင့် အညီအညွတ် အပြားအားဖြင့် ယှဉ်သော (၅၂)ပါးသော တရားအပေါင်းသည် စေတသိက် မည်၏။ ၍ အင်္ဂါလက္ခဏာလေးပါးကိုပင် သမ္မယုတ္တ လက္ခဏာ ဟူ၍ဆိုး, စေတောယုတ္တ လက္ခဏာ ဟူ၍ဆိုး ခေါ်ရလေသည်။ ထိုသို့ စိတ်နှင့်အတူ ဖြစ်ခြင်းစသော လက္ခဏာ လေးပါးရှိသည်၏ အဖြစ်ကို ပြဆိုလိုလျှင် "ဖြစ်, ချုပ်, အာ, မှိ၊ တူလေးလိုကြွေ့က်" ဟူ၍ ရေးစင်တော်မူပြီးလျှင်–

၍ (၅၂)ပါးသော တရားတို့သည် မိမိတို့အလိုအလျောက် ဖြစ်ပေါ်လာနိုင်ကြသည်မဟုတ်၊ စိတ်၌မှီယှဉ်-စိတ်တွင် တွဲကပ်၍ ဖြစ်ပေါ်လာကြရသောကြောင့် "စေတသိက်" ဟူသော် အမည်ကို ရကုန်လုက်ယှဉ်ဘက်စိတ်ကိုလည်း ၍ကား ကဏ္ဍဓမ္မ- အကုသိုလ် တရားတည်း။ ၍ကား သုဏ္ဏဓမ္မ-ကုသိုလ်တရားဘည်း- ၍သို့စသည်ဖြင့် အများမျိုးမျိုး အစားစားဖြစ်အောင် ပြုပြင်ဆင်ယင် ပေးတတ်ကြသော သဘောသတ္တိ ရှိကြပေသည်။ ထို့ကြောင့် "စိတ်၌မှီယှဉ်၊ စိတ်ကိုဆင်" ဟူ၍ ရေးဖွဲ့ တော်မူပြန်သည်။

၂။ ဖဿ,ဝေ,သညီ,စေ,ဇေ,ဇိ,မနဉ္စိသတ္တာ၊ သဒ္ဓသာဒေဏာ။

၃။ တ္ထေဆိ, ခံစား,မှတ်သား, ဆောင်ပြ,တည်မှ,စောင့်ခြင်း,နှလုံးသွင်း,မှတ်လျှင်း-လက္ခဏာ။

—

၂။ ဖဿ, ဝေဒနာ, သညာ,စေတနာ, ကေဠတာ, ဇိဝိတိန္ဒြေ, မနသိကာရ = ဤစေတသိက်- ၇ပါးတို့သည် အလုံးစုံသော စိတ်တို့နှင့် ယှဉ်ကြသောကြောင့် "သဗ္ဗစိတ္တသာဓာရဏာ"စေတသိက်တို့ မည်ကုန်၏။ထိုတွင်-

၃။ ဖဿစေတသိက်သည် အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။ ။ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏-ဟု ဆိုသော်လည်း ဖဿသည် နာမ်တရားဖြစ်၍ အာရုံကို တွေ့ထိရာ၌ ရုပ်တရားကဲ့သို့ အာရုံနှင့် ထိခိုက်ခြင်း သပ္ပဋိဃသဘော အလျဉ်းမရှိ၊ အပ္ပဋိဃ သဘောသာ ရှိသောကြောင့် "ချဉ်သီးစားသူကိုမြင်လျှင် မြင်သူတိုင်းမှာ လျှာရည်ယိုခြင်း, တံထွေးယိုစီးခြင်း ဖြစ်လာသကဲ့သို့ အာရုံ၏ အရသာအားလျော်စွာ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကိုသာလျှင် "အာရုံကို တွေ့ထိခြင်း"ဟု ဆိုဆုံးပေသည်။

ဝေဒနာစေတသိက်သည်-အာရုံ၏ အရသာကို ခံစားခြင်းလက္ခဏာရှိ၏။ ။ဝေဒနာသည် ကောင်း,မကောင်း အာရုံကို ခံစားရာ၌ ပိုင်ပိုင်နိုင်နိုင် ခံစားနိုင်၏။ ကြင်းသော သမ္မယုတ် စေတသိက်များကား မိမိတို့၏ ကိစ္စလက္ခဏာ အသီးသီးဘို့၌ ကြောင့်ကျ-ဗျာပါရ ပြုကြရသောကြောင့် ဝေဒနာကဲ့သို့ လုံးလုံးလျားလျား အာရုံ၏အရသာကို ခံစားနိုင်ခွင့်မရှိကြဘဲ တစိတ်တဒေသမျှလောက်သာ ခံစားနိုင်ခွင့် ရှိကုန်၏။ ဘုရင်မင်းမြတ်၏ ငဲ့တော်ဆက်-စားတော်ကဲသည် ထမင်း-ဟင်းလျာ-စသည်တို့၌ အဆိပ်အတောက် ပါ,မပါ ရှေးဦးစွာ မြီးစင်းစားသောက်ကြည့်ပြီးနောက်

ဒေါသဆိပ်အတောက် မပါသည်ကို သိမှ ဘုရင်မင်းမြတ်က အလိုရှိတိုင်း ပွဲတော်တည်သကဲ့သို့တည်း၊ (စားတော်ကဲနှင့် ဖဿ-စသော သမ္မယုတ်တရား,ဘုရင်မင်းမြတ်နှင့် ဝေဒနာစေတသိက် တူကြသည်ကို ဥပမောဟာ၍ မှတ်ပါ။)

သညာစေတသိက်သည် အာရုံ၏သဘောကို မှတ်ခြင်းလက္ခဏာရှိ၏။။ သညာသည် တစုံတရာသော ဝတ္ထု၊ခြင်္ကမျိုးဌ အညို, ဒေါသ-စသော အဆင်းကိုဂင်း, အရှည်, အတို – စသော သဏ္ဌာန်ကိုဂင်း, အဝါ, အချဉ်-စသော အရသာကိုဂင်း နောက်နောင်တဖန် သိရှိရန် မှတ်သားထားခြင်း သဘော, ထိုအမှတ်အသားအတိုင်းပင် ထပ်မံ သိရှိခြင်း သဘောရှိ၏။ အမှား:ကိုလည်း မှတ်တတ်၏။ အမှန်ကိုလည်း မှတ်တတ်၏။ မှား:မှား:ယွင်း ယွင်း မှတ်သား:ခြင်း – မိစ္ဆာသညာ ဖြစ်မူကား: ဘုရား:ဒေဆူဆူ၍တ်၍ပင် မကျွတ်လွတ်နိုင်အောင် မှတ်တတ်၏။ လက်သမား: – ဗိသုကာဆရာသည် အိမ်၏တံခါး:ရွက် – စသည်တို့ကို ပြုလုပ်ပြီး:စီး:သောအခါ ဤတံခါ:ရွက်ကား: အရှေ့ဘို့ ဤကား: အနောက်ဘို့ ဤကား: တောင်ဘို့ ဤကား:မြောက်ဘို့-ဟု ခဲဖြင့် မှတ်သား:ထား:ပြီး:လျှင် တပ်ဆင်သောအခါ မှတ်သား:ထား:တိုင်း လွဲမမှား:အောင် အရှေ့, အနောက်, တောင်, မြောက်နေရာတို့၌ ဟပ်ဆင်နိုင်သကဲ့သို့ သညာ၏ မှတ်ခြင်းသဘောကို သိအပ်၏။

စေတနာစေတသိက်သည် အာရုံ၌ သမ္မယုတ်တရားတို့ကို စေ့ဆော်ခြင်းလက္ခဏာရှိ၏။ ။စစ်သူကြီးသည် မိမိကိုယ်တိုင်လည်း တပါးရန်သူ ဟူသမျှကို တွန်းလှန်တိုက်နိုက်၍ လက်အောက်စစ်သား:တို့ကိုလည်း တိုက်ခိုက်စေသကဲ့သို့၊ စေတနာစေတသိက်သည် မိမိနှင့် ယှဉ်ဘက်သမ္မယုတ်တရား:တို့ကို အာရုံကိစ္စဟူသမျှ၌ ကိုယ့်အစွမ်းသတ္တိရှိသလောက် ညှိညှိ ညှတ်ညှတ် ဆောင်ရွက်ကြစေရန် တိုက်တွန်းစေ့ဆော်ခြင်း သဘောရှိ၏။

ဧကဂ္ဂတာ စေတသိက် သည် တခုတည်း:သော အာရုံ၌ တည်ကြည်ခြင်း,မပျံ့လွင့်ခြင်း- လက္ခဏာရှိ၏။ ၊ခေတ္တခဏလောက် ဖြစ်စေကာမူ အမျိုးမျိုး အဖုံဖုံ ပြောင်းလွဲယုံမှား:မှုမရှိဘဲ တခုတည်း:သော အာရုံ၌သာလျှင် ရှုးစိုက်စွာ တည်တန့်နိုင်မြဲနေခြင်း:မှာ ဧကဂ္ဂတာ ခေါ်

သမာဓိ၏ အရိုန်အဟေဝ် အာနုဘော်ကြောင့်ပင်တည်း။ ထို ကောဂတာခေါ် သမာဓိစေတသိက်သည် အာရုံ၌ ယုံမှားခြင်း ဝိစိကိစ္ဆာနှင့် ပျံ့လွင့် ချောက်ချားခြင်း ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ပေ ပြုမရာအရပ်၌ ထွန်းညှိထားသော မီးတောက်-မီးလျှံသည် ထိမှ ဤမှ လှုပ်ရှား ရွေ့,လျားခြင်းမရှိဘဲ တည်ငြိမ်နေဘိသကဲ့သို့၊ ကောဂတာ၏ တည်ငြိမခြင်း သဘောကို မှတ်အပ်၏။

ဧဝံတိဇ္ဇေ စေတသိက် သည် တကွဖြစ်သော ရုပ်-နာမ်တရားတို့ကို စောင့်ခြင်း- အစိုးရခြင်း လက္ခဏာရှိ၏။ ။ဧဝံတိဇ္ဇေသည် တကွဖြစ်ဘက် သမ္မယုတ်တရားတို့ကို အသက်ရှည်ကြာအောင် စောင့်ရှောက်ပေးခြင်း သဘောလည်းရှိ၏။ ထိုသမ္မယုတ် တရားတို့ကို လွှမ်းမိုး အစိုးရခြင်း သဘောလည်းရှိ၏။ ကြာကို အစဉ်စောင့်ရှောက် ပေးတတ်သော ရေနှင့်လည်း တူ၏။ သူတပါးကို ကမ်းတဘက်သို့ ပို့ဆောင် ပေးတတ်သော ကူးတို့သမားနှင့်လည်း တူ၏။

မနသိကာရ စေတသိက် သည် အာရုံ၌ နှလုံးသွင်းခြင်း-လက္ခဏာရှိ၏။ ။စိတ်ကို အာရုံသို့ ရောက်အောင် ပို့ဆောင်ပြပြင်ပေးခြင်း,အာရုံကိုလည်း စိတ်သို့ရောက်အောင် ပို့ဆောင်ပြုပြင် ပေးခြင်းကား မနသိကာရ၏ အစွမ်းသတ္တိပင်တည်း။ ရထားထိန်းသည် အာဇာနည်မြင်းကဲသော ရထားကို ဖြောင့်ဖြောင့်တန်းတန်း လိုရာစခန်းသို့ ရောက်အောင် ပို့ဆောင်မောင်းနှင်ပေ သကဲ့သို့၊ ဤမနသိကာရ စေတသိက် သည်လည်း ယှဉ်ဘက်သမ္မယုတ် တရားတို့ကို ဖြောင့်ဖြောင့်တန်းတန်း လိုရာအာရုံစခန်းသို့ ရောက်အောင် ပို့ဆောင်ပြုပြင်ပေးခြင်းဖြင့် မိမိလည်းအာရုံကို နှလုံးသွင်းခြင်း, သမ္မယုတ်တရားတို့ကိုလည်း အာရုံ၌ နှလုံးသွင်းစေခြင်း သဘောရှိ၏။

သဒ္ဓစိတ္တ သာဓာရဏ စေတသိက်(၇)ပြီ၏

၄။ တက်,စာ,ဓိ,ဝိ၊ ဒိ,ဆန်-မည်၊ ခြောက်လိပက်ိတ်း သာ။

၅၊ တင်ဆောင်,သုံးသပ်၊ ဆုံးဖြတ်ဆား:ဝိုက်၊ နှစ်ခြိုက် လိုခြို၊ ဒာစဉ်သိ၊ မှတ်ဘိလက္ခဏာ၊

၆။ ဝိတက်,ဝိစာရ,အဓိမောက္ခ,ဝီရိယ,ပီတိ,ဆန္ဒ = ဤစေတသိက် ၆-ပါးတို့သည် စိတ်ဘိုင်း–စိတ်တိုင်းနှင့် မယှဉ်ကြ၊ အချို့အချို့ စိတ်တို့နှင့် ပြိုးပြမ်းယှဉ်ကြသောကြောင့် **"ပကိဏ်းစေတသိက်"** မည်ကုန်၏။

၅။ ထိုဘွင် **ဝိတက်စေတသိက်**သည် သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်းလက္ခဏာရှိ၏။ ။အာရုံတခုမှအာရုံတခုသို့ရောံအောင် မိမိလည်းတက်ရောက်၍ သမ္မယုတ်တရားများကိုလည်း တက်ရောက်နိုင်အောင် တင်ဆောင်ပေးခြင်းကား ဝိတက်၏ သဘောပင်တည်း။ မင်းနှင့် အကျွန်းဝင်သော မင်းမှုထမ်းကို အကြောင်းပြု၍ ဇနပုဒ်တောဟွင်း သားလည်း ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားနိုင်သကဲ့သို့၊ ဝိတက်၏ သဘောကို မှတ်အပ်၏။

ဝိစာရစေတသိက်သည် အာရုံ၌ သမ္မယုတ်တရား:တို့ကို သုံးသပ်စေခြင်း–လက္ခဏာရှိ၏။ ။ဝိတက်တင်ပေသော အာရုံသို့ ရောက်နေသော အခါ ထိုအာရုံက မခွါဘဲ အဘန်တလဲလဲ ဆင်ခြင်သုံးသပ်သော အခြင်းအရာဖြင့်ဖြစ်ခြင်းသည် ဝိစာရ၏သဘောပင်တည်း။ ထိုဝိစာရသည် မိမိနှင့် အတူ သမ္မယုတ်တရာ.တို့ကို အာရုံ၌ ထပ်တလဲလဲ ယှဉ်စေခြင်းကိစ္စရှိ၍ အာရုံကို ယူဝိလျှင် အလွတ်မပေးဘဲ အမြဲမပြတ် ဖွဲ့စပ်ထား:တတ်၏။ ဝိတက်သည် ရုံ့ရင်းကြမ်းတန်း၏။ ရှေ့ဆောင်,ရှေ့သွား ညှိုးဖြစ်သောကြောင့် ပဌမတီး:ခတ်အပ်သော ခေါင်းလောင်းသံနှင့် တူ၏။ ဝိစာရသည် နှုးညံ့သိမ်မွေ့၏။ ဝိတက်၏နောက်ပိုက်ဖြင်သောကြောင့် အဆင့်ဆင့် တီး:ခတ်မြည်ဟည်းသော ခေါင်းလောင်းသံနှင့်တူ၏။

အဓိမောက္ခစေတသိက်သည် အာရုံကို ဆုံးဖြတ်ခြင်း-လက္ခဏာရှိ၏။ ။**အဓိ**မောက္ခစေတသိက်သည် ယူငြိုးအာရုံ၌ တည်တန့်ခိုင်ခန့်ခြင်းရှိရကား မြွှေတံခါး၏ အနိုးအပါး၌ စိုက်ထောင်ထားအံ့သော တံခါးတိုင်ကဲ့သို့၊ အမှန်တရား၌ဖြစ်စေ, အမှားတရား၌ဖြစ်စေ မိမိသက်ဝင်ယုံကြည်မိလျှင် မတွန့်မဆုတ်ဘဲ စွဲစွဲမြဲမြဲ ယုံကြည်ဆုံးဖြတ်တတ်သော သဘောလက္ခဏာရှိ၏။

ဝီရိယစေတသိက် သည် သမ္မယုတ်တရားတို့ကို လုလွှစိုက်ခြင်း, ထောက်ပံ့ ခိုင်စေခြင်း- လက္ခဏာရှိ၏။ ။သမ္မယုတ် တရားတို့သည် ဒုမိတို့၏ ကိစ္စလက္ခဏာများ၌ ကြိုးစားအားထုတ် ပြုလုပ်ကြရန် ကြောင့် ကျစိုက်ခြင်း, အထောက်အပံ့ ပေးခြင်းကား ဝီရိယ၏ သဘာဝ လက္ခဏာတည်း။ ယိုင်လဲ-ပြိုကွဲခါနီးနီး ရှိနေသည့် ကျောင်းအို, အိမ်အို များကို မပြိုမလဲအောင် ထောက်ကန်ထားအံ့သော ကျားထောက်, ကျားကန်ကဲ့သို့ သမ္မယုတ်တရားတို့ ထိုထိုကိစ္စ၌ ရော့ရဲရဲ ဖြစ်မသွားအောင် ဝီရိယက ဝင်ရောက်ထောက်ကန်ပေး၏။

ပီတိစေတသိက် သည် အာရုံကို နှစ်သက်ခြင်း- လက္ခဏာရှိ၏။ ။ မည်သည့်အာရုံ၌မဆို နှစ်သက်ရွှင်လန်း ဝမ်းပမ်းတသာ ဖြစ်သာမှုမှာ ပီတိ၏ အမှုအရာ ပီတိ၏ လက္ခဏာမကြောင့်သာတည်း၊ ထိုပီတိနှင့် ပြည့်စုံနေသူ ဖြစ်လျှင် ကောင်းစွာပွင့်လန်းသော ပဒုမ္မာ ကြာပန်းကဲ့သို့ ၎င်း, တိမ်တိုက်ကင်းသော လပြည့်ဝန်းကြီးကဲ့သို့ ၎င်း တင့်တယ် ရွှင်လန်း အာရမ်းနှစ်မြို့သော ကိုယ်-စိတ် ရှိ၏။

ဆန္ဒစေတသိက်သည် ပြုလုပ်လိုကာမျှ လက္ခဏာရှိ၏။ ။တဏှာ-လောဘ၏ စွဲစွဲလမ်းလမ်း လိုလားနေပုံမျိုးမဟုတ်ဘဲ အလိုရှိနေသော အာရုံကို ရော်ရှမ်း-မှန်းဆ၍ ရလိုမှု, ဖြစ်လိုမှု, သဘောမျိုးမျှသည် ဆန္ဒ၏ သဘာဝ-လက္ခဏာပင်တည်း။ ယင်းဆန္ဒသည် ပကတိအားဖြင့် တဏှာ-လောဘလောက် လိုချင်မှုအားမကြီး၊ အားနည်းသော တရားဖြစ်သည်။ လောဘနှယ်ဖျ အာရုံ၌ လောဘအားကောင်းသောကြောင့် ဆန္ဒသဘော

၆၊ ဆိုး, ကောင်းနှင့်မူယည်ရာတူကြ၊ ဤတေရ၊ အညသမာနာ၊

—

တိန်ပြုပြောက်ကွယ်နေ၏။ လောဘနှယ်အာရုံဖြစ်သော်လည်း မရမဒနနိုင်အောင် မဟုတ်ဘဲ မရသေးလျှင် ရလိုခြင်း, ရပြီးက စောင့်ရှောက်ထားလိုခြင်းမျှသည် ဆန္ဒ၏သဘာဝ-လက္ခဏာပင်တည်း။ ။

ပကိဏ်းစေတသိက်(၆)ပြီး၏။

၆။ သဘာဝလက္ခဏာတို့နှင့်တကွ ရောက်ပြဆိုအင်ကုန်ငြိုးသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်-၇ပါး, ပကိဏ်းစေတသိက်-၆ ပါး = ဤစေတသိက်(၁၃)ပါးတို့သည် မကောင်းညစ်ညမ်း ဆိုးဉာဏ်းသော အကုသိုလ်တရားမျိုးနှင့်လည်း ယှဉ်နိုင်ကြ၍ ကောင်းပြတ်သန့်ရှင်းသော ကုသိုလ်တရားမျိုးနှင့်လည်း ယှဉ်နိုင်ကြသောကြောင့် "အညသမာန = ဏအညသမာန်း" စေတသိက် မည်ကုန်၏။

ထင်ရှားဒေစအုံ-မောဟ-ဧသော် စေတသိက်တို့သည် အကုသိုလ်သဘောရှိကြ၍ "အသောဘဏာ" မည်ကုန်၏။သဒ္ဓါ-စသော စေတသိက်တို့သည် ကုသိုလ်သဘောရှိကြ၍ "သောဘဏာ" မည်ကုန်၏ သောဘဏာတရားက ထောက်လှုံ အသောဘဏာတရားက ထောက်လှုံ သောဘဏာတရားသည် အညမည်၏။ ထိုတရားချင်းချင်း သဘောမတူကြ၍ မလိုက်လျောနိုင်ကြ-မညီမျှနိုင်ကြ။ ဤစေတသိက်(၁၃)ပါးတို့ကား အပြန်အလှန် အညအဓိကရသော သောဘဏာတရား, အသောဘဏာတရား တပါးပါးနှင့်လည်း လိုက်လျောညီမျှ ယှဉ်နိုင်ကြသောကြောင့် "အညသမာန်း" မည်ကုန်၏။

အညသမာန်း စေတသိက်(၁၃)ပြီး၏။

၇။ မော, ဟိ, နော်တ်, ဥဒ္ဓ၊ စတုသဗ္ဗံ၊ လော, ဒ်ဋ္ဌ, မာန်၊ သုံးတန်-လောကိကာ၊

၈။ မိုက်မဲ, မရှက်၊ မငြောက်ချက်နှင့်၊ ပျံ့လွင့်, ကင်ငြိ၊ အသိဖေါက်ပြန်၊ မာနထန်၊ မှတ်ရန် လက္ခဏာ၊

၇။၈။ မောဟ, အဟိရိက, ဒေနောတ္တပ္ပ, ဥဒ္ဓစ္ဆ-ဟူသော စေတသိက် ၄ ပါး။ လောဘ, ဒိဋ္ဌိ, မာန-ဟူသော စေတသိက် ၃-ပါး = ဤစေတသိက် (၇)ပါးဘို့တွင်-

မောဟစေတသိက်သည် မိုက်မဲခြင်း, ဖုံးလွှမ်းခြင်း-လက္ခဏာရှိ၏။ ။မောဟတရားဝင်လာလျှင် ပညာရှင်တယောက်ဖြစ်စေကာမူ ဒုစရိုက်မှုကို ပြုမှု ဒီတာ်၏။ ပင်ကိုယ်အသိဉာဏ်ကို မှောက်မှားစေခြင်းနှောင့်ယှက်ဖုံးလွှမ်းဘတ်၏။ မောဟတရားသည် ကောင်းမှုဒုစရိုက်ပေါက်ပေါက်ရောက်ရိုအောင် ကြိုစည်နိုင်သော အစွမ်းသတ္တိ ရှိ၏။ ကောင်းသောအရာ၌ ဉာဏ်တရားသည် အမှန်သဘောကိုသိမြင်သကဲ့သို့။ မကောင်းသောအရာ၌ မောဟတရားသည်လည်း အမှားသဘောကို သိမြင်တတ်သည်။ ထို့ကြောင့် ဤမောဟတရားကို "မိဇ္ဇာဉာဏ်" ဟု ဟောကြာ်မူထားအပ်သည်။

အဟိရိကစေတသိက်သည် ကာယဒုစရိုက်-စသည်မှ မရှက်ခြင်း-လက္ခဏာရှိ၏။ ။မကောင်းမှုဒုစရိုက်ကိုပြုလုပ်ရန်အခွင့်ကြုံလာလျှင် ရှက်ကြောက် တွန့်ဆုတ်ခြင်းကင်းလွတ် ရဲဝံ့သည် မစင်ကြယ်ကို မစက်ဆုတ် မရွံရှာဘဲ မစင်ကြယ်ထဲ၌ လူးလှိမ့်စားသောက်ကာ လွန်စွာပျော်မွေ့ဘိသကဲ့သို့၊ ကောင်းမှု ဒုစရိုက်၌ မရှက်ခြင်း, မတွန့်ဆုတ်ခြင်းသည် အဟိရိက၏ သဘော-လက္ခဏာပင်တည်း။

အနောတ္တပ္ပစေတသိက် သည် ကာယဒုစရိုက် စသည်မှ မခေကြောက်ခြင်းလက္ခဏာရှိ၏။ ။ငေကာင်းမှု ဒုစရိုက်ကို ပြုလုပ်ရန် အခွင့်ကြုံလျှင် ကြောက်ရွံ့ ထိတ်လန့်ခြင်း အလျှင်းမရှိဘဲ ဦးဒရန်ကောင်သည် မီးဘေဝက်, မီးလျှံကို ရွေးတောင်ထင်မှတ်၍ ထိုမျှမှ ပျံသန်းဘိုးခဝှံ့ ဘိသကဲ့သို့၊ ကြောက်ရွံ့-ထိတ်လန့်ဘွယ် မခေကောင်းမှု ဒုစရိုက်၌ မကြောက်ခြင်း မထိတ်ခြင်းသည် ဒုနောတ္တပ္ပ၏ သဘော-လက္ခဏာပင်တည်း။

ဥဒ္ဓစ္စစေတသိက် သည် စိတ်၏မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း-လက္ခဏာရှိ၏။ ။တံခွန်တိုင်ထိပ်ဖျားဌ၌ ဆွဲထားဒုံသေဘ တံခွန်ကုလားသည် လေတိုက်တိုင်း လှုပ်ရှား-လွင့်ပါး၍ တည်ငြိမ်ခြင်း မရှိသကဲ့သို့၊ အာရုံတခုတည်း၌ ကောင်းစွာမတည်ငြိမ်ဘဲ လှုပ်ရှား-လွင့်ပါးဘတ်ခြင်းသည် ဥဒ္ဓစ္စ၏ သဘော-လက္ခဏာပင်တည်း။

ဤစေတသိက်-၄ ပါးဘိုသည် အလုံးငုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ဖြစ်ကြသောကြောင့် "**သဗ္ဗာကုသလသာဓာရဏာ**" ဧးတသိက်တို့ မည်ကုန်၏။ မောဟစေတသိက်လျှင် မူလဘူတ ဖြစ်သောကြောင့် "**မောစတုက်**"လေးပါလည်း မည်ကုန်၏။

လောဘစေတသိက် သည် အာရုံ၌ကပ်ငြိခြင်း, တပ်ခြင်း - လက္ခဏာရှိ၏၊ ။မျောက်ခွဲခြေးခါသစ်ပေးသည် ထိလာ ကိုင်လာမိသော မျောက်သတ္တဝါအား မလွှတ်ရားနိုင်းအောင် ကပ်ငြိဘင်းယူထားဘိသကဲ့သို့၊ အာရုံ-၆ ပါးနှင့်တွေ့ဆုံကြုံကြိုက်လျှင် ထိုအာရုံမှ မခွဲနိုင်-မခွါရက်အောင် ငင်းငင်းဘက် ကပ်ငြိ-တပ်မက်တတ်သော အစွမ်းသတ္တိပင်တည်း။

ဒိဋ္ဌိစေတသိက် သည် ဒေါက်ပြန်သောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ ။ဒေနိစ္စတရားကို-နိစ္စ,ဒုက္ခတရားကို-သုခ, အနတ္တတရားကို-အတ္တ,အသုဘတရားကို-သုဘ, ငါ့အယူမှန်တယ်, သူတပါးအယူ မှားတယ်,ငါ့ဂြိုဟ်မှန်တယ်,ငါလုပ်ဒါဟုတ်တယ်- စသည်ဖြင့်

၉။ ဖေါ်,ဆွ,မစ်,ကုက်၊ဒေါ်-စတုက်နှင့်၊ ထိ,မိန်-ဒုက်, ငိ၊ အကုသလည်း ပေါင်းတည်-ဒုဒ္ဒသာ။

၁၀။ ဗြစ်မှား, ဗြဲ။ရူ၊ ဝန်တိုဟူသား၊ ပြုမှားဒုစရိုက်၊ မဗြဲမိသိုက်၊ သုစရိုက်မျိုး၊ စိုးရိမ်တာသန့်၊ မခန့်, စိတ်,စေ၊ ယုံမှား:ပေ၊ မှတ်လေ လက္ခဏာ။

ဖေါက်ဖေါက်ပြန်ပြန် မှားမှားယွင်းယွင်း အဓြင်သန်နေခြင်းကား ဒိဋ္ဌိ၏ သဘောလက္ခဏာပင်တည်း။

မာန၊စတသိက် သည် မိမိကိုယ်ကို ငါဘာလျှင် မြတ်၏ဟူ၍ မှန်ကား ကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိ၏။ ။လောကဋ္ဌ ငါလိုအထက် တန်းကြသူ, မြင့်မြတ်သူ ဇမ္ဗူမှာရှိသေးလား-စသည်ဖြင့် ဒိဋ္ဌိကိုယ်ကို မြင့်သောအနေ, မြတ်သောအနေဖြင့် ထင်မှတ် ကြွားဝါ တတ်သော အစွဲးသတ္တိကား မာန၏အစွမ်းသတ္တိပင်တည်း။

ဤလောက, ဒိဋ္ဌိ,မာန ၂တသိက်-၃ ပါးတို့သည် လောဘမူဒိတ်နှင့်သာ ယှဉ်ကြသောကြောင့် "လောဘမူလ သာဓာရဏ" စေတသိက်တို့ မည်ကုန်၏။ လောဘ၊စတသိက်လျှင် မူလဘူတ ဖြစ်သောကြောင့် "လောတြိ" သုံးပါးသည်း မည်ကုန်၏။

၉။၁၀။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-ဟူသော စေတသိက် ၄ပါး, ထိန,မိဒ္ဓ ၂ပါး, ဝိစိကိစ္ဆာ စေတသိက်-၁ ပါး, ယခင် ပေဟစသော စေတသိက် ၇ ပါး ပေါင်း = (၁၄) ပါးကုန်သော စေတသိက်တို့သည် အကုသိုလ်စိတ်တို့၌သာ ယှဉ်ကြသောကြောင့် "အကုသိုလ်စေတသိက်"တို့ မည်ကုန်၏။ ထိုဟွင်-

ဒေါသစေတသိက် သည် ကြမ်းတန်းသောအားဖြင့် ဗြစ်မှားခြင်း-လက္ခဏာရှိ၏။ ။မြွေငွေးမြွေဟောက်ကို တုတ်သံတန်ဖြင့် ပုတ်ခတ်

ထိပါးဒသာအခါ ရှုးရှုးရဲရဲနှင့် ပေါက်မည် ကိုယ်မည်တကဲကဲ ဖြစ်နေသကဲ့သို့၊ မနှစ်သက်ဘွယ် အာရုံနှင့်ကြိုလျှင် ဒုးရှုးရဲရဲနှင့် ကိုယ်ချောစိတ်ပါ ကြမ်းတန်းခက်ထန် အမျက်ဒေါသ ထလာခြင်းသည် ဒေါသ၏ သဘော, ဒေါသ၏ ဒုစရိုက်သင်္ဘောပင်တည်း။ ယင်း ဒေါသသည် ယုဉ်ဘက် စိတ် ဧတသိက်တရားဘို့ကိုးငင်း, ဧိုတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကိုငင်းကူးခင်လေ ငက္ခမ်းဒေဒ်။ သို့ကြောင့် ဒေါသထွက်သူ၏ သညာနှင့် မျက်ဆောင့်နှိခြင်း, အသားနှိခြင်း, တကိုယ်လုံးဆတ်ဆတ်တုန်ခြင်း-ဧသော ကြွင်းဘန်းသည့် အမူအရာ အသွင်သဏ္ဌာန်များ ပေါ်လွင်ထင်ရှားလာသည်။

ဇုသာ ဧတသိက်သည် သူတပါးတို့၏ စည်းဝိမ်ကို ငြူစူခြင်း-လက္ခဏာရှိ၏။ သူတပါးဘို့ စည်းဝိမ်, ဂုဏ်, သိရ်-စသည်တို့၏ ကြီးပွား တိုးတက်မှုကို တွေ့မြင်, ကြားသိသောအခါ၌ ဝန်းသာ-ဝန်းကြောက်ခြင်း အလျှင်းမရှိ၊ သူတပါးဘော်းစားသည်ကို မနာလိုဘဲ ငြူစူပေါင်းမြင်းနေတတ်ခြင်းကား ဇုသာ၏ သဘော ဝ-လက္ခဏာတည်း။ ယင်း ဇုသာသည် မုဒိတာတရား၏ ဆန့်ကျင်ဘက်ဖြစ်သည်။

မစ္ဆရိယ ဧတသိက် သည် မိမိ၏ စည်းဝိမ်ကို လျှို့ဝှက်ဝန်တိုခြင်း လက္ခဏာရှိ၏။ မိမိ၌ရှိသော စည်းဝိမ်ဥစ္စာကို သူတပါးအား မပေးလိုခြင်း, မိမိ၏ စည်းစိမ်, ဂုဏ်, သိရ်, ဒေရှိန်-ဒေဝတ်, ကျော်ဇောခြင်းမျိုး သူတပါးအား မဖြစ်စေလိုခြင်းသည် မစ္ဆရိယ၏ သဘာဝ-လက္ခဏာပင်တည်း၊ ဤ မစ္ဆရိယတရားသည် ၁-ကျောင်း, ကန်, တိုက်တာ-စသော နေရာ၌ ဝန်တိုခြင်း -အာဝါသမစ္ဆရိယ, ၂-ဂေါ်မျိုးဥာတိ, တပည့်ဒကာ၏ ဝန်တိုခြင်း -ကုလမစ္ဆရိယ, ၃-ပဉ္စည်းလာဘ်လာဘ၌ ဝန်တိုခြင်း-လာဘမစ္ဆရိယ, ၄-ကိုယ်ဒေဆင်း ဂုဏ်သတင်း၌ ဝန်တိုခြင်း-ဝဏ္ဏမစ္ဆရိယ, ၅-ဓိမ်သိုဳးသော အတတ်ပညာ၌ ဝန်တိုခြင်း-ဓမ္မမစ္ဆရိယ ဟူ၍ ငါးပါးရှိ၏။

ကုက္ကုစ္စဧတသိက်သည် ပြုအပ်သော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ ဒေဘန်ဝင်လဲလဲ စိုးရိမ်ခြင်းလက္ခဏာရှိ၏။ ။

ပြိမ္ဗာန်းဦးသော ဒုစရိုက်,မပြိုလိုက်ဦးသော သုစရိုက်တို့ကို ကြိုးစည် ဟွေး ဘောလျက် စိတ်ပင်ပန်းခြင်း,ပူပန်ခြင်းကား-ကုက္ကုစ္စ၏ သတ္တိလက္ခဏာပင် တည်း။

ဒေါသ,ဇသော,မစ္ဆရိယ,ကုက္ကုစ္စ၀ဒေတသိက် ၄ ပါးတို့သည် ဒေါသ မူစိတ် (၂)ပါးနှင့်သဟယှဉ်နိုင်ကြသောကြောင့် "ဒေါသမူလသာဓာရဏာ" စေတသိက် မည်ကုန်၏။ ဒေါသစေတသိက်လျှင် မူလဘူတဖြစ်သောကြောင့် "ဒေါစတုက်" လေးပါးလည်း မည်ကုန်၏။

ထိနစေတသိက် သည် စိတ်၏မခံ့ခြင်း လက္ခဏာရှိ၏။ ပယှဉ်တက် စိတ်တရားမှုန်းကို အားဘက်ထကြွမှုမရှိစေဘဲ ညှိုးငယ်ထိုင်းမှိုင်းအောင် ဖိနှိပ်ချုတ်ချယ်ထားသကဲ့သို့ ဖြစ်စေခြင်းကား ထိန၏သတ္တိ-ထိန့်၏ လက္ခဏာတည်း။

မိဒ္ဓစေတသိက် သည် စေတသိက်တို့၏ မခံ့ခြင်း လက္ခဏာရှိ၏။ ။ ယှဉ်တက် စေတသိက်များကို မိမိတို့ ဆောင်ရွက်ဘွယ်ကိစ္စတို့၌ အားထုတ်နိုင် သလောက် မဆောင်ရွက်နိုင်ကြအောင် ဖိနှိပ်ချုတ်ချယ်ထားသကဲ့သို့ ဖြစ်စေခြင်းကား မိဒ္ဓ၏သတ္တိ-ဝိဉ်ဉာ၏ လက္ခဏာတည်း။

ဝိစိကိစ္ဆာ စေတသိက်သည် အာရုံကို မဆုံးဖြတ်နိုင်ခြင်း, ယုံမှားခြင်း လက္ခဏာရှိ၏။ ။ဘုရား-၎သော ဟုတ်မှန်ကောင်းမြတ်သော ဒေရာနှင့် အနိစ္စ-၎သော ဟုတ်မှန်သော သဘောကို ဟွေးတောဆင်ခြင်သောအခါ တို့၌ ထိုဘုရား စသော အာရုံ, အနိစ္စ-စသော သဘောကို ကောင်းစွာ မဆုံးဖြတ်နိုင်ဘဲ "ဟုတ်ပေသလော,မဟုတ်လော" ဟု ဟွေးတော ယုံမှားမှု မကင်း ဆင်းရဲပင်ပန်းနေခြင်းကား ဝိစိကိစ္ဆာ၏ သဘောလက္ခ ဏာပင်တည်း။

ဤသို့သျှင် မောဟအစ ဝိစိကိစ္ဆာအဆုံး၌သော (၁၄)ပါးကုန်သော စေတသိက်တို့သည် အကုသိုလ်စိတ်၌သာ ယှဉ်ကြသောကြောင့် အကုသိုလ်စေတသိက်တို့ မည်ကုန်၏။

အကုသိုလ်စေတသိက် (၁၄) ပြီး၏။

၁၁၊ သဒ္ဓါ, သတိ၊ ဟိရိ, ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တ-ကြ-မ္ဇ္ဈတ္တတာ၊

၁၂။ ယုံကြည်, သတိ၊ ရှက်ခြင်းဝက်ဘိန့်၊ မငြိကပ်ခြင်း၊ မပြစ်မှားခြင်း၊ ပဿဒ္ဓိ-လဟု၊ မုဒု, ကမ္မညှ၊ ပါဂုညှ်, ဇု၊ အစုံပြုကြ၊ ဆယ့်ကိုးဝ၊ သောဘနသဠာဝကာ။

၁၃။ ကိုယ် စိတ်နှစ်ဦး၊ ငြိမ်းပျောက်ညှ်၊ ကြင်းခဲ့လ့လာ၊ ဖြောင့်စွာဖြစ်မှု၊ မာစဉ်ပြု၊ မှတ်ရှုလက္ခဏာ။

၁၄။ ၂၃ ၁၃။ သဒ္ဓါ,သတိ,ဟိရိ,ဩတ္တပ္ပ,အလောဘ, အဒေါသ, တ-ကြ-မ္ဇ္ဈတ္တတာ,ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ,ကာယလဟုတာ,စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ,စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ = ၎င်္ဂေတသိက် - ၁၉ ပုဒ်းဘို့သည် သောဘဏစိတ်အကျဉ်း (၅၉)အကျယ် (၉၁)ပုဒ်းဘို့နှင့် ယှဉ်ကြသောကြောင့် **"သောဘဏသဘဝရဏ"** ဝေတသိက်တို့မည်ကုန်၏။

သဒ္ဓါစေတသိက်သည် ဘုရားအစရှိသော် ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို ယုံကြည်စေခြင်း-လက္ခဏာ ရှိ၏။ ။ကောင်းမြတ်သော အာရုံကို စွဲ၍ဖြစ်လာရသဖြင့် ဒီဃလည်း ကြည်လင်သန့်ရှင်းခြင်း သဘောရှိ၏။ သမ္မယုတ်တရားတို့ကိုလည်း ကြည်လင် သန့်ရှင်းစေတတ်သော သဘော ရှိ၏။ စကြဝဠာ၏ ပတ္ထနာမြားရုံတန်းကို လွန်စွာနှောက်ကျူသော ရေ၌ထည့်သောအခါ နောက်ကျူသော ရေသည် ကြည်လင်သန့်ရှင်းသကဲ့သို့၊ ထို့အတူ စိတ်အစဉ်၌ သဒ္ဓါတရားယှဉ်လာသော

အခါနောက်ကျည်နှင်းသော ကိလေသာ-နိဝရဏတို့ကင်းပျောက်၍ ကြည်လင်-သန့်ရှင်းသော စိတ်အစဉ်ဖြစ်လာခြင်းသည် သဒ္ဓါ၏ အနွှဲးသတ္တိကြောင့်ပင်တည်း။

သတိစေတသိက် သည် ဘုရား-စသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို အောက်မေ့စေခြင်း- လက္ခဏာငှို့၏။ ။ဇိမ်ပြုံ့ခဲ့ဘူးသော ကုသိုလ်ကောင်းမှုမျိုးနှင့် ဘုရား၎င်သော ကောင်းသော အာရုံမျိုး၌ ဒေါက်မေ့နေခြင်း, အမှတ်ရနေခြင်း, သမ္မယုတ် တရားတို့ကိုလည်း ဒေါက်မေ့စေခြင်း, အမှတ်ရနေစေခြင်းသည် သတိ၏သဘော လက္ခဏာတည်း။

ဟိရိစေတသိက် သည် ကာယဒုစရိုက်-စသည်မှ ရှက်ခြင်း- လက္ခဏာရှိ၏။ ။လွန်စွာ စကဆုတ်ဘွယ်ကောင်းသည့် အကုသိုလ် ဒုစရိုက်များမှ မရှက် တတ်သော ဒုဟိရိက၏ ဆန့်ကျင်ဘက်သဘောသည် ဟိရီ၏ သဘော လက္ခဏာတည်း။

ဩတ္တပ္ပစေတသိက် သည် ကာယဒုစရိုက်စသည်မှ ကြောက်ခြင်း လက္ခဏာရှိ၏။ ။ကြောက်စရာ- ထိတ်လန့်ဘွယ်ကောင်းသည့် အကုသိုလ်- ဒုစရိုက်များမှ ကြောက်ခြင်း လန့်ခြင်းဂုဏ်သော အနောတ္တပ္ပ၏ ဆန့်ကျင်ဘက် သဘောသည် ဩတ္တပ္ပ၏ သဘော လက္ခဏာတည်း။

ဤဟိရီနှင့် ဩတ္တပ္ပတရား နှစ်ပါးကို စောင့်ရှောက်မှုသည် တိုင်းသူပြည်သားမှ မရှိလျှင် လောကလူသားတို့၏ အမူအရာများမှာ အဟိတ်တိရစ္ဆာန်တို့နှင့် မခြား မကြားဝံ့, မဂြင်ဝံ့အောင် စက်ဆုပ်ဖွယ်တို့ခဲ့ခြင်း ဖြစ်ကုန်ရာ၏။ ဤတရား ၂ပါးကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့်သာ လောကလူသားတို့၏ အမူအရာ ယဉ်ကျေးဘွယ်ရာ၍ နေကြပေသည်။ ထို့ကြောင့် ဤတရား ၂ပါးကို လောကပါလ တရားဟူ၍လည်း, ဒေဝဓမ္မတရား ဟူ၍လည်း, သုက္ကဓမ္မတရားဟူ၍လည်း ဒေဝဓမ္မဇာတ်၌ ပေါကြားတော်မူအပ်၏။

အလောဘစေတသိက် သည် အာရုံ၌ငြိကပ်ခြင်း - မတပ်မက်ခြင်း လက္ခဏာရှိ၏။ ။အလောဘသည် ထိုဆင်းရဲကာမဂုဏ်အာရုံ၌ သာယာ

ခြင်း, ကပ်ငြိခြင်း, ဝင်မက်ခြင်းအလုံးမရှိ၊ သာယာကင်ငြိတ်သော လောဘ၏ ဆန့်ကျင်ဘက် ဖြစ်၏။လောဘနေ့ယူ အာရုံမျိုးမှ ကျွတ်လွတ် ထွက်ခြောက်နိုင်သည့် သဘောသတ္တိရှိခြင်းကြောင့် ''နေက္ခမ္မဓာတ်'' ဟုလည်း အမည်ရု၏။

အဒေါသ စေတသိက်သည် ကြမ်းတန်းသောအားဖြင့် မပြစ်မှားခြင်း လက္ခဏာရှိ၏။ ။အနိဋ္ဌာရုံနှင့်ကြုံလျှင် ဒေါသသည် ကြန်းတန်း-ခက်ထန် လာသကဲ့သို့ အဒေါသသည် ကြမ်းတန်း - ခက်ထန်ခြင်း အလျဉ်းမရှိ။ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၍ သတ္တဝါပညတ် အာရုံ၌ ဒေးမြကြည်လင် သည့် စိတ်အစဉ်ကို ပွားစေပြီးလျှင် နွင်နွင်လန်းလန်း ချမ်းချမ်းသာသာ ဖြစ်စေတတ်သော သဘောရှိ၏။ သတ္တဝါပညတ်၌ နှိပ်စက်လိုခြင်း, ပျက် စီးစေလိုခြင်း - ဟုဆိုအပ်သော ဗျာပါဒသဘော ကင်းသောကြောင့် ''အဗျာပါဒဓာတ်'' လည်းမည်၏။ သတ္တဝါပညတ်ကို အာရုံပြု၍ ကြည်လင်ချမ်းမြေ့လှုပ်သော စိတ်အစဉ် ဖြစ်နေသောအခါ ''မေတ္တာဘာဝနာဟုရ''လည်းမည်၏။

တတြမဇ္ဈတ္တတာစေတသိက်သည် ထိုထို အာရုံ၌ သမ္မယုတ်တရား တို့ကို လျစ်လျူရှုစေခြင်း လက္ခဏာရှိ၏။ ။သမ္မယုတ်တရားတို့ကို မိမိတို့ ကိစ္စများ၌တက်ကြွခြင်း, အားလျော့ခြင်း-စသော မညီညွတ်မှုကို မဖြစ် စေဘဲ ညီညီမျှမျှဖြစ်အောင် မဇ္ဈိမပဋိပဒါသဘောဖြင့် ဖြစ်ကြစေရန် ဆောင်ရွက်ပေးခြင်းသည် တတြမဇ္ဈတ္တတာ၏ သဘော-လက္ခဏာ တည်း။ ဤသို့ ညီညီမျှမျှဖြင့်အောင် ဆောင်ရွက်ပေးခြင်းကိုပင် လှုပ်လျူ ရှုသည် ဟုဆိုရ၏။ မြင်းနှင်ကောင်ကသော ရထားထိန်းသည် ငေးကောင်နှင့်တကောင် မသာစေ-မလျော့စေရအောင် လှုပ်လျူပြု၍ ထိန်းသိမ်းမောင်းနှင်ဘိသကဲ့သို့ တတြမဇ္ဈတ္တတာ၏ ဗျာပါရမပြု လှုပ်လျူ ရှုမှုကို မှတ်ဒေ့ဝ်၏။

ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိစေတသိက်တို့သည်စေတသိက်အုပ်စု၏ ငြိမ်းခြင်း, စိတ်၏ငြိမ်းခြင်း - လက္ခဏာရှိကုန်၏။ ၊စေတသိက် အုပ်စု၏ပူပန်ခြင်း, သောဘကစိတ်တို့၏ ပူပန်ခြင်းတို့မှ ငြိမ်းအေး

ခြင်းကား ဤပဿဒ္ဓိ-၂ပါးတို့၏ သတ္တိလက္ခဏာတို့ကြောင့်တည်း။ ဤပဿဒ္ဓိ ၂-ပါး ချို့တဲ့အားနည်းလျှင် ကောင်းမှုပြုရာ၌လည်း ငြိမ်းအေး သာယာမှုကို မရနိုင်။ ဤတရား-၂ပါးအားရှိမှသာလျှင် ကောင်းမှုပြုရာ၌လည်း ငြိမ်းအေး သာယာမှုကို ရနိုင်၏။ ထို့ကြောင့် ပဿဒ္ဓိ စေတသိက်-၂ပါးတို့သည် စိတ်-စေတသိက်အပေါင်းကို မငြိမ်မသက် ရောက်ရက်ခင်အောင် ပြုတတ်သည့် ဥဒ္ဓိစ္စ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။

ကာယပဿဒ္ဓိ၌ကာယ၏အရ ဝေဒနာဧသောစေတသိက်အပေါင်းကိုယူ၍စိတ္တပဿဒ္ဓိ၌ စိတ္တ၏အရ သောဘဏစိတ်တို့ကိုယူရမည်။ ကာယလဟုတာ, စိတ္တလဟုတာ စသည်တို့၌လည်း ဤနည်းအတူမှတ်။

ကာယလဟုတာ, စိတ္တလဟုတာ စေတသိက်တို့သည် စေတသိက်တို့၏ ပေါ့ခြင်း, စိတ်၏ပေါ့ခြင်း လက္ခဏာရှိကုန်၏။ ။ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးခြင်း, အနိစ္စ-စသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းခဲ့ဖူးခြင်း စေတသိက် အပေါင်းတို့၏ ပေါ့ပါးခြင်း, သောဘဏစိတ်တို့၏ ပေါ့ပါးခြင်းသည် ဤစေတသိက်-၂ပါးတို့၏ သတ္တိလက္ခဏာတို့ကြောင့်တည်း။ ဤလဟုတာ စေတသိက် ၂ပါးတို့သည် စေတသိက်အပေါင်းနှင့် စိတ်ကို လေးကန် ထိုင်းမှိုင်းအောင် ပြုတတ်သော ထိန မိဒ္ဓ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

ကာယမုဒုတာ, စိတ္တမုဒုတာ- စေတသိက်တို့သည် စေတသိက်တို့၏ နူးညံ့ခြင်း, စိတ်၏နူးညံ့ခြင်း လက္ခဏာရှိကုန်၏။ ။ဤစေတသိက် ၂ပါးတို့ကား စိတ်, စေတသိက် အပေါင်းတို့၏ ခက်ထန် ကြမ်းတန်းသည့် အဖြစ်ကို ငြိမ်းအေးစေလျက် နူးညံ့-သိမ်မွေ့စေခြင်း သဘောရှိကုန်၏။ စိတ်-စေတသိက် အပေါင်းကို ကြမ်းတန်းအောင် ပြုတတ်သော ဒိဋ္ဌိ-မာန စသည်၏ ဆန့်ကျင်ဘက်လည်း ဖြစ်ကုန်၏။

ကာယကမ္မညတာ, စိတ္တကမ္မညတာ-စေတသိက် တို့သည် စေတသိက်တို့၏ အမှုဆောင်ကောင်းမွန်ခံ့ညားသော အဖြစ်, စိတ်တို့၏အမှုဆောင် ကောင်းမွန်ခံ့ညားသော အဖြစ်လျှင် လက္ခဏာရှိကုန်၏။ ။ထိုထိုအမှုဆောင်

၁၅၊ သမ္မာဝါစာ၊ ကမ္မန်-အာဇီ၊ ဤသုံးလီ၊ ဝိတိ-မညှ သညာ။

၁၆၊ ကိုယ်, နှုတ်အမှု၊ နှစ်ခုအကောင်း၊ သက်မွေး ကြောင်း၊ ကောင်းခြင်းလက္ခဏာ။

—

ကောင်းမွန် ခံ့ညားခြင်းမှာ ဤစေတသိက်-၂ပါးတို့၏ အစွမ်းသတ္တိ-လက္ခဏာတို့ကြောင့်တည်း။ ကာမဆွန်ဒ,ဗျာပါဒ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ နိဝရဏ-ဟူသော နိဝရဏ-၄ပါးတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။

ကာယပါဂုညတာ,စိတ္တပါဂုညတာ စေတသိက်တို့သည် စေတသိက်တို့၏ သေ့လျောခြင်း, စိတ်၏ လေ့လာခြင်း လက္ခဏာ ရှိကုန်၏။ ။ကုသိုလ်ကောင်းမှု ပြုရာ၌ ကျင်လည်နပ်နေအောင် စိတ်,စေတသိက် အစုပေါင်းကို လေ့လာပေးခြင်းကား ဤစေတသိက်-၂ပါးတို့၏ သဘာဝ-လက္ခဏာတို့တည်း။

ကာယုဇုကတာ, စိတ္တုဇုကတာ-စေတသိက်တို့သည် စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်း, စိတ်၏ ဖြောင့်စွာဖြစ်ခြင်း-လက္ခဏာ ရှိကုန်၏။ ။စေတသိက် အစုပေါင်းနှင့်စိတ်တို့ကို ကောက်ကွေ့အောင် ပြုဘတ်သော မာယာ,သာဌေယျ-စသော အကုသိုလ်တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ စိတ်စေတသိက် အစုပေါင်းကို ကောက်ကွေ့ခြင်းမရှိ၊ ပကတိအားဖြင့် ဖြောင့်မတ်အောင် ပြုပြင်ပေးခြင်းကား ဤစေတသိက် နှစ်ပါးတို့၏ သဘာဝ-လက္ခဏာတို့တည်း။

သောဘဏ သာဓာရဏ စေတသိက်(၁၉)ပြီး၏။

၁၅။၁၆။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ = ဤစေတသိက်(၃)ပါးတို့သည် မကောင်းမှု ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်တာသော သဘောရှိကြသောကြောင့် "ဝိရတိစေတသိက်"မည်ကုန်၏။

ထိုတွင်-သမ္မာဝါစာ၊ စေတသိက်သည် ဝစီဒုစရိုက်-၄ပါးတို့မှ ရှောင်ကြဉ်ခြင်း-လက္ခဏာရှိ၏။ ။အသက်မွေးဝမ်းကြောင်းမဟုတ်သော မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ - တည်းဟူသော နှုတ်ကြောင့်ဖြစ်သည့် ဒုစရိုက်-၄ ပါးမှ ရှောင်ကြဉ်ခြင်းကား သမ္မာဝါစာ၏ သဘောတည်း။ ကောင်းသောစကားကို ဆိုလျှင် သို့မဟုတ် မဆိုဘဲ ဆိတ်ဆိတ်နေလျှင် ဝစီဒုစရိုက်ကို ပယ်သည်၏ အစွမ်းဖြင့် ဝစီဒွါရ၏ စင်ကြယ်-သန့်ရှင်းမှု ဖြစ်သောကြောင့် သမ္မာဝါစာ ဖြစ်သည်သာတည်း။

သမ္မာကမ္မန္တ စေတသိက်သည် ကာယဒုစရိုက် - ၃ ပါးတို့မှ ရှောင်ကြဉ်ခြင်း – လက္ခဏာရှိ၏။ ။အသက်မွေးဝမ်းကြောင်း မဟုတ်သော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ - တည်းဟူသော ကိုယ်အမှုအရာကြောင့်ဖြစ်သော ဒုစရိုက် - ၃ ပါးမှ ရှောင်ကြဉ်ခြင်းကား သမ္မာကမ္မန္တ၏ သဘောတည်း။ ကောင်းသောကာယကံမှုကို ပြုလျှင် သို့မဟုတ် မပြုဘဲဆိတ်ဆိတ်နေလျှင် ကာယဒုစရိုက်ကို ပယ်သည်၏အစွမ်းဖြင့် ကာယဒွါရ၏ စင်ကြယ်-သန့်ရှင်းမှု ဖြစ်သောကြောင့် သမ္မာကမ္မန္တ ဖြစ်သည်သာတည်း။

သမ္မာအာဇီဝ စေတသိက်သည် ဝစီဒုစရိုက်-၄ ပါး, ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်း-လက္ခဏာရှိ၏။ ။အသက်မွေးဝမ်းကြောင်း ဖြစ်သော ဝစီဒုစရိုက်-၄ ပါးနှင့် ကာယဒုစရိုက်-၃ ပါး - တည်းဟူသော မိစ္ဆာဇီဝမျိုးမှ ရှောင်ကြဉ်၍ ဖြူစင်ကောင်းမြတ်သော အသက်မွေးခြင်း အစွမ်းဖြင့် ကာယဒွါရ, ဝစီဒွါရ-နှစ်ပါး စင်ကြယ်-သန့်ရှင်းမှုဖြစ်လျှင် သမ္မာအာဇီဝံ ဖြစ်သည်သာတည်း။

ဝိရတိ စေတသိက် (၃) ပြီး၏။

၁၇။ ကရု,မု-လျှင်၊ နွေး-ပမဉ္ဇိတည့်၊ ပညာထည့်က၊ ပဥ္စဝိသ၊ သောဘဏ-မည့်သည်ဟု။

၁၈၊ သနား, ဝမ်းမြောက်၊ ထွင်းဖေါက်, ဟုက်မှန်။ ဆသိဉာဏ်၊ မှတ်ရန် လက္ခဏာ။

၁၇။ ၁၈။ ကရုဏာ, မုဒိတာ = ၂။ ဤရွေ့ဤမျှ-ဟု အတိုင်းအရှည် မရှိသော သတ္တဝါပညတ်ကို အာရုံပြု၍ ဖြစ်သောကြောင့် ဤစေတသိက်- ၂ပါးသည် "အပ္ပမညာ"မည်၏။ထိုတွင်-

ကရုဏာစေတသိက် သည် ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်း-သက္ခဏာရှိ၏။ ။သူတပါးတို့ ကြီးစွာဒုက္ခရောက်နေသည်ကို တွေ့လျှင် ထိုသူတို့၏ ဒုက္ခကို ပယ်ဖျောက်၍ချင်းသာခြင်းသို့ ရောက်အောင် ကယ်တင်စေ၍ချောက်လိုသော ဆန္ဒဖြင့် လွန်စွာသနားခြင်းသည် ကရုဏာ၏သဘောတည်း၊

မုဒိတာ စေတသိက် သည် သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း-လက္ခဏာရှိ၏။ ၊သူတပါးတို့၏ ဥစ္စာစည်းစိမ်, ဂုဏ်, သိရ်-သတင်း, ကျော်စောခြင်း-စသည်ကို ကြားရ မြင်ရသောအခါ ဝမ်းခြောက်, ဝမ်းသာဖြစ်ခြင်းသည် မုဒိတာ၏ သဘောတည်း။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟူ၍ အပ္ပမညာ-၄ ပါးရှိလျက် ဤဉ်ဒကရုဏာ, မုဒိတာ-၂ပါးကိုသာ ပြဆိုခြင်းကား အဒေါသစေတသိက်ဖြင့် မေတ္တာကို တင်ကြိမဇ္ဈတ္တတာ-စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီး ပြဆိုပြီး ဖြစ်သောကြောင့်တည်း။

အပ္ပမညာ ၎တသိက်(၂)ပြီး၏။

၁၉။ ဆယ့်သုံး-အည၊ စုဒ္ဒ-အက၊ သောစုပဥ္စဝိ၊ သုံးရာသီပင်၊ ပေါင်းရောလျှင်၊ နှိပဥ်-စေသိကာ၊

ပညာစေတသိက် = ၁။ ဤစေတသိက်ကား ဟုတ်တိုင်းမှန်စွာ ထွင်းဖေါက်သိမြင်ခြင်းဌာ အစိုးရခြင်းသကဲ့သာရှိ၏။ ။ကုသိုလ်ကိုကုသိုလ်, အနိစ္စကိုအနိစ္စ-စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သဘောကိုသာ ပညာ-ဟူ၍ဆို, ဉာဏ်ဟူ၍ဆိုခေါ်ရ၏။ ဖေါက်ပြန် ချွတ်ချော် အပြင်မတော်သိခြင်းကား ပညာ-ဉာဏ်မဟုတ်။ အတုအယောင်ဖြစ်သော မောဟခေါ် မိစ္ဆာဉာဏ်သာတည်း။ ဤစေတသိက်သည် အထူးထူးအပြားပြား များစွာသိခြင်း သဘောရှိ၍ အဝိဇ္ဇာတည်းဟူသော မောဟတရားကို နှိမ်နင်းလွှမ်းမိုး အစိုးတရရှိသောကြောင့် "ပညိန္ဒြေ"လည်း မည်၏။

သဒ္ဓါစေတသိက်မှစ၍ ပညာစေတသိက်တိုင်အောင် (၂၅) ပါးသော စေတသိက်တို့သည် ကောင်းမြတ်တင့်တယ်ဖွယ်ရာသော သဘော လက္ခဏာ ရှိကြသောကြောင့် "**သောဘဏစေတသိက်**"တို့မည်ကုန်၏။

သောဘဏစေတသိက် (၂၅) ပြီး၏။

၁၉။ ဤသို့ သဘာဝ လက္ခဏာ အသီးအသီးတို့ဖြင့် ရေတွက်ပြဆိုအပ်ကုန်ပြီးသော စေတသိက်တို့ကို အစုအစုပြုအပ်သောရာသီအားဖြင့် ပေါင်းစုရေတွက်မူကား "ဆယ့်သုံး-အည" ၏အရ-အညသမာန်းစေတသိက် ၁၃-ပါးတို့တစ်စု=တစ်ရာသီ, "စုဒ္ဒ-အက" ၏အရ-အကုသိုလ်စေတသိက် ၁၄-ပါးတို့ တစ်စု = တစ်ရာသီ, "သောစု ပဥ္စဝိ" ၏အရ- သောဘဏ

၂၀။ ဤမှ နောက်လျှင်၊ စိတ်ဒွိယှဉ်၍၊ စိတ်ကိုဆင်မှု၊ စိတ္တုပ်စု၊ သိုးပြုဒိန်ဆီရာ၊
၂၁။ ခွန်နှစ်သဗ္ဗ၊ ဆ-ပကိဏ်းပြမ်း၊ ညစ်ညမ်း-စုဒ္ဒသ်၊ အကု-ဟပ်၊ သောဆပ်-သောဘဏာ။

စေတသိက် ၂၅-ပါးဌ် တစ်စု = တစ်ရာသီ အားဖြင့် သုံးစု = သုံးရာသီ ရှိခဲ့လေသည်။ ထို သုံးရာသီအရဖြစ်ကြသော စေတသိက်တို့ကို ပေါင်းစပ်ရောနှော်ပြန်လျှင်လည်း (၁၃+၁၄+၂၅ = ၅၂) စေတသိက် ငါးဆယ့်နှစ်ပါးပင် ဖြစ်သတည်း။

စေတသိက် (၅၂) ပါးတို့၏ သရုပ်လက္ခဏာတို့ကို
ပြဆိုခဏ်း ပြီး၏။

၂၁။ စေတသိက် (၅၂) ပါးဘို့၏ သရုပ်လက္ခဏာများကိုအသီးသီး ထုတ်ဆိုခဲ့ပြီ။ ဤစေတသိက်တရားဘို့သည် "လူသွားနာ အရိုင်ပါ" သကဲ့သို့ စိတ်နှင့်မကွေမကွာ အမြဲယှဉ်ကပ် ဖြစ်ပေါ်လာကြပြီးလျှင် မိယှဉ်ရာစိတ်ကို ဖြူစင်အောင်,ညစ်နွမ်းအောင် တန်ဆာဆင်ယင် ပြုပြင်ပေးဘတ်သော သဘောသတ္တိရှိကုန်၏။ ထိုစိတ်ဒွိအမြဲယှဉ်၍ စိတ်ကို ပြုပြင်ဆင်ယင် ပေးဘတ်ကြသော စေတသိက်တို့၏ စိတ်ဒွိ ယှဉ်ပုံ-ယှဉ်နှုန်းဟု ဆိုအပ်သော "သမ္မယောဂနည်း" ကို ပြဆိုပေအံ့။

၂၁။ သမ္မယောဂနည်းကို အကျဉ်းခေါင်းစဉ်ထား၍ ရေတွက်လျှင် "ခွန်နှစ်သဗ္ဗ၊ ဆပကိဏ်းပြွန်း" ၏အရ-သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇ပါးနှင့် ပကိဏ်းစေတသိက်-၆ ပါးတို့ဌ် သမ္မယောဂနည်း (၇)နည်း, "ညစ်ညမ်း-စုဒ္ဒသ်၊ အကုဟပ်" ၏အရ-အကုသိုလ်စိတ်-၁၂ပါးဘို့ဌ် အကုသိုလ် ဧတသိက်-၁၄ ပါးတို့၏ သမ္မယောဂနည်း

၂၂။ သင်္ဘစိတ္တာ၊ ခွန်နှစ်ဝ၊ ယှဉ်ကြစိတ် တိုင်း၌ ၁၊

၂၃။ ပဋ္ဌဲဉီဉပယ်ရ၊ကြွင်းကာမနှင့်၊ပ-ဈာန်ဆယ့်တစ်၊
ဓိတက်ဖြစ်၊ပေါင်းလစ်-ဣညှ်းပဋ္ဌာ၊

(၅)နည်း, "သောထပ်-သောဘဏာ"၏အရ-သောဘဏာစိတ် တခု ယုတ်ခြောက်ဆယ် = အကျယ်- ၉၁ ပါးတို့၌ သောဘဏ ဧစတသိက်-၂၅ ပါးတို့၏ သမ္ပယောဂနည်း (၄)နည်းအား ဖြင့် သမ္ပယောဂနည်းသည် (၇ + ၅+၄ = ၁၆)တဆယ့်ခြောက်နည်းရှိ၏။

၂၂။ ထိုတွင် သင်္ဘစိတ္တသာဓာရဏ ဧစတသိက်-၇ပါးတို့၏ သမ္ပယောဂနည်းကား တန်ဆာသာရှိ၏။တနည်းကား-သင်္ဘစိတ္တ သာဓာရဏ ဧစတသိတ်-၇ ပါးဘို့သည် အလုံးစုံသော စိတ်အကျဉ်း (၈၉) စိတ် အကျယ် (၁၂၁)တို့နှင့် ယှဉ်ကုန်၏။မယှဉ်သောစိတ်မရှိကုန်။ (ဖဿနှင့် ယှဉ်သောစိတ်ကား စိတ်-၈၉တည်း။မယှဉ်သောစိတ်ကား-မရှိ၊ဝေဒနာနှင့် ယှဉ်သောစိတ်ကား စိတ်-၈၉ တည်း။ မယှဉ်သောစိတ်ကား-မရှိ။ ဤသို့ ဧစတသိက် တပါး၌, တပါးစီဖြင့်လည်း ခွဲလေ။)

သင်္ဘစိတ္တ သာဓာရဏ ဧစတသိက်-၇ပါး၌
သမ္ပယောဂ (၁)နည်း ပြီး၏။

၂၃။ ပကိဏ်းဧစတသိက်-၆ ပါးတို့၌ သမ္ပယောဂနည်း (၆)နည်း ရှိ၏။ ထိုဟူ၌ ဝိတက်နှင့်ယှဉ်သော စိတ်ကား ဒွေးပဋ္ဌဝိညာဏ်-၁၀ ကြဉ်သော ကာမစိတ်-၄၄, ပဌမဈာန်စိတ်-၁၁ = ပေါင်း (၅၅) တည်း။ ။ပဋ္ဌဝတ္ထု၊ရုပ်နှင့် ပဋ္ဌာရုံတို့ အချင်းချင်းထိခိုက်မှုမှာ လွန်စွာထင်ရှားသဖြင့် ထိုအာရုံများကို ဝိတက်က တင်ပေ ဘွယ်မလိုသောကြောင့် ဒွေးပဋ္ဌဝိညာဏ်-၁၀ ၌ ဝိတက်မယှဉ်။ ဒုတိယဈာန် စသည်တို့၌လည်း

၂၄။ ဝိတက်ဖြစ်ရာ၊ဗျည်းပဉ္စဝဿက်၊ဒု-စျာန်စွက်ဖြည့်၊ ဆသဋ္ဌိ၊ဖြစ်၏-ဝိစာရာ။

၂၅ အဓိမောက္ခ၊စိတ်ယှဉ်ဥပြက၊ပဉ္စဝိညာဏ်၊ဝိစိကြဉ်၊ ယှဉ်လေ့-သဘ္ဗ၁။

ဘာဝနာအစွမ်းဖြင့် ဝိတက်ကို ပယ်ခွါထားသောကြောင့် မယှဉ်နိုင်၊ သို့ဖြစ်၍ ဝိတက်မယှဉ်သော စိတ်တို့မှာ ဒွေးပဉ္စဝိညာဏ်-၁၀, ဒုတိယစျာန်စိတ်-၁၁, တတိယစျာန်စိတ်-၁၁, စတုတ္ထစျာန်စိတ်-၁၁, ပဉ္စမစျာန်စိတ်-၂၃ = ပေါင်း(၆၆)ပါး ဖြစ်သတည်း။

၂၄။ ဝိစာရနှင့်ယှဉ်သော စိတ်ကား ယခင်ဝိတက်ယှဉ်သော စိတ်-၅၅ပါး, ဒုတိယစျာန်စိတ်-၁၁ = ပေါင်း(၆၆)တည်း။ ဝိစာရစေတသိက်သည် ဝိတက်နှင့် မကွေမကွာယှဉ်သောကြောင့် ဝိတက်မယှဉ်သော စိတ်များ၌ မယှဉ်နိုင်။ တတိယစျာန် စသည်တို့၌ကား ဘာဝနာအစွမ်းဖြင့် ဝိတက်,ဝိစာရ-၂ ပါးလုံးကို ပယ်ခွါထားသောကြောင့် မယှဉ်နိုင်၊ သို့ဖြစ်၍ ဝိစာရမယှဉ်နိုင်သော စိတ်တို့မှာ ဒွေးပဉ္စဝိညာဏ်-၁၀, တတိယစျာန်စိတ်-၁၁, စတုတ္ထစျာန်စိတ်-၁၁, ပဉ္စမစျာန်စိတ်-၂၃ = ပေါင်း(၅၅)ပါး ဖြစ်သတည်း။

၂၅။ အဓိမောက္ခနှင့်ယှဉ်သောစိတ်ကား ဒွေးပဉ္စဝိညာဏ်-၁၀,ဝိစိကိဉ္စာ သဟဂတ်စိတ်-၁ ကြဉ်သော စိတ်(၇၀)တည်း။ ။အဓိမောက္ခ ဧေတသိက်သည် အာရုံကို ဆုံးဖြတ်ခြင်း သဘောရှိ၏။ ဒွေးပဉ္စဝိညာဏ်-၁၀ တို့မှာ အာရုံကို ယူကာမျှ ဖြစ်၍ ထိုစိတ်တို့၌ မယှဉ်နိုင်။ ဝိစိကိဉ္စာသဟဂတ်စိတ်၌လည်း အာရုံကို မဆုံးဖြတ်နိုင်ခြင်းကြောင့် မယှဉ်။ သို့ဖြစ်၍ အဓိမောက္ခ မယှဉ်သော စိတ်တို့မှာ ဒွေးပဉ္စဝိညာဏ်-၁၀, ဝိစိကိဉ္စာ သဟဂတ်စိတ် ၁ = ပေါင်း(၁၁)ပါး ဖြစ်သတည်း။

၂၆။ ပဋ္ဌာဝိဉ္ဉာ, မနောဓာတ်၊ သန္တီရဏဓာတ်၌၊ သောဠ-ကြဉ်ဘိ၊ တေသတ္တိ၊ ဖြစ်၏-ဝိရိယာ။

၂၇။ ဒီတိ စေတသိက်၊ သော-စိတ်၌ဝယ်၊ စ-ဗျာန်ပယ်၊ ဖြစ်ဘွယ်-၉ ပဋ္ဌာ။

၂၆။ ဝိရိယနှင့်ယှဉ်သောစိတ်ကား-၉ဖွဲးပဋ္ဌာဝိညာဏ်-၁၀, မနောဓာတ်-၃, သန္တီရဏစိတ်-၁ = ပေါင်း(၁၆)ပါးကြဉ်ကြွင်းသောစိတ် (၇၃)တည်း။ ဝိရိယစေတသိက်သည် အာရုံကိုယူရာ၌ အားရှိ၏။ အားကောင်း၏။ ပဋ္ဌာဝိညာဏ်, ပဋ္ဌဒ္ဓါရာဝဇ္ဇန်း-စသောစိတ် - ၁၆ ပါးတို့ကား အာရုံကို ယူရာ၌ အားနည်းကြ၏။ အားသေးကြ၏။ ထို့ကြောင့် ဤစိတ်များ၌ ဝိရိယ မယှဉ်နိုင်။ သို့ဖြစ်၍ ဝိရိယမယှဉ်သော စိတ်များမှာ-ဖွဲးပဋ္ဌာဝိညာဏ်-၁၀,ပဋ္ဌဒ္ဓါရာဝဇ္ဇန်း-၁, သမ္ပဋိစ္ဆိုဏ်း-၂, သန္တီရဏ ၃ = ပေါင်း(၁၆)ပါး ဖြစ်သတည်း။

၂၇။ ဒီတိနှင့်ယှဉ်သောစိတ်ကား စတုတ္ထဈာန်သောမနဿ သဟဂတ်စိတ်-၁၁ကြဉ် ကြွင်းသော သောမနဿသဟဂတ်စိတ်(၅၁)တည်း။။ ဒီတိစေတသိက်သည် နှစ်သက်ခြင်းသဘောရှိ၏။ ဒေါသမူဖွဲးကား နှလုံးမသာယာခြင်း, ကြမ်းတမ်းခြင်းသဘောရှိ၏။ ဥပေက္ခာသဟဂတ်စိတ် ၅၅-တို့လည်း လျစ်လျူရှုခြင်းသဘောရှိကြသောကြောင့် ဒီတိနှင့်သဘောလက္ခဏာချင်း မတူမျှကြ။ သုခ,ဒုက္ခနှစ်ပါးဟွင်လည်း သုခသဟဂတ်ဉာဏ်နှစ်သက်မှုဒီတိသည် ရှင်လန်းမှု စေတသိကသုခနှင့်သာ သဘော တူမျှ၍ ကာယိကသုခနှင့် သဘောမတူမျှသောကြောင့် ကာယဝိညာဏ်ဖွဲးဉာဏ်သည်လည်း မယှဉ်နိုင်။ စတုတ္ထဈာန်စိတ်ကား သောမနဿ သဟဂတ်စိတ်ဖြစ်ခဏမှု ဘာဝင်္ဂနာအဟုန်ဖြင့် ပယ်ခဲ့ပြီးဖြစ်၍ မယှဉ်နိုင်။ သို့ဖြစ်၍ ဒီတိမယှဉ်သော စိတ်များမှာ ဒေါသမူစိတ်-၂,ဥပေက္ခာသဟဂတ်စိတ်-၅၅, ကာယဝိညာဏ်ဖွဲး, စတုတ္ထဈာန်စိတ်-၁၁ = ပေါင်း(၆၉)ပါး ဖြစ်သတည်း။

၂၈။ မောမှ, အဟိတ်၊ စိတ်ကိုကြဉ်တိ၊ နောသဒ္ဓိ၊ ဖြစ်၏-ဆန္ဒမှာ။

၂၉။ မော,ဟိ,နောတ်,ဘုန်၊ စတုက်အညစ်၊ ယှဉ်တုံလစ်၊ဆယ် နှစ်အကုသ်မှာ။

၃၀။ လော-လောဘရှစ်၊ ဒိဋ္ဌဖြစ်-သင်္ခလေး၊ မာ-ဝိပ်လေး၊ ဖြစ်ရေးသိဘို့ရာ။

၂၈။ ဆန္ဒနှင့်ယှဉ်သော စိတ်ကား မောဟမူဒွေး, အဟိတ်စိတ်-၁၈ ကြဉ်သော စိတ် (၆၃) တည်း။ ။ဆန္ဒစေတသိက်သ ည် လိုချင်ခြင်း သဘောရှိ၏။ မောဟမူဒွေးမှာ တွေဝေမိန်းမောခြင်း သဘောရှိ၏။ အဟိတ်စိတ်များလည်း လိုချင်ခြင်းသဘော ကင်းကုန်၏။ ထို့ကြောင့် ဤစိတ်များ၌ မယှဉ်နိုင်။ သို့ဖြစ်၍ ဆန္ဒစေတသိက်မယှဉ်သော စိတ်များမှာ မောဟမူဒွေး, အဟိတ်စိတ်-၁၈ = ပေါင်း (၂၀) ဖြစ်သတည်း။

ပကိဏ်းစေတသိက်၌သမ္မယော၈ (၆) နည်းပြီး၏။

၂၉။ မော,ဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ = လေးပါးနှင့် ယှဉ်သော စိတ်ကား အကုသိလဖစ်တ် (၁၂) တည်း။ ။ဒုစရိုက်မှုကို ပြုမှားသူသည် အပြစ်ကို မမြင်အောင် ဖုံးလွှမ်းခြင်း-မော,ဟ, မရှက်ခြင်း-အဟိရိက, မလန့်ခြင်း, မစက်ဆုပ်ခြင်း-အနောတ္တပ္ပ, စိတ်မငြိမ်သက်ခြင်း- ဥဒ္ဓစ္စ = ဤတရားလေးပါးကို အကြောင်းခံ၍ ပြုမှား၏။ ဤတရားလေးပါးကား မည်သည့် အကုသိုလ်မျိုး၌မဆို အဒ္ဓြုစသဘွယ် အခြေခံ အမြစ်တွယ်၍ ပါလာသည်။ ထို့ကြောင့် အကုသိုလ်စိတ်-၁၂ ပါး လုံး၌ ယှဉ်နိုင်လေသည်။

၃၀။ လောဘနှင့်ယှဉ်သော စိတ်ကား လောဘမူစိတ်-၈ တည်း။ ဒိဋ္ဌိနှင့်ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄ တည်း။ မာနနှင့်ယှဉ်

၃၁။ ဒေါ, ဆုသည်, မစ်, ကုက်၊ ဤစတုက်၊ ယှဉ်ဒုက်-ပဋိ ဃာ။

၃၂။ ထိ, မိဒ်-နှစ်ဖြာ၊ သသဒ်၊ ရိ၊ ငါး-မှာဂို၊ ဝိဒ်-ဝိကိဆ္ဆာ။

သောစိတ်ကား ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် - ၄ တည်း။ ။ဤစေတသိက်-၃ ပါးသည် လောဘမူစိတ် (၈) ပါး၌ ယှဉ်သော စေတသိက်ချည်း ဖြစ်သည်။ သို့ရာတွင် သတ္တိဒေဝအား တူမျှသည့် ကောသရာဇာခြင်္သေ့နှစ်စီးသည် တခုတည်းသော လိုဏ်ဂူတွင်း၌ အတူမအောင်းနိုင် ဘိ သကဲ့သို့၊ ထို့အတူ ဒိဋ္ဌိက ခန္ဓာငါးပါးကို အတ္တ-ဟု စွဲယူ၍ မာနကလည်း ငါငါဟု ဆောင်လွှား တက်ကြွ၏။ အချင်းချင်း သတ္တိ - ဒေဝအားတူမျှနေသဖြင့် စိတ္တုပ္ပါဒ်တခုတည်း၌ အတူတကွ မဖြစ်နိုင်သောကြောင့် ဒိဋ္ဌိက သမ္မယုတ်စိတ် ၄ ပါး၌ ယှဉ်၍၊ မာနက ဝိပ္ပယုတ်စိတ်-၄ ပါး၌ ယှဉ်လေသည်။

၃၁။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ = လေးပါးနှင့် ယှဉ်သော စိတ်ကား ဒေါသမူစိတ် ၂ ပါးတည်း၊ ။ကြမ်းဘန်းခက်ထန် အမျက်မာန်ထသူဒေါသ သာယာငြိကပ်ခြင်း လောဘနှင့် မိန်းမော တွေဝေခြင်း မောဟ မဖြစ်နိုင်သောကြောင့် ဒေါသစေတသိက်သည် ဒေါသမူစိတ်၌သာ ယှဉ်၍ လောဘမူ, မောဟမူစိတ်၌ မယှဉ်နိုင်။ သူတပါးစည်းစိမ်ကို ငြူစူခြင်း-ဣဿာ, မိမိး ညှီးစိမ်ကို လျှို့ဝှက်ခြင်း-မစ္ဆရိယ, ပြုအပ်ပြီး-မပြုရ ဖြစ်သော ဒုစရိုက်, သုစရိုက်ကို စိုးရိမ်ပူပန်ခြင်း - ကုက္ကုစ္စတို့လည်း ဒေါသ- ဒေါမနဿနှင့်ကင်း၍ မဖြစ်နိုင်ကြသောကြောင့် ဒေါသမူစိတ် ၂-ပါး၌သာ ယှဉ်ကြ၏။

၃၂။ ထိန, မိဒ္ဓ = နှစ်ပါးနှင့် ယှဉ်သော စိတ်ကား သသဒ်ရိကစိတ်-၅ တည်း။ ဝိစိကိစ္ဆာနှင့် ယှဉ်သောစိတ်ကား ဝိစိကိစ္ဆာသဟဂုတ်စိတ် တည်း။ ထို့တွင် ထိုင်းမှိုင်း လေးကန်ခြင်းသဘော ဒုမြို့သော ထိန, မိဒ္ဓသည် သဘာဝအားဖြင့် ထက်မြက်လှုပ်ရှားနေသည့်အသခ်ါရိကစိတ်များ၌

၃၃။ လေး-အကုလုံး၊ သုံးလော-စတ္၊ ဒေါတ္တင်ရ္၊ နှစ်ခု-သသင်မှာ၊

၃၄။ ဝိကိစ္ဆာတ္တင်၊ ဝိစိယ္ခဉ်၊ ငါး-အင်-သမ်နဉ်းဖြာ၊

၃၅။ ဆယ်-ကိုး - သောဘဏ၊ ယ္ခဉ်ကုန်ကြ၊ သဇ္ဇ သောဘဏာ။

မယ္ခဉ်နှင်သောကြောင့် သသခ်ါရိကစိတ်-၅ပါးဉ်သာ ယ္ခဉ်၏။ဝိစိကိစ္ဆာ စေတသိက်လည်း ပြင်းစွာစေတ္ခဝေခြင်း သဘောရှိ၍ မိမိနှင့်သဘောတူမျှသည့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ဉ်သာ ယ္ခဉ်၏ ကြင်းသောစိတ်ဉ် မယ္ခဉ်နှင်။

၃၃" ၃၄။ ဤသို့ယျှင် အကုသိုလ်စေတသိက်-၁၄ဉ် သမ္မယောဂနည်း သည် "လေး-အကုလုံး" ၏အရ-မောဟ,အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ လေးပါးတို့ဉ် (၁) နည်း, "သုံးလော" ၏အရ လောဘ, ဒိဋ္ဌိ,မာန = သုံးပါးတို့ဉ် (၁) နည်း, "စတ္၊ ဒေါတ္တင်ရ္" ၏ အရ-ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ = လေးပါးတို့ဉ် (၁)နည်း, "နှစ်ခု-သသင်မှာ" ၏ အရ-ထိန-မိဒ္ဓ = နှစ်ပါးဉ် (၁)နည်း။"ဝိကိစ္ဆာတ္တင်၊ ဝိစိယ္ခဉ်" ၏ အရ ဝိစိကိစ္ဆာစေတသိက်ဉ် (၁)နည်း = ပေါင်း (၅)နည်း ဖြစ်သတည်း။

အကုသိုလ်စေတသိက် (၁၄)ဉ်
သမ္မယောဂ-၅နည်းပြီး၏။

၃၅။ သောဘဏာ သာဓာရဏာ စေတသိက်-၁၉တို့နှင့် ယှဉ်သော စိတ်ကား သောဘဏစိတ် အကျဉ်း(၅၉)အကျယ်(၉၁)တည်း။ ။ ဤစေတသိက်-၁၉ပါးဟူသည် အပြစ်မရှိ ကောင်မြတ်တဲ့တယ ဖွယ်ရာသော သဘောရှိကြ၏။ ထို့ကြောင့်ကောင်းမြတ်တဲ့တယ ဖွယ်ရာသော သောဘဏ စိတ်များဉ်သာ ယ္ခဉ်ကြသည်။

၃၆၊ ဝိရတိသုံ၊ ပေါင်းချုံးအာစည်၊ လောကုတ်ယှဉ်၍၊
ကုတ္တဝင်မဟာ၊ ယှဉ်လေပါ၊ ရုံခါသိုးသိုးသာ၊

၃၇၊ ဧဒွေးပမည်၊ပဉ်စျာန်ဆုံးပစ်၊ဆယ်နှစ်-ရူပါ၊မဟာ
ကု,ကြို၊ ပေါင်းဌာဝိ၊ ဖြစ်ပြို-သိုးရုံခါ၊

၃၆။ ဝိရတီစေတသိက်- ၃ပါးတို့သည် လောကုတ္တရာစိတ်-၈ပါး တို့၌ အမြဲတပေါင်းတည်း ယှဉ်ကုန်၏။ ။လောကီဝိရတိမျိုးကဲ့သို့ လောကုတ္တရာ ဝိရတိမျိုး၌ မုသာဝါဒ-စသော ဒုစရိုက်,ဒုရာဇိဝမျိုး ကို တခုစီတခုစီ ပယ်သတ်မနေရ၊ ထိုထိုမဂ်၏ အခိုက်အတန့်၌ပင် အကြွင်းအကျန် မရှိအောင် သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်သတ်၍ နိဗ္ဗာန် လျှင် အာရုံရှိသောကြောင့် ၎င်းစေတသိက် ၃ပါးတို့သည် လောကုတ္တရာ စိတ်-၈ ပါးတို့၌ အမြဲတပေါင်းတည်း ယှဉ်ကြ၏။ မဟာကုသိုလ် စိတ်-၈ ပါးတို့၌ ယှဉ်ကြသော ဝိရတိစေတသိက်တို့ကား ရှောင်ကြဉ် ခိုက်ဖြစ်သော ဒိဘိတ္တမိတမ္မဝတ္ထုကိုသာ အာရုံပြုကြ၍ ရှောင်ကြဉ်ခိုက် မကုတ်သော ဝိတိတ္တမိတမ္မဝတ္ထုများကို အာရုံမပြုနိုင်ကြရကား ဝတ္ထု အားလျော်စွာ အာရုံအမျိုးမျိုး ပြားသောကြောင့် အမြဲတပေါင်း တည်း ယှဉ်ကြဘဲ ရုံခါ အသီးအသီး တပါးစီသာလျှင် ယှဉ်ကြသည်။

၃၇။ သမာနဝါဒအားဖြင့် အပ္ပမညာ- ၂ ပါးနှင့် ယှဉ်သောစိတ် ကား ပဋ္ဌမစျာန်စိတ်-၃ပါး ကြဉ်သော ရူပစိတ်-၁၂,မဟာကုသိုလ်စိတ်-၈,မဟာကြိုယာစိတ် ၈ = ပေါင်း (၂၈)တည်း။ ထိုသို့ ယှဉ်ရာဝယ် ဘုရားစသည်ကို အာရုံပြုသောအခါ၌ မယှဉ်၊ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း,ဝမ်းနည်းခြင်း ဖြစ်သောအခါ၌သာ ယှဉ်၏။ယှဉ်သော အခါ၌လည်း အာရုံပြားသောကြောင့် တပေါင်းဘည်းမယှဉ်။ ကရုဏာ ယှဉ်ခိုက် မုဒိတာမယှဉ်။ မုဒိတာယှဉ်ခိုက် ကရုဏာမယှဉ်။ ၎င်းသို့ အသီး အသီးသာ ယှဉ်၏။

၃၈။ ပညာစေတသိက်၊ ဉာဏ်ဒိဋ္ဌဆယ့်နှစ်၊ ကြည်ပစ်
သေသ၊ သောဘဏ၊ ယှဉ်ကြ-သတ်စတ္တာ၊
၃၉။ သော, သောဘဏ၊ သောဠ-ဝိတ်၊ ဠဝိ-ပမဉ်၊
ပညာယှဉ်ကြ၊သတ်စတ္တာ၊ လေး၀-သဓ်နည်းဖြာ၊

တနည်း။ ကေစိဝါဒအားဖြင့် အပ္ပမညာ - ၂ပါးနှင့် ယှဉ်သောစိတ်
ကား ပဋ္ဌမဈာန်စိတ် - ၉ ပါး ကြဉ်သော ရူပစိတ် - ၁၂, မဟာကုသိုလ်
သောမနဿ ၄, မဟာကြိုယာသောမနဿ-၄ = ပေါင်း(၂၀)တည်း။
ဤစေတသိက်-၂ ပါးသည် သူတပါးကို ညှဉ်းဆဲလိုသော ဒေါသတည်း
ဟူသော ဝိဟိံသနှင့် သူတပါး၏ စည်းစိမ်ချမ်းသာ၌ မမွေ့လျော်သော
ဒေါမနဿတည်းဟူသော အရတိတရား နှစ်ပါးတို့၏ ဆန့်ကျင်ဘက်ဖြစ်၍
သောမနဿနှင့်သာ အမြဲယှဉ်သင့်သောကြောင့် ဥပက္ခာသဟဂတ်စိတ်-
၈ ပါး၌ ကြဉ်ရသည် ဟု ကေစိဆရာတို့ ဆိုကြ၏။ ဤဝါဒကို အဋ္ဌကထာ
များနှင့် မညီညွတ်သောကြောင့် နောက်နောက်ဆရာတို့ မနှစ်သက်ကြ။

၃၈။ ပညာစေတသိက်နှင့် ယှဉ်သောစိတ်ကား ဉာဏဝိပ္ပယုတ်
စိတ် ၁၂-ပါးကြဉ်သော သောဘဏစိတ်(၄၇)တည်း။ ။သမ္မာဒိဋ္ဌိ
မဂ္ဂင်ကို မရလျှင် မဂ်, ဖိုလ်ကို မရနိုင်။ သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသည်လည်း
ဤပညာစေတသိက်ပင်တည်း။ ထို့ကြောင့် သောကုတ္တရာစိတ်၌ ပညာ
ယှဉ်ကြောင်းကား ထင်ရှား၍ ယုံမှားဘွယ်မရှိထိုက်ပြီ။ မဟဂ္ဂုတ်ဈာန်
စိတ်များမှာ အဂမ္ဘီရသဘာဝအာရုံများ ဖြစ်ကြ၍ ပညာယှဉ်သင့်-
မယှဉ်သင့် ယုံမှားဘွယ်ရှိထိုက်၏။ သို့ရာတွင် ထိုဈာန်စိတ်များ၌လည်း
ကိလေသာနိဝရဏဝေးကွာသဖြင့် ပညာယှဉ်ကပါလာကြသောကြောင့်
အမြဲယှဉ်သည်ဟုမှတ်။

၃၉။ ဤသို့လျှင် သောဘဏစေတသိက်-၂၅ တို့၌ သမ္မဒေယာဂ
နည်းသည် "သော+သောဘဏ"၏အရ = သောဘဏစိတ် (၅၉)

၄၀၊ ဣာသည်, မစ်, ကုတ်တွဲ၊ တက္ခဲ-ဝိတိ၊ နှစ်လိ-ပမဉ္ဉ၊ သူတို့တွင်၊ ယှဉ်လေသည်းရံခ'၊။

၄၁၊ မာန-တက္ခဲ၊ထိမိဒ်တွဲ၍၊ ဖြစ်ဖြဲရံဘန်၊ ကြွင်းသေသံ၊ ယှဉ်ရန် ခပ်သိမ်းခါ။

တို့နှင့် ယှဉ်သော သောဘဏ သာဓာရဏ စေတသိက်-၁၃-တို့ဦ(၁)နည်း, "သောဠသ ဝိတ်" ၏အရ = ၁၆-ပါးသော စိတ်တို့နှင့်ယှဉ်သော ဂိရတီစေတသိက်-၃-တို့ဦ(၁)နည်း, "ဒွေဝိ-ပမဉ်" ၏အရ = ၂၈ ပါးသော စိတ်တို့နှင့်ယှဉ်သော အပ္ပမညာစေတသိက်-၂ တို့ဦ (၁)နည်း, "ပညာယှဉ်ကြ၊ သတ်စတ္တ" ၏ အရ = ၄၇-ပါးသော စိတ်တို့နှင့် ယှဉ် သော ပညာစေတသိက်ဦ(၁)နည်း = ပေါင်း၄နည်းဖြစ်သတည်း။

သောဘဏ စေတသိက်(၂၅)ပါးဦ
သမ္မယောဂ ၄-နည်း ပြီး၏။

၄၀။၄၁။ မိမိတို့ယှဉ်ရာစိတ်ဖြစ်တိုင်း အမြဲမယှဉ်ကြသော စေတသိက်များကို အနိယတ ယောဂီစေတသိက်ခေါ်၍။ အမြဲယှဉ်ကြသော စေတသိက်များကို နိယတယောဂီစေတသိက်ခေါ်၏။ထိုတွင် ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာ,မာန,ထိန,မိဒ္ဓ = ဤစေတသိက် ၁၁ - တို့ကား အမြဲမယှဉ်ကြသော အနိယတယောဂီ စေတသိက်များတည်း။ ကြွင်းသော စေတသိက်- ၄၁ တို့ကား အမြဲယှဉ်ကြသော နိယတယောဂီ စေတသိက်များတည်း။

အနိယတယောဂီ စေတသိက်တို့တွင်လည်း ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ-၃ ပါးတို့မှာ ဒေါသမူစိတ်ဖြစ်တိုင်း မယှဉ်ကြ။ သူတပါး စည်းစိမ်ကို ငြူ။စူခြင်းဓာသည်ဖြစ်သောအခါ၌သာ ယှဉ်ကြ၏။ ယှဉ်သော

အခါမှာလည်း အာရုံကွဲပြားကြသောကြောင့် တပေါင်းတည်း မယှဉ်ကြ။ ဇာသာယှဉ်ခိုက်မဆုရိယ, ကုက္ကုစ္စမယှဉ်၊ မဆုရိယယှဉ်ခိုက်ဇာသာ, ကုက္ကုစ္စမယှဉ်။ ကုက္ကုစ္စယှဉ်ခိုက်ဇာသာ,မဆုရိယ-မယှဉ်။ ဤသို့အသီးအသီးယှဉ်ကြသည်။

ဝိရုတ်စေတသိက်တို့လည်း မိမိယှဉ်ရာမဟာကုသိုလစိတ် ဖြစ်တိုင်း မယှဉ်ကြ။ဘုရားဖူးတရားနာပြုလုပ်ရာတို့၌ မယှဉ်ကြဘဲ ဒုစရိုက်,ဒုရာဇိဝတို့မှ ရှောင်ကြဉ်သောအခါတို့၌သာ ယှဉ်ကြ၏။ ယှဉ်သောအခါမှာလည်း သုံးပါးလုံးတပေါင်းတည်း မယှဉ်။ သမ္မာဝါစာ်ယှဉ်ခိုက် သမ္မာကမ္မန္တ, သမ္မာအာဇိဝ မယှဉ်။ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ, သမ္မာအာဇိဝ မယှဉ်။သမ္မာအာဇိဝ ယှဉ်ခိုက် သမ္မာဝါစာ,သမ္မာကမ္မန္တ မယှဉ်။ ဤသို့ အသီးအသီး ယှဉ်ကြသည်။

အပ္ပမညာစေတသိက်-၂ပါးလည်း မိမိယှဉ်ရာစိတ်ဖြစ်တိုင်း မယှဉ်၊ သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သောအခါ၌သာ ယှဉ်၏။ ယှဉ်သော်လည်း အာရုံမတူသောကြောင့် တပေါင်းတည်း မယှဉ်၊ ကရုဏာယှဉ်ခိုက် မုဒိတာမယှဉ်၊ မုဒိတာယှဉ်ခိုက် ကရုဏာမယှဉ်။ ဤသို့ အသီးအသီး ယှဉ်သည်။

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်-၄ပါးဖြစ်တိုင်းမယှဉ်။ မိမိကိုယ်ကိုခြိမ်မြောက်၍မာန်မာနထောင်လွှား တက်ကြွသောအခါ၌သာ ယှဉ်၏။ ထိန,ဒိဋ္ဌစေတသိက်-၂ပါးလည်း သသင်္ခါရိကစိတ်-၅ပါးဖြစ်တိုင်း မယှဉ်။ သူတပါးတိုက်တွန်း၍ သူ့အသက်သတ်ခြင်း-စသည်ကိုပြုသောအခါမျိုး၌ မယှဉ်ဘဲ စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းဝေသောအခါ၌သာ ယှဉ်၏။ ဤထိနနှင့်ဒိဋ္ဌ ၂ပါးကား ခွဲ၍မယှဉ် တပေါင်းတည်းတွဲ၍သာ ယှဉ်၏။

၄၂။ ဆတ္တိ - လောကုတ်၊ မဟဂ္ဂုတ်ရ၊ ပဉ္ဇတိ်သ၊ ကာမ-သောဖြစ်-သုံးဆယ် ၅စ်။

၄၃။ အာကု-သတ်ဗ၊ ဒွါဒိ-အဟိတ်၊ ယှဉ်စိတ်စဉ်ဖြာ၊ သင်္ဂဟ၊ပဉ္စင်းဝိုင်းလှစ်။

ဤသို့ ဇာသာ-စဒသာ စေတသိက်(၁၁)တို့သည် မိမိတို့ယှဉ်ရာစိတ် ဖြစ်တိုင်း ရံခါမယှဉ်ကြဘဲ ရံခါသာ ယှဉ်ကြ၏။ ကြွင်းသော စေတသိက် (၄၁)တို့ကား မိမိတို့ယှဉ်ရာစိတ်ဖြစ်တိုင်း အမြဲယှဉ်ကြ၏။ ထို့ကြောင့် "အနိယတယောဂိစေတသိက်, နိယတယောဂိ စေတသိက်" ဟူသော အမည်ကို ရကြလေသည်။

အနိယတယောဂိ, နိယတယောဂိစေတသိက်
ပြဆိုခန်းပြီး၏။

၄၂။ စိတ်တမျိုးတမျိုး၌ ယှဉ်နိုင်သမျှ စေတသိက်များကို ပေါင်းယူ ရေတွက်ရသောနည်းသည် "သင်္ဂဟနည်း"မည်၏။ထိုသင်္ဂဟနည်းသည် လည်း အကျဉ်းအားဖြင့် (၅)နည်းရှိ၏။ ၎င်းနည်းတို့ကား- "ဆတ္တိ သောကုတ်" အရ-လောကုတ္တရာစိတ်-၈ပါး၌ စေတသိက် ၃၆ ပါးယှဉ် ပုံကို ပြသော သင်္ဂဟနည်း(၁) "မဟဂ္ဂုတ်ရ၊ပဉ္ဇတိ်သ" အရ မဟဂ္ဂုတ် စိတ်-၂၇ပါး၌ စေတသိက် ၃၅ပါးယှဉ်ပုံကို ပြသော သင်္ဂဟနည်း(၁) "ကာမဇသောဘာဏစိတ်-၂၄ပါး၌ စေတသိက် ၃၈ပါးယှဉ်ပုံကို ပြသောသင်္ဂဟနည်း(၁)။

၄၃။ ထို့ပြင် "အကုသတ်-ဗ" အရ အကုသိုလ်စိတ်-၁၂ပါး၌ စေ တသိက် ၂၇ ပါးယှဉ်ပုံကို ပြသော သင်္ဂဟနည်း(၁) "ဒွါဒ်အဟိတ်" အရ အဟိတ်စိတ် = ၁၈ပါး၌ စေတသိက် – ၁၂ ပါး ယှဉ်ပုံကို ပြသော သင်္ဂဟနည်း (၁)တို့ ဖြစ်သတည်း။

၄၄။ ဆယ့်သုံးဿည၊ သောဘဏဝယ်၊ ပယ်-ပမည့်၊ ဆတ္တိံသံ၊ ပ-ဈာန် လောကုတ် ဖြစ်။

၄၅။ ဒု-မှာထက်ပယ်၊ တဝယ်-တက်, စ၁၊ စ,ပဉ္စမှ၁၊ ပဓိပါထဝ်ပယ်ဖြစ်။

၄၆။ ပ,ဒု,တ,စ၊ ပဉ္စမလျှောက်၊ သုံးဆယ့်ခြောက်, ငါး၊ လေး, သုံးဆ၁း၊ သုံးပါး အစဉ်ဖြစ်။

၆၄။ လောကုတ္တရာပဌမဈာန်စိတ်-၈ပါးတို့၌ အညသမာန်း စေတသိက်-၁၃၊ အပ္ပမညာဒွေးကြဉ်သော သောဘဏစေတသိက် - ၂၁ = ပေါင်း (၃၆)ပါးကို ယှဉ်ကုန်၏။ ။လောကုတ္တရာစိတ်သည် နိမ္မာန်ကို အာရုံပြု၏။ အပ္ပမညာဒွေးကား သတ္တဝါပညတ်ကို အာရုံပြု၏။ ဤသို့အာရုံမတူ ကွဲပြားသောကြောင့် အပ္ပမညာ-၂ပါးကို ကြဉ်ရသည်။

၄၅။ ဒုတိယဈာန် - ၈ပါးတို့၌ ယခင် (၃၆) ၌ ဝိတက်ကိုကြဉ် (၃၅) ပါး။ တတိယဈာန် - ၈ပါးတို့၌ ဝိတက်, ဝိစာရ ၂-ပါးကို ကြဉ် (၃၄)ပါး။ စတုတ္ထဈာန်-၈ပါးနှင့် ပဉ္စမဈာန်-၈ပါးတို့၌ ဝိတက်, ဝိစာရ,ဝီတိကိုကြဉ် (၃၃)ပါးတို့ ယှဉ်ကုန်၏။ (ဝိတက်-စသည် ပယ်နှုတ်ပုံ အလုံးစုံကို အောက် သမ္မယောဂနည်း၌ ပြဆိုခဲ့ပြီ)။

၄၆။ လောကုတ္တရာ ပဌမဈာန်စိတ်-၈ပါး, ဒုတိယဈာန်စိတ်-၈ပါး, တတိယဈာန်စိတ်-၈ပါး, စတုတ္ထဈာန်စိတ်-၈ပါး, ပဉ္စမဈာန်စိတ်-၈ပါးတို့၌ အသီးအသီး ယှဉ်ကြသော စေတသိက် အစဉ်တို့ကား (၃၆,၃၅, ၃၄,၃၃,၃၃) တို့ ဖြစ်ကြသည်၊ ထို့ကြောင့် လောကုတ္တရာစိတ်၌ သင်္ဂဟနည်း အကျယ်-၅ နည်း ရှိသတည်း။

လောကုတ္တရာစိတ်၌ သင်္ဂဟနည်း
၅-နည်း ပြီး၏။

၄၇။ အာညာ, သောဘဏ၊ နှစ်ဝဏ္ဏာဆိ၊ ဝိတိ-ပယ်ကျွန်၊ ပဥ္စတိံသံ၊ ပ-ဈာန်မဟာဂ်ဖြစ်။

၄၈။ ဒု,တ,စတွင်၊ ဂြိုးနည်းကြဉ်၊ ပဥ်တွင်-မပဉ်ပစ်။

၄၉။ သုံးဆယ်,,ငါး,,လေး၊ သုံး,,ဒွေး,,တိံသ, သင်္ဂဟာ၊ ပဋ္ဌာနဆုဉ် ဖြစ်။

—

၄၇။ မဟဂ္ဂုတ်ပဋ္ဌမဈာန်စိတ်-၃ ပါးဌ် အညသမာန်း စေတသိက်-၁၃, ဝိရတီစေတသိက်-၃ ပါး ကြဉ်သော သောဘဏစေတသိက်-၂၂ = ပေါင်း (၃၅)တို့ ယှဉ်ကုန်၏။ ။ဤဌ်ပဋ္ဌမဈာန်စိတ်-၃ ပါး တို့သည် ကသိဏ်းပညတ်-စသည်ကို အာရုံပြုကြ၏။ ဝိရတီစေတသိက် တို့ကား လောကီစိတ်ဌ် ယှဉ်သောအခါ ဝိတ်တ္တမိတမ္မဝဏ္ဏုကို အာရုံပြုကြ၏။ ဤသို့ အာရုံမတူသောကြောင့် ဝိရတီ-၃ပါးဘို့ကို ကြဉ်ရသည်။

၄၈။ လောကုတ္တရာဈာန်စိတ်များးနှည်းဘုစွာ ဒုတိယဈာန်စိတ်-၃ ပါးတို့ဌ် ယခင်စေတသိက် (၃၅)မှ ဝိတက်ကြဉ်-၃၄, တတိယဈာန်စိတ်-၃ပါးတို့ဌ် ဝိတက်, ဝိစာရကြဉ်-၃၃, စတုတ္ထဈာန်စိတ်-၃ ပါးတို့ဌ် ဝိတက်, ဝိစာရ, ဒိတိကြဉ် ၃၂ ယှဉ်ကြ၏။ ။ပဉ္စမဈာန်စိတ်-၃ ပါးတို့ဌ် (၃၂)မှ အပ္ပမညာ-၂ ပါးကိုထပ်၍ကြဉ်-၃၀ ယှဉ်ကြ၏။ ပဉ္စမဈာန်စိတ်ကား ကသိဏ်းပညတ်-စသောအာရုံ, အပ္ပမညာကား သတ္တဝါပညတ်အာရုံ ဤသို့အာရုံကွဲပြားသောကြောင့် ထိုနှစ်ပါးကို ထပ်မံကြဉ်ရသည်။

၄၉။ ဤသို့သျှင် မဟဂ္ဂုတ် ပဋ္ဌမဈာန်စိတ်-၉ ပါး, ဒုတိယဈာန်စိတ်-၃ပါး, တတိယဈာန်စိတ်-၃ပါး, စတုတ္ထဈာန်စိတ်-၃ ပါး, ပဉ္စမ

၅၀။ ရာသီ-ဆည်၊ သောဘဏရု၊ ဌတိ်ရှု၊ ကာ,ကု, ပန္နေးဖြစ်။

၅၁။ ဒု-တွက်ဉာဏ်ကြည်၊ တ-တွင်ဝိရှတ်၊ စတုက်-ဉာဏ်,ဝီ၊ နှုတ်ကျန်သည်၊သုံးလိ-ငွေးစဉ်ဖြစ်။

၅၂။ ကရိယာမှာ၊ ဌတိ်သာတွင်၊ဝိတ်ကြည်၍၊ ဝိတွင်-ပမည်၊ ထဝိမံကြည်၊လေးဆင်ရှေးနည်းဖြစ်။

ရာန်စိတ်-၁၅ ပါးဘို့၌ အသီးအသီးယှဉ်ကြသော စေတသိက်အစဉ်တို့ကား(၃၅,၃၄,၃၃,၃၂,၃၀) တို့ဖြစ်ကြသည်။ ထို့ကြောင့်မဟဂ္ဂုတ် စိတ်၌သင်္ဂဟနည်း အကျယ် ၅-နည်း ရှိသတည်း။

မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း
၅-နည်း ပြီး၏။

၅၀။ ကာမကုသိုလ် ပဌမဈေး၌၊ အညသမာန်း စေတသိက်-၁၃, သောဘဏ စေတသိက်- ၂၅ = ပေါင်း (၃၈)ပါးတို့ ယှဉ်ကုန်၏။

၅၁။ ကာမကုသိုလ် ဒုတိယဈေး၌ ယခင်(၃၈)မှ ဉာဏ်ငြိမ့်ယုတ်စိတ် ဖြစ်သောကြောင့် ဉာဏ် = ပညာ ၎တသိက်ကိုကြဉ် (၃၇)ပါး, တတိယဈေး၌ ဥပေက္ခာသဟဂုတ်စိတ် ဖြစ်းသာ့ကြောင့် ဝီတိစေတသိက ကြဉ် (၃၇)ပါး, စတုတ္ထဈေး၌ ဉာဏ်ငြိမ့်ယုတ်လည်းဖြစ်, ဥပေက္ခာသဟဂုတ်စိတ်လည်း ဖြစ်သောကြောင့် ဉာဏ်, ဝီတိ-စေတသိက်- ၂ပါးကြဉ် (၃၆)ပါးတို့ ယှဉ်ကုန်၏။ထို့ကြောင့် ဒုတိယဈေး,တတိယဈေး,စတုတ္ထဈေး = သုံးလိုက် အစဉ်ပြုလျှင် (၃၇,၃၇,၃၆)ဖြစ်၏။

၅၂။ ကာမကြိယာ ပဌမဈေး၌ အညသမာန်း စေတသိက်-၁၃, ဝိရတိ ကြဉ်သော သောဘဏ စေတသိက်- ၂၂ = ပေါင်း(၃၅)ပါး

သုံးဆယ့်ရှစ်,ခုနှစ်၊ ခုနှစ်ဆယ့်,ခြောက်ထပ်၊ ကုတ္တဉ်ဟပ်၍၊ ပဉ္စတိံသေး၊ ဓောဓော,တေး၊ ဤလေး—ကရိဖြစ်။

၅၄၊ သုံးဆယ့်သုံး,နှစ်၊ နှစ်,တစ်-ဝိပါက်၊ လေးစုံထွက်၍၊ သုံးချက်လေးလီ၊ က, ဝ, ကြို၊ ဖြစ်ဖြိုတဆယ့်,နှစ်။

တို့ ယှဉ်ကုန်၏။ ဒုတိယဒွေးဉ်ခ ဉာဏ်ကြဉ်(၃၄) တတိယဒွေးဉ်ခ ပီတိကြဉ်(၃၄) စတုတ္ထဒွေးဉ်ခ ဉာဏ်, ပီတိကြဉ်(၃၃)တို့ ယှဉ်ကုန်၏။ ဝိရတီစေတသိက်များမှာ အာရုံကွဲပြားသောကြောင့် ကြဉ်ရသည်။

မဟာဝိပါက် ပဉ္စမဒွေးဉ်ခအညသမာန်း စေတသိက်-၁၃, ဝိရတီအပ္ပမညာ ကြဉ်သော သောဘဏစေတသိက်-၂၀ = ပေါင်း (၃၃)တို့ ယှဉ်ကုန်၏။ ဒုတိယဒွေးဉ်ခ ဉာဏ်ကြဉ်, တတိယဒွေးဉ်ခ ပီတိကြဉ်,စတုတ္ထဒွေးဉ်ခ ဉာဏ်ပီတိကြဉ် စေတသိက်(၃၂,၃၂,၃၁)တို့ယှဉ်ကုန်၏။ ဤဉ်ခလည်း အာရုံပြားသောကြောင့် ဝိရတီ,အပ္ပမညာ စေတသိက်များကို ကြဉ်ရသည်။ ဤသို့ကာမကုသိုလ် ၈တ်ကဲ့သို့ ကာမကြိုယာ၈တ်, ကာမဝိပါက်၈တ်များဉ်လည်း သင်္ဂဟနည်း-၄ နည်း၈စ်ရှိကြ၏။

၅၁။၅၄။ ကာမကုသိုလ်ပဉ္စမဒွေးဉ်ခ စေတသိက်(၃၈) ဒုတိယဒွေးဉ်ခ(၃၇) တတိယဒွေးဉ်ခ(၃၇) စတုတ္ထဒွေးဉ်ခ(၃၆) ယှဉ်၏။ ကာမကြိုယာပဉ္စမဒွေးဉ်ခ(၃၅) ဒုတိယဒွေးဉ်ခ(၃၄) တတိယဒွေးဉ်ခ(၃၄) စတုတ္ထဒွေးဉ်ခ(၃၃)ယှဉ်၏။ ကာမဝိပါက်ပဉ္စမဒွေးဉ်ခ(၃၃)ဒုတိယဒွေးဉ်ခ(၃၂) တတိယဒွေးဉ်ခ(၃၂) စတုတ္ထဒွေးဉ်ခ(၃၁) ယှဉ်၏။ ကာမကုသိုလ်၈တ်ဉ် သင်္ဂဟနည်း-၄ နည်း, ကာမဝိပါက်၈တ်ဉ်-၄နည်း,ကာမ

၅၅။ ကာ-ကြွိဖိတ်နှင့်၊ မဟာဂိဖိတ်ဝယ်၊ ဝိတိပယ်နှုတ်၊ လောကုက်, ကာမ၊ ဝိပါက၊ နှစ်ဝ-ပမဉ္ဇိပစ်။

—

ကြွိယာစိဘ်၌-၎နည်းဗိ ရှိသောကြောင့် ကာမာဝစရသောဘဏစိတ်၌ သင်္ဂဟနည်းအကျယ် (၎ + ၎ + ၎ = ၁၂) တဆယ့်နှစ်နည်းရှိသတည်း။

ကာမာဝစရသောဘဏစိတ်၌ သင်္ဂဟနည်း

၁၂-နည်းပြီး၏။

၅၅။ ဝိရတ်စေတသိက် ၃-ပါးနှင့် အပွမညာဇစေတသိက်-၂ ပါးတို့သည် သောဘဏဇစေတသိက်များ ဖြစ်ကြသော်လည်း သောဘဏစိတ်တိုဖြစ်တိုင်း မယှဉ်ကြ။ အာရုံကဲ့ပြားလျှင်မယှဉ်၊ အာရုံမကဲ့ပြားသော သောဘဏစိတ်များဖြစ်မှသာ ယှဉ်ကြသည်။ ကာမကြွိယာစိတ်တို့သည် အဗျာကတဇာတ်ဖြစ်ကြ၏။ လောကီဝိရတီမှန်က စင်စစ်ကုသိုလ်သဘော ရှိသောကြောင့် ကာမကြွိယာစိတ်များ၌ ဝိရတ်မယှဉ်။ သီလဝိသုဒ္ဓိအစွမ်းဖြင့် ဒုစရိုက်တို့ကို ပယ်ပြီးသော ယောဂိသန္တာန်၌ တည်ကြည်မှု သမာဓိဖြစ်လာသျှင် မဟဂ္ဂုတ်ဈာန်များကို ရနိုင်သောကြောင့် ထိုဈာန်စိတ်များက သီးခြားပယ်စဉ် ဒုစရိုက်ဟု၍ မရှိပြီ။ လောကုတ္တရာကုသိုလ်ကဲ့သို့လည်း ဒုစရိုက်များကို အကြွင်းမဲ့မပယ်နိုင်သေး။ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၌လည်း ဝိရတ် မယှဉ်နိုင်။

ထိုမှတပါး အပွမညာ-၂ပါးကား သဏ္ဌာဝါပညတ်အာရုံတည်း။ လောကုတ္တရာစိတ်များကား နိဗ္ဗာန်ဒါရုံတည်း။ ဤသို့ အာရုံပြားသောကြောင့် လောကုတ္တရာစိတ်များ၌ အပွမညာ-၂ပါး မယှဉ်နိုင်။ ထို့ပြင် ကာမ

၅၆။ လောကုတ် ဈာနင်၊ မဖ်-ပမဉ်, ဈာန်၊ ကာတွင်ဉာဏ်, ပ၀ိ၊ဝိရတ၀ိ၊ ထူးလည်သူဘို့ဖြစ်၊

—

ဝိပါက်စိတ်များမှာ ပရိတ္တာတရားကို အာရုံပြုကုန်၏။ ဝိရတ၀ိ-၃ပါးကား ဝိတိက္ကမိတပ္ပဓာရုံ, အပ္ပမညာ-၂ ပါးကား သတ္တ၀ါပညတ်အာရုံဖြစ်၏။ ဤသို့ အာရုံပြားသောကြောင့် မဟာဝိပါက်စိတ်တို့၌လည်း ဝိရတ၀ိ, အပ္ပမညာစေတသိက်တို့ မယှဉ်ကြကုန်။

၅၆။ သောဘဏစိတ်တို့နှင့် ယှဉ်ကြသော စေတသိက်တို့ဟူင် အချို့စေတသိက်တို့သည် စိတ်တပါးနှင့်တပါး ထူးခြားအောင် ပြုဆောင်တတ်ကုန်၏။ ထိုစေတသိက်တို့ကား ဈာနင်ကိစ္စတင်သော ဝိတက်, ဝိစာရ, ဝီတိ,သုခ,ကေဂ္ဂတာ-၅ပါးနှင့် ကရုဏာ,မုဒိတာ,ပညိန္ဒြေ,ဝီတိ, ဝိရတ၀ိစေတသိက်-၃ပါး = ပေါင်း (၁၂)ပါးတို့တည်း။

လောကုတ္တရာစိတ်၌ ပဉ္စမဈာန်စိတ်, ဒုတိယဈာန်စိတ်-စသည် ကွဲပြားထူးခြားအောင် ဝိတက်-စသော ဈာနင်တရားက ပြုဆောင်၏။ အထူးမြှပုံ-ဝိတက်သည် ပဉ္စမဈာန်စိတ်၌သာ ယှဉ်၍ ဒုတိယဈာန်စိတ်-စသည်တို့၌ မယှဉ်။ ဤသို့ ဝိတက်ယှဉ်မှု,မယှဉ်မှုကို ဒေစ့ပြု၍ ပဉ္စမဈာန်စိတ်တမျိုး, ဒုတိယဈာန်စိတ်-စသည် တမျိုးအားဖြင့် ထူးခြား-ကွဲပြားရလေသည်။ ယင်းသို့ စိတ်တပါးနှင့်တပါး ထူးခြား-ကွဲပြားအောင် ဝိတက်ဈာနင်တရားက ပြုဆောင်၏။ဝိစာရ,ဝီတိ,သုခ,ကေဂ္ဂတာတို့ အထူးပြုဆောင်ကြပုံကို နည်းမြှီးလောက်ပြု။

ထိုမှတဖန် "မဖ်-ပမဉ်,ဈာန်" ဟူသောအပိုဒ်၌ "မဖ်" ဟူသည် မစ္ဆိုမ = အလယ် ဟု ဆိုလို၏။ ထင်ရှားခစအံ့-ကာမစိတ်တို့ကား ယုတ်သော ဟီနဓမ္မတို့တည်း။ လောကုတ္တရာစိတ်တို့ကား မြတ်သော ပဏီတဓမ္မတို့တည်း။ မဟဂ္ဂဟ်စိတ်တို့ကား အယုတ်,အမြတ်နှစ်ပါးတို့၏ အလယ်

ဖြစ်သော မင်္ဂ၀ိမဓမ္မတို့တည်း။ ထို မင်္ဂ၀ိမဖြစ်သော မဟဂ္ဂတ်စိတ်၌ အပ္ပမညာ-၂ပါးနှင့် ဈာနင်တရားတို့က စိတ်တပါးနှင့်တပါး ထူးခြား-ကွဲပြားအောင် ပြုဆောင်ကုန်၏။ အထူးပြုပုံ-အပ္ပမညာစေတသိက်-၂ ပါးသည် ပ,ဒု,တ,စ-ဟူသော အောက်စာန်စိတ် လေးပါးနှင့်ယှဉ်၍ ပဌမဈာန်စိတ်၌ မယှဉ်။ ဤသို့အပ္ပမညာယှဉ်မှု,မယှဉ်မှုကို အစွဲပြု၍ အောက်ဈာန်စိတ်လေးပါးနှင့် ပဌမဈာန်စိတ် ထူးခြင်း - ကွဲပြားရလေသည်။ ယင်းသို့ စိတ်တပါးနှင့်တပါး ထူးခြင်း-ကွဲပြားအောင် အပ္ပမညာ-၂ပါးက ပြုဆောင်၏။ ဈာန၌ငါးပါးအထူးပြုပုံကို-လောကုတ္တရာစိတ်၌ ဝိတက်ကိုနည်းဖြီးခဲလ။

ကာမာ၀စရ သောဘဏစိတ်၌ ပညိန္ဒြေစေတသိက်သည် ဉာဏသမ္ပယုတ်စိတ်-၁၂ ပါး၌သာယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ်-၁၂ ပါး၌မယှဉ်။ ဝီတိစေတသိက်သည် သောမနဿ-၁၂ ပါး၌သာ ယှဉ်၍ ဥပေက္ခာ-၁၂ပါး၌မယှဉ်။ ဤသို့,ဉာဏ်,ဝီတိတို့ယှဉ်မှု, မယှဉ်မှုကို အစွဲပြု၍ ဉာဏသမ္ပယုတ်စိတ်တမျိုး, ဉာဏဝိပ္ပယုတ်စိတ်တမျိုး, သောမနဿ သဟဂုတ်စိတ်တမျိုး, ဥပေက္ခာသဟဂုတ်စိတ် တမျိုးအားဖြင့် ထူးခြား ကွဲပြားရသည်။ ယင်းသို့ စိတ်တပါးနှင့်တပါး ထူးခြင်း-ကွဲပြားအောင်လည်း ဉာဏ်, ဝီတိတို့က ပြုဆောင်ကြ၏။

ဝိရတီစေတသိက်တို့လည်း ကာမကုသိုလ်၌သာ ယှဉ်၍ ဝိပါက်, ကြိယာတို့၌ မယှဉ်။ ထို့ကြောင့် ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်, ကြိယာစိတ်တို့ထူးခြား-ကွဲပြားအောင် ဝိရတီ-၃ပါးက ပြုဆောင်၏။ ဤသို့ စေတသိက် ၁၂-ပါးဘို့သည် စိတ်တပါးနှင့်တပါး ထူးခြင်း-ကွဲပြားအောင် ပြုဆောင်ကြ၏။

၅၇။ အကုသိုလ်ဝယ်၊ ကဗျာချယ်၊ ဆလွယ်သံပေါက်လျှစ်။

၅၈။ ဆယ့်သုံး-အညာ၊ လေးဝ-အကျ၊ သာဝေါ၊ တည်မှဆယ့်ခွန်ငါးစ်။

၅၉။ ဆယ့်ခွန်တွင်ပိုး၊ လော,ဒိဋ္ဌတိုး၊ ဆယ့်ကိုး-ပ-အဖြစ်။

၆၀။ လော,မာန်တိုးယူ၊ ဆယ့်ကိုးမှ၊ နည်းတူ-ဒု-အဖြစ်။

၆၁။ ပ,ဒု-ဆယ့်ကိုး၊ ဤနှစ်မျိုးတွင်၊ ဝိတိကြည်၊အာစည်ဆယ့်ရှစ်-တ,စဖြစ်။

၅၇။၅၈။ အကုသိုလ်စိတ် သင်္ဂဟနည်း၌ အညသမာန်း ဧစေတသိက်-၀၃, အကုသလသာဓာရဏ ဧစေတသိက်-၄ = ၅၂ဧစေတသိက် (၁၇) ပါးတို့ကို ဒွေးဦးစွာ မူတည်ထားပြီးမှ တိုးသင့်သောစိတ်၌ တိုးပြီးလျှင် လျော့သင့်သောစိတ်၌ လျော့ရမည်။

၅၉။၆၀။ လောဘမူ ပဋ္ဌမအသင်္ခါရိကစိတ်၌ မူတည်ထားသော ဧစေတသိက်-၁၇ ပါး၀ယ် လောဘ, ဒိဋ္ဌိ နှစ်ပါးကို ထပ်မံတိုးလျှင် (၁၉)ပါးတို့ယှဉ်ကုန်၏။ ဒုတိယ အသင်္ခါရိကစိတ်၌ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်သောကြောင့် ဒိဋ္ဌိကို နုတ်၍ ယခင်(၁၇)ပါး၀ယ် လောဘ, မာနကို ထပ်ထည့်လျှင် (၁၉)ပါးဘိုပင် ယှဉ်ကုန်၏။

၆၁။ လောဘမူ တတိယအသင်္ခါရိကစိတ်၌ ပဋ္ဌမစိတ်မှာ ယှဉ်သည့် ဧစေတသိက် (၁၉)ဌ်ကဲ့သဟဂုတ်စိတ် ဖြစ်သောကြောင့် ဒိဋ္ဌိကြဉ် (၁၈)ပါးတို့ ယှဉ်ကုန်၏။ စတုတ္ထအသင်္ခါရိကစိတ်၌လည်း ဒုတိယစိတ်မှာ ယှဉ်သည့် ဧစေတသိက် (၁၉)၌ ဥပေက္ခာသဟဂုတ်စိတ်ဖြစ်သော

၆၂။ ဒေါ, ဣာသ်, မစ်, ကုတ်၊ စတုက်သွင်းပြုန်၊ ပေါ်တိဆုန်၊ ဝိသံ အပဉ္ဇြစ်။

၆၃။ ဆ-ငါးခုတွင်၊ ထိ, မိန်တင်၊ သသင်ငါးရပ်ဖြစ်။

၆၄။ ဆန်, ပေါ်, ပယ်လစ်၊ ဆယ်တစ်-ဆည်၊ လေးဝ အာကာ၊ ဆယ်ငါးခု၊ ယှဉ်မှု-စိတ်ဥဋ္ဌစ်။

၆၅။ မိမောက်ကိုဆွင်း၊ ဝိစိသွင်းပြုန်၊ ဆယ်ငါးတန်၊ မှတ်ရန်-ဝိစိတ်ဖြစ်။

ကြောင့် ဒီဘိကိုကြဉ်၍ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ဖြစ်သောကြောင့်လည်း ဒိဋ္ဌိကိုနုတ်၍ မာနကိုထည့်လျှင် (၁၈)ပါးဘို့ပင် ယှဉ်ကုန်၏။

၆၂။ ဒေါသမူပဉ္စမအာသင်္ခါရိကဇိတ်ဥလည်း ယခင်မူတည်ထားသော စေတသိက်(၁၇)၌ ဒေါသမူစိတ်ဖြစ်သောကြောင့် ဒီတိကြဉ်-၁၆ ပါးကျုန်၏။ထိုတွင် ဒေါသ, ဣာသာ, မစ္ဆရိယ, ကုက္ကုစ္စ-ဟူသော ဒေါစတုက်ငေးပါးထည့်လျှင် စေတသိက်(၂၀)တို့ ယှဉ်ကုန်၏။

၆၃။ အာသင်္ခါရိကဇိတ်-၅မျိုးဉ်ယှဉ်သော စေတသိက်အသီးအသီးတွင် ထိန, မိဒ္ဓနှစ်ပါးကို ထဂ်၍ထပ်၍ထည့်လျှင် သသင်္ခါရိကဇိတ်-၅မျိုး၌ ယှဉ်ကြသော စေတသိက်တို့ဖြစ်ကုန်၏။ ထို့ကြောင့် လောဘမူပဉ္စမ သသင်္ခါရိကစိတ်၌ ယခင် အသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက် ၁၉ တွင် ထိန, မိဒ္ဓထည့်လျှင် စေတသိက်(၂၁)တို့ ယှဉ်ကုန်၏။ ထို့အတူ ဒုတိယသသင်္ခါရိကစိတ်၌(၂၁)တတိယသသင်္ခါရိကစိတ်၌(၂၀)စတုတ္ထသသင်္ခါရိကစိတ်၌(၂၀)ယှဉ်ကုန်၏။ ဒေါသမူသသင်္ခါရိကဇိတ်၌လည်း ယခင်စေတသိက်(၂၀)တွင် ထိန, မိဒ္ဓထည့်လျှင် စေတသိက်(၂၂)တို့ ယှဉ်ကုန်၏။

၆၄။၆၅။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဆန္ဒ, ပီတိ, ကြဉ်သော အညသမာန်: စေတသိက် ၁၂, အကုသလသာဓာရဏစေတသိက် – ၄ = ပေါင်း စေတ

၆၆။ ဆယ့်ကိုး, ဆယ့်ရှစ်၊ ဝိသစ်-၉၀၊ ဝိသေ-ဒွိန္ဓ၊ ပန္နရ၊ သတ္တာ-ယှဉ်နှံနည်းဖြစ်။

၆၇။ မှ ဆယ့်ခွန်ဝယ်၊ ပယ်ပဝိ,ဓိ,ဆန်၊ ဝုဋ္ဌသ်ကျန်၊ သဗ္ဗံ-အာကုဖြစ်။

သိက်(၁၅)တို့ယှဉ်ကုန်၏။ ဝိစိကိစ္ဆာသမ္မယုတ်စိတ်၌ ဆန္ဒ,ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက်-၁၀,အကုသလသာဓာရဏာစေတသိက်-၄, ဝိစိကိစ္ဆာ-၁ = ပေါင်း စေတသိက် (၁၅) ပါးတို့ယှဉ်ကုန်၏။

၆၅။ ဤသို့စေတသိက် အရေအတွက် တူညီကြသော စိတ်များကို ပေါင်း၍ ရေတွက်လျှင် စေတသိက်-၁၉ ပါးတို့၌ သင်္ဂဟနည်း(၁) ၁၀ ပါးတို့၌ သင်္ဂဟနည်း(၁) ၂၀၌သင်္ဂဟနည်း(၁) ၂၁၌သင်္ဂဟနည်း(၁) ထို့မှတဖန် စေတသိက်-၂၀၌ သင်္ဂဟနည်း (၁) ၂၂၌ သင်္ဂဟနည်း(၁) ၁၅၌သင်္ဂဟနည်း(၁)အားဖြင့် အကုသိုလ်စိတ်၌ သင်္ဂဟနည်း အကျယ်-၇နည်း ရှိသတည်း။

၆၇။ အကုသိုလ်စိတ်သင်္ဂဟနည်းဝယ် မူတည်ဖြစ်သော စေတသိက် ၁၇-၌ ဆန္ဒ,ပီတိ,အဓိမောက္ခစေတသိက်-၃ပါးတို့ကား အချို့သော အကုသိုလ်စိတ်၌သာ ယှဉ်၍ အချို့၌ မယှဉ်ကြသောကြောင့် ဤစေတသိက်-၃ပါးကို နုတ်ပယ်လိုက်လျှင် ၁၄ ပါးဘို့ ကျန်၏။ ထိုစေတသိက်-၁၄ပါးတို့ကား အလုံးစုံသော အကုသိုလ်စိတ်တို့နှင့်ယှဉ်ကြ၏။ မယှဉ်နိုင်သော အကုသိုလ်စိတ် မရှိဟု-မှတ်။

အကုသိုလ်စိတ်၌သင်္ဂဟနည်း
၇-နည်းပြီး၏။

၆၈။ အာဟိတ်စိတ်ဝယ်၊ ကဗျာချယ်၊ အာလွယ်သံပေါက်လျှစ်။

၆၉။ ဆယ့်သုံး-အညှာ၊ အရောင်းခံ၊ ပယ်ဆန်-ဆယ့်နှစ်ဟာသိဖြစ်။

၇၀။ ဆန်, ဒိ-ကြဉ်ပစ်၊ ဆယ့်တစ်-ဥဒ္ဒေါ၊ ဆန္ဒော, ဝိယ၊ ကြဉ်လေက-သုခသန္တိဖြစ်။

၇၁။ သုံး-မနောဓာတ်၊ နှစ်ရုပ် - အာဟိတ်၊ သန္ဓေစိတ်ဝယ်၊ ပယ်ဆန်, ဒိ, ဝိ၊ တဆယ်စိ၊ ငါးလိ-စိတ်မှာဖြစ်။

၆၈။ ၆၉။ အဟိတ်စိတ် သင်္ဘာနည်းဝယ် ဟသိတုပပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် = ၁၂ပါးတို့ ယှဉ်ကုန်၏။ ၎င်းပါးသောစိတ်များ၌ စိတ်စဉ်အဝိုင်း သင်္ဘာနည်းတို့ကို ပြဆိုခဲ့၏။ အဟိတ်စိတ်၌ကား စိတ်စဉ်အဝိုင်း မဟုတ်ဘဲ စေတသိက် အများဆုံး ယှဉ်နိုင်သော ဟသိတုပပ္ပါဒ်စိတ်မှစ၍ သင်္ဘာနည်းကို ပြသည်ဟု မှတ်လော။

၇၀။ ၎င်းခေါ် မနောဒွါရာဝဇ္ဇန်းပိပ်၌ ဆန္ဒ, ဒိတိကြဉ်သော အညသမာန်းစေတသိက်-၁၀တို့သည်၎င်း, သောမနဿသန္တိရဏစိတ်၌ ဆန္ဒ, ဝိရိယကြဉ်သော အညသမာန်းစေတသိက်-၁၀ တို့သည်၎င်း ယှဉ်ကုန်၏။

၇၁။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုကျိုးဒွေးဟု ဆိုဒေါင်သော မနောဓာတ် ၃-ခုခွင်း, အဟိတ်ပဋိသန္ဓေအစုံဟုဆိုအပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်-၂တို့ဌ်ခွင်း ဆန္ဒ,ဒီဘိ,ဝိရိယကြဉ်သော အညသမာန်းစေတသိက် (၁၀)စီ ယှဉ်ကုန်၏။

၇၂။ ပဋ္ဌာဂိဉ်မှာ၊ ဓွန်နှစ်ဖြာ၊ သာဝေ - သ ဓွ ဖြစ်၊
၇၃။ ဆယ့်နှစ်, ဆယ့်တစ်၊ တဆယ်ဖြစ်၍၊ ဓွန်နှစ်တာဝ၊
အစဉ်ပြု၊ ယှဉ်ကြ-လေးနည်းဖြစ်။

—

၇၄။ ငါး, ငါး, ဆယ့်နှစ်၊ ဓွန်နှစ်, လေးဝ၊ အစဉ်ရ၊
သင်ဟ-တေတ္တိံ ဖြစ်၏။

၇၂။ ဒွေးပဋ္ဌဝိညာဏ်-၁၀တို့၌ သဗ္ဗစိတ္တသာဓာရဏာ စေတသိက် (၇)ပါးတို့ ယှဉ်ကုန်၏။

၇၃။ ဤသို့လျှင် စေတသိက် - ၁၂ပါးတို့နှင့် ယှဉ်သော ဟသိတုပ္ပါဒ်စိတ်၌ သင်္ဂဟနည်း (၁) စေတသိက်-၁၁ပါးစိတ်တို့နှင့် ယှဉ်သော ဝုဋ္ဌော, သောမနဿ သန္တီရဏစိတ်တို့၌ သင်္ဂဟနည်း (၁) စေတသိက်-၁၀ပါးစိတ်တို့နှင့် ယှဉ်သော မနောဓာတ်-၃, ဥပေက္ခာသန္တီရဏစိတ် - ၂ တို့၌ သင်္ဂဟနည်း(၁) စေတသိက်-၇ပါးတို့နှင့် ယှဉ်သော ဒွေးပဋ္ဌဝိညာဏ်-၁၀ တို့၌ သင်္ဂဟနည်း (၁) အားဖြင့် အဟိတ်စိတ်၌ သင်္ဂဟနည်း အကျယ်-၄နည်း ရှိသတည်း။

အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-နည်းပြီး၏။

၇၄။ ပြဆိုခဲ့ပြီးသော သင်္ဂဟနည်းသည် အကျဉ်းအားဖြင့်-၅ နည်း ရှိ၍ အကျယ်အားဖြင့် (၃၃)နည်းရှိ၏။ သုံးဆယ့်သုံးနည်းကား "ငါး, ငါး,ဆယ့်နှစ်"၏အရ လောကုတ္တရာစိတ်-၈ ပါး၌ သင်္ဂဟနည်း (၅) မဟဂ္ဂုတ်စိတ်-၂၇ပါး၌ သင်္ဂဟနည်း (၅) ကာမာဝစရ သောဘဏာစိတ်-၂၄ပါး၌ သင်္ဂဟနည်း(၁၂)ထိုမှတပါး "ဓွန်နှစ်-လေးဝ"၏

၇၅။ သမ်, သင်- နယ၊ နည်းနှစ်ဝကို၊ ကျနသိလေ၊ စေသိက်တွေ၊တွက်ရေ-စိတ်မျှလှစ်။

၇၆။ သင်္ဘာနှင့်ဆ၊ သံပေါက်ပြု၍၊ ဖထွနက်သန်၊ သိလွယ်ရန်၊ စေကဏ်အပြိုးဖြစ်။

စေတသိက်ဝိုင်းသံပေါက်ပြုံး၏၊

—

အရ အကုသိုလ်စိတ်-၁၂ ပါး၌ သင်္ဘာနည်း(၇)အဟိတ်စိတ်-၁၈ပါး၌ သင်္ဘာနည်း(၄)တို့တည်း။ ဤသို့လျှင် သင်္ဘာနည်းအကျယ်သည်(၅+၅+၁၂+၇+၄=၃၃)သုံးဆယ့်သုံးနည်း ဖြစ်သတည်း။

၇၅။ စေတသိက်ဘို့၏ စိတ်၌ယှဉ်ပုံ-ယှဉ်နည်းကိုပြသောသမ္မယော ဂ(၁၆)နည်းနှင့် စိတ်တမျိုးတမျိုး၌ ယှဉ်ထိုက်သမျှ စေတသိက်တို့ကို ပေါင်းယူရာဘွက်အပ်သော သင်္ဘာနည်း(၃၃)နည်းတို့ကို ကျနပိုင်နိုင်စွာကြည့်ရှုလေ့လာမှတ်သားထားလျှင် "ဤစေတသိက်သည် ဤစိတ်၌ ယှဉ်၏။ ဤစိတ်၌မယှဉ်။ ဤစိတ်သည်လည်း ဤစေတသိက်များနှင့် ယှဉ်၏။ဤစေတသိက်များနှင့်ကား မယှဉ်" ဟု စိတ်ယှဉ်,စေတသိက်ယှဉ်တို့ကို လိမ္မာကျွမ်းကျင်စွာ တတ်သိနားလည်နိုင်၏။

ထိုမှတပါးလည်း "**စိတ္တေန သမမုဒ္ဓဋ္ဌေ**" ဟူသော သဒ္ဒါဟ်ကျမ်းဆရာ အရှင်အနုရုဒ္ဓါ၏ အမှာစကားနှင့်လျော်ညီစွာ စိတ်အရေအတွက်နှင့်အမျှ စေတသိက်အရေအတွက်ကိုလည်းရေတွက်မှတ်သားရ၏။ဥပမာ-ဖဿစေတသိက် ယှဉ်နိုင်သောစိတ်မှာ အကျဉ်း(၈၉)အကျယ်(၁၂၁)ပို့သော်ကြောင့် ဖဿစေတသိက်ပေါင်းလည်း စိတ်အရေအတွက်နှင့်အမျှ အကျဉ်း(၈၉) အကျယ် (၁၂၁)ရှိ၏။ ဝေဒနာ-စသည်နည်းတူမှတ်။

ဝိတက်စေတသိက်သည် (၅၅) ပါးသောစိတ်၌ ယှဉ်သောကြောင့် လောဘမူစိတ်(၈)ပါး၌ ဝိတက်-၈ပါး, ဒေါသမူစိတ်-၂ပါး၌ ဝိတက်-၂ပါး- ဤသို့စသည်ဖြင့် ဝိတက်ယှဉ်သမျှ စိတ်-၅၅ပါးအား လျော်စွာ ဝိတက်စေတသိက်လည်း (၅၅)ပါးရှိ၏။ နောက်ဆုံးဖြစ်သော ပညာစေတသိက်ယှဉ်သည့်စိတ်(၄၇)ပါး ရှိသည်အား လျော်စွာ ပညာစေတသိက်ပေါင်းလည်း (၄၇)ပါးပင်ရှိ၏။ ဤသို့ ယှဉ်ရာ စိတ်အဂုဏ်အတွက်နှင့်အမျှ စေတသိက်တပါးတပါးကိုလည်း ရေတွက်မှတ်သား ထားရမည်-ဟူ၍ နှုံးညွှန်းပြသ နယုပဒေသ ပေးတော်မူလိုသောကြောင့် "စေသိက်တွေ၊ တွက်ရေစိတ်မျှလှစ်" ဟု ရေးစပ်ပြဆိုတော် မူအပ်သတည်း။ ။

စေတသိက်ဒိုင်းပြီး၏။

ပကိဏ်းဝိုင်း

၁။ ဝေဒနာ, ဟိတ်၊ကိစ္စ, ဒွါရ၊အာလမ္ဗဏော်၊ဝတ္ထု၊ လွောက်၊ ခြောက်ခု–သင်္ဂဟ။

၂။ သုခ, ဒုက္ခ၊ ဥပေက္ခာဟု၊ သုံးဖြာတရပ်၊ သော မနဿနှင့်၊ ဒေါမနဿက၊ တနည်းမူ၊ ငါးယူဝေ ဒနာ။

—

၁။ စိတ်, စေတသိက် ပရမတ်နှစ်ပါးတို့ကို သင်္ဂဟ–ဒိပါးတို့ဖြင့် ရောပြွမ်း ပြဆိုအပ်သော အခန်း – အဝိုင်းသည် "ပကိဏ္ဏက ကဏ္ဍ ခေါ် ပကိဏ်းဝိုင်း" မည်၏။ ထို ပကိဏ်းဝိုင်း၌–

(၁) ဝေဒနာ သင်္ဂဟ	(၄) ဒွါရသင်္ဂဟ
(၂) ဟေတု သင်္ဂဟ	(၅) အာလမ္ဗဏ သင်္ဂဟ
(၃) ကိစ္စသင်္ဂဟ	(၆) ဝတ္ထုသင်္ဂဟ

ဟူ၍ သင်္ဂဟ (၆) မျိုး ရှိ၏။ ဤသင်္ဂဟ (၆) မျိုးတို့ဖြင့် စိတ်, စေတသိက် နှစ်ပါးတို့၌ စိတ်ကို ပဓာနထား၍ ဝေဘန်ရေးသား ပြဆိုပေ၏-

၂။ ထိုသင်္ဂဟ (၆) မျိုးတို့တွင် ဝေဒနာအပြားအား ဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယှဉ် ရောတွက်ပြသော သင်္ဂဟသည် **ဝေဒနာသင်္ဂဟ** မည်၏။ ထိုသို့ထိုက္ကန်ဒေသနာတော်တို့၌ ဝေဒနာတို့ကို တပါး, နှစ်ပါး, သုံးပါး-စသော အားဖြင့် အမျိုးမျိုးအစားစား ဟောကြားအပ်ကုန်သော်လည်း အဘိဓမ္မာ ဒေသနာ ဓမ္မသင်္ဂဏီ ပါဠိတော်၌ "သုခါယ ဝေဒနာယ သမ္မယုတ္တာဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊အဒုက္ခမသုခါယဝေဒနာယ သမ္မယုတ္တာဓမ္မာ" ဟူ၍ ဝေဒနာ–ဒုမျိုးတို့ကိုသာ ဥ

၃။ ဒုက္ခမှာ-ဒု၊ သုခ-သုဟု၊ နှစ်ခုကာယ၊ ဗိညာဏ၊ ယူကြ-တစ်စိသာ။

ဤဒြယဝိဘင်းပဒဋ္ဌိတော်၌လည်း " သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ "ဟူ၍ ဝေဒနာ-၅မျိုးတို့ကိုဖြင့်ဟောကြားတော်မူလေသည်။ထို့ကြောင့် ဝေဒနာသင်္ဂဟကို ပြုဆိုရာ၌ ထိုထိုသုတ္တန်နည်းဘို့ကို မယူဘဲ အဘိဓမ္မာနည်းအရ နှစ်နည်းဖြင့်သာ ဒုဒုသားပြုဆိုသင့်၍ ထိုနှစ်နည်းဖြင့်သာ ဒေးသားပြုဆိုမည်။

ထိုနှစ်နည်းဘွင် ပဌမနည်းကား ဖောင်းမြှင်သော ဤဒွာရုံကို သာယာခံစားမှု-သုဝေဒနာ,မဖောင်းသော အနိဋ္ဌာရုံကို သာယာခံစားမှု-ဒုက္ခဝေဒနာ, အလယ်အလတ်ဖြစ်သော ဤဋ္ဌမဇ္ဈတ္တာရုံကို လျစ်လျူပြု၍ သာယာခံစားမှု-ဥပေက္ခာဝေဒနာဟူ၍ အာရုံကို ခံစားခြင်း-အာရမ္မဏာနုဘဝန လက္ခဏာ အားဖြင့် ဝေဒနာ-၃မျိုး ပြားသော နည်းဘည်း။

ဒုတိယနည်းကား ဤန္ဒြိယဘေဒ။ = ဤန္ဒြေအပြား အားဖြင့် သုခဝေဒနာ,ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ ဟူ၍ ဝေဒနာ ၅-မျိုး ပြားသောသဘောနည်းဟူ၍ ယင်းသို့ဝေဒနာအပြားဖြင့် စိတ်,စေတသိက်တို့ကို ရေတွက်ပြရမည်ဖြစ်၍ အရင်းခံဖြစ်သော ဝေဒနာအပြားဘို့ကို နည်းနှစ်ပါးဘို့ဖြင့် ရေတွက်ပြသိုရကား "သုခ,ဒုက္ခာဥပေက္ခာဟူ၏။ ငါးယူဝေဒနာ" ဟူသော ဤလက်ခံကို ရေးစပ်တော်မူအပ်သတည်း။

၃။ ဝိဘင်းပါဠိတော်နည်းအရ ဝေဒနံ-၅မျိုးတွင် ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ်ကား ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်တခုတည်း။ သုခဝေဒနာနှင့် ယှဉ်သောစိတ်ကား သုခသဟဂုတ် ကာယဝိညာဏ်စိတ် တခုတည်း။

၄။ သောဝေယျဉ်ကြွ၊ လောဘ-လေးလီ၊ သန္တိ, သုခ၊ ဟာသန၊ ဒွါဒ-သောကာမာ၊

၅။ ပ, ဒု, တ, စ၊ ဗျာနမဟာဂ်၊ လောကုတ်စွာဂ်၊ ပေါင်းယှက်-ဒွါသဋ္ဌာ၊

၆။ ဒေါမနဿဝေယျဉ်ကြွလေ၊ နှစ်ထွေ-ဒေါစိတ်မှာ၊

၇။ ဤမှကြွင်းငြား၊ ငါးဆယ် ငါး၊ မှတ်သားဥပေက္ခာ၊

၈။ သုဇ-ဒုဇ၊ ဒေါ-ဇွေးမှတ်ဘိ၊ ဒွါသဋ္ဌိမှု၊ သော-စိတ်ဟူ၊ ဥ-ယူဗျဉ်းပဋ္ဌာ၊

၄၊၅။ သောမနဿ ဝေဒနာနှင့် ယှဉ်သောစိတ်ကား လောဘမူသောမနဿ သဟဂုတ် (၄) သောမနဿ သန္တီရဏစိတ် (၁) ဟသိတုပ္ပါဒ်စိတ်(၁) ကာမာဝစရ သောမနဿ သဟဂုတ်စိတ် (၁၂) မဟဂ္ဂုတ်, လောကုတ္တရာ ပဋိပဒါဉာဏ်စိတ် (၁၁)ဒုတိယဈာန်စိတ်(၁၁) တတိယဈာန်စိတ် (၁၁)စတုတ္ထဈာန်စိတ် (၁၁)ပေါင်း (၆၂) ပါးသော စိတ်တို့တည်း။

၆။ ဒေါမနဿ ဝေဒနာနှင့် ယှဉ်သောစိတ်ကား ဒေါသမူစိတ်-၂ ပါးတည်း။

၇။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်ကား ကြွင်းသောစိတ် (၅၅)ပါးတည်း။ ကြွင်းသောစိတ် (၅၅)ပါတို့ကား သုခသဟဂုတ်စိတ်-၁, ဒုက္ခသဟဂုတ်စိတ်- ၁, သောမနဿ သဟဂုတ်စိတ်-၆၂, ဒေါမနဿ သဟဂုတ်စိတ်-၂တို့မှ ကြွင်းသော လောဘမူ ဥပေက္ခာသဟဂုတ်စိတ် (၄) မောဟမူစိတ် (၂) အဟိတ်ဥပေက္ခာသဟဂုတ်စိတ် (၁၄) ကာမာဝစရ ဥပေက္ခာ သဟဂုတ်စိတ် (၁၂) မဟဂ္ဂုတ် - လောကုတ္တရာပဋိပဒါဉာဏ်စိတ်- ၂၃ ပါးတို့တည်း။

၈။ ဤမြန်မာဘာဒနည်းဖြင့် ပြုခဲ့သော ဝေဒနာ-၅မျိုးနှင့်ယှဉ်ဖြစ်ကြသည့် စိတ်တို့ကို အကျဉ်းအားဖြင့် မှတ်သားရေတွက်လျှင် ''သုဇ-ဒုဇ''

အရ-သုခဝေဒနာနှင့် ယှဉ်သောစိတ်-၁, ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ်-၁။ "ဒေါ်ဓေန္ဒး-မှတ်တိ" အရ-ဒေါမနဿဝေဒနာနှင့် ယှဉ်သောစိတ်-၂။ "ဒွါသင်္ခိမ္ပု၊ သော-ဇိတ်ဟူ" အရ-သောမနဿ ဝေဒနာနှင့် ယှဉ်သောစိတ်-၆၂။ "ဥ-ယူဗျဉ်းပဋ္ဌာ" အရ-ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်-၅၅ ဖြစ်သတည်း။

ဝေဒနာသင်္ဂဟကို အကျဉ်း,အကျယ်အားဖြင့် ပြဆိုခဲ့ရာဝယ် ဇာန်ဖြစ်ဘေဒနံညီးဖြင့်သာပြဆိုခဲ့သည်။အာရမ္မဏာနုဘဝနညီးကို မပြဆိုခဲ့ချေ။ ထို့ကြောင့် အာရမ္မဏာနုဘဝန နည်းဖြင့်လည်း ဤသို့ သိမှတ်ဒေါ်။ ။ သုဝေဒနာနှင့် ယှဉ်သောစိတ်ကား သုခသဟဂတ်စိတ် (၆၃) တည်း။ ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ်ကား ဒုက္ခသဟဂတ်စိတ် (၂)တည်း။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောစိတ်ကား ဥပေက္ခာသဟဂတ်စိတ် (၅၅)တည်း။

အာရမ္မဏာနုဘဝနညီးဖြင့် ပြဆိုရာ၌ အာရုံတူရာ စိတ်ချင်းချင်း ပေါင်းယူရတွက်ရသည်။ ထို့ကြောင့် သောမနဿ သဟဂတ်စိတ် (၆၂)တို့၏အာရုံမှာလည်း ဇာဉ္ဇာရုံဖြစ်သည်။ သုခသဟဂတ်ကာယဝိညာဏ်စိတ်၏ အာရုံလည်း ဇာဉ္ဇာရုံပင်ဖြစ်သည်။ ဤသို့အာရုံတူရာစိတ်ချင်းပေါင်း၍ သုခသဟဂတ်စိတ် (၆၃)ဟု ဆိုရ၏။ ထိုမှတပါး ဒေါ်သမ္ဘဲဒွေး၏ အာရုံလည်း အနိဋ္ဌာရုံဖြစ်သည်။ ဒုက္ခသဟဂတ် ကာယဝိညာဏ်စိတ်၏ အာရုံလည်း အနိဋ္ဌာရုံဖြစ်သည်။ ဤသို့ အာရုံတူရာစိတ်ချင်းပေါင်း၍ ဒုက္ခသဟဂတ်စိတ် (၂)ဟု ဆိုရ၏။ ဥပေက္ခာသဟဂတ်စိတ် ဟူသမျှမှာ ဇာဉ္ဇမဇ္ဈတ္တာရုံချည်းဖြစ်၍ ပေါင်းယူရခွက်ဘွယ် အထူးမရှိပြီ။

ဝေဒနာသင်္ဂဟပြီး၏။

၉။ လောဘ, ဒေါသ၊ မောဟသုံးမည်၊ အ-သုံးလီ၊ ယှဉ်မှိဟိတ်ခြောက်ရပ်။

၉။ ဟိတ်အထူးအပြုံးအားဖြင့် စိတ်တို့ကို ပေါင်းပူးရောက်ပြဆိုရာ သင်္ဂဟသည် **ဟေတု သင်္ဂဟ** မည်၏။ ဟေတုသင်္ဂဟ၌ ဟိတ်တို့သည်-

(၁)လောဘဟိတ်	(၄)အလောဘဟိတ်
(၂)ဒေါသဟိတ်	(၅)အဒေါသဟိတ်
(၃)မောဟဟိတ်	(၆)အမောဟဟိတ်

ဟူ၍(၆)ပါးရှိကုန်၏။ ထိုဘွင် လောဘစေတသိက်သည် လောဘဟိတ်မည်၏။ ဒေါသစေတသိက်သည် ဒေါသဟိတ်မည်၏။ မောဟစေတသိက်သည် မောဟဟိတ်မည်၏။ အလောဘစေတသိက်သည် အလောဘဟိတ် မည်၏။ အဒေါသစေတသိက်သည် အဒေါသဟိတ်မည်၏။ပညာန္ဒြေစေတသိက်သည် အမောဟဟိတ် မည်၏။

ဤဟိတ်-၆ ပါး တရားဘို့သည် သမ္မယုတ်စိတ်, စေတသိက်တည်းဟူသော အာကျိုးတရားဘို့ကို ဖြစ်စေတတ်သောကြောင့် "**ဟိတ်**" မည်ကုန်၏။ ရဲသောက်မြစ်နှင့်တူသောကြောင့် "**မူလ**" လည်း မည်ကုန်၏။ သစ်ပင်၏ ရဲသောက်မြစ်မတို့သည် မြေအတွင်း, ရေအတွင်းဘို့ သက်ဆင်းတိုးဝင်၍ ပထဝီ၊ သ, အာပေါရသ တည်းဟူသော ဓာတ်ဆီ-ဓာတ်စေးတို့ကို စုတ်ယူကြွေးမြွင် ထိုဓာတ်ဆီ-ဓာတ်စေးဘို့ကို ပင်စည်-ပင်မကစ၍ အကိုင်း,အခက်, အရွက်,အသီးတိုင်အောင် ပျံ့နှံ့စေလျက် တပင်လုံးကို ကြီးပွားခိုင်ခံ့ တည်တန့်စေကုန်သကဲ့သို့၊ ထို့အတူ ဤဟိတ်-၆ပါး မူလတရားတို့သည်လည်း သမ္မယုတ်စိတ်, စေတသိက်များကို အာရုံ၌ တွယ်မိ ကပ်မိအောင် တွယ်မိကပ်မိသောအခါ၌လည်း ကြီးပွားခိုင်ခံ့ တည်တန့်နေအောင် အမြစ်မသဘွယ် ကုတ်တွယ်မှီကပ်၍ ပြုပြင်ပေးတတ်ကြကုန်၏။

၁၀။ အဟိတ်စိတ်ကို၊ အဟိတ်ဆို၊ ကြွင်းကို-ဤသတ်သတ်ဟိတ်မှတ်၊

၁၁။ မောဟမူစိတ်၊ ဤကဟိတ်၊ ခပ်နှိပ်မည်ပညတ်၊

၁၂။ ကြွင်း-အာကုစိတ်၊ ညာဏ်ဝိတ်-ဒွါဒ၊ သောဘဏကို၊ ဒွိဟိတ်ဆို၊ ပေါင်းလို-ဗာဝိမှတ်၊

၁၃။ ပညာ ယှဉ်ကြ၊ သတ်စတ္တာ၊ မည်ရ-တိဟိတ်မှတ်၊

၁၀။ ပဉ္စဒွါရာဝဇ္ဇန်း-၁, ဒွေးပဉ္စဝိညာဏ်-၁၀, သမ္ပဋိစ္ဆိ၂ကြိး-၂, သန္တီရဏ-၃, ဝုဋ္ဌာ-၁,ဟသိတုပ္ပါဒ်-၁ အားဖြင့် (၁၈) ပါး၊သာစိတ်တို့သည် လောဘစသော ဟိတ်တပါးနှင့်မျှ ယှဉ်ကြသောကြောင့် "**အဟိတ်စိတ်**"မည်ကုန်၏။ ကြွင်းသောစိတ် (၇၁) တို့သည် ဟိတ်တပါး, ဟိဟ်နှစ်ပါ, ဟိတ်သုံးပါး စသော ယှဉ်ဘက်ဟိတ် အသီးသီးရှိကြသောကြောင့် "**သဟိတ်စိတ်**"တို့ မည်ကုန်၏။

၁၁။ သဟိတ်စိတ် (၇၁)တို့တွင်လည်း မောဟမူစိတ်-၂ ပါးသည် မောဟဟိတ်တပါးနှင့်သာ ယှဉ်သောကြောင့် "**ဧကဟိတ်စိတ်**"မည်၏။

၁၂။ ကြွင်းသော အကုသိုလ်စိတ် (၁၀) ပါး, ညာဏဝိပ္ပယုတ်စိတ် (၁၂)ပါး = ၂၂ ပါးသောစိတ်တို့သည် ဟိတ်-၂ပါးစီနှင့်ယှဉ်ကြသောကြောင့် "**ဒွိဟိတ်စိတ်**"တို့မည်ကုန်၏။ ။လောဘမူစိတ်-၈ပါး၌ လောဘဟိတ်, မောဟဟိတ်-၂ပါး, ဒေါသမူစိတ်-၂ပါး၌ ဒေါသဟိတ်,မောဟဟိတ်-၂ပါး, ညာဏဝိပ္ပယုတ်စိတ်-၁၂ပါး၌ အလောဘဟိတ်,အဒေါသဟိတ် ၂ပါးစီနှင့် ယှဉ်ကြသောကြောင့် ၂၂စိတ် (၂၂) ပါးသည် ဒွိဟိဟ်စိတ် အမည်ရလေသည်။

၁၃။ ကာမာဝစရ ညာဏသမ္ပယုတ်စိတ်-၁၂ပါး, မဟဂ္ဂုတ်, လောကုတ္တရာစိတ်-၃၅ပါး = ၅၁ (၄၇) ပါးသော စိတ်တို့သည် အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်-၃ပါးနှင့် ယှဉ်ကြသောကြောင့် "**တိဟိတ်စိတ်**"တို့မည်ကုန်၏။

၁၄။ လော,ဒေါ,မောလျှင်၊ အကုတ္တင်၍၊အ-ယှဉ်တုံမှ၊
ကု,ဗျာယူ၊ နည်းဘူ-သုံးစိမှတ်။
၁၅။ ဆယ့်ရှစ်-အဟိတ်၊ ဇကဟိတ်-နွေး၊ ဗာဒိသေး
ကို၊ ဒွိဟိတ်ဆို၊ တိကို-သတ်စတ်မှတ်။

—

၁၄။ ဤဟိတ်တရားဘို့သည် သဘာဝ-လက္ခဏာအားဖြင့် (၆)ပါး သာ ရှိကြသော်လည်း ဇာတိဘေဒ,ဘူမိဘေဒအားဖြင့် ရေတွက်မှုကား မျှားပြားကုန်၏။ မျှားပုံမှာ– "လော,ဒေါ,မောလျှင်၊ အကုတ္တင်၍" ဟူသော လက်ာအရ-လောဘဟိတ်,ဒေါသဟိတ်, မောဟဟိတ်-၃ပါး သည် အကုသိုလ်ဇာတ်နှင့် ယှဉ်သောကြောင့် အကုသိုလ်ဟိတ်မည်၏။ "အ-ယှဉ်ဘုံမူ၊ ကု-ဗျာယူ"၏အရ-အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် - ၃ပါးသည် ကုသိုလ်ဇာတ်နှင့် ယှဉ်သောအခါ ကုသိုလ်ဟိတ်မည်၍ သဟိတ်ဝိပါက်,သဟိတ်ကြိယာနှင့် ယှဉ်သောအခါ အဗျာကတဟိတ်မည်၏။ ဤသို့ဇာတ်အားဖြင့်ရေတွက်လျှင် ဟိတ်(၉)ပါး ဖြစ်လာ၏။ သဟိတ်ဝိပါက်ဟိတ် - ၃ပါး, သဟိတ်ကြိယာဟိတ် ၃ပါးကို သီးခြားရေတွက်ပြန်လျှင် ဇာတ်အားဖြင့်ဟိတ်(၁၂)ပါးဖြစ်၏။

ဘုံအားဖြင့်လည်း ကာမတဆယ့်တဘုံ၌ ဟိတ်-၆ပါး, အသည်သတ်ကြဉ်သော ရူပ-၁၅ဘုံ၌ အလောဘ, အဒေါသ, အမောဟဟိတ် ၃ပါး, အရူပ-၄ဘုံ၌လည်းဌာန်းဟိတ်-၃ပါး, လောကုတ္တရာဘုံ၌လည်း ဌာန်းဟိတ်-၃ပါး=ပေါင်း(၁၅)ပါး ဖြစ်ကုန်၏။ ဤသို့ မျှားပြားကုန်၏။

၁၅။ ဤသို့လျှင် ဟေတုသင်္ဂဟ၌ ဟိတ်တပါးနှင့်မျှ မယှဉ်သော အဟိတ်စိတ်(၁၈)ဟိတ်တပါးနှင့်ယှဉ်သော ကေဟိတ်စိတ်(၂) ဟိတ်နှစ်ပါးနှင့်ယှဉ်သော ဒွိဟိတ်စိတ် (၂၂) ဟိတ်သုံးပါးနှင့်ယှဉ်သော တိဟိတ်စိတ်(၄၇)ရှိသတည်း။

ဟေတုသင်္ဂဟပြီး၏။

၁၆။ ပ,ဘ,အာ,ဒသိ၊ သ,ဃာ,ထပ်,ဂြန်၊သာ,ဇ,သမ်
ာန်၊ သန်,ဝ, ဇော, ဇ်၊ စု-ပါဂြုံ၊ လုံးဝုံကိစ္စ၊ဒုဿ၊
၁၇။ ပ,ဘ,အာ,ပဥ်၊ သမ်,သန်တင်ဂြန်၊ ဝုဉ်,ဇော,ရမ်-
စု၊ ဤဆယ်ခု၊ မည်မှုဌာနမှတ်။

၁၆။ ကိစ္စအထူးအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရောက် ပြဆို
ရာ သင်္ဂဟသည် ကိစ္စသင်္ဂဟမည်၏။ ကိစ္စသင်္ဂဟ၌ ကိစ္စတို့သည်-

(၁) ပဋိသန္ဓေကိစ္စ	(၈) ဖုသနကိစ္စ
(၂) ဘဝင်ကိစ္စ	(၉) သမ္ပဋိစ္ဆိုက်းကိစ္စ
(၃) အာဝဇ္ဇန်းကိစ္စ	(၁၀) သန္တီရဏ ကိစ္စ
(၄) ဒဿနကိစ္စ	(၁၁) ဥဋ္ဌေးကိစ္စ
(၅) သဝနကိစ္စ	(၁၂) ဇောကိစ္စ
(၆) ဃာယနကိစ္စ	(၁၃) တဒါရုံကိစ္စ
(၇) သာယနကိစ္စ	(၁၄) စုတိကိစ္စ

ဟူ၍ (၁၄) ပါး ရှိကုန်၏။ လောကဌ နေ့မှု,ထိုင်မှု,စား့မှု,သောက်မှု-
စသော အလုပ်တာဝန် ဟူသမျှကို ကိစ္စဟုခေါ်ရသကဲ့သို့၊ထို့အတူ စိတ်,
စေတသိက်တရားတို့၏ ဘဝတခုနှင့်တခုကို ဆက်စပ်ပေးမှုကိုပြုခြင်း, ဆင်
ခြင်မှုကို ပြုခြင်း-စသည်ကို "ကိစ္စ" ဟု ခေါ်ရလေသည်။

၌ကိစ္စ (၁၄) ရပ်တို့တွင် ဘဝန်ဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေး
ခြင်းသည် ပဋိသန္ဓေကိစ္စမည်၏။ ဥပပတ္တိဘဝဟု ဆိုအပ်သော လောက်ဝိ
ပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ မပြတ်စဲဘဲ ဖြစ်မြဲဖြစ်ကြောင်းအဖြစ်ဖြင့်
ဆက်စပ် ပေးခြင်းသည် ဘဝင်ကိစ္စမည်၏။အာရုံသစ်ကို ဆင်ခြင်ခြင်းသည်
အာဝဇ္ဇန်းကိစ္စမည်၏။ မြင်ခြင်းသည် ဒဿနကိစ္စ မည်၏။ကြားခြင်းသည်
သဝနကိစ္စမည်၏။ အနံ့ခံခြင်း-အနံ့ယူခြင်းသည် ဃာယနကိစ္စမည်၏။
လျက်ခြင်းသည် သာယနကိစ္စမည်၏။တွေ့ထိခြင်းသည် ဖုသနကိစ္စ မည်၏။
အာရုံကိုလက်ခံထားသကဲ့သို့ ဖြစ်ခြင်းသည် သမ္ပဋိစ္ဆိုက်း ကိစ္စမည်၏။

ဈာန်ဌာရုံလော,အနိဋ္ဌာရုံလော ဟု စုံစမ်းသကဲ့သို့ ဖြစ်ခြင်းသည် သန္နိဋ္ဌာရက္ခာကိစ္စမည်၏။ အာရုံကိုဒိုင်းခြင်း – မှတ်သားခြင်းသည် ဝုဋ္ဌာကိစ္စမည်၏။ အဟုန်ပြင်းစွာ ဖြစ်ပေါ်လာ၍ အာရုံ၏အရသာကို ခံစားခြင်းသည် ဇောကိစ္စမည်၏။ဇောယူပြီး အာရုံကို တဖန်ယူခြင်းသည် တဒါရုံကိစ္စမည်၏။ ပစ္စုပ္ပန်ဘဝမှ ရွှေ့လျှောသေလွန်ခြင်းသည် စုတိကိစ္စမည်၏။

၃၇။ လောကဌ်ဒ အလုပ်လုပ်ရာနေရာ,ပစ္စည်းထုတ်လုပ်ရာနေရာစသည်ကို အလုပ်ရုံအလုပ်ဌာန်ဟု ခေါ်ဝေါ် သုံးနှုန်းသကဲ့သို့။ ထို့အတူ ပဋိသန္ဓေ အစရှိသော စိတ်တို့၏ ဖြစ်တည်ရာ နေရာ-ဖြစ်တည်ရာအဆိုင်အခါကို"ဌာန"ဟုခေါ်ရ၏။ စိတ်တို့၏ ဖြစ်တည်ရာ-အဆိုင်အခါ ဟူသည်မှာ စင်စစ် ပရမတ်အားဖြင့် ထင်ရှားရှိသည်မဟုတ်၊ ရှေ့စိတ် နောက်စိတ်-၂ ပါးတို့၏ အကြားအကြားဖြစ်သော အနန္တရပစ္စတ်မျှသာ ဖြစ်သည်။ ထိုဌာနတို့သည်-

(၁)ပဋိသန္ဓေဌာန (၆)သန္တီရဏဌာန
(၂)ဘဝင်ဌာန (၇)ဝုဋ္ဌေးဌာန
(၃)အာဝဇ္ဇန်းဌာန (၈)ဇောဌာန
(၄)ပဉ္စဝိညာဏ်ဌာန (၉)တဒါရုံဌာန
(၅)သမ္ပဋိစ္ဆိုက်းဌာန (၁၀)စုတိဌာန

ဟူ၍(၁၀) ပါး အပြားရှိကုန်၏။ ထိုကွင် ပဋိသန္ဓေစိတ်၏ ဖြစ်တည်ရာဌာန-ဖြစ်တည်ရာ အဆိုင်အခါကာလသည် ပဋိသန္ဓေဌာနမည်၏။ဘဝင်စိတ်၏ ဖြစ်တည်ရာဌာန-ဖြစ်တည်ရာ အဆိုင်အခါကာလသည် ဘဝင်ဌာနမည်၏။ ကြွင်းသော ဌာနတို့ကိုလည်း ဤနည်းဖြင့် သိလေ။

ကိစ္စသရုပ်ဌက့သို့ ဌာနသရုပ်ဌ စက္ခုဝိညာဏ်-စသော ပဉ္စဝိညာဏ်သရုပ်ကို တခုစီသိုးခြုံးမထုတ်ဘဲ ပဉ္စဒွါရဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုက်းစိတ်-၂ ပါးတို့၏ အကြားဌ် စက္ခုဝိညာဏ်စသော ဝိညာဏ်-၅ ပါးတို့၏ ဖြစ်တည်ရာဌာန- ဖြစ်တည်ရာ အဆိုင်ကာလ ဖြစ်သောကြောင့် ဝိညာဏ်-၅ ပါးကို ပေါင်း၍ "ပဉ္စဝိညာဏ်ဌာန" ဟု တဌာနတည်းဖြင့်

၁၈။ ဥသဘံ ဒိန္နစ်၊ ဂုစ်မဟာဝိ၊ မဟာဂ် ဝိပါ၊ ဆယ်.ကိုး ဖြာမှု၊ ပ,ဘ,စု၊သုံးခု-ကိစ်မျာတပ်၊

၁၉။ အာ, ဒဿိ, သ, ဃာ၊ သာ,ဗု,ပဋိစ်၊ ကိစ္စတ္ထိမျာ၊ နှစ်စိဖြာ၊စိတ်မျာ-အဓစ္စိမှတ်။

ရေတွက်သည်။ထို့ကြောင့် ကိစ္စအားဖြင့် (၁၄)ပါးရှိသော်လည်း ဌာနအားဖြင့် (၁၀)ပါးသာ ရှိလေသည်။

ကိစ္စ, ဌာနထူးခြားပုံ-ပဋိသန္ဓေ-စသော ပရမတ်တရားတို့၏ ဘဝပေါင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးမှု, အာရုံကိုဆင်ခြင်မှု-စသော အခြင်းအရာသည် ကိစ္စမည်၏။ ထို အလုပ်ကိစ္စကို ပြုလုပ်ရာ ရှေ့စိတ် နောက်စိတ်တို့၏ အကြားအကြား ဖြစ်သော (ခဏငယ်သုံးချက်ခန့်) နေရာဌာန-အဆိုင်အခါကာလသည် ဌာနမည်၏။

၁၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်-၂, မဟာဝိပါက်စိတ်-၈, မဟဂ္ဂုတ်ဝိပါက်စိတ်-၉ = ၅၏(၁၉)ပါးသော စိတ်တို့သည် ပဋိသန္ဓေ အလုပ်, ဘဝင်အလုပ်, စုတိအလုပ်-၃မျိုးကို လုပ်ဆောင်တတ်ကြသောကြောင့် သုံးကိစ္စတပ်သော စိတ်တို့မည်ကုန်၏။

၁၉။

(က)အာဝဇ္ဇန်း ကိစ္စ တပ်သောစိတ်ကား ပဉ္စဒ္ဒါရာဝဇ္ဇန်းနှင့် မနောဒ္ဒါရာဝဇ္ဇန်းဘည်း။

(ခ)ဒဿနကိစ္စ တပ်သော စိတ်ကား စက္ခုဝိညာဏ်ဒွေးတည်း။

(ဂ)သဝနကိစ္စ တင်သောစိတ်ကား သောတဝိညာဏ်ဒွေးတည်း။

(ဃ)ဃာယနကိစ္စ တင်သောစိတ်ကား ဃာန ဝိညာဏ်ဒွေးတည်း။

(င)သာယနကိစ္စ တင်သောစိတ်ကား ဇိဝှါဝိညာဏ်ဒွေးတည်း။

(စ)ဖုသနကိစ္စ တင်သောစိတ်ကား ကာယဝိညာဏ်ဒွေးတည်း။

၂၀၊ သန္တိဒကိစ္စ၊စိတ်သုံးဝန့်၊ ဝေါဋ္ဌပ္ပမှာ၊ မနောဒွါ၊ သုသာ-ကိစ္စတပ်။

၂၁၊ ဝဋ္ဋနိုးကြဉ်ပြု၊ ကု-အာဏာနှင့်၊ ဖိုလ်ရု-ကြိုယာ၊ ဗျည်းပဋ္ဌာ၊ ဓောသာ ကိစ္စတပ်။

၂၂၊ ဂုစ်-မဟာဝိ၊ သန္ဓိကိန့်၊ ဇကိဒသာ၊ စိတ်တ္ဌိမှာ၊ ဒါရုံကိစ္စတပ်။

၂၃၊ ဥသန္ဓိကာ၊ စိတ်နှစ်ဝတ္ထို၊ ပ,ဘ,ရ,ဂမ်၊ သန္ဓိကံ၊ ငါးတန်ကိစ္စတပ်။

(ဆ) သမ္ပဋိစ္ဆိုကိစ္စ တပ်သော စိတ်ကား သမ္ပဋိစ္ဆ၀်းဒွေး တည်း။ ဤသို့တကိစ္စတပ်သော စိတ်သည် နှစ်ပါးစီရှိ၏။

၂၀။ သန္ဓိရဏ ကိစ္စတင်သော စိတ်ကား သန္ဓိရဏစိတ်- ၃ပါး တည်း။ ဝဋ္ဋောကိစ္စဘပ်သော စိတ်ကား မနုဿဒွါရာဝဇ္ဇန်း စိတ်တည်း။

၂၁။ ဇောကိစ္စတင်သောစိတ်ကား အကုသိုလ်စိတ်-၁၂, ကုသိုလ် ဒိတ်-၂၁, ဖိုလ်စိတ်-၄, အာဝဇ္ဇန်းဒွေးကြဉ်သော ကြိုယာစိတ်-၁၀ = ပေါင်း(၅၅)တည်း။

၂၂။ တဒါရုံကိစ္စတပ်သော စိတ်ကားမဟဂ္ဂဝိပါက်စိတ်-၈, သန္ဓိရဏ စိတ် ၃ = ပေါင်း(၁၁)တည်း။ ဤကား ကိစ္စ (၁၄)ပါးဖြင့် စိတ်တို့ကို ပိုင်းခြား ပြဆိုခြင်းတည်း။

၂၃။ ဥပေက္ခာသဟဂုတ် သန္ဓိရဏစိတ်-၂ ပါး တို့သည် ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ,စုတိကိစ္စ,တဒါရုံကိစ္စ,သန္ဓိရဏ ကိစ္စအားဖြင့် (၅) ကိစ္စတပ်ကုန်၏။

၂၄၊ ရုစ်မဟာဝိ၊ သန္ဓိ, ဘဝင်၊ စု,ဒါတွင်၊ လေးအင်-ကိစ္စတစ်၊

၂၅၊ ကိုးမဟာဂ်ဝိ၊သန္ဓိ, ဘဝင်၊ စုတိတွင်၊ ဆုံးအင်-ကိစ္စတစ်၊

၂၆၊ သောသန္တိမှာ, သန္တိ,ဒါမှတ်၊ ဝေါဌဗ် စိတ်မှာ၊ ဝုဋ္ဌော-အာ၊ နှစ်ဖြာ-ကိစ္စတစ်၊

၂၇၊ ဇော,မနောဓာတ်၊ တရုပ်-ပဉ္စ၊ ဝိညာဏစိတ်၊ ဂေ-စိက်စ်၊ မှတ်ဘိတ် သင့်ရာတစ်၊

၂၄။ မဟာဝိပါက်စိတ်(ဂ)ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ အားဖြင့်(၄)ကိစ္စတစ်ကုန်၏။

၂၅။ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးဘုံသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ အားဖြင့်(၃)ကိစ္စတစ်ကုန်၏။

၂၆။ သောမနဿ သန္တီရဏစိတ်သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စအားဖြင့်(၂)ကိစ္စတစ်၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ,ဝုဋ္ဌောကိစ္စအားဖြင့် (၂)ကိစ္စတစ်၏။

၂၇။ ဇော-၅၅, မနောဓာတ်-၃, ဒွေးပဉ္စဝိညာဏ်-၁၀ = ၅၅(၆၀)ပါးသော စိတ်တို့သည် ထိုက်သင့်သလို တကိစ္စ,တဋ္ဌာန-စိတ်သော စိတ်တို့မည်ကုန်၏။ ထိုဘွင် ဇော-၅၅ပါးသည် ဇောကိစ္စ-ဇောဋ္ဌာနတစ်၏။ သမ္ပဋိစ္ဆိုက်းဒွေးသည် သမ္ပဋိစ္ဆိုက်းကိစ္စ - သမ္ပဋိစ္ဆိုက်းဋ္ဌာန, ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ - အာဝဇ္ဇန်းဋ္ဌာန, စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ-ပဉ္စဝိညာဏ်ဋ္ဌာန,သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ-ပဉ္စဝိညာဏ်ဋ္ဌာန, ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ-ပဉ္စဝိညာဏ်ဋ္ဌာန, ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စ-

၂၈။ တစ်,နှစ်,သုံးပါး၊ လေး,ငါး-ကိစ္စ၊ ဌာနတပ်လစ်၊ ခြောက်ဆယ်,ရှစ်-နှစ်၊ ကိုး,ရှစ်,နှစ်၊ စိတ်ဖြစ်-အစဉ်မှတ်။

—

၂၉။ ပ-ဇ,ဘ-ဆ၊ အာ-ဒွ, ဝိဉ်-ဇ၊ သမ်,သန်-ဇွစ်၊ ဝဋ္ဋ-ဒွါဒ်၊ ခြောက်လိ-ဓောဠာမှတ်။

၃၀။ တဒါရုံ-ဒ္ဓိ၊ စု-တြိပြား၊ နှစ်ဆယ့်ငါး၊ မှတ်သား-ဌာနရပ်။

ပဏ္ဍိုညာဏ်ဌာန, ကာယဗိညာဏ်ဒွေးသည် ဖုသနကိစ္စ-ပဏ္ဍိုညာဏ်ဌာန် တပ်၏။

၂၈။ ဤကိစ္စသင်္ဂဟ၌ တကိစ္စ-တဌာနတပ်သောစိတ် (၆၈) နှစ်ကိစ္စ-နှစ်ဌာနတပ်သောစိတ် (၂) သုံးကိစ္စ-သုံးဌာနတပ်သောစိတ် (၉) လေးကိစ္စ-လေးဌာနတပ်သောစိတ် (၈) ငါးကိစ္စ-ငါးဌာနတပ်သောစိတ် (၂) ဟူ၍ စိတ်တို့ကို ကိစ္စ-ဌာန အကျဉ်းအားဖြင့် အစဉ်အတိုင်း မှတ်အပ်၏။ ဤကား စိတ်တို့ဖြင့် ကိစ္စ-ဌာနပါးတို့ကို ပိုင်းခြားပြဆိုခြင်းတည်း။

—

၂၉။ ၃၀။ စိတ်တို့၏ဖြစ်တည်ရာနေရာ-ဖြစ်တံ့တည်ရာအခါကာလ ဟူဆိုအပ်သော ဌာနသည် အကျဉ်းအားဖြင့် (၁၀) ပါးသာ ရှိသော်လည်း ရှေ့စိတ်, နောက်ဆုံးစိတ်တို့၏ အကြားဟူဆိုအပ်သော နေရာဌာနအထူး အပြားအားဖြင့် ရသင့်သမျှ အကျယ်ရေတွက်မူကား-

"ပ-ဇ,ဘ-ဆ" အရ-ပဋိသန္ဓေတဌာန, ဘဝင်-ဖ ဌာန,
"အာ-ဒွ,ဝိဉ်-ဇ" အရ-အာဝဇ္ဇန်းနှစ်ဌာန်, ပဏ္ဍိုညာဏ် တဌာန,

၃၁။ ရုတိ,ဘဝင်၊ အကြွားတွင်၊ ဤလျှင်-သန္ဓေရပ်၊
၃၂။ ပ,ဒါ,ဇော,ဝု၊ ဤလေးခုနောက်၊ အာ-သို့ဇရောက်
အောင်၊ ဒုါနောင် - ရုဇရောက်၊ ဇော, ရုဇရောက်၊
ခြောက်ခု-ဘဝင်ရေ့ပ်။
၃၃။ ဘ,ဝိဉ်,ဘ,ဇ၊ကြွားနှစ်ဝ၊ဝဇ္ဇံဌာနမှတ်၊

"သမ်,သန်-ဧဿိ"အရ- သမ္ပဋိစ္ဆိုကြွားတဋ္ဌာန, သန္တီရဏ
တဋ္ဌာန,
"ဝုဋ္ဌ-ဒ္ဌါမ္ဟိ"အရ-ဝုဋ္ဌော နှစ်ဋ္ဌာန,
"ခြောက်လီ-ဇောဋ္ဌာမှတ်"အရ-ဇောခြောက်ဋ္ဌာန,
"တဒါရုံ-ဋ္ဌိ"အရ-တဒါရုံ နှစ်ဋ္ဌာန,
"စု-တြိပြား"အရ-စုတိ သုံးဋ္ဌာန
အားဖြင့် ဋ္ဌာန်ပေါင်း (၂၅)ပါး ရှိသတည်း။

၃၄။ ဋ္ဌာန-၂၅ပါးတို့တွင် ဘဝဟောင်း၏အဆုံးသည် ရုတိမည်၏။ ဘဝသစ်၏အစသည် ပဋိသန္ဓေမည်၏။ ထိုပဋိသန္ဓေနှောင် ဘဝင် ၁၅ ကြိမ်, ၁၆ ကြိမ်ဖြစ်ပြီးမှ ဘဝနိကန္တိက လောဘဇော-စသည် ဖြစ်၏။ ထို့ကြောင့် ပဋိသန္ဓေ ဝီထိစဉ်အရ စုတိနှင့်ဘဝင်အကြွား ပဋိသန္ဓေဇိတ် ဖြစ်ရာဋ္ဌာန-ဖြစ်ရာအခါကာလသည် ပဋိသန္ဓေဋ္ဌာနမည်၏။

၃၅။ ပဋိသန္ဓေနှင့်အာဝဇ္ဇန်းအကြွားဋ္ဌ ဘဝင်တဋ္ဌာန, တဒါရုံနှင့် အာဝဇ္ဇန်းအကြွားဋ္ဌ ဘဝင်တဋ္ဌာန, ဇောနှင့် အာဝဇ္ဇန်း အကြွားဋ္ဌ ဘဝင်တဋ္ဌာန,ဝုဋ္ဌောနှင့် အာဝဇ္ဇန်းအကြွားဋ္ဌ ဘဝင်တဋ္ဌာန,တဒါရုံနှင့် စုတိအကြွားဋ္ဌ ဘဝင်တဋ္ဌာန, ဇောနှင့် စုတိအကြွားဋ္ဌ ဘဝင်တဋ္ဌာန အားဖြင့် ဘဝင်(၆)ဋ္ဌာန ရှိ၏။

၃၆။ ဘဝင်နှင့်ပဉ္စဝိညာဏ်အကြွားဋ္ဌ အာဝဇ္ဇန်းတဋ္ဌာန, ဘဝင်နှင့် ဓဇောအကြွားဋ္ဌ အာဝဇ္ဇန်းတဋ္ဌာန အားဖြင့် အာဝဇ္ဇန်း(၂)ဋ္ဌာနရှိ၏။

၃၄။ ဝိဉ်, သမ်, သန်, ဠာ၊ ဇ-စိမှာ၊ လွယ်သာ-စဉ်တွင်မှတ်။

၃၅။ ကိ, ဇော, တိ, ဘ၊ ကြားနှစ်ဝ၊ ဝေါဠ-ဠာနမှတ်။

၃၆။ ဝုဠ္ဒေါဇ်ါနောက်၊ ဒါရောက်ဘရောက်၊ ရုတ်ရောက်နှင့်၊ အာနောက်နည်းတူ၊ ဤခြောက်မူ၊ ဇောယူဠာနရပ်။

၃၇။ ဇော, ဘ, ဇော, ရ၊ ဤနှစ်ခုပွင့်း၊ ဒါခုံသွင်း၊ ဖြစ်ခြင်းဠာနမှတ်။

၃၄။ ပဏ္ဍဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆ၊်ကား အကြားသည် ပဥ္စဝိညာဏ်ဠာနမည်၏။ ပဥ္စဝိညာဏ်နှင့် သန္တီရဏအကြားသည် သမ္ပဋိစ္ဆ၊်ကားဠာနမည်၏ သမ္ပဋိစ္ဆ၊်ကားနှင့် ဝုဠ္ဒေါအကြားသည် သန္တီရဏဠာနမည်၏။ ဤသို့ပဥ္စဝိညာဏ်, သမ္ပဋိစ္ဆ၊်ကား, သန္တီရဏ ဠာနကား အစဉ်အတိုင်း တဠာနစီသာ ရှိ၏။

၃၅။ သန္တီရဏနှင့် ဇောအကြားဌ ဝုဠ္ဌေးတဠာန, သန္တီရဏနှင့် ဘဝင်အကြားဌ ဝုဠ္ဌေါတဠာနအားဖြင့် ဝုဠ္ဌေါ(၂)ဠာနရှိ၏။

၃၆။ ဝုဠ္ဌေးနှင့် တဒါရုံအကြားဌ ဇောတဠာန, ဝုဠ္ဌေါနှင့် ဘဝင်အကြားဌ ဇောတဠာန ဝုဠ္ဒေါနှင့် စုတိအကြားဌ ဇောတဠာန, အာဝဇ္ဇန်းနှင့် တဒါရုံ အကြား်ဌ ဇောတဠာန အာဝဇ္ဇန်းနှင့်ဘဝင်အကြားဌ ဇော်တဠာန, အာဝဇ္ဇန်းနှင့် စုတိအကြားဌ ဇောတဠာနအားဖြင့် ဇော(၆)ဠာနရှိ၏။

၃၇။ ဇောနှင့်ဘဝင်အကြားဌ တဒါရုံ တဠာန်, ဇောနှင့် စုတိအကြားဌ တဒါရုံ တဠာနအားဖြင့် တဒါရုံ(၂)ဠာနရှိ၏။

၃၈။ ဒါ,ပ,ဇောပါဘ,ပအကြား၊ဤသုံးပါး၊မှတ်သား-ရုတိရပ်။

—

၃၉။ စေတသိက်စု၊ကိစ္စမှု၊ပြုပုံ ဤသို့မှတ်။

၄၀။ အကု-ရာသီ၊ ဝိတ်ပေါင်းလေ၊ သတ္တရေ၊ ဇောကိစ်တပ်။

၃၈။ တဒါရုံနှင့် ပဋိသန္ဓေအကြား၌ စုတိတဒ္ဓာန, ဇောနှင့် ပဋိသန္ဓေအကြား၌ စုတိ တဒ္ဓာန,ဘဝင်နှင့် ပဋိသန္ဓေအကြား၌ စုတိတဒ္ဓာန်းအားဖြင့် စုတိ(၃)ဒ္ဓာနရှိ၏။ ။ဤ-၂၅ဒ္ဓာန အကျယ်ရေတွက် မှတ်သား ရာ၌ ဝိထိပိုင်းကို လေ့လာမှတ်သားပြီးသောအခါ၌ ငုံမိုသဘောပေါက်နားလည်ဘွယ်ရှိသောကြောင့် ဤ၌ လက်ဝ၏ အဓိပ္ပါယ် ပေါ်လွင်ရုံမျှ ရေတွက်ပြဆိုအပ်သတည်း။

၂၅-ဒ္ဓာန အကျယ်ပြဆိုခဏ်းပြီး၏။

—

၃၉။ အောက်သင်္ဂဟ-၂ပါး၌ စိတ်ကိုသာ ပဓာနထား၍ ရေးသားပြဆိုခဲ့သော်လည်း ဤကိစ္စသင်္ဂဟ၌မူ စေတသိက်တို့ ကိစ္စတပ်ပုံ အလုံးစုံကို ပြည့်စုံစွာ ထည့်သွင်းဖေါ်ပြလိုသောကြောင့် "စေတသိက်စု၊ကိစ္စမှု၊ ပြုပုံ ဤသို့မှတ်" စသော လက်ဝစကားရပ်တို့ကို ရေးစပ် ပြဆိုတော်မူအပ်ပေသည်။

၄၀။ စေတသိက်-၅၂ပါးတို့တွင် အကုသိုလ်စေတသိက်-၁၄,ဝိရတီစေတသိက် ၃ = ပေါင်း(၁၇)ပါးတို့သည် ဇောကိစ္စတမျိုးသာတပ်ကုန်၏။ ။အကုသိုလ်စေတသိက်တို့သည် ဇောကိစ္စအမြဲတပ်သော အကုသိုလ်စိတ်-၁၂ ပါးနှင့် ယှဉ်ကြသောကြောင့်ဌင်း, ဝိရတီစေတသိက်တို့လည်း ဇောကိစ္စအမြဲတပ်သော မဟာကုသိုလ်စိတ်-၈ပါး, လောကုတ္တရာစိတ်-၈ပါးနှင့် ယှဉ်ကြသောကြောင့်ဌင်း ဇောကိစ္စသာ တပ်ကုန်၏။

၄၁။ ကရ-မဒ္ဒ၊ပ,ဘ,ရ၊ဇောဟ္ဂ-လေးကိစ်တပ်။
၄၂။ သောဘဏသဒ္ဒ၊ ပညာ,ဆန္ဒ၊ ဇေဒိသတ္တက်၊ ယင်း လေးချက်တွင်၊ဒါရုံတင်၊ငါးအင်ကိစ္စတပ်။

၄၁။ အပ္ပမညာ စေတသိက်-၂ ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဇောကိစ္စ-အားဖြင့် လေးကိစ္စတပ်ကုန်၏။ ။ကရုဏာ, မုဒိတာ-၂ပါးတို့သည် ကသိုဏ်းစျာန်ကို ပွားများရှိ၍ အသညသတ် ကြဉ်သော ရူပ-၁၅ဘုံ၌ ရူပဒိပါက်ကို ဖြစ်စေသောအခါ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ-အားဖြင့်-၃ကိစ္စတင်သောကြောင့်၎င်း, မဟာကုသိုလ်-၈, မဟာကြိယာ-၈, ပဉ္စမစျာန်ကြဉ်သော ရူပကုသိုလ်-၄, ရူပကြိယာ-၄ တို့နှင့်ယှဉ်သောအခါ ဇောကိစ္စ တပ်သောကြောင့်၎င်း လေးကိစ္စတပ်ကုန်၏။

၄၂။ သောဘဏ သာမာရဏ စေတသိက်-၁၉, ပညာ, ဆန္ဒ = ဤစေတသိက်(၂၁)ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဇောကိစ္စ,တဒါရုံကိစ္စအားဖြင့် ငါးကိစ္စတပ်ကုန်၏။ သောဘဏသာမာရဏ စေတသိက် ၁၉, ဆန္ဒ = ဤစေတသိက်(၂၀)တို့သည် သဟိတ်ပဋိသန္ဓေ-စသော (၁၇)ပါးတို့နှင့် ယှဉ်သောအခါ၌ဝင်၎င်း ပညာ စေတသိက်သည် ကိဟိတ် ပဋိသန္ဓေဇိတ်(၁၃)ပါး-စသည်တို့နှင့် ယှဉ်သောအခါ၌ဝင်း ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်၏။ စေတသိက်(၂၀)တို့သည် ကုသိုလ်စိတ်(၂၁) သဟိတ်ကြိုယာ (၁၇) တို့နှင့် ယှဉ်သောအခါ၌ဝင်း, ပညာစေတသိက်သည် တိဟိတ်ကုသိုလ်(၁၇) တိဟိတ်ကြိုယာ(၁၃)တို့နှင့် ယှဉ်သောအခါ၌ဝင်း ဇောကိစ္စတပ်၏။ စေတသိက်(၂၀)တို့သည် မဟာဝိပါက်(၈)ပါးနှင့်, ပညာစေတသိက်သည် မဟာဝိပါက် ဉာဏသမ္ပယုတ်-၄ပါးနှင့် ယှဉ်သောအခါ၌ တဒါရုံကိစ္စတပ်၏။

၄၃။ ဒိတိအာတွက်၊ ယင်းငါးချက်တွင်၊ သန္ဓိတင်၊ ခြောက်ဆင်ကိစ္စတည်၊

၄၄။ ဒိရိယမှာ၊ ယင်းငါးဖြာထက်၊ အာ, ဝဉ္ဇစွက်၊ သင်္ဃဋ္ဌိစ္စတည်၊

၄၅။ ဒိမောက် - တက်, စာ၊ ဒဿနာဒိ၊ ပယ်လေဘိ၊ ကြွင်းရှိကိုးကိစ်တည်၊

၄၃။ ဒိဘိဇေတသိက်၌ ယခင်ကိစ္စငါးပါးမှာ သန္ဓိရဏကိစ္စထည့်၍ ခြောက်ကိစ္စတည်၏။ "ဒိတိစေတသိက်၊ သော-စိတ်၌ဝယ်၊ စ-ဈာန်ပယ်၊ ဖြစ်ဘွယ်- ပေါ့ဆာ" ဟူသော စေတသိက်ဝိုင်း သမ္မယောဂနည်း၌ ပြဆို ခဲ့သော စကားရပ်များနှင့် ဆက်စပ်၍ ငါးကိစ္စတည်ပုံကို မှတ်အပ်၏။ သေမနုဿ သန္ဓိဒဏ္ဍာဇိတ်နှင့် ယှဉ်သောအခါ သန္ဓိရဏကိစ္စ တည်၏။

၄၄။ ဒိရိယ စေတသိက်၌ ယခင်ငါးကိစ္စမှာ အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌေါကိစ္စထည့်၍ ခုနစ်ကိစ္စတည်၏။ ။ဒိရိယစေတသိက် ယှဉ်သော စိတ်(၇၃)ပါးတို့၌ မည်သည့်စိတ်နှင့်ယှဉ်ခိုက် မည်သည့်ကိစ္စတည်သည်ဟု ဆိုးဖြတ်မှတ်သား နိုင်လောက်ပြီ။ မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်ခိုက် အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌေါကိစ္စ တည်သောကြောင့် (၇)ကိစ္စတည်၏။

၄၅။ အဓိမောက္ခ,ဒိတက်, ဒိစာရစေတသိက် (၃) ပါးတို့သည် ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, မုသနကိစ္စ ကြဉ် ကြွင်း(၉) ကိစ္စတည်ကုန်၏။ ။ဤစေတသိက်-၃ပါးလုံး ဒွေးပဋ္ဌ ဝိညာဏ် (၁၀)တို့နှင့် မယှဉ်ကြသောကြောင့် ဒဿနကိစ္စ-စသော ငါးကိစ္စတို့ကို ကြဉ်ဖယ်ရသည်။

၄၆။ သဗ္ဗစိတ္တေ၊ ခွန်နှစ်ထွေ၊ စုဒ္ဓေကိစ္စတပ်။
၄၇။ ဆယ်.ခွန်မှာ-၆၊ ဒွေး-စတုဟူ၊ ဖေဒိ-မူ၊ ငါးယူကိစ္စ တပ်။
၄၈။ ဂေါ်မှာ-သော, သတ်၊ သုံးရပ်-နဝါ၊ သတ်-စုဒ္ဓါ၊ တပ်ရာကိစ္စမှတ်။

၄၉။ စက်, သော, ဃာ, ဇိ၊ ကာ, မနီ၊ ခြောက်မည်-ဒွါရမှတ်။

၄၆။ သဗ္ဗစိတ္တာသာဓာရဏ စေတသိက် - ၇ပါးတို့သည် အလုံးစုံသောစိတ်တို့နှင့် ယှဉ်ကြသောကြောင့် (၁၄) ကိစ္စတပ်ကြသော စေတသိက်တို့ မည်ကုန်၏။

၄၇။ ၄၈။ ဤသို့လျှင် ကိစ္စသင်္ဂဟ၌ စေတသိက်တို့ကို အကျဉ်းအားဖြင့် ရေတွက်မှတ်သားလျှင် "ဆယ်.ခွန်မှာ-၆" အရ-တကိစ္စတပ်သော စေတသိက် (၁၇) "ဒွေး စတုဟူ" အရ-လေးကိစ္စတပ်သော စေတသိက် (၂) "ဒေါ်-မူ၊ ငါးယူကိစ္စတပ်" အရ-ငါးကိစ္စတပ်သော စေတသိက် (၂၁) ထို့ပြင်-"ဂေါ်မှာ-ဒေသ,သတ်" အရ-ခြောက်ကိစ္စတပ်သော ပီတိစေတသိက်(၁) ခုနစ်ကိစ္စတင်သော ဝီရိယစေတသိက်(၁) "သုံးရပ်-နဝါ" အရ-ကိုးကိစ္စတင်သော စေတသိက်(၃) "သတ်-စုဒ္ဓါ၊ တပ်ရာကိစ္စမှတ်" အရ - ဆယ့်လေးကိစ္စတင်သော စေတသိက် (၇)ပါးတို့ ဖြစ်သတည်း။

ကိစ္စ သင်္ဂဟ ပြီး၏။

၄၉။ ဒွါရအထူးအပြားဖြင့် စိတ်တို့ကို ပေါင်းယှဉ်ရေတွက် ပြဆိုရာ သင်္ဂဟသည် **ဒွါရသင်္ဂဟ**-မည်၏။ ဒွါရသင်္ဂဟ၌ ဒွါရတို့သည်-

၅၀။ စက္ခု-စသည်၊ ရုပ်ဒေး ကြည်၊ ငါး-လီ-နွဲရ မှတ်။
၅၁။ ဘဝင်-စိတ္တ၊ဆယ်-ကိုး၊ဝ၊နွဲရ-မနောမှတ်။

(၁) စက္ခုဒွါရ (၄) ဇိဝှါဒွါရ
(၂) သောတဒွါရ (၅) ကာယဒွါရ
(၃) ဃာနဒွါရ (၆) မနောဒွါရ

ဟူ၍ (၆) ပါး၌ကုန်၏။ ။မြို-ရွာ,အိမ်,ကျောင်း - စသည်တို့၌ တပ်ဆင်ထားအပ်သော ပကတိတံခါးပေါက်သည် လူတို့ဝင်-ထွက်သွားလာရာဖြစ်သကဲ့သို၊ ထို့အတူ စက္ခုပသာဒ - စသည်တို့သည် စိတ်, ဧေတသိက်တို့၏ ဝင်ရာ-ထွက်ရာ, အာရုံ-၆ပါးတို့၏ဝင်ရာ-ထင်ရာဖြစ်၍ တံခါးပေါက်နှင့် တူကြသောကြောင့် ''ဒွါရ'' မည်ကုန်၏။

၅၀။ လွန်စွာသန့်ရှင်း ကြည်လင်သောရုပ်သည် ပသာဒရုပ်မည်၏။ ထိုပသာဒရုပ်သည် စက္ခုပသာဒ-စသောအားဖြင့်-၅ပါး၌ရှိ၏။ထိုပသာဒရုပ် အကြည်ဓာတ်-၅ပါးကိုပင် စက္ခုဒွါရ-ဟုသည် ခေါ်ရ၏။ထို့ကြောင့် စက္ခုဒွါရ-စသောဒွါရ - ၅ပါးတို့ကား '' ရုပ်ဒွါရ '' များသာတည်း။ ထိုတွင်-

စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။'
သောတပသာဒ ရုပ်သည် သောတဒွါရမည်၏။
ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။
ဇိဝှါပသာဒရုပ်သံည် ဇိဝှါဒွါရမည်၏။
ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။

၅၁။ ဘဝင်ကိစ္စတပ်ခိုက်ဖြစ်သော ဥပေက္ခာသဟဂုတ် သန္တီရဏာ (၂) မဟာဝိပါက် (၈) မဟဂ္ဂုတ်ဝိပါက် (၉) ၍ဘဝင်ဂုပန္နေဒ (၁၉) ပါးသည် မနောဒွါရမည်၏။ ထိုမနောဒွါရမည်သော ဘဝင်စိတ်တို့သည် ဓမ္မာရုံ အမျိုးမျိုး ဝင်လာ-ထင်လာမှုကို ခံနိုင်ရည်ရှိသော နာဓ်တရားများဖြစ်ကြသောကြောင့် ''နာဓ်ဒွါရ'' တို့ မည်ကုန်၏။

၅၂။ ပဥ္စဒ္ဓါ-စေက်, သမ်၊ သန်းနှင့်ဝဋ္ဌော၊ ကာဇောဒါပါ၊ ဆစတ္တာ၊ စက်ဒ္ဓါ-ဖြစ်စိတ်မှတ်။

၅၂။ ပဥ္စဒ္ဓါရုဝဇ္ဇန်း-၁, စက္ခုဝိညာဏ်ဒွေး,သမ္ပဋိစ္ဆိုဏ်း-၂,သန္တီရဏာစိတ်-၃, ဝုင်္ခော-၁, ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံက်စ္ဆ တပ်နိုက် ဖြစ်သော မဟာဝိပါက်စိတ်-၈ = ပေါင်း (၄၆) ပါးသော စိတ်တို့သည် စက္ခဒ္ဓါရဋ္ဌ ဖြစ်ကုန်၏။ စက္ခဒ္ဓါရဋ္ဌ (၄၆)ပါးသောစိတ် ဖြစ်၏ဟုဆိုသော်လည်း ဖြစ်သင့်သမျှစိတ်တို့ကို အလုံးစုံပေါင်း၍ ပြဆိုခြင်း မျှသာဖြစ်သည်။ စင်စစ်မှာ ဒီထိတခုထည်း၌ (၄၆)ပါးသော စိတ်တို့ တပြိုင်နက် မဖြစ်နိုင်ကြ။ ဘုံ,ပုဂ္ဂိုလ်, အာရုံ,မနုဿိကာရအားလျော်စွာ ဖြစ်ကြ၏။ဘုံအားဖြင့်-ရူပဘုံ၌ဖြစ်သောစက္ခဒ္ဓါရဖြစ်လျှင်ဒေါသမူဇော နှင့်တဒါရုံစိတ်တို့မဖြစ်နိုင်။ကာမဘုံ၌သာ (၄၆)ပါးလုံးဖြစ်နိုင်၏။ဖြစ်နိုင် သော်သည်း အလုံးစုံဖာပြိုင်နက်မဖြစ်။ ဖြစ်သင့်သော စိတ်များသာ ဖြစ်ကြ သည်။ပုဂ္ဂိုလ်အားဖြင့်-သေကွပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်လျှင် ကုသိုလ်,အကုသိုလ် ဇောများဖြစ်၍ ရဟန္တာဖြစ်လျှင် ကြိယာဇောသာဖြစ်၏။ အာရုံအားဖြင့် ဇဉ္ဈာရုံဖြစ်လျှင် ကုသလဝိပါက် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုဏ်း,သန္တီရဏ, တဒါရုံဖြစ်၍ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုဏ်း-စသည်ဖြစ်၏။ အတိဇ္ဈာရုံ ဖြစ်သွင်ကား-သောမနဿ သန္တီရဏနှင့် တဒါရုံဖြစ်၏။ ဇဉ္ဈမဇ္ဈတ္တာရုံဖြစ်သွင် ဥပေက္ခာသဟဂုတ် သန္တီရဏနှင့် တဒါရုံဖြစ်၏။

မနုဿိကာရအားဖြင့် ယောနိသော မနုဿိကာရ ရှိလျှင် ကုသိုလ်ဇော ဖြစ်၍ အယောနိသော မနုဿိကာရ ရှိလျှင် အကုသိုလ်ဇော ဖြစ်၏။ ကုသိုလ်ဇောဆိုလည်းဝမ်းမြောက်သော အခြင်းအရာဖြစ်လျှင် သောမနဿ ဇော, လျစ်လျူရှုမှုသော အခြင်းအရာဖြစ်လျှင် ဥပေက္ခာဇောဖြစ်၏။ ဉာဏ်နှင့်ယှဉ်လျှင် ဉာဏသမ္ပယုတ်ဇော,မယှဉ်လျှင် ဉာဏဝိပ္ပယုတ်ဇော, တိုက်ဘွန်းမှုရှိလျှင် သသင်္ခါရိကဇော, တိုက်တွန်းမှုမရှိလျှင် အသင်္ခါရိက

၅၃။ သောတဒွါဒိ၊ သောတာဒိဿလျောက်၊ စက္ခုဒ္ဝေါက်၊ ကောက်လေစိတ်-ဆဧစတ်။

၅၄။ ငါးဒွါရမှာ၊ ဗဟိဒ္ဓကာမာ၊ သည်သာ ဖြစ်၏မှတ်။

—

ဧာဖြစ်၏။ အကုသိလ်ဧာဒ္ဓိလည်း သာယာဘွယ်တာလျှင် လောဘမူဧာ, ပြစ်မှား-ကြမ်းတမ်းလျှင် ဒေါသမူဧာ, တွေဝေလျှင် မောဟမူဧာ ဖြစ်၏။ ဤသို့ စသည်ဖြင့် ဖြစ်သင့်ဖြစ်ထိုက်သလို ဝေဘန် သိရှိအပ်၏။

၅၃။ စက္ခုဒွါရဝဇ္ဇ ဖြစ်သောစိတ် (၄၆) တို့ဟူ၍ စက္ခုဝိညာဏ်ဒွါရ ကို ပယ်ဖျောက်၍ သောတဝိညာဏ်ဒွါရ စသည်လျှင် သောတဒွါရဇ္ဇ ဖြစ်သောစိတ် (၄၆) ဖြစ်၏။ ထို့အတူ ဃာနဝိညာဏ်ဒွါရ ကို ထည့်လျှင် ဃာနဒွါရဇ္ဇ ဖြစ်သောစိတ် (၄၆) ဇိဝှါဝိညာဏ်ဒွါရ ကို ထည့်လျှင် ဇိဝှါဒွါရဇ္ဇ ဖြစ်သောစိတ် (၄၆) ကာယဝိညာဏ်ဒွါရ ကို ထည့်လျှင် ကာယဒွါရဇ္ဇ ဖြစ်သော စိတ် (၄၆) ဖြစ်၏။

၅၄။ စက္ခုဒွါရ-စသော ငါးဒွါရဇ္ဇ ဖြစ်သမျှစိတ်တို့ကား ကာမစိတ် (၅၄) ပါးတို့သာတည်း။ ။ဒွါရပဋ္ဌဝိညာဏ် (၁၀) ကြဉ် ကြွင်းကျန်သောစိတ် (၄၄) ပါးဘို့ကို မူတည်ထားပြီးလျှင် စက္ခုဝိညာဏ်ဒွါရ ထည့်က စက္ခုဒွါရိကစိတ် (၄၆) ဖြစ်၏။ ထို့အတူ သောတဝိညာဏ်ဒွါရ စသည်ကိုထည့်က သောတဒွါရိကစိတ် (၄၆) စသည်ဖြစ်လာသည်။ သို့ဖြစ်၍ စက္ခုဒွါရ - စသော ငါးဒွါရဇ္ဇ ဖြစ်သမျှ စိတ်အပေါင်းသည် ကာမစိတ် (၅၄) ပါးခုနှစ်း ဖြစ်သတည်း။

၅၅၊ မနောဒွါမှာ၊ မနောဒွါတစ်၊ ဧောဖြစ်လုံးရုံ၊တဒါရုံ၊ အာကုန်-သတ်ဆင့်မှတ်။

၅၆၊ သန္ဓေ,ဘဝင်၊စုတ္ထင်ကိစ်ကြို၊ဆယ်.ကိုးတူ၊လုံးရုံ ဒွါလွတ်မှတ်။

၅၇။ ပဋ္ဌဝိညာ၊ ဧောပနာမှန်၊ဆတ္တိံသံ၊ ဧကံ-သင့်ဒွါ မှတ်။

၅၅။ မနောဒွါရာဝဇ္ဇန်း- ၁, ဧော-၅၅, တဒါရုံ - ၁၁ = ၅၇ (၆၇)-ပါးသော စိတ်တို့သည် မနောဒွါရ၌ ဖြစ်ကြသော စိတ်တို့မည်ကုန်၏။ ။၅၇်ဒွါရလည်း ဖြစ်သင့်ဖြစ်ထိုက်-ရသင့်ရထိုက်သော စိတ်များကို ပေါင်းရုံးရေတွက်၍ (၆၇) ပါး-ဟု ပြဆိုအပ်သည်။ စင်စစ်မှာ ၅၇်စိတ် (၆၇) ပါးလုံး မနောဒွါရ၌ တပြိုင်နက် မဖြစ်နိုင်ကြ။ ပဋ္ဌဒွါရ၌ကဲ့သို့ ဘုံ, ပုဂ္ဂိုလ်, အာရုံ, မနသိကာရ အားဖြင့် စီစစ် ဝေဘန် အပ်၏။ ဒီထိုဒိုင်း မနောဒွါရဝီထိများကို လေ့လာကျွမ်းကျင်သော အခါ၌ အလို အလျောက် သဘောပေါက် နားလည်လာလိမ့်မည်။

၅၆။ ဥပေက္ခာသဟဂတ်သန္တီရဏစိတ် - ၂, မဟာဝိပါက် - ဂ, မဟဂ္ဂုတ်ဝိပါက် ၉ = ၅၂(၁၉) ပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတည်သောအခါ ခြောက်ဒွါရမှလွတ်ကုန်၏။ ။ ၅၇်ကိစ္စသုံးပါးဘို့ကား ကြွင်းသောကိစ္စ (၁၁) ပါးဘို့ကဲ့သို့ ဒွါရနှင့် အာရုံ ပေါင်းဆုံ ထိုက်မှကြောင့် ဖြစ်ကြသည်မဟုတ်။ ဒွါရ, အာရုံနှင့် မပတ်သက်ဘဲ ကံစွမ်းသက်သက်ကြောင့်သာ ဖြစ်ကုန်၏။ ထို့ကြောင့် ၅၇်ကိစ္စသုံးပါး တည်ဓိုက်ဖြစ်သော စိတ်တို့သည် ခြောက်ဒွါရမှ လွတ်ကုန်၏။

၅၇။ ဒွေးပဋ္ဌဝိညာဏ်-၁၀,အပုနာဧောဟုဆိုအပ်သော မဟဂ္ဂုတ်, သောကုဇ္ဇာနဧော-၂၃ = ၅၂(၃၆)ပါးသောစိတ်တို့သည် တဒွါရုစိန္တ

၅၈။ မနောဓာတ်မှာ၊ ပဋ္ဌဒ္ဓါ၊ ဖြစ်ရာသူတို့မှတ်။
၅၉။ သုသန္တိ, ဥဋ္ဌော၊ကာမဇောပါ၊ဇင်္ဂတိ သာ၊ခြောက်
ဒွါဖြစ်၏မှတ်။

သာ ဖြစ်ကြသော်ကြောင့် "ကဒွါရိက" စိတ်တို့ မည်ကုန်၏။ ထိုတွင်-

စက္ခုဝိညာဏ်ဒွေးသည့် စက္ခုဒွါရဋ္ဌသာ ဖြစ်၏။
သောတဝိညာဏ်ဒွေးသည် သောတဒွါရဋ္ဌသာ ဖြစ်၏။
ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရဋ္ဌသာ ဖြစ်၏။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရဋ္ဌသာဖြစ်၏။
ကာယဝိညာဏ်ဒွေးသည် ကာယဒွါရဋ္ဌသာ ဖြစ်၏။
အပွန ဇော(၂၆)သည် မနောဒွါရဋ္ဌသာ ဖြစ်၏။

ဤသို့ မိဇိတ္တိဖြစ်သင့်ရာ ဒွါရတ္တရုစိဋ္ဌသဉ္ဇ ဖြစ်ပုံကို သိအပ်၏။ အပွနာ ဇော (၂၆) ဟူသည် မဟဂ္ဂုတ်ကုသိုလ်-၉, မဟပ္ပုတ် ကြိယာ-၉, လောကုတ္တရာစိတ်-၈ တည်း။ ဘာဝနာအစွမ်းဖြင့် အားထုတ်ပြုလုပ်မှသာလျှင် အပွနာဇောတို့ ရနိုင်-ဖြစ်နိုင်သောကြောင့် ပဋ္ဌဒွါရဋ္ဌမဖြစ်ကြဘဲ မနောဒွါရဋ္ဌသာ ဖြစ်ကြလေသည်။

၅၈။ ပဋ္ဌဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုက်းဒွေးဟူ ဆိုအပ်သော မနောဓါတ်-၃ပါးတို့သည် စက္ခုဒွါရ-စသော ၎င်းဒွါရဋ္ဌ ဖြစ်သောကြောင့် "ပဋ္ဌဒွါရိက" စိတ်တို့မည်ကုန်၏။ ။ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်ကား အာဝဇ္ဇန်းကိစ္စ, သမ္ပဋိစ္ဆိုက်း စိတ်ကား သမ္ပဋိစ္ဆိုက်းကိစ္စ = ဤသို့ အာဝဇ္ဇန်းကိစ္စနှင့် သမ္ပဋိစ္ဆိုက်းကိစ္စ-၂ပါးမှာ ပဋ္ဌဒွါရဝီထိအရာ ဖြစ်သောကြောင့် မနောဒွါရဋ္ဌ မဖြစ်ဘဲ ပဋ္ဌဒွါရဋ္ဌသာ ဖြစ်လေသည်။ ထို့ကြောင့် ပဋ္ဌဒွါရိကစိတ် မည်၏။

၅၉။ သောမနဿ သန္တီရဏ-၁, ဝုဋ္ဌဗ္ဗာဓေါမနောဒွါရာဝဇ္ဇန်း-၁, ကာမဇော-၂၉ = ၍(၃၁)ပါးသော စိတ်တို့သည် ခြောက်ဒွါရဋ္ဌ ဖြစ်ကြသောကြောင့် "ဆဒွါရိက" စိတ်တို့ မည်ကုန်၏။ ။သောမနဿ

၆၀။ ဥသန်္ဒိန္ဒြစ်၊ ဂုစ်မဟာဝိ၊ ဆဋ္ဌါရိမှာ၊ ဖြစ်နိုင်ပါ၊ ရံခါလွတ်၏မှတ်။

၆၁။ ကိုးမဟာဂ်ဝိ၊ ခြောက်ဋ္ဌါရိ၊ လွတ်၏အလျှင်းမှတ်။

သန္တဂိရဏစိတ်သည် သန္တဂိရဏကိစ္စ, တဒါရုံကိစ္စတင်သောအခါ ပဋ္ဌဋ္ဌါရဒ္ဒြဖြစ်၏။ တဒါရုံကိစ္စတင်သောအခါ မနောဒ္ဌါရဒ္ဒြဖြစ်၏။ မနောဒ္ဌါရာဝဇ္ဇန်းစိတ်သည်ဒုဒ္ဒောကိစ္စတင်သောအခါပဋ္ဌဋ္ဌါရဒ္ဒြဖြစ်၍ အာဝဇ္ဇန်းကိစ္စတင်သောအခါ မနောဒ္ဌါရဒ္ဒြဖြစ်၏။ ကာမဇော-၂၉ တို့(၆) ဋ္ဌါရဒ္ဒ ဖြစ်ပုံမှာ သိသာပြီ။ ဤသို့ ကိစ္စအခိုက်အတန့်ကိုစွဲ၍ ၆-ဋ္ဌါရဒ္ဒ ဖြစ်ကြသည်ဟုမှတ်။

၆၀။ ဥပေက္ခာ သန္တီရဏစိတ်- ၂, မဟာဝိပါက်-၈ = ဤ (၁၀) ပါးသော စိတ်တို့သည် ရံခါခြောက်ဋ္ဌါရဒ္ဒ ဖြစ်၍ ရံခါခြောက်ဋ္ဌါရမှ လွတ်ကုန်၏။ ။ဥပေက္ခာသန္တီရဏစိတ်တို့သည် သန္တဂိရဏကိစ္စ တဒါရုံကိစ္စတင်သောအခါ, မဟာဝိပါက်စိတ်တို့လည်း တဒါရုံကိစ္စတင်သောအခါ ခြောက်ဋ္ဌါရဒ္ဒ ဖြစ်ကုန်၏။ ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတင်သောအခါ ခြောက်ဋ္ဌါရမှ လွတ်ကုန်၏။ ထို့ကြောင့် ဤစိတ်(၁၀)ပါးတို့သည် "ဆဋ္ဌါရိကဋ္ဌါရဝိမုတ္တ" စိတ်တို့ မည်ကုန်၏။

၆၁။ မဟဂ္ဂုတ်ဇပါဂ်(၉)ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စမှတပါး အခြားကိစ္စမတင်သောကြောင့် အခြင်းခပ်သိမ်း ခြောက်ဋ္ဌါရမှ လွတ်ကြသော "ဋ္ဌါရဝိမုတ်" စိတ်တို့ မည်ကုန်၏။

၆၂။ သုံးဆယ့်ခြောက်တစ်၊ သုံးဖြစ်ပဋ္ဌာ၊ တွေ့ံသ၊ ဒွါရ-ခြောက်ဖြစ်မှတ်။

၆၃။ တဆယ်စိတ်မှာ၊ ခြောက်ဒွါရဖြစ်၊ မဖြစ်နှစ်ချက်၊ ကိုးမဟာ၊ သက်သက်လွတ်၏မှတ်။

၆၄။ ရူပ,သဒ္ဒ၊ ဂန္ဓ,ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ-ခြောက်အာဝုံ။

၆၂။၆၃။ ဤသို့ ဒွါရသင်္ဂဟဌ် ဖြင့်သော စိတ်တို့ကို ဒေကျင်းရေတွက်ပျင် "သုံးဆယ့်ခြောက်-တစ်" ၏အရ တဒွါရဌ်ဖြင့်သောဧ်တ် (၃၆) "သုံးဖြစ်-ပဋ္ဌ" ၏အရ ငါးဒွါရဌ်ဖြင့်သောစိဘ (၃) "တွေ့ံသ၊ ဒွါရ-ခြောက်ဖြစ်မှတ်" ၏အရ ခြောက်ဒွါရဌ်ဖြင့်သောစိတ် (၃၁) "တဆယ်စိတ်မှာ၊ ခြောက်ဒွါရဖြင့်၊ မဖြစ်နှစ်ချက်" ၏အရ ရုံဒါခြောက်ဒွါရဌ် ဖြစ်၍ ရုံဒါခြောက်ဒွါရဌ် မဖြင့်သောစိတ် (၁၀) "ကိုးမဟာ၊ သက်သက်လွတ်၏မှတ်" ၏အရ အာရုံးခပ်သိမ်း ခြောက်ဒွါရမှ လွတ်သောစိတ် (၉) ဖြစ်သတည်း။

ဒွါရသင်္ဂဟပြီး၏။

၆၄။ အာရုံအထူးအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြေတွက်ရာသင်္ဂဟသည် အာရမ္မဏသင်္ဂဟ မည်၏။ အာရမ္မဏသင်္ဂဟဌ် အာဝုံတို့သည်-

(၁) ရူပါဝုံ	(၄) ရသာဝုံ
(၂) သဒ္ဒါဝုံ	(၅) ဖောဋ္ဌဗ္ဗာဝုံ
(၃) ဂန္ဓာဝုံ	(၆) ဓမ္မာဝုံ

ဟူ၍ (၆) ပါးရှိကုန်၏။ လောကဌ် အမျိုးမျိုးသာ သဓ်ပင်,ပန်းမာလ်, ဧရက္ခင်း, ခရကန်-စသည်တို့ဖြင့် ဆန်းကြယ်-တင့်တယ်သာ ဥယျာဉ်

၆၅။ ဆဆင်း-ရူပါ၊ သံ-သဒ္ဒါနှင့်၊ နံ.ပှာ-ဂန္ဓာ၊ ရသ သာ၊ တွေ့ပှာ-ဖောဋ္ဌဗ်ရုံ။

သည် လူတို့မွေ့လျော်-ပျော်ပိုက်ရာ ဖြစ်သကဲ့သို့၊ ထို့အတူ အဆင်း, အသံ, အနံ့-စသော အမျိုးမျိုးသော အာရုံတရားတို့သည်လည်း စိတ်, စေတသိက်တို့၏ မွေ့လျော်-ပျော်ပိုက်ရာဖြစ်သောကြောင့် "အာရမ္မဏာ = အာရုံ" မည်ကြ၏။ ။တနည်းသည်း အင်အားနှည်းပါးကုန်သော သူအို-သူနာတို့သည် တောင်ခွေး, ကြိုးတန်း-စသော အမှိအတွယ်များကို မှီတွယ်ဆွဲကိုင်၍ ထရ-ထိုင်ရ သကဲ့သို့၊ ထို့အတူ စိတ်, စေတသိက်တရား တို့သည်လည်း အာရုံ-ဖြပါးတည်းဟူသော အမှိအတွယ်များကို မှီတွယ် ဆွဲကိုင်၍ ဖြစ်ကြသောကြောင့် "အာလမ္ဗဏာ = အာရုံ" မည်ကြသည်။

ရှေ့နည်းကား စိတ်, စေတသိက်တို့၏ မွေ့လျော်-ပျော်ပိုက်ရာဖြစ် သောကြောင့်-အာရမ္မဏာ, နောက်နည်းကား စိတ်, စေတသိက်တို့၏ ဆွဲကိုင်မှီတွယ်ရာဖြစ်သောကြောင့် အာလမ္ဗဏာ ဟူ၏။ ယင်းသို့ "အာရမ္မ ဏာ = အာလမ္ဗဏာ" ဟုသဒ္ဒါနှံ့ကဲ့ပြားသော်လည်း တရားကိုယ်အဓိပ္ပါယ် မကဲ့ပြား အာရုံ-ဖြပါးဟူသော ဝေါဟာရစကားများသာ ဖြစ်လေသည်။

၆၅။ ထိုအာရုံ-ဖြပါးတို့တွင် မျက်စိဖြင့် မြင်ကောင်းသော အဆင်း ဟူသမျှ ရူပါယတနသည် ရူပါရုံမည်၏။ နားဖြင့်ကြားကောင်းသော အသံဟူသမျှ သဒ္ဒါယတနသည် သဒ္ဒါရုံမည်၏။ နှာခေါင်းဖြင့် နံမိုးရှု ရှိသော အနံ့ဟူသမျှ ဃာနာယတနသည် ဂန္ဓာရုံမည်၏။ လျှာဖြင့် လျက်ရသော အရသာဟူသမျှ ရသာယတနသည် ရသာရုံမည်၏။ ကာယဝိညာဏ်ဖြင့် တွေ့ထိရသော အတွေ့ဟူသမျှ ဖောဋ္ဌဗ္ဗာယတန သည် ဖောဋ္ဌဗ္ဗာရုံ မည်၏။

၆၆။ ပဠာဝံနှုတ်၊ ကြွင်းရပ်,စိတ်,စေါနိစ်,ပညော၊ ငါး ထွေမျှောဂုံ။

၆၇။ နိဗ္ဗာန်,ပညတ်၊ဤနှစ်ရပ်၊မှတ်လေ-ဝိမုတ်ဂုံ။

၆၆။ ရှုပါရုံ-စသော အာရုံရပ်ငါးပါးမှ ကြွင်းသော ရုပ်ဟူသမျှနှင့် စိတ်,စေတသိက်, နိဗ္ဗာန်,ပညတ် = တရား ၅-ပါးအပေါင်းသည် ဓမ္မာရုံ မည်၏။

ဤဓမ္မာရုံအရ ရေတွက်ပြဆိုရာဝယ် သင်္ဂြိဟ်ကျမ်းဌ ပဠာရုံမှ ကြွင်းသော ရုပ်များကို ပသာဒရုပ်တမျိုး,သုခုမရုပ်ဇာတမျိုး-ဤသို့ နှစ်မျိုးခွဲ၍ ရေတွက် ပြဆိုသောကြောင့် ဓမ္မာရုံအရ - ၆ မျိုး ရောတွက်ပြ၏။ ဤဥကား ပဠာရုံမှကြွင်းသော ရုပ်ဟူသမျှကို တပေါင်းတည်းပြု၍ ဓမ္မာရုံ-၅ပါးဟု ရေတွက် ပြဆိုသည်ဟုမှတ်။

၆၇။ အာရုံ-၆ပါးတို့မှာ ကာလသုံးပါးနှင့်ယှဉ်သော တေကာလိက တရား, ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ္တတရားဟု နှစ်မျိုး-နှစ်စား၌၏။ထိုဘွင် စိတ်,စေတသိက်,ရုပ်-၃ပါးတို့ကား ဖြစ်ဆဲ, ဖြစ်ပြီး, ဖြစ်လတံ့ ဟူသော ကာလသုံးပါးနှင့် ယှဉ်ကြသောကြောင့် တေကာလိကတရားတို့ မည်ကုန်၏။ နိဗ္ဗာန်နှင့်ပညတ်ကား ကာလသုံးပါးမှ လွတ်သောကြောင့် ကာလဝိမုတ္တတရား မည်၏။

ထင်ရှားစဉ်းစားခဲ့ - ဥပါဒ်, ဌိ, ဘင်-အားဖြင့် ထင်ရှားရှိဆဲ အာရုံသည် ပစ္စုပ္ပန်အာရုံမည်၏။ဥပါဒ်,ဌိ,ဘင်စေ့၍ ချုပ်ပြီးသော အာရုံသည် အတိတ်အာရုံမည်၏၊ဖြစ်ကား မဖြစ်သေး။အကြောင်းညီညွတ်လျှင် မဖွဲ့တီဖြစ်လတ္တံ့သော အာရုံသည် အနာဂတ်အာရုံ မည်၏။ စိတ်,စေတသိက်, ရုပ်-တရားသုံးပါးလုံးမှာ ပြုပြင်မှု-စီရင်မှု သဘောရှိသော သခ်ခတတရား ချည်းဖြစ်၍ ဖြစ်ခြင်း,ပျက်ခြင်း သဘောမှ မကင်းလွတ်နိုင်ရကား ဖြစ်ဆဲ, ဖြစ်ပြီး, ဖြစ်လတံ့ ဟူသော ကာလသုံးပါးနှင့် ယှဉ်ဖြစ်သောကြောင့်

၆၈၊ စိတ် - ဧကဒ္ဓါရိ၊ ရူပါဒိ-ရဒ်၊ ပစ္စုပ္ပန်၊ ငါးတန် ကိုယ်စိုရုံ၊

ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံဟုဆိုအင်သော တောကာလ်ကအာရုံ ၃ုံလေသည်။

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း ပြုပြင်ခြင်း, စီရင်ခြင်းသဘောကင်းသော အသခ်္ခတတရားဖြစ်၍ ဖြစ်ခြင်း-ဥပါဒ်နှင့်ပျက်ခြင်းဘင်ဟူသောအပိုင်းအခြားမရှိ။ ငြိုးအေးခြင်း-သန္တိ သဘောသာလျှင် အနြတ္တာဝရှိ၏။ ယင်းသို့ နိဗ္ဗာန်သည် ဥပါဒ်ဟူသော အပိုင်းအခြား, ဘင-ဟူသော အပိုင်းအခြားကင်းသောကြောင့် ပစ္စုပ္ပန်လည်းမဆိုထိုက်၊ အတိတ်,အနာဂတ်လည်း မဆိုထိုက်ရကား ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ်တရား မည်၏။

ပညတ်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ နာမပညတ်မျိုး, အတ္ထပညတ်မျိုးမှာ မျက်မြင်အားဖြင့် ထင်ရှားရှိသကဲ့သို့ ထင်မှတ်နေရသော်လည်း " ဤဟာ နာမပညတ်မျိုး, ဤဟာ အတ္ထပညတ်မျိုး " ဟု တနားကိုယ် ခွဲခြားစိစစ်၍မရနိုင်၊ ပရမတ်တရားစုဥစ္စသာ တင်စား၍ နာမပညတ်, အတ္ထပညတ်-စသည်ကို ခေါ်ဝေါ်သုံးစွဲနေရသဖြင့် ထိုထိုပညတ်တရားမျိုးသည် ဥပါဒ်,ဌိ, ဘင်-ဟူသော အဒိုက်အတန့် အပိုင်းအခြားကင်းရကား ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟု မဆိုထိုက်သောကြောင့် ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ်တရား မည်၏။

၆၈။ စက္ခုဒ္ဒါရ-စသော ငါးဒွါရဋ္ဌ ဖြစ်ကြသော စိတ်တို့တွင်-

စက္ခုဒ္ဒါရိကစိတ် (၄၆) သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏
သောတဒ္ဒါရိကစိတ် (၄၆) သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။
ဃာနဒ္ဒါရိကစိတ် (၄၆) သည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။

၆၉။ မနောဒ္ဓါရုံ၊ဖြစ်သမျှစိတ်၊ပစ်,တိတ်,အနာဝဇ္ဇတ်,
ကာယထာ-ခြောက်ဆာရုံ။
၇၀။ ဘဝင်,သန္ဓိ၊စုတိစိတ်မှာ၊ ယထာရဟာကံ,ကမ္မ
ဒိတ်၊ဂတ်ဒိတ်၊ပစ်,တိတ်,ညတ်-ခြောက်ရုံ။
၇၁။ စက်,သော,ဃာ,ဇိ၊ကာ-ငါးလီ၊ ကိုယ်စိသူတို့ရုံ။

ဓိဂ္ဂါဒ္ဓါရိုကစိတ် (၄၆) သည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြု၏။
ကာယဒ္ဓါရိုကစိတ် (၄၆) သည်ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။
ဤသို့ အသီးအသီး ကိုယ်စိကိုယ်စီ အာရုံများကိုသာ အာရုံပြု၍ ဖြစ်ကြသည်။

၆၉။ မနောဒ္ဓါရဉ္စ ဖြစ်သောစိတ် (၆၇) တို့သည် ပစ္စုပ္ပန်,အတိတ်, အနာဂတ်ဖြစ်သော စိတ်တခုယုဘ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝိသ, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ် = ဤအာရုံ-၆ပါးတို့ တွင် တပါးပါးကို ထိုက်သင့်သလို အာရုံပြု၍ ဖြစ်ကုန်၏။

၇၀။ ဒ္ဓါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်တို့သည် ပစ္စုပ္ပန်,အတိတ်,ပညတ်ဖြစ်၍ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ဟုဆိုအပ်သော အာရုံ-၆ပါးတို့ဘွင် တပါးပါးကို ထိုက်သင့်သလို အာရုံပြု၍ ဖြစ်ကုန်၏။

၇၁။
စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြု၏။
သောတဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြု၏။
ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဂန္ဓာရုံကိုသာ အာရုံပြု၏။
ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရသာရုံကိုသာ အာရုံပြု၏။
ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။
ဤသို့ ဒွေးပဉ္စဝိညာဏ် (၁၀) တို့သည် ကိုယ်စိကိုယ်စီ အာရုံပြုကုန်၏။

၇၂၊ မနောဓောတ်တို၊ ရူပါဒို၊ ပြုဘိ-ငါးဆာရုံ၊
၇၃၊ သန္တီ-ဟာသိ၊မဟာဝိ၊ပြုဘိ-ကာမရုံ၊
၇၄၊ အကုသိတ်နှင့်၊ဥာဏ်ဝိပ္ပယုတ်ကာမ၊ ကု,ကြို-၌၊ပယ်၍
လောကုတ်ရုံ၊
၇၅၊ မဟာကုဉာဏ်၊အာဘိဉာဏ်-ဂူ၊ စိတ်ငါးခုတွက်၊
ဆုံးမဂ်,ဖိုလ်ချုန်၊ကြွင်းသဗ္ဗဲ၊မှတ်ရန်သူတို့ရုံ၊

၇၂။ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုက်းဒွေးဟုဆိုအင်သော မနောဓာတ် ၃ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံ- စသော အာရုံငါးပါးတို့ကို အာရုံပြုကုန်၏။

၇၃၊ သန္တီရဏစိတ်-၃, ဟသိတုပ္ပါဒ်စိတ်-၁, မဟာဝိပါက်-၈ = ၌(၁၂)ပါးသော စိတ်တို့သည် ပစ္စုပ္ပန်,အတိတ်, အနာဂတ်ဖြစ်သော ကာမစိတ် – ၅၄, စေတသိက်-၅၂, ရုပ်-၂၈ ဟုဆိုအပ်သော ကာမ အာရုံ-၆ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

၇၄။ အကုသိလ်စိတ်-၁၂, မဟာကုသိလ်ဉာဏဝိပ္ပယုတ်စိတ်-၄, မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်-၄ = ၌(၂၀)သော စိတ်တို့သည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဖြစ်သော လောက်စိတ်-၈၁, စေတသိက် ၅၂, ရုပ်-၂၈, ကာလဝိမုတ်ဖြစ်သော ပညတ် = ၌အာရုံ-၆ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ ။လောကုတ္တရာတရားတို့သည် လွန်စွာ နက်နဲခက်ခဲသော ဂမ္ဘီရဉာဏ်၏ ကျက်စားရာဖြစ်ကြ၏။ ထိုတရားတို့ကို အာရုံပြုနိုင်သော စိတ်ဖြစ်လျှင် ဉာဏ်နှင့်ယှဉ်ရ၏။ ၌စိတ် (၂၀) ကား ဉာဏ်ကင်းသော စိတ်များဖြစ်ခြင်းကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်ကြ။ ထို့ကြောင့် ကြဉ်ရလေသည်။

၇၅။ မဟာကုသိလ် ဉာဏသမ္ပယုတ်စိတ်-၄, အဘိညာဏ်က်ဥတပ် ခိုက်ဖြစ်သော ရူပကုသိုလ်ပဌမစျာန်-၁ = ၌(၅)ပါးသောစိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်စ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်

ကြဉ်သော စိတ်-၈၇,စေတသိက်-၅၂, ရုပ်-၂၈,ကာလငါးမှာ်ဖြစ်သော နိဗ္ဗာန်,ပညတ် = ဤအာရုံ-၆ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ ။ ဤစိတ်-၅ပါးမှာ ပုထုဇဉ်, သေက္ခသန္တာန်၌ ဖြစ်သောကြောင့် ရဟန္တာသန္တာန်၌သာ ဖြစ်သော အရေဟတ္တမဂ်, အရဟတ္တဖိုလ်စိတ် - ၂ပါးကို အာရုံမပြုနိုင်သဖြင့် ကြဉ်ရ၏။

ဤစိတ်-၅ပါးသည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြု၏ဟုဆိုသော်လည်း ထိုက်သလို အာရုံပြုလေသည်။ ဈာန်မရသော ပုထုဇဉ်ဖြစ်လျှင် ကာမဒုတိယဈာန်ပညတ်ကိုသာ အာရုံပြုနိုင်၏။ ဈာန်ရသော ပုထုဇဉ်ဖြစ်လျှင် ကာမ, မဟဂ္ဂုတ်, ပညတ်ကို အာရုံပြု၏။ ထို့အတူ ဈာန်မရသော သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်လျှင် ကာမ, နိဗ္ဗာန်, ပညတ်နှင့်မိမိတို့၏မဂ်,ဖိုလ်ကိုသာ အာရုံပြု၏။ ဈာန်ရဖြစ်လျှင် ကာမ,မဟဂ္ဂုတ်,နိဗ္ဗာန်,ပညတ်နှင့် မိမိတို့၏မဂ်,ဖိုလ်များကိုသာ အာရုံပြု၏။အထက်မဂ်,ဖိုလ်များကို အာရုံမပြုနိုင်။အရိယာပုဂ္ဂိုလ်တို့သည် မိမိရင်းမဂ်,ဖိုလ်ကို အာရုံပြုနိုင်ကြသလို ဈာန်ရပုဂ္ဂိုလ်တို့လည်း ရင်းဖြင့်သော အောက်ဈာန်ဘို့ကို အာရုံပြုနိုင်ကြ၏။မရသေးသော အထက်ဈာန်များနှင့် မဂ်, ဖိုလ်များကို အာရုံမပြုနိုင်ကြ။ ဤသို့ ထိုက်သလို အာရုံပြုလေသည်။

ထိုမှတပါး ရူပါဝစရကုသိုလ်, ကြိုယာ ပဉ္စမဈာန်စိတ် - ၂ ပါးသည် ပကတိအခါ၌ (၁၂) ပါးသော ပညတ်တရားများသာ အာရုံပြုသည်မဟုတ်သေး၊ ဝသီဘော်ငါးတန်တို့ဖြင့် ထက်သန်ကြွေ့မားအောင် ပွားများအားထုတ်လျှင် လွန်စွာ ကြီးမားလှသော အစွမ်းသတ္တိရှိ၍ ဒေထူးထူးအပြားပြား သိစွမ်းနိုင်သည့် အဘိညာဏ်ကိစ္စတပ်နိုင်လေသည်။ ထို အဘိညာဏ်ကိစ္စ တပ်ခိုက်ဖြင့်သော ရူပကုသိုလ်, ကြိုယာ ပဉ္စမဈာန်-၂ပါးကိုပင် "အဘိညာဏ်ဇွန်း" ဟုခေါ်ရ၏။ ထို့ကြောင့် အဘိညာဏ်ကိစ္စတပ်သော ပဉ္စမဈာန်တမျိုး,အဘိညာဏ်ကိစ္စမတပ်သော ပဉ္စမဈာန်တမျိုးဟု ရူပကုသိုလ်,ကြိုယာပဉ္စမဈာန်ကို နှစ်မျိုးခွဲ၍ မှတ်သားထားပါလေ။

၇၆။ မဟာကြီဉာဏ်၊ဘိဉာဏ်ကြီ၊ ဝေါဒမိဖြဉ်၊ ဂြိဟ်
လုံးအာရုံ။

၇၇။ မဟာဂ်စိတ်မှာ၊ ဒု,စ-အာရုပ်၊ မဟာဂ္ဂုတ်ရုံ၊ ကြွင်း
ရစ်တုံလတ်၊ ဇဝိမှတ်၊ ပညတ်သုတ္ထရုံ။

၇၆။ မဟာကြီယာဉာဏသမ္မယုတ်စိတ်-၄, အဘိညာဏ်ကိစ္စတ
သော ရူပကြီယာပဋ္ဌမစျာန်-၁, ဝုဋ္ဌေးခေါ်မနောဒ္ဓါရာဝဇ္ဇန်း-၁ =
၅(၆)ပါးသောစိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော
စိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈, ကာလငါးမှတ်ဖြစ်သော နိဗ္ဗာန်,
ပညတ် = ၅၂အာရုံ-၆ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ မပြုနိုင်
သော အာရုံမရှိ။

၅၂စိတ်-၆ပါးဘို့၌ မဟာကြီယာဉာဏသမ္မယုတ်စိတ်-၄နှင့် ကြီယာ
ဘိညာဏ်တို့မှာ ဘုရား,ရဟန္တာတို့၏ သန္တာန်တော်၌ ဖြစ်ကြသော
ကြောင့်ဂုဏ်း, မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည်လည်း ထိုဇောစိတ်ငါးပါးဘို့၏
ရှေ့ပြေး ပုရေစာရိက စိတ်ဖြစ်သောကြောင့်ဂုဏ်း အလုံးစုံကို အာရုံပြုနိုင်
ကြ၏။ အလုံးစုံအာရုံပြုနိုင်သည်ဟုဆိုသော်လည်း ဘုရားရှင်၏သန္တာန်
တော်၌ ဖြစ်ခိုက်သာ အလုံးစုံအာရုံပြုနိုင်၏။ ပစ္ဆေကဗုဒ္ဓါနှင့် သာဝက
တို့၏ သန္တာန်၌ဖြစ်လျှင်ကား အလုံးစုံ အာရုံမပြုနိုင်ကြ။ အလုံးစုံအာရုံပြု
နိုင်မှု-သိမြင်နိုင်မှုမှာ သမ္မာသမ္ဗုဒ္ဓဉာဏ်တော်၏ အရာသာဖြစ်သည်။ ထို့
ကြောင့် ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်တော်မူခိုက်ကား နိပ္ပဒေသ
အာရုံ။ ပစ္ဆေကဗုဒ္ဓါ,သာဝကတို့သန္တာန်၌ ဖြစ်ခိုက်ကား သပ္ပဒေသအာရုံ
ဟုမှတ်။

၇၇။ မဟာဂ္ဂုတ်စိတ်(၂၇)ပါးတို့တွင် ဒုတိယာရုပ္ပစိတ်-၃, စတုတ္ထာ
ရုပ္ပစိတ်-၃ = ၅၂(၆)ပါးသောစိတ်တို့သည် မဟာဂ္ဂုတ်တရားကိုသာ
အာရုံပြုကုန်၏။ ကြွင်းသောစိတ်(၂၁)တို့ကား ပညတ်တရားကို အာရုံ
ပြုကုန်၏။

၇၈။ လောကုတ္တရာစိတ်မှ၊ မြက်နှိုင်း။ ပြုပုံသွတ်ရုံ။

ဝိညာဏဉ္စာယတနကုသိုလ်, ဝိပါက် ၂ပါးသည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်စိတ်ဟုဆိုအပ်သော မဟဂ္ဂုတ်မြောရုံကို အာရုံပြု၏။ ဝိညာဏဉ္စာယတနကြိယာသည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ-၂ပါးတွင် တပါးပါးဟု ဆိုအပ်သော မဟဂ္ဂုတ်မြောရုံကို အာရုံပြု၏။ နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်-၂ပါးသည် အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်မြောရုံကို အာရုံပြု၏။ နေဝသညာနာသညာယတနကြိယာသည် အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်, ကြိယာနှစ်ပါးတွင် တပါးပါးဟုဆိုအပ်သော မဟဂ္ဂုတ်မြောရုံကို အာရုံပြု၏။ ထို့ကြောင့် ဒုတိယာရုပ္ပ ၃ပါးနှင့် စတုတ္ထာရုပ္ပ-၃ပါးတို့မှာ မဟဂ္ဂုတ်အာရုံချည်း ဖြစ်ကြသည်။

ရူပပဋ္ဌမဈာန်စိတ်-၃သည် (၂၅) ပါးသောပညတ်, ဒုတိယဈာန်စိတ် ၃, တတိယဈာန်စိတ်-၃, စတုတ္ထဈာန်စိတ်-၃ တို့သည် (၁၄) ပါးသော ပညတ်, ပဉ္စမဈာန်စိတ်-၃သည် (၁၂) ပါးသောပညတ်မြောရုံတို့တွင် "တပါးပါး"ကို အာရုံပြု၏။ အာကာသာနဉ္စာယတနစိတ်-၃ပါးသည် ကောင်းကင်ပညတ်မြောရုံကို အာရုံပြု၏။ အာကိဉ္စညာယတနစိတ်-၃ပါးသည် နတ္ထိဘောပညတ်ကို အာရုံပြု၏။ ဤသို့ ကြွင်းသော (၂၁) ပါးသော စိတ်တို့သည် ပညတ်အာရုံချည်း ဖြစ်ကြသည်။ (၂၅,၁၄,၁၂ = ပါးသော ပညတ်သရုပ်ကို ကမ္မဋ္ဌာန်းပိုင်း ဘာဝနာဘေဒကောင်းစွာ တွေ့ရလတံ့။)

၇၈။ လောကုတ္တရာစိတ်-၈ပါးတို့သည် နိဗ္ဗာန်ဟုဆိုအပ်သော မြောရုံကို ကောန်အာရုံပြုကုန်၏။

၇၉။ ပဉ္ဆဒိသ၊ ပြိကာမထက်၊ ဆ-မဟဂ်မှတ်၊ ဇဒိညာဉ်၊ ရှစ်ရပ်-နိဗ္ဗာန်ရုံ။
၈၀၊ ဒိသ-နှုတ်ပယ်၊ ငါးဝယ်ထက်မဂ်၊ ဖိုလ်ကိုဖျက်၊ ခြောက်တွက်-လုံးဆာရုံ။

၇၉။ ၅၂ အာရမ္မဏသင်္ဂဟ၌ အာရုံတရားသည် အချုပ်အားဖြင့် (၁) ကာမအာရုံ (၂) မဟဂ္ဂုတ်အာရုံ (၃) လောကုတ္တရာအာရုံ (၄) ပညတ်အာရုံဟူ၍ လေးမျိုးရှိ၏။ ထိုတွင် အာရုံတမျိုးတည်းကိုသာ အာရုံပြုသောစိတ်ကို ကောန်အာရုံပြုသောစိတ်,နှစ်မျိုး, သုံးမျိုး,လေးမျိုး လုံးကို အာရုံပြုသောစိတ်ကို အနေကန် အာရုံပြုသောစိတ်ဟု ခွဲခြားမှတ်သားဆားရမည်။ ထို ကောန်အာရုံ-အနေကန်အာရုံနှစ်မျိုးတွင်-

"ပဉ္ဆဒိသ၊ ပြိကာမထက်" အရ ကာမတရားကို ကောန်အာရုံပြုသောစိတ်(၂၅) "ဆ-မဟဂ်မှတ်" အရ-မဟဂ္ဂုတ်တရားကို ကောန်အာရုံပြုသောစိတ်(၉) "ဒိ-ညတ်" အရ-ပညတ်တရားကို ကောန်အာရုံပြုသောစိတ် (၂၁) "ရှစ်ရပ်-နိဗ္ဗာန်ရုံ" အရ-နိဗ္ဗာန်ကို ကောန်အာရုံပြုသောစိတ်(၈)ပါး ရှိလေသည်။

၈၀။ ထိုမှတပါး- "ဒိသ-နှုတ်ပယ်" အရ- လောကုတ္တရာတရား ၉ပါးကြဉ် အလုံးငုံအာရုံပြုနိုင်သောစိတ်(၂၀) "ငါးဝယ်-ထက်, မဂ်၊ ဖိုလ်ကိုဖျက်" အရ- အထက်မဂ်,အထက်ဖိုလ်ကြဉ် အလုံးစုံအာရုံပြုနိုင်သောစိတ်(၅) "ခြောက်တွက်-လုံးအာရုံ" အရ-အလုံးစုံအကုန်အာရုံပြုနိုင်သောစိတ်(၆)ပါး ရှိလေသည်။

သို့ဖြစ်၍ ဤလက်ာနှစ်ပုဒ်တို့တွင် ပဉ္စမလက်ာဖြင့် ယခင်အာရုံ-၄မျိုးနှင့် တမျိုးမျိုးကိုသာ အာရုံပြုသော ကောန်အာရုံကိုပြဆို၏။ ဒုတိယလက်ာဖြင့် အနေကန်အာရုံကို ပြဆိုသည်ဟုမှတ်။

၈၁၊ ဘိညာဏ်ဝုဋ္ဌော၊ ကာဇောတို့တွင်၊ ဟာသိကြဉ်လတ်၊ ဇော်ဘိုံသတ်တို့၊ ကာ, မဟာ်, ညတ်၊ နဝတ္တုဒ်၊ ပြုမှတ်အနေကာန်၊

၈၁။ ဤ အာရမ္မဏသင်္ဂဟသည် အဘိဓမ္မာအရာ၌ လွန်စွာ ဒေသုံးမျာ၏။ ကျယ်ဝန်းခက်ခဲသော အခက်းအပိုင်းသည်းဖြစ်၏။ နှဝါ,ညဝါတို့ဉ် လွန်စွာ ကျေးဇူးမျာသောကြောင့် ရှေးရှေးဆရာတို့သည် ဤအခက်းအပိုင်းကို ကောန်အာရုံ, အနေကန်အာရုံတို့ဖြင့် အမျိုးမျိုး အဖုံဖုံ ပို့ချသင်ကြားတော်မူကြသည်။ သို့ဖြစ်၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်လည်း ဤအာရုံပိုင်း၌ မှတ်သားလေ့လာသူများ ဉာဏ်အမြင်ရှင်းကြစေရန် ရည်သန်၍ ကောန် အာရုံ-အနေကန် အာရုံတို့ကို ပြည့်ပြည့် စုံစုံဖေါ်ပြနည်းပေးခြင်းငှာ ''ဘိညာဝုဋ္ဌော၊ ကာဇောတို့တွင်'' အစရှိသော လင်္ကာပုဒ်တို့ကို အားထုတ်ရေးသားတော် မူအပ်၏။ ထိုတွင်-

အဘိညာဏ်ဒွေး, ဝုဋ္ဌော, ဟာသိတုပ္ပါဒ်ကြဉ်သော ကာမဇော-၂၁ = ၍(၃၁)ပါးသော စိတ်တို့သည် ကာမဘူးရား,မဟဂ္ဂုတ်တရား, ပညတ်တရား,နဝတ္တုဗ္ဗတရား-၄ မျိုးတို့ကို အနေကန် အာရုံပြုကုန်၏။

၍ဉ် နဝတ္တုဗ္ဗတရား-ဟူသည် ပဋ္ဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်သာတည်း။ နတ္ထိဘောပညတ်- ဟူသည် မှာလည်း ဘာမျှမဲ့သော အဘာဝပညတ်ပင်တည်း။ ထိုအဘာဝပညတ်ဟု ဆိုအပ်သော နတ္ထိဘောပညတ်ကို မိမိသန္တာန်၌ ဖြစ်ဘူးသော ပဋ္ဌမာရုပ္ပဝိညာဏ်ကိုစွဲ၍ ပြုစ်သော၊ ကြောင့် ဗဟိဒ္ဓတရားဟုလည်း မဆိုသင့်-မဆိုထိုက်။ စင်စစ်ပဋ္ဌမာရုပ္ပဝိညာဏ်လည်းမဟုတ်၊ထိုဝိညာဏ်၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်မျိုးဖြစ်သောကြောင့် အင်္ဂုတ္တရတရားဟုလည်း မဆိုသင့်-မဆိုထိုက်၊ ယင်းသို့ နတ္ထိဘောပညတ်ကို အင်္ဂုတ္တရတရားဟုလည်း မဆိုထိုက်၊ ဗဟိဒ္ဓတရားဟုလည်း မဆိုထိုက်သောကြောင့် ''နဝတ္တုဗ္ဗတရား'' ဟု ဆိုရသေသည်။

၈၂။ ကာ-က္ခ, ကြိဉာဏ်၊ ဘိညာဏ်ဝဠွေ၊ ဇကော ဒသ၊ နိဗ္ဗာန၊ ပြုကြ-အနေကန်။

၈၃။ ကာမ, ဘိညာ၊ ဆပဠာဝစိတ်၊ ဗဟိဒ္ဓ, အစ္ဆုတ်၊ ဣန္ဒြစ်ရပ်၊ပြုလတ်-အနေကန်။

၈၄။ မနောဓာ, ဝဠွေ၊ ကာဇော, တဒါ၊ ဘိညာပေါင်းလတ်၊ စိတ်ဆစတ်ဘုံ၊ ပဠာချုံ၊ မှတ်ကုန်-အနေကန်။

၈၅။ ဘိညာ,ဝဠွေ၊ ကာဇော,တဒါ၊ တေစတ္တာဝထုတ်၊ ရုပ်,ပစ်,ဗဟု,နာ၊စိတ်-ဝမ္မာ၊ပြုကြ-အနေကန်။

၈၂။ ကာမာဝစရ ကုသိုလ် ဉာဏသမ္ပယုတ်-၄, ကြိယာဉာဏသမ္ပယုတ်-၄, အဘိညာဏ်ဒွေး, ဝဠွေ = ၍(၁၁)ပါးသော စိတ်တို့သည် နိဗ္ဗာန်ကို ဒေနေကန် အာရုံပြုကုန်၏။

၈၃။ ကာမဇိတ်-၅၄, အဘိညာဏ်ဒွေး = ၍(၅၆) ပါးသော စိတ်တို့သည် အဇ္ဈတ္တတရား, ဗဟိဒ္ဓတရား နှစ်ပါးကို အနေကန်အာရုံပြုကုန်၏။

၈၄။ မနောဓာတ်- ၃,ဝဠွေ၁,ကာမဇော- ၂၉,အဘိညာဏ်ဒွေး= ၍(၄၆) ပါးသော စိတ်တို့သည် ရုပါရုံ - ၎သော အာရုံငါးပါး-ပဠာရုံတရားတို့ကို အနေကန် အာရုံပြုကုန်၏။

၈၅။ အဘိညာဏ်ဒွေး, ဝဠွေ၁, ကာမဇော-၂၉,တဒါရုံ-၁၁ = ၍(၄၃)ပါးသော စိတ်တို့သည် ရုပ်အာရုံ,ပစ္စုပ္ပန်အာရုံ,ဒေတိတ်အာရုံ, အနာဂတ်အာရုံ, စိတ်အာရုံ,ဝမ္မာရုံအားဖြင့်-၆ပါးသော အာရုံတရားကို ဒေနေကန်အာရုံပြုကုန်၏။ ဤကား ဒေနေကန်အာရုံပြုကြသော စိတ်တို့ကို အလုံးစုံ ပေါင်းခြုံ ပြဆိုခြင်းတည်း။

၈၆။ စက် - ဝိညာဒိ၊ ရူပါဒိ - ရမ်၊ ပြုံးဟန်၊ နေကန်-ဆစတ္တာ။

၈၇။ လောဇုတ်, မဟဂ်၊ ပဋိတိ်ဿတ်ရမ်။ ဓမ္မကံ၊ နေကံ်-တေစတ္တာ။

၈၆။ အနေကန်အာရုံတို့ကို ပြည့်စုံအောင် ပြဆင်ငြီး၍ ကောန်အာရုံ-အနေကန်အာရုံ - ၂ပါးဘို့ဖြင့် တွဲစပ်ပြဆိုခြင်းငှါ "စက်ဝညာဒိ၊ ရူပါဒိ ရမ်" စသော လက်ာတို့ကို အားထုတ် ရေးသားတော်မူပြန်သတည်း။ ထိုဘွင် "စက်,ဝိညာဒိ၊ရူပါဒိ-ရမ်၊ပြုကောန်" ဟူသောလက်ာငံ့ဒ်ဖြင့် -

စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။
သောတဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။
ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြု၏။
ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

ဤသို့ရူပါရုံ - စသော ပဉ္စာရုံတရားတို့၏ ကောန်အာရုံ အသီးသီးဘို့ကို ပြုဆိုအပ်၏။ "နေကန်ဆစတ္တာ" ဟူသောလက်ာပိုဒ်ဖြင့် ထိုပဉ္စာရုံတရား တို့ကို အနေကန်အာရုံပြုကြသောစိတ်များမှာ အောက် (၈၄) လက်ာဌ် ပြအပ်သော မနောဓာတ် - ၃, ဝုဒ္ဓာ, ကာမဇော- ၂၉, တဒါရုံ-၁၁, အဘိညာဏ်ဒွေ ဟု ဆိုအပ်သော (၄၆) ပါးသော စိတ်တို့ပင်တည်း။ ဤနည်းအတူ အထက်အထက် လက်ာတို့ဌ ပြလတ္တံ့သော အနေကန် အာရုံတရားတို့ကို အောက်ဌပြအပ်သော အနေကန်အာရုံပြလက်ာ-၅ပုဒ်ဘွင် လျော်ရာလက်ာဖြင့် ဟပ်၍ မှတ်ရမည်။ ဤမှနောက်ဌ အနေကန် အာရုံ၏စိတ်သရုပ်တို့ကို ထုတ်ဖေါ် ရေးသားခြင်း မှုတော့ဘဲ အရေအ တွက် သန်္ချာမျှကိုသာ ဖေါပြ ရေးသားပေအံ့။

၈၇။ မဟဂ္ဂုတ်စိတ်- ၂၇, လောကုတ္တရာစိတ်-၈ = ဤ (၃၅) ပါး သောစိတ်တို့သည် ဓမ္မာရုံကို ကောန်အာရုံပြုကုန်၏။ အနေကန် (တေစတ္တာ-၄၃)

၈၈၊ စိတ်ကာမ-ဝိ၊ ဟသိ, ပဥ္စဒွါ၊ ပဥ္စဝိသာဓရဓါ၊ ကာဇေးနှ်၊နေကာန်-ဇတ္တိုံသ။

၈၉။ အခြု-ဒု, စ၊ စိတ်ခြောက်ဝသာ၊ မဟဂ္ဂါဓရဓါ၊ ပြုဇကနှ်၊ နေကန်-ဇတ်ဲံသ။

၉၀၊ စိတ်, တိတ်-ဇကေနှ်၊ ယင်းခြောက်ဘန်၊ နေကန်-တေစတ္တာ၊

၉၁၊ အဇ္ဈတ် ဇကန်၊ယင်းခြောက်တန်၊ နေကန်-ဆပဉ္စ။

၉၂၊ ပ,တ-အခြု၊ ရုပါပေါင်းလတ်၊ ဇဝိမှာဓရဓါ၊ ညတ်ဇကေနှ်၊နေကာန်-ဇတ်ဲံသ။

၈၈။ ကာမဇိပါက်-၂၃, ဟသိတုပ္ပါဒ်-၁, ပဉ္စဒွါရာဝဇ္ဇန်း၁ = ၅၂၅)ပါးသော စိတ်တို့သည် ကာမဘဝ်းကို ဇကေနှ် အာရုံပြုကုန်၏။ အနေကန် (ဒတ်ဲံသ-၃၁)

၈၉။ ဒုတိယာရုပ္ပ ၃, ဇတုတ္ထာဒရုပ္ပ ၃ = ၅၂(၆)ပါးသော စိတ်တို့သည် မဟဂ္ဂုတ်တရုံးကို ဇကေနှ်အာရုံပြုကုန်၏။အနေကန် (ဇတ်ဲံသ-၃၁)

၉၀။ ယင်းစိတ်(၆)ပါးဘို့သည်ပင်လျှင် စိတ်တဇ်းနှင့်အတိတ်တုံရုံး တို့ကိုလည်း ကေနှ်အာရုံပြုကုန်၏။ အနေကန် (ဇတေစတ္တ-၄၃)

၉ ။ ယင်းစိတ် (၆) ပါးတို့သည်ပင်လျှင် အဇ္ဈတ္တာတရုံးကို ဇကေန် အာရုံပြုကုန်၏။ အနေကန် (ဆပဉ္စ-၅၆)

၉၂။ ပဉ္စမာရုပ္ပစိတ်-၃, တတိယာရုပ္ပစိတ်-၃, ရုပစိတ်-၁၅ = ၅၂ (၂၁) ပါးသော စိတ်တို့သည် ပညတ်တရုံးကို ဇကေန်အာရုံပြုကုန်၏။ အနေကန် (ဇတ်ဲံသ-၃၁)

၉၃။ လောကုတ်စိတ်မှာ၊ နိဗ္ဗုတာရုံ၊ ပြုကောန်၊ နေကန်-ဇဒသ။

၉၄။ စိတ်ရုပါနှင့်၊ပဋ္ဌမာရုပ်၊လောကုတ်ပေါင်းကြိတ်၊ ဆဇ္ဇဓိစိတ္တ၊ဗဟိဒ္ဓရုံ၊ပြုကောန်၊နေကန်-ဆပဉ္စ။

၉၅။ အာကိဉ္စညာ၊သုံးဖြာစိတ်မှတ်၊နဝတ္တရုံ၊ပြုကောန်၊ နေကန်-ဇတ္တိံသ။

၉၆။ ဒု, စ-အာရုပ်၊ လောကုတ်-ဂုစ်ဝ ၊ဝုဋ္ဌသရုံ၊ နာဝဇ်ကောန်၊ နေကန်-ဆတစတ္တ။

၉၇။ ဒု,စ-အာရုပ်၊နွတ်ကြွင်း-မဟဂ်၊ လောကုတ်ဝွက် ကာ၊ကုတ်သရုံ၊ မုတ်-ဇကောန်၊နေကန်-ဇတ္တိံသ။

၉၃။ လောကုတ္တရာစိတ်-၈ပါးတို့သည် နိဗ္ဗာန်ကို ကောန်အာရုံပြုကုန်၏။ ဘနေကန် (ကောဒသ-၁၁)

၉၄။ ရူပစိတ်–၁၅,ပဋ္ဌမာ ရုပ္ပစိတ်–၃,လောကုတ္တရာစိတ်–၈ = ၅၂ (၂၆) ပါးသောစိတ်တို့သည် ဗဟိဒ္ဓတရားကို ကောန် အာရုံပြုကုန်၏။ ဘနေကန် (ဆပဉ္စ-၅၆)

၉၅။ အာကိဉ္စညာယံတနစိတ်-၃ ပါးတို့သည် နဝတ္တဗ္ဗတရားကို ကောန်အာရုံပြုကုန်၏။ ဘနေကန် (ဇတ္တိံသ-၃၁)

၉၆။ ဒုတိယာရုပ္ပစိတ်-၃,စတုတ္ထာရုပ္ပစိတ်-၃, လောကုတ္တရာစိတ်-၈ = ၅၂(၁၄)ပါးသော စိတ်တို့သည် နာမ်တရားကို ကောန်အာရုံပြုကုန်၏။ ဘနေကန် (တေစတ္တ-၄၃)

၉၇။ ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပကြဉ်သော ဗဟဂ္ဂုတ်စိတ်-၂၁, လောကုတ္တရာစိတ်-၈ = ၅၂ (၂၉)ပါးသော စိတ်တို့သည် ကာလဝိမုတ်တရားကို ကောန်အာရုံပြုကုန်၏။ ဘနေကန် (ဇတ္တိံသ-၃၁)

၉၈။ တဒါ,ဟသိ၊ ဒွါဒ၌မှု။ ပြုဘိကာမံ၊ တစ်ဖေကန်၊ နေကန်-ဖွတ်ိုသ၊

၉၉။ ပဠဲဝိညာ၊ မနောဓါတု၊ အာရုံပစ္စုပ်၊ ကာမ ရုပ်မှန်၊ သုံးဖေကန်၊ နေကန်နောက်က-သိုးသိုးပြု။

၁၀၀။ ပညတ်, ဖေကန်၊ ဖေဝိသံတွက်၊ စွက်လေဒွ၊ ဝိမုတ္တိရမ်၊ သုံးဖေကန်၊ နေကန် နောက်က-သိုးသိုးပြု။

၁၀၁။ တတိယာရုပ်၊ ညတ်, မုတ်, ဓမ္မ၊ နဝတ္တုရမ်၊ လေးဖေကန်၊ နေကန် နောက်က-သိုးသိုးပြု။

၉၈။ တဒါရုံစိတ်=၁၁, ဟသိတုပ္ပါဒ်စိတ်-၁ = ၅၂(၁၂)ပါးသော စိတ်တို့သည် ကာမတရား တခုတည်းကိုသာ ဖေကန်အာရုံပြုကုန်၏။အနေကန် (ဖွတ်ိုသ-၃၁)

၉၉။ ဒွေးပဉ္စဝိညာဏ်-၁၀,မနောဓါတ်-၃, = ၅၂(၁၃)ပါးသော စိတ်တို့သည် ပစ္စုပ္ပန်တရား, ကာမတရား, ရုပ်တရား - ၅၂သုံးပါးတို့ကို ဖောကန်အာရုံပြုကုန်၏။ အနေကန်ကား ပစ္စုပ္ပန်အနေကန်(၄၆) ကာမအနေကန်(၃၁)ရုပ်အနေကန်(၄၃) ၅၂သိုနောက်၌ အသီးသီးပြခဲ့ပြီ။

၁၀၀။ ပညတ်တရားကို ဖေကန်အာရုံပြုသော် စိတ်(၂၁) တို့သည် ပညတ်ဓမ္မာရုံနှင့် ကာလဝိမုတ်တရား = ၅၂သုံးပါးတို့ကို ဖေကန်အာရုံပြုကုန်၏။ အဖနေကန်ကား ပညတ်အနေကန်(၃၁)ဓမ္မာရုံအနေကန် (၄၃) ကာလဝိမုတ် အနေကန်(၃၁)

၁၀၁။ တတိယာရုပ္ပစိတ်-၃၀ပါးတို့သည် ပညတ်တရား, ကာလဝိမုတ်တရား, ဓမ္မာရုံနှင့် နဝတ္တုမ္မတရား = ၅၂လေးပါးတို့ကို ဖေကန်အာရုံပြုကုန်၏။ အနေကန်အာရုံကား ပညတ်(၃၁) ကာလဝိမုတ် (၃၁)ဓမ္မာရုံ (၄၃) နဝတ္တုမ္မ(၃၁)

၁၀၂။ လောကုတ္တရာစိတ်၊ နာမ်,နိဗ္ဗာန်, ဓမ္မ၊ ဝိမုတ္တာရုံ၊ လေးဖွဲကောန်၊ နေကန်နောက်က-သီးသီးပြု။

၁၀၃။ ဝိညာ, နေဝ၊ စိတ်ခြောက်ဝတ္ထုက်၊ မဟက်,ဓမ္မ၊ အဋ္ဌာဘူစိတ်၊ အတ်တ်နှင့်နာမ်၊ ခြောက်ဖွဲကောန်၊ နေကန်နောက်က-သီးသီးပြု။

၁၀၄။ စေတသိက်ဂု၊ အာရုံပြု၊ မှတ်မှုဘိုသို့ခြုံ။

၁၀၅။ အာကာ,ရာသိ၊ ညတ်,ကို,အဋ္ဌ၊ ဗဟိဒ္ဓ,ပစ်၊ တိတ်, နာဖြစ်၊ မှတ်လစ်သူတို့ရုံ။

၁၀၂။ လောကုတ္တရာစိတ်-၈ ပါးတို့သည် နာမ်တရား, နိဗ္ဗာန်,ဓမ္မာရုံ, ကာလဝိမုတ်တရား = ဤးလးပါးဘို့ကို ကောန်အာရုံပြုကုန်၏။ အနေကန် အာရုံကား နာမ်(၄၃) နိဗ္ဗာန် (၁၁) ဓမ္မာရုံ (၄၃) ကာလဝိမုတ်(၃၁)

၁၀၃။ ဝိညာဏဉ္စာ ယတနစိတ်-၃, နေဝသညာနာသညာယတန စိတ်-၃ = ဤ(၆) ပါးသာ စိတ်တို့သည် မဟဂ္ဂုတ်တရား, ဓမ္မာရုံ, အဋ္ဌဏ္ဏတရား,စိတ်တရား, အတိတ်တရား, နာမ်တရား = ဤးခြောက်ပါး တို့ကို ကောန်အာရုံပြုကုန်၏။ အနေကန်ကား မဟဂ္ဂုတ်(၃၁) ဓမ္မာရုံ (၄၃)အဋ္ဌဏ္ဏ (၅၃) စိတ် (၄၃) အတိတ် (၄၃) နာမ်(၄၃) တည်း။ ဤကား ကောန်-အနေကန်နှစ်ပါးဘို့ကို မှတ်သားပြဆိုခြင်းတည်း။

၁၀၄။၁၀၅။ ဤ အာရမ္မဏသင်္ဂဟဉ် စေတသိက်တို့ အာရုံပြုပုံကို လည်း ဤသို့မှတ်သားအပ်၏၊ ။အကုသိုလ်စေတသိက် (၁၄)ပါးတို့ သည် ပညတ်တရား, လောကီတရား, အဋ္ဌဏ္ဏတရား, ဗဟိဒ္ဓတရား, ပစ္စုပ္ပန်တရား, အတိတ်တရား, ဒေနာဂတ်တရား = ဤ (၇) ပါးတို့ကို အာရုံပြုကုန်၏။

၁၀၆။ ဝိရတီမှာ၊ နိဒ်,ကာ,နာမ်,ရုပ်၊ ဝိမုတ်, ပစ်, နှာ၊ ဗဟိဒ္ဓါ၊ မှတ်ရာသူတို့ရုံ။

၁၀၇။ ဒွေးပမညာ၊သတ္တာ-ပညတ်၊ဝိမုတ်မှတ်၊ပြုလတ်-ရှိအာရုံ။

၁၀၈။ ကြွင်းရစ် ကုန်လေ၊ တောတို့စေ၊ မှတ်လေ-လုံးဆောရုံ။

၁၀၉။ ဇွတ်ထော, ပမဉ္ဇ၊ ဝိတို-ယှဉ်ပေ၊ ဤခြောက်ထွေ၊ ရှိလေ-ဗဟိဒ္ဓရုံ။

၁၁၀။ ကုက္ကုစ်-တိတ်မှန်၊ပြုဇောန်၊မှတ်ရန်သူဇီရုံ။

၁၀၆။ ဝိရတီ၁စတသိက်-၃ ပါးတို့သည် နိဒ္ဒာန်, ကာမတရား, နာမ်ဘရား, ရုပ်တရား, ကာလဝိမုတ်တရား, ပစ္စုပ္ပန်တရား, အနာဂတ်တရား, ဗဟိဒ္ဓဘရား = ၅(၈)ပါးတို့ကို အာရုံပြုကုန်၏။

၁၀၇။ အပ္ပမညာ စေတသိက်-၂ပါးသည် သတ္တဝါပညတ်အာရုံ, ကာလဒိမုတ်အာရုံနှစ်ပါးကို ဧကန်အာရုံ၌၏။

၁၀၈။ ကြွင်းသော ၁၈တသိက်(၁၃)တို့သည် အလုံးစုံအကုန် အာရုံပြုကုန်၏။ မပြုနိုင်သော အာရုံမည်သည်မရှိ။

၁၀၉။ ဇာသာ-၁, အပ္ပမညာ-၂, ဝိရတီ-၃ = ၅၊စေတသိက် (၆)ပါးတို့သည် ဗဟိဒ္ဓတရားကို ဧကန်အာရုံပြုကုန်၏။

၁၁၀၊ ကုက္ကုစ်၌၁စတသိက်သည် အတိတ်တရားကို ဧကန်အာရုံပြု၏။ ၅၅်ကား ၁၈တသိက်တို့ အာရုံပြုပုံကို ပြဆိုရာ စကားရပ်တည်း။

အာရမ္မဏသင်္ဂဟ ပြီး၏။

၁၁၁။ စက်,သော,ဃာ,ဇိ၊ ကာ,ဟာဒိ၊ ခြောက်မည်-ဝတ္ထုသိ၊

၁၁၂။ စိတ်,စေဖြစ်ကာ၊ မှီတည်ရာ၊ သဒ္ဒာ-ဝတ္ထုသိ၊

၁၁၃။ ကာမဘုံမှာ၊ အဆုံးသာ၊ ရှုပါ-ဟာဒိ,စက်,သော,ဂှိ၊

—

၁၁၁။ ဝတ္ထုအထူးအပြားအားဖြင့် စိတ်တို့ကိုပေါင်းယူရတွက်ရာ သင်္ဂဟသည် ဝတ္ထုသင်္ဂဟမည်၏။ ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့သည်-

(၁) စက္ခုဝတ္ထု (၄) ဇိဝှါဝတ္ထု၊
(၂) သောတဝတ္ထု (၅) ကာယဝတ္ထု၊
(၃) ဃာနဝတ္ထု (၆) ဟဒယဝတ္ထု၊

ဟူ၍ (၆) ပါးရှိကုန်၏။ ထိုတွင်-

(က) စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထုမည်၏။
(ခ) သောတပသာဒရုပ်သည် သောတဝတ္ထုမည်၏။
(ဂ) ဃာနပသာဒရုပ်သည် ဃာနဝတ္ထုမည်၏။
(ဃ) ဇိဝှါပသာဒရုပ်သည် ဇိဝှါဝတ္ထုမည်၏။
(င) ကာယပသာဒရုပ်သည် ကာယဝတ္ထုမည်၏။
(စ) ဟဒယရုပ်သည် ဟဒယဝတ္ထုမည်၏။

၁၁၂။ ဤကမ္မာ ပထဝီမြေကြီးသည် အလုံးစုံသော သက်ရှိသဝိညာဏကဝတ္ထုနှင့် သက်မဲ့ အဝိညာဏကဝတ္ထုဟူသမျှ၏ မှီရာ-တည်ရာ ဖြစ်သကဲ့သို့၊ ထို့အတူ ဤဝတ္ထုရုပ် (၆) ပါးတို့သည်လည်း အလုံးစုံသော စိတ်,စေတသိက်တရားတို့၏ မှီရာ-တည်ရာ ဖြစ်ကြသောကြောင့် "ဝတ္ထု" မည်ကုန်၏။

၁၁၃။ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ-ဟူသော ၅ နွှေငါးပါး ပြည့်စုံသူများမှာ ကာမဘုံ၌သာ ဖြစ်ကုန်၏။ အဘယ့်ကြောင့်ဟူမူ ကာမကုသိုလ်ကံသည် အာရုံငါးပါး ကာမဂုဏ်

၁၁၄၊ အရှုပမှာ၊ ရုပ်–မပါ၊ နာမ်သာ–သက်သက်ရှိ။

တရားကို ခုံမင်သာယာတတ်သော ကာမတဏှာလျှင် အကြောင်းရင်း ရှိ၏။ ထိုကာမကုသိုလ်ကံသည် အကျိုးပေးသောအခါ အရင်းခံဖြစ်သော ကာမတဏှာ၏ အလိုဆန္ဒနှင့် လိုက်လျောညီညွတ်စွာ ကာမဂုဏ်-အာရုံကို ခံစားနိုင်စေရန်အလို့ငှါ စက္ခု၊သောတ-စသော ပသာဒရွှေငါးပါးကို ပြည့်ပြည့်စုံစုံဖြစ်အောင် စီမံဖန်တည်းပေးလေသည်။ ထို့ကြောင့် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော ကာမ (၁၁) ဘုံ၌ ဝတ္ထု(၅)ပါးလုံးကို ရနိုင်၏။

အသည်းကြည်သော ရူပ-၁၅ဘုံဥကား စက္ခု၀တ္ထု၊ သောတဝတ္ထု၊ဟဒယဝတ္ထု သုံးပါးတို့ကိုသာ ရနိုင်၏။ ကြွင်း၃-ပါးတို့ကို မရနိုင်။။ ရူပဘုံသို့ရောက်ကြောင်းဖြစ်သောကံသည် ကာမဂုဏ်-အာရုံတို့ကို စက်ဆုတ်သောအားဖြင့် ပွားများအင်သော ကာမဇ်ရာဂ ဘာဝနာကံတည်း။ ထိုကံသည် ကာမဂုဏ်အာရုံကို ခံစားရန်မှတပါး အကျိုးမများသော ဂန္ဓာရုံ-စသော ရုပ်သုံးပါး၏ ထင်ရာ-ရောက်ရာ တံခါးပေါက်သဘွယ် ဖြစ်သည့် ဃာနပသာဒ-စသော ရုပ်သုံးပါးကို ပယ်ရှားသုတ်သင်ကာ အကျိုးပေးလေသည်။ ဘုရားဖူးမြော်ခြင်း, တရားတော်နာခြင်း၌ အကျိုးများသောကြောင့် စက္ခု၊ သောတ–၂ပါးကိုကား ပယ်ရှားမပြစ်နိုင်။ ထို့ကြောင့် ရူပ-၁၅ဘုံ၌ ဤဝတ္ထုရုပ်သုံးပါးတို့ကိုသာ ရအပ်ကုန်၏။ ဃာန-စသော ရုပ်သုံးပါးကို မရသောကြောင့် ရူပဗြဟ္မာတို့မှာ နှာခေါင်းသည်းသွဉ် လျှာသည်းသွဉ်နှင့် ခန္ဓာကိုယ်ထင်ရှားမရှိဟုမမှတ်လင့်။ ထိုသည်းသွဉ်တို့လည်း အထင်အရှား ရှိကြသည်သာတည်း။

၁၁၄။ အရူပဘုံသို့ ရောက်ကြောင်းဖြစ်သောဈာန်သည် ရုပ်ဟူသမျှကို စက်ဆုပ်သောအားဖြင့် ပွားများအင်သော ရူပဇ်ရာဂဘာဝနာကံတည်း။ ထိုကံသည် အကျိုးပေးသောအခါ မိမိဖြစ်ရာဘုံ၌ ရုပ်ဟူသမျှ ပါမလာအောင် ပယ်ရှားသုတ်သင်ခဲ့လေသည်။ ထို့ကြောင့် အရူပဘုံ၌ ရုပ်တရားမဘက် နာမ်တရားသက်သက်မျှဖြစ်၏။

၁၁၅။ ပဋ္ဌဝိဥ်ဝေတ်၊ စဥ်မြဲမှတ်ရန်၊ ဖြာ–ဒုကန်၊ငါး-တန်–ပဿဒ္ဓိ။

၁၁၆။ မနောခေတ်တို့၊ သန္တိုတိန္ဒ်၊ မဟာဝိပါ၊ပဋိစ္စသ၊ သောတာမဂ်, ဟသိ။

၁၁၇။ ရူပိပန္နရ၊ လောင်းထစွက်ပြန်၊ တောတ္တိ်ံသံ၊ ဟင်း–မှိမြဲသိ။

၁၁၅။ စက္ခုဝိညာဏစေတ်,သောတဝိညာဏစေတ်,ဃာနဝိညာဏစေတ်, ဇိဝှါဝိညာဏစေတ်, ကာယဝိညာဏစေတ်, မနောစေတ်,မနောဝိညာဏစေတ် ဟူ၍ မိမိ၏သဘောကို ဆောင်တတ်သော စေတ်(၇)ပါး ရှိ၏။ ထိုတွင်-

(၁) စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏစေတ်မည်၏။

(၂) သောတဝိညာဏ်ဒွေးသည် သောတဝိညာဏစေတ်မည်၏။

(၃) ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏစေတ်မည်၏။

(၄) ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏစေတ်မည်၏။

(၅) ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏစေတ်မည်၏။

(၆) ပဋ္ဌဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုက်းဒွေးသည် မနောစေတ်မည်၏။

(၇) ကြွင်းသောစိတ်(၇၆)သည် မနောဝိညာဏစေတ်မည်၏။

ဤစေတ်(၇)ပါးဒွ် ရှေ့ငါးပါးသည် ပဋ္ဌဝိညာဏစေတ်မည်၏။ ထိုတွင် လည်း စက္ခုဝိညာဏစေတ်သည် စက္ခုဝတ္ထုကိုမှီ၏။လ။ကာယဝိညာဏ စေတ်သည် ကာယဝတ္ထုကိုမှီ၏။ ဤသို့ မိမိတို့မှီရာ ဝတ္ထုရုပ်အသီးသီးကို သာလျှင် အစဉ်အတိုင်း မှီ၍ဖြစ်ကုန်၏။

၁၁၆။၁၁၇။ မနောခေတ်-၃,သန္တိရဏစိတ်-၃,မဟာဝိပါက်စိတ်-၈, ဒေါသမူစိတ်-၂, သောတာပတ္တိမဂ်စိတ်-၁, ဟသိတုပ္ပါဒ်စိတ်-၁, ရူပဈာန် ၁၅=ဤ(၃၁) ပါးသောစိတ်တို့သည် ဝတ္ထုရုပ်မရှိသော အရူပလောဏ ဘုံ၌ တရံတဆစ်မျှ မဖြစ်ကြဘဲ ဝတ္ထုရုပ်ရှိသော ပဋ္ဌဝေါကာရ(၂၆) ဘုံ၌ ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကုန်၏။ သုံးဆယ့်သုံးပါးသောစိတ်

၁၁၈။ ကြွင်းရစ်သော၊လောဘ, မောဟ၁၊ မနော၌ဖွါ၊ မဟာ-က္ခ,ကြီး။

၁၁၉။ အရူ-က္ခ, ကြီး၊ ထက်တိ - မဂ္ဂ၊ ဖလလေးဖြာ၊ ဖွါစက္ကာလိ၊ဖွိ-မဖြိ၊နှစ်လို ဖြစ်ခဲလေဘိ။

၁၂၀။ အရူဝိလေး၊ဖြစ်ရေးပုံမှန်၊ ဟဒယံ၊ သဒ္ဓံမဖြိသိ။

တဲ့ဝင် ရှေ့သုံးပါးကား မနော၁ောတ်၊ ကြွင်းစိတ် - ၃၀တို့ကား မနော ဝိညာဏဓာတ်တို့တည်း။ ထိုတွင်လည်း-သန္တီရဏဇဝိတ်-၃, မဟာဝိပါက်စိတ်-၈ တို့သည် အရူပလေးဘုံ၌ သန္တီရဏကိစ္စ, တဒါရုံကိစ္စဖြစ်ဘို့ရန် ဒွါရမရှိသောကြောင့်၎င်း, ဒေါသမူဒွေးမှာ ဗျာပါဒနီဝရဏ ကေန်ဖြစ်၍ နီဝရဏဟူသမျှ ပယ်ခွာပြီးသော၌ရာန်၏ ကျက်စားရာဘုံ ဖြင့်သော ကြောင့်၎င်း, သောတာပတ္တိမဂ်စိတ်လည်း ဘုရား-စသော သူတော် ကောင်းများထံမှ တရားစကားကို ကြားနာရခြင်း တည်းဟူသော ''ပရ ေတာ ယောသပစ္စယ'' မရှိသောကြောင့်၎င်း, ဟသိတုပဂါဠိစိတ်မှာ ပြုံး ရယ်စရာ ကိုယ်နွှာ မရှိသောကြောင့်၎င်း, ရူပစိတ်တို့လည်း ဘာဝနာ အဟုန်ဖြင့် ပယ်ခွာခဲ့ပြီးဖြစ်သော၊ကြောင့်၎င်း ဤမနောဝိညာဏဓာတ် (၃၀)တို့သည်အရူပဘုံ၌ မဖြစ်သောကြောင့် ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကုန်၏။

၁၁၈။၁၁၉။ လောဘမူစိတ်-၈,မောဟမူဇိတ်- ၂,မနော၌ဂျာဝဇ်နှင်း, မဟာကုသိုလ်စိတ်-၈, မဟာကြိယာစိတ် - ၈, အရူပကုသိုလ်-၄, အရူပ ကြိယာ - ၄, အထက်မဂ်-၃, ဖိုလ်စိတ် ၄ = ဤမနောဝိညာဏဓာတ် (၄၂)ပါးတို့သည် ကာမဘုံ, အသညသတ်ကြဉ်သောရူပဘုံ, တို့၌ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီဖြစ်ကြ၍ အရူပလေးဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မမှီဘဲ ဖြစ်ကုန်၏၊ ထိုကြောင့် ဤ (၄၂) ပါးသော စိတ်တို့သည်ဝတ္ထုရုပ်ကို ရံခါမှီ၍ ရံခါမမှီဘဲဖြင့်သော စိတ်တို့မည်ကုန်၏။

၁၂၀။ အရူပဝိပါက်စိတ် (၄)ပါးတို့သည် အချင်းခင်သိန်း ဟဒယဝတ္ထုကို မမှီဘဲ ဖြစ်ကုန်၏။

၁၂၁။ ကာမဘုံရပ်၊သတ္တဝါတို့၊ဆဝတ္ထုံ၊အစုံဒီဖြာသိ။
၁၂၂။ ရူပဘုံရပ်၊ လေးဝါတ်-သုံးဒျိ၊ အာရုပ္ပီ၊ မဒျိ-ဇောတ်သိ။
၁၂၃။ မိုးလေ-တေးစတ်၊ ဒွေးစတ္တာလီ၊ဒျိ-မဒျိဂျိ၊ အာရုပိမှာ၊ မဒျိပါ၊အခါခပ်သိမ်းသိ။
၁၂၄။ တရုဉ့နှစ်ဆယ်၊လေးသွယ်ပုဒ်ဂျိ၊သံပေါက်ညှိ၍၊ သိပါစေချင်၊ပက်ကော်းတွင်၊ဤလျှင်ပြီး-နိဗ္ဗာန်။

ပက်ကော်းပိုင်း သံပေါက်ပြီး၏၊

၁၂၁။ ကာမ(၁၁)ဘုံ၌ စက္ခုဝိညာဏစသော်တ်-စသောဓါတ်(၇)ပါးတို့သည် စက္ခုဝတ္ထု-စသော ဝတ္ထုရုပ်-၆ပါးတို့ကို မှီသင့်-မှီထိုက်သလို မှီ၍ဖြစ်ကုန်၏။

၁၂၂။ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ စက္ခုဝိညာဏစသော်တ်, သောတဝိညာဏစသော်တ်, မနောဓါတ်, မနောဝိညာဏစသော်တ်ဟု ဆိုအပ်သော ဓါတ်-၄ပါးတို့သည် စက္ခုဝတ္ထု, သောတဝတ္ထု,ဟဒယဝတ္ထု-၃ပါးတို့ကို ထိုက်သလိုမှီ၍ဖြစ်ကုန်၏။အရူပလေး၌ မနောဝိညာဏစသော်တ်တပါးသည် အချင်းခပ်သိမ်း မည်သည့်ဝတ္ထုကိုမျှ မမှီဘဲ ဖြစ်၏။

၁၂၃။ ဤသို့ဝတ္ထုသင်္ဂဟ၌ အကျဉ်းအားဖြင့် ရေတွက် မှတ်သားလျှင်- "မှိုလေတေးစတ်" အရ ဝတ္ထုရုပ်ကို အမြဲမှီ၍ ဖြစ်သောစိတ် (၄၃) "ဒွေးစတ္တာလီ၊ မှိ-မဒျိဂျိ" အရ-ဟဒယဝတ္ထုရုပ်ကို ရံခါမှီ၍ ရံခါမမှီသော စိတ်(၄၂)"အရူပိမှာ၊ မဒျိပါ၊ အခါခပ်သိမ်းသိ" အရ-ဝတ္ထုရုပ်ကို အခါခပ်သိမ်း မမှီသောစိတ်(၄)ဖြစ်သတည်း။ ။

ဝတ္ထုသင်္ဂဟ ပြီး၏။
ပက်ကော်းပိုင်းပြီး၏။

ဒိဌိပိုင်း

၁၊ ပကိဏ်းပြိုးလစ်၊ ဒိဌိသုစ်၊ အားးသစ်မိန့်ဆိုပြု၊
၂၊ ဝတ္ထု၊ ဒွါ, အာ၊ ဒိညာဒိဝိ၊ ပဝတ္တိ၊ မှတ်ဘိ-
ခြောက်ဆက္ကား။

၁။ စိတ်, စေတသိက်တို့ကို ဝေဒနာသင်္ဂဟစသော သင်္ဂဟ-ဝိပါး တို့ဖြင့် ဝေဘန်ပြဆိုရာဖြစ်သော ပကိဏ်းဝိုင်းကို ပြဆိုပြီး၍ အာရုံ ခြောက်ပါးအား လျော်စွာ ဒွါရခြောက်ပါးတို့ဉ္ဇ စိတ်, စေတသိက်တို့၏ ဖြစ်စဉ် ဖြစ်ဟန်ကို ပြသော "ဒိဌိသင်္ဂဟ ဒေါ ဒိဌိပိုင်း" ကို ရေးသား ပြဆိုအပ်၏။

စိတ်တို့၏ ဖြစ်စဉ် ဖြစ်ဟန်သည် ပဋိသန္ဓေအခါ, ပဝတ္တိအခါ ဟု နှစ် မျိုးရှိ၏။ ထိုတွင် ဒွါရဝိမုတ်စိတ် ၁၉-ပါးတို့သည် ဒွါရခြောက်ပါးတို့မှလည်း, ဒိဌိစိတ်တို့မှလည်း အလွတ်ဖြစ်ကြသောကြောင့် ဒိဌိပိုင်းဉ္ဇ ထိုစိတ် ၁၉-ပါး တို့ကို မပြဆိုဘဲ၊ ပဝတ္တိအခါဉ္ဇ ပဉ္စဒွါရာဝဇ္ဇန်း-စသော စိတ်တို့၏ အာရုံ အားလျော်စွာ ဒွါရတို့ဉ္ဇ ထိုက်သင့်သလို ဖြစ်နေကြပုံ အလုံးစုံကို ပြဆို အပ်သော ပဝတ္တိသင်္ဂဟ မည်သည့် ဒိဌိသင်္ဂဟကိုသာလျှင် ရေးသား ပြဆိုပေအုံ့။

၂။ ပဝတ္တိသင်္ဂဟမည်သော ဒိဌိသင်္ဂဟဉ္ဇ ဆရာတို့သရုပ်သည်-

၁။ ဆဝတ္ထု	၄။ ဆဝိညာဏ
၂။ ဆဒွါရ	၅။ ဆဝိထိ
၃။ ဆအာရမ္မဏ	၆။ ဆဓာဝိသယပဝတ္တိ

အားဖြင့် ခြောက်ပါး ရှိ၏။ ဤဆဋ္ဌာခြောက်ပါးတို့ကို ရှေးဦးစွာ နားလည် သိမြင်ထားမှသာလျှင် ဒိဌိချသောအခါ လိမ္မာ ကျွမ်းကျင်မည် ဖြစ်၍ ထုတ်ဆောင် ရေတွက် ပြဆိုအပ်၏။

၃။ ဝိတ်မျက်စိတ်၊ နိမိတ္တကံ၊ ကမ္မ, ဂတိ၊ သုံးထွေရှိ၊
ပြားတိ-စိသယ ပဝတ်ဆ။
၄။ ဝတ္ထု, ဒွါ, အာ၊ ပကိဏ်းမှာ၊ ဝိတ္ထာ-အကျယ်ပြ၊
၅။ စက်, သော, ဃာ, ဇိ၊ ကာ, မနိ၊ ခြောက်လိ-
ဝိညာဏ။
၆။ ဒွါရ, ဝိညာဏ်၊ ဝိထိယှဉ်၊ မည်တွင် သုံးဆက်ကာ၊

၁။ ဤဝိထိပိုင်းဌ ဆက်ကခြောက်မျိုးရှိ၏-ဟူသော စကားရင်မှာ ဝိထိစိတ်တို့၏ ဝိသယပွဝတ္ထိမျိုးကိုသာလျှင် ခြောက်မျိုးရှိသည်ဟု မှတ်ရမည်။ ပဋိသန္ဓေ,ဘဝင်,စုတိကဲ့စွတပ်ကြသော ဝိထိမုတ်စိတ်တို့၏ ဝိသယပွဝတ္ထိမျိုးကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် သုံးပါးသာ ရှိသတည်း။

၄။ ဆဝတ္ထုတို့၏အရဖြစ်သော ဝတ္ထုရုပ်ခြောက်ပါး, ဆဒွါရတို့၏အရဖြစ်သော ဒွါရခြောက်ပါး, ဆအာရမ္မဏ၏ အရဖြစ်သော အာရုံခြောက်ပါးတို့ကို အောက်ပကိဏ်းပိုင်းဌ အကျယ်ပြဆိုခဲ့ပြီ။ သို့ရာတွင် ဝိထိချာဌ် နားလည်ထားထိုက်သော ဆဆင်ဏ္ဍာသရုပ်တို့ကို အပြည့်အစုံ ရေတွက် ဖေါ်ပြလိုသောကြောင့် ဤဌ်တဖန် ရေတွက် ပြဆိုရပြန်သည်။

၅။ ဆဏ္ဍာခြောက်မျိုးအနက်လေးခုမြောက်ဖြစ်သော ''ဆဝိညာဏ'' ၏ အရကား-

၁။ စက္ခုဝိညာဏ ၄။ ဇိဝှါဝိညာဏ
၂။ သောတဝိညာဏ ၅။ ကာယဝိညာဏ
၃။ ဃာနဝိညာဏ ၆။ မနောဝိညာဏ-တည်း။

၆။ ဆဝိထိ၏ အရသည် ဒွါရအစုန်းအားဖြင့် (၁) စက္ခုဒွါရဝိထိ (၂) သောတဒွါရဝိထိ (၃) ဃာနဒွါရဝိထိ (၄) ဇိဝှါဒွါရဝိထိ (၅) ကာယဒွါရဝိထိ (၆) မနောဒွါရဝိထိ ဟူ၍ ၆-မျိုး။ ဝိညာဏ်

၇။ အတိမဟန်၊ မဟန်, ပရိတ်၊ တိပရိတ်၊ ခွဲစိတ်-ပဥ္စင်္ဂါရ၊
၈။ ဝိဘူတာ-အ၊ဝိဘူတန္နစ်၊ မနောဖြစ်၊ ပေါင်းလစ် ဝိသယ-ပဝတ်ဆ၊

အစွန်းအား ဖြင့် (၁) စက္ခုဝိညာဏဝီထိ (၂) သောတဝိညာဏဝီထိ (၃) ဃာနဝိညာဏဝီထိ (၄) ဇိဝှါဝိညာဏဝီထိ (၅) ကာယဝိညာဏဝီထိ (၆) မနောဝိညာဏဝီထိဟူ၍ ၆-မျိုးရှိ၏။ ဤသို့ဒွါရနှင့်ဝိညာဏ်နှစ်ရပ်၌ ဝီထိပုဒ်ကို ယှဉ်စပ်၍ ဆဝီထိ၏အရမှာ ဒွါရအစွန်းဖြင့်ဂင်း, ဝိညာဏ် အစွန်းဖြင့်ဂင်း ၆-မျိုးစီ ရှိသတည်း။

၇။၈။ ဝီထိပိုင်း၌ အာရုံခြောက်ပါးတို့၏ ဒွါရတို့၌ဖြစ်ခြင်း, အာရုံခြောက်ပါးတို့၌ စိတ်တို့၏ ဖြစ်ခြင်းဟုဆိုအပ်သော "ဝိသယပဝတ္တိ" သည် ပဉ္စဒွါရ၌ (၁) အတိမဟန္တဝိသယပဝတ္တိ (၂) မဟန္တဝိသယပဝတ္တိ (၃) ပရိတ္တဝိသယပဝတ္တိ (၄) အတိပရိတ္တဝိသယပဝတ္တိဟူ၍ ၄-ပါး။ မနောဒွါရ၌ (၅) ဝိဘူတဝိသယပဝတ္တိ (၆) အဝိဘူတဝိသယပဝတ္တိဟူ၍ ၂-ပါး = ပေါင်း (၆) ပါး ရှိ၏။

ထိုတွင် အာရုံထင်လာသည်မှစ၍ ချုပ်သည်တိုင်အောင် အလွန်များသော စိတ္တက္ခဏရှိသော အာရုံသည် အတိမဟန္တဝိသယပဝတ္တိ = အတိမဟန္တာရုံမည်၏။ အာရုံထင်လာသည်မှစ၍ ချုပ်သည်တိုင်အောင် များသော စိတ္တက္ခဏရှိသော အာရုံသည် မဟန္တဝိသယပဝတ္တိ = မဟန္တာရုံ မည်၏။ နည်းသောစိတ္တက္ခဏရှိသော အာရုံသည် ပရိတ္တဝိသယပဝတ္တိ = ပရိတ္တာရုံမည်၏။ အလွန်နည်းသော စိတ္တက္ခဏရှိသော အာရုံသည် အတိပရိတ္တဝိသယပဝတ္တိ = အတိပရိတ္တာရုံမည်၏။ မနောဒွါရ၌ထင်ရှားသော အာရုံသည် ဝိဘူတဝိသယပဝတ္တိ = ဝိဘူတာရုံမည်၏။ မနောဒွါရ၌ မထင်ရှားသော အာရုံသည် အဝိဘူတဝိသယပဝတ္တိ = အဝိဘူတာရုံ မည်၏။

၉။ ဖြစ်,တည်,ချုပ်လတ်၊ ဥပါဒ်, ဌီ, ဘင်၊ အစရှိသုံးသွယ်၊ ခဏငယ်၊ ပေါင်းဝယ်နာမစိတ်ခဏာ။

၁၀။ ဆယ့်ခွန်စိတ္တက်၊ လက္ခဏလေး၊ ဝိညတ်ဒွေးချန်၊ ဗဟိဝိသံ၊ ကြွင်းကျန်-ရုပ်ဓာဝ။

၉။ စိတ်တခုတခုဌ် ဖြစ်ပေါ်လာခြင်း-ဥပါဒ်ခဏ, တည်နေခြင်း-ဌီခဏ, ပျက်စီးခြင်း-ဘင်ခဏ ဟူ၍ အဆိုက်အတန့်အားဖြင့် သုံးပါးရှိ၏။ ထိုတွင် ရှေးဦးစွာ ဖြစ်ပေါ်လာခြင်းကို "ဥပါဒ်" ဖြစ်ပြီးနောက် ပျက်စီးခြင်းသို့ ရှေ့ရှုတည်နေခြင်းကို "ဌီ" ပျက်စီးချုပ်ပျောက်ခြင်းကို "ဘင်" ဟု အသီးအသီး ခေါ်ဆိုအပ်၏။ စိတ်တိုင်းစိတ်တိုင်းဌ် ဖြစ်ဆဲ-ဥပါဒ်ခဏ,တည်ဆဲ-ဌီခဏ,ပျက်ဆဲ-ဘင်ခဏ ဟူ၍ ခဏငယ် သုံးချက်စီ အသက်ရှိ၏။ ဤခဏငယ်သုံးကွက် စိတ္တက္ခဏ တချက်သည်ပင်လျှင် စိတ်, စေတသိက်တို့၏ အသက်ပမာဏ မည်၏။

၁၀။ ဤသို့လျှင် စိတ် စေတသိက် တည်းဟူသော နာမ်တရားဘို့၏ အသက်အဝိုင်းအခြားသည် "ဥပါဒ်,ဌီ,ဘင်" အားဖြင့် ခဏငယ်သုံးကွက် စိတ္တက္ခဏ တချက်ခန့် အဝိုင်းအခြားရှိသောကြောင့် နာမ်တရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းသည် အလွန်တရာ လျင်မြန်မေ့ပါးကုန်ရကား မျက်စိတမှိတ်လျှပ်တပြက်အတွင်းဌ် ကုဋေတသိန်းကျော်အောင် ရှေ့ဆက်-နောက်ဆက် ဖြစ်နိုင်-ပျက်နိုင်ကြ၏။ ရုပ်တရားတို့၏ အသက်အဝိုင်းအခြားကား ခဏငယ်ပေါင်း (၅၁) ချက်ရှိသောကြောင့် လေးကန်ထိုင်းမှိုင်းကုန်၏။ စိတ်ပေါင်း(၁၇)ကြိမ် ဖြစ်-ပျက်ပြီးမှ ရုပ်တခုသာ ဖြစ်နိုင်, ပျက်နိုင်၏။ ရုပ်၏ ဥပါဒ်ခဏ, ဘင်ခဏနှင့် စိတ်၏ဥပါဒ်ခဏ, ဘင်ခဏကား ညီမျှ၏။ ရုပ်၏ဌီခဏမှာ (၄၉) ချက် ကြာရှောင် တည်နေရကား ရုပ်၏ဖြစ်ခြင်း-ပျက်ခြင်းသည် လွန်စွာလေးကန်ထိုင်းမှိုင်း၏။ ထို့ကြောင့် စိတ္တက္ခဏ(၁၇)ချက် ဖြစ်-ပျက်ခြင်းနှင့်ရုပ်သက်တချက် 'ဖြစ်ပျက်ခြင်းသည် တူညီလေသည်။

၁၁။ စိတ္တက်တပါး၊ များစွာလွန်ကုန်၊ ပဉ္စာရုံ၊ ဌိကြွံ ထင်ကြ-ငါးဒွါရ။
၁၂။ စက္ခုဒွါရံ၊တိမဟန်၊ သိရန်ဒီထိပြု။
၁၃။ စိတ္တက်တချက်၊အသက်လွန်ကုံ၊ ရူပါရုံ၊ထင်တုံ ပသာဒ။

ရပ်တရားဟူသမျှ၌ စိတ္တက္ခဏ(၁၇)ချက် ခဏငယ်(၅၁)ချက် အသက်ပမာဏ ရှိကြသည်မဟုတ်၊ ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ-ဟူသော လက္ခဏာရုပ်သေးပါး,ကာယဝိညတ်, ဝစီဝိညတ်ဟူသော ဝိညတ်ရုပ်နှစ်ပါး = ဤ(၆)ပါးသော ရုပ်တို့မှတပါး ကြွင်းကျန်သော ရုပ် ၂၂-ပါးဌိသာ စိတ်သက်(၁၇)ချက်, ခဏငယ်(၅၁)ချက်ရှိကုန်၏။ ဤရုပ်(၆)ပါးကို အဘယ့်ကြောင့် ကြဉ်ရသနည်းဟူမူ-ဥပစယ,သန္တတိသည် ရုပ်တို့၏ ဥပါဒ်ခဏ, ဇရတာသည် ရုပ်တို့၏ဌိခဏ, အနိစ္စတာသည် ရုပ်တို့၏ ဘင်ခဏတည်း။ ဝိညတ်ရုပ်နှစ်ပါးလည်း စိတ်သို့ အစဉ်လိုက်၍ ဖြစ်သော ''စိတ္တာနုပရိဝတ္တိ°ဓမ္မ'' ဖြစ်၍ စိတ်ဖြစ်လျှင်ဖြစ်, စိတ်ချုပ်လျှင် ချုပ်၏။ ထို့ကြောင့် ဤရုပ်(၆)ပါးကို ကြဉ်ဖယ်ရသတည်း။

၁၁။ ပဉ္စာရုံနှင့် ပဉ္စပသာဒတို့သည် အတူပြိုင်၍ ဖြစ်ကြသောအခါ ဖြစ်သည်နှင့်တပြိုင်နက် ထင်ခြင်းသို့ မရောက်ကြသေး၊ စိတ္တက္ခဏတချက်, နှစ်ချက်ခန့်-စသော ကာလကိုလွန်ပြီးနောက်။ ဝ။ စိတ္တက္ခဏတချက်ခန့်, နှစ်ချက်ခန့်-စသော ဌိအခိုက်အတန့်သို့ ရောက်မှ ထင်ခြင်း၄၊ အားရှိကြသောကြောင့် ပဉ္စာရုံတို့သည် ပဉ္စဒွါရ၌ ထင်ကြကုန်၏။

၁၂။ ၁၃။ ဤ၌ စက္ခုဒွါရ အတိမဟန္တဘာဝရုံ ဝီထိဖြစ်ပုံကို ပြဆိုဦးအံ့-ရူပါရုံနှင့် စက္ခုပသာဒတို့သည် ဝီထိစိတ်မဖြစ်မီ ဘဝင်စိတ်တခုဖြစ်၍ ဥပါဒ်ခဏ၌ တွေ့ဆုံထိခိုက်ကြ၏။ ယင်းသို့ တွေ့ဆုံ ထိခိုက်ကြသော်လည်း ထိခိုက်ရာဘဝင်စိတ်၌ မထင်ကြသေး။ ဒုတိယဘဝင်၏ ဥပါဒ်ခဏသို့

၁၈၊ ဤမျှအစဉ်၊တိဘဝင်စ၊ဒုဒါကွတ် ၊ ရူပါရုံ၊ ချုပ်ကုန်ဖဝ-သတ္တရ၊

သည် အနည်းငယ် ဆန်တက်လိုက်ပါသကဲ့သို့၊ ထို့အတူ ဇော၏အရိန်ကုန်သောအခါ အာရုံဟောင်းကို ယူမြဲဖြစ်သော ဘဝင်အယဉ် မဖြစ်သေးဘဲ ဇောယူအပ်သော အာရုံကိုပင်ယူ၍ သန္ဋီရဏစိတ်-၃, မဟာဝိပါက်စိတ်-၈=ပေါင်း(၁၁)ပါးသော ဝိပါက်ဝိညာဏ်တွင် တပါးပါးသော ဝိပါက်ဝိညာဏ်စိတ်သည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ယင်းသို့ တဒါရုံ နှစ်ကြိမ်ဖြစ်ပြီးနောက်၌ အာရုံသစ်ကိုယူ၍ဖြင့်သော ဝီထိစိတ်စဉ် ကုန်ဆုံးပြီဖြစ်သောကြောင့် ဖြစ်နေကျ ကာမဘဝင်အစဉ်တို့သည် ယူနေကျ အာရုံဟောင်းကို ယူပြီးလျှင် ဘဝင်အယဉ် ကျမြဲကျသတည်း။

၁၈။ ဒုတိယတဘဝင်မှစ၍ ဒုတိယတဒါရုံကျအောင် စိတ္တက္ခဏ(၁၇)ချက် ခဏငယ် (၅၁) ချက် အသက်ပြည့်သည်ဖြစ်၍ ထင်လာထိခိုက်လာကြသော ရူပါရုံ, စက္ခုပသာဒတို့သည် ချုပ်ပျောက်ကြကုန်၏။ သို့ဖြစ်ရကား ပြဆိုခဲ့ပြီးသော စကားစဉ်များအရ **စက္ခုဒ္ဒါရ အတိမဟန္တာရုံဝီထိ** ဖြစ်စဉ်-ဖြစ်ဟန် ဝီထိပုံစံကိုရှု၍ မှတ်သားအပ်၏။

စက္ခုဒ္ဒါရ အတိမဟန္တာရုံ ဝီထိပုံစံ

အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုက်း, သန္တီရဏ, ဝုဋ္ဌော, ကာမဇော (၇) ကြိမ်, တဒါရုံနှစ်ကြိမ်, ဘဝင်,ဘင်,ဘဝင်---

အတီတဘဝင်မှစ၍ ဒုတိယတဒါရုံတိုင်အောင် စိတ်အကြိမ်ပေါင်း (၁၇)ကြိမ်ရှိ၏။ စိတ်တခုတခု၌ ဥပါဒ်,ဌိ,ဘင်-ဟု ခဏတ္တယ သုံးချက်စီရှိသောကြောင့် စိတ်အကြိမ်းပေါင်း (၁၇) ကြိမ်၌ ခဏငယ်ပေါင်း

၁၉။ အာဂုံ-နိဗ္ဗိတ်၊ ငိစိတ်ဆယ့်လေး၊ ဖြစ်ရေးတည်ခံ၊ တိမဟာန်၊ မှည့်ရန်ဝါရ-ဒါလမ္ဘ။

၂၀။ အာဂုံကြီးမြင့်၊ အာရုယ်ရင့်မှ၊ ပသာဒဆုံ၊ တွေ့ထင်ကြုံ၊ ဒါရုံမရ–ဇောသာကျ။

(၁၇×၃ = ၅၁) ငါးဆယ့်တချက်ရှိ၏။ ထို့ကြောင့် အတိတ်ဘဝင်၏ ဥပါဒိန်ခဏ၌ တွေ့ဆုံထိခိုက်လာသော အာရုံနှင့်ပသာဒသည် ဒုတိယတဒါရုံ၏ ဘင်ခဏ၌ စိတ္တက္ခဏ(၁၇)ချက်, ခဏငယ်(၅၁)ချက် အသက်ပြည့်သောကြောင့် ဒုတိယတဒါရုံ၏ ဘင်ခဏနှင့်ပြိုင်၍ ချုပ်လေသည်။ ဤဝီထိပုံစံကို အကြိမ်ကြိမ် လေ့လာမှတ်သားထားပါက အထက်၌ ပြလတံ့ဖြင့်သော ဝီထိများကိုလည်း သဘောပေါက်လွယ်ပါလိမ့မည်။

၁၉။ ဤဝီထိသည် စိတ္တက္ခဏ(၁၆)ချက် အသက်ရှိသော အတိမဟန္တရုပါရုံကို အာရုံပြု၍ ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုက်း, သန္တီရဏ, ဝုဋ္ဌော, ဇော(၇)ကြိမ်, တဒါရုံနှစ်ကြိမ်ဟူ၍ ဝီထိစိတ် အကြိမ်ပေါင်း (၁၄) ကြိမ်ကြာအောင် အများဆုံး ဖြစ်ခြင်းကြောင့် "အတိမဟန္တာရုံဝီထိ" မည်၏။ တဒါရုံ အဆုံးရှိသောကြောင့် "တဒါလမ္ဗဏဝါရ" မည်၏။

တဒါလမ္ဗဏဝါရ စက္ခုဒ္ဒါရ
အတိမဟန္တာရုံဝီထိပြီး၏။

၂၀။ အာရုံနှင့်ပသာဒ တွေ့ဆုံထိခိုက်ပြီးနောက် စိတ္တက္ခဏနှစ်ချက်, ဧကဇ္ဇနဝီထိ ခြောက်ချက်, သို့မဟုတ် စိတ္တက္ခဏသုံးချက်, ခဏငယ်ကိုးချက် တိုင်တိုင် ရင့်ရော်ကြာမြင့်စွာ ဖြစ်ပြီးမှ အာရုံ၏ ပသာဒဒွါရ ထင်လင်းနိုင်

၂၁။ ဇောနှောင်ဘဝင်၊ ဤအစဉ်၊ မည်တွင်မဟန္တရော-ဇောဝါရ။

သည်ဖြစ်၍ တဒါရုံကုလောက်အောင် အသက်ကြွင်း မလောက်မင့် ရှိသေးကြောင့် တဒါရုံမကဘဲ ဝုဋ္ဌောနောင် ဇောသာကျရ၏။

၂၁။ ဇော၏နောက်၌ ဘဝင်အယဉ်အစဉ်မပြတ်ကုမြဲကျသည်ဖြစ်၍ ဤဝီထိစိတ်၏ အာရုံသည် ယခင်အတိမဟန္တာရုံလောက် အားမကြီးလှ။ စိတ္တက္ခဏနှစ်ချက်,သုံးချက်လွန်ပြီးမှ ထင်လာရသောကြောင့် မဟန္တာရုံမည်၏။ ထိုမဟန္တာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်အစဉ်သည် "မဟန္တာရုံဝီထိ" မည်၏။ ဇောအဆုံးကိုသောကြောင့် "ဇဝနဝါရ" မည်၏။

စိတ္တက္ခဏနှစ်ချက်လွန်သော မဟန္တာရုံဝီထိပုံစံ

တဓိ,တဓိ,နှ,ဒ,ပဉ်,စ,သမ္မ,ဘိ,ဝု,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဘဝင်, ဘဝင်,ဘဝင်....

စိတ္တက္ခဏသုံးချက်လွန်သော မဟန္တာရုံဝီထိပုံစံ

တဓိ,တဓိ,တဓိ, နှ,ဒ,ပဉ်,စ,သမ္မ,ဘိ,ဝု,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ, ဘဝင်,ဘဝင်,ဘဝင်....

ဤပဋ္ဌမ မဟန္တာရုံဝီထိ၌ သတ္တမဇောနှောင် စိတ္တက္ခဏတချက်ခန့် အသက်ကြွင်းရှိသေး၍ တဒါရုံတကြိမ် ကျလောက်လျက် မကျဘဲ ဘဝင် အယဉ်ကျခြင်းကား တဒါရုံမည်သည် တကြိမ်တည်း ဖြစ်ရိုး-ဖြစ်စဉ်မရှိ။ နှစ်ကြိမ်ဖြစ်လောက်အောင်လည်း အခွင့်မရသောကြောင့်တည်း။ မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိများမှတပါး ကြွင်းသောဝီထိများ၌ တစ်ထိထည်းမှာ ပစ္စုပ္ပန်အာရုံတမျိုး,အတိတ်အာရုံတမျိုးဟူ၍ အာရုံမပြားသင့်-

၂၂။ ဇောမျှမနိုင်၊ အားမဲ့ကြိုး၊ထိုအာရုံဝယ်၊ ဝဋ်ဒုက္ခသွယ်၊ သုံးသွယ်လွန်က-ဘဝင်ကျ။

၂၃။ ဝဋ်ဒုက္ခဘဝင်၊ ဤအစည်း၊ မည်တွင်ပရိယာ-ယောဝါရ။

၊ မပြားထိုက်။ သို့ဖြစ်၍ ပဋ္ဌမတဒါရုံက ပစ္စုပ္ပန်အာရုံ, ဒုတိယတဒါရုံက အတိတ်အာရုံပြု၍တဒါရုံနှင့်ကြုံမမျှထိုက်။တကြိမ်တည်းလည်း ဖြစ်ရိုးမရှိ။ ထို့ကြောင့် တဒါရုံ မချရသတည်း။

ဇဝနဝါရ စက္ခုဒ္ဒါရ မဟန္တာရုံ- ၂ ဒီထိပြီး၏။

၂၂။ အာရုံနှင့်ပသာဒ တွေ့ဆုံထိခိုက်ပြီးနေ့ စိတ္တက္ခဏလေ.ချက်မှစ၍ စိတ္တက္ခဏကိုးချက်တိုင်အောင် လွန်ပြီးမှ အာရုံ၏ပသာဒ၌ ထင်လာနိုင်သောကြောင့် ဇော(၇)ကြိမ်ဖြစ်ခြင်းငှါ မစ္ဆမ်းနိုင်။အားသေးနုံ့နေးသောအာရုံဖြစ်ရကား ဇောကျေဘဲ ဝုဋ္ဌောသည်ပင် ဇောအရာ၌ တည်၍ နှစ်ကြိမ်, သုံးကြိမ်ဖြစ်ပြီးလျှင် ဘဝင်အယဉ် ကုန်မြဲကုန်၏။

၂၃။ ဝုဋ္ဌော နှစ်ကြိမ်, သုံးကြိမ် ဖြစ်ပြီးနောက် ဘဝင်အယဉ် ကျရကား မဟန္တာရုံလောက် ဒီထိစိတ်စဉ်မများ နည်းပါးသော ဒီထိစိတ်စဉ်ရှိသောကြောင့် ပရိတ္တာရုံ မည်၏။ ပရိတ္တာရုံကို အာရုံပြု၍ဖြစ်သော ဒီထိစိတ်စဉ်သည် "ပရိတ္တာရုံဒီထိ" မည်၏။ ဤဌော အဆုံးရှိသောကြောင့် "ဝေါဋ္ဌဗ္ဗနဝါရ" မည်၏။

ပဋ္ဌမပရိတ္တာရုံ ဒီထိပုံစံ

တ ိ,တ ိ,တ ိ,တ ိ,န,ဒ,ပဉ္စ,စ, သမ္ပ, နွဲ့, ဝုဋ္ဌော, ဝု, ဝု, ဘဝင်, ဘဝင်,ဘဝင်…ကြွင်းဒီထိများ၌ အတ ိတဘဝင်တကြိမ်စီ တိုး၍တိုး၍ အတ ိတဘဝင် ကိုးကြိမ်ထိအောင် ဤနည်းဖြင့် ချခဲလ။

၂၄။ ရင့်ကြီးရင့်မှ၊ ပသာဒဆုံ၊ ထိုအာရုံ၊ လှပ်တုံ ဘဝင်မှ၊

၂၅။ ဆင်ခြင်,ကြည့်ရှု၊ခံမှု,ဆုံစမ်း၊ အခမ်းခမ်း၊ ပြုလမ်း စိတ်မခ၊

ပရိမ္ဘာရုံ ၆-ဝီထိဌ် ဆဋ္ဌဝီထိမှတပါး ကြွင်း၅-ဝီထိမှာ ဝုဋ္ဌေဘကြိမ် စီချလျှင် စိတ္တက္ခဏခြောက်ချက်, ငါးချက်, လေးချက် အသက်ကြွင်းရှိသောကြောင့် ဇောခြောက်ကြိမ်, ငါးကြိမ်,လေးကြိမ် ကျွန်ုပ်ရှိ၏။ သို့ရာတွင် ကာမဇောတို့သည် ပကတိအခါ (၇)ကြိမ်ဖြစ်လေ့ရှိကုန်၏။ ခုနှစ်ကြိမ်ဖြစ်နှင့်မရလျှင် ဇောမကျတော့ပြီ။ ထို့ကြောင့် ဝုဋ္ဌေနောင် ဘဝင် အယဉ်သာ ကျရသတည်း။

ဝေါဋ္ဌဗ္ဗနဝါရ စက္ခုဒ္ဒါရ ပရိတ္တာရုံ ၆-ဝီထိ ပြီး၏။

၂၄။ ဆယ်ချက်မှစ၍ ဆယ့်ငါးချက်ဘိုင်အောင် စိတ္တက္ခဏများစွာ လွန်ပြီး၍ အလွန်တရာ ရင့်ကြီးရင့်ကာမှ တွေ့ဆုံထိခိုက်သော အာရုံ၏ ပသာဒ၌ ထင်လာနိုင်ရကား ဝုဋ္ဌေဘဖြစ်လောက်အောင် အသက်ကြွင်းမရှိသောကြောင့် ဝီထိစိတ်စဉ် မဖြစ်တော့ဘဲ ဘဝင်လှုပ်ရုံမျှ လှုပ်သတည်း။

၂၅။ ဤဝီထိ၏ အံ့ရုံသည် ချုပ်ခါလောက်ခါနီးမှ ထင်လာသောကြောင့် အလွန်တရာ အားနည်းလှရကား ယခင်ဝီထိများကဲ့သို့ ဘဝင်အယဉ်ကိုဖြတ်၍ ဆင်ခြင်မှု-ပဉ္စဒ္ဒါရာဝဇ္ဇန်း, မြင်မှု စက္ခုဝိညာဏ်, ခံယူမှု-သမ္ပဋိစ္ဆိုက်း, စုံစမ်းမှု-သန္တီရဏ ဟူဆိုအပ်သော ဝီထိစိတ်စဉ် မဖြစ်ဘဲ ဘဝင်အယဉ် ကုမ္ပဏီကျလေသည်၊ ပဉ္စဒ္ဒါရဝီထိစိတ်တို့ ဖြစ်ပေါ်နိုင်မှုမှာ ဝုဋ္ဌေဘဖြစ်ခွင့် ရလောက်မှ ဝီထိစိတ်စဉ် ဖြစ်နိုင်၏။ ဝုဋ္ဌေဘဖြစ်ခွင့်မရလျှင် အာဝဇ္ဇန်း-စသော ဝီထိစိတ်စဉ်တို့လည်း ဖြစ်လေ့မရှိကြ။ ဤဝီထိများ၌

၂၆။ အာဝုံရင့်ပြီး၊ လွန်အား၊နည်း၍၊ စိတ်လည်းဝိထိ၊ မဖြစ်ဘိ၊ တိပရိက္ကွ-မောဝါရ။

၂၇။ တိမဟာန်တစ်၊ မဟာန်နှစ်, သုံး၊ လေး, ကိုးဆုံးလွန်၊ ပရိတ္တံ၊ ဆယ်, ပန္နရ-အာတိပ။

`ဝုဋ္ဌောဖြစ်လောက်အောင်မျှ အသက်ကြွင်းမရှိသဖြင့် ဒီဃိစိတ်မဖြစ်တော့ဘဲ ဘဝင်လှုပ်ရုံသာ လှုပ်လေသည်။ သို့ရာတွင် အာဝုံနှင့်ပဿဒ္ဓတွေ့ဆုံထိခိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် ဘဝင်လှုပ်ရှားခြင်းကို အစွဲပြု၍ "ဝိထိ" ခေါ်ရ၏။

၂၆။ အာဝုံနှင့်ပဿဒ္ဓတွေ့ဆုံထိခိုက်ပြီးနောက် စိတ္တက္ခဏဆယ်ချက်မှစ၍ ဆယ့်ငါးချက်တိုင်တိုင် လွန်စွာအားနည်း ချုပ်လောက်ခါနီးမှ ထင်လာသောကြောင့် အတိပရိတ္တာဝုံမည်၏။ ထိုအတိပရိတ္တာဝုံကို အာဝုံပြုပြီးလျှင် ဘဝင်လှုပ်ရှားခြင်းကို အကြောင်းပြု၍ "အတိပရိတ္တာဝုံ ဝိထိ" မည်၏။ ဝိထိစိတ်လည်းမဖြစ် အချည်းနှီး ဘဝင်လှုပ်ရုံသာ လှုပ်သောကြောင့် "မောဃဝါရ" မည်၏။

ပဌမအတိပရိတ္တာဝုံဝိထိပုံစံ

တိ, တိ, တဓ, တဓ, တဓ, တဓ, တဓ, တဓ, တဓ, တဓ, နှ, နှ, ဘဝင်, ဘဝင်, ဘဝင် ---
ကြွင်းဝိထိတို့ကိုလည်း နည်းမှီး၍ သိလေ။
မောဃဝါရ အတိပရိတ္တာဝုံ-၆-ဝိထိပြီး၏။

၂၇။ ဤသို့လျှင် စက္ခုဒ္ဒါရိန္ဒြေ အာဓိတဘဝင် တချက်လွန်သော အတိမဟန္တာဝုံ တဝိထိ, အတဓိတဘဝင်နှစ်ချက်လွန်, သုံးချက်လွန်သော

၂၈၊ ဝါရလေးတန်၊ စက္ခုဟာနသို့၊ သောတံ-ဃာနိ၊ လေးစိဂ္ဂါ၊ မှတ်ဘိပဉ္စဒွါရ၊

၂၉၊ ဒိထိစိတ်-သတ်၊ ကြိမ်မှတ်-ဆယ့်လေး၊ ဝိဇ္ဇာ ရေးဝင်း၊ စိတ်ဇောပဉ္စဒွါရ၊

မဟန္တာရုံ နှစ်ဝိထိ, အတိတဘဝင် လေးချက်လွန်မှစ၍ ကိုးချက်လွန်သော ပရိတ္တာရုံခြောက်ဝိထိ, အတိတဘဝင် ဆယ်ချက်လွန်မှစ၍ ဆယ့်ငါးချက်လွန်သော အတိပရိတ္တာရုံ ခြောက်ဝိထိအား ဖြင့် (၁၅) ဝိထိရှိ၏။

၂၈။ ထိုတွင် အတိမဟန္တာရုံဝိထိကား တဒါရုံ အဆုံးဒု်သော ကြောင့် တဒါလမ္ဗဏဝါရ, မဟန္တာရုံနှစ်ဝိထိကား ဇောအဆုံးရှိသော ကြောင့် ဇဝနဝါရ, ပရိတ္တာရုံ ၆-ဝိထိကား ဘဝင်္ဂောအဆုံးရှိသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရ, အတိပရိတ္တာရုံ ၆-ဝိထိကား ဝိထိစိတ်မဖြစ်သောကြောင့် မောဃဝါရမည်ကြောင်းကို အောက်၌ ဆိုခဲ့ပြီ။ စက္ခုဒ္ဒါရ၌ ဤစဝါရ လေးပါးအား လျော်စွာ (၁၅) ဝိထိရှိသကဲ့သို့၊ ထို့အတူ သောတဒ္ဒါရ စသည်တို့၌လည်း (၁၅) ဝိထိစီရှိကုန်၏။ တဒ္ဒါရ၌ (၁၅) ဝိထိစီဒု်သော ကြောင့် ပဉ္စဒ္ဒါရ၌ (၁၅×၅ = ၇၅) ဝိထိပေါင်း ခုနှစ်ဆယ့်ငါး ဝိထိ ရှိ၏။

၂၉။ ပဉ္စဒ္ဒါရ၌ အများဆုံးဖြစ်နိုင်သော ဝိထိစိတ်တို့သည် အကျဉ်း အားဖြင့် (၁)ပဉ္စဒ္ဒါရာဝဇ္ဇန်း (၂)ပဉ္စဝိညာဏ် (၃)သမ္ပဋိစ္ဆ၊ိုဏ်း (၄)သန္တီရဏ (၅)ဝုဋ္ဌော, (၆) ဇော (၇)တဒါရုံဟူ၍(၇)ပါး အပြားရှိကုန်၏။ စိတ်အကြိမ်အားဖြင့် ပဉ္စဒ္ဒါရာဝဇ္ဇန်း, ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆ၊ိုဏ်း, သန္တီရဏ, ဝုဋ္ဌော, ဇော(၇)ကြိမ်, တဒါရုံနှစ်ကြိမ်ဟူ၍

၃၀။ မနောဒွါရ၊ ဘဝင်္ဂမှာ၊ ဝိဘူတာရုံ၊ ထင်လာကြုံ၊
လှုပ်တုံဘဝင်္ဂ။
၃၁။ ဘဝင်ပြတ်ရာ၊မနောဒွါတစ်၊ဖောဌဗ္ဗဖြစ်၊ ဒါ-နှစ်
ဘဝင်ကျ။

(၁၄)ကြောင့်ဒိဋ္ဌိကုန်၏။ အကျယ်အားဖြင့်ကား ပဋ္ဌဒွါရ၌ ဖြစ်သမျှစိတ်တို့
၊သည် ကာမစိတ်(၅၄)ပါးတို့ ဖြစ်သတည်း။
ပဋ္ဌဒွါရဝီထိ ပြဆိုခဏ်းပြီး၏။

၃၀။ မနောဒွါရဟူသည် ဘာဝင်စိတ်ဖြစ်ကြောင်းကို အောက်ပကိဏ်း
ပိုင်း ဒွါရသင်္ဂဟ၌ ပြဆိုခဲ့ပြီ။ ယင်းမနောဒွါရမည်သော ဘဝင်စိတ်၌
ထိခိုက်ထင်လာသောအာရုံကို ဒေါစွဲပြု၍ ဖြစ်ပေါ်လာသော ဝီထိစိတ်
အစဉ်ကို "မနောဒွါရဝီထိ" ဟု ခေါ်ဆိုရ၏။

ထိုမနောဒွါရဝီထိသည် အကျဉ်းအားဖြင့် ကာမဇောဝါရ, အပ္ပနာ
ဇောဝါရ-အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင် ကာမဇောဖြစ်ကြိမ်ဖြစ်လျှင်
ကို ပြဆိုအပ်သောဝါရသည် ကာမဇောဝါရမည်၏။အပ္ပနာဇောဖြစ်ကြိမ်
ဖြစ်လျှင်ကို ပြဆိုအပ်သောဝါရသည် အပ္ပနာဇောဝါရမည်၏။

ကာမဇောဝါရဟူလည်း ဝိဘူတာရုံဝီထိ,အဝိဘူတာရုံဝီထိဟု နှစ်မျိုး
ရှိ၏။ ထိုဘွင် စိတ်၌ထင်ရှားသော အာရုံကို အစွဲပြု၍ဖြစ်သော ဇဝဝီထိစိတ်
အစဉ်သည် ဝိဘူတာရုံဝီထိမည်၏။ စိတ်၌မထင်ရှားသောအာရုံကိုအစွဲပြု၍
ဖြစ်သော ဝီထိစိတ်အစဉ်သည် အဝိဘူတာရုံ ဝီထိမည်၏။ ဤ၌ ဝိဘူတာရုံ
ဝီထိဖြစ်ပုံကို ဤသို့ သိအပ်၏။ မနောဒွါရမည်သော ဘဝင်စိတ်၌
အာရုံ ၆-ပါးဘွင် တပါးပါးသည် ထင်လျားစွာ ထိခိုက်ထင်လာသော
အခါ ဘာဂ််စလန,ဘဝဂ််စလန ဟု ဘဝင်္ဂနှစ်ကြိမ်လှုပ်၏။

၃၁။ ဤသို့ ဘဝင်နှစ်ကြိမ်လှုပ်ပြီးနောက် ဖြစ်နေကျဘာဝင်အယဉ်
ပြတ်စပြီးလျှင် ထိုထိခိုက် ထင်လာသောအာရုံကို ဆင်ခြင်တတ်သော

မနောဒ္ဓါရုဝဇ္ဇန်းစိတ်သည် ဖြစ်၍ချုပ်၏၊ ထို့နောင် ကာမဇော-၂၉ပါး တို့တွင် တပါးပါးသည် ဇောကိစ္စ (၇)ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် သန္တီရဏစိတ်-၃,မဟာဝိပါက်စိတ်-၈ = ၍ (၁၁) ပါးသော ဝိပါက် ဝိညာဏ်စိတ်တွင် တပါးပါးသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်အစဉ် ကုန်ခြင်းသတည်း။

ကာမဇောမနောဒ္ဓါရ ဝိဘူတာရုံဝီထိပုံစံ

ဘဝင်စလန, ဘင်္ဂုပဏ္ဍဒ, မနောဒ္ဓါရာဝဇ္ဇန်း; ကာမဇော (၇) ကြိမ်, တဒါရုံနှစ်ကြိမ်, ဘဝင်, ဘဝင်,ဘဝင်...

၍ဝိဘူတာရုံဝီထိသည် တဒါရုံကျသောဝီထိ, တဒါရုံမကျသောဝီထိ ဟူ၍နှစ်မျိုးရှိ၏။ ထိုတွင်ကာမဇော, ကာမအာရုံ, ကာမသတ္တဝါဖြစ်လျှင် တဒါရုံချရ၏။ မဟဂ္ဂုတ်ဇော-မဟဂ္ဂုတ်အာရုံ,လောကုတ္တရာဇော-လောကုတ္တရာ အာရုံနှင့် ပညတ်အာရုံမျှားဖြစ်လျှင် တဒါရုံမချရ။

မနောဒ္ဓါရဝီထိ၌ အတိတ်ဖြစ်သောရုပ်, နာမ်တရား, အနာဂတ်ဖြစ်သောရုပ်, နာမ်တရား, ပစ္စုပ္ပန်ဖြစ်သောရုပ်, နာမ်တရား, ကာလငါးမှတ်ဖြစ်သောနိဗ္ဗာန်,ပညတ်တို့တိုင်အောင် စိတ်၏ အာရုံအဝါ အစွမ်းသတ္တိရှိသလောက် ထင်နိုင်၏။မနောဒ္ဓါရ၌ မထင်နိုင်သောအာရုံဟူ၍မရှိ။ အလုံးစုံသောအာရုံ ၆-ပါးတရားတို့သည် ထင်နိုင်ကုန်၏ သို့ဖြစ်၍မနောဒ္ဓါရ၌ ထင်နိုင်သောအာရုံတရားတို့ကားအကျဉ်းအားဖြင့်ပစ္စုပ္ပန်, အတိတ်,အနာဂတ်ဖြစ်သောစိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈,ကာလငါးမှတ်ဖြစ်သောနိဗ္ဗာန်,ပညတ်=၍ အာရုံ၆-ပါးတရားတို့ ဖြစ်သတည်း။

၍အာရုံ၆-ပါး တရားသည်လည်း စိတ္တက္ခဏ(၁၇)ချက် ရကောင်းသောအာရုံ,မရကောင်းသောအာရုံဟု နှစ်မျိုးရှိပြန်၏။ ထိုတွင် ဝိညတ်ဒွေးနှင့် လက္ခဏရုပ် လေးပါးကြဉ်သော ပစ္စုပ္ပန်ရုပ်(၂၂)ပါးဟု ဆိုအပ်သောအာရုံ ၆-ပါးသည် စိတ္တက္ခဏ (၁၇) ချက် ရကောင်းသောအာရုံ

၃၂။ အဝိဘူရံ၊ ခိုက်ကြိုထင်လာ၊ ဓောနောက်မှာ၊ ဘဝင် သာဏကျ-ဒါမရ။

၃၃။ ထင်ရှားလေတုံ၊ ဝိဘူရံမှတ်၊ မထင်လတ်မူ၊ အဝိဘူ၊ ဝိဘူနှစ်ဝ-ဤဒွါရ။

မည်၏။ ပစ္စုပ္ပန် ဖြစ်သော ဂိညတ်ဒွေး, လက္ခဏာရပ် လေးပါးနှင့် တကွ အတိတ်, အနာဂတ်ဖြစ်သောရပ်-၂၈ပါး, တေကာလိကစိတ်, စေတသိက်, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ် = ဤအာရုံ ၆-ပါးသည် စိတ္တက္ခဏ (၁၇) ချက် မရကောင်းသော အာရုံမည်၏။

၃၂။ ပြဆိုခဲ့သော အာရုံ ၆-ပါးတွင် တပါးပါးသည် မနောဒွါရ၌ မထင်မရှား မပြတ်သားဘဲ ထိခိုက်ထင်လာသောအခါ၌ ဇောနောင် တဒါရုံမကျ ဘဝင်အယဉ်သာလျှင် ကုမြဲကျ၏။

ကာမဇော မနောဒွါရ အဝိဘူတာရုံဒီထိပုံစံ

န,ဒ,မ,ကာမဇော(၇)ကြိမ်,ဘဝင်,ဘဝင်,ဘင်ဘင်,....

၃၃။ ဤသို့လျှင် ကာမဇော မနောဒွါရ၌ ထင်ရှားသောအာရုံသည် ဝိဘူတာရုံမည်၏။ ထိုအာရုံကိုစွဲ၍ဖြစ်သော ဝီထိစိတ်စဉ်သည် "ဝိဘူတာရုံဒီထိ" မည်၏။ မထင်ရှားသောအာရုံသည် အဝိဘူတာရုံမည်၏။ ထိုအာရုံကိုစွဲ၍ဖြစ်သော ဝီထိစိတ်စဉ်သည် "အဝိဘူတာရုံဒီထိ" မည်၏။

ဝိဘူတာရုံ, အဝိဘူတာရုံဝီထိပြီး၏။

၃၄။ ဝိစိတ်-ကြို၊ ကြွမ်-ဆယ်ရှိမှတ်၊ မနောဓာတ်ပယ်၊ နွေးပဋိဃယ်၊အာကျယ်ကာမ-ဇောစယ။

၃၅။ ဇောအပ္ပနာ၊ ဝါရမှာတဲ့၊ အာရုံထင်မှ၊ ဖြစ်ကုန်ကြ၊ ဘူ,အ-ပြားမရှိ။

၃၄။ ကာမဇော မနောဒွါရ၌ ဖြစ်သော ဝိထိစိတ်တို့သည် အမျိုးအမည်အားဖြင့် (၁)မနောဒွါရာဝဇ္ဇန်း (၂)ဇော (၃)တဒါရုံဟူ၍ သုံးမျိုးရှိကုန်၏။ စိတ်အကြိမ်အားဖြင့် မနောဒွါရာဝဇ္ဇန်း, ဇော(၇) ကြိမ်, တဒါရုံနှစ်ကြိမ်ဟူ၍ ဆယ်ကြိမ်ရှိကုန်၏။ အကျယ်အားဖြင့် မနောဓာတ်-၃-ခု, ဒွေးပဋ္ဌဝိညာဏ် (၁၀) ကြဉ်သော ကာမဇိတ် (၄၁) ဖြစ်သတည်း။

ကာမဇော မနောဒွါရဝိထိ ပြဆိုခဏ်းပြီး၏။

၃၅။ အပ္ပနာဇော၀ါရ၌ အပ္ပနာဇောတို့သည် မဟဂ္ဂုတ်ကုသိုလ်-၉, မဟဂ္ဂုတ်ကြိယာ- ၉, လောကုတ္တရာစိတ်- ၈= ပေါင်း အကျဉ်းအားဖြင့် (၂၆) ပါးရှိကုန်၏။ လောကုတ္တရာစိတ်ကို ဈာန်အကျယ်ပွားလျှင် အပ္ပနာဇော အကျယ် (၅၈) ပါး ဖြစ်သတည်း။ ဤ၀ါရ၌ ဖြစ်ပေါ်ထင်လာသော အာရုံက ထင်ထင်ရှားရှား ဖြစ်ပေါ်ထင်လာမှသာလျှင် အပ္ပနာဇော ကျနိုင်သောကြောင့် ကာမဇော၀ါရ၌ ကဲ့သို့ ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု နှစ်မျိုးမရှိ။ ဝိဘူတာရုံ တမျိုးထည်းသာရှိ၏။

ပထမစျာန်-စသည်ကိုရအောင် သမထကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းရ၏။ မဂ်ဖိုလ်ကိုရအောင်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းရ၏။ထိုသို့ပွားများစီးဖြန်းအပ်သော သမထအာရုံ, ဝိပဿနာအာရုံသည် ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ထင်ထင်ရှားရှား ဖြစ်ပေါ်လာမှသာလျှင်

၃၆။ ဇော,ရုံ,သတ္တ၊ ဤသုံးဝတ္ထု၊ ကာမ-မဆုံ၊ တဒါရုံ၊ ပုံသေ-မဖြစ်သိ။

စျာန်, မဂ်,ဖိုလ်ကို ရနိုင်၏။ သာမန်ထင်လာကာမျှဖြင့် မရနိုင်။ ဤသို့ စျာန်ဇော,မဂ်ဇော, ဖိုလ်ဇောကဲ့သော အပွနာဝီထိ၏ အာရုံ ဟူသမျှသည် ထင်ရှားပြာသားသော ဝိဘူတာရုံ တမျိုးထည်းသာရှိ၏။ မထင်ရှား-မပြာသားသော အဝိဘူတာရုံမျိုး မရှိ။ ထို့ကြောင့်လည်း ''အာရုံထင်မှ၊ ဖြစ်ကုန်ကြ၊ ဘူ, အ-ပြားမရှိ'' ဟူ၍ ရေးစပ်ပြဆိုအပ်ပေသည်။

ဤ၌ အပွနာ-ဟူသော အမည်သည် ဝိတက်စေတသိက်၏ အမည်သာတည်း။ဝိတက်စေတသိက်သည် သမ္မယုတ်တရားတို့ကို အာရုံ၌ ကြံစိ-အပ်နှံပေးတက်, ရှု့ရှုတင်ဆောင် ပေးတတ်သောကြောင့် ''တက္ကော' ဝိတဒ်ကော,အပွနော,ဗျပွနော'' ဟူသော ဓမ္မသင်္ကေတ ပါဠိတော်နှင့်အညီ အပွနာ အမည်ရ၏။ ယှဉ်တက် ပဌမစျာန်စိတ်နှင့် စေတသိက်တို့လည်း အပွနာအမည်ရသော ဝိတက်နှင့်တကွဖြစ်ကြသောကြောင့် (သဟစရဏနည်းဖြင့်) အပွနာအမည်ရကြ၏။ ဒုတိယစျာန်-စသည်တို့လည်း အပွနာအမည်ရသော ပဌမစျာန်နှင့်တူကြသောကြောင့်(သဒိသူပစာအားဖြင့်) အပွနာအမည်ရကုန်၏။ ထို့ကြောင့် အပွနာဟူသောအမည်သည် မုချအားဖြင့် ဝိတက်၏အမည်ဖြစ်သည်။ ယှဉ်ဘက်သမ္မယုတ်တရားစုနှင့် ဒုတိယစျာန်-စသည်တို့ကား သဟစရဏနည်း,သဒိသူပစာနည်းအားဖြင့် ''အပွနာ''အမည် ရကြသတည်း။

၃၆။ ကာမဇော, ကာမအာရုံ, ကာမသတ္တဝါ- ဤအကြောင်းသုံးပါး ပြည့်စုံမှ တဒါရုံကျ၏။ တပါးပါးချို့ငဲ့လျှင် တဒါရုံမကျ။ အပွနာဇောဝီထိများ၌ ဇောတို့ကား ကာမဇောမဟုတ်၊ မဟဂ္ဂုတ်,လောကုတ္တရာဇောတို့ဖြစ်ကြ၍ ဝိဘူတာရုံပင် ဖြစ်လင့်ကစား တဒါရုံမကျဘဲ ဇောနောင် ဘဝင်အယဉ် ကျမြဲကျ၏။

၃၇၊ ပရိကမ္မာ၊ဥပစာရ၊ နီလေဝမ၊ ဂေါတြဘူ-ဟုကို၊
၃၈၊ ဥဂ္ဃာဟကာဇောဒ္ဓစ်၊ တဒုဒ္ဓြစ်၊ ကြိမ်စစ်-သုံး လေးသိ။
၃၉၊ သုံးကြိမ်ဒ္ဝိမှာ၊ ဥပစာစ၊ နီလေဝမ၊ဂေါတြဘူ-ဟုမည့်။

၃၇။ ၃၈။ အပ္ပနာဇောမဖြစ်မှီ အပ္ပနာဇော၏အနီးအပါး၌ ရှေးဦးစွာ ဥပစာရသမာဓိဇောကျ၏။ ထို့နောက်မှ အပ္ပနာဇောကျ၏။ ဥပစာရသမာဓိဇော်ဟူသည် စျာန်, မဂ်, ဖိုလ်တို့၏ အနီးအပါး၌ဖြစ်၍ မြဲမြံတည်ကြည်သော သမာဓိနှင့်ယှဉ်သည့် ဇောစိတ်ပင်တည်း။ တရား ကိုယ်ကား ဥဏ္ဍာသမ္ပယုတ်ကာမဇော-၈-ပါးတည်း။ စျာန်ရအောင် သမထ ကမ္မဋ္ဌာန်းနှင့် မဂ်ရအောင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအား ထုတ်သူသည် ကမ္မဋ္ဌာန်း အထွဋ်အထိမ်သို့ရောက်၍ စျာန်, မဂ်ကိုရခါနီး၌ ဤဥဏ္ဍာသမ္ပယုတ် ကာမဇော - ၈-ပါးတွင် တပါးပါးသည် "ပရိကံ, ဥပစာ,အနုလုံ,ဂေါတြဘူ" ဟူသော အမည်ဖြင့် ဥပစာရသမာဓိဇော-လေးကြိမ်သော်၎င်း,သုံးကြိမ်သော်၎င်း ဖြစ်၏။

၃၉။ ဥပစာရသမာဓိဇောလေးကြိမ်, သုံးကြိမ်ဟူရာ၌ နုံသော ပညာရှိသော မနုဿပညာဖြစ်အံ့ "ပရိကံ, ဥပစာ,အနုလုံ, ဂေါတြဘူ" ဟူ၍ လေးကြိမ်ဖြစ်၏။ ထက်သောပညာရှိသော တိက္ခပညာဖြစ်အံ့ "ဥပစာ, အနုလုံ, ဂေါတြဘူ" ဟူ၍ သုံးကြိမ်ဖြစ်၏။ ထိုပရိကံစသော ဥပစာရသမာဓိဇော လေးပါးတို့တွင် အပ္ပနာဇောဖြစ်လာရန်စိမ်ပေး တတ်သော ဇောစိတ်သည် ပရိကံမည်၏။ အပ္ပနာ၏အနီးအပါး၌ဖြစ်သော ဇောစိတ်သည် ဥပစာရမည်၏။ ရှေးရှေးပရိကံနှင့် နောက်ဆုံးနောက် အပ္ပနာအား လျော်စွာဖြစ်သော ဇောစိတ်သည် အနုလုံမည်၏။ ကာမ အနွယ်, ပုထုဇဉ်အနွယ်ကိုဖြတ်တတ်သော ဇောစိတ်သည် ဂေါတြဘူ မည်၏။

၄၀။ လေး, ငါးကြိမ်မြောက်၊ နှစ်ဆယ့်ခြောက်ဖြာ၊
ဇောပုနာတွင်၊ သင့်ရာယ္ဟဉ်၊ ဆုံးတွင်-ဘဝင်သိ၊

၄၀။ မန္ဒပညာ ပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာရသမာဓိဇော လေးကြိမ်ဖြစ်ခြင်းနှင့်တကွ ငါးကြိမ်မြောက်၌ဖြင့်, တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်ခြင်းနှင့် လေးကြိမ်မြောက်၌ဖြင့် အပုနာဇော(၂၆)ပါတို့တွင် တပါးပါးသည် ယထာဘိနိဟာရ၏အစွမ်းဖြင့် ဇောကိစ္စဖြစ်၍ ထိုဓာနနောက်၌ ဘဝင်အယဉ် ကျမြဲကျသတည်း။

"အပုနာဇော(၂၆)ပါးတို့ကြင့် တပါးပါးသည်" ဟူသောစကား၌ အကြင်အကြင် သမထ, ဝိပဿနာ စိတ်ကို ရှေ့ရှုဆောင်ခြင်းဟူဆိုအပ်သော "ယထာဘိနိဟာရ" အစွမ်းဖြင့်သာလျှင် မှတ်အပ်၏။ ထင်ရှားစေအံ့-ကမ္မဋ္ဌာန်းစီးဖြန်းသူက မိမိ၏ကမ္မဋ္ဌာန်းကို ပဋ္ဌမဈာန်သို့ ရှေ့ရှုဆောင်လျှင် ပဋ္ဌမဈာန် အပုနာဇော စောဂ်။ ဒုတိယဈာန်-စသည်သို့ ရှေ့ရှုဆောင်လျှင် ဒုတိယဈာန် အပုနာဇော-စသည် စောဂ်။ထို့အတူ သောတာပတ္တိမဂ်သို့ ရှေ့ရှုဆောင်လျှင် သောတာပတ္တိမဂ်ဇောသာ စောဂ်။ သကဒါဂါမိမဂ်-စသည်သို့ ရှေ့ရှုဆောင်လျှင် သကဒါဂါမိမဂ်ဇော-စသည် စောဂ်။ ဤသို့လျှင် ယထာဘ်နိဟာရ၏ ဒအစွမ်းဖြင့်သာ အပုနာဇော တပါးပါး စောလေသည်။

အာဒိကမ္မိက အပုနာဇောဒီထိပုံစံ

န,ဒ,မ,ပရိ,ဥ,နု,ဂေါ,အပုနာဇော တကြိမ်,ဘွင်,ဘွင်,ဘွင်...

ဤဒီထိပုံစံကို မန္ဒပညာအားခည်၍ ချပြလိုက်သည်။ တိက္ခပညာဖြစ်အံ့။ ပရိကံကိုခွန်၍ ဥပစာ,အနုလုံ,ဂေါတြဘူဟု ဥပစာရ သမာဓိဇောကို သုံးကြိမ်သာ ချရမည်။

၄၁။ သော-ဇောနောက်မှာ၊ သော-ပုနာကပ်၊ဥ-ဥမှတ်ပါ၊ ကု-ကုသာ၊ဖလော-ဆောက်သုံးထည့်။

၄၂။ ကရိနောက်မှာ၊ကရိယာ၊ဆုံးဖလာထည့်-ပုနာသိ။

၄၁။၄၂။ အပုနာ၏ ရှေ့ပြေးဖြင်သော "ပရိကံ,ဥပစာ,အနုလုံ, ဂေါတြဘူ"ဟုဆိုအပ်သော ကာမဇောနှင့် အပုနာဇောတို့သည် သောမနဿဝေဒနာချင်းချင်း, ဥပေက္ခာဝေဒနာချင်းချင်း, ကုသိုလ်ချင်းချင်း, ကြိယာချင်းချင်း တူကြရ၏။ တူပုံ-"သောဇောနော်က်မှာ၊ သောပုနာကပ်"၏အရ မဟာကုသိုလ်,မဟာကြိယာ သောမနဿသဟဂတ် ဉာဏသမ္ပယုတ်ဇောလေးပါးတွင် တပါးပါး၏နောက်၌ မဟဂ္ဂုတ် သောမနဿဇော-ဂ,မဂ်သောမနဿဇော-၁၆,ဖိုလ်သောမနဿဇော-၁၆=ပေါင်း အပုနာဇော(၄၀)တို့တွင် တပါးပါး စေ၏။ "ဥ,ဥမှတ်ပါ"၏အရ မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာသဟဂတ် ဉာဏသမ္ပယုတ်ဇော လေးပါးတွင် တပါးပါး၏နောက်၌ မဟဂ္ဂုတ်ဥပေက္ခာဇော ၁၀, မဂ် ဥပေက္ခာဇော-၄, ဖိုလ်ဥပေက္ခာဇော-၄ = ပေါင်းအပုနာဇော(၁၈) ပါးတို့တွင် တပါးပါး စေ၏။ "ကု-ကုသာ၊ဖလော-ဆောက်သုံးထည့်" ၏အရ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော လေးပါးတွင် တပါးပါး၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော-၉, လောကုတ္တရာကုသိုလ်ဇော-၂၀, ဆောက်ဖိုလ်ဇော-၁၅ = ပေါင်း အပုနာဇော(၄၄)ပါးတို့တွင် တပါးပါး စေ၏။ "ကြိနောက်မှာ၊ ကရိယာ။လ။ ပုနာသိ" ၏အရ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောလေးပါးတွင် တပါးပါး၏နောက်၌ မဟဂ္ဂုတ် ကြိယာဇော-၉, အရဟာတ္တဖိုလ်ဇော-၅ = ပေါင်း အပုနာဇော (၁၄) ပါးတို့တွင် တပါးပါး စေ၏။

၄၃၊ သေ၁-ကုနောက်မှာ၊ ဗာတ္တိံသာဣ၊ ဥ-ကုဒ္ဓါဒါ၊
သေကြို-ဌာ၊ ဆမှာ ဥကြို-ပွနာသိ။
၄၄၊ ငါးဆယ်.ဂွစ်ဖြာ၊ ဧဝံပွနာ၊ ကျယ်စွာဖြန့်၍သိ။
၄၅၊ သေကုနောက်ကို၊ဆုံးဗိုလ်ပဥ်စျာန်၊ ကြွင်းကျန်
ရွာကူး၊မင်္ဂ,ဗိုလ်စု၊လေးခုစီညို-ဗာတ္တိံသိ။

၄၃။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇော
နှစ်ခု၏ နောက်၌ (၃၂) ပါးသော အပွနာဇော, မဟာကုသိုလ်
ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောနှစ်ခု၏ နောက်၌ (၃၂) ပါး
သော အပွနာဇော, မဟာကြိယာ သောမနဿသဟဂုတ် ဉာဏ
သမ္ပယုတ် ဇောနှစ်ခု၏ နောက်၌ (၈) ပါးသော အပွနာဇော,မဟာ
ကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောနှစ်ခု၏ နောက်၌ (၈)
ပါးသော အပွနာဇောတို့တွင် တပါးပါးစော၏။ ဤကား ဥပစာရသမာ
ဓိဇောနှင့် အပွနာဇောတို့ ဝေဒနာစသည် အချင်းချင်း တူကြပုံကို
ဒေကျဉ်းချုံး၍ ပြအပ်သော စကားရပ်တည်း။

၄၄။ ပြဆိုခဲ့သော အပွနာဇော (၃၂, ၁၂, ၈, ၈)တို့ကို အသီး
သီး ရေတွက်ကောက်ယူတတ်ရန် လောကတွေရာ အပွနာဇောတို့ကို အ
ကျယ်ပွားခြင်းဖြင့် အပွနာဇော အကျယ် (၅၈) ပါး ရှိသည်ဟု ရှေးဦး
စွာ မှတ်သားထားပါ။

၄၅။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇော
နှစ်ခု၏နောက်၌ စေ့ကောင်းသော အပွနာဇောကား အရဟတ္တဖိုလ်
နှင့် ပဋိမစျာန်ဇောတို့ကိုကြဉ် ကြွင်းသော ရူပကုသိုလ် သောမနဿ သဟ
ဂုတ်ဇော-၄, မဂ် သောမနဿသဟဂုတ်ဇော-၁၆, အောက်ဖိုလ် သော
မနဿ သဟဂုတ်ဇော-၁၂ = ပေါင်း (၃၂) ပါးတည်း။

၄၆။ ဥ-ကုနောက်ချက်၊ ဆုံးဖြိုလ်ဟုက်၍၊ ကု-မဟုဂ်ပဥ္စ၊ မဂ်, ဖိုလ်ပဥ္စ၊ပေါင်းလျှင်-ဒွါဒသိ။

၄၇။ သောကြိုနောက်ရန်၊ပဥ္စဈာန်ဖျောက်ပါ၊ဆုံးဖြိုလ်လော၊ ရူပါဝစရ-ပေါင်းဂုဏ်သိ။

၄၈။ ဥကြိုနောက်ချက်၊ မဟုဂ်ကြိုပဥ္စ၊ ဆုံးဖြိုလ်ပဥ္စ၊ ဆလျှင်ပွနာသိ။

၄၉။ ပု,သေက်တို့မှာ၊ ကုသလာနောက်၊ ကရိနောက်မှာ၊ရဟန္တာ၊ ပွနာဖြစ်ပုံသိ။

၄၆။ မဟာကုသိုလ် ဥပက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇော နှစ်ခု၏နောက်၌ စောကောင်းသော အပွနာဇောကား အရဟတ္တဖိုလ် ဇော ကြဉ် မဟဂ္ဂုတ်ကုသိုလ် ပဌမဈာန်ဇော - ၅, မဂ်ပဌမဈာန်- ၄, အောက်ဖိုလ်သုံးခု ပဌမဈာန်-၃ = ပေါင်း (၁၂)ပါးဘည်း။

၄၇။ မဟာကြိုယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇော နှစ်ခု၏နောက်၌ စောကောင်းသော အပွနာဇောကား ပဌမဈာန်ကြဉ် သော ရူပကြိုယာသောမနဿဇော-၄, အရဟတ္တဖိုလ် သောမနဿ ဇော-၄ = ပေါင်း (၈)ပါးတည်း။

၄၈။ မဟာကြိုယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောနှစ်ခု၏ နောက်၌ စောကောင်းမသော အပွနာဇောကား မဟဂ္ဂုတ်ကြိုယာ ပဌမ ဈာန်-၅,အရဟတ္တဖိုလ် ပဌမဈာန် - ၁ = ပေါင်း (၆) ပါးတည်း။ ။ ဤကား ဥပစာရသမာဓိမည်သော ကာမဇောများနှင့် အပွနာဇောများ ဝေဒနာ-စသည် အချင်းချင်း တူကြပုံကို အကျယ်ပြဆိုခြင်းတည်း။

၄၉။ ပုဂ္ဂိုလ်ဖြင့်မှတ်၍ အပွနာဇော ဖြစ်ပုံကို ဤသို့ သိအပ်၏။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ဟု

ဆိုအပ်သော သေက္ခပုဂ္ဂိုလ်တို့၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါး တွင် တပါးပါးသည် ဥပစာရသမာဓိဇော အဖြစ်ဖြင့် လေးကြိမ်, သို့မဟုတ် သုံးကြိမ်ဖြစ်ပြီးသည်၏အခြားမဲ့၌ မဟဂ္ဂုတ်ကုသိုလ်ဇော-၉, မဂ်ဇော-၂၀, အောက်ဖိုလ်ဇော-၁၅ = ၅၅ ပါးသော အပွနာဇောတို့ဘွင် တပါးပါးစေ၏။

ရဟန္တာပုဂ္ဂိုလ်၌ မဟာကြိယာ ဉာဏသမ္ပယုတ် လေးပါးတွင် တပါးပါးသည် ဥပစာရသမာဓိဇောလေးကြိမ်, သို့မဟုတ် သုံးကြိမ်ဖြစ်ပြီးသည်၏အခြားမဲ့၌ မဟဂ္ဂုတ်ကြိယာဇော-၉, အရဟတ္တဖိုလ်ဇော-၅ = ၅၅ (၁၄) ပါးသော အပွနာဇောတို့တွင် တပါးပါး စေ၏။ ။ဤသို့ပုဂ္ဂိုလ်ဖြင့်မှတ်၍ အပွနာဇောဖြစ်ပုံကို အကျဉ်းအားဖြင့် မှတ်လေ။

အကျယ်အားဖြင့်လည်း ဤသို့သိအပ်၏။ တိတိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောလေးပါးတွင် တပါးပါး၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော - ၉, သောတာပတ္တိမဂ်ဇော-၅ = ပေါင်း (၁၄) ပါးတွင် တပါးပါး စေ၏။ဝေဒနာဖြင့်မှတ်မူ-ထိုပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်သောမနဿဇော-၄, သောတာပတ္တိမဂ် သောမနဿသဟဂုတ်ဇော- ၄ = ပေါင်း (၈) ပါးတွင် တပါးပါးစေ၏။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏နောက်၌ မဟဂ္ဂုတ်ကုသိုလ်ပဋိသန္ဓိဇော-၂, သောတာပတ္တိမဂ် ပဋိသန္ဓိဇော-၁ = ပေါင်း (၆) ပါးတွင် တပါးပါးစေ၏။

သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော လေးပါးတွင် တပါးပါး၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်-၉, သောတာပတ္တိဖိုလ်ဇော-၅, သကဒါဂါမိမဂ်ဇော-၅ = ပေါင်း (၁၉) ပါးတွင် တပါးပါး စေ၏။ ဝေဒနာဖြင့်မှတ်မူ-ထိုပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်သောမနဿဇော-၄, သောတာပတ္တိဖိုလ် သောမနဿဇော - ၄, သကဒါဂါမိမဂ် သောမနဿဇော-၄ = ပေါင်း (၁၂) ပါးတွင် တပါး

ပါး စောဒ်။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏နောက်၌ မဟဂ္ဂုတ်ကုသိုလ် ပဉ္စမဈာန်ဇော-၅,သောတာပတ္တိဖိုလ်ပဉ္စမဈာန်ဇော-၁, သကဒါဂါမိမဂ်ပဉ္စမဈာန်ဇော-၁ = ပေါင်း(၇)ပါးတွင် တပါးပါး စောဒ်။

သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောလေးပါးတွင် တပါးပါး၏နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော-၉, သကဒါဂါမိဖိုလ် ဇော-၅,အနာဂါမိမဂ်ဇော-၅ = ပေါင်း(၁၉)ပါးတွင် တပါးပါးစော ဒ်။ ဝေဒနာဖြင့်မှတ်မူ-ထိုပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော နှစ်ခု၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ဇော-၄,သကဒါဂါဖိုလ် သောမနဿဇော-၄,အနာဂါမိမဂ် သောမနဿဇော-၄ = ပေါင်း(၁၂)ပါးတွင် တပါးပါးစော၏။ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဇောနှစ်ခု၏နောက်၌ မဟဂ္ဂုတ်ကုသိုလ် ပဉ္စမဈာန်ဇော-၁, သကဒါဂါမိဖိုလ် ပဉ္စမဈာန်ဇော-၁, အနာဂါမိမဂ် ပဉ္စမဈာန်ဇော-၁ = ပေါင်း(၇)ပါးတွင် တပါးပါး စောဒ်။

အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောလေးပါးတွင် တပါးပါး၏နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော-၉, အနာဂါမိဖိုလ်ဇော ၅, အရဟတ္တမဂ်ဇော-၅ = ပေါင်း(၁၉)ပါးတွင် တပါးပါးစောဒ်။ ဝေဒနာဖြင့်မှတ်မူ - ထိုပုဂ္ဂိုလ်၏ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏နောက်၌မဟဂ္ဂုတ်ကုသိုလ်သောမနဿဇော ၄, အနာဂါမိဖိုလ်သောမနဿဇော-၄, အရဟတ္တမဂ်သောမနဿဇော ၄ = ပေါင်း (၁၂)ပါးတွင် တပါးပါး စောဒ်။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇောနှစ်ခု၏နောက်၌ မဟဂ္ဂုတ်ကုသိုလ်ပဉ္စမဈာန်ဇော ၅,အနာဂါမိဖိုလ်ပဉ္စမဈာန်ဇော-၁,အရဟတ္တမဂ်ပဉ္စမဈာန်ဇော-၁ = ပေါင်း(၇)ပါးတွင် တပါးပါး စောဒ်။

ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ် ဇောလေးပါးတွင် တပါးပါး၏ နောက်၌ မဟဂ္ဂုတ်ကြိယာဇော-၉, အရဟတ္တဖိုလ်ဇော

၅၀။ ဒိဌိမျိုးရုံ၊ အာကျဉ်းခြုံ၊ မှတ် ကုန် ပြီး နိဋ္ဌိ။

၅၁။ အနိဋ္ဌရုံတွင်၊ ပဉ္စဝိဉ်, သမ်, သန်၊ တဒါရုမ်သိ၊
အာကုပ်း ကုဝိ-အဋ္ဌရုံဖြစ်။

၅ = ပေါင်း(၁၄)ပါးတွင် တပါးပါး စောဒ်။ ဝေဒနာဖြင့်မှတ်မူ-ထို ပုဂ္ဂိုလ်၏ မဟာကြွယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇော နှစ်ခု၏ နောက်၌ မဟဂ္ဂုတ်ကြွယာ သောမနဿဇော-၄, အရဟတ္တ ဖိုလ် သောမနဿဇော-၄ = ပေါင်း(၈)ပါးတွင် တပါးပါးစောဒ်။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောနှစ်ခု၏နောက်၌ မဟဂ္ဂုတ် ကြွယာ ပဉ္စမစျာန်ဇော-၅, အရဟတ္တဖိုလ် ပဉ္စမစျာန်ဇော-၁ = ပေါင်း (၆) ပါးဘွင် တပါးပါးစောဒ်။ ။ဤကား ပုဂ္ဂိုလ်ဖြင့်မှတ်၍ အပ္ပ နာဇောဖြစ်ပုံကို အကျယ်ပြဆိုခြင်းတည်း။

အပ္ပနာဇော ဝါရ ပြီး၏။
မနောဒ္ဓါရဒိဌိ ပြဆိုခန်း ပြီး၏။

၅၀။ ပဉ္စဒ္ဓါရဒိဌိနှင့် မနောဒ္ဓါရဒိဌိ အသီးသီးဘို့၏ ဖြစ်နည်း-ဖြစ်ပုံတို့ကို အကျဉ်းခြုံ၍ ဓဝဘန်ပြဆိုအပ်သော အဝိုင်းအခန်းပြီး၏။

၅၁။ တဒါရုံဖြင့် ပိုင်းခြားမှတ်သား ပြဆိုအပ်သော "**တဒါရမ္မဏ နိယာမ**" ခန်း၌ ဒိဌိစိတ်တို့၏ အာရုံသည်-

၁။ အလိုမရှိအင်သော- အနိဋ္ဌာရုံ
၂။ အလိုရှိအပ်သော- ဣဋ္ဌာရုံ
၃။ အလွန်အလိုရှိအပ်သော-အတိဣဋ္ဌာရုံ

ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် အနိဋ္ဌာရုံဟူသည် မစင်, ဘင်ပုတ်, ခွေးကောင်ပုတ်-စသော မကောင်းသော အဆင်း, အသံ, အနံ့, အရသာ, အတွေ

ဟူသမျှတည်း။ ဇာဠဋ္ဌာရုံဟူသည် ကောင်းသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူသမျှတည်း။ ဒေါတိဇာဠဋ္ဌာရုံဟူသည် အလွန်ကောင်းသော ဘုရားရှင်၏ အဆင်းတော်, အသံတော်-စသည်တည်း။

ပြဆိုပြီးသော အနိဋ္ဌာရုံ-စသည်၌ တမျိုးတမျိုးမှာ သဘာဝအာရုံ, ပရိကပ္ပအာရုံဟူ၍ နှစ်မျိုးစီရှိ၏။ ထိုတွင် မစင်, ဘင်, ဘုတ်, ခွေးကောင်ပုတ်, စသောအာရုံကား ''သဘာဝအနိဋ္ဌာရုံ'' တည်း။ ထိုသဘာဝအနိဋ္ဌာရုံကိုပင် ခွေး, လင်းတ-စသော သတ္တဝါတို့က ဇာဠဋ္ဌာရုံဟု ထင်မှားခြင်းသည် ''ပရိကပ္ပဇာဠဋ္ဌာရုံ'' မည်၏။ ကောင်းသော အဆင်း, အသံ-စသည်ကား ''သဘာဝဇာဠဋ္ဌာရုံ'' တည်း။ ထိုသဘာဝ ဇာဠဋ္ဌာရုံကိုပင် ရူးသွပ်သော သူ-စသည်တို့က အနိဋ္ဌာရုံဟု ထင်မှားခြင်းသည် ''ပရိကပ္ပ အနိဋ္ဌာရုံ'' မည်၏။ဘုရားရှင်၏ အဆင်းတော်, အသံတော်စသည်ကား ''သဘာဝအတိဇာဠဋ္ဌာရုံ'' တည်း။ ထိုသဘာဝ အတိဇာဠဋ္ဌာရုံကိုပင် တိတ္ထိ - စသောသူတို့က အနိဋ္ဌာရုံဟု ထင်မှားခြင်းသည် '' ပရိကပ္ပ အနိဋ္ဌာရုံ '' မည်၏။

ပဋ္ဌဒ္ဒါရဒ္ဒ ထင်လာသော အာရုံသည် သဘာဝအနိဋ္ဌာရုံ ဖြစ်အုံ-အကုသလဝိပါက် ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆိုဏ်း, သန္တီရဏ တဒါရုံဖြစ်၏။ သဘာဝ ဇာဠဋ္ဌာရုံ ဖြစ်အုံ- ကုသလဝိပါက်ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆိုဏ်း, သန္တီရဏနှင့် ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံ ဖြစ်၏။

မနောဒ္ဒါရဒ္ဒ ထင်လာသော အာရုံသည် သဘာဝ အနိဋ္ဌာရုံ ဖြစ်အုံ-အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် တဒါရုံကိုဖြစ်၏။ သဘာဝဇာဠဋ္ဌာရုံ ဖြစ်အုံ - ကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် မဟာဝိပါက်ဥပေက္ခာသဟဂုတ် လေးပါးဘွင် တပါးပါးသည် တဒါရုံကိုဖြစ် လေသည်။

၅၂၊ အာဘိဏ္ဍဉ်မှာ၊ သန္တိ–ဒါ၊ နှစ်ဖြာသော–ယှဉ်ဖြစ်၊
၅၃၊ ကြိုဖောတွင်၊ သောနှင့်ယှဉ်မူ၊ သော–ဒါဟူ၊ ဥမူ–ဥဒါဖြစ်၊

၅၂။ ပဉ္စဒွါရဉ်ဖြစ်စေ, မနောဒွါရဉ်ဖြစ်စေ ထင်လာသော အာရုံသည် သဘာဝအတိဋ္ဌာရုံ ဖြစ်အံ့ – ကုသလစိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုက်ကိုး, သောမနဿ သန္တီရဏ, သောမနဿတဒါရုံ ငါးပါးတွင် တပါးပါးဖြစ်၏။ အတိဋ္ဌာရုံဉာဏ်ကား သောမနဿသန္တီရဏနှင့် သောမနဿ တဒါရုံတို့သာလျှင် ကျကုန်၏။

စိပါက်စိတ်တို့သည် ဋ္ဌာရုံဉ်ဖြစ်စေ, အနိဋ္ဌာရုံဉ်ဖြစ်စေ, အတိဋ္ဌာရုံဉ်ဖြစ်စေ, အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မြဲကုန်၏။ ဇောစိတ်တို့ကား ရံခါ ဋ္ဌာရုံဉ် ဥပေက္ခာသဟဂုတ်ဇော, အနိဋ္ဌာရုံဉ် ဒေါသဇော, အတိဋ္ဌာရုံဉ် သောမနဿဇော စောကုန်၏။ ရံခါ အာရုံအားလျော်စွာ မဖောဘဲ ဋ္ဌာရုံဖြစ်လျက် ဒေါသဇောစော၏။ အတိဋ္ဌာရုံဖြစ်လျက်လည်း ဒေါသဇော စော၏။ အနိဋ္ဌာရုံဖြစ်လျက်လည်း သောမနဿဇော, ဥပေက္ခာသဟဂုတ်ဇော စောကုန်၏။ ဤသို့ ဇောစိတ်တို့သည် စိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာ အခါခပ်သိမ်း ဝေဒနာယှဉ်ပုံ မမြဲဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကုန်၏။ ထို့ကြောင့် ရှေးရှေးဆရာတို့သည် "စိပါက်အမှန်–ဇောအပြန်" ဟူသော စကားကို ပြောဆိုရိုး မြဲကြကုန်၏။

၅၃။ ဤသို့ ဋ္ဌာရုံ, အတိဋ္ဌာရုံဖြစ်လျက် အနိဋ္ဌာရုံအစွမ်းဖြင့်ငင်း, အနိဋ္ဌာရုံဖြစ်လျက်လည်း ဋ္ဌာရုံအစွမ်းဖြင့်ငင်း ဖောက်ဖောက်ပြန်ပြန်နှင့် ဇောစေပုံ မမှန်ကန်ခြင်း၏ အကြောင်းရင်းသော်ကား သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသ တည်းဟူသော ဝိပ္ပလ္လာသတရား မကင်းကြသောကြောင့်တည်း။ ပုထုဇဉ် သေက္ခတို့ သန္တာန်၌ ဖြစ်လေ့ရှိသော ဇောသည် အာရုံအားလျော်စွာ ရံခါကုသိုလ်ဇော, ရံခါအကု

၅၄၊ ဒေါဇောနောက်တွင်၊ ဒါ-ဘဝင်,ဥယျဉ်အမြဲဖြစ်၊

သိလ်ဇော ဖြစ်၍ ရံခါ အာရုံအားလျော်စွာ မဖြစ်ဘဲ ကုသိုလ်ဇောဖြစ် သင့်လျက် အကုသိုလ်ဇော ဖြစ်တတ်၏။ ရံခါ အကုသိုလ်ဇော ဖြစ်သင့် လျက် ကုသိုလ်ဇောဖြစ်တတ်၏။

ဝိပွလ္လာသကင်းပြီးကြသော ရဟန္တာအရှင်မြတ်တို့၌ကား ကြိယာ ဇောတို့သာ ဖြစ်ကုန်၏။ ထိုကြိယာဇောများမှာ ဝိပါက်စိတ်များကဲ့သို့ ဝေဒနာယှဉ်ပုံ အခါခပ်သိမ်း မြဲကုန်၏။ အတိဋ္ဌာရုံဖြစ်လျှင် သော မနဿ ကြိယာဇောစေ၍ ထို၏နောက်၌လည်း သောမနဿတဒါရုံ ငါးပါးဘွင် တပါးပါးကျ၏။ ဋ္ဌာရုံ, အနိဋ္ဌာရုံဖြစ်လျှင် ဥပေက္ခာ ကြိယာ ဇောစေ၍ ထို၏နောက်၌ ဥပေက္ခာတဒါရုံ ခြောက်ပါးတွင် တပါးပါးကျ ၏။ဤသို့လျှင် ကြိယာဇောတို့သည် ဝိပါက်စိတ်များကဲ့သို့ အာရုံအား လျော် စွာ သောမနဿ,ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်၍ဖြစ်ကြရာ၌ မဇဝါက်မပြန် မှန်ကန်သောကြောင့် "ဝိပါက်လည်းမှန်-ဇောလည်းမှန်" ဟူ၍ ပြောဆို ရိုးပြုကြသတည်း။

၅၄။ ဒေါမနဿဝေဒနာသည် မသာယာသောအားဖြင့် အာရုံကို ခံစား၏။ သောမနဿဝေဒနာသည် သာယာသောအားဖြင့် ခံစား၏။ ဒေါမနဿနှင့် သောမနဿနှစ်ပါးသည် "မိုးနှင့်ရေပမာ" လွန်စွာ အချင်းချင်းဆန့်ကျင်သောကြောင့် တပါးနှင့်တပါး အနန္တရပစ္စည်း မတည် နိုင်။ ထို့ကြောင့် ဒေါမနဿဇော၏ နောက်၌ သောမနဿ တဒါရုံနှင့် ဘဝင်,စုတိ မကျနိုင်-မဖြစ်နိုင်။ ဥပေက္ခာဝေဒနာကား အသင့်အတင့် အာရုံ၏အရသာကို ခံစား၍ ဒေါမနဿ,သောမနဿ နှစ်ပါးလုံးနှင့် သင့်တင့်လျော်ကန်၏။ အလယ်အလတ်သဘောရှိသောကြောင့် ထိုနှစ်ပါး လုံးအား အနန္တရပစ္စည်း တည်နိုင်၏။ ထို့ကြောင့် ဒေါမနဿဇော၏ နောက်၌ ဥပေက္ခာတဒါရုံ ခြောက်ပါးတွင် တပါးပါးသည် တဒါရုံ ကိစ္စ, ဘဝင်ကိစ္စ အမြဲဖြစ်လေသည်။

၁၅။ သော သန္ဓေသူ၊ ဒေါမှုဖောနောက်၊ ဒုါမရောက်ပြန်၊ ဥ-ဇွိဂန်၊ တတာန်ပြီးလစ်၊ ဘဝင်ဖြစ်။

၅၅။ သေးမနုဿသဟဂတ်စိတ်ဖြင့် . ပဋိသန္ဓေနေသူအား ပဝတ္တိအခါ၌ ဘဝင်စိတ်တို့သည် သေမနဿ ဘဝင်ချည်း ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်အား တစုံတခုသော အာရုံးကြောင့် ဒေါသဇောစောလျှင် ထို၏နောက်၌ သေမနဿတဒါရုံကျွင့်မရ။ တဒါရုံကျွင့်မရလျှင် မူလသေမနဿ ဘဝင် ကျရပေမည်။ ထိုမူလဘဝင်အားလည်း ဒေါသဇောက အနန္တရပစ္စည်း မတပ်နိုင်သဖြင့် ကျွင့်မရှိ။ ယင်းသို့ တဒါရုံလည်း ဖြစ်ခွင့်မရ၊ မူလဘဝင်လည်း ကျွင့်မရ ဖြစ်ခဲ့သော် ရှေ့ကဒေါသဇောနှင့်လည်းလျော်, နောက်ကသေမနဿဘဝင်နှင့်လည်း သင့်တော်သော ဥပေက္ခာသဟဂတ် သန္တီရဏစိတ်သည် ‘‘ အာဂန္တုကဘဝင်ကိစ္စ ’’ တကြိမ်မျှဖြစ်ပြီးလျှင် မူလသေမနဿ ဘဝင် ဆက်၍ ကျသတည်း။ ဤအဓိပ္ပါယ်ကိုရည်၍ ‘‘ဒါမနောက်ပြန်၊ ဥ-ဇွိဂန်၊ တတာန်ပြီးလစ်-ဘဝင်ဖြစ်’’ဟု ရေးစပ်ပြဆိုအပ်၏။

ဤ၌ အာဂန္တုကဘဝင်ဟူသည် ပဋိသန္ဓေနှင့်တူသော မူလဘဝါသိက ဘဝင်မျိုးမဟုတ်ဘဲ လတ်တလောအားဖြင့် ခေတ္တဝင်ရောက်ဖြစ်ပေါ်လာသည့် ညံ့သည်နှင့်တူသော ဘဝင်စိတ်တည်း။ ထိုအာဂန္တုကဘဝင်ကား ရှေ့အာဝဇ္ဇန်းယူသော အာရုံကို မယူမူ၍ ဤဘဝင် အမှတ်မရှိ အလေ့အကျက် များခဲ့သော ကာမအာရုံ ၆-ပါးတွင် တပါးပါးကို အာရုံပြု၏။ ထိုကာမအာရုံက ဇာဠာရုံဖြစ်အံ့ - ကုသလဝိပါက် ဥပေက္ခာသဟဂတ် သန္တီရဏစိတ်, အနိဋ္ဌာရုံဖြစ်အံ့-အကုသလဝိပါက် ဥပေက္ခာသဟဂတ် သန္တီရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စ ဖြစ်သတည်း။

ပဋ္ဌဒ္ဓါရဒေါသဇောဝီထိပုံစံ

တီ,နှ,ဒ,ပဉ္စ,ပဋ္ဌ,သမ်,နှီ,ဝု,ဒေါသဇော (၇)ကြိမ်,အာဂန္တု၊ ကဘဝင်တကြိမ်, ထို့နောင် မူလဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

၅၆။ ဇောရုံသတ္တ၊ သုံးကာမဆုံ၊ ရုံ-ဝိဘူတံ၊ တိမဟာန်၊ ဒါ-ရှင်အမြဲဖြစ်။

မနောဒွါရ ဒေါသဇောဒိထိပုဏ်စံ

နှ,ဒ,မ, ဒေါသဇော (၇) ကြိမ်, အာဂန္တု၊ကဘဝင်တကြိမ်, ထို့နောင် မူလဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

၅၆။ ဤတဒါရမ္မဏနိယာမ ခဏ်း၌ တဒါရုံကျရန်မှာ အချုပ်အားဖြင့် (၁) ကာမဇော (၂) အတိမဟန္တာရုံ-ဝိဘူတာရုံဟု ဆိုအပ်သော ကာမအာရုံ (၃) ကာမသတ္တဝါဟူ၍ အင်္ဂါသုံးချက် ရှိလေသည်။ ဤအင်္ဂါသုံးဖြာ ညီညွတ်ပါက တဒါရုံ ဒုမြောက်၏။ မညီညွတ်လျှင် မကျ။ ထိုတွင် ကာမတဏှာလျှင် အရင်းခံသည့် ကုသိုလ်, အကုသိုလ် ကံကြောင့်ဖြစ်သော တဒါရုံဝိပါက်စိတ်သည် ထိုကာမကုသိုလ်ဇော, အကုသိုလ်ဇော နောက်သို့ဖြစ်စေ, ကာမကြိယာဇောနောက်သို့ဖြစ်စေ လိုက်၍ဖြစ်ရသောကြောင့် ကာမဇောနဲ့ဝက်၌သာလျှင် တဒါရုံကျ၏။ ကာမဇော၏နောက်သို့ လိုက်သော်လည်း ကာမဇောက မိုးပြိုနေကျ ကာမအာရုံကိုပြုမှသာလျှင် ကာမဇောနောက်သို့လိုက်၏။ မဟဂ္ဂုတ်, လောကုတ္တရာများကို အာရုံပြုသောအခါ၌ လိုက်၍မဖြစ်သောကြောင့် ကာမအာရုံ၌သာ တဒါရုံကျလေသည်။ ထိုမှတပါး ကာမပဋိသန္ဓေနှင့် တဒါရုံစိတ်တို့သည် ကာမဇိပါက်ချင်း တူကြ၏၊ မျိုးစေ့ရှိမှ အပင် အညှောက် ပေါက်ရောက်နိုင်သကဲ့သို့၊ ထို့အတူ ကာမပဋိသန္ဓေ မျိုးစေ့ဖြစ်ရာ ကာမသတ္တဝါ၌သာ တဒါရုံကာမဇိပါက်တည်းဟူသော အပင် - အညှောက် ပေါက်ရောက် ဖြစ်ပေါ်နိုင်၏။ ကာမမျိုးစေ့မရှိကြသော ဗြဟ္မာတို့၌ မပေါက်နိုင်, မဖြစ်နိုင်သောကြောင့် ကာမသတ္တဝါ၌သာ တဒါရုံကျသည်ဟု မှတ်လေ။

၅၇။ ဗိပါက် - ဒါရဓ၊ ဖြစ်ပုံဟာန်၊ ဝေဘန်ပြီးတရစ်။

၅၈။ ကာဝိဇောမျိုး၊ ဖြစ်ရိုး - ခြောက်, ခွန်၊ အားနည်း လွန်သ့၊ ငါးကြိမ်ကျ၊ မရဏစသည်ဖြစ်။

၅၇။ ဤကား တဒါရုံကို ပဓာနထား၍ ပဋ္ဌဝိညာဏ်,သမ္ပဋိစ္ဆိုဏ်း, သန္တီရဏ-စသော ကာမဝိပါက်, ကာမတဒါရုံ၏ဖြစ်ပုံ- ဖြစ်ဟန်ကို ဝေဘန်ပြဆိုအပ်သော် ‘‘ တဒါရမ္မဏနိယာမ ’’ စကားရပ် အပြီးသတ် တည်း။

တဒါရမ္မဏ နိယာမ ပြဆိုခဏ်း ပြီး၏။

၅၈။ ဇောတို့၏ အကြိမ် အရေအတွက်ကို ပိုင်းခြား မှတ်သား၍ ပြဆိုရာဖြစ်သော ‘‘ ဇဝနနိယာမခဏ်း ’’၌ ဇောစိတ်တို့သည် ဝါရ အားဖြင့် ကာမဇော၀ါရ, အပ္ပနာဇော၀ါရ ဟူ၍ နှစ်မျိုးရှိကြောင်းကို အောက်၌ဆိုခဲ့ပြီ။ ထိုတွင် ကာမဇော၀ါရသည် ပကတိဇော, မရဏာသန္န-စသော ဇော, ပစ္ဆာဝေက္ခဏာ ဇော ဟူ၍ သုံးမျိုးပြား၏။ ပကတိ အခါ၌ ကာမဇောတို့သည် ခြောက်ကြိမ်သော်၎င်း,ခုနစ်ကြိမ်သော်၎င်း စောကုန်၏။

မရဏာသန္နအခါ စသည်တို့၌ ကာမဇောတို့သည် ငါးကြိမ်သာ စောကုန်၏။ အဘယ့်ကြောင့်ဟူမူ စိတ်တရားတို့သည် ပင်ကိုယ်သဘာဝ အားဖြင့် အားနည်းသည်, အားကြီးသည်ဟူ၍ မရှိကြ။ မိုရာဝဏ္ဏုရုပ်ကို အစွဲပြု၍ အားနည်းသည်, အားကြီးသည်ဟု ဆိုရလေသည်။ ပကတိ ရိုးရိုးအခါ ကျန်းကျန်းမာမာ ရှိစဉ် စိတ်တို့လည်း ကြည်ကြည်လင်လင် ရွင်ရွင်ပြပြနှင့် အင်အား ပြည့်ဝသကဲ့သို့ ရှိကုန်၏။ မကျန်းမာသောအခါ, သေခါနီးအခါမျိုး၌ကား ပြင်းထန်စွာ ရောဂါဝေဒနာ၏ဒဏ်ကို အဖန်ဖန်တွေ့ထိ ခံစားနေရသဖြင့် စိတ်ဓာတ်အင်အား လျော့ပါးအားနည်းလာ

၅၉။ ဘုရားစသည်၊ ဝသီလေ့လာ၊ တန်ခိုးဗျာဒို၊လျှင်မြန်ခြင်း စွာဖြစ်ချက်၊ ပစ္စဝေက္ခဏာ၊ ဧာဖြစ်ခါ၊သေချာမှတ်လစ်-လေး,ငါးဖြစ်။

ရကား စိတ်၏မှိရာ ဝတ္ထုရုပ်လည်း အားနည်းလာ၏။ထိုအားနည်းသော ဝတ္ထုရုပ်ကို မှီတွယ်ဖြစ်သော ဧာစိတ်မှာလည်း ပကတိအခါင်္ဂကဲ့သို့ အဟုန်ပြင်းစွာ ခြောက်ကြွမ်, ခုနစ်ကြွမ်တိုင်အောင် မဖြစ်နိုင်တော့ဘဲ အဟုန်ပြေ့ညံ့အားနည်းသဖြင့် ငါးကြွမ်မျှသာလျှင် ဖြစ်နိုင်တော့သည်။ မရဏာသန္နအခါဌကဲ့သို့ ရေနစ်မွန်းသောအခါ, သစ်ပင်ပေါ်မှကျခြင်းကြောင့် တွေဝေမိန်းမောနေသောအခါ,သတိမေ့လျော့နေသော ဝိသညီအခါ, အမိဝမ်းဠီကိန်းအောင်းစဉ်အခါ, မွေးဘွားခါစ နုနယ်လွသော တရုဏအခါ-စသည်တို့ဠလည်း ကာမဧာတို့သည် မှိရာဝတ္ထုရုပ် အားနည်းလွသောကြောင့် ငါးကြွမ်သာ ဖြစ်ကုန်၏။

၅၉။ မိမိရပြီးဖြစ်သော ဈာန်အင်္ဂါကိုငင်း, မဂ်ကိုငင်း,ဖိုလ်-စသည်ကိုငင်း ပြန်လည် ဆင်ခြင်သောအခါဌဖြစ်သော ဧာသည် “ပစ္စဝေက္ခဏာဧာ”မည်၏။ တရားကိုယ်ကား တိဟိတ်ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်များအတွက် မဟာကုသိုလ်ဉာဏသမ္မယုတ်ဧာ (၄) ဘုရား, ရဟန္တာများအတွက် မဟာကြိယာဉာဏသမ္မယုတ်ဧာ (၄) ဟု ဆိုအပ်သော ကာမဧာပင်တည်း။ ထိုပစ္စဝေက္ခဏာဧာမျိုးသည် မိမိရပြီးဖြစ်သော ဈာန်, မဂ်,ဖိုလ် - စသည်နှင့် ပယ်ပြီးကိလေသာ မပယ်ရသေးသော ကိလေသာကို ဆင်ခြင်သောအခါဌ လျင်လျင်မြန်မြန် ဖြစ်ဘွယ်မလိုသောကြောင့် (၇)ကြွမ်တိုင်အောင် ကျလေသည်။

သို့ရာတွင် ဘုရား,ရဟန္တာများနှင့် တိဟိတ်ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်များအား ရေ,မီး အစုံအစုံဟု ဆိုအပ်သော တန်ခိုးပြာဋိဟာကို ပြလိုသောအခါမျိုးဌ လျင်လျင်မြန်မြန် ဖြစ်လိုရကား(၇)ကြွမ် ဖြစ်ခွင့်မရ။ လေးကြွမ်, ငါးကြွမ်သာ ဖြစ်ခွင့်ရ၏။ လေးကြွမ်,ငါးကြွမ်ဆိုရာဌ တိက္ခပညာ

၆၀။ အာဒိကမ္မာ၊ အာဘိညာတွက်၊ မဟာ-ပဉ်နာ၊ တစ်ခြိ သာ၊နောက်မှာဘဝင်ဖြစ်။

ပုဂ္ဂိုလ်အား လေးကြိမ်, မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ် ဖြစ်၏။ တနည်း အားဖြင့် ဘုရားရှင်ဟူ လေးကြိမ်, ကြင်းသော သာဝကများဌ ငါးကြိမ် ဖြစ်သည်ဟု မှတ်အပ်၏။

၆၀။ အပွနဲ့ာဇောဝါရသည် အကျဉ်းအားဖြင့် လောကီအပွနာ ဇော, လောကုတ္တရာအပွနာဇောဟု နှစ်မျိုးရှိ၏။ ထိုတွင် လောကီ အပွနာဇောသည်လည်း အာဒိကမ္မိကဇော, သမာပဇ္ဇနဇော, အဘိ ညာဏ်ဇော ဟူ၍ သုံးမျိုးရှိ၏။ သမထကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ ခြင်းကြောင့် ရှေးဦးစွာ ရခါစ အသစ်အသစ်ဖြစ်သော ဈာန်ဟူသမျှသည် အာဒိကမ္မိကဇော မည်၏။ ရပြီးဖြစ်သော ဈာန်တို့ကို ဝသီဘော် မြောက်အောင် အလေ့အလာပြု၍ အလိုရှိတိုင်း ဝင်စားသောအခါဌ ဖြစ်သော ဈာန်ဇောသည် သမာပဇ္ဇနဇောမည်၏။ အဘိညာဏ်ငါးပါး တို့တွင် တပါးပါးကို ဖြစ်စေလိုသောအခါဌ ဖြစ်သော ရူပကုသိုလ်, ကြိယာပဉ္စမဈာန်ဇောသည် အဘိညာဏ်ဇော မည်၏။

အာဒိကမ္မိကဇောအရာဌ် အပွနာဇောတို့သည် တကြိမ်တခါက်မျှ မဆောက်ဘူးသေးသော အရပ်ဒေသသို့ ရောက်လာသည့် သွေ့သည် အာဂန္တုကဲ့သို့ လွန်စွာအားနည်းလှသောကြောင့် အကြိမ်များစွာမဖြစ်ဘဲ တကြိမ်ထည်းသာ ဖြစ်ကုန်၏။ သမာပဇ္ဇနဇောအထက်လက်ာ (၆၄) ဌ် ထင်ရှားလတံ့။

အာဒိကမ္မိကဈာနဒီထိပုံစံ

န,ဒ,မ,ပရိ,ဥ,နု,ဂေါ,ဈာန်ဇောဘကြိမ်,ဘဝင်,ဘဝင်,ဘဝင်...

အဘိညာဏ်ဇောလည်း ရခါစဌ်ဖြစ်စေ, ရပြီးနောက် အကြိမ်ကြိမ် ဝင်စားအသုံးပြုရာဌ်ဖြစ်စေ အခါခပ်သိမ်း တကြိမ်သာ ဖြစ်၏။ ဒုဇကြောင်း

၆၁။ မဂ်ဇော်ဂို့မှာ၊တကြိမ်သာမှတ်၊နောက်ထပ်ဆက်လက်၊ဖိုလ်နှစ်ချက်၊သုံးချက်လွန်လစ်-ဘဝင်ဖြစ်။

မူကား အဘိညာဏ်ဇောတို့၏ သဘောမှာ ဆိုင်ရာတန်ခိုး အမျိုးမျိုးကို ဖြစ်စေခြင်း, သိရခြင်း ကိစ္စရှိကုန်၏။ ထိုကိစ္စတို့ကို တကြိမ်ဖြစ်ခါမျှဖြင့် အလုံးစုံပြီးစီးအောင် ဆောင်ရွက်နိုင်သော အစွမ်းသတ္တိ ရှိသဖြင့် နောက်ထပ် ဖြစ်နေဘွယ် မလိုသောကြောင့် တကြိမ်သာ ဖြစ်လေသည်။ ဤသို့ အာဒိကမ္မိကဇော, အဘိညာဏ်ဇောဟုဆိုအပ်သော မဟဂ္ဂုတ်အပ္ပနာဇောတို့သည် မည်သည့်အခါ မည်သည့်ပုဂ္ဂိုလ်၌မဆို ဖြစ်သောအခါ တကြိမ်စီသာ ဖြစ်ကြပြီးလျှင် ထိုက်သင့်ရာ ဘဝင်အယဉ် ဆက်လက်ဖြစ်သတည်း။

အဘိညာဏ်ဒိဆိုပုံစံ

နံ,ဒ,မ,ပရိ,ဥ,နံ,ဂေါ,ပုထုဇဉ် - သေက္ခအား အဘိညာဏ်ကိစ္စတပ်သော ရှုပကုသိုလ် ပဉ္စမစျာန်တကြိမ်, ရဟန္တာအား ကြိယာပဉ္စမစျာန်တကြိမ်, ဘဝင်,ဘဝင်,ဘဝင်....

၆၂။ လောကုတ္တရာအပ္ပနာဇောသည်လည်း မဂ်ဇော, ဖိုလ်ဇော, ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် မဂ်ဇောတို့သည် ဝရဇိန်မိုးသဖွဲးကြိုးစက်ကဲ့သို့ တကြိမ်ထည်း,တချက်ထည်းဖြင့်ပင် ဆိုင်ရာ ကိလေသာကို ပယ်သတ်နိုင်သောကြောင့် တကြိမ်သာ ဖြစ်ကုန်၏။ ထိုသို့ မဂ်ဇောတကြိမ်ဖြစ်ပြီးနောက် မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်ဇောနှစ်ချက်, တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်ဇော သုံးချက် ဆက်လက်ဖြစ်ပြီးလျှင် ဘဝင်အယဉ် ကျလေသည်။

သေဘာပတ္တိမဂ္ဂဒိဆိုပုံစံ

နံ,ဒ,မ,ပရိ,ဥ,နံ,ဂေါ,သေတာပတ္တိမဂ်တကြိမ်,သေတာပတ္တိ ဖိုလ်နှစ်ကြိမ်,ဘဝင်,ဘဝင်,ဘဝင်....

၉၂။ နိရောဓခါ၊ စတုတ္ထဈာန်၊ နှစ်ကြိမ်ချုပ်လတ်၊ စိတ်စဉ်ပြတ်၊ မှတ်လေနိရောဖြစ်၊

သကဒါဂါမိမဂ္ဂဒိဃိပုံစံ

နာ,ဒ,မ,ပရိ,ဉ,နု,ဝေါဒါန်,သကဒါဂါမိမဂ်တကြိမ်, သကဒါဂါမိဖိုလ် နှစ်ကြိမ်,ဘဝင်,ဘဝင်,ဘဝင်.....

၍ ဝိထိနှစ်မျိုးလုံး မနုဿပညာပုဂ္ဂိုလ်အတွက် ချပြသည်။ တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ပရိကံကို ချန်၍ မဂ်ဇောအသီးသီး နောင်၌ ဖိုလ်ဇောကို သုံးကြိမ်စီချ။ အနာဂါမိမဂ္ဂဝိထိ, အရဟတ္တမဂ္ဂဝိထိလည်း သကဒါဂါမိမဂ္ဂဝိထိနှင့် တူပြီ။

၉၂။ စိတ်,စေတသိက်,စိတ္တဇရုပ်တို့ အခိုက်အတန့်အား ဖြင့် ချုပ်ငြိမ်းနေခြင်းကို **နိရောဓသမာပတ်သို့ရောက်သည်-နိရောဓသမာပတ်** ဝင်စားသည်ဟု ဆိုရ၏။ နိရောဓသမာပတ်ကို အနာဂါမ်, ရဟန္တာတို့သာ ဝင်စားနိုင်ကြ၏။ အနာဂါမ်,ရဟန္တာဆိုသော်လည်း သမာပတ် (၈) ပါးနှင့်ပြည့်စုံကြသော အနာဂါမ်,ရဟန္တာများသာလျှင် ဝင်စားနိုင်ကုန်၏။သုက္ခဝိပဿက အနာဂါမ်,ရဟန္တာများမှာ အစဉ်အတိုင်းဝင်းစားအပ်သော အနုပုဗ္ဗဈာန်မရှိကြသောကြောင့်ထင်း၊ သောတာပန်,သကဒါဂါမ် ပုဂ္ဂိုလ်တို့၌ အနုပုဗ္ဗဈာန် ရှိကြစေကာမူ သမာဓိတရား၏ အဆီးအတား ဘေးရန်ဖြစ်သော ကာမဂုဏ်အာရုံတရားကို မံပယ်ရှား နိုင်သေးသောကြောင့်ထင်း နိရောဓသမာပတ်ကို မဝင်စားနိုင်ကြကုန်။

သို့ဖြစ်၍ သမာပတ်(၈)ပါးနှင့်ပြည့်စုံသော အနာဂါမ်, ရဟန္တာတို့သည် ကြီးလေးလှသော ခန္ဓာဝန်ကို ရွက်ဆောင်နေရသဖြင့် လွန်စွာပြီးငွေ့ကုန်လျက် မွက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းချမ်းသာသာ နေထိုင်နိုင်ခြင်း အကျိုးငှါ ရံခါရံခါ နိရောဓသမာပတ်ချမ်းသာကို

၆၃။ နိမ္မထခါ၊ဆုံးဖလဒန္ဓစ်၊သင့်လျော်တစ်မှာ၊တကြိမ်သာ၊ ပြီးခါဘဝင်ဖြစ်။

၆၄။ သမာပတ်တွင်၊ ဘဝင်ယဉ်သို့၊ ဒုစဉ်ဆက်ခါ-ဇောပုနာ၊များစွာလိုတိုင်းဖြစ်။

ဝင်စားကြကုန်၏။ ယင်းသို့ နိရောဓိသမာပတ်ကို ဝင်စားလိုသောအခါ၌ ရှေးဦးစွာ ပဋ္ဌမဈာန်မှစ၍ အာကိဉ္စညာယတနဈာန်တိုင်အောင် သမာပတ်အစဉ်အတိုင်း ပစ္စဝေက္ခဏာဝီထိ တခုစီတခုစီခြား၍ ဝင်စားပြီးမှ စတုတ္ထဈာရုပ်ဖြစ်သော နေဝသညာနာသညာယတနဈာန်ကို ဝင်စားရ၏။ ထိုစတုတ္ထဈာရုပ်ဈာန်ကို ဝင်စားသောအခါ အကြွင်းများစွာ ဖြစ်ခွင့်မရဘဲ အနာဂါမ်ဖြစ်လျှင် ကုသိုလ်ဇော,ရဟန္တာဖြစ်လျှင် ကြိယာဇောနှစ်ကြိမ်စီဖြစ်ပြီးလျှင် စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓသမာပတ်သို့ ကောင်းစွာရောက်သတည်း။

၆၃။ နိရောဓသမာပတ်ကို ဝင်စားကြသော အနာဂါမ်, ရဟန္တာတို့သည် သမာပတ်အတွင်း၌ စိတ္တဇရုပ်များ ချုပ်ငြိမ်းနေကြသော်လည်း ကာမဘုံ၌ဖြစ်မူ သမာပတ်ဝင်စားခါနီးမှာ စားမျိုအပ်သော အာဟာရသည် ခုနစ်ရက်တိုင်တိုင် ပျံ့နှံ့၍ ရုပ်ကိုဖြစ်စေနိုင်သောကြောင့် ကမ္မဇ, ဥတုဇ,အာဟာရဇဟုဆိုအပ်သော တိဇရုပ်များ ဖြစ်နေကြ၏။ ရူပဘုံ၌ကား အလိုရှိတိုင်း ဝင်စားနိုင်၍ ကမ္မဇ, ဥတုဇဟုဆိုအပ်သော ဒွိဇရုပ်များသာ ဖြစ်ကြ၏။ မိမိပိုင်းခြားအပ်သော အချိန်ကာလသို့ ရောက်၍ နိရောဓသမာပတ်မှထကြသောအခါ၌ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော တကြိမ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောတကြိမ်အားဖြင့် သင့်လျော်ရာ အပ္ပနာဇော တကြိမ်စီဖြစ်ပြီးလျှင် ဘဝင်အယဉ်ဖြစ်ထိုက်သမျှ ဖြစ်သတည်း။

၆၄။ ဈာနလာဘီ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်, သကဒါဂါမ်,အနာဂါမ်,ဘုရား,ရဟန္တာပုဂ္ဂိုလ်တို့သည် ကာယဝိဉေဝက, စိတ္တ

ဝိဝေက,ဥပမိဝိဒေက-သုံးပါးအကျိုးငှါ မိမိရပြီးဖြစ်သော ဈာန်သို့ဝင်း, ဖိုလိသို့ဝင်း ကာလအဝိုင်းအခြားပြု၍ ဝင်စား ဆိုက်ရောက်နေခြင်းကို "သမာပတ်ဝင်စားသည်" ဟု ဆိုရ၏။ ထိုသမာပတ်သည် ဈာနသမာပတ္တိ,ဖလသမာပတ္တိ,နိရောဓသမာပတ္တိဟူ၍ သုံးပါးရှိ၏။ထိုတွင် မိမိရပြီးဖြစ်သော ဈာန်သို့ ကောင်းစွာရောက်နေခြင်း - ဈာန်ဇောအကြိမ်များစွာ ဖြစ်နေခြင်းသည် ဈာနသမာပတ္တိ မည်၏။ မိမိရပြီးဖြစ်သော ဖိုလ်သို့ ကောင်းစွာရောက်နေခြင်း - ဖိုလ်ဇောအကြိမ်များစွာ ဖြစ်နေခြင်းသည် ဖလသမာပတ္တိ မည်၏။ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာရောက်နေခြင်းသည် နိရောဓသမာပတ္တိ မည်၏။

ထိုတွင်လည်း ရပြီးဈာန်သို့ ကောင်းစွာရောက်၍ ဈာန်ဝင်စားသောအခါဦးဖြစ်သော ဝိထိစိတ်အစဉ်ကို ဈာနသမာပတ္တိဝိထိဟူ၍ဝင်း, ဈာနသမာပဇ္ဇနဝိထိဟူ၍ဝင်း ခေါ်ရ၏။ ရပြီးဖိုလ်သို့ ကောင်းစွာရောက်၍ ဖိုလ်ဝင်စားသောအခါဦး ဖြစ်သော ဝိထိစိတ်အစဉ်ကို ဖလသမာပတ္တိဝိထိဟု ခေါ်ရ၏။ ဤသို့လျှင် ဈာန်ဝင်စားသော ဈာနသမာပတ္တိအခါဦး မဟဂ္ဂုတ်အပ္ပနာဇော, ဖိုလ်ဝင်စားသော ဖလသမာပတ္တိအခါဦး ဖိုလ်အပ္ပနာဇောတို့သည် ဝသီခေါ်မြောက်လျှင် မရေမတွက်သာအောင် ဆက်ကာဆက်ကာ နေ့ရောညဉ့်ပါ အလိုရှိသမျှ ဘဝင်အစဉ် ကျသကဲ့သို့ အကြိမ်များစွာ ဖြစ်ပွက်နေနိုင်ကြ၏။

ဈာန သမာပဇ္ဇန ဝိထိပုံစံ

နု,ဒ,မ,ပရိ,ဥ,နု,ဂေါ,ဈာန်,ဈာန်,ဈာန်,ဈာန်,ဈာန်....

ဖလသမာပတ္တိဝိထိပုံစံ

နု,ဒ, မ, အနုလုံ, အနုလုံ, အနုလုံ, အနုလုံ, ဖိုလ်,ဖိုလ်,ဖိုလ်....

ဝိထိနှစ်မျိုးလုံး မန္ဒအတွက်ဖြစ်သည်။ တိက္ခအာဇွက်မူ ပရိကံလျော့ခြင်း, အနုလုံသုံးကြိမ် ချခြင်းသာ ထူး၏။

၆၅၊ ကာဇော-ခွန်, သုံး၊ များ, နည်းဆုံး၊ ကျထုံးမှတ်လစ်ဣသာဖြစ်။

၆၆၊ မဂ်, ဘိဉ်ဇောဒိ၊ နိဇောက်တစ်စိ၊ နိဂြုံးမှိဒ်ဒိ၊ မဂ်ဇောက်ဒိ၊ တ်ဟုပ်ပဒါဖြစ်။

၆၇၊ ဣမ်မကြွင်းရာ၊ ဇောပဒါ၊ များစွာကြိမ်ဂရေဖြစ်၊

၆၅။ ဤသို့လျှင် ကာမဇောတို့သည် ပကတိအခါ အများဆုံး (၇)ကြိမ်ဖြစ်၍ စာန်ဇော, မဂ်ဇောတို့၏ ရှေ့ဦးဖြစ်သောအခါ တိကဋ္ဌ ပညာပုဂ္ဂိုလ်အား "ဥပစာ,အနုလုံ, ဂေါတြဘူ" ဟူ၍ဂုင်း, ဖိုလ်ဇော၏ ရှေ့ဦးဖြစ်သောအခါ "အနုလုံ, အနုလုံ, အနုလုံ" ဟူ၍ဂုင်း ဥပစာရသမာဓိဇောအဖြစ်ဖြင့် အနုည်းဆုံး သုံးကြိမ်စီ ဖြစ်ကုန်၏။

၆၆။ အပုနာဇောတို့ကား တကြိမ်,နှစ်ကြိမ်, သုံးကြိမ်မှစ၍ အကြိမ်များစွာ ဖြစ်ကုန်၏။ မဂ်ဇော, အဘိညာဏ်ဇော, အာဒိကမ္မိကဇော, နိဇရေဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော, သို့မဟုတ် အရဟတ္တဖိုလ်ဇောတို့သည် တကြိမ်စီသာ ဖြစ်ကုန်၏။ နိရောဓသမာပတ်၏ ရှေးဦး စတုတ္ထဈာန်ပုဂ္ဂိုလ်သော နေဝသညာနာသညာယတန စာန်ဇော နှင့် မနုဿပညာပုဂ္ဂိုလ်အား မဂ်ဇောတို့၏နောက်ဦး ဖိုလ်ဇောတို့သည်မှ နှစ်ကြိမ်စီ ဖြစ်ကုန်၏။ တိကဋ္ဌပညာပုဂ္ဂိုလ်အား မဂ်ဇောတို့၏ နောက်ဦး ဖိုလ်ဇော သုံးကြိမ် ဖြစ်ကုန်၏။

၆၇။ မဂ်ဇော, အဘိညာဏ်ဇော - စသည်တို့မှ ကြွင်းကျန်သော စာန်သမာပတ်ဝင်စားရာ စာနသမာပတ္တိအခါနှင့် ဖိုလ်သမာပတ် ဝင်စားရာ ဖလသမာပတ္တိအခါတို့၌ အပုနာဇောတို့သည် အကြိမ်အရေအတွက် မရှိ အလိုရှိတိုင်း အကြိမ်များစွာ ဖြစ်ကုန်၏။

၆၈။ ဧကာကိုမှတ်ခါ၊ ပြဆိုရာ၊ ဤမှာ အပြီးဖြစ်၊

၆၉။ ဒု, သု, ဒ္ဒိမှာ၊ ကရိယာ၊ ပုနာနှစ်ဝဧဝမရ၊

၆၈။ ဧကောတ္တရ၏ ဖြစ်ပုံ-ဖြစ်ဟန်ကို ဝေဘန်-မှတ်သားချာဖြစ်သော ဇဝနနိယာမ ပြဆိုခဏ်း ပြီး၏။

၆၉။ ပုဂ္ဂိုလ်အပြားအားဖြင့် ရထိုက်သော ဝိထိစိတ်တို့ကို ခွဲခြားပြဆိုအပ်သော ပုဂ္ဂလဧဘဒ ခေါ် ပုဂ္ဂိုလ်စိတ်ရခဏ်း၌ ပုဂ္ဂိုလ်တို့သည်-

၁။ ဒုဂ္ဂတိအဟိတ်
၂။ သုဂတိအဟိတ်
၃။ ဒ္ဝိဟိတ်
၄။ တိဟိတ်
၅။ သောတာပတ္တိမဂ္ဂဋ္ဌာန်
၆။ သကဒါဂါမိမဂ္ဂဋ္ဌာန်
၇။ အနာဂါမိမဂ္ဂဋ္ဌာန်
၈။ အရဟတ္တမဂ္ဂဋ္ဌာန်
၉။ သောတာပတ္တိဖလဋ္ဌာန်
၁၀။ သကဒါဂါမိဖလဋ္ဌာန်
၁၁။ အနာဂါမိဖလဋ္ဌာန်
၁၂။ အရဟတ္တဖလဋ္ဌာန်

ဟူ၍ တကျိပ်နှစ်ဦးယောက် ရှိကုန်၏။ ထိုတွင် ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒ္ဝိဟိတ်ပုဂ္ဂိုလ်သုံးယောက်တို့သည် ကာမကြွိယာဧော - ၉, အပုနာဧော- ၂၆ = ပေါင်း (၃၅) ပါးသော ဝိထိစိတ်တို့ကို မရအပ်ကုန်။ ။ကာမကြွိယာဧောတို့သည် ဘုရား,ရဟန္တာတို့၏ သန္တာန်တော်၌ ဖြစ်ကြသော အာဝဇ္ဇနဝိကစိတ်များ ဖြစ်ကြသောကြောင့်ဂုဏ်း, အပုနာဧောတို့လည်း ပဋိသန္ဓေစိတ်၏ ဉာဏသမ္ပယုတ်ဟိတ် ကင်းသောကြော်ငှ်ဂုဏ်း ထိုပုဂ္ဂိုလ်သုံးယောက်တို့အား ၍ (၃၅) ပါးသော ဝိထိစိတ်တို့ကို မရအပ်ကုန်။

၇၀။ ဉာဏ်သမ်-ပိစု၊ဒွိ,သုမရ၊သောဘဏဝိ၊ဒုဂ္ဂတိယံ၊ မထိုက်တန်၊ မှတ်ရန်-ဒုမရ။

၇၁။ ရဟန္တာရှင်၊ ကု,ကုကြဉ်ပစ်၊တိပု,သေက္ခာ၊ကရိယာ၊မှန်စွာဇောမရ။

၇၀။ ထိုမှတပါး သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ် နှစ်ဦးမှာ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးပါး၊ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာ သောဘဏဝိပါက်(၂၁)ပါးတို့ကိုလည်း အဆင်းခပ်သိမ်း မရအပ်-မရထိုက်။

သို့ဖြစ်၍ ဤစကားနှစ်ရပ်ကို ပေါင်းစပ်ပြီးလျှင် ထိုပုဂ္ဂိုလ်သုံးယောက်အား ရထိုက်-မရထိုက်သော ဧကထိစိတ်များကို ဤသို့ ခွဲခြားရေတွက် မှတ်သားအပ်၏။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား ရဒကာင်းသောဝိထိစိတ်ကား အကုသိုလ်စိတ်-၁၂, ဟသိတုပဉ္စဒွါရကြဉ်သော အဟိတ်စိတ်-၁၇, မဟာကုသိုလ်စိတ်-၈ = ပေါင်း(၃၇)တည်း။ မရကောင်းသော ဝိထိစိတ်ကား မဟာဝိပါက်စိတ်-၈,ကာမကြိုယာဇော-၉, အပ္ပနာဇော-၂၆ = ပေါင်း(၄၃)တည်း။

သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ရကောင်းသော ဝိထိစိတ်ကား အကုသိုလ်-၁၂, ဟသိတုပဉ္စဒွါရ ကြဉ်သော အဟိတ်စိတ်-၁၇, မဟာကုသိုလ်-၈, မဟာဝိပါက် ဉာဏဝိပ္ပယုတ်-၄ = ပေါင်း(၄၁)တည်း။ မရကောင်းသော ဝိထိစိတ်ကား မဟာဝိပါက် ဉာဏသမ္ပယုတ်-၄, ကာမကြိုယာဇော-၉, အပ္ပနာဇော-၂၆ = ပေါင်း(၃၉)တည်း။

၇၁။ ရဟန္တာ အရှင်မြတ်တို့အား ကုသိုလ်ဇော, အကုသိုလ်ဇောတို့ကို မရအပ်ကုန်။ အကြောင်းမူကား ကုသိုလ်, အကုသိုလ်ဖြစ်ခြင်းသည် "အဝိဇ္ဇာ, တဏှာ" တည်းဟူသော အနုသယဓမ္မာတ်နှင့် စပ်၏။

၇၂။ သေက္ခ-သတ္တံ၊ ဒိဋ္ဌသမ, ဝိဓိ၊ ပယ်ဘိအမှန်၊အနာဂါမိ၊ထပံ-ဒေါမရ၊

အနုသယဓာတ်နှင့် ဆက်စပ်နေသေးသမျှ ကာလပတ်လုံး ကုသိုလ်, အကုသိုလ်လည်း ဖြစ်နေသေး၏။ရဟန္တာ အရှင်မြတ်တို့ကား အနုသယဓာတ်ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်ကြသောကြောင့် ကုသိုလ်, အကုသိုလ်ဇော ဖြစ်ခွင့်မရှိကြပြီ။

တိဟိတ်ပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်တို့အား အားဝေဿကဖြစ်သော ကြိယာဇောတို့ကို မရအပ်ကုန်။ ရဟန္တာပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်တို့အား ရကောင်း- မရကောင်းသော ဒိဋ္ဌိစိတ်တို့ကို လက်ာ(၇၄,၇၅,၇၆)တို့၌ ထင်ရှားစေလတံ့။

၇၂။ သောတာပတ္တိ မဂ်ခဏ၌ပင်လျှင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးနှင့် ဝိစိကိစ္ဆာသဟဂတ်စိတ်ကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့အား ယင်းစိတ်(၅)ပါးကို မရအပ်ကုန်။ သကဒါဂါမိမဂ္ဂင်္ဃာန်နှင့် ဖလင်္ဃာန်ပုဂ္ဂိုလ်တို့ သီးခြားပယ်သတ်နိုင်ကြသော အကုသိုလ်မရှိ။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးပါး ဟူဆိုအပ်သော ကာမရာဂတစိတ်မျှကိုသာလျှင် အားနည်း-ခေါင်းပါးအောင် ပြုနိုင်ကြ၏။

အနာဂါမိမဂ္ဂင်္ဃာန်နှင့် ဖလင်္ဃာန်ပုဂ္ဂိုလ်နှစ်ယောက်တို့အား ကာမရာဂတစိတ်နှင့်တကွ ဒေါမနဿကိုလည်း အကြွင်းမဲ့ ပယ်သတ်နိုင်ကြသောကြောင့် ယခင်စိတ်-၅ပါးနှင့် ဒေါသမူဋ္ဌေးတို့ကို မရအပ်ကုန်။ အရဟတ္တမဂ္ဂင်္ဃာန်ပုဂ္ဂိုလ်ကား ရူပရာဂ,အရူပရာဂဟု ဆိုအပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးပါးနှင့်တကွ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တည်းဟူသော ကြွင်းကျန်သော အကုသိုလ်တရားတို့ကို အလုံးစုံ ပယ်သတ်နိုင်သောကြောင့် အရဟတ္တဖိုလ်ဓာတ်သို့ ရောက်သောအခါ၌ "ခီဏာသဝေါ"ဟူသော် ဝိသေသဂုဏ်ထူးကို ဆွတ်ခူး ရရှိတော်မူသတည်း။

၇၃။ လောကုတ္တရာဇော တပါးစီ, တပါးစီတို့ကိုသာ ရအပ်ကုန်၏။ ရပုံ-သောတာပတ္တိမဂ္ဂင်္ဂဉာန်ပုဂ္ဂိုလ်အား သောတာပတ္တိမဂ်ဇောတပါးသာ ရ၏။ သောတာပတ္တိဖလင်္ဂဉာန်ပုဂ္ဂိုလ်အား သောတာပတ္တိ ဖိုလ်ဇော တပါးသာ ရ၏။လ။ အရဟတ္တမဂ္ဂင်္ဂဉာန် ပုဂ္ဂိုလ်အားအရဟတ္တမဂ်ဇော တပါးသာ ရ၏။ အရဟတ္တဖလင်္ဂဉာန်ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော တပါးသာ ရ၏။

၇၄။ ရဟန္တာပုဂ္ဂိုလိအား ရကောင်းသော ဝိထိစိတ်ကား ကြွယာဇော-၂၀, ကာမဝိပါက်-၂၃, အရဟတ္တဖိုလ်ဇော-၁ = ပေါင်း(၄၄) တည်း။ မရကောင်းသော ဝိထိစိတ်ကား အကုသိုလ်-၁၂,ကုသိုလ် ၂၁, အောက်ဖိုလ်-၃၃ = ပေါင်း (၃၆)တည်း။ ။ဤ၌ရကောင်းသော ဝိထိစိတ်(၄၄)ပါး ဆိုသော်လည်း ဈာန်တပါးမရလျှင် တပါး, နှစ်ပါးမရလျှင် နှစ်ပါး-စသည် လျော့၍ ဈာန်ကိုးပါးလုံး မရသော သုက္ခဝိပဿက ရဟန္တာဖြစ်လျှင် မဟဂ္ဂုတ်ကြွယာ-၉ပါးကိုလည်း မရသော ကြောင့် (၃၃)ပါးသာ ရသည်ဟုမှတ်။

၇၅။ သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့အား ရကောင်းသော ဝိထိစိတ်ကား ဒိဋ္ဌဂတသမ္ပယုတ်လေးပါး,ဝိစိကိစ္ဆာ ကြဉ်သော ကြွင်းသော အကုသိုလ်စိတ် ၇-ပါး,ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်-၁၇,မဟာကုသိုလ်စိတ်-၈, မဟာဝိပါက်စိတ်-၈,မဟဂ္ဂုတ်ကုသိုလ်-၉, မဂ်စိတ်-၄,

အောက်ဖိုလ်-၃၃ = ပေါင်း(၅၆)တည်း။ မရကောင်းသော ဝိထိစိတ်ကား ဒိဋ္ဌဂတသမ္မယုတ်-၄, ဝိစိကိစ္ဆာသဟဂုတ်စိတ်-၁, ကြိယာဇော ၁၈, အရဟတ္တဖိုလ်စိတ်-၁=ပေါင်း(၂၄)တည်း။ ဤကားအပေါင်းအားဖြင့် ခွဲပုံတည်း။

အစိဉ်အစိပ်ခွဲပုံ-သောတာပတ္တိမဂ္ဂင်္ဂဉာန်ပုဂ္ဂိုလ်အား ရကောင်းသော ဝိထိစိတ်ကား သောတာပတ္တိမဂ်စိတ်(၁)တည်း။ မရကောင်းသော ဝိထိစိတ်ကား ကြင်းသောစိတ်(၇၉)တည်း။ ကြင်းသောမဂ္ဂင်္ဂဉာန်ပုဂ္ဂိုလ် သုံးယောက်တို့ကိုလည်း ဤနည်းအတိုင်း ခွဲလေ။

သောတာပတ္တိဖလင်္ဂဉာန် ပုဂ္ဂိုလ်အား ရကောင်းသော ဇဝိထိစိတ်ကား ဒိဋ္ဌဂတဝိပွယုတ်-၄, ဒေါသမူဌေး,ဥဒ္ဓစ္စသဟဂုတ်စိတ်-၁, ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်-၁၇, မဟာကုသိုလ်-၈, မဟာဝိပါက်-၈, မဟာဂုတ်ကုသိုလ်-၉, သောတာပတ္တိဖိုလ်စိတ်-၁ = ပေါင်း (၅၀)တည်း။ မရကောင်းသော ဝိထိစိတ်ကား ကြင်းသောစိတ်(၃၀)တည်း။ သကဒါဂါမိဖလင်္ဂဉာန်တူပြီ။

အနာဂါမိဖလင်္ဂဉာန်ပုဂ္ဂိုလ်အား ရကောင်းသောဝိထိစိတ်ကား ဒိဋ္ဌဂတဝိပွယုတ်-၄,ဥဒ္ဓစ္စသဟဂုတ်စိတ်-၁,ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်-၁၇,မဟာကုသိုလ်-၈, မဟာဝိပါက်-၈; မဟာဂုတ်ကုသိုလ်-၉, အနာဂါမိဖိုလ်စိတ်-၁ = ပေါင်း (၄၈)တည်း။ မရကောင်းသော ဝိထိစိတ်ကား ကြင်းသောစိတ် (၃၂) တည်း။ ။အောက်ဖလင်္ဂဉာန်သုံးယောက်လုံး၌ ဈာန်ရပုဂ္ဂိုလ်ကို ရည်၍ ခွဲပြလိုက်သည်။ ဈာန်တပါး မရလျှင် တပါး, နှစ်ပါးမရလျှင် နှစ်ပါး ကိုးပါးလုံးမရလျှင် မဟာဂုတ်ကုသိုလ်-၉ ကို ထင်မံကြဉ်ရန် သတိချပ်ပါ။ ။ဤကား အစိပ်အစိပ်အားဖြင့် ခွဲပြပုံတည်း။

၇၆။ ကာမစိတ်တွင်၊ ကြိုဓောကြဉ်၍၊ မဟဂ်-ကုယဉ်၊ စတုပဉ်၊ပုဇဉ်-ဝိစိတ်ရ။
၇၇။ ပဂ္ဂိုလ်ဆယ်.နှစ်၊ ဝိစိတ်ရှစ်ဆယ်၊ ဝေဘန်ချယ် ဤဝယ်နိဋ္ဌိတ။

၇၈။ ကာမဘူမိ၊ အသိတိ၊ ဝိထိစိတ္တ-သင်္ဂဟလျှင်ရ။

၇၆။ တိဟိတ်ပုထုဇဉ် ပဂ္ဂိုလ်အား ရကောင်းသော ဝိထိစိတ်ကား ကြိယာဇော-ဧပါးကြဉ် ကြွင်းသောကာမစိတ်-၄၅,မဟဂ္ဂုတ်ကုသိုလ်-၉ = ပေါင်း (၅၄) တည်း။ မရကောင်းသော ဝိထိစိတ်ကား ကြိုယာစိတ်-၁၀,လောကုတ္တရာစိတ်-၀ = ပေါင်း (၂၆) တည်း။ ဤနှစ်လည်း ဗျာန်ရတိဟိတ်ကို ရည်၍ ခွဲပြသည်။ ဈာန်မရဖြစ်လျှင် ယခင်ပုဂ္ဂိုလ်များကဲ့သို့ မှတ်ရမည်။

၇၇။ ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်တို့ဖြင့် မဟဂ္ဂုတ်ဝိပါက်-ဧပါးကြဉ်သော ဝိထိစိတ် (၁၀)တို့ကို ဝေဘန်ပြဆိုရာဖြစ်သော ပုဂ္ဂလဘေဒခဏ်း ပြီး၏။

၇၈။ ဘုံအထူးအပြားအားဖြင့် ရသင့်သော ဝိထိစိတ်တို့ကို ဝေဘန်ပြဆိုအပ်သော ဘူမိဝိဘာဂ ခေါ် ဘုံစိတ်ရခဏ်းဥ ဘုံတို့သည် အကျဉ်းအားဖြင့် ကာမဘုံ, ရူပဘုံ, အရူပဘုံ-ဟူ၍ သုံးမျိုးရှိကုန်၏။ ထိုတွင် မဟဂ္ဂုတ်ဝိပါက်-ဧပါးတို့သည် ရူပ,အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များ ဖြစ်ကြသောကြောင့်။ ဝါဝိထိမုတ်စိတ်များ ဖြစ်ကြသောကြောင့် ထိုစိတ်-ဧပါးကြဉ် အလုံးစုံသော ဝိထိစိတ် (၁၀) တို့ကို ကာမတဆယ့်တဘုံ၌ ရအပ်ကုန်၏။ ဝိထိစိတ် (၁၀)လုံး ရအပ်သော်လည်း ကာမပုဂ္ဂိုလ်တိုင်း ရကြသည်မဟုတ်၊ ပုဂ္ဂလဘေဒခဏ်း၌ ပြခဲ့

၇၉။ ရူပဘုံမှာ၊ ပဋိဃာ၊ ဒါရုံစိတ်မရ။
၈၀။ အရူဘုံတွင်း၊ သော-မဂ်,ဟာသိ၊ ရူပိအာရုပ်၊
အောက်အောက်ရွတ်၊ထပ်နှုတ်ကြွင်းစိတ်ရ။

သော နည်းဖြင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် - စသည်တို့၌ ရထိုက်သည်အား လျော်စွာ ရကြပုံကို သိလေ။

၇၉။ အသညသတ် ကြဉ်သောရူပတဲ့ဆယ့်ငါးဘုံ၌ ဒေါသမူခွေး တဒါရုံမဟာဝိပါက်-၈,ဃာနုဝိညာဏ်ခွေး, ဇိဝှါဝိညာဏ်ခွေး, ကာယဝိညာဏ်ခွေး,မဟဂ္ဂုတ်ဝိပါက်-၉ပါးကြဉ်သော ကြွင်းသော အကုသိုလ်စိတ်-၁၀,စက္ခုဝိညာဏ်ခွေး,သောတဝိညာဏ်ခွေး, သမ္ပဋိစ္ဆိုဏ်းခွေး, သန္တီရဏစိတ်-၃,အဟိတ်ကြိယာ-၃,မဟာကုသိုလ်-၈,မဟာကြိယာ-၈, မဟဂ္ဂုတ်ကုသိုလ်-၉, မဟဂ္ဂုတ်ကြိယာ-၉, လောကုတ္တရာစိတ်-၈=ပေါင်း (၆၄)ပါးတို့ကို ရအပ်ကုန်၏။

ဤဥလည်း အများဆုံးရသော ဝီထိစိတ်များကို (၆၄) ဟု ရေတွက်ပြအပ်သည်။အကယ်၍ ပဋ္ဌမစျာန်ကိုသာ ရသောတိဟိတ် ဇြဟ္မာဖြစ်အံ့-ဒုကုသိုလ်စိတ် - ၁၀, စက္ခုဝိညာဏ်ခွေး, သောတဝိညာဏ်ခွေး, သမ္ပဋိစ္ဆိုဏ်းခွေး, သန္တီရဏစိတ်- ၃,မဟာကုသိုလ်-၈, ရူပပဋ္ဌမစျာန်ကုသိုလ်စိတ်-၁=ပေါင်း (၂၈)ပါးတို့ကိုသာ ရ၏။ ကြွင်းသောစိတ်တို့ကို မရနိုင်။ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ ရထိုက်ပုံကို ခွဲ၍မှတ်ရမည်။

ဤဥလည်း အများဆုံးရသော ဝီထိစိတ်များကို (၆၄) ဟု ရေတွက်ပြအပ်သည်။အကယ်၍ ပဋ္ဌမစျာန်ကိုသာ ရသောတိဟိတ် ဇြဟ္မာဖြစ်အံ့-ဒုကုသိုလ်စိတ် - ၁၀, စက္ခုဝိညာဏ်ခွေး, သောတဝိညာဏ်ခွေး, သမ္ပဋိစ္ဆိုဏ်းခွေး, သန္တီရဏစိတ်- ၃,မဟာကုသိုလ်-၈, ရူပပဋ္ဌမစျာန်ကုသိုလ်စိတ်-၁=ပေါင်း (၂၈)ပါးတို့ကိုသာ ရ၏။ ကြွင်းသောစိတ်တို့ကို မရနိုင်။ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ ရထိုက်ပုံကို ခွဲ၍မှတ်ရမည်။

၈၀။ အရူပလေးဘုံ၌ သောတာပတ္တိမဂ်စိတ်-၁, ဟသိတုပ္ပါဒ်-၁, ရူပကုသိုလ် ၅, ကြိယာ-၅, အောက်အောက်ဖြစ်သော အရူပစိတ်တို့ကို မရအပ်ကုန်။ သောတာပတ္တိမဂ်စိတ်နှင့် ဟသိတုပ္ပါဒ် မရကြောင်းကို ပကိဏ်းဝိုင်း ဝတ္ထုသင်္ဂဟ၌ ဆိုခဲ့ပြီ။ ဇြဟ္မာတို့မှာ အောက်အောက်စျာန်များကို ပြန်လည်ဝင်စားလေ့ မရှိကြသောကြောင့် အောက်အောက်စျာန်

၈၁။ ထိုထိုပသာ၊ ကြဉ်ဘုံမှာ၊ ကြဉ်ဒွါရိကစိတ်မရ။
၈၂။ အာသဉ္ဇတ်ဘုံ၊စိတ်မျိုးရုံ၊ ကံဟုန်ပယ်ချ-လုံးမရ။

စိတ်များကို ကြဉ်ဖယ်ရသည်။ ထို့ကြောင့် အရူပလေးဘုံ၌ အများဆုံး ရနိုင်သော ဇိထိစိတ်ကား လောဘမူ-၈, မောဟမူ-၂, မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ်-၈, မဟာကြိယာ-၈, အရူပကုသိုလ် - ၄, အရူပကြိယာ-၄,သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ်-၇ = ပေါင်း (၄၂) တည်း။ ဤ၌လည်း ပုဂ္ဂိုလ်အားလျော်စွာ ရထိုက်သော ဇိထိစိတ်တို့ကို စီစစ်လေ။

၈၃။ ကာမတဆယ့်တဘုံနှင့် အသညသတ်ကြဉ်သော ရူပတဆယ့်ငါးဘုံ၌ ထိုထိုပသာဒ မရှိကြသော ပုဂ္ဂိုလ်တို့အား မရှိသည့်ပသာဒနှင့်စပ်သော ဇိထိစိတ်များကိုလည်း မရအပ်ကုန်။ ဥပမာ- စက္ခုပသာဒ ချို့တဲ့သူဖြစ်လျှင် ကာမဘုံသား,ရူပဘုံသားပင် ဖြစ်စေကာမူ စက္ခုဒွါရ၌ ဖြစ်သော ဇိထိစိတ်များကို မရအပ်။ သောတပသာဒ-စသည် ချို့တဲ့သူတို့၌လည်း နည်းတူမှတ်။

၈၂။ သညာမရှိသော သတ္တဝါကို "အသညသတ္တ=အသညသတ်" ဟု ခေါ်ရ၏။ အသညသတ်ဟူသော အမည်သည် သညာစေတသိက်ကို အဦးပြု၍ ခေါ်ဝေါ်အပ်သော အမည်တည်း။ စင်စစ်မှာမူ အသညသတ်သတ္တဝါတို့ဘုံ၌ သညာစေတသိက်သာမက အလုံးစုံသော နာမ်တရားဟူသမျှဘာမျှမကျန်အောင် ဘာဝနာကံ၏ အဟုန်ဖြင့် အစွမ်းကုန် ပယ်ချခဲ့ပြီးဖြစ်သောကြောင့် အလုံးစုံသော ဇိထိစိတ်တို့ကို မရအပ်-မရထိုက်ကုန်။

ထင်ရှားစေအံ့-ကုသိုလ်, အကုသိုလ် ကံလည်းရှိ၏။ ထိုကံ၏အကျိုးလည်း ရှိ၏ဟု အယူရှိကြသော ကမ္မကြိယဝါဒီ တိတ္ထိတို့သည် မိမိတို့ရပြီးဖြစ်သော ပဋိသန္ဓေစာန်ကိုပင် " စိတ်ရှိသော် တပ်ခြင်း - ပြစ်မှားခြင်

၈၃၊ ကာမဂုဏ်ဆယ်၊ ရူဝယ်-ဒေါသ၊ အရူပမှာ၊ နွဲ့ စက္ကာ၊ မှတ်ရာ-ဝိစိတ်ရ။
၈၄၊ ဤဝယ်တတန်၊ နိဗ္ဗိတံ၊ မှတ်ရန်ဘုံစိတ်ရ။

၈၅၊ ဒိဌိခြောက်စည်၊ ဘဝင်ယဉ်တား၊ သီးသန့်ခြား ကာ၊ လှည့်လည်သာ၊ မရဏာတိုင်အောင်ကျ။

စသည်ဖြစ်ရ၏။ စိတ်မရှိလျှင် တပ်ခြင်း – ပြစ်မှားခြင်း စသော သဘောကင်းဖြစ်၍ မျက်မှောက်၌ နိဗ္ဗာန်ရောက်ရသည် မည်၏''ဟု ကြံစည်ကြပြီးလျှင် ''သညာရောဂေါသညာဂဏ္ဍောဓိစိတ္တံ ဓိနာမံ''ဟု၍ စိတ်တရား၌ အပြစ်ကိုရှုဆင်ခြင်ကုန်လျက် သညာကင်းအောင် ဝါယောကသိုဏ်းကို စီးဖြန်းပွားများကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ရပြီးစွာန်တို့မှ မယုတ်စေကြဘဲ ဇုတေ သေလွန်ကြသည်ရှိသော် ကာမဘုံ၌ အိပ်ခြင်း, လျောင်းခြင်းစသော ဇာရိယာပုတ်အတိုင်း သညာအမှုးရှိသော စိတ်,စေတသိက်တို့၏ ချုပ်ငြိမ်းရာ အသညသတ်ဘုံ၌ ဖြစ်ကုန်၏။ ဤသို့ သညာအမှုးရှိသော နာမ်တရား ဟူသမျှကို ဘာဝနာအဟုန်ဖြင့် အစွမ်းကုန်ပယ်ချခဲ့သောကြောင့် အသညသတ်ဘုံ၌ အလုံးစုံသော ဝိထိစိတ်တို့ကို မရအပ်သတည်း။

၈၃။ ၈၄။ ကာမတဆယ်တဘုံ၌ ဝိထိစိတ် (၈၀) အသညသတ်ကြဉ်သော ရူပဘဆယ်ငါးဘုံ၌ (၆၀) အရူပလေးဘုံ၌ (၄၂) ဘုံကို ဘုံ,ပုဂ္ဂိုလ် အားဧလျှင်စွာ ရသင့်ရထိုက်သလို ရအံ့ပ်ကုန်၏။

ဘူမိဝိဘာဂမည်သော ဘုံဝိတ်ရခက်း ပြီး၏။

၈၅။ ဤသို့လျှင် ခြောက်ဒွါရ၌ ခြောက်ပါးသော ဝိထိစိတ်အစဉ်တို့သည် ထိုထိုဒွါရ, ဘုံ, ပုဂ္ဂိုလ်တို့၌ ဖြစ်သင့်သည့်အားဧလျှင်စွာ

၈၆။ ရှစ်ဆယ့်ခြောက်တန်၊ သံပေါက်ပြန်၊ ဝိကဏ္ဍ နိဋ္ဌိတ။

ဝိထိပိုင်းသံပေါက်ပြီး၏။

ပဋိသန္ဓေနောင် ဘဝနိကန္တိက မနောဒွါရ ဝိထိစိတ်စဉ်မှစ၍ အသက်ရှည်နေသမျှကာလပတ်လုံး စုတိ-မရဏာတိုင်အောင် တဝိထိ, တဝိထိ အကြားအကြား၌ ဘဝင်အယဉ် ခြားကာ ခြားကာ အဆက်မပြတ် စက်ရဟတ်ကဲ့သို့ လှည့်ပတ် ဖြစ်-ပျက်နေကြသတည်း။ ။

ဒိထိပိုင်းပြီး၏။

ဒိဌိမုတ်ပိုင်း

၁။ ဒိဌိဖြိုးငြွန်၊ ဒိမုတ်ကဏ်၊ တ တန်သိ စေ ဘိ။
၂။ ဘုံ, သန္ဓိ, ကံ၊ မရဏံ၊ လေးတန် စတုက်သိ။
၃။ အပါယနှင့်၊ ကာမသု,ရူ၊ ဘုံအာရူ၊ လေးဟူ ဘူမိ
စတုဂ်ိ။

၁။ ပဝတ္တိအခါ၌ ဒိဌိစိတ်တို့၏ ဖြစ်စဉ်ကို ပြဆိုရာ ပဝတ္တိသင်္ဂဟ မည်သော ဒိဌိပိုင်းကို ပြဆိုပြီးလျှင် ပဋိသန္ဓေအခါ၌ ဒိဌိမုတ်စိတ်တို့၏ ဖြစ်ပုံ်ကို ပြဆိုရာ "ဒိဌိမုတ်ပိုင်း"ကို ပြဆိုပေအုံ့။

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ကြသော (၁၉)ပါးသော စိတ်တို့ သည် ဒိဌိစိတ်(၈၀)တို့မှ အလွတ်ဖြစ်ကြသောကြောင့် "ဒိဌိမုတ်စိတ်" မည်ကုန်၏။ ဤဒိဌိမုတ်စိတ်တို့ကို ပြဆိုရာ အခဏ်းအပိုင်းဖြစ်၍ " ဒိဌိမုတ်ပိုင်း"ဟု ခေါ်ဆိုရ၏။ ဘုံနှင့်စပ်သော အခဏ်းတို့ကို ပြဆိုထားသောကြောင့် "ဘုံပိုင်း"ဟုလည်း ခေါ်ဝေါ်ရ၏။

၂။ ဒိဌိမုတ်ပိုင်း၌ ရှေးဦးစွာ မှတ်သားထားရန် မာတိကာသရုပ် အကျဉ်းချုပ်ဖြစ်သော စတုက္ကလေးပါးကား-

၁။ ဘူမိစတုက္က ၃။ ကမ္မစတုက္က
၂။ ပဋိသန္ဓိစတုက္က ၄။ မရဏုပ္ပတ္တိ စတုက္က-တည်း။

၃။ သတ္တဝါတို့၏ ဖြစ်ရာဌာန-ဖြစ်ရာနေရာဟု ဆိုအပ်သောဘုံသည်

၁။ အပါယ်ဘုံ ၃။ ရူပါဝစရဘုံ
၂။ ကာမသုဂတိဘုံ ၄။ အရူပါဝစရဘုံ

ဟူ၍ လေးမျိုးရှိ၏။ ထိုတွင် သုဂတိဘုံသည် ကာမ,ရူပ,အရူပ သုံးပါး လုံးနှင့် ဆက်ဆန်သော်လည်း ဤဒိဌိကာမတဏှာ၏ ဂုဏ်စားရာ-အာရုံ

၄။ ငရဲ,တိရစ္ဆာန်, ပေတ္တိ,အသူရ၊ အပါယ်ဘဂ္ဂ၊ မှတ်ယူစတုဇ္ဇိ။

ပြုရာ ဘုံကိုသာလျှင် ယူစေလိုသောကြောင့် ကာမသဒ္ဒါဖြင့် အထူးပြု၍ "ကာမသုဂတိဘုံ" ဟု ခေါ်ရသည်။

၄။ အပါယ်ဘုံသည် "ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်" ဟူ၍ သေးမျိုး ရှိ၏။ ထိုတွင် ချမ်းသာသုခ ဟူသမျှကို ရခွင့်မရှိသော ဘုံသည် "နိရယခေါ်ငရဲဘုံ" မည်၏။ ထိုငရဲဘုံသည်လည်း သိဒ္ဓိုး, ကာလသုတ်,သံဃာတ,ရောရဝ, မဟာရောရဝ,တာပန,မဟာတာပန, အဝီစိ-ဟူ၍ (၈) ထပ်ရှိ၏။ မဟာပထဝီ မြေကြီး၏အောက် ယူဇနာပေါင်း တသောင်းငါးထောင်၌ ကည်၏။

လူ,နတ်တို့ကဲ့သို့ ဖြောင့်ဖြောင့်မတ်မတ် မသွားဘဲ ဖီလာကန်လန်သွားတတ်သော အခြေခြေနှစ်ချောင်း,အခြေလေးချောင်းနှင့် အခြေမရှိသော သတ္တဝါအပေါင်းသည် တိရစ္ဆာန်မည်၏။ ထိုတိရစ္ဆာန် အမျိုးမျိုးတို့၏ တည်နေရာဘုံသည် "တိရစ္ဆာန်ဘုံ" မည်၏။ ချန်းသာသုခ ကင်းဝေး၍ သူတပါးတို့ စွန့်ပစ်အပ်သော မစင်, ဘင်ဘုတ်,ထမင်း,ဟင်း စသည်တို့ကို ဆင်းရဲငြိုငြင်စွာ ကောက်ယူစားသောက်ရသော သတ္တဝါအပေါင်းသည် ပြိတ္တာ မည်၏။ ထို ပြိတ္တာများ နေထိုင်ရာ တော, တောင်, သမုဒ္ဒရာ,သုသာန်-စသည်သည် "ပြိတ္တာဘုံ" မည်၏။ အစိုးရမှု, ကာမဂုဏ်မြူးတူးမှု-စသည်တို့၌ နတ်တို့ကဲ့သို့ တန်ခိုးအရောင် မတောက်ပြောင်နိုင်သော သတ္တဝါအပေါင်းသည် အသုရကာယ်မည်၏။ အသုရကာယ်တို့၏ နေထိုင်ရာ သမုဒ္ဒရာ, ဂင်္ဂါမြစ်ကမ်း-စသည်သည် "အသုရကာယ်ဘုံ" မည်၏။

အပါယ်လေးဘုံ ပြီး၏။

၅။ လူ, စ, တာ, ယာ၊ တူ,နီမွာ၊ ဝသာ သတ်ရှိ-ကာသုတိ၊

၅။ ကာမသုဂတိဘုံ သည်လည်း ‘‘လူ့ဘုံ, စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ,ယာမာဘုံ,တုသိတာဘုံ,နိမ္မာန ရတိဘုံ,ပရနိမ္မိတ ဝသဝတ္တီဘုံ’’ဟူ၍ ခုနစ်မျိုးခွဲ၏။ ထိုဘွင် ဤဇမ္ဗူဒီပ် ကျွန်းသူ,ကျွန်းသဘဲးတို့သည် တပါးဆသာ ကျွန်းသူ,ကျွန်းသားများနှင့် တာဝတိံသာနတ်တို့ထက်‘‘သဘိမန္တ,သူရဘာဝ,ဗြဟ္မစရိယ ယောဂျ’’တည်းဟူသော ဒုကြောင်းသုံးပါးဘို့ များမြတ်လွန်ကဲကြသောကြောင့် မုချအားဖြင့် ‘‘မနုဿဇာတိလူ’’အမည် ရကြ၏။ တပါးသော ကျွန်းသားများနှင့် အရံကျွန်းငယ်သားများကား ဤတောင်ကျွန်းသားတို့နှင့် ခြေ,လက်,နား,နှာ, ကိုယ်အင်္ဂါ, အဆင်း, သဏ္ဌာန်-စသည်တို့ တူကြသောကြောင့် သဒိသုပစာရအားဖြင့် ‘‘မနုဿ’’မည်ကုန်၏။

တနည်းသည်း-ကမ္ဘာဦးအစ မဟာသမ္မတမင်းသည် မနုမည်၏။ ထို မနုမည်သော မဟာသမ္မတမင်း၏ အဆုံးအမ၌ တည်ကြသော သား, သမီးအစဉ်အဆက်မှ ဆင်းသက်ပေါက်ဖွားလာကြသောကြောင့်‘‘မနုဿ’’ မည် ကုန်၏။ မနုဿ မည်သော လူတို့၏ နေထိုင်ရာဌာနသည် ‘‘မနုဿဘုံ’’ မည်၏။

မြင့်မိုရ်, စကြဝဠာ၏ အရှေ့,အရပ်၌ မဘဒ္ဒနတ်မင်းကြီး, တောင်အရပ်၌ ဝိရူဠ္ဟကနတ်မင်းကြီး, အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းကြီး, မြောက်အရပ်၌ ကုဝေရနတ်မင်းကြီးတို့သည် ‘‘စတုမဟာရာဇ’’မည်ကုန်၏။ ဤနတ်မင်းကြီးလေးဦးယာက်နှင့်တကွ နဂါး, ဂဠုန်, ဂန္ဓဗ္ဗ,ယက္ခ, ဂန္ဓဗ္ဗ - စသော အခြံအရံ ပရိသတ်တို့၏ နေရာဌာနသည် ‘‘စတုမဟာရာဇ်ဘုံ’’ မည်၏။

ရှေးအခါ မဃလူသင် အမှူးရှိသော ကောင်းမှုပြုဘက် သုံးကျိပ် သုံးယောက်တို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့်‘‘တေတ္တိံသ’’ဟု ဆိုသင့်

လျက် မဆိုဘဲ ''တာဝတိံသာ'' အမည်ရ၏။ ဤတာဝတိံသာ ဟူသော အမည်သည် ရှေးရှေးကပင် ခေါ်တွင်လာသော ရုဋ္ဌိအမည်တည်း။ တာဝတိံသာ နတ်တို့၏နေရာဌာနသည် ''တာဝတိံသာဘုံ'' မည်၏။ အောက် စတုမဟာရာဇ်ဘုံသည် မြင့်မိုရ်တောင်၏ အလယ်မှစ၍ အောက်ခြေ၌ တည်ပြီးလျှင် တာဝတိံသာဘုံသည် အလယ်မှစ၍ မြင့်မိုရ်တောင်၏ ထိပ်ဖျား၌ တည်သောကြောင့် မြေ၌တည်ကြသော ဘူမဋ္ဌက ဘုံတို့တည်း။

ဆင်းရဲအပေါင်းမှ ကင်းဝေးကြ၍ နတ်ချမ်းသာအမျိုးမျိုးကို ကောင်းစွာ ခံစားနိုင်ကြသော နတ်တို့သည် ''ယာမာ'' နတ်တို့ မည်ကုန်၏။ ယာမာနတ်တို့၏ နေရာဌာနသည် ''ယာမာဘုံ'' မည်၏။

မိမိတို့၏ ကြက်သရေ, ဂုဏ်သိရ် စည်းစိမ်အမျိုးမျိုးတို့ဖြင့် ရွှင်လန်းအားရ သဘောကျ – ဝမ်းခမြောက်ခြင်းသို့ ရောက်နေကြသော နတ်တို့သည် ''တုသိတာ'' နတ်တို့ မည်ကုန်၏။ ထိုနတ်တို့၏ နေရာဌာနသည် ''တုသိတာဘုံ'' မည်၏။ ။မိမိကိုယ်တိုင် ဖန်ဆင်းအပ်သော ကာမဂုဏ်ချမ်းသာ စည်းစိမ်အဖြာဖြာတို့ဖြင့် မွေ့လျော်ပျော်ပါးကြသော နတ်တို့သည် ''နိမ္မာန ရတိ'' နတ်တို့မည်ကုန်၏။ ထိုနတ်တို့၏ နေရာဌာနသည် ''နိမ္မာနရတိဘုံ'' မည်၏။ ။မိမိကိုယ်တိုင်ကား မဖန်ဆင်းအပ်။ သူတပါးတို့ ဖန်ဆင်းပေးအပ်သော ကာမဂုဏ်ချမ်းသာတို့၌ မိမိ၏ အလိုကျ ဖြစ်စေကြသော နတ်တို့သည် ''ပရနိမ္မိတ ဝသဝတ္တိ'' နတ်တို့ မည်ကုန်၏။ ထိုနတ်တို့၏ နေရာဌာနသည် ''ပရနိမ္မိတ ဝသဝတ္တိဘုံ'' မည်၏။ ယာမာဘုံမှစ၍ ဝသဝတ္တိဘုံ တိုင်အောင်တို့ကား မြင့်မိုရ်တောင်၏ အထက် ကောင်းကင်ပြင်၌ တည်နေကြသော ''အာကာသဋ္ဌ'' ဘုံများတည်း။

ကာမသုဂတိ (၇)ဘုံ ပြီး၏။

၆။ အပါယ်လေးရပ်၊ သုဘုံ - သတ်၊ ဂုက်ဒဲသ်-
ကာမသိ။

၇။ ဗြဟ္မဒုပါရိ၊ ပရောဟိတာ၊ ဗြတ်မဟာ၊ သုံးဖြာ-
ပဘူဒိ။

၆။ အပါယ်လေးဘုံ, ကာမသုဂတိ ခုနစ်ဘုံ=ပေါင်း (၁၁)ဘုံတို့သည် ကာမတဏှာ၏ ကျင်လည်ကျက်စားရာ ဘုံဌာနများ ဖြစ်ကြသောကြောင့် " ကာမတဆယ့်တဘုံ " မည်ကုန်၏။

ကာမ(၁၁)ဘုံ ပြဆိုခဏ်း ပြီး၏။

၇။ ဗျာန်, အဘိညာဏ်-စသည်တို့ကိုသာလျှင် မွေ့လျော် ပျော်ပါး ဝင်းစား-ပွားများလျက် နတ်လူတို့ထက် သာလွန်ကြီးမြတ်သူ အပေါင်းကို "ဗြဟ္မာ" ခေါ်ရ၏။ ဗြဟ္မာတို့ကား အကျဉ်းအားဖြင့် ရူပဗြဟ္မာ, အရူပဗြဟ္မာ ဟု နှစ်မျိုးသာ ရှိကြ၏။ ရူပဗြဟ္မာသည် ပဌမဈာန်ဗြဟ္မာ, ဒုတိယဈာန်ဗြဟ္မာ,တတိယဈာန်ဗြဟ္မာ, စတုတ္ထဈာန်ဗြဟ္မာ, သုဒ္ဓါဝါသဗြဟ္မာ ဟူ၍ ၅ -မျိုးရှိ၏။ ထိုတွင် မဟာဗြဟ္မာမင်း၏ အလုပ်အကျေးပရိသတ်၌ အကျုံးဝင်သော ဗြဟ္မာသည် "ပဌမဈာန် ဗြဟ္မာ"မည်၏။ မဟာဗြဟ္မာ၏ ပုရောဟိတ်အရာ၌ တည်သော ဗြဟ္မာသည် " ဗြဟ္မ ပရောဟိတဗြဟ္မာ" မည်၏။ ဤဗြဟ္မာနှစ်မျိုးထက် သာလွန် မွန်မြတ်သော ဗြဟ္မာသည် "မဟာဗြဟ္မာ"မည်၏။

ဤဗြဟ္မာသုံးမျိုးတို့သည် ပဌမဈာန်ကို ရကြသော ဗြဟ္မာတို့ဖြစ်ကြသောကြောင့် နေရာဒေသာန်ကိုလည်း "ပဌမဈာန်ဘုံ" ဟု ခေါ်ရ၏။ ဈာန်ရှင်အာင် အားထုတ်စဉ်က ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသ-တည်းဟူသော အဓိပတိလေးပါး ညှံ့ဖျင်း အားသေးသူက ဗြဟ္မပါရိသဇ္ဇာဘုံ, အလယ်

၁၊ ပရိတ္တာဘာ၊ ပမာဏာ၊ ဘဿရာထည့်-ဒုဘူဒိ၊
၉၊ ပရိတ်,ပမာ၊ဏာသုဘာ၊ကိဉ္စာထည့်ဘိ-တာဘူမိ၊

အလတ်ရှိသူက ဖြာဘူပရောဟိတဘုံ, ထက်သန်အားကောင်းသူက မဟာဖြာဘူဘုံဦး ဖြစ်၏။ ထိုသို့ အဓိပတိလေးပါး ထက်သန်မှု-အားသေးမှုကို အစွဲပြု၍ အဆင့်အတန်း, တန်ခိုး, ဂုဏ်ပါရမီတို့ ကွာခြားကြသော်လည်း နေရာဘုံဗိမာန်အားဖြင့်ကား အနိမ့်အမြင့်မရှိ၊ ကောင်းကင်ပြင်၌ တညီတညွတ်ထည်း တည်ကုန်၏။

၈။ အပ္ပမာဏာဖြာဘူ,အာဘဿရာ ဖြာဘူဘုံလောက် ကိုယ်ရောင်ကိုယ်ဝါ မတောက်ပဘဲ နုည်းသော အရောင်အလင်း ရှိသောဖြာဘူသည် "ပရိတ္တာဘာဖြာဘူ"မည်၏။ အတိုင်းအဆ ပမာဏမပြုနိုင်အောင် အရောင်အဝါရှိသော ဖြာဘူသည် "အပ္ပမာဏာဖြာဘူ"မည်၏။ တိမ်ယဉ်တိမ်တိုက်ကြားမှ မကြာမကြာ ပြိုးပြိုးပြက်ပြက် ပေါ်ထွက်လာသော လျှပ်ပန်းနွယ်ကဲ့သို့ ခန္ဓာကိုယ်မှ တလျှပ်လျှပ် တဖြတ်ဖြတ် ပေါ်ထွက်နေသော အရောင်, အဝါရှိသော ဖြာဘူသည် "အာဘဿရာ ဖြာဘူ" မည်၏။

ဤဖြာဘူသုံးမျိုးတို့ကား ဒုတိယဈာန်ကို ရကြသော ဖြာဘူတို့ဖြစ်ကြသောကြောင့် တည်နေရာဗိမာန်ကိုလည်း "ဒုတိယဈာန်ဘုံ" ဟု ခေါ်ရ၏။အဓိပတိလေးပါး ထက်မှု-နုံ့မှုကို အစွဲပြု၍ အဆင့်အတန်း,တန်ခိုး, အရောင်,အဝါ ကွာခြားကြသော်လည်း နေရာဘုံဗိမာန်အားဖြင့် အနိမ့်အမြင့်မရှိ၊ ပဋ္ဌမဈာန်သုံးဘုံတို့၏ အထက်ကောင်းကင်ပြင်၌ တညီထည်း တည်နေကုန်၏။

၉။ တခဲနက် တောက်ပလျက် နုည်းပါး တင့်တယ်သော ကိုယ်ရောင်ရှိသော ဖြာဘူသည် "ပရိတ္တာသုဘာ ဖြာဘူ" မည်၏။ အတိုင်းအရှည် မရှိအောင် တင့်တယ်သော ကိုယ်ရောင်ရှိသော ဖြာဘူသည်

၁၀။ ဝေဟာ၌အသည်း၊ သုဒ္ဓါငါးပြင်မှာ၊ စ-ဘုံသာ၊ ရူပါဘူမိ-သောဠသိ။

"အပ္ပမာဏာသုဘာ ဖြဟ္မာ" မည်၏။ တင့်တယ် ရှုချင်ဘွယ် ကောင်းသော ကိုယ်ရောင်ကိုယ်ဝါအမျိုးမျိုးဘို့ဖြင့် ရောပြွမ်းယှက်သန်းနေသော ဖြဟ္မာသည် "သုဘကိဏ္ဏဖြဟ္မာ" မည်၏။

ဤဖြဟ္မာသုံးမျိုးတို့ကား တတိယစျာန်ကို ရကြသောကြောင့် တည်နေရာ ဘုံဗိမာန်ကိုလည်း "တတိယစျာန်ဘုံ" ဟု ခေါ်ရ၏။ အမပတိလေးပါး ထက်မှ-နှုန့်မှကို အစွဲပြု၍ အဆင့်အတန်း, အရောင်, အဝါစသည်တို့ ကွာခြားကြသော်လည်း နေရာဘုံဗိမာန်အားဖြင့် အနိမ့်အမြင့်မရှိ၊ ဒုတိယစျာန်သုံးဘုံတို့၏အထက် ကောင်းကင်ပြင်၌ တညီထည်း တည်နေကုန်၏။

၁၀။ ပြန့်ပြော ကြီးမားသော အကျိုးအာနိသင် ရှိသော ဖြဟ္မာသည် " ဝေဟပ္ဖလဖြဟ္မာ " မည်၏။ သညာစေတသိက် အမှုး ရှိသော နာမက္ခန္ဓာ အပေါင်းကားမရှိ၊ ရုပ်ခန္ဓာသက်သက်မျှရှိသော ဖြဟ္မာသည် "အသညသတ်ဖြဟ္မာ "မည်၏။ ကိလေသာ အညစ်အကြေးတို့မှ အထူးသဖြင့် စင်ကြယ်-သန့်ရှင်းသောဖြဟ္မာသည် " သုဒ္ဓါဝါသဖြဟ္မာ " မည်၏။

ဤဖြဟ္မာသုံးမျိုးတို့ကား စတုတ္ထစျာန်ကို ရကြသော ဖြဟ္မာတို့တည်း။ ဝေဟပ္ဖလဖြဟ္မာတို့၏ နေရာဘုံဗိမာန်ကို "ဝေဟပ္ဖလဘုံ" အသညသတ်ဖြဟ္မာတို့၏နေရာဘုံဗိမာန်ကို "အသညသဘုံ" သုဒ္ဓါဝါသဖြဟ္မာတို့၏ နေရာဘုံဗိမာန်ကို "သုဒ္ဓါဝါသဘုံ" ဟု အသီးသီးခေါ်ဆိုရ၏။ ထိုတွင် ဝေဟပ္ဖလဘုံနှင့် အသညသတ်ဘုံသည် တတိယစျာန်သုံးဘုံတို့၏အထက်ကောင်းကင်၌ တပါးတခြားစီ တညီထည်း တည်နေ၏။ သုဒ္ဓါဝါသဘုံတို့ကား ထိုဘုံနှစ်မျိုးတို့၏ အထက်ကောင်းကင်ပြင်၌ အဆင့်ဆင့် အနိမ့်အမြင့်အားဖြင့် တည်နေကုန်၏။

၁၁။ ဆရိ,အာတပ်,သုဒဿီ,ဒဿီ၊ အာကာသာနဉ္စာယတနဖြာဌာ-သုန်ဘူမိ။

၁၂။ အာကာ, ဝိညာ၊ အာကိဉ္စ၊ နေဝ-ဘူမိ ဆရုပိ၊

၁၁။ စတုတ္ထဈာန်ဘုံ သုံးမျိုးတို့တွင် သုဒ္ဓါဝါသဘုံသည်လည်း အဝိဟာဘုံ,အာတပ္ပါဘုံ,သုဒဿာဘုံ, သုဒဿီဘုံ, အကနိဋ္ဌဘုံ-အားဖြင့် ငါးမျိုးရှိလေသည်။ ဤသုဒ္ဓါဝါသဗြဟ္မာတို့သည် အခါခပ်သိမ်း မတည်နိုင်ကြကုန်။ ဝိဝဋ္ဋကပ်အခါ ဘုရားရှင်တို့ ပွင့်တော်မူကြမည့်ကပ်-ကမ္ဘာတို့၌သာလျှင် ဖြစ်ကုန်၏။မုဒ္ဓသုညအခါတို့၌ မဖြစ်ကြကုန်၊ဓမ္မစကြာ ဒေသနာကို ဟောကြားရာ ခန္ဓာဝါရအမည်ရသော မိဂဒါဝုန်တောနှင့် တူကုန်၏။မဟာကင်ဝင်းသိန်းခြောက်သောင်းသို့ ရောက်သောအခါ ဒေလုံး စုံ ပရိနိဗ္ဗာန်ပြုကုန်၏။ နောက်ထပ်လည်း မဖြစ်ကြကုန်။ ထိုကြောင့် အခါခပ်သိမ်း မဖြစ်ကြသတည်း။

ရူပါဝစရ(၁၆)ဘုံ ပြီး၏။

၁၂။ အရူပဗြဟ္မာ သည်လည်း အာကာသာနဉ္စာယတနဗြဟ္မာ အစရှိသော ဘုံအားဖြင့် လေးမျိုးရှိ၏။ ထိုဗြဟ္မာလေးမျိုးတို့၏ တည်နေရာ ဗိမာန်ကိုလည်း "အာကာသာနဉ္စာယတနဘုံ" စသည်ဖြင့် အသီးအသီး ခေါ်ဝေါ်အပ်၏။ ဤအရူပဘုံတို့သည် ရူပဗြဟ္မာတို့၏ အထက်၌ ဒေးဆင့် ဆင့်ထပ်၍ တည်ကုန်၏။ အာကာသာနဉ္စာယတန-စသော ဝိပါက် နာမက္ခန္ဓာဖြင့် ပဋိသန္ဓေတည်နေကြသော ဗြဟ္မာတို့၏ သန္တာန်၌ အဆက်ဆက် ဖြစ်နေကြသည့် နာမက္ခန္ဓာ အစဉ်တို့၏ ဖြင့်ပေါ် တည်နေရာ ကောင်းကင်ပြင်ကြီးကိုပင် ဥဒ္ဒါန်းပစာရအားဖြင့် "အာကာသာနဉ္စာယတနဘုံ" စသည် ခေါ်ရ၏ဟု မှတ်။

အရူပ လေးဘုံ ပြီး၏။

၁၃၊ သုဒ္ဓါဘုံတွင်၊ ပုဇဉ်-သောတာ၊ သကဒါ၊ သဗ္ဗာ မရဿိ၊

၁၄၊ အသဉ်-ပါယ်ရွာ၊ ရိယာမရ၊ ကြွင်းမြောနမှာ၊ နရိယာ၊ ရိယာအာဂုံရှိ၊

၃၅၊ အပါယ်,သုကာ၊ ရူပါတာတန်၊ အရူပံ၊ မှတ်ရန် လေးသဒ္ဓိ၊

၁၃။ သုဒ္ဓါဝါသငါးဘုံကား အနာဂါမ်, ရဟန္တာဖြဟ္မာကြီးတို့၏ ဖြစ်ရာဘုံဖြစ်သောကြောင့် ပုထုဇဉ်,သောတာပန်,သကဒါဂါမ်-ဖြဟ္မာတို့ကို အချင်းခပ်သိမ်း မရအပ်ကုန်။ ထိုဘုံ၌ အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးမျိုးတို့ကိုသာလျှင် ရအပ်ကုန်၏။

၁၄။ အသညသတ်ဘုံနှင့် အပါယ်လေးဘုံ၌ကား သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များဖြစ်ကြ၍ ၎င်းတို့၏ ပဋိသန္ဓေကပင် မဂ်,ဖိုလ်ကို ပိတ်ပင်ကာကွယ်ထားကြသောကြောင့် အရိယာပုဂ္ဂိုလ်တို့ကို မရအပ်-မရထိုက်ကုန်။ ကြွင်းသော ကာမသုဂတိ(၇)ဘုံ,ရူပ(၁၅)ဘုံ,အရူပလေးဘုံတို့၌ကား ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ်များကို ထိုက်သည်အား လျော်စွာ ရအပ်ကုန်သတည်း။

ဘူမိစတုက္က ပြဆိုခဏ်း ပြီး၏။

၁၅။ ဘဝတခုနှင့် ဘဝတခု၏ အကြားဌာန တစပ်ထည်းကဲ့သို့ ဖြစ်အောင် စပ်ခြင်းသည် ပဋိသန္ဓေမည်၏။ ထိုပဋိသန္ဓေသည်....

၁၆။ သန္တိ-ဆောက်၊ အပါယ်ရုဠ္ဍာန်၊ သန္ဓေ,ဘဝင်၊ စုတိ တွင်၊သူလျှင်ဖြစ်ဘိ-ပါယ်သန္ဓိ၊

၁၇။ သန္တိ-ဥကုံ၊ ကာမသုဂ္ဂဟန်၊ဇစ္စုန်-စသည်၊ဘုမ္မဿသိ၊ ဝိဒိသန္ဓိ,ဘဝင်,စုတိ။

၁၈။ ရှစ်မဟာဝိ- ကာ၊သုတ်ဌာန်၊ပဋိသန်၊ ပရံဘဝင်-စုတိ။

၁။ အပါယ ပဋိသန္ဓေ ၃။ ရူပါဝစရပဋိသန္ဓေ
၂။ ကာမသုဂတိ ပဋိသန္ဓေ ၄။ အရူပါဝစရပဋိသန္ဓေ

ဟူ၍ ဓလေးမျိုးရှိ၏။ ဤလေးမျိုးကိုပင် "**ပဋိသန္ဓိစတုက္က**" ဟု ခေါ်ရ၏။ ထိုတွင် အပါယ်လေးဘုံ၌ ဖြစ်အောင်, ကာမသုဂတိ (၇)ဘုံ၌ ဖြစ်အောင်, ရူပ (၁၆) ဘုံ၌ဖြစ်အောင်, အရူပလေးဘုံ၌ ဖြစ်အောင် စပ်ပေးတတ်သော ပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေ-စသည် မည်၏။

၁၆။ အပါယ်လေးဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ - အစွမ်းဖြင့်ဖြစ်သော စိတ်ကား အကုသလဝိပါက် ဥပက္ခာသဟဂုတ် သန္တီရဏစိတ်တည်း။

၁၇။ ကာမသုဂတိ (၇)ဘုံ၌ ပဋိသန္ဓေအားဖြင့် ကဏ်းသောသူ, နားပင်းသူ,ဃာနမရှိသူ,ဆွံ့-အသူ,ရူးသောသူ,နပုံပလွှာက်,ဥဘတောဗျည်းနှင့် မြေ၌ မှီ၍ဖြစ်သော ဘုမ္မစိုးနတ်, သစ်ပင်၌ မှီ၍ ဖြစ်သော ရုက္ခစိုးနဂ်, ဝိနိပါတိကအသုရာ, ဓဝမာနိကပြိတ္တာ – စသည်ဘို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တည်း။

၁၈။ ကာမသုဂတိ (၇) ဘုံ၌ လူ-နတ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ကား မဟာဝိပါက်စိတ် (၈)ပါးတည်း။

၁၉။ ဤသို့စဉ်ပြု၊ ဆယ့်တဝ၊ကာမသန္ဓေသိ။

၂၀။ အပါယ်နှင့်လူ၊ဘုမ္မဿာ။ အာယူ-မြိမဂ္ဂိ။

၁၉။ ဤသို့လျှင် အပါယ်လေးဘုံ၌ ဖြစ်သော ပဋိသန္ဓေစိတ် - ၁, ကာမသုဂတိ ပဋိသန္ဓေ - ၉ = အားဖြင့် (၁၀) ပါးသော ပဋိသန္ဓေစိတ်တို့သည် ကာမပဋိသန္ဓေစိတ်တို့ မည်ကုန်၏။

ကာမ ပဋိသန္ဓေ (၁၀) ပြီး၏။

၂၀။ အပါယ်လေးဘုံသားနှင့်လူ, အချို့အချို့ ဘုမ္မစိုးနတ်တို့သည် သက်တမ်းပမာဏအားဖြင့် အဝိုင်းအခြားအမြဲ မရှိကြသောကြောင့် ရံခါရှည်၍ ရံခါ တိုကုန်၏။ ။ထင်ရှားစေအံ့-အပါယ်လေးဘုံသားတို့သည် မိမိတို့ပြုအပ်သော မကောင်းမှု ဒုစ္စရိုက်တည်းဟူသော ကံသာလျှင် ပမာဏရှိကုန်၏။ အကုသိုလ်ကံစွမ်း မကုန်ခန်းသေးလျှင် အပါယ်ဘုံ၌ ထပ်တလဲလဲ ဖြစ်ကြရ၏။ အကုသိုလ်ကံစွမ်း ကုန်ခန်းမှသာလျှင် ထိုဘုံမှ ကျွတ်လွှတ်ကြရသည်။ ထို့ကြောင့် အပါယ်လေးဘုံ၌ အသက်အဝိုင်းအခြား မရှိ။

လူ့ဘုံ၌လူတို့သည် လေးဘ, ဒေါသ,မောဟ-စသော အကုသိုလ်တရားများ ကြီးမား လွန်းမိုးကြသောအခါ အစား, အစာ, ဘောဇဉ်, အာဟာရတို့၏ အဆိ,သြဇာတို့သည် ဆုတ်ယုတ် ညံ့ဖျင်း လာကုန်၏။ ထိုညံ့ဖျင်းသော ဘောဇဉ် အာဟာရတို့ကို စားသောက်ကြရ၍ ရောဂါအမျိုးမျိုး လွန်းမိုး နှိပ်စက်လာကြပြီးလျှင် အသက်တမ်းတို့ တိုကြကုန်၏။ ကုသိုလ်တရားကို ပွားများ အားကြီးကြသောအခါတို့၌ကား အစား,

၂၁။ စတုမဟာ၊ သင်္ဂါးရာဖြစ်၊ သူတို့နှစ်၊ လူနှစ်-ကိုးသန်းရှိ။

အစာ,အဆီ-သြဇာတို့လည်း ထင်မျက် ကောင်းမွန်ကုန်၏။ ထိုထင်မျက် ကောင်းမွန်သော အစား,အစာ,ဥတုသပ္ပါယတို့ကို စားသောက်နေထိုင် ကြရသဖြင့် အနာရောဂါ ကင်းကွာကြပြီးလျှင် သက်တမ်းတို့မှာ ရှည်လျားကြကုန်၏။ လူတို့သည် ရံခါ (၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်း တိုင်အောင် တိုး၍တိုး၍ ရှည်လျားကြပြီးလျှင် ရံခါ အသင်္ချေယျတမ်းမှ (၁၀) နှစ်တမ်းတိုင်အောင် ဆုတ်၍ ဆုတ်၍လာသောကြောင့် လူတို့၏ အသက် အဝိုင်းအခြားလည်း မြေကြကုန်။

လူတို့၏ သက်တမ်း မြေဟု ဆိုသော်လည်း ဤတောင်ကျွန်းသားဘို၏ သက်တမ်းသာ မမြဲကြ။ ကြွင်းသော ကျွန်းကြီးသုံးကျွန်းတို့၏ သက်တမ်း တို့ကား အသင်္ချေယျတမ်းမှ ဆုတ်လာပြီးလျှင် အရှေ့ကျွန်းသားတို့၏ သက်တမ်း (၇၀၀) အနောက်ကျွန်းသားဘို၏ သက်တမ်း (၅၀၀) မြောက်ကျွန်းသားတို့၏ သက်တမ်း (၁၀၀၀) သို့ အသီးအသီး ရောက်ကြသောအခါ မတိုးမဆုတ်တော့ဘဲ အမြဲတည်နေကြကြောင်းကို သိယုတ် အင္ဂကထာ၌ ဖွင့်ဆိုထားသည်ဖြစ်၍ ဇမ္ဗူ။ဒီပကျွန်းသားတို့၏ သက်တမ်း သာလျှင် အမြဲမရှိဟု မှတ်အပ်၏။ ဘုမ္မစိုး, ရက္ခစိုးနတ်တို့၏ သက်တမ်း လည်း အချို့မှာ အသင်္ချေယျတမ်းတိုင်အောင် ရှည်လျား၍ အချို့မှာ (၇)ရက်လောက်ပင် အသက်ရှင်ကြသောကြောင့် မမြဲကုန်။ ထို့ကြောင့် အပါယ်ဘုံသားနှင့်လူ, ဘုမ္မစိုးနတ်-စသည်တို့၏ သက်တမ်းကား အမြဲ မရှိကြသတည်း။

၂၁။ စတုမဟာရာဇ် နတ်တို့၏ သက်တမ်းသည် ၎င်းတို့၏ နှစ်အရေ အတွက်အားဖြင့် (၅၀၀) ရှိ၍ လူတို့၏ အရေအတွက်အားဖြင့်မူ အနှစ်

၂၂။ ကိုးသန်းလေးပြန်၊ ဝတိ်ဌာန်သင်္၊ ကြွင်းထက်နှတ်ရွာ၊လေးဖြင့်သာ၊ မြောက်ခါဆင့်ဆင့်သိ။
၂၃။ ဆုံးဘုံ-ဝသာ၊ ကိုးရာနှစ်ဆယ်၊ တခုကယ်လစ်၊ ကုဋေဖြစ်၊စွန်းနှစ်ခြောက်သန်းရှိ။

(၉၀၀၀၀၀၀)ကိုးသန်းရှိကုန်၏။လူတို့အရေအတွက်ဖြင့် တွက်ယူပုံကို အထက် (၂၄, ၂၅, ၂၆)လက်ာတို့၌ ထင်ရှားစေလတံ့။

၂၂။ တာဝတိံသာ-စသော အထက်နတ်တို့၏သက်တမ်းကို လူတို့၏ အရေအတွက်အားဖြင့် ရေတွက်သော်ကား စတုမဟာရာဇ်နတ်တို့၏ အနှစ်ကိုးသန်း၌ ရက်နှစ်ဆ, နှစ်နှစ်ဆအားဖြင့် ပေါင်းလေးဆပြန်လျှင် (၉၀၀၀၀၀၀×၄ = ၃၆၀၀၀၀၀၀)အနှစ်သုံးကုဋေ ခြောက်သန်းသည် တာဝတိံသာနတ်တို့၏ သက်တမ်း ဖြစ်၏။ ထို့အတူ ယာမာ - စသော အထက်နတ်တို့၏ သက်တမ်းကိုလည်း အဆင့်ဆင့်လေးဖြင့် မြှောက်လျှင် ယာမာနတ်တို့၏ သက်တမ်းမှာ (၁၄၄၀၀၁၀၀) ဆယ့်လေးကုဋေ လေးသန်း။ တုသိတာနတ်တို့၏ သက်တမ်းမှာ (၅၇၆၀၀၀၀၀) ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း။ နိမ္မာနရတီနတ်တို့၏သက်တမ်းမှာ (၂၃၀၄၀၀၀၀၀) ကုဋေနှစ်ရာ့သုံးဆယ် အနှစ်လေးသန်း ဖြစ်၏။

၂၃။ နိမ္မာနရတီနတ်တို့၏အသက်(၂၃၀၄၀၀၀၀၀) ကိုတည်၍ လေးဖြင့် မြှောက်ပြန်လျှင် အဆုံးဘုံဖြစ်သော ဝသဝတ္တီနတ်တို့၏အသက် (၉၂၁၆၀၀၀၀၀) ကိုးရာနှစ်ဆယ့်တကုဋေ-အနှစ်ခြောက်သန်း ဖြစ်၏။ ။ဤကား နတ်တို့၏အသက်ကို လူတို့၏နှစ်အရေအတွက်ဖြင့် လေးဆတက်၍ ရေတွက်ပြပုံတည်း။

၂၄။ လူနှစ်ငါးဆယ်၊ စ-ဘုံဝယ်၊မွတ်ဘွယ်တရက်ဂို့။
၂၅။ လူနှစ်တရာ၊နှစ်ရာ-စသည်၊ ထက်ငါးပြည်၊စည်စိ ပြုန်ဦ-တရက်သိ။
၂၆။ ရက်သုံးဆယ်-လ၊ ဆယ့်နှစ်လဖြစ်၊ သူတို့နှစ်၊ တွက်စစ်အဆစည်သိ။

၂၄။ ၂၅။ ၂၆။ လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်ဘုံ၌ တရက်ရှိ၏။ လူတို့နှစ်ပေါင်းတရာ, နှစ်ပေါင်းနှစ်ရာ, နှစ်ပေါင်းလေးရာ, နှစ်ပေါင်းရှစ်ရာ, နှစ်ပေါင်းတထောင့်ခြောက်ရာသည် တာဝတိံသာ, ယာမာ-စသော နတ်ပြည်ငါးထပ်တို့၌ အစဉ်အတိုင်း တရက်စီ-တရက်စီ ရှိကုန်၏။ ထိုရက်ပေါင်း (၃၀) သည် တလ, လပေါင်း (၁၂) လသည် ထိုထိုနတ်တို့၏ တနှစ်ဖြစ်၏။ ထို့ကြောင့် လူတို့၏ အရေအတွက်ဖြင့် စတုမဟာရာဇ်-စသော နတ်တို့၏ နှစ်ကို ရေတွက်မူကား လူတို့၏ အနှစ်ငါးဆယ်ကိုတည် တလ၌ ရက်ပေါင်း သုံးဆယ်ရှိသောကြောင့် သုံးဆယ်ဖြင့်မြှောက် (၅၀×၃၀=၁၅၀၀) နှစ်ပေါင်း တထောင့်ငါးရာမှာ စတုမဟာရာဇ် နတ်တို့၌ တလရှိ၏။ တထောင့်ငါးရာကိုတည် တနှစ်၌ဆယ့်နှစ်လရှိသောကြောင့် ဆယ့်နှစ်ဖြင့်မြှောက် (၁၅၀၀×၁၂ = ၁၈၀၀၀) နှစ်ပေါင်း သောင်းရှစ်ထောင်မှာ တနှစ်ရှိ၏။ သောင်းရှစ်ထောင်ကိုတည် စတုမဟာရာဇ် နတ်တို့၏အသက် ငါးရာဖြင့်မြှောက် (၁၈၀၀၀×၅၀၀ = ၉၀၀၀၀၀၀) အနှစ်ကိုးသန်းဖြစ်သတည်း။

လူတို့၏နှစ်ဒေးရအတွက်ဖြင့် တာဝတိံသာ-စသော ဒေးထက်နတ်ပြည်တို့၏ နှစ်အခေးရအတွက်တို့ကို အောက်လက်ံာ (၂၂) ၌ ကြည့်ရှုမှတ်သားပါ။

၂၇။ တာ-မှာ, တထောင်၊ နှစ်ထောင်-စသည်၊ ထက်ငါးပြည်၊စဉ်စိသက်ရှိ-သူ့နှစ်သိ။

၂၈။ ရက်မှာ-နှစ်ပြန်၊သင်္ကန်းပြန်၊လေးတန်ဖြေဝံပုံသိ။

၂၉။ ရှုဝိ-ငါးတုံ၊ပ-ဘုံ, ပ-ဝိ၊ ဒု,တ-ဝိမှာ၊ ဒုဘုံသာ၊ စ-မှာ တ-ဘုံသိ။

၂၇။ တာဇတိံသာနတ်တို့၏ နေ့-ည၌်သည် စတုမဟာရာဇ်တို့၏ နှစ်ဆမျှ ရှည်ကြာသောကြောင့် မိဓိတို့၏နှစ်အရေအတွက်ဖြင့် ရေတွက်သော်ကား တာဝတိံသာ၌ အနှစ် (၁၀၀၀) တထောင်, ယာမာ၌ (၂၀၀၀)တသိတာ၌(၄၀၀၀) နိမ္မာနရတိ၌(၈၀၀၀) ဝသဝတ္တိ၌ (၁၆၀၀၀)သောင်းခြောက်ထောင် ဖြစ်သတည်း။ ။ဤကား နတ်တို့၏ အသက်ကို နတ်တို့၏အရေအတွက်ဖြင့် နှစ်ဆတက်၍ ရေတွက်ပြပုံတည်း။

၂၈။ စတုမဟာရာဇ် နတ်တို့၏ နှစ်,လ,နေ့,ည၌်တို့ထက် တာဝတိံသာနတ်တို့၏ နှစ်,လ,နေ့,ည၌်တို့သည် နှစ်ဆရှည်၏။ ထို့ကြောင့် စတုမဟာရာဇ် အနှစ်ငါးရာကို ရက်နှစ်ဆ,နှစ်နှစ်ဆ=ပေါင်းလေးဆတက်လျှင် (၅၀၀×၄ = ၂၀၀၀)တာဝတိံသာနတ်တို့၏အသက် နှစ်ထောင်ဖြစ်၏။ ဤနည်းဖြင့် အထက်အထက်နတ်တို့၌လည်း ရက်နှစ်ဆ - နှစ်နှစ်ဆ = လေးဆတက်ပုံကို သိလေ။ ။ဤကား"တထောဝ စတုဂ္ဂုဏော" အရ လေးဆတက်ပုံကို အကျဉ်းပြခြင်းတည်း။

၂၉။ ရှုပဝိပါက်ငါးပါးတို့တွင် ပဋ္ဌမဈာန်ဝိပါက်သည် ပဋ္ဌမဈာန်သုံးဘုံတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။ ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်သည် ဒုတိယဈာန်သုံးဘုံတို့၏။ စတုတ္ထဈာန်ဝိပါက်သည် တတိယဈာန်သုံးဘုံတို့၏ ပဋိသန္ဓေ,ဘဝင်, စုတိစိတ်ဖြစ်၏။

၃၀။ စ-ဘုံပဥ္စိဈာန်၊ ဝိပါကံ၊ သန္ဓေ, ဘဝင်, စုတိ။
၃၁။ အာသဉ္ဇတ်မှာ၊ ချပ်သာ-သန္ဓိ၊ ပဝတ္တိ၊ စုတိဖြစ်လေဘိ။

၃၂။ အာသင်္ချိကပ်၊ သုံးဘုံဖြတ်၊ တရပ်ပါဒိ-အာဆက်ခ်ိ။

၃၀။ ပဌမဈာန်ဝိပါက်ကား စတုတ္ထဈာန် (၇) ဘုံတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိဖြစ်၏။ ပဌကနံည်း၌ တတိယဈာန်သည် စတုတ္ထနံည်း၌ ဒုတိယဈာန်အရာမှာ တည်သောကြောင့် ဒုတိယဈာန် - တတိယဈာန် ဝိပါက်သည် ဒုတိယဈာန်ဘုံ၏ ပဋိသန္ဓေ, ဘဝင်, စုတိ ဖြစ်သည်။ ကြွင်းသော စတုတ္ထဈာန်, ပဌမဈာန်တို့ကိုလည်း နံည်းတူမှတ်လေ။

၃၁။ အာသညသတ်ဗြဟ္မာတို့ကား ပဋိသန္ဓေအခါ, ပဝတ္တိအခါ, စုတိအခါတို့၌ ဇီဝိတနဝကကလာပ်ရုပ်သာလျှင် ပဋိသန္ဓေ-စသည်အစွမ်းဖြင့် ဖြစ်ကုန်၏။

၃၂။ ကပ်ကမ္ဘာသည် အာယုကပ်, အန္တရကပ်, အသင်္ခ်ေယျကပ်, မဟာကပ်အားဖြင့် လေးပါးရှိ၏။ ထိုတွင် ထိုထိုသတ္တဝါတို့၏ ရာ, ထောင်စသော ခေတ်ကာလအားလျော်စွာ ဖြစ်သော အသက် အပိုင်းအခြားသည် အာယုကပ်မည်၏။ ဆယ်နှစ်တမ်းမှ အသင်္ခ်ေယျတမ်းတိုင်အောင် သည်၎င်း, အသင်္ခ်ေယျတမ်းမှ ဆယ်နှစ်တမ်းတိုင်အောင်သည်၎င်း တက်-ကပ်-ဆုတ်ကပ် နှစ်ရပ်အပေါင်းသည် အန္တရကပ်မည်၏။ အန္တရကပ် (၆၄) ကပ်သည် အသင်္ခ်ေယျကပ်မည်၏။ သံဝဋ္ဋကပ်, သံဝဋ္ဋဉာယိကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဉာယိကပ် ဟု ဆိုအပ်သော အသင်္ခ်ေယျကပ် လေးကပ်သည် မဟာကပ်တကပ် မည်၏။ ဤကပ်ကမ္ဘာလေးမျိုးတို့ဘွဲ့ ဗြဟ္မပါရိသဗြဟ္မာတို့၏ သက်တမ်းသည် အသင်္ခ်ေယျကပ်၏ သုံးပုံတပုံသာရှိ၏။

၃၃။ ဤကပ်ထက်ဝက်၊ ပရောသက်သာ၊ တစ်ကပ်မှာ၊ မဟာဗြဟ္မာဘဲ။

၃၄။ မဟာကပ်နှစ်၊ လေးရပ်,ရှစ်တုံ၊ ဒုသုံးဘုံ၊ အာယုံ-ဆယ်ဉာသိ။

၃၅။ တဘုံသုံးရပ်၊ သောဋ္ဌ၊ နှဖြိုံ၊ တုသင်္ဘီ၊ ဇိဝိန်ကပ်စဉ်ဘိ။

၃၃။ ဗြဟ္မပရောဟိတ ဗြဟ္မာတို့၏သက်တမ်းမှာ အသင်္ချေယျကပ် တဝက်သာ ရှိ၏။ မဟာဗြဟ္မာတို့၏ သက်တမ်းကား အသင်္ချေယျကပ် တကပ်တိုင်အောင် တည်ရှိလေသည်။ ။ပဉ္စမစျာန်သုံးဘုံလုံး ကမ္မာပျက်သောအခါ မလွတ်ကင်းဘဲ အမြဲပါသောကြောင့် ထိုဗြဟ္မာတို့၏ သက်တမ်းကို အသင်္ချေယျကပ်ဖြင့်သာ ပိုင်းခြားသတ်မှတ်အပ်၏။ ဒုတိယ ဈာန်ဗြဟ္မာဘုံ စသည်တို့ကား ကမ္မာပျက်ဘိုင်းမပါ၊ ရံခါကြွင်းကျန်နေကြ၍ ထိုဗြဟ္မာတို့၏ သက်တမ်းကိုမူ မဟာကပ်ဖြင့် သတ်မှတ် ပိုင်းခြားအပ်သတည်း။

၃၄။ ဒုတိယစျာန်သုံးဘုံတို့တွင် ပရိတ္တာဘာဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်နှစ်ကပ်, အပ္ပမာဏာဘာဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ်လေးကပ်, အာဘဿရာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် ရှစ်ကပ် အသက်ရှည်ကြ၏။

၃၅။ တတိယစျာန်သုံးဘုံတွင်လည်း ပရိတ္တာဘာဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ်တဆယ့်ခြောက်ကပ်,အပ္ပမာဏာသုဘာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် သုံးဆယ့်နှစ်ကပ်,သုဘကိဏှ ဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ် (၆၄) ကပ် အသက်ရှည်ကုန်၏။

၃၆။ ဝေဟင်္ဂ, သညာ၊ ကင်္ခမဟာ၊ ငါးရာအာသက်ရှိ။
၃၇။ ကပ္ပါတဝေထောင်၊ နှစ်ဝေထောင်စသည်၊ ပြန်နှစ်လ၊
ငါးမည်သုန်တည့်-အာသက်သိ။
၃၈။ အာရုပ-ဝ်၊ သုဒ္ဓ-သု.ဝ်၊ သု.ဘုံ၊ သန္ဓေလုံ၊ ဘွင်ဟုန်
ရုတ်-ဤနည်းသင်။

၃၆။ ဝေဟင်္ဂါလ်ဗြဟ္မာနှင့် အသညသတ်ဗြဟ္မာတို့ကား မဟာကပ်ငါးရာဘိုင်တိုင် အသက်ရှည်ကြ၏။ ထိုတွင် အသညသတ်ဗြဟ္မာတို့သည် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေ တည်နေကြပြီးလျှင် ပဝတ္တိအခါမှာလည်း ထိုရုပ်တုံး-ရုပ်ခဲများသာလျှင် ကာမဘုံက စုတေခဲ့သော ဇာရိယာပုတ်အဘိုင်း မဟာကပ် (၅၀၀) ကြာအောင် ဖြစ်ပျက်တည်နေကုန်၏။ ထိုဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိတရားသ-ည် ရုပ်တရားများဖြစ်၍ သမ္မယုတ်ဟိတ်ကင်းသောကြောင့် အဟိတ်မည်၏။ ကောင်းသောသူတို့၏ လားရာဘုံဖြစ်သောကြောင့်လည်း သုဂတိဘုံမည်၏။ ထို့ကြောင့် ထိုဗြဟ္မာတို့သည် "သုဂတိ အဟိတ်ဗြဟ္မာ"တို့ မည်ကုန်၏။

၃၇။ အဝိဟာဗြဟ္မာတို့၏ အသက်ကား မဟာကပ်တထောင်, အာတပ္ပဗြဟ္မာတို့၏အသက်ကား မဟာကပ်နှစ်ထောင်, သုဒဿာဗြဟ္မာတို့၏အသက်ကား မဟာကပ်လေးထောင်, သုဒဿီဗြဟ္မာတို့၏ အသက်ကား မဟာကပ်ရှစ်ထောင်, အကနိဋ္ဌဗြဟ္မာတို့၏အသက်ကား မဟာကပ်တသောင်းခြောက်ထောင်-ဤသို့ သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏အသက်တို့သည် မဟာကပ်တထောင်, နှစ်ထောင်-စသည် ရှိကုန်၏။

၃၈။ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တည်း။ ဤအတူ ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ဝိညာဏဉ္စာယတနဘုံ၏။ အာကိဉ္စညာယတန

၃၉။ သင်္ကင်္ကပ္ပါ၊ အာကာနှစ်သောင်း၊ ဝိဉ်လေးသောင်း၊ ခြောက်သောင်းရှည်ကြာ-အာကိုဉ်းသိ။

၄၀။ ရှစ်သောင်းလေးထောင်၊သက်ကပ်ဆောင်၊ထက်ခေါင်ဘုံဆုံးသိ၊

၄၁။ တဘဝတွင်၊သန်, ဘဝင်, စု၊ဤသုံးခုတူ၊ အာရုံတူ၊ မှတ်ယူအဖြဲသိ၊

ဝိပါက်စိတ်သည် အာကိုဉ္ဇညာယတနဘုံ၏။ နေဝသညာနာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံ၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တည်း။ ဤသို့ အရူပဝိပါက်စိတ်တို့သည် သူ့ဝိပါက်နှင့် သူ့ဘုံ၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ဖြစ်ကုန်၏။

၃၉။ ထိုတွင် အာကာသာနဉ္စာယတန ဇြဟ္မာတို့၏ အသက်သည် မဟာကပ်နှစ်သောင်းရှိ၏။ ဝိညာဏဉ္စာယတနဇြဟ္မာတို့၏ အသက်သည် မဟာကပ်လေးသောင်း, အာကိဉ္စညာယတန ဇြဟ္မာတို့၏ အသက်သည် မဟာကပ်ခြောက်သောင်း ရှိ၏။

၄၀။ အထက်ဆုံးဘဝဂ်ဘုံဖြစ်သော နေဝသညာနာသညာယတန ဇြဟ္မာတို့၏ အသက်သော်ကား မဟာကပ် ရှစ်သောင်း လေးထောင်ရှိသတည်း။

၄၁။ ဤပြဆိုအပ်ပြီးသော ဘုံအမျိုးမျိုးတို့၌ ဖြစ်ကုန်သော သတ္တဝါအမျိုးမျိုးတို့မှာ မိမိတို့ဖြစ်ရာ ဘုံ, ဘဝတို့၌ တဘဝအတွင်းဝယ် ရှေးဦးစွာဖြစ်သော ပဋိသန္ဓေစိတ်, ပဝတ္တိအခါဖြစ်သော ဘဝင်စိတ်, သေဆဲ-စုတေဆဲအခါဖြစ်သော စုတိစိတ်သုံးမျိုးတို့ကား "ဘူမိ, ဇာတိ, သမ္ဘယုတ်, သခ်ါရ" အားဖြင့် တပါးနှင့်တပါး မကွဲပြားဘဲ အမြဲတူမျှကုန်၏။ ထိုမှတပါး ဤစိတ်သုံးမျိုးတို့သည် အာရုံအားဖြင့်လည်း အမြဲတူမျှကုန်၏။

၄၂၊ ဇနကနှင့်၊ ဥပဍဇ္ဈာ၊ပိဋ္ဌက၊ ဃာတ-ကံ့လေးဖြာ၊
၄၃၊ ပဋိသန္ဓေ၊ ပဝတ္တိခါ၊ ဝိပါကဒုတ်၊ ဖြစ်စေတတ်၊
မှတ်လေ-ဇနကာ။

၄၄၊ ခြေးကိုကူမှ၊ထောက်ပံ့ပြု၊ဥပဍဇ္ဈာကာ၊

ပဋိသန္ဓေစိတ်က ကံအာရုံပြုခဲ့လျှင် ဘဝင်စိတ်,စုတိစိတ်တို့လည်း ကံကိုပင် အာရုံပြုကုန်၏။။ကမ္မနိမိတ်အာရုံပြုခဲ့လျှင် ကမ္မနိမိတ်ကိုပင်,ဂတိနိမိတ်အာရုံပြုခဲ့လျှင် ဂတိနိမိတ်ကိုပင် အာရုံပြုကုန်၏။။ ဤသို့ အာရုံအားဖြင့်လည်း အချင်းချင်း တူကြသတည်း။

ပဋိသန္ဓေ စတုက္က ပြဆိုခဏ်း ပြီး၏။

၄၂။၄၃။ ကုသိုလ်စေတနာ, အကုသိုလ်စေတနာ နှစ်မျိုးသည် ကံမည်၏။ ထိုစေတနာဟု ဆိုအပ်သော ကံသည် ကိစ္စအားဖြင့်လေးမျိုး, အကျိုးပေးရာအကြိမ်အားဖြင့်လေးမျိုး, အကျိုးပေးရာကာလအားဖြင့်လေးမျိုး, အကျိုးပေးရာဌာနအားဖြင့်လေးမျိုး=ဤသို့ လေးမျိုးစီ လေးမျိုးစီ ရှိ၏။ ဤက'လေးမျိုးအပေါင်းကိုပင်"ကမ္မစတုက္က"ဟု ခေါ်ဆိုရသည်။ ကမ္မစတုက္ကဌ် ကုသိုလ်,အကုသိုလ်စေတနာတည်းဟူသော ကံသည်-

၁။ ဇနကကံ ၃။ ဥပဋိဌကကံ
၂။ ဥပဍဇ္ဈာကကံ ၄။ ဥပဃာတကကံ

ဟူ၍ လေးမျိုးရှိ၏။ ထိုတွင် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ လောကီဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ကံသည် "ဇနကကံ"မည်၏။

၄၄။ မိမိကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ တပါးတခြားသောကံ အကျိုးပေးနိုင်အောင် ကူညီထောက်ပံ့ပေးတတ်သော ကံသည် "ဥပဍဇ္ဈာကကံ" မည်၏။

၎၅။ တပါးကံကျိုး၊ ညှိုးနွမ်းစေမှု၊ နှိပ်စက်ပြု၊ ဥပဓိဋ္ဌကာ။

၎၆။ တပါးကံကျိုး၊ လွှမ်းမိုးသမှု၊ ပယ်ဖြတ်ပြု၊ ဥပဃာတကာ။

၎၇။ ဂရု, အာသန်၊ အာစိဏ္ဏ်မှတ်၊ က-ကဋ္ဌတ်၊ လေးရပ်-ပေးစဉ်နာ၊

၎၅။ ကံတပါး၏အကျိုး ညှိုးနွမ်းအောင်, ဒုကျိုးပေးမသန်အောင် လွှမ်းမိုးနှိပ်စက် ပယ်ဖျက်တတ်သော ကံသည် "ဥပဓိဋ္ဌကံ" မည်၏။

၎၆။ ကံတပါး၏ အကျိုး မပေးနိုင်အောင်, ပေးပြီး အကျိုးလည်း လုံးလုံးပြတ်အောင် လွှမ်းမိုးဖြတ်တောက်တတ်သော ကံသည် "ဥပဃာတကံ" မည်၏။ (ဤကား ကိစ္စ အားဖြင့် ကံလေးမျိုးကို ပြဆိုခြင်းတည်း)

၎၇။ အကျိုးပေးရာ ဒုက္ကြိမ်အရေအတွက်ဟု ဆိုအပ်သော ပါဒက ဒါနပရိယာယ အားဖြင့် ကံသည်-

၁။ ဂရုကံ ၃။ အာစိဏ္ဏကံ

၂။ အာသန္နကံ ၄။ ကဋတ္တာကံ

ဟူ၍ လေးမျိုး ရှိ၏။ ထိုတွင် သတ္တဝါတဦးတယောက်၌ ဂရုကံ-စသော ကံလေးမျိုးရှိနေလျှင် ရှေးဦးဖွား ဂရုကံ အကျိုးပေး၏။ ဂရုကံ အကျိုးမပေးလျှင် အာသန္နကံ အကျိုးပေး၏။ ထိုကံအကျိုးမပေးလျှင် အာစိဏ္ဏကံ အကျိုးပေး၏။ ထိုကံအကျိုးမပေးလျှင် ကဋတ္တာကံ အကျိုးပေးလေသည်။ ဤသို့ အကျိုးပေးရာ အစဉ်အားဖြင့်ပြဆိုရာ ကံဖြစ်သောကြောင့်လည်း "ပါကဒါန ပရိယာယ စတုက္က" ဟု ဆိုရ၏။

၄၈။ ခြားကံတပါး၊ ဆိုးတားမရ၊ ပြင်းထန်လှ၊ ကမ္မ-ဂရုကာ။
၄၉။ သေလွန်းတွင်၊ ဟောင်းဆင်ခြင်မှု၊ အာသစ်ပြု၊ နှစ်ခု-အာသန္နာ။
၅၀။ အမြဲလေ့လာ၊ တခါပြုမှု၊ မပြတ်ရှု၊မည်မှု- အာစိဏ္ဏာ။
၅၁။ ယင်းသုံးတန်မှ၊ ကြွင်းကျန်ကြ၊ ကမ္မ-ကဋတ္တာ၊

၄၈။ ကံတပါးဘို့ ဆိုးတားမရခေါ်အောင် ကြိုးမားလေးလန်လှသော ကံသည် "ဂရုကံ" မည်၏။ ဂရုကံ၏အရကား ကုသိုလ်အရာဌ် မဟဂ္ဂုတ်ကုသိုလ်များနှင့် အကုသိုလ်အရာဌ် ပဉ္စာနန္တရိယကံ, နိယတ မိစ္ဆာဒိဋ္ဌိကံတို့တည်း။ ဂရုကံသည် ဒုတိယဘဝဌ် အကျိုးပေး၏။ပစ္စုပ္ပန်ဘဝဌ်ပင် အကျိုးပေးမြဲကြသော မဂ်စေတနာတို့ကို ဂရုကံဌ် သွင်း၍ မယူအပ်ကုန်။

၄၉။ သေခါနီးဆဲဆဲဌ် အသစ်ပြုအပ်သောကံ, သို့မဟုတ် နောက်ကပြုဘူးသော ကံဟောင်းကို အောက်မေ့ဆင်ခြင်သော ကံ-နှစ်မျိုးသည် "အာသန္နကံ" မည်၏။

၅၀။ ကုသိုလ်အရာဌ်ဖြစ်စေ, အကုသိုလ်အရာဌ်ဖြစ်စေ အမြဲလေ့လာ ပြုလုပ်အပ်သောကံနှင့် တကြိမ်တခါ ပြုပြီးလျှင် အမြဲဆင်ခြင်အောက်မေ့ လေ့လာနေသော ကံသည် "အာစိဏ္ဏကံ" မည်၏။

၅၁။ ရှေ့ကံသုံးမျိုးဘို့၏ သဘောသို့ မရောက်မူ၍ ထိုကံသုံးမျိုးမှ ကြွင်းကျန်သော သာမန်ပြုအပ်သော ကံမျိုးသည်ဌင်း, ရှေးရှေးဘဝဌ် သာမန်ပြုအပ်သာ ကံမျိုးသည်ဌင်း "ကဋတ္တာကံ" မည်၏။ ဤကားပါကဒါနပရိယာယအားဖြင့် ကံလေးမျိုးကို ပြဆိုခြင်းတည်း။

၅၂။ ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၁၊ အပရာပရိ၊ အဟောသိ၊ မည့် ဘိကျိုးပေး၁။

၅၃။ ဘဝမျက်မှောက်၊ အကျိုးရောက်ပြု၊ ကံ-ဒိဋ္ဌ၊ဆဓေ ဖောရေနာ၁။

၅၄။ ခြားမဲ့ဘဝ၊ ခံစားရရန်၊ အကျိုးဖန်၊ ပဋိ-ဆုံး ဖောသာ၁။

၅၅။ သုံးဘဝမြောက်၊စကောက်ကျိုးဖန်၊ နိဗ္ဗာန်ရောက် လွယ်၊ ခံစားဘွယ်၊ ဖောလယ်-အပရာ၁။

၅၂။ အကျိုးပေးရာ ကာလဟုဆိုအပ်သော ပါကကာလအစွမ်းဖြင့် ကံသည်-

၁။ ဒိဋ္ဌဓမ္မဝေဒနိယကံ ၃။ အပရာပရိယ ဝေဒနိယကံ
၂။ ဥပပဇ္ဇဝေဒနိယကံ ၄။ အဟောသိကံ-ဟူ၍ လေးမျိုးရှိ၏။

၅၃။ ဖောခုနစ်ကြိမ် ဖြစ်ရာဝယ် အစဆုံးဖြစ်သော ပဌမဖော စေတနာသည် ''ဒိဋ္ဌဓမ္မဝေဒနိယကံ'' မည်၏။ဇာတ်တူဖောမှ အာသေဝန ပစ္စည်းကို မရသဖြင့် အားနည်းသောကြောင့် ဤကံသည် ပစ္စုပ္ပန်မျက် မှောက် ဘဝ၌သာ အကျိုးပေး၏။

၅၄။ အဆုံးဖြစ်သော သတ္တမဖော စေတနာသည် ''ဥပပဇ္ဇဝေဒနိ ယကံ'' မည်၏။ ဤကံသည် ဇာတ်တူဖောမှ အာသေဝနပစ္စည်းကို ရသော်လည်း ဖောအဟုန် ကုန်ပြီးဖြစ်သောကြောင့် အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌သာ အကျိုးပေး၏။

၅၅။ အလယ်ဖောငါးချက် စေတနာသည် ''အပရာပရိယဝေဒနိယ ကံ'' မည်၏။ ဤကံသည် ဇာတ်တူဖောမှ အာသေဝနပစ္စည်းကို ရ၍

၅၆။ ယင်းဇောသုံးချက်၊ကိုယ် ခေတ်ထက်တွင်၊ ကျိုး
မထင်၊ ခေါ်တွင်-ဟောသိကာ။

၅၇။ အကုတဖြာ၊ ကာမာ, ရူပ၊ အရူပ-ကု၊ ကံလေးခု၊
ပြားမှကျိုးပေးဌာန်၊

မိမိကလည်း ဇာတ်တူဇောအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ရ
ကား လွန်စွာအားရှိသောကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင်
ဘဝများစွာတို့၌ အကျိုးပေး၏။

၅၆။ ပြဆိုပြီးသော ဒိဋ္ဌဓမ္မဝေဒနီယ-စသော ကံသုံးပါးဘို့သည်
မိမိတို့ အကျိုးပေးရာခေတ်, ကာလတို့၌ အကျိုးမပေးဘဲ နေခဲ့လျှင်
"အဟောသိက"်'ဖြစ်၏။ ဤကံသည် ကံသာဖြစ်၍ ကံ၏အကျိုး
ဖြစ်ဆဲ,ဖြစ်ဘူးပြီ, ဖြစ်လတံ့မဟုတ်-ဟူသော အခြင်းအရာဖြင့် ဖြစ်သော
"တိကက"်'တည်း။ အကျိုးပေးရာကာလမရှိသော်လည်း ရှေ့ကံသုံးပါး
တို့၏ အကျိုးပေးရာ ကာလကို လွန်၍ဖြစ်သောကြောင့် ကမ္မစတုက္ကဉ်
ထည့်သွင်း ပြဆိုရ၏။ ။ဤကား ပါကကာလအစွမ်းဖြင့် ကံလေးမျိုးကို
ပြဆိုခြင်းတည်း။

၅၇။ အကျိုးပေးရာဌာနဟုဆိုအပ်သော ပါကဋ္ဌာန ၏ အစွမ်းဖြင့်
လည်း ကံသည် လေးမျိုးရှိ၏။ လေးမျိုးကား-

၁။ အကုသိုလ်ကံ ၃။ ရူပါဝစရကုသိုလ်ကံ
၂။ ကာမာဝစရကုသိုလ်ကံ ၄။ အရူပါဝစရ ကုသိုလ်ကံ-တည်း။

၅၈။ ကာယ, စဒ်၊ မနောဒ်၊ သုံးလိ-အ ကုကံ
၅၉။ သက်သတ်,ခိုးမှု၊ ကာမေသုမှား၊ ကိုယ်၌များ၊
သုံးပါးကာယကံ။

၅၈။ ကံ၏ဖြစ်ခ-ဖြစ်ကြောင်းကို ''ကမ္မဒ္ဒါရ'' ဟု ခေါ်ရ၏။ ထို ကမ္မဒ္ဒါရအစွမ်းဖြင့် အကုသိလ်ကံ သည် ကိုယ်၌ အဖြစ်များသော ကာယကံ, နှုတ်၌အဖြစ်များသော ဝစီကံ, စိတ်၌ အဖြစ်များသော မနောကံ ဟူ၍ သုံးမျိုးရှိ၏။

၅၉။ ပါဏာတိပါဘ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-သုံးပါး ကား ကိုယ်၌ အဖြစ်များသော ''ကာယကံ'' တည်း။ထိုတွင် ပါဏာတိ ပါတကံ ဟူသည် သတ္တဝါတဉီး တယောက်ကို ကိုယ်တိုင်သတ်ခြင်း-ကာယပယောဂ, သူတပါးကို သတ်ရန်စေခိုင်းခြင်း-ဝစီပယောဂ နှစ်ပါး ကို ဖြစ်စေတတ်သော ''ဝဓကစေတနာ''ပင်တည်း။ ထိုစေတနာသည် အင်္ဂါလုံလောက်၍ ကမ္မပထခြောက်လျှင် အပါယ်ပဋိသန္ဓေကျိုးကို မှချပေး၏။

အဒိန္နဒါန်ကံ ဟူသည် ပိုင်ရှင်ဖြစ်သူက ကိုယ်,နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးခြင်း, ဝေးပြတိုက်ခြင်း,လိမ်လည်ပြောယူခြင်း-ကာယ ပယောဂ, ဝစီပယောဂ နှစ်ပါးကို ဖြစ်စေတတ်သော '' ထေယျစေတနာ'' ပင်တည်း။ ကာမေသုမိစ္ဆာစာရကံ ဟူသည် ကာမဂုဏ် မေထုန်မှန်၌ ယုတ်မာစွာ ကျင့်ခြင်း ဟု ဆိုအပ်သော ကာယဒွါရ၌သာ ဖြစ်သော အဂမနီယဋ္ဌာနတို့၌ လွန်ကျူးခြင်း ''ဝိတိက္ကမစေတနာ''ပင် တည်း။ ကာမဂုဏ်မေထုန်မှန်၌ မသွားလာ မကျင့်ကြံကောင်းသော ယောကျ်ား, မိမ္မတို့ကို ''အဂမနီယဋ္ဌာန'' ဟု ခေါ်၏။

၆၀။ မသား, မိတ်ခွင်း ၊ဆဲရေးခြင်းနှင့်၊ပြိန်ဖျင်းဆိုခြင်း၊ နှုတ်ဒုစ္စရိုက်၊လေးပါး-ဝစီကံ။

၆၀။ မုသာဝါဒ,ပိသုဏဝါစာ,ဖရုသဝါစာ,သမ္ဖပ္ပလာပ-လေးပါးကား နှုတ်ဒုစ္စရိုက်အဖြစ်များသော ''ဝစီကံ'' တည်း။

ထိုတွင် မုသာဝါဒကံ ဟူသည် မဟုတ်သောဝတ္ထုကို ဟုတ်အောင်လုပ်၍ ပြောဆိုခြင်း,ဟုတ်သောဝတ္ထုကိုလည်း မဟုတ်လုပ်၍ပြောဆိုခြင်း-ဝစီပယောဂ, လှည့်ပတ် ဖြန်းသန်း၍ ယုံလောက်အောင် ကိုယ်အမူရာပြခြင်း-ကာယပယောဂ နှစ်ပါးကို ဖြစ်စေတတ်သော ''ဝိညတ္တိသမုဋ္ဌာပက စေတနာ''တည်း။ ပိသုဏဝါစာကံ ဟူသည် သူတပါးတို့ အချင်းချင်း ညီညွတ် ချစ်ခင်နေကြသည်ကို ကွဲအောင်ခွဲခြင် ,မိမိကိုချစ်စေလို၍ သူတပါးကို အချစ်ပျက်စေလိုခြင်း-ကာယပယောဂ,ဝစီပယောဂနှစ်ပါးကို ဖြစ်စေတတ်သော ''သံကိလိဋ္ဌစေတနာ''တည်း။

ဖရုသဝါစာကံ ဟူသည် ကြမ်းကြမ်းတမ်းတမ်း ကြိမ်ဆဲပြောဆိုခြင်း, သေလွမတတ် အခံကပ်အောင် နာတတ်သော အိုင်းအမောနှင့်တူစွာ နာကျည်းစရာအချက်အလက်တို့ကို ထုတ်ဖော်ပြောဆိုခြင်း-ဝစီပယောဂကို ဖြစ်စေတတ်သော ''အကုသိလ်စေတနာ'' တည်း။ သမ္ဖပ္ပလာပကံ ဟူသည် အကျိုးမပြုး အချည်းနှီးနိရတ္ထကဖြစ်သော အနက်-အဓိပ္ပါယ်မျိုးကို သိစေတတ်သည့် ကာယပယောဂ, ဝစီပယောဂ နှစ်ပါးကို ဖြစ်စေတတ်သော ''သံကိလိဋ္ဌစေတနာ'' ပင်တည်း။ သီတာမိဖုယားကို ဒသဂီရိဆောင်ခဏ်း, ဘာရတည်နောင် စစ်ထိုးခဏ်း-စသော စကားမျိုးသည် စပါးဝိန်-စပါးဖျင်းနှင့်တူစွာ အနှက်-အဓိပ္ပါယ် မပါသဖြင့် ''ပြိန်ဖျင်းသော စကား'' ဟု ဆိုရ၏။

ဤကံလေးမျိုးတို့တွင် ဖရုသဝါစာမှတပါး ကြွင်းကံသုံးမျိုးတို့သည် ကာယဒွါရ၌ ဖြစ်ကြသေးသော်လည်း ဝစီဒွါရ၌သာ အဖြစ်များသောကြောင့် ''ဝစီကံ'' မည်ကြသတည်း။

၆၁။ သူပိုင်အာဘို၊ ကိုယ်သို့ညွတ်ချက်၊ ပျက်စေကြိုရာ၊ ယူမိန္ဆာ၊သုံးဖြာမနောက်။

၆၂။ ပါဏာ,ဖရု၊ ဗျာပါစုမှာ၊ ဒေါသသာ၊ ဖြစ်ရာ မူလမှန်။

၊ ၆၁။ အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိ-သုံးပါးကား စိတ်၌အဖြစ်များသော "မနောက°"တည်း။

ထိုတွင် အဘိဇ္ဈာ ဟူသည် သူတပါး ပိုင်ဆိုင်သော ပစ္စည်း,ဘဏ္ဍာကို ငါ့ပိုင်ဖြစ်လျှင် ကောင်းမှာဘဲဟု ရှေ့ရှု-ကြံစည်ခြင်း "လောဘတရား" ပင်တည်း။ ဗျာပါဒ ဟူသည် သူတပါး၏ စီးပွားချမ်းသာ ပျက်စီးရာ-ပျက်စီးကြောင်း မကောင်းကြံစည်ခြင်း "ဒေါသတရား"ပင်တည်း။မိစ္ဆာဒိဋ္ဌိ ဟူသည် တရားစစ်-တရားမှန်ကို မကျင့်ကြံ-မနာခံချင်ဘဲ ချွတ်လွဲဖေါက်ပြန် မမှန်မကန် သိမြင်ခြင်း "ဒိဋ္ဌိစေတသိက်"ပင်တည်း။

၍မနောကံ သုံးမျိုးလုံး ကာယဒွါရ, ဝစီဒွါရတို့၌လည်း အနည်းအကျဉ်း ဖြစ်သေးသည်။ သို့ရာတွင် မနောဒွါရ၌သာ အဖြစ်များသောကြောင့် "မနောကံ"အမည်ရ၏။ အကြောင်းမူကား ကာယဒွါရ, ဝစီဒွါရ၌ ဖြစ်သောအခါ အဇ္ဈောဟာရိက မျှဖြစ်၍ ကာယကံ, ဝစီကံဟု မခေါ်ရ။ အဘိဇ္ဈာ, ဗျာပါဒ,မိစ္ဆာဒိဋ္ဌိတို့သာ ပြဋ္ဌာန်းသည်ဖြစ်၍ ယင်းစေတနာကိုလည်း မနောကံ၌သွင်း၍ မနောကံ ဟု ခေါ်ရသောကြောင့်တည်း။

၆၂။ ပြဆိုပြီးသော ကာယကံ-၃ပါး, ဝစီကံ-၄ပါး, မနောကံ-၃-ပါး = ပေါင်း(၁၀)ပါးတို့ကို အပါယ်လားကြောင်း မကောင်းသောလမ်းကြောင်းကြီးများ ဖြစ်ကြသောကြောင့် အကုသလကမ္မပထ တရားဟု၍ဆိုင်း,ဒုစရိုက်တရားဟု၍ဆိုင်းခေါ်ဆိုအပ်ကုန်၏။ထိုအကုသလကမ္မပထတရား(၁၀)ပါးတို့တွင် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ-သုံးပါးသည် ဒေါသတည်းဟူသော မူလကြောင့်ဖြစ်၏။

၆၃။ ကာမေသုမိစ္ဆာ၊ အဘိဇ္ဈာ၊ မိစ္ဆာ-သာ၊ လောဘ-သာ၊ ဖြစ်ရာမူလမှန်။

၆၄။ ကြွင်းလေးတန်မှာ၊ လော,ဒေါ-သာ၊ နှစ်ဖြာ မူလမှန်။

၆၅။ ဤကံသုံးရပ်၊ စိတ္တုပ္ပါဒ်၊ပြားလတ်ဆယ့်နှစ်တန်။

၆၆။ ကာယ, ဝစီ၊ မနောမည်၊ သုံးလိကုသိုလ်ကံ၊

၆၃။ ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌ-သုံးပါးကား လောဘတည်းဟူသော မူလကြောင့် ဖြစ်၏။

၆၄။၆၅။ ကြွင်းသော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ-၄ပါးကား ရံခါလောဘကြောင့် ဖြစ်၍ ရံခါဒေါသကြောင့် ဖြစ်ရကား လောဘ,ဒေါသတည်းဟူသော မူလနှစ်ပါးကြောင့် ဖြစ်လေသည်။ ဤကံသုံးပါးလုံး စိတ္တုပ္ပါဒ်အစွမ်းဖြင့် အကုသိုလ်စိတ်(၁၂)ပါး ဖြစ်သတည်း။ အကုသိုလ်ကံ မူလတရားတို့နှင့်စပ်၍ ''တရားကိုယ်ခမ္မ, ကောဠဿ,အာရုံ,ဝေဒနာ''အစွမ်းဖြင့် အကျယ်ပြဆိုသော နည်းများကို အလိုရှိလျှင် အဋ္ဌသာလိနီ အဋ္ဌကထာ ဒွါရကထာ အဖွင့်နှင့် ပါထေယျ အဋ္ဌကထာ သင်္ဂီတိသုတ် ဒသကဝဂ် အဖွင့်တို့ကို ရှုလေ။

အကုသိုလ်ကံ ပြီး၏။

၆၆။ ကာမာဝစရကုသိုလ်ကံ သည်လည်း ကာယကံ, ဝစီကံ, မနောကံ ဟူ၍ သုံးမျိုးရှိ၏။

၆၇၊ ကိုယ်,နှုတ်-သုံးလေး,၊ ဒုက္ကဉ်ရေး၊ သုံးလေး-ထူသိုလ်ကံ၊

၆၈၊ အနဘိဇ္ဈာ၊ အဗျာပါဒ်၊ သမ္မာအာဇီဝ၊ ကုသိုးမှု၊ မှတ်ယူ-မနေဝကံ၊

`၆၇။ ထိုသုံးမျိုးဘို့တွင် ကုသိုလ်ကာယကံသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း - ပါဏာတိပါတ ဝိရတိ, သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း-အဒိန္နာဒါန ဝိရတိ,သူ့သား-မယား-ကို လွန်ကျူးပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း - ကာမေသုမိစ္ဆာစာရ ဝိရတိ - အားဖြင့် သုံးပါးရှိ၏။ ကုသိုလ်ဝစီကံကား မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း - မုသာဝါဒ ဝိရတိ,မိမိကိုချစ်အောင် သူတပါးကို မုန်းအောင် ဂုံးတိုက်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း - ပိသုဏဝါစာ ဝိရတိ, ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း-ဖရုသဝါစာဝိရတိ, အကျိုးမရှိ ပြိန်ဖျင်းသေးသိမ်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း-သမ္ဖပ္ပလာပ ဝိရတိအားဖြင့် လေးပါးရှိ၏။

၆၈။ ကုသိုလ်မနောကံသည်လည်း သူတပါးဥစ္စာကို မတောလောဘဖြင့် မလိုချင်ခြင်း-အနဘိဇ္ဈာ,သူတပါးတို့ ပျက်စီးရာ-ပျက်စီးကြောင်းကို မကြိုစည်ခြင်း - အဗျာပါဒ, ဖြောင့်မှန်သော အယူကို ယူခြင်း-သမ္မာဒိဋ္ဌိ အားဖြင့် သုံးပါး ရှိ၏။ ဤကုသိုလ်ကာယကံ-၃ပါး, ဝစီကံ-၄ပါး, မနောကံ-၃ပါး=ပေါင်း (၁၀)ပါးတို့ကို ကောင်းသောလမ်းကြောင်းကြီးများ ဖြစ်ကြသောကြောင့် ကုသိုလ်ကမ္မပထတရားဟူ၍ဎင်း,သုစရိုက်တရားဟူ၍ဎင်း ခေါ်ဝေါ်အပ်ကုန်၏။

၆၉၊ ဒါ, သီ, ဘာ-မှတ်၊ စိတ္တုပ္ပါ- အင်္ဂ၊ ပြားလတ် ကုသိုလ်ကံ၊

၇၀၊ ဆလ္လေပေးခြင်း၊ သီဘင်းဆောက်တည်၊ ပွားမှု ဘာဝနာ၊ ဆရာ,မိဘ၊ ရှိသေခ၊ ကိစ္စရွက် ဆောင်ရန်၊

၇၁၊ ကုသိုလ်ဘာဝဂ၊ အမျှဝေမှု၊ ဝမ်းမြောက်ပြုရန်၊ မမှေ်နာရေး၊ ဟောရေးတရပ်၊ ယူဖြောင့်မတ်၊ ပြားလတ်-ကုဆယ်တန်၊

၆၉။ ကုသိုလ်ကာယကံ - စသောအားဖြင့် သုံးမျိုးပြားသော ဤကာမကုသိုလ်ကံသည်ပင်လျှင် ဒါနကုသိုလ်,သီလကုသိုလ်,ဘာဝနာကုသိုလ် အစွမ်းအားဖြင့်လည်း သုံးမျိုးပြားပြန်၏။ ထို့ကြောင့် ကုသိုလ်ကမ္မပထတရား-၁၀ပါးကို ဒါန, သီလ, ဘာဝနာ-သုံးပါးဖြင့် မြောက်ပွါးလျှင် (၁၀×၃ = ၃၀) ကာမကုသိုလ်ကံပေါင်း သုံးဆယ်ဖြစ်၏။ စိတ္တုပ္ပါဒ်အစွမ်းဖြင့်ကား မဟာကုသိုလ် (၈)ပါးသာတည်း။

၇၀။ ၇၁။ ထိုမှတပါး ဒါန,သီလ, ဘာဝနာ-ကုသိုလ်သုံးပါးမှ ပြန့်ပွားလာသော ကုသိုလ် ၁၀မျိုး ရှိသေး၏။ ၁၀-မျိုးတို့ကား (၁)အလ္လေပေးခြင်း-ဒါန (၂) သီတင်းဆောက်တည်ခြင်း - သီလ (၃)ကမ္မဋ္ဌာန်းပွားများခြင်း - ဘာဝနာ (၄) ဆရာ-မိဘစသော ဂုဏ်ဝန်ထိ, ဝယဝန်ထိ ရှိသူတို့အား ရိုသေကိုင်းရှိုင်းခြင်း-အပစာယန (၅) ဆရာမိဘ-စသည်တို့၏ ကိစ္စကြီးငယ်ကို ဆောင်ရွက်ခြင်း,သူတပါးတို့ ကုသိုလ်ပြုရာ၌ ကူညီဆောင်ရွက်ခြင်း - ဝေယျာဝစ္စ (၆) မိမိ၏ ကုသိုလ်ကောင်းမှုကို အမျှပေးဝေခြင်း-ပတ္တိဒါန (၇) မိမိသို့ ရောက်သော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း-ပတ္တာနုမောဒန (၈)တရားနာခြင်း-ဓမ္မသဝန (၉) တရားဟောခြင်း-ဓမ္မဒေသနာ (၁၀) အယူကို ဖြောင့်စွာ

၇၂။ အကုဆယ်.နှစ်၊ ကုသိုလ်ခုစ်၊ ဝိသစ်-ကာမကံ၊
၇၃။ ရူ-ဏူသလံ၊ မနောကံ်သာ၊ ဘာဝနာပြု၊ ပုနာ
ဟု၊ ငါးခုဈာန်ဝေဘန်။

ယူခြင်း-ဒီဋ္ဌဇကမ္မ တို့ပင်တည်း။ ဤကုသိုလ် ၁၀-မျိုးကို ဧကောင်းသော အာကျိုး၏ တည်ရာဖြစ်၍ မချုတ်ကန် ပြုသင့်-ပြုထိုက်သောကြောင့် "ပုညကြိယာဝတ္ထု" ဟု ဓေါဓေါရ၏။

ကုသိုလ်ကမ္မပထနှင့် ပုညကြိယာတို့ကို အတူတူဘဲဟု အထင်လွဲတတ်ကြ၏။ ကုသိုလ်ကာယကံ - ၃ပါး, ဝစီကံ - ၄ပါး, မနောကံ - ၃ပါး=ပေါင်း (၁၀) ပါးတို့ကိုသာ ကုသိုလ်ကမ္မပထ ဆိုရ၏။ ပုညကြိယာတို့ကား ဒါန, သီလ, ဘာဝနာ-၃ပါးမှ ပြန့်ပွားလာသော ကုသိုလ်များဖြစ်၍ ကုသိုလ်ကမ္မပထနှင့် မတူထူးခြား ကွဲပြားသောတရား ဟု သတိချပ်၍ မှတ်အပ်၏။

၇၂။ ဤသို့လျှင် ကာမာဝစရ ကံသည် အကုသိုလ်ကံ - ၁၂ပါး, ကုသိုလ်ကံ-၈ ပါးအားဖြင့် (၂၀)ဖြစ်သတည်း။

ကာမာဝစရကံ် ပြီး၏။

၇၃။ ရူပါဝစရကုသိုလ်ကံသည် အလွန်ပြုမ်သက် တည်ကြည်သဖြင့် ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် ကာမာဝစရကုသိုလ်ကဲ့သို့ ကာယကံ်, ဝစီကံ, မနောကံ-ဟူ၍ သုံးမျိုးမရှိ။ မနောဒွါရ၌ ဖြစ်သော "မနောကံ" တမျိုးတည်းသာ ရှိ၏။ ဒါန၏အစွမ်း, သီလ၏အစွမ်းဖြင့်လည်းမဖြစ်၊ ဘာဝနာ၏အစွမ်းသက်သက်ဖြင့်သာ ဖြစ်သောကြောင့်လည်း

၇၄။ အရှု-ကုသလံ၊ မနောကံ့ယာ၊ ဘာဝနာပြု၊ ပုနာမှု၊ လေးခု-အာရုံဘန်း၊

၇၅။ ဥဒ္ဓစ္စကြဉ်ပြု၊ ကြွင်းအကုကံ့၊ ပါယ်ရပ်ဌာန်၊ သန္ဓေဖြစ်စေဘိ၊

"ဘာဝနာမယ" မည်၏။ ရူပကုသိုလ်၏ ရှေ့အဘို့၌ ဖြစ်သော ကုသိုလ်သည် ကာမာဝစရကုသိုလ် ဖြစ်သောကြောင့် "အပုနာပတ္တာ" မည်၏။ ပဋ္ဌမစျာန်-စသော စျာန်ငါးပါး အစွမ်းဖြင့်ကား ရူပကုသိုလ်ကံသည် (၅)ပါး ဖြစ်သတည်း။

ရူပါဝစရကံ့ ပြီး၏။

၇၆။ **အရူပါဝစရကုသိုလ်**ကံ သည်လည်း ရူပကုသိုလ်ကံ့ကဲ့သို့ပင် "မနောကမ္မ, ဘာဝနာမယ, အပုနာပတ္တာ" ကံ့တည်း။ ကောင်းကင်ပြည်တ် အာရုံ-အစရှိသော အားဖြင့်ကား အရူပကုသိုလ်ကံ့သည် (၄) ပါး ဖြစ်သတည်း။

အရူပါဝစရကံ့ ပြီး၏။

၇၇။ ဥဒ္ဓစ္စဇောတနာ ကြဉ်သော အကုသိုလ်စေတနာ (၁၁)ပါး သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေကျိုးကို ဖြစ်စေ၏။ "ဤ၌ ဥဒ္ဓစ္စ စေတနာကြဉ်ရပုံကို သဘာဝယုတ္တိ, အာဂမယုတ္တိနှစ်မျိုးတို့ဖြင့် ပြအံ့-လောက၌ စစ်ခရေး - စစ်ချာမှာ ကျွမ်းကျင်လိမ္မာသော စစ်သူကြီးသည် မိဒါ၏ စွမ်းအားဗလ ထက်မြက် ကြီ့ခိုင်သော်လည်း နောက်ပါစစ်သား အင်အားမကောင်းလျှင် တိုက်ပွဲတိုင်း၌ အောင်နိုင်မည် မဟုတ်သကဲ့သို့၊ ထို့အတူ ဥဒ္ဓစ္စစေတနာသည်လည်း ထက်မြက် အားကောင်းသော

၇၆။ ဥဒုမ္ဗရသွင်းခါ၊ ဆယ်နှစ်ဖြောမှု၊ ကာမဂုဏ်၊ ဖြစ်စေကြ၊ သတ်အကုသိုလ်-ပဝတ္တိ၊

စေတနာဝပင် ဖြစ်စေကာမူ လောဘ,ဒေါသ,ဒိဋ္ဌ,မာန စသော နောက်ပါအဖေါ်ကောင်းကို မရသောကြောင့် ပဋိသန္ဓေကျိုးကို မပေးဘဲ ပဝတ္တိကျိုးကိုသာ ပေးနိုင်၏။ (ဤကား သဘာဝယုတ္တိတည်း)။

တနည်းလည်း-ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို ပေးလျှင် အပါယ်လေးဘုံ၌သာ ပေးနိုင်၏။အပါယ်ပဋိသန္ဓေကျိုး ပေးနိုင်သော အကုသိုလ်တရားစုကိုလည်း သောတာပတ္တိမဂ်ဖြင့် ပယ်သတ်ခဲ့ပြီးဖြစ်၍ ဤစေတနာသည် "ဒဿနေန ပဟာတဗ္ဗဓမ္မ" တို့တွင်လည်း မပါဝင်။ အရဟတ္တမဂ်ဖြင့် ပယ်သတ်အပ်သော "ဘာဝနာယ ပဟာတဗ္ဗဓမ္မ" တို့၌သာ ပါဝင်၏။ ထို့ကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ဘဲ ပဝတ္တိကျိုးကိုသာ ပေးနိုင်၏။ ထိုမှတပါး၊လည်း ပဉ္စာန်းကျမ်းကြီး၌ ကမ္မပစ္စည်းကို ဟောကြားရာဝယ် နာနက္ခဏိကကမ္မပစ္စည်း အဖြစ်ဖြင့် ဤစေတနာကို ဟောကြားတော်မမူအပ်။ နာနက္ခဏိက ကမ္မပစ္စည်းနှင့် ကင်းၝလည်း ပဋိသန္ဓေကျိုးကို ပေးခြင်းသဘော မရှိသောကြောင့် ပဋိသန္ဓေကျိုးကို မပေး။ ပဝတ္တိကျိုးကိုသာ ပေးနိုင်၏။ (ဤကား အာဂမယုတ္တိတည်း)။

၇၆။ ဥဒ္ဓစ္စစေတနာနှင့်တကွ အကုသိုလ်စေတနာ (၁၂) ပါးတို့သည်ကာမ (၁၁)ဘုံနှင့် အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့၌ အကုသလဝိပါက် (၇)ပါးတည်းဟူသော ပဝတ္တိအကျိုးငါပါက်ကို ထိုက်သင့်သလို ဖြစ်စေကုန်၏။ ။ကာမတဏှာဆယ်တဘုံ၌(၇)ပါးလုံးပေးနိုင်ၝ ရူပ(၁၅)ဘုံ၌ ဃာန, ဇိဝှါ, ကာယတို့ မရှိသောကြောင့် ဃာန ဇိဝှာ-စသော သုံးပါးကြဉ် ကြွင်းသော အကျိုးဝိပါက် လေးမျိုးကိုသာ ပေးနိုင်သည်ဟု ယထာရုတအားဖြင့် မှတ်အပ်၏။

အကုသိုလ်ကံ၏ ပါကဋ္ဌာန ပြီး၏။

၇၇။ ကာမကုသလံ။ ကာသုဌ္ဌာန်၊ သန္ဓေဖြစ်စေဘိ။
၇၈။ မဟာဝိ-ဌ္ဌာ၊ ပဝတ္တိခါ၊ ကာမာဘူမိ ဖြစ်စေဘိ။
၇၉။ ဆဟိတ်ဂဒုဝိ၊ ပဝတ္တိခါ၊ ကျိုးပေးရာ၊ကာ,ဂ္ဂဘူမိ-ဖြစ်စေဘိ။
၁၀။ အာကု,ကုသလံ၊ ဌ္ဂါ့ဓနောက်ရုံ၊ ပြုကံဒွိ,တိ-ဩဇာကံသိ။

၇၇။၇၈။၇၉။ ကာမကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိ (၇)ဘုံ၌ ပဋိသန္ဓေကျိုးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌လည်း မဟာဝိပါက်(၈)ပါး တည်းဟူသော အကျိုးဝိပါက်ကို ဖြစ်စေ၏။ ထိုကာမကုသိုလ်ကံသည်ပင် ပဝတ္တိအခါ ကာမ(၁၁)ဘုံ, အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ အဟိတ်ကုသလဝိပါက်(၈)ပါး တည်းဟူသော အကျိုးဝိပါက်ကို ထိုက်သည်အား လျော်စွာ ဖြစ်စေ၏။

သို့ဖြစ်၍ ဤလက်ဝဲသုံးပုဒ်တို့၏ လိုရင်းအဓိပ္ပါယ်ကို ဤသို့သိအပ်၏။ ကာမကုသိုလ်ကံသည် ပဋိသန္ဓေအခါ ကာမသုဂတိ(၇)ဘုံ၌ မဟာဝိပါက်(၈)ပါးကိုဂင်း, ပဝတ္တိအခါ ကာမ(၁၁)ဘုံ, အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ မဟာဝိပါက်-၈, အဟိတ်ကုသလဝိပါက်-၈ = ပေါင်း (၁၆) ပါးသော အကျိုးဝိပါက်ကို ထိုက်သင့်သလို ဖြစ်စေ၏။

၈၀။ ဆိုခဲ့ပြီးသော ကာမကုသိုလ်ကံသည် "တိဟိတ်ဉာဏ်ဌာနဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်, ဒွိဟိတ်ဉာဏ်ဌာနဋ္ဌကုသိုလ်, ဒွိဟိတ်ဩမကကုသိုလ်" ဟူ၍ လေးမျိုး ရှိ၏။ ထိုတွင် ကုသိုလ်ပြုသောအခါ မလျှမြဲ ဌ္ဌာ့အဘို့ဌ္ဌလည်း ပုဗ္ဗစေတနာ အားကောင်း၏။ လှူပြီးနောက်ဌ္ဌလည်း လျှူလိုက်ရပေပြီ ဟု ဝမ်းမြောက်-ဝမ်းသာဖြစ်ကာ အပရစေတနာ အားကောင်း၏။ ထိုကုသိုလ်မျိုးသည် ဌ္ဌာ့-နောက် ကုသိုလ်ခြံရုံနေသော

၈၁။ တိဟိတ်- ဥက်ကု၊ တိဟေတုလေး၊ သန္ဓေပေး၊ ဖြစ်ရေးပဝတ္တိ-ဆယ့်ခြောက်သိ။

၈၂။ တိ-သြ,ဒွိ-ဥက်၊ ဒွိ,စတုက်မှန်၊ ပဋိသန္ဓေဖြစ်၊ တိဟိတ်ဖြစ်၊ဆယ့်နှစ်ပဝတ္တိ။

စကြောင့် "တိဟိတ်ဥက္ကဋ္ဌ" ကုသိုလ် မည်၏။ မလျှမိ ရှေးဦးလည်း အတ္တဟကံသ, ပရဝမ္ဘနှ-စသော အကုသိုလ်စုဖြင့် ပေးလျှခဲ့၏။ လျှပြီး နောက်လည်း လျှမိဒါမှားလေခြင်း ဟု နှလုံးမသာမယာဖြစ်ပြီး အပရစေတနာ ဖျက်၏။ ထိုကုသိုလ်မျိုးကား ရှေ့နောက် အကုသိုလ် ခြံရံသောကြောင့် "တိဟိတ်သြမက" ကုသိုလ် မည်၏။

ကုသိုလ်ပြုစဉ်အခါ ကမ္မသကတာဉာဏ်, ဝိပဿနာဉာဏ် နှစ်မျိုးတွင် တမျိုးမျိုး မပါဘဲ အမှုမဲ့-အမှတ်မဲ့ ပြုအပ်သော ကုသိုလ်သည် အမောဟခေါ် ဉာဏ်ကင်းသောကြောင့် "ဒွိဟိတ်" ကုသိုလ်မည်၏။ထိုဒွိလည်း ဆိုအပ်ပြီးသောနည်းအတိုင်း ရှေ့-နောက် ကုသိုလ်ခြံရံဒေါ်သော ကုသိုလ်ကို "မွဲဟိတ်ဥက္ကဋ္ဌ" ကုသိုလ်၊ ရှေ့နောက် အကုသိုလ်ခြံရံအပ်သော ကုသိုလ်ကို "ဒွိဟိတ်သြမက" ကုသိုလ် ဟု မှတ်။

၈၃။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏသမ္မယုတ် လေးပါး တည်းဟူသော တိဟိတ် ပဋိသန္ဓေကျိုးနှင့် ပဝတ္တိအခါ မဟာဝိပါက်(၈) အဟိတ်ကုသလဝိပါက်(၈) တည်းဟူသော (၁၆)ပါး သော အကျိုးကို ဖြစ်စေ၏။

၈၄။ တိဟိတ် သြမက,ကုသိုလ်နှင့် ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက်ဉာဏဝိပွယုတ် - ၄ပါးတည်းဟူသော ဒွိဟိတ်ပဋိသန္ဓေကျိုး နှင့် ပဝတ္တိအခါ မဟာဝိပါက် ဉာဏဝိပွယုတ် - ၄, အဟိတ် ကုသလ ဝိပါက်-၈ တည်းဟူသော (၁၂)ပါးသော အကျိုးကို ဖြစ်စေ၏။

၈၃။ ဒွိ-သြကံကျ၊ သု-အာဟိတ်မှန်၊ ပဋိသန္ဓေ၊ ဖြစ်ရန် ပဝတ္တိ-အာဟိတ်ဝိ။

၈၄။ အ,သ-သင်္ခါ၊ ကုသလာ၊ တစ္စာပေးဝိ-ဝါကေစိ။
၈၅။ ဆယ်နှစ်,တဆယ်၊ ရှစ်စီသွယ်၊ မှတ်ဘွယ်ကျိုးဝိ-ဝါကေစိ။

၈၃။ ဒွိဟိတ်သြမကကုသိုလ်သည် ပဋိသန္ဓေအားဖြင့် ကဏ်းသော ဇစ္စန္ဓ, ပဋိသန္ဓေအားဖြင့် နားပင်းသော ဇစ္စဗမိရ-စသော သူများနှင့် အချို့အချို့သော ဝိနိပါတိက အသုရာတို့၌ ကုသလဝိပါက်ဉာဏေကွာသဟဂုတ် သန်္ခါရဏာစိဘ်-တည်းဟူသော ပဋိသန္ဓေကျိုးနှင့် ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်(၈)ပါးတည်းဟူသော အကျိုးကို ဖြစ်စေ၏။ (ဤကား သမာနဝါဒအားဖြင့် တိဟိတ်ဥက္ကဋ္ဌက စသည်ကို ခွဲပြခြင်းတည်း။)

၈၄။ ဤနေရာ၌ အမျှားအယူအဆ နှင့် မတူမျှသော ကေစိဝါဒလည်း ရှိသေး၏။ ကေစိဆရာ၏ အယူဝါဒ၌ အကြောင်းကုသိုလ်က ံက အသင်္ခါရိက ကုသိုလ်ဖြစ်လျှင် ထိုက ံနှင့်တူစွာ အသင်္ခါရိက အကျိုးသာ ဖြစ်၏။ သသင်္ခါရိက အကျိုးမဖြစ်၊ အကြောင်းကုသိုလ်က ံက သသင်္ခါရိက ကုသိုလ်ဖြစ်လျှင်လည်း ထိုနှင့်တူစွာ သသင်္ခါရိက အကျိုးသာ ဖြစ်၏။ အသင်္ခါရိက အကျိုး မဖြစ်။

၈၅။ ထို့ကြောင့် တိဟိတ်ဥက္ကဋ္ဌကုသိုလ်က ံသည် မဟာကုသိုလ်ဉာဏသမ္မယုတ် အသင်္ခါရိက ကုသိုလ် ဖြစ်အံ့-မဟာဝိပါက် အသင်္ခါရိက ၄,အဟိတ် ကုသလဝိပါက်-၈ = ပေါင်း(၁၂)ပါးသော အကျိုးကို ဖြစ်စေ၏။ သသင်္ခါရိက ကုသိုလ်က ံ ဖြစ်အံ့ - မဟာဝိပါက်သသင်္ခါရိက - ၄, အဟိတ်ကုသလဝိပါက် - ၈ = ပေါင်း (၁၂) ပါးသော အကျိုးကို ဖြစ်စေ၏။

၈၆။ ပ-စျာန်-ယုတ်, လတ်၊ အမြတ်ပွါးဟုံ၊ ပ-သုံးဘုံ၊ ဖြစ်ပုံအစဉ်သိ၊

၈၇။ ဤနည်းယုတ်, လတ်၊ အမြတ်-ဒု, တ၊ စစျာန်ပွား ဟုံ၊ ဒု, တဘုံ၊ ဖြစ်ပုံအစဉ်သိ၊

တိဟိတ်ဩမက ကုသိုလ်ကံနှင့် ဒွိဟိတ်ဉာဏ်ဇွန်ကုသိုလ်ကံသည် အသင်္ခါရိကကုသိုလ်ဖြစ်အံ့-မဟာဝိပါက်ဉာဏ်ပဋိသန္ဓေယုတ် အသင်္ခါရိက-၂, အဟိတ်ကုသလဝိပါက်-၀ = ပေါင်း(၁၀)ပါးသော အကျိုးကို ဖြစ်စေ၏။ သသင်္ခါရိက ကုသိုလ်ဖြစ်အံ့-မဟာဝိပါက် ဉာဏ်ဝိပ္ပယုတ် သသင်္ခါရိက-၂, အဟိတ်ကုသလဝိပါက်-၀=ပေါင်း (၁၀)ပါးသော အကျိုးကို ဖြစ်စေ၏၊ ဒွိဟိတ်ဩမကကုသိုလ်ကံကား အသင်္ခါရိက ကုသိုလ်ဖြစ်စေ, သသင်္ခါရိက ကုသိုလ်ဖြစ်စေ အဟိတ်ကုသလဝိပါက်- (၀)ပါးတည်းဟူသော အကျိုးကိုသာလျှင် ဖြစ်စေ၏-ဟု ယူဆလေသည်။ (ဤကား ကေစိဝါဒအားဖြင့် တိဟိတ်ဉာဏ်ဇွန်ကံ-စသည်ကို ခွဲပြခြင်းတည်း။)

ကာမာဝစရကံ၏ ပါကဋ္ဌာန ပြီး၏။

၈၆။ **ရူပါဝစရကုသိုလ်ကံ** ငါးပါးတို့တွင် အယုတ်စားအားဖြင့် ပွားများအပ်သော ပဌမစျာန်ကုသိုလ်ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ဉဒ်း, အလတ်စားအားဖြင့် ပွားများအပ်သော **ပဌမစျာန်**ကုသိုလ်ကံသည် ဗြဟ္မပရောဟိတာဘုံ၌ဉဒ်း, အမြတ်စားအားဖြင့် ပွားများအပ်သော ပဌမ**ဈာန်** ကုသိုလ်ကံသည် မဟာဗြဟ္မာဘုံ၌ဉဒ်း ပဌမစျာန်ဝိပါက်ကို ဖြစ်စေ၏။

၈၇။ ပဌမ**ဈာန်**ကုသိုလ်ကံ နှည်းတူ ဒုတိယ**ဈာန်**, တတိယ**ဈာန်**, စတုတ္ထ**ဈာန်** ကုသိုလ်ကံတို့ကိုလည်း အယုတ်, အလတ်, အမြတ်အားဖြင့်

၈၈။ ဆန္ဒ, စိတ္တ, ဝိယ, ဝိမံ, နံ, လတ်, သန်, သုံးဗျာန်ယုတ်, မြတ်သိ။

၈၉။ ပဥ္စဗျာန်ပွားဟုံ၊ ဝေဟပ်ဘုံ၊ မှတ်ဘုန်ဖြစ်ဈစေဘိ။

၉၀။ ပဥ္စဗျာန်ပွားသူ၊ စိတ်မူကင်းရုန်၊ ရည်မှန်ဌာန်၊ ဖြစ်ပြန်-အာသညိ။

သုံးမျိုးစီ-သုံးမျိုးစီ ခွဲ၍ ပွားများအပ်သည်ရှိသော် ဒုတိယဈာန်သုံးဘုံ, တတိယဈာန်သုံးဘုံတို့ဌ ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက် ဖြစ်စေပုံ အစဉ်တို့ကိုလည်း သိလေ။

၈၈။ ဈာန်ကိုရဇေအောင် အားထုတ်စဉ်ဌ "ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသ" တည်းဟူသော အဓိပတိလေးပါးတွင် တပါးပါး ထက်သန်လွန်ကဲရ၏။ အဓိပတိလေးပါးတွင် တပါးမျှ ထက်သန် လွန်ကဲခြင်း မရှိဘဲ ရအပ်သောဈာန်သည် နံ့သော-ယုတ်သော "ပရိတ္တဈာန်" မည်၏။ အသင့်အတင့် ထက်သန် လွန်ကဲ၍ ရအပ်သောဈာန်သည် အလတ်ဖြစ်သော "မဇ္ဈိမဈာန်" မည်၏။ လွန်စွာ ထက်သန်လွန်ကဲ၍ ရအပ်သော ဈာန်သည် အမြတ်ဆုံး ဖြစ်သော "ပဏီတဈာန်" မည်၏။ ဤသို့ ဈာန်ကို အယုတ်စား,အလတ်စား,အမြတ်စား ဖြစ်ခဲအောင်ကား ဤအဓိပတိတရား လေးပါးတို့ကပင် ပြုပြင်-စီရင် ဖေးကြသတည်း။

၈၉။ ပဌမဈာန် ကုသိုလိကံကို အယုတ်အစား, အလတ်စား, အမြတ်စား - တပါးပါးဖြင့် ပွားများအပ်သော်လည်း ဝေဟပ္ဖိုလ်ဘုံဌ ပဌမဈာန်ဝိပါက်ကိုသာ ဖြစ်စေ၏။

၉၀။ ထိုပဌမဈာန်ကုသိုလိကံကိုပင်လျှင် သညာအမှုးရှိသော စိတ်, စေတသိက်တို့ ကင်းအောင် ပွားများ ဆောက်တည်သော ယောဂီသည် သညာ-စသည်တို့၏ ချုပ်ငြိမ်းရာ အာသညသတ်ဘုံဌ ဖြစ်ရ၏။

၉၁။ ပဥ္စမစျာန်-ဈာန၁၊ သုဒ္ဓါဝါတွင်၊ ငါးဖြာဈာန်ဖြစ်စေလွန်လေ၊ ဖြစ်ပေဈာစည်သိ။

၉၂။ ဈာရုပ-ကုသလံ၊ စည်ပင်ဝေးပြန်၊ ဖြစ်ရန်ဈာရုပိ။

၉၃။ ပဋ္ဌမစျာန်ကုသိုလ်ကံကို ပွားများအပ်သော အနာဂါမ်ပုဂ္ဂိုလ်သည် "သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ" ဟူသော ဈာန်ငါးပါးတို့တွင် သဒ္ဓိန္ဒြေ လွန်ကဲအံ့-အဝိဟာဘုံ၌ဉာဏ်း, ဝီရိယိန္ဒြေ-လွန်ကဲအံ့-အာတပ္ပါဘုံ၌ဉာဏ်း, သတိန္ဒြေလွန်ကဲအံ့-သုဒဿာဘုံ၌ဉာဏ်း, သမာဓိန္ဒြေလွန်ကဲအံ့ - သုဒဿီဘုံ၌ဉာဏ်း, ပညိန္ဒြေ လွန်ကဲအံ့-အကနိဋ္ဌဘုံ၌ဉာဏ်း ပဋ္ဌမစျာန်ဝိပါက်ကို ဖြစ်စေ၏။ ဤသို့ အရူပကုသိုလ်ကံသည်လည်း ပွားများအပ်သော စျာန်အားလျော်စွာ အရူပလေးဘုံ၌ အကျိုးငိပါက်ကို ဖြစ်စေသတည်း။

အရူပါဝစရက်၏ ပါကဋ္ဌာန ပြီး၏။

၉၄။ ဈာရူပါဝစရကုသိုလ်က် လေးပါးဘို့တွင် ဈာကာသာနဉ္စာယတန ကုသိုလ်ကံ-စသည်ကို ပွားများအပ်မူကား ဈာကာသာနဉ္စာယတန-စသောဘုံ၌ ဈာကာသာနဉ္စာယတန ဝိပါက်-စသည်ကို ဖြစ်စေ၏။ ဤသို့ အရူပကုသိုလ်ကံသည်လည်း ပွားများအပ်သော စျာန်အားလျော်စွာ အရူပလေးဘုံ၌ အကျိုးငိပါက်ကို ဖြစ်စေသတည်း။

အရူပါဝစရက်၏ ပါကဋ္ဌာန ပြီး၏။

၉၃၊ ဝေဟင်, အာကာသဋ္ဌ၊ ဘဝင်ထင်ပါမှာ၊ အရိယာ၊ သံသာပြတ်ဘိထိုဘုမ္မိ၊
၉၄၊ သုဒ္ဓါဘုံရင်၊ မထင်နှစ်ခါ၊ရိုဖြိဟ္မာ၊ အောက်ရွာ မဆင်းသိ၊

၉၃။ ဝေဟင်္ဂါလ်ဘုံ, အာကာသဋ္ဌဘုံ, နေဝသညာနာသညာယတနဘုံတို့၌ ဖြစ်ကြသော အရိယာပြဟ္မာတို့သည် ဘဝသီသ-ဘဝသေဋ္ဌဟု ဆိုအပ်သော ဘုံထွဋ်-ဘုံမြတ်များ ဖြစ်ကြသောကြောင့် မိမိဖြစ်ခိုက်ဘုံမှ တပါးဘုံသို့ ပြောင်းရွှေ့မဖြစ်ကြဘဲ ထိုဘုံတို့၌သာလျှင် သံသရာဝဋ်ငွင်းမှ လွတ်ကင်းထွက်မြောက်၍ နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

၉၄။ သုဒ္ဓါဝါသ ငါးဘုံတို့၌ ဖြစ်ကုန်သော ဖြဟ္မာတို့ကား ဝေဟပ္ဖိုလ်ဘုံနှင့် နေဝသညာနာသညာယတနဘုံက ဖြဟ္မာတို့ကဲ့သို့ မိမိဖြစ်ခိုက်ဘုံတို့၌ ထပ်၍ပင်မဖြစ်ကြ။ မိမိဖြစ်ခိုက်ဘုံ၌ တကြိမ်မျှဖြစ်၍သော်၎င်း, အထက်သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကြ၍သော်၎င်း ပရိနိဗ္ဗာန်ပြုကြကုန်၏။

၍ဘုံသုံးမျိုးတို့မှ တပါးဘုံတို့၌ ဖြစ်ကြသော အရိယာဖြဟ္မာတို့သည်လည်း မိမိဖြစ်ခိုက်ဘုံမှ အောက်အောက်ဘုံတို့၌ ဆင်းသက်၍ ပဋိသန္ဓေတည်နေခြင်း အလျဉ်းမရှိကြ။ မိမိဖြစ်ခိုက်ဘုံ၌ဖြစ်စေ, အထက်အထက်ဘုံတို့၌ဖြစ်စေ ဖြစ်ကြ၍ ပရိနိဗ္ဗာန် ပြုကြရသတည်း။

ကမ္မစတုက္က ပြဆိုခန်း ပြီး၏။

၉၅၊ အာယု, ကမ္မ၊ ဥဘယဟာ၊ ခယသုံးထွေ၊ ဥပစ္ဆေဒ၊ အသေလေးမျိုးရှိ။

၉၆၊ အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အဘုန်းစုန်ရစ်ရပ် ကပ်၍ဖြတ်သွေ့၊ ကံဆိုးသွေ့၊ အသေလေးမျိုးသိ၊

၉၇၊ သေခါနီးတွင်၊ ရှေးရှုထင်၊ သုံးအင်-နိမိတ်ရှိ၊

၉၅။၉၆။ သတ္တဝါတို့၏ ဖြစ်ဆဲဘဝမှ စုတေ-သေလွန်ခြင်းသည်-

၁။ အာယုက္ခယမရဏာ ၂။ ဥဘယက္ခယ မရဏာ

၃။ ကမ္မက္ခယ မရဏာ ၄။ ဥပစ္ဆေဒ မရဏာ

ဟူ၍ လေးမျိုးရှိ၏။ ဤသေခြင်းလေးမျိုးကိုပင် "မရဏာပုဗ္ဗိစတုက္က" ဟု ခေါ်ရ၏။ ထိုဝယ် ပိုင်းခြားအပ်သော အသက်တမ်းကုန်၍ သေခြင်းသည် "အာယုက္ခယ မရဏာ" မည်၏။ ဘဝကို စီမံပေးတတ်သော ဇနက ကံစွမ်းကုန်၍ သေခြင်းသည် "ကမ္မက္ခယမရဏာ" မည်၏။ အသက်တမ်းနှင့် ကံစွမ် နှစ်ပါးစုံ ကုန်၍သေခြင်းသည် "ဥဘယက္ခယ မရဏာ" မည်၏။ အသက်တမ်း, ကံစွမ်းမကုန်ခန်းသေးသော်လည်း သူတပါး၏ လက်နက်ပယောဂကြောင့်ဂင်း, အနာရောဂါ-စသည် နှိပ်စက်ခြင်း ကြောင့်ဂင်း သေခြင်းသည် "ဥပစ္ဆေဒမရဏာ" မည်၏။

ဆိမီးလျှံသည် မီးစာကုန်၍ ငြိမ်းခြင်း, ဆိကုန်၍ငြိမ်းခြင်း, မီးစာ, ဆိနှစ်ပါးစုံ ကုန်၍ငြိမ်းခြင်း, မီးစာ,ဆိနှစ်ပါး ရှိငြားသော်လည်း ပြင်းစွာ တိုက်ခတ်အပ်သော လေ၏အဟုန်ကြောင့် ငြိမ်းခြင်းဖြစ်သကဲ့သို့၊ ထို့အတူ ဤသေခြင်းလေးမျိုးတို့ကိုလည်း အစဉ်အတိုင်း ဥပမာဟပ်၍ မှတ်အပ်ကုန်၏။

၉၇။ သေခါနီးဆဲဆဲဖြစ်သော မရဏာသန္နအခါ၌ သတ္တဝါတို့အား ရှေ့ရှုထင်လာတတ်သော အာရုံသုံးမျိုးရှိ၏။ သုံးမျိုးကား ကံအာရုံ,

၉၀။ နောက်ဘဝယ်၊ သန္ဓေတွယ်မှု၊ ကျေးဇူးပြု၊ အာကု, ကု-ကံသိ။

၉၉။ ထိုကံပြုခါ၊ ရုပါဒိမှ၊ ဆောက်အဦ၊ ပြုယုကံ၏ နိမိတ်သိ။

ကမ္မနိမိတ်အာရုံ, ဂတိနိမိတ်အာရုံ-တည်း။ ဤသုံးမျိုးတွင် တမျိုးမျိုးသည် ရှေ့ရှုထင်လာ၏။

၉၀။ မရဏာသန္န သတ္တဝါအား နောက်နောက်ဘဝမှာ ပဋိသန္ဓေကျိုးပေးရန် ရှေးရှေးကာလက မျှားစွာဆည်းပူး အားထုတ်ဘူးသော ကုသိုလ်ကံ,အကုသိုလ်ကံ နှစ်မျိုးရှိသည့်အနက် တမျိုးမျိုးသည် ရှေ့ရှုထင်လာ၏။ ယင်းသို့ ထင်လာသော ကုသိုလ်ကံ,သို့မဟုတ် အကုသိုလ်ကံသည်ပင်လျှင် "ကံအာရုံ" မည်၏။

၉၉။ ယင်းသို့ ထင်လာသော ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ပြုခဲ့စဉ်က တွေ့ကြုံ - ဆုံဆည်းခဲ့ရသော အဆင်း, အသံ-စသော အာရုံခြောက်ပါး အဆောက်အဦများသည် "**ကမ္မနိမိတ်အာရုံ**"မည်၏။ ။ ဤကမ္မနိမိတ်အာရုံသည် "ဥပလဒ္ဓကမ္မနိမိတ်, ဥပကရဏကမ္မနိမိတ်"ဟု နှစ်မျိုးရှိ၏။ ထိုတွင် ထင်လာသော ကံနှင့်စပ်၍ တိုက်ရိုက် ရဒင်သော အာရုံသည် "ဥပလဒ္ဓကမ္မနိမိတ်" အာရုံမည်၏။ တိုက်ရိုက်ရဒင်သော အာရုံမဟုတ်ဘဲ ကံပြီးမြောက်ရန် အခြံ, အရံ အဆောက်အဦမျှ ဖြစ်သော အာရုံသည် "ဥပကရဏကမ္မနိမိတ်" အာရုံမည်၏။ ကျောင်းဆောက်လှူဘူးရာ၌ လှူခဲ့သော ကျောင်းကြီး ထင်လာခြင်းသည် "ဥပလဒ္ဓအာရုံ" ထိုကျောင်းကြီး၏ ထုပ်,ယောက်-စသော အခြံအရံ အဆောက်အဦများသည် "ဥပကရဏအာရုံ" ဟု ဥပမာဟပ်၍ မှတ်လေ။

၃၀၀။ ဖြစ်ရာဘုံနှန်း၊ ငရဲခမ်းနှင့်၊ အမိဝမ်းရေ၊အစထွေ
ထွေ၊သည်း-ဂတိနိမိတ်သိ၊
၃၀၁။ ကံစွမ်းကြောင့်သာ၊ ထိုသုံးဖြာတွင်၊ သင့်ရာထင်
ခြောက်ဆင်နွှါရိ-တာခုသိ။

၃၀၀။ မရဏာသန္န သတ္တဝါအား ဒုခြေးမဲ့ - ဒုတိယဘဝသို့ လား၊ရ-ရောက်ရမည့် ဂတိသည် "နိရယဂတိ, ပေတဂတိ, တိရစ္ဆာန ဂတိ,မနုဿဂတိ, ဒေဝဂတိ" ဟူ၍ ငါးမျိုးရှိ၏။ ထိုကွင် မိမိလား၊ရ-ရောက်ရမည့် ဂတိတမျိုးမျိုး၌ တွေ့ကြုံရသော နတ်ဘုံ, နတ်နန်း, ငရဲခမ်း, အမိဝမ်းရေ - စသော အာရုံဟူသမျှသည် "ဂတိနိမိတ်အာရုံ" မည်၏။

၌ဂတိနိမိတ်အာရုံသည်လည်း "ဥပလဘိတဗ္ဗဂတိနိဒ်တ်,ဥပဘောဂ ဂတိနိမိတ်"ဟု နှစ်မျိုးရှိ၏။ ထိုတွင် နတ်ပြည်သို့ လား၊ရမည့်သူဖြစ်လျှင် နတ်ဘုံ, နှတ်နန်းများ, ငရဲသို့လား၊ရမည့်သူဖြစ်လျှင် ငရဲဘုံ, ငရဲခမ်း များ, လူ့ပြည်လား၊ရမည့်သူဖြစ်လျှင် အမိဝမ်း၊ရေ, ပြိတ္တာဘုံ လား၊ရ ၊ရမည့်သူဖြစ်လျှင် တော, တောင်, မြစ်ကမ်း-စသော မုချလား၊ထိုက်သော ဂတိနိမိတ်အာရုံတို့သည် ရှေ့ရှုထင်လာကုန်၏။ ယင်းသို့ ထင်လာသော နတ်ဘုံ,နတ်နန်း-စသော အာရုံသည် "ဥပလဘိတဗ္ဗဂတိနိမိတ်"အာရုံ မည်၏။ ထိုထိုဂတိတို့၌ တွေ့ကြုံခံစား၊ရမည့် အသုံး၊ဆောင် အခြံ အရံဖြစ်သော "နှတ်သီး,နှာသား,ငရဲမီး,ငရဲလျှံ, ခွေးနက်ကြီး,ဒုတ်, လှန်ကန်, ထား, လား,များ-အစရှိသော ရှေ့ရှုထင်လာသည့် အာရုံ သည် "ဥပဘောဂ ဂတိနိမိတ်" အာရုံမည်၏။

၃၀၁။ မရဏာသန္နအခါ၌ ရှေ့ရှုထင်လာ့ကြသော ထိုထို အာရုံ တို့သည် အခြားမဲ့-ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို ကောန်ပေး၊မည့် ဇနကကံ၏အစွမ်းကြောင့်သာ ထင်လာ့ကုန်၏။ ထိုသို့ ထင်လာ့ရာဝယ်

၁၀၂။ ဝီဇလုပ်ဟုန်၊ ဆွဲဂှက်ပုံသို့၊ ထိုအာရုံငယ်၊စိတ် စဉ်တွယ်၊ တလယ်လယ်တည့် ဖြစ်ပုံသိ။

၁၀၃။ တမျိုးမှတ်ရေး၊ ကျိုးပေးရင်းကံ၊ သစ်တဖန်၊ ဖြစ်ပြန်ပုံတည့်-ဇောဝယ်သိ။

ထင်သည့်အာရုံက ရူပါရုံဖြစ်ခဲ့-စက္ခုဒွါရ၌။လ၊ ဓမ္မာရုံဖြစ်ခဲ့ - မနောဒွါရ၌သာလျှင် ထင်ကုန်၏။ ဤသို့ ဒွါရခြောက်ပါးတွင် တပါးပါး၌ ထင်လာကုန်၏။

၁၀၂။ အရပ်လေးမျက်နှာမှ မိုဃ်ထံမှောက်သို့ ချဉ်းကပ်ရောက်လာကြသော ဖောင်ကြီး, ဖောင်ငယ်, လှေငယ်,လှေကြီး အသီးသီးတို့အား မိုဃ်၏အရှိန်အဟုန်ထဲက လွတ်ထွက်မသွားစေရဘဲ တဝဲလယ်လယ် ဖြစ်နေအောင် ဆွဲဆောင်နိုင်သော ဝီဇလုပ်အဟုန် အယဉ်ကြီးကဲ့သို့၊ ထို့အတူ သေခါနီးအခါ ဒွါရခြောက်ပါးတွင် တပါးပါး၌ ထင်လာသော ထိုထိုအာရုံစုဝယ် ပဋိသန္ဓေ,ဘဝင်အစရှိသော စိတ်အစဉ်တို့သည် တဝဲလယ်လယ်နှင့် မှီတွယ်ဖြစ်ပေါ်နေကြရ၏။ ဤဥပမာ၌ ဝီဇလုပ်အဟုန်နှင့် သေခါနီးအခါ ရှေ့ရှုထင်လာသော ကံ-စသောအာရုံ, ဖောင်ကြီး, ဖောင်ငယ် - စသည်နှင့် ပဋိသန္ဓေ, ဘဝင်-အစရှိသော စိတ်အစဉ်တို့ တူကုန်၏။

၁၀၃။ ကံအာရုံ ထင်လာပုံသည် ယခင်ပြပြီးနည်းအပြင် တနည်း တဖုံ ရှိသေး၏။ ပဋိသန္ဓေကျိုးပေးမည့် အကျိုးပေးရင်းကံသည် ရှေးရှေးကာလ ဘဝများစွာတို့က ပြုခဲ့သော ကံဖြင့်စေကာမူ ယခုတဖန် အသစ်ထပ်မံ၍ ပြုစီမံရသကဲ့သို့ သေခါနီးဆဲဆဲ၌ စိတ်ထဲ၌ဝယ်တွင် ထင်ယောင်လာကာ ဇောစိတ်အစဉ် ဖြစ်ပေါ်နေခြင်းသည်လည်း "ကံအာရုံ" ပင် မည်၏။

၁၀၄၊ သေခါစေ့ရောက်၊ ဒိစိတ်နေ၁က်နှင့်၊
ဘဝင်နောက်ရန်၊ တတန်တန်၊ မရဏံတည့်-
ဆုံးရုဘိ။
၁၀၅။ ကာမဘုံမှ၊ ရုတိကျ၍၊ ကာမဘုံဝယ်၊ သန္ဓေလယ်၊
သူဝယ် ဒါဒိထိ။
၁၁၀၆၊ ကြွင်းပုဂ္ဂိုလ်ဝယ်၊ ဒါဒိပယ်၊ အလွယ်မှတ်ပုံသိ၊

၁၀၄။ သေခါနီးဆဲဆဲဖြစ်သော သတ္တဝါ၏ စုတေ - သေလွန်ခြင်း သည် မရဏာသန္နဇောဝီထိ၏ အဆုံး၌ စုဘော-သေလွန်ခြင်း, ဇောနောင် ဘဝင် ကျပြီးမှ စုတေ-သေလွန်ခြင်း ဟူ၍ နှစ်မျိုးရှိရာတွင် တမျိုးမျိုးဖြင့် စုတေ-သေလွန် ရ၏။

၁၀၅။၁၀၆။ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေ နေသူအား မရဏာသန္နဇောနောင် တဒါရုံကျပြီးမှ စုတေ-သေလွန်၏။ ကာမဘုံမှ စုတေ၍ ရူပ, အရူပဘုံတို့၌ ဖြစ်သောသူအားၵင်း, ရူပ, အရူပဘုံမှ စုတေ၍ ရူပ, အရူပဘုံတို့၌ပင် ဖြစ်သောသူအားၵင်း မရဏာသန္နဇော သည် ပညတ်ကမ္မနိမိတ်နှင့် မဟဂ္ဂုတ်ကမ္မနိမိတ် အာရုံများကို အာရုံပြု၍ စုတေ-သေလွန်သောကြောင့် မရဏာသန္နဇောနောင် တဒါရုံမကျဘဲ စုတေ-သေလွန်၏။

သို့ဖြစ်၍ အောက်လက်ဝနှင့်တကွ ဤလက်ဝတို့၏ ကေားစဉ်အား လျော်စွာ မရဏာသန္နဝီထိသည် ၁-ဇောနောင်စုတိကျသောဝီထိ, ၂-တဒါရုံနောင် စုတိကျသောဝီထိ, ၃-ဇောနောင်ဘဝင် - ဘဝင်နောင် စုတိကျသောဝီထိ, ၄ - တဒါရုံနောင်ဘဝင်-ဘဝင်နောင်စုတိကျသော ဝီထိ ဟူ၍ လေးမျိုးရှိသတည်း။

၁၀၇။ ရုတ်ိနောက်ချက်၊ ကပ်လျက်တဖန်၊ဆက်စပ်ပြန်၊ ဘဝန္တရိသန္ဓေသိ။

၁၀၈။ အဝိဇ္ဇာနှင့်၊ တဏှာကြောင်းရင်း၊ ပေါင်းသင်း၍သာ၊ကံစေနဘ၊မှန်စွာဖြစ်စေဘိ။

၁၀၉။ သမ္မယုတ္တာ၊ မွေခြံရံ၊ ရုပ်နှင့်နာင်၊ မှီခိုနိဗ္ဗတ်၊ ကြိုးကဲဘိ။

၁၀၇။ ပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်ဖြစ်သော စုတိစိတ် ချုပ်ပြီးနောက် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးတတ်သော ပဋိသန္ဓေဝိပါက် ဝိညာဏ်သည် အခြားမဲ့ဘဝ၌ အသစ်တဖန် ဖြစ်ပေါ်လာပြန်၏။

၁၀၈။ ယင်းသို့ အသစ်တဖန် ဖြစ်လာပြန်သော ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းက မရဏာသန္နဇောယူအပ်သော အာရုံကိုပင် အာရုံပြု၍ ဖြစ်၏။ မရဏာသန္နဇောက ကံအာရုံပြုလျှင် ပဋိသန္ဓေဝိညာဏ်လည်း ကံအာရုံကိုပင် အာရုံပြု၏။ ကမ္မနိမိတ်အာရုံပြုလျှင် ကမ္မနိမိတ်, ဂတိနိမိတ်အာရုံပြုလျှင် ဂတိနိမိတ်ကို အာရုံပြု၏။

ပဋိသန္ဓေဝိညာဏ်သည် ရှေးရှေးကပြုခဲ့ဘူးသော ကုသိုလ်ကံ,အကုသိုလ်ကံ - စေတနာဟုဆိုအပ်သော သန်ါရကြောင့် ဖြစ်လာရ၏။ ထိုအကြောင်းကံ သန်ါရသည်လည်း အဝိဇ္ဇာနုသယတည်းဟူသော မောဟနှင့် တဏှာနုသယတည်းဟူသော လောဘအကြောင်းတရားနှစ်ပါးတို့နှင့် ပေါင်းသင်း ရောနှော၍ ပဋိသန္ဓေဝိညာဏ်တည်းဟူသော အကျိုးဝိပါက်ကို ဖြစ်စေအပ်၏။

၁၀၉။ ဤသို့လျှင် အဝိဇ္ဇာ - တဏှာ အကြောင်းရင်းနှစ်ပါးတို့နှင့် ပေါင်းသင်း ရောနှော၍ အကြောင်းကံ သန်ါရကြောင့် ဖြစ်လာသော ပဋိသန္ဓေဝိညာဏ်သည်လည်း မိမိချည်းသက်သက်မဟုတ်၊ ယှဉ်ဘော်

၁၁၀။ မရဏာဿန်၊ ဧောငါးတန်ခြောင့်၊ ပစ္စုပ္ပန်ရုံ၊ ထင်လာတုံ၊အာရုံတည်ဂို ကျဖုတိ။

ယှဉ်ဘက် သမ္မယုတ်တရားများနှင့် ခြံရုံလျက် ဖြစ်လာလေသည်။ ထိုပဋ္ဌသန္ဓေဝိညာဏ်သည် တက္ခ ဖြစ်ဘော်ဖြစ်ဘက် သမ္မယုတ်တရားတို့နှင့် ၎င်းတို့၏မှီရာဖြစ်သော ဟဒယဝတ္ထုစသော ကမ္မဇရုပ်တရားတို့၏ မှီရာ ဇာတ်ရာ ရှေ့ဆောင် ရှေ့သွား အမိပတိတရားလည်း ဖြစ်၏။

၁၁၀။ မရဏာဝါန္ဓအခါ၌ ဝီထိစိတ်စဉ်တို့သည် မှီရာဝတ္ထုရုပ် အား နည်းရကား ဇောစိတ်တို့လည်း ပကတိအခါကဲ့သို့ ခုနစ်ကြိမ် စောင့် မရကြဘဲ ငါးကြိမ်သာ စောင့်ရသောကြောင့် မရဏာသန္နဝီထိအရာ၌ ''ကမ္မနိမိတ်-ဂတိနိမိတ်'' ဟု ဆိုအပ်သော ပစ္စုပ္ပန်အာရုံနှစ်မျိုးတွင် တမျိုးမျိုး ရှေ့ရှု ထင်ရှားရှိနေတုန်း ဆဲဆဲ၌ပင်လျှင် စုတိစိတ်ကျ လေသည်။

'' ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်-အာရုံတမျိုးမျိုး ထင်ရှားရှိ နေတုန်းဆဲဆဲ၌ပင်လျှင် စုတိစိတ်ကျ၏'' ဟူသောစကား၌ ပစ္စုပ္ပန် ကမ္မ နိမိတ် အာရုံကို မုချအားဖြင့် မရအပ်။ ပရိယာယ်အားဖြင့်သာ ရအပ် ကြောင်းကို ပဋ္ဌာန်သမုပ္ပါဒ်ဝိဘင်းအဖွင့်ဖြစ်သော မူလဋီကာ၌ ဆုံးဖြတ်ပြ ဆိုထား၏။ထိုဋီကာဆရာ၏ အယူဝါဒ ထင်ရှားအောင် ဥပမာဆောင်၍ ပြအံ့-သေခါနီးဆဲဆဲ လူမမာအတွက် သားသမီးဒွါဆွမျိုးတို့က ဆရာတော် သံဃာတော်များကို ပင့်ဖိတ်၍ သက်နှံးစသော ဒါနဝတ္ထုတို့ကို လှူဒါန်း ကြပြီးလျှင် လူမမာအား အာရုံပြုစေ၏။ ထိုစဉ်အခါ၌ လူမမာသည် သက်နှံးစသော လှူဘွယ်ဝတ္ထုတို့ကို အာရုံတန်း၍ ဝမ်းပန်းတသာဖြစ်ခါ ကုသိလ်ဇောတို့စောနေရှာ၏။ ထိုကုသိလ်ဇောတို့သည် အာသန္နကံ ကုသိလ်ဇောတို့ဖြစ်၍ ပစ္စုပ္ပန်ကမ္မနိမိတ်ဖြစ်သော လှူဘွယ်ဝတ္ထုဘို့ကို ကြည့်ရှုရင်း စက္ခုဒွါရိက မရဏာသန္နဝီထိကျ၍ စုတေလေ၏။ ဤသို့ စုတေရာ၌ လှူဘွယ်ဝတ္ထုအစုစုသည် ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံဝင်း

၁၁၁။ အာရုံပစ္စုပ်၊ မချုပ်မှိခင်၊ သန်ဘင်၀င်၊ထိုတွင်မှိဘိ ဆွဲကိုင်သိ။

၁၁၂။ ကာမပဋိသန်၊ ကမ္မံဂတိ၊ ဆဒ္ဒါရိယူ၊ ပစ်,တိတ်ဟူ၊ပြိုယူဖြစ်နှင်ဘိ။

၁၁၃။ ကံအာရုံမှာ၊ အတိတ်သာ၊ ယူရာဒွါရိ၊ မနောသိ။

သို့ရာတွင် မရဏာသန္နဝီထိမကျမှီ ပစ္စုပ္ပန်ကမ္မနိမိတ်အစစ်ဖြစ်သော လှုံ့ဘွယ်သက်နှိုးနှင့် မရဏာသန္နအခါ အတုဖြစ်သော လှုံ့ဘွယ်သက်နှိုးတူမျှသည်ကို အစွဲပြု၍ သဒိသူပစာရအားဖြင့် မရဏာသန္နဇောဓ၏ အာရုံဖြစ်သော လှုံ့ဘွယ်သက်နှိုးကိုလည်း ''ပစ္စုပ္ပန်ကမ္မနိမိတ်'' ဟု ခေါ်ဝေါ်အပ်၏။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မနိမိတ်ကို မူ၍ မရအပ်။ ပရိယာယ်အားဖြင့်သာ ရအပ်သည်ဟု မှတ်။

၁၁၁။ ယင်းသို့ ပစ္စုပ္ပန်အာရုံဖြစ်သော ''ကမ္မနိမိတ်-ဂတိနိမိတ်'' အာရုံနှစ်ပါးတွင် တပါးပါးသည် စိတ္တက္ခဏပြည့်ခမြောက် ချုပ်ခြင်းသို့ မရောက်သေးမှီ-မရောက်သေးခင် ပဋိသန္ဓေဝိညာဏ်နှင့် ထို၏နောက်၌ ဖြစ်ကုန်သော ဘ၀င်အယဉ်တို့သည် မရဏာသန္နဇောသည် ယူအပ်သော မချုပ်သေးသော ထိုပစ္စုပ္ပန်အာရုံကိုပင် မှီတွယ်ဆွဲကိုင်၍ အာရုံပြုကြရ၏။

၁၁၂။ ကာမပဋိသန္ဓေ(၁၀)တို့၏ အာရုံတို့သည် ပစ္စုပ္ပန်,အတိတ် ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံပြုလျှင် စက္ခုဒွါရစသော ခြောက်ဒွါရ၌ ဖြစ်ကုန်၏။ ထို့ကြောင့် ကမ္မနိမိတ်-ဂတိနိမိတ် အာရုံနှစ်မျိုးသည် ကာလအားဖြင့် ပစ္စုပ္ပန်, အတိတ်ကာလ၌ဖြစ်၍ ဒွါရအားဖြင့် ခြောက်ဒွါရ၌ ဖြစ်သည်ဟု မှတ်။

၁၁၃။ ကံဟူသည် ကုသိုလ်, အကုသိုလ် စေတနာဖြစ်ကြောင်းကို ဆိုခဲ့ပြီ။ မရဏာသန္နဇောတို့သည် ဘ၀သစ်၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်နှင့် ဘ၀င်စိတ်တို့၏ ဆွဲကိုင်မှီတွယ်ရာ အာရုံကို ယူပေးရသော ကိစ္စ

၁၁၄။ ဤသို့ပြုကုန်၊ အလုံးစုံ၊ အာဝရဏပရိတ်သိ၊
၁၁၅။ ရူပပဋိသန္ဓေကမ္မ၊ ပညတ်မျှ၊ ပြုကြအာဝဏ်သိ။
၁၁၆။ အရူပနိုဘဝသန္ဓေကမ္မ၊မဟဂ္ဂတ်၊ သင့်ရာမှတ်၊
ပြုအပ်အာဝဏ်သိ။

ဤသောကြောင့်ဂုဏ်း, အကြိမ်များစွာ ဖြစ်ခွင့်မရသောကြောင့်ဂုဏ်း ပဋိသန္ဓေကျိုးကို မပေးနိုင်ကြ။ ထို့ကြောင့် မရဏာသန္နအခါက အာဝဏ်ထင်လျှင် ရှေးယခင်ဖြစ်ခဲ့သော အတိတ်ကံသာလျှင် ဖြစ်၏။ ထိုအတိတ်ကံသည်လည်း မနောဒွါရဋ္ဌသာ ဖြစ်သော ဓမ္မာရုံပင်တည်း။ သို့ဖြစ်၍ ကံအာဝဏ်ကား အတိတ်ကာလ,မနောဒွါရ ဟု မှတ်။

၁၁၄။ ဤသို့လျှင် ကံ,ကမ္မနိမိတ်,ဂတိနိမိတ်-အာဝဏ်တို့သည် အချုပ်အားဖြင့်ဆိုလျှင် အလုံးစုံသော ကာမတရား - ကာမအာဝဏ်တို့သာလျှင်တည်း။

၁၁၅။ ရူပါဝစရဈာန်တို့၏ အာဝဏ်သည် ကသိဏ်းပညတ် စသော အာဝဏ်ဖြစ်ရကား ထိုဈာန်တို့ကို ရသောပုဂ္ဂိုလ်အား သေခါနီးဆဲဆဲ၌ ရပြီးဈာန်၏ အာဝဏ်ဖြစ်သော ပညတ် ကမ္မနိမိတ် အာဝဏ်သည် ရှေ့ရှု ထင်လာ၏။ ထို့ကြောင့် ရူပပဋိသန္ဓေစိတ်တို့သည် မရဏာသန္နဇော သည်ယူအပ်သော ကသိဏ်းပညတ် စသော ပညတ်ကမ္မနိမိတ်ကို အာဝဏ်ပြုကုန်၏။

၁၁၆။ အရူပါဝစရ ပဋိသန္ဓေစိတ်တို့၏ အာဝဏ်သည်လည်း ရူပါဝစရ ပဋိသန္ဓေကဲ့သို့ ကမ္မနိမိတ် အာဝဏ်ပင်တည်း။ သို့ရာတွင် ရူပပဋိသန္ဓေ၏ အာဝဏ်သည် ပညတ်ကမ္မနိမိတ် တမျိုးထည်းသာရှိ၏။ အရူပပဋိသန္ဓေ၏ အာဝဏ်ကား ပညတ်ကမ္မနိမိတ်,မဟဂ္ဂတ်ကမ္မနိမိတ် ဟု နှစ်မျိုးရှိ၏။ထိုတွင် ပဌမာရုပ္ပ,တတိယာရုပ္ပ ပဋိသန္ဓေဝိညာဏ်သည် ကောင်းကင်ပညတ်,နတ္ထိ

၁၁၇။ ကလာပ်ဓိဝိ၊ အာသည်ဋ္ဌာန်၊ ပဋိသန်၊ မှည့်ဟန်-ရုပ်သန္ဓိ၊

၁၁၈။ အရူပ္ပာဒါဝမ်၊ ကြွင်းရုပ်ဋ္ဌာန်၊ ရုပ်နာမ်ပြိမ်းဘိ-တည်သန္ဓိ၊

၁၁၉။ အရူစုနောက်၊ ဆောက် ဆောက် ပျောက်ရှား၊ အရူပါ၊ ကာမာသန္ဓိ-တိဟိတ်သိ။

ဘောပညတ် ဟု ဆိုအင်္သော ပညတ်ကမ္မနိဗ္ဗတ်ကို အာရုံပြု၏။ ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပ ပဋိသန္ဓိဝိညာဏ်သည် ပဋ္ဌမာရုပ္ပ, တတိယာရုပ္ပ ဟု ဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြု၏။ ဤသို့ အရူပပဋိသန္ဓေတို့သည် ပညတ်ကမ္မနိမိတ်, မဟဂ္ဂုတ်ကမ္မနိမိတ် နှစ်မျိုးတွင် ထိုက်သင့်ရာ တမျိုးမျိုးကို အာရုံပြုကုန်၏။

၁၁၇။ အသညသတ်ဘုံ၌ ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသောကြောင့် ထိုပဋိသန္ဓေကို ''ရုပ်ပဋိသန္ဓေ'' ဟု ခေါ်ရ၏။

၁၁၈။ အရူပဖြာဟ္မာတို့သည် ရုပ်မပါ နာမ်သက်သက်ဖြင့်သာ ပဋိသန္ဓေနေကုန်၏။ ကြွင်းသော ကာမ တဆယ့်တဘုံ, အသညသတ် ကြဉ်သော ရူပတဆယ့်ငါးဘုံတို့၌ ရုပ်, နာမ်နှစ်ပါး ရောပြွမ်း၍ ပဋိသန္ဓေနေကုန်၏။

၁၁၉။ အရူပ စုတိ လေးပါးနောက်၌ အောက်အောက်အရူပ ပဋိသန္ဓေကြဉ်သော အရူပပဋိသန္ဓေလေးပါး, ကာမတိဟိတ် မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေလေးပါး = ပေါင်း (၈) ပါး ဖြစ်ကောင်း၏။ ဤနေရာ၌ ပဋိသန္ဓေ (၈) ပါးဟု အပေါင်းအားဖြင့် ပြဆိုသော်လည်း အစိပ်အစိပ်အားဖြင့် ရေတွက်မူ အောက်အောက် အရူပ ပဋိသန္ဓေတို့ကို ကြဉ်၍ကြဉ်၍ ရေတွက်ရမည်ဟု သတိချပ်ပါ။

၁၂၀၊ ရှုပါဒုနောက်၊ အဟိတ်ဖျောက်ပါ၊ တိကာမဒု နောက်၊ လုံးစုံရောက်၊ ကြွင်းနောက်-ကာသန္ဓိ။

၁၂၁၊ တဘဝဝယ်၊ သန္ဓေတွယ်နောက်၊ စဉ်လျောက် ထိုစိတ်၊ ထိုနိမိတ်ရုံ၊ ဘဝင်ဟုံ၊ ဝိုင်းအုံ့တွယ်ဘိ မလွှတ်သိ။

၁၂၂၊ ဝိုင်းအုံမလွတ်၊ ပဝတ်ခါတွင်၊ ဝိမယ္ဘာဉ်မူ၊ သူပင် ဖြစ်လေ၊ တူဖြစ်ရေ၊ တပွေတွေတည့်ရောက်စုတိ။

၁၂၀။ ရှုပစုတိ ငါးပါးနောက်၌ အဟိတ်ပဋိသန္ဓေနှစ်ပါးကြဉ်သော ပဋိသန္ဓေ (၁၇) ပါးဖြစ်ကောင်း၏။ တိဟိတ်ကာမစုတိလေးခုနောက်၌ အသညသတ် ပဋိသန္ဓေနှင့်တကွ အလုံးစုံသော ပဋိသန္ဓေ (၂၀) တို့ဖြစ်ကောင်း၏။ ဒွိဟိတ်စုတိလေးခုနှင့် အဟိတ်စုတိနှစ်ခုဟု ဆိုအပ်သော ကာမစုတိ ခြောက်ခုနောက်၌ ကာမပဋိသန္ဓေ (၁၀) ဖြစ်ကောင်း၏။

မရဏုပ္ပတ္တိ စတုက္ကနှင့် တကွ
စုတိ, ပဋိသန္ဓေ ပြဆိုခဏ်း ပြီး၏။

၁၂၁။ ဘဝတခုအာဘွင်းဝယ် ပဋိသန္ဓေ မှီတွယ်တည်နေပြီးနောက်၌ ပဋိသန္ဓေစိတ်ကို အစဉ်လျောက်၍ ဘဝင် (၁၅ကြိမ်, ၁၆ကြိမ်) တို့ ဆက်ကာ ဆက်ကာ ဖြစ်လာကုန်၏။ ထိုဘဝင်စိတ်တို့သည်လည်း မူလ ပဋိသန္ဓေစိတ်၏ အာရုံနိမိတ်ကိုပင်လျှင် အာရုံပြုကုန်၏။ ပဋိသန္ဓေစိတ်က ကံကိုအာရုံပြုလျှင် ဘဝင်စိတ်တို့လည်း ကံကိုပင် အာရုံပြုကုန်၏။ ဤသို့စသည်ဖြင့် သိရလေ။

၁၂၂။ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ စုတိတိုင်အောင်သည် ပစ္စုပ္ပန်မျက်မှောက်ဘဝဖြစ်သောကြောင့် ထိုကာလထိုအတွင်းကို ''ပဝတ္တိ

၁၂၃။ ရုတိရောက်ခါ၊ထိုစိတ်သာ၊ထိုအာရုံတည့်ရုတိဆိုး၊
၁၂၄။ ထိုမှနောက်လည်း၊ ဤနည်းပြုနှင့်လေ၊ သန္ဓေ
စသည်၊ဆဝထဝလည်း ရပ်တည်မရှိစက်ဟန်ဘဲ၊
ဘခါ''ဟု ခေါ်ရ၏။ ဘဝသစ် ဘဝဂံ-ဟူသည်နှင့်အညီ ဘဝ၏ အကြောင်းရင်းဖြစ်သော စိတ်သည် ''ဘဝင်စိတ်''မည်၏။ ထိုဘင၏ အကြောင်းရင်းဖြစ်ကြသော ဘဝင်စိတ်တို့သည် ပဋိသန္ဓေစိတ် ပြုခဲ့သော ကံ-စသော အာရုံနိမိတ်ကိုပင် ဝိုင်းအုံ့အာရုံပြုကြ၍ ပဝတ္တိအခါ၌ ဝီထိစိတ်များ မဖြစ်ကြလျှင် မြစ်ရေအယဉ်ကဲ့သို့ စိကာစဉ်ကာ ဘဝ၏အဆုံးဖြစ်သော စုတိမရဏာတိုင်အောင် ဖြစ်ပျက်နေကြကုန်၏။

၁၂၅။ စုတိမရဏာသို့ရောက်သောအခါ၌လည်း စုတိစိတ်သည် (မူလပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည် အာရုံပြုအပ်သော) ကံစသော အာရုံသုံးပါးတွင် တပါးပါးကိုသာလျှင် အာရုံပြု၏။

ဤဆိုခဲ့သော စကားစဉ်ဘို့ဖြင့် ''ဘဝတခုအတွင်း၌ ဖြစ်ကြသော ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည် အာရုံတမျိုးထည်းကိုသာ အာရုံပြုကြ၏'' ဟူသော အဓိပ္ပါယ်ထွက်၏။ သို့ရာတွင် ပဋိသန္ဓေစိတ်ကား ဥပါဒ်,ဌိ, ဘင်ဟူသော ခဏတ္တယအစွမ်းဖြင့် ချုပ်ခဲ့ပြီးဖြစ်၍ ပစ္စုပ္ပန်မျက်မှောက် ဘဝင်အသစ်တဖန် ထပ်မံ၍ မဖြစ်နိုင်တော့ပြီ။ ထိုမူလပဋိသန္ဓေစိတ်နှင့် အလားတူသောစိတ်သည်သာလျှင် ဘဝင်ကိစ္စ,စုတိကိစ္စအစွမ်းဖြင့် ဖြစ်ခွင့်ရှိသောကြောင့် ''ပဋိသန္ဓေစိတ်,ဘဝင်စိတ်, စုတိစိတ်တို့၏ အာရုံကား မကဲ့မပြား တမျိုးတစားထည်း ဖြစ်ကြသည် '' ဟူသောစကားကို သဒိသုပစာ စကားဟု မှတ်အပ်၏။

၁၂၆။ စုတိစိတ်ချုပ်ပြီးနောက်၌ ဤနည်းတူစွာ ရှေးဦးပဋ္ဌမ ဘဝ၏ အစဖြစ်သော ပဋိသန္ဓေစိတ်ဖြစ်၏။ ထို့နောင် ပဝတ္တိအခါ ဘဝင်စိတ်, ဝီထိစိတ်တို့ဖြစ်ကုန်၏။ စုတိအခါ စုတိစိတ်ဖြစ်၏။ ဤသို့လျှင် ပဋိသန္ဓေ,

၁၂၅၅၊ ဤဘဝတွင်၊ ရှ, သန်, ဘွင်, ဟန်၊ နောက်တန်တန်၊ ဘန်ဘန်လည်ဘီး၊ စိတ်စဉ်တည့်၊

၁၂၆၊ ဤသို့မမြဲ၊ တဝဲထင်ထင်၊ စဲမပြတ်၊ ရဟန်ဝင့် ဒုက်သိ။

၁၂၇၊ ဝန့်ဒုက်သံသာ၊ ကြောင်ဘွယ်ရာ၊ ပယ်ခွါနိုင် ဘို့ကြည့်။

၁၂၈၊ အကျင့်ထက်သန်၊ မြင့်မင်္ဂလာဏ်ဖြင့်၊ ဗျက်လွန် တဏှာ၊ အမြစ်ပါ၊ ပြစ်ခွါပယ်နိုင်ဘိ။

၁၂၉၊ တဏှာကုန်ကာ၊ ငဉ့်ဒုက္ခ၊ မရှုငြိမ်းဘိန့်ဖွယ်သိ။

၁၃၀။ နိဗ္ဗာန်ရောက်ရန်၊ ကြိုးအားသန်၊ ဘန်ဘန်အား ထုတ်ဘို့၊

ဘဝင်, စုတိစိတ်တို့သည် တဘဝမှ တဘဝသို့ ပြောင်းကာ ရွှေ့ကာ စက်ရဟန်ပမာကဲ့သို့ မရင်မတည် အထပ်ထပ်လည်၍ ဖြစ်ပျက်နေကြရသတည်း။

၁၂၅၁၊၁၂၆။ ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် စိကာစဉ်ကာ ဖြစ်ပျက်နေကြကုန်သကဲ့သို့၊ ထို့အတူ နောက်နောက်ဘဝ တို်၌လည်း ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ဝဋ်ဒုက္ခသံသရာစက်ကွင်းမှ မလွတ်ကင်းနိုင်သမျှကာလပတ်လုံး အစဉ်အမြဲ မပြတ်စဲဘဲ ထပ်တလဲလဲ ဖြစ်ပျက်ကြရပြန်၏။

၁၂၇။၁၂၈။၁၃၃၀။ ပဋိသန္ဓေတည်နေရခြင်း- ဇာတိဘေး, အိုရခြင်း-ဇရာဘေး, နာရခြင်း-ဗျာဓိဘေး, သေရခြင်း-မရဏဘေး စသော

၁၃၁။ ကေတိ်သ၊ အာဓိကဖြင့်၊ တရာပုဒ်သွယ်၊ ကဗျာ ချယ်၊ ဤဝယ်ဘုံပိုင်းသိ။

ဒိဝိဓိမတ်ပိုင်း သံပေါက် ပြီး၏။

ဘေးဒုက္ခ အသွယ်သွယ်တို့နှင့် လွန်စွာကြောက်ဘွယ်ကောင်းသော သံသရာစက်ကွင်းမှ လွတ်ကင်းနိုင်ကြောင်း နည်းကောင်းလမ်းစကို ရှာကြံကြည့်ရှုပြီးလျှင် ထိုထိုဝဋ်ဆင်းရဲအတွင်းမှ လွတ်ကင်းနိုင်မည့် အကျင့်မြတ် အကျင့်ကောင်းဖြင့် "အရဟတ္တာမဂ်ဉာဏ်" ကို ရအောင် ကျင့်ကြံ အားထုတ်ရာ၏။ ထို အရဟတ္တာမဂ်ဉာဏ်ဖြင့်သာလျှင် သံသရာဝဋ်ဆင် ရဲ အပေါင်း၏ ဒုက္ခကြောင်းရင်းဖြစ်သော "တဏှာ-သမုဒယ"ကို ဒုမြစ်က ခုတ် အငုတ်မျှမကျန်အောင် သုတ်သင် ပယ်ခွါနိုင်၏။ ယင်းသို့ တဏှာ-သမုဒယကို ပယ်ခွါသုတ်သင်နိုင်ပါက ဝဋ်ဒုက္ခအနုပါင်းဘို့မှ လွတ်ကင်း ငြိမ်းရော နိဗ္ဗာန်ချမ်းသာကို ကောန်မုချ ရောက်နိုင်ကြ၏။ ထိုကြောင့် နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်း နည်းမှန်တို့ကို ရှာကြံကြိုးကုတ် အားထုတ်ကြရမည်-ဟူလို။

ဒိဝိဓိမတ်ပိုင်း ပြီး၏။

ရုပ်ဝိုင်း

၁။ စိတ်, စေပြီးပြန်၊ ရုပကဏ်၊ တဘန် အားသစ်ထုတ်၊
၂။ သရုပ်, ဝေဘန်၊ သမုဒ္ဓာန်နှင့်၊ ရုဟန်ဖြစ်စဉ်၊
ငါးပါးသင်၊ ဤတွင် အကျဉ်းထုတ်။

၁။ "စိတ်, စေတသိက်၊ ရုပ်, နှင့်နိဗ္ဗာန်၊ ဤလေးတန်၊ ဖေါက်ပြန်မပြု-
ပရမတ်စု" ဟူ၍ ဤကျမ်း၏အစဉ် ပရမတ္ထဓမ္မတို့ကို ခေါင်းစဉ်ပြခဲ့သည်
အားလျော်စွာ အောက်ငါးပိုင်းဘို့ဖြင့် စိတ်, စေတသိက်နှင့်တကွ စုတို,
ပဋိသန္ဓေ ခဏ်းတို့ကိုပါ ပြဆိုပြီး၍ "ရုပ်ပရမတ်, နိဗ္ဗာန်ပရမတ်" နှစ်ရပ်
၏ အပိုင်းအခဏ်းကို ပြဆိုရာဖြစ်သော "ရူပကဏ္ဍ ခေါ် ရုပ်ဝိုင်း" ကို
အားသစ်ကြိုးစား ရေးသားပြဆိုပေအံ့။

၂။ ရုပ်ဝိုင်း၌ အကျဉ်းအားဖြင့် မှတ်သားထားရန် သင်္ဂဟငါးမျိုး
ရှိ၏။ ငါးမျိုးကား-

၁။ ရူပ သမုဒ္ဒေသ ၃။ ရူပသမုဋ္ဌာန
၂။ ရူပဝိဘာဂ ၄။ ရူပကလာပ

၅-ရူပပဝတ္တိကွမ-တည်း။

ထိုတွင် ရုပ်တို့ကို အကျဉ်းခရက်ကွက် ပြဆိုခြင်းသည် "ရူပသမုဒ္ဒေသ"
မည်၏။ရုပ်တို့ကို အကျယ်ဝေဘန် ပြဆိုခြင်းသည် "ရူပဝိဘာဂ" မည်၏။
ရုပ်တို့၏ ဖြစ်ကြောင်းတို့ကို ပြဆိုခြင်းသည် "ရူပသမုဋ္ဌာန" မည်၏။
ရုပ်တို့ကို ကလာပ်စည်းမှဲ့၍ ပြဆိုခြင်းသည် "ရူပကလာပ" မည်၏။
ရုပ်တို့၏ ဖြစ်စဉ်ကို ပြဆိုခြင်းသည် "ရူပပဝတ္တိကွမ" မည်၏။

၃။ မဟာဘုတ်လေး၊ ဗိုရေးဘဝ၊ နှစ်ဌာန၊ ပြားထ ဆယ့်တစ်ချပ်။

၃။ ရူပသမုဋ္ဌေသ ခဏ်း၌ ရုပ်တို့ကို အကျဉ်းဆုံး ရေတွက်လျှင် မဟာဘုတ်ရုပ်လေးပါးက တမျိုး၊ ထိုမဟာဘုတ်ရုပ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ်က တမျိုးဟု နှစ်မျိုးသာ ရှိ၏။ ၍ မဟာဘုတ်ရုပ်နှင့် ဥပါဒါရုပ် နှစ်မျိုးကိုပင်လျှင် သဘောတူရာ ရုပ်တို့ကို ပေါင်းစုရေတွက်မူကား (၁၁)ပါး ပြားသတည်း။

ပထဝီ, အာပေါ-စသော ရုပ်လေးပါးတို့သည် ငါးလိပ်, မကာရိုး-စသော ဥပါဒိန္နသန္တာန်၊ စကြာဝဠာ,ရေ-မြေ, တော,တောင်-စသော အနုပါဒိန္န သန္တာန်တို့၌ အထည်ကိုယ် ခေတ်သဘာဝ၏ အစွမ်းအားဖြင့် ကြီးမား - ထင်ရှားကြသောကြောင့် "မဟာဘုတ်" ဟူသောအမည်ကို ရကြကုန်၏။ ထင်ရှားစေအံ့ – ရုပ်ကလာပ်အစုအဝေး၌ ပကတိလူတို့၏ မျက်စိဖြင့် မြင်နိုင် သိနိုင်လောက်အောင် ပုဟန်,သဏ္ဌာန် ဖြစ်ပေါ်လာသည်မှာ ထိုခေတ်ကြီးလေးပါးတို့ များစွာ စုဝေး ပေါင်းစုခြင်းကြောင့် ဖြစ်ပေသည်။ ငါး,လိပ်,မကာရိုး-စသော သက်ရှိ သတ္တဝါများ ကြီးမား လေသမျှ၊ မြင့်မိုရ်-စကြာဝဠာ, တော-တောင်, ရေ,မြေ-စသော သက်မဲ့ ဝတ္ထုများ ကြီးမားလေသမျှတို့ကား ထိုအမှာခံခေတ်ကြီး လေးပါး မဟာဘုတ်ရုပ်များ များစွာ စုဝေးပေါင်းစုမိခြင်းကြောင့်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုအမှာခံခေတ်ကြီး လေးပါးတို့ကို "မဟာဘုတ်" ဟူ၍ ခေါ်ဝေါ်အပ်ကုန်၏။

တနည်းလည်း – မျက်လှည့်ဆရာတို့မည်သည် ကြည့်ရှုသူတို့၏ စိတ်နှလုံးကို ရှင်ပြုံး-အုံ့ဩလောက်အောင် လှည့်ပတ် ပြသနိုင်ကုန်သကဲ့သို့၊ ထို့အတူ ဤပထဝီ, အာပေါ-စသော ခေတ်ကြီးလေးပါးတို့သည်လည်း မိမိ မင်္ကိုယ်သဘောက အညို, အဖြူ-စသော သဘောသတ္တိမရှိကြဘဲ

၄၊ ဆယ်တစ်ပြားဟန်၊ ကျယ်ဝန်းဘန်၊ မှတ်ရန် ဤသို့ထုတ်၊

၅၊ ပထဝီ, အာပေါ၊ တေဇော, ဝါယ၊ ဓါတ်မမြေရေ၊ မီးနှင့်လေ၊ လေးထွေအချုပ်- ဘူတရုပ်၊

၆၊ ခက်မာ, ဖွဲ့စေး၊ ပူဇေထောက်ခံ၊ လက္ခဏာ၊ လေးတန်ဘူတရုပ်၊

လျက် ညီသောအဆင်း, ဖြူသောအဆင်း စသော သဘောကို ပြုတတ်ကြသောကြောင့် "မဟာဘုတ်" မည်ကုန်၏။

ဤရုပ်လေးမျိုးမှ ကြွင်းသောရုပ်တို့ကား မဟာဘုတ် လေးပါးတို့ကို မှီ၍ ဖြစ်ကြသောကြောင့် "ဥပါဒါရုပ်" မည်ကုန်၏။ ။ဤ၌ သူတပါးအား မှီရုံသာမှီ၍ မိမိအား အမှီမခံနိုင်ကြသော ပသာဒ စသော ရုပ်တို့သည် ဥပါဒါရုပ်တို့ မည်ကုန်၏။ မဟာဘုတ်ရုပ်တို့ကား အချင်းချင်းလည်း မှီ၍ ဖြစ်နိုင်ကြ၏။ ဥပါဒါရုပ်တို့၏ အမှီကိုလည်း ခံနိုင်ကြ၏။ ထို့ကြောင့် ဥပါဒါရုပ်ဟူသောအမည်ကို မရကြသတည်း။

၄။၅။၆။ ရုပ်(၁၁)ပါးပြားဟန်အကျယ်ကို ဤသို့ သိအပ်၏။ မဟာဘုတ်ဟူ၍၎င်း, ဘူတရုပ်ဟူ၍၎င်း ခေါ်ဝေါ်အပ်ကုန်သော ရုပ်တို့သည်-

၁။ ပထဝီ-မြေဓာတ်	၃။ တေဇော-မီးဓာတ်
၂။ အာပေါ-ရေဓာတ်	၄။ ဝါယော-လေဓာတ်

ဟူ၍ လေးပါးရှိကုန်၏။ ထိုဓာတ်မကြွင်းလေးပါးတို့၏ လက္ခဏာအစဉ်ကား ပထဝီဓာတ်သည် ခက်မာခြင်းလက္ခဏာရှိ၏။ အာပေါဓာတ်သည် ဖွဲ့စေးခြင်း, ယိုစီးခြင်း, ပြန့်နှံ့ခြင်း လက္ခဏာရှိ၏။ တေဇောဓာတ်သည် ပူးခြင်း, အေးခြင်း လက္ခဏာရှိ၏။ ဝါယောဓာတ်သည် ထောက်ကန်ခြင်း, တောင့်မာစေခြင်း လက္ခဏာရှိ၏။

၇။ စက္ခု, သောတ၊ ဃာန, ဇိဝှါ၊ ကာယမှာ၊ပသာ အကြည်ရုပ်။

၇။ မဟာဘုတ်လေးပါးတို့၏ ကြည်လင်ကြောင်းဖြစ်သော အကြည် ဓာတ်-အကြည်ရုပ်ကို ပသာဒရုပ် ဟု ဆိုရ၏။ ပသာဒရုပ်ကား ....

၁။ စက္ခုပသာဒ ၄။ ဃာနပသာဒ

၂။ သောတပသာဒ ၅။ ဇိဝှါပသာဒ

၅။ ကာယပသာဒ

ဟူ၍ ၅ါးပါးရှိ၏။ ထိုတွင်စက္ခုပသာဒရုပ်သည် မျက်လုံး၏အတွင်း မျက်နှက်ဝန်း၏အလယ် အရိပ်ထင်ရာအရုပ်၌ တည်၏။ ရူပါရုံကိုမြင်လိုသည်၏ အဖြစ်ဟုဆိုအပ်သော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေတတ်သော လက္ခဏာရှိ၏။ သောတပသာဒရုပ်သည် နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရုပ်၌ တည်၏။ သဒ္ဒါရုံကို ကြားလိုသည်၏အဖြစ်ဟု ဆိုအပ်သော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေတတ်သောလက္ခဏာရှိ၏။ ဃာနပသာဒရုပ်သည် နှာခေါင်းအတွင်း ဆိတ်ခွါနှင့်သဏ္ဌာန်တူသော အရုပ်၌တည်၏။ ဂန္ဓာရုံကို နံမိုးရှုလိုသည်၏ အဖြစ်ဟု ဆိုအပ်သော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေတတ်သော လက္ခဏာရှိ၏။ ဇိဝှါပသာဒရုပ်သည် လျှာ၏ အလယ်ကြာဖတ်ပျားနှင့် တူသောအရုပ်၌ တည်၏။ ရသာရုံကို လျက်လိုသည်၏ အဖြစ်ဟု ဆိုအပ်သော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေတတ်သော လက္ခဏာရှိ၏။ ကာယပသာဒရုပ်သည် အသားမာ, အရေခြောက်,ခြေသည်း,လက်သည်းဖျား,ဆံပင်ဖျား, မွေးညှင်းဖျားတို့မှ တပါး ပဋိသန္ဓေနေသော ခဏမှစ၍ ခန္ဓာကိုယ်တခုလုံး၌ ပြန့်နှံ့၍ တည်၏။ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခံစားလိုသည်၏ အဖြစ်ဟု ဆိုအပ်သော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်လင်စေတတ်သော လက္ခဏာရှိ၏။

၈။ ရူပ,သဒ္ဒါ,ဂန္ဓ,ရသာ၊ ဖောဋ္ဌဗ္ဗာ၊သင်္ဂြာ-အာဝုံရုပ်။
၉။ ဘူတရုပ်တွင်၊အာပေါကြည်၊ကြွင်းလျှင်ဖောဋ္ဌဗ်ရုပ်။
၁၀။ ဆဆင်းရူပါ၊ သံသဒ္ဒါနှင့်၊ နံ.မှာဂန္ဓာ၊ ရသသာ၊
တွေ့မှာဖေါဋ္ဌဗ္ဗရုပ်။
၁၁။ ထိ,ပု,ဖြစ်ရန်၊ ကြောင်းနှစ်တန်၊ နာမံဘာဝရုပ်။

၈။၉။၁၀။ပဋ္ဌဝိညာဏ်စိတ်တို့၏ အာဝုံဖြစ်သောရုပ်ကို ဂဂါစရရုပ် ဟူ၍ငင်း, ဝိသယရုပ် ဟူ၍ငင်း ခေါ်ရ၏။ ထိုရုပ်ကား-

၁။ ရူပါဝုံ-အဆင်းဓာတ်
၂။ သဒ္ဒါဝုံ-အသံဓာတ်
၃။ ဂန္ဓာဝုံ - အနံ့ဓာတ်
၄။ ရသာဝုံ-အရသာဓာတ်
၅။ ဖောဋ္ဌဗ္ဗာဝုံ - အတွေ့ဓာတ် ဟူ၍ အမည်အားဖြင့်-၅ပါး။
ရုပ်အရေအတွက်အားဖြင့်-၇ပါးရှိ၏။

ဤရုပ်တို့သည် စက္ခုဝိညာဏ် အစရှိသော ပဋ္ဌဝိညာဏ်စိတ်တို့၏ ကျက်စားရာအာဝုံအဖြစ်လျှင် လက္ခဏာရှိကုန်၏။ တနည်းလည်း-စက္ခု ပသာဒစသော ရုပ်တို့၌ ထိခိုက်ခြင်းလက္ခဏာရှိကုန်၏။

ဤ၌ ဖောဋ္ဌဗ္ဗာဝုံဟူသည် ရုပ်သီးခြားမရှိ။ အာပေါဓာတ်ကြည်သော ကြွင်းသော "ပထဝီ-တေဇော - ဝါယော" ဟု ဆိုအပ်သော မဟာဘုတ်သုံးပါးအပေါင်းပင်တည်း။ တွေ့ထိ၍ ရစေကာင်းသော ရုပ်ကိုသာ ဖောဋ္ဌဗ္ဗရုပ်ဟု ဆိုရသည်။ အာပေါဓာတ်ကား လွန်စွာ သိမ်မွေ့နူးညံ့လှသောကြောင့် တွေ့ထိ စမ်းသပ်၍ မရနိုင်။ ထိုကြောင့် "အာပေါဓာတ်" ကို ကြည်ဖယ်ရသည်ဟု မှတ်။

၁၁။ မိမှ-ယောက်ျားဖြစ်ဘို့ရန် အကြောင်းခံဖြစ်သော ရုပ်နှစ်မျိုးကို ဘာဝရုပ် ဟု ခေါ်ရ၏။ ဘာဝရုပ်သည်-

၁။ ဣတ္ထိဘာဝ ၂။ ပုရိသဘာဝ

၁၂။ နှလုံးအိမ်ဝယ်၊ စိတ်စေတ်တွယ်၊ မှီဘွယ်ဝတ္ထု၊ရုပ်။
၁၃။ ဖြစ်ပေါ်ဖြစ်ဘက်၊ ရုပ်တို့သက်၊ စိုးချက်ဇီဝရုပ်။

ဟူ၍ နှစ်ပါး ရှိ၏။ ဤရုပ်နှစ်ပါးသည် ကမ္မာဦးအစ လူဘို့အား ပဝတ္တိကာလမှစ၍ ဖြစ်၏။ နောက်နောက် ဂဟ္ဓသေယျက သတ္တဝါတို့အား ကား ပဋိသန္ဓေစိတ်နှင့်တပြိုင်နက်သာလျှင် စတင်ဖြစ်ပေါ်လာ၏။ ဂဟ္ဓယ ပသာဒရုပ်ကဲ့သို့ တကိုယ်လုံး ပြန့်နှံ့၍တည်လေသည်။ ဇာတ်ဆိုင်ရာ သည် မိမှတ်၍ သိခြင်း၏အကြောင်း, မိမှ၏အမူအရာ, အသွင်အပြင်၏ ဖြစ်ကြောင်းဟူသော လက္ခဏာရှိ၏။ ပုရိသဘာဝရုပ်ကို ဇာတ်ဆိုင်ရာဝရုပ်မှပြန်၍ သိလေ။

၁၂။ သတ္တဝါတို့၏ သန္တာန်၌ နှလုံးသားတည်းဟူသော ရုပ်တရား အစုအဝေးပါရှိနေသောကြောင့် ကောင်းကျိုးဆိုးကျိုး ထိုနှစ်မျိုးကို ပြည့်စုံစေနိုင်ကြသည်။ ထိုနှလုံးသားတည်းဟူသော ရုပ်တရားကိုပင် "ဟဒယရုပ်" ဟုခေါ်ဆိုရ၏။ စိတ်, စေတသိက်တရားတို့၏ မှီရာတည် ရာဖြစ်သောကြောင့်လည်း ထိုရုပ်ကိုပင် "ဟဒယာဝတ္ထုရုပ်" ဟုခေါ်ရ၏။ ဟဒယဝတ္ထုရုပ်ကား သားမြှောက်နှစ်ခုတို့၏အလယ် နှလုံးအိမ်၏အတွင်း၌ ပုန်းညက်စေ့လေ က် ကျယ်ဝန်းသာတွင်းငယ်ရှိ၏။ ထိုတွင်းငယ်ထဲ၌ သွေးများစွာလည်းရှိ၏။ ထိုသွေးများကို ပြန့်နှံ့လျက်တည်လေသည်။ မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာတည်ရာလျှင် လက္ခဏာရှိ၏။

၁၃။ မိမိနှင့်တကွ ဖြစ်ဖေါ်ဖြစ်ဘက် ကမ္မဇရုပ်တို့ကို စိုမိုးစောင့် ရှောက်တတ်သောရုပ်ကို ရူပဇီဝိတိန္ဒြေ ဟုခေါ်ရ၏။ အဓိမဲ့သားအား နို့ထိန်းများက စောင့်ရှောက်ထိန်းသိမ်း ပေးဘိသကဲ့သို့၊ထို့အတူနို့ထိန်း နှင့်တူသော ဤဇီဝိတရုပ်သည်အမိနှင့်တူသော အကြောင်းကံ ချုပ်ငြိုး

၁၄၊ ဆေးတွင်းစစ်၊ သြဇာနှစ်နှယ်၊ သတ္တိကြွယ်၊မှတ်ဘွယ်ဟာရုပ်။

၁၅၊ ဤရုပ်ဌာရ၊ သဘာဝနှင့်၊ သလက္ခဏာ၊ နိပ္ပန္နဲ၊ ရူပရုပ်၊ ရူပရုပ်၊

၁၆၊ သမ္မသနုံ၊အာတန်တန်၊နာမံ ခေါ်သမုတ်၊

နောက် သားနှင့်တူသော ကမ္မဇရုပ်ကို သက်တမ်းစေ့ဖြစ်နိုင်အောင် စောင့်ရှောက်ထိန်းသိမ်းထားလေသည်။ ဤရုပ်သည် ကာယပသာဒနှင့် ဘာဝရုပ် နှစ်ပါးမတည်နိုင်သော ပါစကတေဇောဟု ဆိုအပ်သော ဥပါဒိန္နကမ္မဇကာယနှင့်တကွ ခန္ဓာကိုယ် တခုလုံး၌ ပြန့်နှံ့၍တည်၏။ မိဒုနှင့်ဖြစ်ဖော်-ဖြစ်ဘက် ကမ္မဇရုပ်တို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာရှိ၏။

၁၄။ စားမျိုသုံးဆောင်အပ်သောအစာအာဟာရ၌ပါသော သြဇာ-ဓာတ်ဆီကဲ့သို့ အာဟာရသတ္တိကို ဆောင်တတ်သော အင်္ဂုတ္တရသြဇာသည် အာဟာရရုပ်မည်၏။ ကဗဠိကာရာဟာရရုပ်လည်း မည်၏။ ဇုန္ဒြိယရုပ်ရှစ်ပါးနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ထောက်ပံ့ခိုင်မာစေခြင်း လက္ခဏာရှိ၏။ တနည်း-သြဇာလျှင် ရှစ်ခုမြောက်ဖြစ်သော ရုပ်ကိုဆောင်ခြင်း လက္ခဏာရှိ၏။

၁၅၊၁၆။ ဤသို့လျှင် မဟာဘုတ် ၄-ပါး, ပသာဒရုပ်-၅ပါး, ဂေါစရရုပ် (အဂ္ဂဟိတဂ္ဂဟဏ နည်းဖြင့်) ၄-ပါး, ဘာဝရုပ်- ၂ပါး, ဟဒယရုပ် ၁ပါး, ဇီဝိတရုပ်-၁ပါး, အာဟာရရုပ်-၁ပါး = ပေါင်း(၁၈)ပါးသော ရုပ်သည် သဘာဝရုပ်လည်းမည်၏။ သလက္ခဏရုပ်လည်း မည်၏။ နိပ္ပန္နရုပ်လည်း မည်၏။ ရူပရုပ်လည်း မည်၏။ သမ္မသနရုပ်လည်း မည်၏။

၁၂။ ခက်မာဆောဒိ၊ ဒိဒိသက္ခဏာ၊ ကိုယ်စိပါ၊ သဘာဝါရုပ် ခေါ်သမုတ်။

၁၃။ ဇာတိ,ဇရာ၊ အနိစ္စာဟု၊ သုံးခုသက္ခဏာ၊ ကိုယ်စိပါ၊ သညာ-သလက်ရုပ်။

၁၄။ ကံ,စိတ်,ဥ,အာဟာရကြောင်းလေးဖြာမှတ်၊ပြုပြင်ဆပ်၊ ပညတ်-ရူပရုပ်။

၂၀။ ချမ်း, ပူစတွေ၊ တွေ့ကြုံပေလတ်၊ ဖေါက်ပြန်တတ်၊ပညတ်-နိပ္ဖန်ရုပ်။

၁၇။ မည်သည့်ရုပ်၌မဆို ခက်မာခြင်း,ဖွဲ့စေးခြင်း,ပူအေးခြင်း-အစရှိသော မိဓိတို့၏ သဘောလက္ခဏာ ကိုယ်စီ,ကိုယ်စီ ပါသောကြောင့် ဤရုပ်(၁၈)ပါးသည် "သဘာဝရုပ်" အမည်ရ၏။

၁၈။ ဥပါဒ်ခြင်း-ဥပစယ,သန္တတိဟု ဆိုအပ်သော ဇာတိလက္ခဏာ, တည်နေခြင်း, ရင့်ကျက်ခြင်း-ဇရတာဟု ဆိုအပ်သော ဇရာလက္ခဏာ, ပျက်စီးခြင်း-အနိစ္စတာဟု ဆိုအပ်သော အနိစ္စလက္ခဏာ-ဤလက္ခဏာသုံးခု ကိုယ်စီ,ကိုယ်စီ ပါသောကြောင့် "သလက္ခဏာရုပ်" မည်၏။

၁၉။ ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော ရုပ်ဖြစ်စေကြောင်းတရားလေးပါးတို့သည် ဖြစ်စေအပ်-ပြုပြင်အပ်သောကြောင့် "နိပ္ဖန္နရုပ်" မည်၏။

၂၀။ အချမ်း,အပူ-စသော ဆန့်ကျင်ဘက် အကြောင်းတို့နှင့် တွေ့ဆုံမိလျှင် ဖေါက်ပြန်,ချောက်ခြား, ယိုက်ပြားတတ်သောကြောင့် "ရူပရုပ်" မည်၏။

၂၁။ လက္ခဏာဝတင်၊ သုံးဆင့်ခြင်ရန်၊ထိုက်သျှော်တန်၊ နဝမံ-သမ္မသနရုပ်။

၂၂။ ကလာပ်ထပါး၊ ပိုင်းခြားခြင်းမျှ၊ အာကာသ၊ နာမ-ပရိပ်ရုပ်။

၂၃။ ကာယ, ဝစီ၊ နှစ်လိလှုပ်မှု၊ ဝိညတ်ဟု။ မည်ပြု ဝိကာရုပ်။

၂၁။ အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသောလက္ခဏာယာဉ်တင်ပြီးလျှင် ဆင်ခြင်သုံးသပ်ခြင်းငှါ ထိုက်သောကြောင့် "သမ္မသနရုပ်" မည်၏။

နိဗ္ဗန္နရုပ် (၁၈) ပါး ပြီး၏။

၂၂။ ရုပ်ကလာပ်တို့ကို တပါးနှင့်တပါး မရောနှော မရှုတ်ထွေး ရအောင် ပိုင်းခြားခြင်းမျှဖြစ်သော အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။ ဤရုပ်ကား ပရမတ်စစ်စစ်မဟုတ်၊ ရုပ်ကလာပ်နှစ်ခုဖြစ်ပေါ်လာ သောအခါ အလိုအလျောက် ပေါ်ပေါက်လာသော ပညတ်တရားသာလျှင် တည်း။ ယင်းသို့ ပရမတ်မဟုတ် ပညတ်မျှဖြစ်သောကြောင့် ဤရုပ်၌ ပိုင်းခြားတတ်သော ဗျာပါရသတို့ အလျဉ်းမရှိ။ သို့ရာတွင် ပိုင်းခြားအပ် သော ရုပ်ကလာပ်တို့နှင့် ထိပါးခြင်းမရှိဘဲ အသီးအခြားဖြစ်၍ ကလာပ် တပါးနှင့်တပါး မရောယှက် မရှုတ်ထွေးရအောင် ပိုင်းခြားတတ်သကဲ့သို့ ဖြစ်ခြင်းသဘောကိုပင် ဥပရိကွဲ့ဒအားဖြင့် "ပိုင်းခြားတတ်သည်" ဟု ဆိုရသတည်း။

၂၃။ လက်, ခြေစသော ကိုယ်ခန္ဓာလှုပ်ရှားခြင်းဖြင့် သူတပါးအား သိစေတတ်သော အမှုအရာအထူးသည် ကာယဝိညတ် မည်၏။ စကား

၂၄၊ ရုပ်ပေါ့လဟု၊ မဒုန္နုးညံ့၊ ကမ္မဉ်ခန့်၊ သန့်သန့် ဝိကာရုပ်။

ပြောသံ, နှုတ်ထွက်သံ လှုပ်ရှားခြင်းဖြင့် သူတပါးအား သိစေတတ်သော အမှုအရာအထူးသည် ဝစီဝဉ်တ် မည်၏။ ဤကာယဝိညတ်, ဝစီဝိညတ် ရုပ်နှစ်ပါးအပေါင်းကိုပင် "ဝိကာရရုပ်" ဟူ၍လည်း ခေါ်ရ၏။

၂၄။ စိတ်,ဥတု, အာဟာရကြောင့် ဖြစ်ကုန်သော နိပ္ပန္နရုပ် (၁၈) ပါးတို့၏ ပေါ့ပါးသည်၏ အဖြစ်ဟု ဆိုအပ်သော ရူပဿလဟုတာ, နူးညံ့သည်၏အဖြစ်ဟု ဆိုအပ်သော ရူပဿမုဒုတာ, အမှုဉ် ခိုင်သည်၏ အဖြစ်ဟု ဆိုအပ်သော ရူပဿ ကမ္မညတာ-ရုပ်သုံးပါးအပေါင်းသည် လဟုတာဒိဇာယရုပ်လည်းမည်၏။ ဝိကာရရုပ်လည်း မည်၏။

ဤရုပ် သုံးပါးအပေါင်းသည် ပစ္စုပ္ပန်ဘဝကြောင်းကိုသာ ငဲ့သော အမှုအရာထူးရှိသောကြောင့် ရှေးအတိတ်ကံကြောင့်ဖြစ်သော နိပ္ပန္နကမ္မဇ ရုပ်တို့၌မရှိ။စိတ်,ဥတု,အာဟာရကြောင့်ဖြစ်သော နိပ္ပန္နရုပ်တို့၌သာ ရှိ၏။ စိတ်ချမ်းသာသောအခါ,အာဟာရမျှတသောအခါ, ဥတုရာသီ သာယာညီညွတ်သောအခါတို့၌ ရုပ်ခန္ဓာကြီး၏ ပေါ့ပါး ဖျပ်လတ်သော အမှုအရာထူးသည်"ရူပဿလဟုတာ"ရုပ်၏ အစွမ်းကြောင့်တည်း။ ရုပ်ခန္ဓာကြီး၏ နူးညံ့ပျော့ပြောင်းမှုဟု ဆိုအပ်သော အမှုအရာထူးသည် "ရူပဿလဟုတာ" ရုပ်၏အစွမ်းကြောင့်တည်း။ ကိုယ်လက်လှုပ်ရှားခြင်း, နှုတ်လှုပ်ရှားခြင်းတို့၌ ကောင်းမွန် ခိုင်ညားသည်၏ အဖြစ်ဟု ဆိုအပ်သော အမှုအရာထူးသည် "ရူပဿ ကမ္မညတာ" ရုပ်၏အစွမ်းကြောင့်တည်း။ ဤရုပ်သုံးပါးအပေါင်းသည် တိဇနိပ္ပန္နရုပ်တို့၏ ပေါ့ပါးမှုစသော အမှုအရာထူးမျှသာဖြစ်၍ ဝိညတ်ရုပ်နှစ်ပါးနှင့် မရောမရှက် ၎င်းတို့ချည်း သီးသန့်ဖြစ်ကြသောကြောင့် "ဝိကာရရုပ်"ဟုလည်း အမည်ရ၏။

၂၅။ ရုဝ်စဖြစ်မှု၊ ဥပစယ။ စဉ်ကြဖြစ်ဘိ၊ သန္တာတ်နှင့်၊ ရင့်ဘိဇာရ၊ ပျက်နိဗ္ဗာ၊ လက္ခဏာသမုတ် မှတ် ကြောင်းရုဝ်။

၂၆။ ရုဝ်၏ဖြစ်မှု၊ ဥပစယ၊ တဝ သန္တာတိ၊နှစ်မည်ဂို၊ ဇာတိတခုရုဝ်။

၂၅။ နိပ္ပန္နရုဝ်(၁၈)ပါးတို့၏ စ၍ဖြစ်ခြင်း-ဥပစယ,ထိုရုဝ်တို့၏ စ၍ ဖြစ်ပြီးနောက် အစဉ်ဖြစ်နေခြင်း-သန္တာတိ,ထိုရုဝ်တို့၏ တည်နေ ရင့်ကျက် ခြင်း-ဇရတာ, ထိုရုဝ်တို့၏ ပျက်စီးခြင်း-အနိစ္စတာ ရုဝ်လေးပါးတို့သည် နိပ္ပန္နရုဝ်တို့၏ ဥပါဒ်, ဋ္ဌိ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးအပေါင်းကို မှတ်ကြောင်းဖြစ်ကြသောကြောင့် လက္ခဏရုဝ် ဘို့မည်ကုန်၏။

၂၆။ ဥပစယ, သန္တာတိ ရုဝ်နှစ်ပါးကား သုတ္တန်ဒေသနာနည်း ဖြင့် ဟောကြားတော်မူအပ်သော ဇာတိရုဝ် တခုထည်းကိုပင် အဘိဓမ္မာ ဒေသနာနည်းဖြင့် "ဥပစယ,သန္တာတိ"ဟူ၍ နှစ်မျိုးခွဲ၍ ခေါ်ဝေါ်အပ်၏။ ။ရှေးဦးအစ ဖြစ်ခြင်း, နောက်ဆုံးဖြစ်ခြင်းဟု ဆိုအပ်သော ဖြစ်ပုံ အခြင်းအရာ ကဲ့ပြားသည်၏ အဖြစ်ကြောင့်ဝင်း, ဆုံးမထိုက်သော ဝေနေယျတို့၏ အလိုအား ဖြင့် ရူပကလ္လာဒ် နှစ်ပါးခွဲ၍ ဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်ဝင်း ဇာတိရုဝ်တခုထည်းက ဥပစယ, သန္တာတိ ဟူသော အမည်နှစ်ပါး ရသည်ဟုမှတ်။

ထိုမှတပါး ပရိစ္ဆေဒရုဝ်အစ လက္ခဏရုဝ် အဆုံးရှိကုန်သော အနိပ္ပန္နရုဝ်(၁၀)ပါးတို့သည် စင်စစ်အားဖြင့် ပရမတ်တရားများ မဟုတ်ကြကုန်။ ပညတ်တရားတို့ချည်း သာတည်း။ သို့ရာတွင် ဤရုဝ်ဆယ်ပါးတို့သည် ပရမတ်အစစ်ဖြစ်ကြသော နိပ္ပန္နရုဝ်တို့၏ သဘောကို လွန်၍မဖြစ်နိုင်ကြ။ အခိုက်အတန့်မျှကို စွဲ၍ဖြစ်ကြသောကြောင့် ပညတ်အမည် မရကြဘဲ ပရမတ်အမည် ရကြသတည်း။

အနိပ္ပန္နရုဝ်(၁၀)ပြီး၏။

၂၇၊ ဤသို့ပြေားလစ်၊ တဆယ့်တစ်မှန်၊ သရုပ်ဘန်၊ဝိသံအာဠဝထုတ်။

၂၈၊ ဘူ, ပ, ဝိ, ဘာ၊ ဟ, ဇိ, အာ၊ ဠာရုနိမ္မန်ရုပ်။

၂၉၊ ဆွေ,ဝိဉ်,ဝိ,လက်၊ဒသက်,အနိဗ်၊ပေါင်းရောကြိတ်၊ ဝိဆိတ်အာဠဝရုပ်။

၂၇။ ဤသို့လျှင် သဘောတူရာ-အမည်တူရာ ရုပ်တို့ကို ပေါင်းစုရေတွက်မူကား....

၁။ မဟာဘူတ်လေးပါ	(၁)	၆။ ဇီဝိတရုပ်တပါး	(၁)
၂။ ပသာဒရုပ်ငါးပါး	(၁)	၇။ အာဟာရရုပ်တပါး	(၁)
၃။ ဂေါစရရုပ်လေးပါး	(၁)	၈။ ပရိစ္ဆေဒရုပ်တပါး	(၁)
၄။ ဘာဝရုပ်နှစ်ပါး	(၁)	၉။ ဝိညတ်ရုပ်နှစ်ပါး	(၁)
၅။ ဟဒယရုပ်တပါး	(၁)	၁၀။ လဟုတာဒိတ္တယရုပ်သုံးပါး	(၁)

၁၁။ လက္ခဏရုပ်လေးပါး (၁)

အားဖြင့် (၁၁)ပါးပြား၏။ ရသင့်တိုင်းသော ရုပ်တို့ကို လေးပါး, ငါးပါး-စသဖြင့် ရေတွက်လျှင်ကား ရုပ်ပေါင်း(၂၈)ပါး ဖြစ်သတည်း။

၂၈။ ဤရုပ်(၂၈)ပါးကိုပင် နိပ္ပန္နရုပ်, အနိပ္ပန္နရုပ်နှစ်မျိုးဖြင့်ခွဲခြားရေတွက်ပြန်လျှင် "ဘူ,ပ,ဝိ,ဘာ"၏အရ-ဘူတရုပ်လေးပါး,ပသာဒရုပ်ငါးပါး, ဝိသယရုပ်လေးပါး, ဘာဝရုပ်နှစ်ပါး, "ဟ,ဇိ,အာ"၏အရ-ဟဒယရုပ်တပါး, ဇီဝိတရုပ်တပါး, အာဟာရရုပ်တပါးအားဖြင့် ပေါင်းနိပ္ပန္နရုပ်(၁၈)ပါးဖြစ်၏။

၂၉။ "ဆွေ,ဝိဉ်,ဝိ,လက်"၏အရ-ပရိစ္ဆေဒရုပ်တပါး, ဝိညတ်ရုပ်နှစ်ပါး, ဝိကာရရုပ်ခေါ်သော လဟုတာဒိတ္တယရုပ် သုံးပါး, လက္ခဏ

၃၀။ အဟေတုကံ၊ ကြောင်းစဉ်နှလုံက်၊ ဇမ္ဗုနဒရုပ၊ တွင်းပြင်စ၊ ဘေဒအပြားထုတ်၊

၃၁။ လုံးစုံရုပ်လျှင်၊ ဟိတ်မယှဉ်မှု၊ အဟေတု၊ မည်ပြီ ခေါ်သမုတ်။

၃၂။ ကမ္မံအာဒိ၊ ဖြစ်ကြောင်းဂိုမှန်၊ မည်နာမံ၊ သပ္ပစ္စယံ ရုပ် ခေါ်သမုတ်။

ရုပ်လေးပါးအားဖြင့် ပေါင်းအနိပ္ပန္နရုပ် (၁၀) ပါးဖြစ်၏။ နိပ္ပန္နရုပ် (၁၀) ပါးနှင့် အနိပ္ပန္နရုပ် (၁၀) ပါးကို ပေါင်းလျှင် "ဝိသိတ်အဋ္ဌရုပ်"၏အရေ ရုပ် (၂၀) ပါးပင် ဖြစ်သတည်း။

ရူပသမုဒ္ဒေသ ပြဆိုခဏ်း ပြီး၏။

၃၀၊ အောက်၌ ရေတွက်ပြခဲ့သော အလုံးစုံသောရုပ်သည် သမ္မယုတ် ဟိတ် မရှိသောကြောင့် အဟေတုက, ကံ-စသော အကြောင်းရှိသည်၏ အဖြစ်ကြောင့် သပ္ပစ္စယ-အစရှိသော နည်းဖြင့် စိစစ်ရေတွက်လျှင် အမည် တမျိုးစိ-တမျိုးစိသာ ရှိ၏။ အတွင်း၌ ဖြစ်သော အဇ္ဈတ္တိကရုပ်, အပ၌ ဖြစ်သော ဗာဟိရရုပ်-အစရှိသော အထူးအပြားအားဖြင့် ရေတွက်မူကား ထူးခြား-ကွဲပြားသည့် အမည်အမျိုးမျိုး ဒိုလာ၏။

၃၁။ အလုံးစုံသော ရုပ်သည် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ-တည်းဟူသော ဟိတ်တပါးနှင့်မှု မယှဉ်သောကြောင့် အဟေတုက မည်၏။

၃၂။ ကံ-အစရှိသော ဖြစ်စေကြောင်း ရှိသည်၏ အဖြစ်ကြောင့် သပ္ပစ္စယ လည်း မည်၏။

၃၃။ အာသဝေါစု၊ အာရုံပြု၊ မည်မှု - သာသဝထုတ်။
၃၄။ အကြောင်းလေးတန်၊ပြုပြင်မှုန်၊နာမံ-သင်္ခတထုတ်၊
၃၅။ ဥပါဒါန်စု၊ အာရုံပြုရန်၊ ခန္ဓာမှန်၊ နာမံ-လောကီထုတ်။
၃၆။ ကာမတဏှာ၊ အာရုံသာ၊ ကာမာ ခေါ်သမုတ်။
၃၇။ အာရုံတွယ်ကပ်၊ မယူတတ်မှုန်၊ အနာရမ်၊ နာမံ ခေါ်သမုတ်။
၃၈။ မပယ်ထိုက်မှုန်၊ မပယ်ရုန်၊ နာမံ-အပဟာထုတ်။

၃၃။ ကာမာသဝ-စသော အာသဝေါတရား လေးပါးတို့၏ အာရုံပြုရာ ဖြစ်သောကြောင့် သာသဝ လည်း မည်၏။

၃၄။ ကံ,စိတ်,ဥတု,အာဟာရ-တည်းဟူသော အကြောင်းလေးပါးတို့သည် ပြုပြင်-စီရင်အပ်သောကြောင့် သင်္ခတ လည်းမည်၏။

၃၅။ ကာမုပါဒါန်-အစရှိသော ဥပါဒါနက္ခန္ဓာ တရားငါးပါးတို့၏ အာရုံပြုရာ ဖြစ်သောကြောင့် လောကီယ လည်း မည်၏။

၃၆။ ကာမတဏှာ၏ ကျက်စားရာ-အာရုံပြုရာ ဖြစ်သောကြောင့် ကာမာဝစရ လည်း မည်၏။

၃၇။ နာမ်တရားတို့ကဲ့သို့ တစုံတခုသော အာရုံကိုမျှ မယူတတ်သောကြောင့် အနာရမ္မဏ လည်း မည်၏။

၃၈။ အကုသိုလ် ဒုစရိုက်တရားတို့ကဲ့သို့ တဒင်္ဂပဟာန် စသည်တို့၏ အစွမ်းဖြင့် ပယ်အပ်သည်၏ အဖြစ်မရှိသောကြောင့်။ ဝါ၊ ပယ်၍ မဖြစ်ကောင်းသောကြောင့် အပဟာတဗ္ဗ လည်း မည်၏။ ။ဤကား

၃၉။ ပသာငါးဖြာ၊ အစ္ဆတ္တာ၊ ကြင်းမှာ ဗာဟိရုပ်။
၄၀။ ပသာ, ဟဒယ၊ ဝတ္ထုဆ၊ ကြင်းထဒုတိယရုပ်။
၄၁။ ပသာ, ဝိညတ်၊ ဒွါဒသမတ်၊ ကြင်းလတ်အဒွါရုပ်။

မှန်ရှုပ-ဟူသော လက်ဝဲပိုဒ်အရ အမည်တမျိုးစီ, တမျိုးစီအားဖြင့် ရေတွက်ပြခြင်းတည်း။

၃၉။ ယင်းသို့ အလုံးစုံသော ရုပ်သည် ‘‘ အဟေတုက, သပ္ပစ္စယ’’ စသော အမည်တမျိုးစီ, တမျိုးစီ ရှိခြားသော်လည်း ခန္ဓာပဉ္စကကို အစဲ့ပြု၍ အတွင်းဖြစ်သော ‘‘အဇ္ဈတ္တိကရုပ်’’ အပြင်ဖြစ်သော‘‘ဗာဟိရရုပ်’’ အစရှိသောအားဖြင့် ဝေဘန်စီစစ်မှုကား အထူးထူးအပြားပြား များစွာ ရှိသည်၏ အဖြစ်ကိုလည်း ဤသို့ သိအပ်၏။ ။ပသာဒရုပ်ငါးပါးတို့သည် ခန္ဓာကိုယ်တွင်း၌ လွန်စွာ ကျေးဇူးများ၍ ထင်ရှားကြသောကြောင့် အစ္ဈတ္တိက ရုပ်တို့ မည်ကုန်၏။ ကြင်းသောရုပ် (၂၃)ပါးတို့သည် ခန္ဓာကိုယ်၏ အပြင်ဖြစ်၍ ကျေးဇူးမများ မထင်ရှားကြသောကြောင့် ဗာဟိရ ရုပ်တို့ မည်ကုန်၏။

၄၀။ ပသာဒရုပ်ငါးပါး, ဟဒယရုပ်တပါး ဤ-၆ ပါးသောရုပ်တို့သည် စိတ်စေတသိက်တို့၏ မှီရာဖြစ်ကြသောကြောင့် ဝတ္ထုရုပ် မည်ကုန်၏။ ကြင်းသောရုပ်- ၂၂ပါးတို့သည် စိတ်စေတသိက်တို့၏ မှီရာမဟုတ်ကြသောကြောင့် အာဝတ္ထုရုပ်တို့ မည်ကုန်၏။

၄၁။ ပသာဒရုပ်ငါးပါး,ဝိညတ်ရုပ်နှစ်ပါး ဤ-၇ပါးသောရုပ်တို့သည် ဝိထိစိတ်တို့၏ ဖြစ်ကြောင်း, ကာယကံ - ဝစီကံတို့၏ မြောက်ကြောင်း ဖြစ်ကြသောကြောင့် ဒွါရရုပ် တို့ မည်ကုန်၏။ ကြင်းသောရုပ်- ၂၁ပါးတို့သည် ဆိုခဲ့သောဒုကြောင်းမရှိသောကြောင့် အဒွါရရုပ်တို့ မည်ကုန်၏။

၎၂။ ပ, ဘာ, ဇိ, ဝေ၊ ဤနှစ်၊ ကြွင်းလေးနှစ်ရပ်။
၎၃။ ပသာ,ဝိသယာ၊ နွဲ့ဒမှာမှ။ သြဠာရိက၊သန္တိက၊ သပ္ပဋိဃရုပ် ခေါ်သမုတ်။
၎၄။ ကြွင်း သောဠသ၊ သုခုမ၊ ဒွေရူပအပ္ပဋိဃရုပ်။
၎၅။ ကံကြောင့်ဖြစ်ခါ၊ ဥပါဒိဏ္ဏာ၊ ကြွင်းသမျှ၊ အနုပါဒိန္နရုပ်။

၎၂။ ပသာဒရုပ် ငါးပါး, ဘာဝရုပ်နှစ်ပါး, ဇီဝိတရုပ်တပါး ဤ-၈ ပါးသောရုပ်တို့သည် ပဋိဉာဏ်တို့ဦးဂုဏ်း, ဒုတိယလိင်စသည်တို့ဦးဂုဏ်း သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်းတို့ဦးဂုဏ်း အစိုးရသည်၏ အဖြစ်ကြောင့် ဒွန္ဒြိယရုပ်တို့ မည်ကုန်၏။ ကြွင်းသောရုပ် (၂၀) တို့သည် အစိုးရခြင်းမရှိကြသောကြောင့် အနိန္ဒြိယရုပ်တို့ မည်ကုန်၏။

၎၃။ ပသာဒရုပ် ငါးပါး,ဝိသယရုပ် ခုနှစ်ပါး-၌ ၁၂ပါးသော ရုပ်တို့သည် အာရုံ, အာရမ္မဏိက အဖြစ်သို့ ရောက်ခြင်းအစွမ်းဖြင့် ရုံ့ရင်းကြမ်းတမ်းကြသောကြောင့် သြဠာရိကရုပ်, ဉာဏ်မျက်စိဖြင့် ထိုးထွင်းသိမြင်ခြင်းငှါ လွယ်ကူနိုးကပ်သည်၏ အဖြစ်ကြောင့် သန္တိကရုပ်,ဝတ္ထု၊ နှင့်အာရုံ အချင်းချင်း ပေါင်းသင်း တိုက်ဆိုင်မိခြင်း သဘောရှိကြသောကြောင့် သပ္ပဋိဃရုပ် တို့ မည်ကုန်၏။

၎၄။ ကြွင်းသောရုပ် (၁၆) ပါးတို့သည် နူးညံ့သိမ်မွေ့သောကြောင့် သုခုမရုပ်, ဉာဏ်မျက်စိဖြင့် ထိုးထွင်း သိမြင်ခြင်းငှါ မလွယ်ကူဘဲ ခက်ခဲ ဝေးကွာလှသောကြောင့် ဒူရေရုပ်, ဝတ္ထုနှင့်အာရုံ အချင်းချင်း ပေါင်းသင်း တိုက်ဆိုင်မိခြင်းသဘောမရှိကြသောကြောင့် အပ္ပဋိဃရုပ် တို့ မည်ကုန်၏။

၎၅။ ကံကြောင့်ဖြစ်၍ ကံ၏အကျိုးဆက်ဖြစ်သော ကမ္မဇရုပ်သည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံက မိမိ၏အကျိုး၏ အဖြစ်ဖြင့်

၄၆။ ရူပါရုံမှတ်၊ သနိဒသ်၊ ကြွင်းလပ်အနိရုပ်။
၄၇။ စက်ံသော,မှာမူ၊ မရောက်ယူဘိ၊ဃာနာဒိတွက်ရောက်လျက်၊ဝေါစရဂ္ဂါဟိရုပ်။

ယူအပ်သောကြောင့် ဥပါဒိဏ္ဏာရုပ် မည်၏။ ကြွင်းသောစိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော တိဇရုပ်သည် ကံ၏အကျိုးအဖြစ်ဖြင့် မယူအပ်သောကြောင့် အနုပါဒိဏ္ဏာရုပ် မည်၏။

၄၆။ ရူပါရုံသည် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ခြင်း၄၂ ထိုက်သည်၏အဖြစ်ကြောင့် သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် (၂၇)ပါးတို့သည် မြင်ခြင်း၄၂ မထိုက်သည်၏အဖြစ်ကြောင့်။ ဝါ၊မမြင်ကောင်းသောကြောင့် အနိဒဿနရုပ် မည်၏။

၄၇။ ပဿာဒရုပ်၄ပါးတို့သည် အာရုံကို ယူတတ်သောကြောင့် ဝေါစရဂ္ဂါဟိက ရုပ်တို့ မည်ကုန်၏။ ထိုဘွင် စက္ခုပဿာဒ, သောတပဿာဒရုပ်နှစ်ပါးသည် အာရုံကို မဆိ,မကပ်,မဆောက်တဲလျက် ယူဘတ်သောကြောင့် အသမ္ပတ္တဝေါစရဂ္ဂါဟိက ရုပ် မည်၏။ ကြွင်းသော ဃာန,ဇိဝှါ, ကာယပဿာဒရုပ်သုံးပါးတို့သည် အာရုံကို ထိရ, ကပ်ရ, ဆောက်ရမှ ယူတတ်သောကြောင့် သမ္ပတ္တဝေါစရဂ္ဂါဟိက ရုပ်တို့ မည်ကုန်၏။

အောက်၌ ရုပ်ဟူသမျှ အာရုံကို မယူတတ်သောကြောင့် ''အနာရမ္မဏာ'' မည်ကြောင်းကို ဆိုခဲ့၏။ ဤ၌ ပဿာဒရုပ်တို့သည် အာရုံကို ယူတတ်သောကြောင့် ဝေါစရဂ္ဂါဟိကရုပ် မည်ကုန်၏ဟု ဆိုပြန်၏။ အောက်၌ဆိုသော စကားသည် ရုပ်ဟူသမျှ ကောန်အမှန် အာရုံကို မယူတတ်သောကြောင့် တိုက်ရိုက်မှု၌ နိတ္ထအားဖြင့် ဆိုထားသောစကားတည်း။ ဤ၌ကား ဋ္ဌာနိပဋ္ဌဝိညာဏ်စိတ်တို့၏ အမည်ကို ဋ္ဌာနဖြစ်သော ပဿာဒရုပ်တို့၌ တင်စား၍ ''ဋ္ဌာနပ္ပသာဒာ'' အားဖြင့်ဂုဏ်း, အကျိုးဖြစ်သော

၄၈။ ကြွင်းသမျှ ကို၊ အာ, နှင့် ဆို၊ ရုံ ကို မ ယူ ရပ်။
၄၉။ ဆင်း,နံ,,ရ,ဓာ၊ ဘုတ်လေးဖြာတို့၊ ဖြစ်ခါးပါင်း
ဟိတ်၊ ကွဲမစိပ်၊ အဝီနိဇ္ဈာဂရုင်။
၅၀။ အကြွင်းဝိသံ၊ မှတ်ဘို့ရန်၊ နာမံဝိနိဗ်ရပ်၊
၅၁။ ဤသို့ဝိဌာ၊ ရုပ်ကိုသာ၊ ဘေဒါအပြားထုတ်။

ပဋ္ဌဝိညာဏ်စိတ်တို့၏ အမည်ကို အကြောင်းဖြစ်သော ပသာဒရုပ်တို့၌ တင်စား၍ "ဖလူပစာရ" အားဖြင့်ဂုဏ်း ဆိုထားသောကြောင့် တိုက်ရိုက် မဟုတ် ဝေဒုစ်ပရိယာယ-နေယျတ္ထအားဖြင့် ဆိုသောစကားတည်း။

၄၈။ ကြွင်းသော ရုပ်(၂၃)ပါးတို့သည် အာရုံကို မယူတတ်ကြသောကြောင့် အဂေါစရဂ္ဂါဟိက ရုပ် တို့မည်ကုန်၏။

၄၉။ အဆင်း,အနံ,,အရသာ,သြဇာ-ဟု ဆိုအပ်သော ဝဏ္ဏ, ဂန္ဓ, ရသ,သြဇာ ရုပ်လေးပါးနှင့် ပထဝီ,အာပေါ စသော မဟာဘုတ်လေးပါး = ၌(၈)ပါးသောရုပ်တို့သည် မည်သည့်အရာဝတ္ထုမျိုးဌ်မဆို ရုပ်တပါးစီ,တပါးစီ အစိုင်စိပ် ကွဲပြားအောင် ခွဲခြားမရစကောင်း၊တပေါင်း တစည်းထည်း ဖြစ်ကြသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်ကုန်၏။

၅၀။ ကြွင်းသောရုပ် (၂၀)တို့သည် တပါးနှင့်တပါး ခွဲခြား၍ ရကောင်းသောကြောင့် ဝိနိဗ္ဘောဂရုပ်တို့မည်ကုန်၏။

၅၁။ ဤသို့လျှင် အမည်တမျိုးစီ,တမျိုးစီ ရသောရုပ်ကိုပင် အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ် စသော အမည်တို့ဖြင့်လည်း အထူးထူးအပြားပြား အားဖြင့် ခေါ်ဝေါ်သမုတ်အပ်သတည်း။ ဤကား " တွင်းပြင်စ၊

၅၂။ ကံ,စိတ်,ဥ,အာဟာရကြောင်းလေးဖြာရုပါဖြစ်စေဘိ၊ ဘေဒအပြားထုတ်'' ဟူသော လင်္ကာပိုဒ်အရ အဖျားတို့ကရုပ်စသော အထူးပြားဘို့ဖြင့် ရေတွက်ပြခြင်းတည်း။

ရူပဝိဘာဂ ပြဆိုခဏ်း ပြီး၏။

၅၂။ ရုပ်ဖြစ်စေကြောင်း တရားလေးပါးကား ကံ,စိတ်,ဥတု, အာဟာရတည်း။ ထိုတွင် ကံသည် မိမိ၏အစွမ်းကြောင့် အသွင်,သဏ္ဌာန်, ပုံဟန်-အစားစား ကွဲပြားလာအောင် ဖြစ်ပေါ်စေ၏။အသွင်,သဏ္ဌာန် ကွဲပြားခြင်းကြောင့် ယောကျ်ား, မိမ္မ-ဟု ဆိုအပ်သော လိင်သညာ ကွဲပြားလာ၏။ လိင်သညာ ကွဲပြားသောကြောင့်လည်း ဤပုံဟန်, သဏ္ဌာန်ကား ယောကျ်ား,ဤပုံဟန်,သဏ္ဌာန်ကား မိမ္မ-စသည်ဖြင့် အခေါ်-အသုံး ကွဲပြားပြန်၏။အခေါ်-အသုံး ကွဲပြားခြင်းကို အရင်းပြု၍ မိမ္မဖြစ်လိုသည့်ဆန္ဒ, ယောကျ်ားဖြစ်လိုသည့် ဆန္ဒဖြင့် ကံတရားကို အမျိုးမျိုး အစားစားဖြစ်အောင် စီမံဖန်တည်းပြန်၏။ယင်းသို့ စီမံဖန်တည်းအပ်သော ကံတရားကပင် မူလကအလိုဆန္ဒအတိုင်း ယောကျ်ားဖြစ်အောင်, မိမ္မဖြစ်အောင်, အဆင်းလှအောင်, အဆင်းမလှအောင်, လူ-နတ်ဖြစ်အောင်, တိရစ္ဆာန်-ပြိတ္တာစသည်ဖြစ်အောင် အမျိုးမျိုး အဖုံဖုံ ရုပ်မျိုးစုံတို့ကို အကုန်လိုက်၍ ဖြစ်စေ၏။ ထို့ကြောင့် ဤကံသည် ရုပ်ဖြစ်စေကြောင်း တရား၌ ပါဝင်လေသည်။

စိတ်,ဥတု, အာဟာရတို့၏အစွမ်းဖြင့် ရုပ်ဖြစ်စေပုံတို့ကား ထင်ရှားလှ၏။ စိတ်ချမ်းသာလျှင် ရုပ်ကြည်လင်၏၊ စိတ်မချမ်းသာလျှင် ရုပ်ညှိုးနွမ်း၏။ ဥတုသပွါယ မျှတညီညွတ်လျှင် ရုပ်ကြည်လင်၏။ လျောက်ပတ်သော အစားအစာတို့ကို မှီစားသောက်လျှင် ရုပ်ခန္ဓာ ကျန်းမာတိုးပွား၏။ ထို့ကြောင့် ဤတရားသုံးပါးတို့လည်း ရုပ်ကို ဖြစ်စေကြောင်းများ ဖြစ်ကုန်၏။

၅၃။ ကာ,ရူ-ကုကု၊ အတိုတ်ပြုကံ၊ သန္ဓိဥစ၊ ဗြဟ္မာ၊ ရူပဖြစ်စေဘိ။

၅၄။ အရူပဝိ၊ ဒွိပဉ္စဝိညာဏ်၊ စိတ်ကိုချန်၊ ပဋိသန္ဓေ-စေနှင့်သိ။

၅၅။ ပဋ္ဌမဘွင်၊အစတင်လတ်၊စဉ်မပြတ်သာ၊ဥပါဒ်ခါ၊ ရူပါဖြစ်စေဘိ။

၅၆။ ဆရူဘုံစိတ်၊ သန္ဓေစိတ်နှင့်၊ ပရိနိဗ္ဗုဏ်၊ ဆုံးပြုယူ၊ စိတ်မူပယ်လေဘိ။

၅၃။ အကုသိလိကံ-၁၂, ကာမကုသိလိကံ-၈ ဟု ဆိုအပ်သော ကာမာဝစရကံ (၂၀)နှင့် ရူပကုသိလိကံ ၅ = ပေါင်း (၂၅) ပါးသော ကံတရားသည် နောက်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ တဘဝလုံး၌ စိတ်တို့၏ ခဏတိုင်း ခဏတိုင်းမှာ "ကမ္မဇရူပ" တို့ကို ဖြစ်စေ၏။

၅၄။၅၅။ အရူပဝိပါက် လေးပါးဘို့သည် အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်များဖြစ်ကြ၍ ရုပ်ဖြစ်ရာဘုံ မဟုတ်သောကြောင့်ပင်း, ဒွေးပဉ္စဝိညာဏ်တဆယ်တို့လည်း ဟိတ်,ဈာနင်, မဂ္ဂင်တရားတို့နှင့် မယှဉ်ကြ၍ စိတ်၏အင်္ဂါ နံ့ နှေး-အားသေးကြသောကြောင့်ပင်း ဤစိတ်ဆယ်,လေးပါးတို့ကိုကြဉ် ကြွင်းသောစိတ် (၇၅)ပါးနှင့် ယှဉ်ဘက် ဧစေတသိက်တို့သည် ပဋိသန္ဓေနောင် ပဋ္ဌမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်းမှာ "စိတ္တဇရူပ" တို့ကို ဖြစ်စေကုန်၏။

၅၆။ အရူပဘုံ၌ဖြစ်ခိုက်ဖြစ်သော (၄၂) ပါးသော စိတ်တို့သည် ရုပ်ဖြစ်ရာဘုံမဟုတ်သောကြောင့်ပင်း, ပဋိသန္ဓေစိတ်လည်း မှီရာဝတ္ထုရုပ် အားနည်းခြင်း,အနန္တရ,ပုရေဇာတ-စသော ပစ္စည်းအထောက်အပံ့ကို

၅၃။ ဇောအပ္ပနာ၊ ဈာနိယာ၊ ခိုင်မာစေဘိ ဂိုဏ်းသိ၊
၅၈။ ဝုဋ္ဌော, ကာဇော၊ ဘိညာဇောတ္ထိ၊ ကိုယ်ရော-
စိတ်ပါ၊ လွှဲစေရာ၊ ထင်ခါဂိုဏ်းသိ။

မရခြင်း, မိမိက ဘဝသစ်သို့ရောက်စ အာဂန္တုမျှသာ ဖြစ်ခြင်း-အစ ရှိသော အကြောင်းတို့ကြောင့်ဂင်း, ရဟန္တာတို့၏ စုတိစိတ်သည်လည်း အဝိဇ္ဇာ-တဏှာတည်းဟူသော ဝဋ်မြစ်ပြတ်စဉ်းဖြစ်၍ ဘဝသစ်၌ ရုပ်ခန္ဓာကို ဖြစ်စေခြင်းသဘော မရှိသောကြောင့်ဂင်း ရုပ်ကိုမဖြစ်စေနိုင်ကြကုန်။ ထိုကြောင့် ဤစိတ်တို့တို့လည်း ကြဉ်ဖယ်အပ်ကုန်၏။

ဤနေရာ၌ အရူပဘုံ၌ ဖြစ်ဒိုက်စိတ်တို့သည် တပါးဘုံ၌လည်း ဖြစ်ကြသေးသောကြောင့်ဂင်း, ပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏ စုတိစိတ်သည်လည်း ဘဝင်စိတ်နှင့် ကိစ္စအားဖြင့် ကွဲပြားသော်လည်း ဓမ္မအားဖြင့် တူကြရကား ဘဝင်စိတ်အဖြစ်ဖြင့် ရုပ်ကိုဖြစ်စေနိုင်ကြသောကြောင့်ဂင်း ဤစိတ်တို့ကို ကြဉ်စေကာမူ ယခင်စိတ် (၇၅)ပါး၌ အခေရအတွက် ယုတ်လျော့ခြင်းမရှိဟု သတိချပ်လေ။

၅၇။ လျောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း-ဟု ဆိုအပ်သော ကိုယ်အမူအရာ ကိစ္စ ဖြစ်ကြောင်းကို "ဇရိယာပုတ်" ဟု ခေါ်ရ၏။ ရုပ်ကို ဖြစ်စေနိုင်ကြသော (၇၅)ပါးသော စိတ်ဘို့တွင် အပ္ပနာဇော-၂၆ပါး တို့သည် ဇရိယာပုတ်ကိုလည်း ထောက်ပံ့ခိုင်မာစေ၏။

၅၈။ ဝုဋ္ဌော, ကာမဇောတခုယုတ်သုံးဆယ်, အဘိညာဏ်ဆွေး = ၌(၃၂)ပါးသော စိတ်တို့သည် ကိုယ်နှုတ်လှုပ်ရှားမှုဟု ဆိုအပ်သော ကာယဝိညတ်, ဝစီဝိညတ် နှစ်ပါးကိုလည်း ဖြစ်စေကုန်၏။

၅၉။ ဆယ်သုံးသောမနုဿာ၊ ပြုံးရယ်တတ်၊ ငိုတတ်ခဒါခေဘာ-၄။

၆၀။ ချမ်း, ပူ-တောဇောဘာ၊ တွင်းရောပြင်ပ၊ ခဏတိုင်းသာ၊ ကိုယ်ဒွိမှာ၊ ရှုပါဖြစ်စေဘိ။

၅၉။ ဤ(၃၂)ပါးသော စိတ်တို့တွင်လည်း လောဘမူသောမနုဿဇော-၄, ဟသိတုပ္ပါဒ်ဇော-၁, မဟာကုသိုလ်, မဟာကြိယာ သောမနုဿဇော-၈ = ပေါင်း(၁၃)ပါးသော စိတ်တို့သည် ပြုံးရယ်ခြင်းကို ဖြစ်စေကုန်၏။ ။ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူသောမနုဿဇော-၄, မဟာကုသိုလ်သောမနုဿဇော-၄ = ဤစိတ်(၈)ပါးတို့တွင် တပါးပါးဖြင့် ပြုံးရယ်ခြင်းကို ပြုကုန်၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌဂတဝိပ္ပယုတ် သောမနုဿဇော-၂, မဟာကုသိုလ် သောမနုဿဇော-၄ = ဤစိတ်(၆)ပါးဘို့တွင် တပါးပါးဖြင့် ပြုံးရယ်ခြင်းကို ပြုကုန်၏။ ဘုရား,ရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်ဇော-၁, မဟာကြိယာသောမနုဿဇော-၄ = ဤစိတ်(၅)ပါးတို့တွင် တပါးပါးဖြင့် ပြုံးရယ်ခြင်းကို ပြုကြကုန်၏။

ဒေါမနုဿသဟဂတ်ဇော-၂ပါးတို့ကား ငိုကျွေးခြင်းကို ဖြစ်စေကုန်၏။

၆၀။ ဥတုဟူသည်- မဟာဘုတ်လေးပါးတွင် ပါဝင်သော တေဇော ဓာတ်ပင်တည်း။ ထိုတေဇောဓာတ် ဟု ဆိုအပ်သော ဥတုသည် အအေး ဓာတ် - သီတဥတု, အပူဓာတ်-ဥဏှဥတု ဟု နှစ်မျိုးရှိ၏။ အရာဝတ္ထု ဟူသမျှ၌ ဤဥတုနှစ်မျိုးကား ရှိကြသည်သာတည်း။ ထိုဥတုနှစ်မျိုးတွင် အဋ္ဌကထာသနည်းဟု ဆိုအပ်သော ခန္ဓာကိုယ်တွင်းက ဥတုသည် ခန္ဓာကိုယ်တွင်း၌ပင်၊ ဗဟိဒ္ဓသန်းခြောက် ဟု ဆိုအပ်သော တော, တောင်, ရေ, မြေ-စသည်အတွင်းက ဥတုသည် အပြင်-အပ ဗဟိဒ္ဓ၌ပင်လျှင် ဓာတ်တိုင်း, ခဏတိုင်းမှာ ''ဥတုဇရုပ်''တို့ကို ထိုက်သင့်သလို ဖြစ်စေ၏။ သို့ ဖြစ်စေ

၆၁။ စားမျိုးသြဇာ၊ တွင်းသြဇာနှင့်၊ နှစ်ဖြာပေါင်းကာ၊
ခဏတ်ဝင်းသာ၊ ကိုယ့်ဋ္ဌိမှာ၊ ရူပါဖြစ်စေဘိ။
၆၂၊ ဇာန်ဒြေ, ဟဒယာ၊ ချစ်နဝ၊ ကမ္မဇ ဇကေန်သိ။
၆၃၊ ဝိညတ်ဒွယံ၊ စိတ္တဇံ၊ သဒ္ဒံ- စိတ်, ဥသိ။

သော်လည်း ဥပါဒ်ခဏဌိတ်အားမရှိ၊ ရုပ်၏ဌိတိသို့ရောက်မှ အားရှိသောကြောင့် ကမ္မဇရုပ်, စိတ္တဇရုပ်များကဲ့သို့ ဥပါဒ်ခဏဌိတ် မဖြစ်စေနိုင်၊ ဌိတိခဏသို့ ရောက်မှသာလျှင် ဥတုဇရုပ် အသစ်အသစ်ကို ဖြစ်စေနိုင်၏။

၆၁။ စားသောက်ဘွယ်ရာ တစုံတရာဌိပါသော ဗဟိဒ္ဓသြဇာနှင့် ခန္ဓာကိုယ်တွင်းဌိသော အဇ္ဈတ္တကမ္မဇ သြဇာဓာတ်တို့ အချင်းချင်း ပေါင်းသင်းဆက်စပ်မိကြသောအခါ အရသာဓာတ်သည် တကိုယ်လုံး ပြန့်နှံ့၍ အာဟာရဇရုပ်ကို ဖြစ်စေ၏။ သို့ဖြစ်စေရာဌိလည်း ဥပါဒ်ခဏဌိတ် အားမရှိ၊ ဌိခဏဌိသာ အားရှိသောကြောင့် ဥပါဒ်ပြီးနောက် ဒိမိ၏ ဌိသို့ ရောက်မှသာလျှင် အသစ်အသစ်ဖြစ်သော အာဟာရဇရုပ်ကို ဖြစ်စေ၏။ ။ဤကား ကံ-စသော အကြောင်းလေးပါးကြောင့် ရုပ်ဖြစ်စေပုံကို အမြွက်မျှ ပြဆိုခြင်းတည်း။

၆၂။ ရူပဝိဘာဂခဏ်းဌိ ပြခဲ့သော ဇုန္ဒြိယရုပ်-၈, ဟဒယရုပ်-၁ = ဤ (၉) ပါးသောရုပ်တို့သည် ရှေးရှေးကစိမံခဲ့သော ကံတည်းဟူသော အကြောင်းကြောင့်သာ ဖြစ်ကြသောကြောင့် " ကေန် ကမ္မဇရုပ် " တို့ မည်ကုန်၏။

၆၃။ ဝိညတ်ရုပ် နှစ်ပါးတို့သည် ခဏငယ် (၅၁) ချက် အသက်ရှည်ကြာခြင်းမရှိကြဘဲ စိတ်ဖြစ်လျှင်ဖြစ်, စိတ်ချုပ်လျှင် ချုပ်ကြသော " စိတ္တာနုပရိဝတ္တိဓမ္မ " တို့ ဖြစ်ကြရကား စိတ်တည်းဟူသော အကြောင်းတပါးထည်းကြောင့် ဖြစ်ကြသောကြောင့် " ကေန်စိတ္တဇရုပ် " တို့ မည်ကုန်၏။

၄၄။ လဟု,မုဒု၊ ကမ္မညဝမ္ဘာ၊ စိတ်, ဥ, အာ၊ တိဇာမ္ဘတ်လေဘိ။

၄၅။ အဝိနိဗ္ဘောဂ၊ အာကာသောမ္ဘာ၊ စတုဇာ၊လေးဖြာဖြစ်ကြောင်းသိ။

၄၆။ လက္ခဏာဒုရ၊ ရုပ်လေးခု၊ ဖြစ်မှုကြောင်းမရှိ။

ကမ္မဇကောန် ၉, စိတ္တဇကောန်-၂ = ပေါင်း အကြောင်းတမျိုးထည်းကြောင့်ဖြစ်သော ကေဇရုပ်(၁၁)ပါးတည်း၊ သန္ဓရုပ်သည် စက းပြောသံ, ရယ်မောသံ-စသော စိတ်ကြောင့်ဖြစ်သော ''စိတ္တဇသဒ္ဒ''နှင့် မိုးသံ, လေသံ, ခေါင်းလောင်းသံ,ရေဒီယိုသံ-စသော ဥတုကြောင့်ဖြစ်သော ''ဥတုဇသဒ္ဒ''ဟု နှစ်မျိုးရှိ၏။ ထို့ကြောင့် သန္ဓရုပ်က းစိတ်, ဥတုတည်းဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်သော ''ဒွိဇရုပ်'' တည်း။

၄၄။ လဟုတာဒိဇ္ဈာယရုပ်တို့သည် စိတ်,ဥတု, အာဟာရသုံးပါးတို့တွင် တပါးပါးသော အကြောင်းကြောင့် ဖြစ်ကြသောကြောင့်''တိဇရုပ်''တို့ မည်ကုန်၏။

၄၅။ အဝိနိဗ္ဘောဂရုပ်-၀, အာကာသဓာတ်-၁ = ၅(၉) ပါးသောရုပ်တို့သည် ကံ,စိတ်, ဥတု,အာဟာရတည်းဟူသော အကြောင်းလေးပါးတို့ကွင် တပါးပါးကြောင့် ဖြစ်ကြသောကြောင့် '' စတုဇရုပ် '' တို့မည်ကုန်၏။

၄၆။ လက္ခဏရုပ် လေးပါးတို့ကား ရုပ်ဖြစ်စေကြောင်းတရားလေးပါးတို့တွင် မည်သည့်အကြောင်းကြောင့်မှ မဖြစ်ကြသော '' နကုတောစိ သမုဋ္ဌာန်''တို့သာတည်း။

၆၂။ ကံကြောင့် - ဆယ့်ဂျစ်၊ စိတ်ဖြစ် - ဆယ့်ငါး၊ ညကား-တေရ၊ အာ-ဒွါဒ၊ ရုပဖြစ်စဉ်သိ။

၆၃။ ဖြစ်,တည်,ပျက်ဆဲ၊ ရုပ်ကိုစွဲမျှ၊ သဘာဝကြောင့်၊ လက္ခဏာရုပ်၊ ကြောင်း-စတုက်၊ စိမတ်ပြဆိုဘိ။

၆၇။ ဤရုပသမုဒ္ဒေသန်ခဏ်းဌ် ''ကံကြောင့်-ဆယ့်ဂျစ်'' ၏ အရ-ကံကြောင့်ဖြစ်သောရုပ်ကား ဇာန်္ဂြိုယရုပ် - ၈, ဟဒယရုပ်-၁, အဝိနိဗ္ဘောဂရုပ် - ၈, အာကာသဓာတ် - ၁ = ပေါင်း (၁၈) တည်း။ ''စိတ်ဖြစ်-ဆယ့်ငါး'' ၏ အရ-စိတ်ကြောင့်ဖြစ်သောရုပ်ကား ဝိညတ်ရုပ်-၂, သဒ္ဒရုပ်-၁, လဟုတာ ဒိဂ္ဂယရုပ်-၃, အဝိနိဗ္ဘောဂရုပ်-၈, အာကာသဓာတ်-၁ = ပေါင်း (၁၅) တည်း။ ''ညကား-တေရ'' ၏ အရ-ညတုကြောင့်ဖြစ်သောရုပ်ကား သဒ္ဒရုပ်-၁, လဟုတာဒိဂ္ဂယရုပ်-၃, အဝိနိဗ္ဘောဂရုပ်-၈, အာကာသဓာတ်-၁ = ပေါင်း (၁၃) တည်း။ ''အာ-ဒွါဒ'' ၏ အရ-အာဟာရကြောင့် ဖြစ်သောရုပ်ကား လဟုတာဒိဂ္ဂယရုပ်-၃, အဝိနိဗ္ဘောဂရုပ် - ၈, အာကာသဓာတ်-၁ = ပေါင်း (၁၂) တည်း။

၆၈။ လက္ခဏာရုပ်လေးပါးတို့သည် နိပ္ပန္နရုပ်(၁၈)ပါးတို့၏ဖြစ်ဆဲ, တည်ဆဲ, ပျက်ဆဲ အခိုက်အတန့် သဘော်မျှသာလျှင် ဖြစ်ကြသောကြောင့် မည်သည့်အကြောင်းကြောင့် ဖြစ်သည်ဟု ဆိုခွင့်မရှိကြ၊ အကြောင်းလေးပါးတို့မှ အလွတ်ဖြစ်သော နကုတောစိ ဆမုဒ္ဒေသန် တို့သာလျှင်တည်း။

ရုပသမုဒ္ဒေသန် ပြဆိုခဏ်း ဦး၏။

၆၉။ ဖြစ်,ချုပ်,မှိ,တူ၊ ဖြစ်မှုရောပြီး၊တပေါင်းတည်း၊ ရုပ်စည်း-၆ဝိသဘ၊

၇ဝ။ ဇီဝိ, နိဗ္ဗိတ္တင်၊ စက္ခုပသာဒမှာ အာမည်ပြု၊ စက္ခု ဒသကာ၊

၇၁။ ဤနည်းယှဉ်ကြ၊ ပ, ဘာ, ဟာ၊ အဋ္ဌဒသကာ၊

၆၉။ တမြိုင်နက် ဖြစ်ဘော်,ဖြစ်ဘက် ရုပ်ဘို့ကို ပေါင်းစပ်ဖွဲ့စည်း၍ ပြဆိုခြင်းသည် ရူပကလာပ မည်၏။ ရုပ်တို့သည် ဥပါဒ်ဖြစ်ပေါ်ကြသော အခါ တပါးစီ,တပါးစီခွဲ၍ ဖြစ်ကြသည်မဟုတ်၊ ဆိုင်ရာရုပ်တို့ အချင်းချင်း ပေါင်းသင်းဖွဲ့စည်း၍သာလျှင် ဖြစ်ကြ၏။ ထို့ကြောင့် ရုပ်ကလာပ်တခု တခု၌ အတူဖြစ်ခြင်း,အတူချုပ်ခြင်း, တူသောမှိရှိခြင်း ဟု ဆိုအပ်သော "သဟဝုတ္တိအင်္ဂါ" လက္ခဏာ သုံးပါးစီရှိ၏။ ဤ သဟဝုတ္တိအင်္ဂါ လက္ခဏာသုံးပါးနှင့် ပြည့်စုံညီညွတ်သော ရုပ်ချင်းချင်း ပေါင်းသင်း ဖွဲ့စည်းအပ်သော ကလာပ်စည်းသည် (၂၁)စည်း ရှိ၏။

၇ဝ။ ဇီဝိတရုပ်-၁, အဝိနိဗ္ဘောဂရုပ်-၈ = ဤရုပ် (၉) ခုတွင် စက္ခုပသာဒထည့်အပ်သော ရုပ် (၁ဝ)ခု အပေါင်းသည် "စက္ခုဒသက ကလာပ်" မည်၏။

၇၁။ စက္ခုဒသက ကလာပ်နံ့ညှင်းတူသောတပသာဒထည့်အပ်သော ရုပ် (၁ဝ) ခုသည် "သောတဒသက ကလာပ်" ဃာနပသာဒ ထည့်အပ်သော ရုပ် (၁ဝ) ခုသည် "ဃာနဒသက ကလာပ်" ဇိဝှါပသာဒထည့်အပ်သော ရုပ် (၁ဝ) ခုသည် "ဇိဝှါဒသက ကလာပ်" ကာယပသာဒ ထည့်အပ်သော ရုပ်(၁ဝ) ခုသည် "ကာယဒသက ကလာပ်"

၇၂၊ ဝိ:နှိမ်, ဇိ ဝိ။ ခြား မ ထည့်၊ ဇိဝိန ဝ ကာ။
၇၃။ ဤစည်းကိုးတန်၊ ကံကြောင့်မှန်၊ နာမံ-ကမ္မဇာ။
၇၄။ အဝိနိဘွာ၊ ရုပ်ခုစ်ဝ၊ သုဒ္ဓအဋ္ဌကာ။
၇၅။ ထိုသုဒ္ဓဋ္ဌိတွင်၊ ကာ-ယ္ဘဉ်နဝ၊ စိသဒ္ဒ၊ ယ္ဘဉ်ဆ ဒသကာ။

ဇာတ္တဝိဘာဝရုပ် ထည့်အပ်သော ရုပ် (၁၀) ခုသည် "ဇာတ္တဝိဘာဝ ဒသက ကလာပ်" ပုရိသဘာဝရုပ် ထည့်အပ်သောရုပ် (၁၀) ခုသည် "ပုမ္ဘာဝ ဒသက ကလာပ်"ဟဒယဝတ္ထု ထည့်အပ်သောရုပ် (၁၀)ခုသည် "ဝတ္ထုဒသက ကလာပ်" မည်၏။

၇၆။ အဝိနိဗ္ဘောဂရုပ်-က, ဇိဝိတရုပ်-ဘ ၌ အခြားတပါးသော ရုပ်ကို မထည့်မူ၍ ဤရုပ် (၉) ပါးအပေါင်းသည်ပင် "ဇိဝိတနဝကကလာပ်" မည်၏။

၇၇။ စက္ခုဒသက ကလာပ်အစ ဇိဝိတနဝကကလာပ် အဆုံးရှိသော ကလာပ် (၉) စည်းတို့သည် ကံကြောင့်သာ ဖြစ်ကြသောကြောင့် "ကမ္မဇ ကလာပ်စည်း" တို့ မည်ကုန်၏။

၇၄။၇၅။ ရုပ်တပါးတို့နှင့် မဆောမယှက် ၎င်းတို့ချည်း သက်သက် ရေတွက်အပ်သော အဝိနိဗ္ဘောဂရုပ် (၈) ခုသည် "သုဒ္ဓဋ္ဌကကလာပ်" မည်၏ ထိုသုဒ္ဓဋ္ဌက ကလာပ် (၈) ခုတွင် ကာယဝိညတ် ထည့်အပ်သော ရုပ်ကိုးခု အပေါင်းသည် "ကာယဝိညတ္တိနဝက ကလာပ်"မည်၏။ ဝစီဝိညတ်နှင့် သဒ္ဒရုပ် ထည့်အပ်သော ရုပ်ဆယ်ခုအပေါင်းသည် "ဝစီဝိညတ္တိဒသက ကလာပ်"မည်၏။

၇၆။ လဟု, မဒု၊ ကမ္မဉ်ရသာ၊ ယှဉ်လေရာ၊ ဇောဓသကာ။

၇၇။ ဇောဒတွင်၊ ကာယှဉ်-ဒွါဒ၊ စိ, သဒ္ဓ၊ ယှဉ်ထဝေဒရသကာ၊

၇၈။ ဤစဉ်းခြောက်တန်၊ စိတ်ကြောင့်မှန်၊ နာမ်-စိတ္တာဇာ၊

၇၆။၇၇။ ထိုမှတပါး ရှုပသဃ လဟုတာ, မုဒုတာ, ကမ္မညတာ-ရုဉ်သုံးပါး ထည့်အပ်သော တဆယ့်တပါးသော ရုပ်အပေါင်းသည် ''လဟုတာဒေကာဒသက ကလာပ်'' မည်၏။ ထို(၁၁)ပါးတွင်ပင် ကာယဝိညတ် ထည့်အပ်သော ရုပ်တဆယ့်နှစ်ပါး အပေါင်းသည် ''ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်''မည်၏။ ဝစီဝိညတ်နှင့် သဒ္ဒရုပ် ထည့်အပ်သော ရုပ်တဆယ့်သုံးခုအပေါင်းသည် ''ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်''မည်၏။

၇၈။ ဤသို့လျှင် ၁-သုဒ္ဓဋ္ဌက ကလာပ်, ၂-ကာယဝိညတ္တိနဝက ကလာပ်, ၃-ဝစီဝိညတ္တိဒသက ကလာပ်, ၄-လဟုတာဒေကာဒသက ကလာပ်, ၅-ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်, ၆-ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ် အားဖြင့် ကလာပ် (၆) စည်းကိုသည် စိတ်ကြောင့်ဖြစ်ကြသော ''စိတ္တဇကလာပ်''တို့မည်ကုန်၏။

သင်္ဂြိဟ်ကျမ်းဌီလာသော စိတ္တဇကလာပ် (၆)စည်းတို့ကိုသာလျှင် ဤဌီးရေတွက် ပြဆိုအပ်၏။ သို့ရာတွင် ''ဧတ္ထဇေ အသာသ ပဿာသ ကောဋ္ဌာသေဝိ ဩဇာဌမကဇ္ဇော သဒ္ဒါစာတိ နဝ''ဟူ၍ ဧသုဒ္ဓိမဂ် အဋ္ဌကထာဌီး လာသောကြောင့် အိပ်ပျော်နေစဉ် ၅း၅း-၌၌ မည်သော ထွက်သက်ဝင်သက်လေသည် ဝိညတ်မပါ ဘဝင်စိတ်တို့ကြောင့်သာ ဖြစ်ကြရကား ဝိညတ်မပါသော ထွက်သက်,ဝင်သက်လေဌီး သုဒ္ဓဋ္ဌကကလာပ်ဟု

၇၉။ သုဒ္ဓဋ္ဌတွင်၊ သဒ္ဒ, တာဝ၊ ဤနှစ်ခုကို၊ တခုဖိယ္ယဉ်၊ ပေါင်း၍ယ္ယဉ်လတ်၊ မူနှင့်မှတ်၊ လေးရပ်-ဥတုဓာ။

၈၀။ သုဒ္ဓဋ္ဌတွင်၊ တာဝုယ္ယဉ်လတ်၊ မူနှင့်မှတ်၊ နှစ်ရပ်-ဟာရဓာ။

၈၁။ သုဒ္ဓဋ္ဌနှင့်၊ သဒ္ဒနဝါ၊ ဥဇာနှစ်လျှင်၊ တွင်း, ပြင်နှစ်ရပ်၊ ကြွင်းကလာပ်၊ အဋ္ဌတ်ဖြစ်သည်သာ။

ဆိုအပ်သော ဩဇာဋ္ဌမကရုပ်-၈, သဒ္ဒရုပ်-၁ = ပေါင်း (၉) ပါးသော ရုပ်တို့သည် စိတ်ကြောင့်ဖြစ်ကြသော 'စိတ္တဇသဒ္ဒနဝကကလာပ်'' ရုပ်တို့သာတည်း။ ထို စိတ္တဇသဒ္ဒနဝကကလာပ်၌ လဟုတာဒိတ္တယရုပ်သုံးပါးကို ထည့်ခြင်းဖြင့် သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်'' ကို ရပြန်၏။ ထို့ကြောင့် အဋ္ဌကထာအလို ယခင် (၆) စည်း၌ သဒ္ဒနဝကကလာပ်နှင့် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ် နှစ်စည်းကို ထည့်၍ စိတ္တဇကလာပ် ပေါင်း (၈) စည်း ရှိသည်ဟု တနည်းအားဖြင့် မှတ်လေ။

၇၉။ သုဒ္ဓဋ္ဌကကလာပ်တစည်း, ထိုတွင် သဒ္ဒရုပ် ထည့်အပ်သော ''သဒ္ဒနဝကကလာပ်'', လဟုတာဒိမျှယရုပ် ထည့်အပ်သော ''လဟုတာဒေကာဒသကကလာပ်'', သဒ္ဒရုပ်နှင့် လဟုတာဒိတ္တယရုပ် ထည့်အပ်သော ''သဒ္ဒလဟုတာဒိဒွါဒသက ကလာပ် = ၅ကလာပ် (၄) စည်းတို့သည် ဥတုကြောင့် ဖြစ်ကြသော ''ဥတုဇကလာပ်'' တို့ မည်ကုန်၏။

၈၀။ သုဒ္ဓဋ္ဌကကလာပ်-၁, ထိုတွင် လဟုတာဒိတ္တယရုပ် ထည့်အပ်သော ''လဟုတာဒေကာဒသက ကလာပ်-၁ = ၅ကလာပ် (၂) စည်းတို့သည် အာဟာရကြောင့် ဖြစ်ကြသော ''အာဟာရဇ ကလာပ်'' တို့ မည်ကုန်၏။

၈၁။ ဥတုကြောင့် ဖြစ်ကုန်သော သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝက ကလာပ်နှစ်စည်းတို့သည် အတွင်း-အဋ္ဌတ္တသန္တာန်, အပြင်ဗဟိဒ္ဓသန္တာန်

၈၂။ ကံကြောင့်နှစ်၊ စိတ်-ဆ, ဥစ္စာ၊ အာမ္မာန္ဒေးယော၊ ပေါင်းတုံပေးဖြေကြလေသော်၊

ဟု ဆိုအပ်သော သန္ဓာန်နှစ်ပါးလုံး၌ ဖြစ်ကုန်၏။ ထင်ရှားစေအံ့-ရေ, မြေ, တော, တောင်-စသော အဓိညာဏက – ဗဟိဒ္ဓဝတ္ထုမျိုး၌ ရှိသကဲ့သို့သည် ဥတုဇသုခဒုက္ခကလာပ်တို့ချည်းသာတည်း။ သင်္ကိုသဓိညာဏကဉ်မူလည်း "အာယု, ဥဿဓတေဇော, ဝိညာဏ်" တည်းဟူသော အခြင်းသုံးပါးမရှိလျှင် ကံစသော အခြင်းတို့ကြောင့် ဖြစ်ကုန်သော ကမ္မဇရုပ် စသည်တို့လည်း ချုပ်ငြိမ်းကုန်၏။ ဥတုဇရုပ်ကလာပ်တို့ချည်းသာ ကြွင်းကျန်ကုန်၏။သစ်ပင်,တော,တောင်စသည်တို့ အချင်းချင်း ထိခိုက်မိကြသောအခါဘို့၌ဌာန်း, တုတ် နှင်တန် စသည်ဖြင့် တီးခေါက်ကြသည့်သောအခါတို့၌ဌာန်း ဖြစ်ပေါ်လာသောအသံတို့၌ ရှိပုံသည် ဥတုဇသဒ္ဒနဝက ကလာပ်တို့သာတည်း။ ထို့ကြောင့် အဓိညာဏက – ဗဟိဒ္ဓဝတ္ထုမျိုး၌ ဥတုဇ သုခဒုက ကလာပ်-၁, သဒ္ဒနဝက ကလာပ် – ၁ အားဖြင့် ဥတုဇကလာပ်နှစ်စည်းတို့ကို ရအပ်ကုန်၏။ သဓိညာဏက အဇ္ဈတ္တသန္တာန်၌လည်း ဤဥတုဇကလာပ်နှစ်စည်းတို့သည် ဥပါဒ်ပြီးနောက် မိမိ၏ ဌီ ခဏမှစ၍ ဖြစ်ကုန်၏။ ထို့ကြောင့် ဤကလာပ်နှစ်စည်းတို့သည် အတွင်း-အဇ္ဈတ္တသန္တာန်၌ဌာန်း, အပြင်အပ-ဗဟိဒ္ဓသန္တာန်၌ဌာန်း ဖြစ်ကုန်၏။

ဤဥတုဇကလာပ်နှစ်စည်းတို့မှ ကြွင်းကျန်ကုန်သော ကလာပ်(၁၉) စည်းတို့သည် သဓိညာဏက-အဇ္ဈတ္တသန္တာန်၌သာဖြစ်ကုန်၏။ ဤဖြစ်၍ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကောင်းသော ရုပ်ကလာပ်တို့ကို ပေါင်းစုရေတွက်မူကား ယခင်ဥတုဇကလာပ်နှစ်စည်းနှင့်တကွ အလုံးစုံသော ကလာပ် (၂၁)စည်းတို့သာ ဖြစ်သတည်း။

၈၂။ ဤသို့လျှင် အတူတပြိုင်နက် ဖြစ်ဖေါ်ဖြစ်ဘက်ရုပ်တို့ကို ကလာပ်ဖွဲ့စည်းရာ၌ ကံကြောင့်ဖြစ်သောကမ္မဇကလာပ်(၉)စည်း,စိတ်ကြောင့်

၈၃။ ပိုင်းခြားပုတ်ရာ၊ အကြောင်းသာကြောင့်၊ အာကာ, လက္ခဏာ၊ ကလာပ၊ အဂ်ိဝိမုတ်သာ။

ဖြစ်သော စိတ္တဇကလာပ်(၆)စည်း, ဥတုကြောင့်ဖြစ်သော ဥတုဇကလာပ်(၄)စည်း, အာဟာရကြောင့်ဖြစ်သော အာဟာရဇကလာပ်(၂)စည်းအားဖြင့် ကလာပ်(၂၁)စည်း ဖြစ်သတည်း။

၈၃။ အာကာသဓာတ်သည် ရုပ်ကလာပ် တပါးနှင့်တပါး မရောမယှက်အောင် ပိုင်းခြားခြင်းမျှဖြစ်သောကြောင့်ဂုဏ်း, လက္ခဏာရုပ်ခေါ်ပုံးတို့လည်း ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း, ရင့်ကျက်ခြင်း, ပျက်စီးခြင်း အမှတ်လက္ခဏာများသာ ဖြစ်ကြသောကြောင့်ဂုဏ်း ကလာပ်ဖွဲ့စည်းရာ၌ ဤရုပ်ငါးပါးတို့ မပါဝင်ကြကုန်။ ကလာပ်ဖွဲ့စည်းခြင်း အင်္ဂါမှ လွတ်ကြသော "ကလာပအဂ်ိဝိမုတ်" တို့သာလျှင်တည်း။

ရူပကလာပ ပြဆိုခန်း ပြီး၏။

ဤရူပကာယ ခန္ဓာကိုယ်ကြီးကို (၄၂)ကောဋ္ဌာသတို့ဖြင့် ဝေဘန်ပြဆိုခဏ်းနှင့်တကွ သတ္တာယဒိဋ္ဌိ (၂၀) အကျယ် ဝေဘန် ပြဆိုခဏ်းတို့ကို လက်ံာနံပါတ် (၈၄)မှစ၍ (၁,၂၄)နံပါတ်တိုင်အောင် သရုပ်အဓိပ္ပါယ်တို့ဖြင့် တန်းဆာဆင်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဖွင့်ဆိုရေးသားတော်မူကာ ဓာတုမနသိကာရကျမ်းဟူသော အမည်ဖြင့် ပုံနှိပ် လွှဲဒါန်းထုတ်ဝေပြီး ဖြစ်သောကြောင့် ထိုကျမ်းဌ ဖွင့်ဆိုရေးသားထားတော်မူအင်္ဂသော အဓိပ္ပါယ်မူရင်းအတိုင်း ကိုပင် ပုဗ္ဗန-ပုဗ္ဗိသွား အထား-အသို အပိုအလိုမရှိအောင် အနည်းငယ် ပြင်ဆင်၍ ဤဌ ထည့်သွင်းဖေါ်ပြပေအံ့။

ယခုအခါ သမ္မာသမ္ဗုဒ္ဓအတုလမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် နေရောင် လရောင်ပမာ အလွန်တရာမှ ထွန်းလင်းတောက်ပခိုက်နှင့် ကြံ့ကြိုက်၍ နေကြရပါသဖြင့် ဒါနမှု - သီလမှုမျှဝေလောက်ဖြင့် ရောင့်ရဲတင်းတိမ်၍မနေကြဘဲ -

သတ္တိယာ ဝိယ သြမဋ္ဌော၊ ဒယ္ဟမာနော၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု၊ ပရိဗ္ဗဇေ။

ဟူသော မြတ်စွာဘုရားသခင်၏ သြ၀ါဒ ဒေသနာတော်ကြီးကို အနှလုံးရရ သေချာစွာပြုပြီးလျှင် မိမိတို့၏ရင်တွင်း၀ယ် အဆုပ်, အသဲ,နှလုံးထဲ၌ ခိုင်မြစွာ ဗူးငင်အပ်ခဲသော လှံမ၏ ဥပမာ သံသရာနှင့် ဂဟေဆက်လျက် မပျက်တန်း တည်မြဲသည့် သံသရာ၏ရဲသောက်မြစ် ပန်းသဲကြီးသဘွယ် ဖြစ်၍ ခိုင်မြစွာ တည်နေသော သက္ကာယဒိဋ္ဌိ တည်းဟူသော အတ္တအစွဲကို ပြင်းထန်သော ဇွန်ဘဲဖြင့် အမြဘန်း ခုတ်ထွင်၍ အမြစ်ပြုတ်အောင် သုတ်သင် နိုင်မှသာလျှင် သံသရာ၏ တဘက်ဘ.မ်း ဖြစ်သော နိဗ္ဗာန်နန်း ပြည်ခေမာသို့ လျင်မြန်စွာ ရောက်နိုင်ကြပေလိမ့်မည်။

၌ သက္ကာယဒိဋ္ဌိ တည်းဟူသော အတ္တအစွဲသည် ယခုခဏ ယခုဘ၀မှ ရုတ်တရက် ဖြစ်ပေါ်လာသည်မဟုတ်။ စင်စစ်မှာမူ သံသရာ၀ယ်ဝင် ကျင်လည်ခဲ့သမျှ ရှေးယခင်ဘ၀တို့ကပင်လျှင် အစဉ်တလစပ် အမျှင်မပြတ်ဘဲ အတွင်ကပ်လျက် ပါခဲ့ပေသည်။ ထို့ကြောင့် သဲသဲမဲမဲဖြင့် အစွဲကြီးစွဲအမြဲကြီးမြဲ၍ နေပေသည်။ ထိုအတ္တ၏ စွဲပုံမှာလည်း ၌ခန္ဓာကိုယ်ကြီး၏ သဘောသည် ရုပ်-နာမ်ခန္ဓာ တရားတို့သည်သာလျှင် အကြောင်းတိုက်ဆိုင် ဖြစ်ပျက်၍နေကြပါသဖြင့် စင်စစ်မှာမူ ရုပ် - နာမ်တရားနှစ်ပါးသာလျှင် ထင်လျားစွာ ရှိပေသည်။ ယင်းသို့ ထို ရုပ်-နာမ်တရား နှစ်ပါးမှ တပါး အခြားတစုံတရာ ဘာတခုမျှမရှိ၊ ထိုသို့ မရှိပါဘဲလျက် ထို ရုပ်-နာမ် တရား နှစ်ပါး ကို သာ လျှင် သက် သက်မဲ့အပို ငါ, သူတပါး, ယောကျ်ား, မိန်းမ-စသည်ဖြင့်လည်းကောင်း၊ အသက်,ဝိညာဉ်, အနှစ်သာရ,အတ္တ-စသည်ဖြင့်လည်းကောင်း အစဉ်အမြဲ အထင်လွဲလျက် စဲမြဲ

၈၄။ ဤကိုယ်ခန္ဓာ၊ နွါစက္ကာ၊ ကောဋ္ဌာပ္ပါဝေဘန်း မှတ်ယူခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုသက္ကာယဒိဋ္ဌိတည်းဟူသော အတ္တအစွဲကို ပြတ်စဲကင်းပျောက်စေပြီးလျှင် အနတ္တ ပေါက်မြောက် မဂ်, ဖိုလ်ရောက်စခန်းဆိုက်၍ နန်းအမြှောက်ပြည်ခေမာသို့ လျင်မြန်စွာ ရောက်ဘို့ရန် ဇောသန်သန် အရေးလုပ်လျက် မဟုဿာဟ ပြင်းစွာသောလုံ့လဖြင့် နေ့,ညမယုတ် ဘာဝနာအလုပ်ကိုလည်း ဒါးထုတ် ကျင့်ကြံသင့်ပေသည်။

ထိုသို့ ကျင့်ကြံအားထုတ် ပြုလုပ်ကြစေရန် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တိုက်ဘွန်းနှိုးဆော် ဟောဖေါ်ညွှန်ပြ ဆုံးမတော်မူအပ်သော ပါဠိတော်နှင့်တကွ ထိုထို အဋ္ဌကထာဋီကာကျမ်းတို့၌ လာရှိသည့်အချက် အနက် ဒေသိပ္ပါယ်တို့ကို ဒေလွယ်ဖြင့် သိနိုင်စေရန် ဤခန္ဓာကိုယ်ကြီး၌ အတွက် - ဇီဝဟူသော အယူအစွဲ သူရဲမိစ္ဆာကို ရဲရင့်ကင်းပျောက်ကြစေခြင်းအကျိုးငှါ ဤခန္ဓာကိုယ်ကြီးကို ကောဋ္ဌာသအားဖြင့်လည်းကောင်း၊ စတုဓာတုဝဝတ္ထာန် အားဖြင့်လည်းကောင်း၊ ကလာပအဖြစ်ဖြင့်လည်းကောင်း၊ မြူ၏အဖြစ်ဖြင့်လည်းကောင်း ဆင်ခြင်ကြည့်ရှုရန် ဟောကြားတော်မူအပ်သော **သတိပဋ္ဌာန်,မဟာဟတ္ထိပဒူပမသုတ်,ရာဟုလောဝါဒသုတ် - ပါဠိတော်နှင့်တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,သစ္စသံခိပ် အဋ္ဌကထာ** တို့၌ လာသော (၄၂) ကောဋ္ဌာသဝေဘန်ပုံအကျယ်ကို အလွယ်ဖြင့် ကျက်မှတ်ရန် အကျဉ်းချုပ် ဆောင်ပုဒ်နှင့်တကွ ပြဆိုပေအံ့။ ။

ကောဋ္ဌာသဝေဘန်ခဏ်း သရုပ်အဓိပ္ပါယ်

၈၄။ ဤရူပကာ့ယ ခန္ဓာကိုယ်ကို ပထဝီကောဋ္ဌာသ-၂၀၊အာဝေါကောဋ္ဌာသ ၁၂-ပါး၊တေဇောကောဋ္ဌာသ ၄-ပါး။ဝါယောကောဋ္ဌာသ ၆-ပါးအားဖြင့် (၄၂)ကောဋ္ဌာသ (၄၂)စုပြုံ၍ ဝေဘန်လေ။

၈၅။ ကောဋ္ဌာရုတ္တင်၊ ဆံလျှင်အာဒိ၊ ညှိုးနှောက်ထိ၊
ဝိသက်-မြေခေတ်လွန်၊
၈၆။ သည်းခြေအစ၊ ကျင်ငယ်ကျ၊ ဒွါဒ-ရေခေတ်လွန်။

၈၅။ ထို(၄၂)ပါးသော ကောဋ္ဌာသတို့တွင်မည်သည့်ကောဋ္ဌာသ၌မဆို အလုံးစုံသော ကောဋ္ဌာသတို့၌ ပထဝီ-အာပေါ - တေဇော-ဝါယောဟု ဆိုအပ်သော မြေခေတ်,ရေခေတ်, မီးခေတ်, လေခေတ်တို့သည် တစုတဝေးတည်း တပေါင်းတည်း ပေါင်းစပ်၍ အစဉ်အမြဲ အားဖြင့် မခွဲမခြားဘဲ တွဲဘက်၍သာ ဖြစ်ကြကုန်၏။ သို့ပင်ဖြစ်ပါသော်လည်း ထိုလေးပါးသော ခေတ်တို့တွင် မာမှု,ပြော့မှုသည် ပထဝီခေတ်မည်၏။ ထိုပထဝီခေတ် ထက်သန်လွန်ကဲသောအစိုင်, အခဲ,အရှည်,အတို,အလုံးအပြား,အမာ,အပြော့ စသည်ဖြင့် ရှစကောင်းသော....

ဆံပင်, အမွေး, ခြေသည်း-လက်သည်း, သွား, အရေ၊
အသား, အရကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့၊
နှလုံး,အသည်း,အမွှေး,အဖျဉ်း,အဆုတ်၊
အူမ,အူသိမ်,အစာသစ်,ဒသစာပေါင်း, ဦးနှောက်၊

ဟု ဆိုအပ်သော(၂၀)သောကောဋ္ဌာသတို့၌ အာပေါခေတ်,တေဇောခေတ်,ဝါယောခေတ်တို့ ပါရှိပင် ပါရှိပါသော်လည်း ထိုခေတ်တို့ထက် ပထဝီခေတ်က ထက်သန်လွန်ကဲသောကြောင့် ၍(၂၀)သောကောဋ္ဌာသတို့သည် ပထဝီအဓိက-ပထဝီလွန်ကဲသော ပထဝီကောဋ္ဌာသ တို့မည်ကုန်၏။

ပထဝီ ကောဋ္ဌာသ (၂၀) ပြီး၏။

၈၆။ ယိုစီးမှု-ဖွဲ့စေးမှုသည် အာပေါခေတ် မည်၏။ထိုအာပေါခေတ် ထက်သန်လွန်ကဲခြင်းကြောင့် အရည်,အစေး,အပြစ်,အကဲ,အနှစ် စသည်ဖြင့် ရှစကောင်းသော....

၈၇။ သန္တာပုန၊ ဇိရဏာနှင့်၊ ဒုဟ,ပါစကာ၊ လေးကောဋ္ဌာ၊ မှတ်ချာ-မိုးခေါင်လွန်း၊
သည်းခြေ, သလိပ်, ပြည့်, သွေး, ချွေး, အဆီ,
မျက်ရည်,ဆီကြည်, တံထွေး, နှာ,အစေး, ကျင်ငယ်-
ဟုဆိုအပ်သော (၁၂)ပါးသော ကောဋ္ဌာသတို့၌ အခြားသော မထင်, ဧတဒေါ,ဝါယောဟူသော ဓာတ်သုံးပါးတို့ ပါရှိပင် ပါရှိပါသော်လည်း ထိုဓာတ်တို့ထက် အာပေါဓာတ်က ပိုမိုထက်သန် လွန်ကဲသည်၏အဖြစ်ကြောင့် ဤကောဋ္ဌာသ(၁၂)ပါးတို့သည် အာပေါအဓိက-အာပေါဓာတ် လွန်ကဲသော **အာပေါကောဋ္ဌာသ** တို့မည်ကုန်၏။

အာပေါကောဋ္ဌာသ(၁၂)ပါးပြီး၏။

၈၇။ ပူမှု-ခေးမှုသည် တေဇောဓာတ်မည်၏။ ထိုတေဇောဓာတ်သည် ကျန်ဓာတ်သုံးပါးတို့ကို ပူတတ်,လောင်တတ်,ကျမ်းတတ်,ရင့်ကျက်စေတတ်, ယိုယွင်းပျက်စီးစေတတ်၏။ ထိုတေဇောဓာတ်သည် ပူလောင်ခြင်း လက္ခဏာအားဖြင့် တပါးသာဖြစ်သော်လည်း ပူလောင်ပုံ အခြင်းအရာသို့လိုက်၍....

(၁) သာမန်ပူခြင်းထက် ပိုလွန်၍ ပူလောင်သော **သန္တာပုန-တေဇော**။
(၂) ကျန်ပထဝီ,အာပေါ,ဝါယော ဟူသော ဓာတ်သုံးပါးကို ရင့်ရော်ဆွေးမြေ့အောင် ယိုယွင်းအောင် ပူလောင်သော **ဇိရဏ-တေဇော**။
(၃) ချစ်ချစ်တောက် မခံမရပ်နိုင်လောက်အောင် အလွန်အလွန်ပူသော **ဒုဟ-တေဇော**။
(၄) နူးနပ်,ကြေကျက်အောင် ပူလောင်သော **ပါစက-တေဇော**။

ဟူ၍လေးပါး အပြားရှိပေ၏။ ထိုတေဇောဓာတ်တို့ လွန်ကဲအုပ်စိုးသော ဤလေးပါးသော ကောဋ္ဌာသအစုတို့၌ ကျန်သော ပထဝီဓာတ်,အာပေါ

၁၈၊ ကိုက်ခဲ ညောင်းညာ၊ ဗျားရက် ချာ၊ ပူ ရာ-သန္တာပ်လွန်း၊

၁၉၊ ရင့်ရော်အိုမင်း၊ ခါးကိုင်းခြင်းနှင့်၊ နားထိုင်းအစ၊ ပသာဒညိုး၊ ဗလညိုး၍၊ သွားကျိုး,ဆံဖြူ။၊ ရေတွန့်ဟူ၊ မှတ်ယူ-ဇိရဏာလွန်း၊

၉၀၊ နှလုံး,အသဲ၊ လောင်ကျွမ်းကွဲမှု၊ ဝမ်းထဲလှိုက်ဆူ၊ ပြင်းထန်ပူလှော်၊ မည်ဇောာ်ရ၊ ဒုဟ-ဒီးဝင်္ကလွန်း၊

ဓာတ်, ဝါယောဓာတ်တို့ ပါရှိပင် ပါရှိပါသော်လည်း , ထိုဓာတ်တို့ထက် တေဇောဓာတ်က ပိုမိုထက်သန် လွန်ကဲသောကြောင့် ဤကာဋ္ဌာသတို့သည် တေဇောအဓိက-တေဇောဓာတ် လွန်ကဲသော တေဇောကောဋ္ဌာသတို့ မည်ကုန်၏။

၈၈။ ထို(၄)ပါးသော ကောဋ္ဌာသတို့တွင် ကိုယ်လက်အင်္ဂါကိုက်ခဲခြင်း, ညောင်းညာခြင်း, အတက်အကျ ဗျားခြင်း, ရက်ချာဗျားခြင်း စသည်တို့၌ ရက်ချာဗျားခြင်း စသည်တို့ကို ဖြစ်စေရာ၌ သန္တာပန-တေဇောဓာတ် ထက်သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "သန္တာပန တေဇော ကောဋ္ဌာသ" မည်၏။

၈၉။ ဤရူပကာယ ခန္ဓာကိုယ်၏ရင့်ရော် အိုးမင်းခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း, မျက်စိမှုံခြင်း, ပသာဒရုပ်တို့ ညှိုးနွမ်းခြင်း, ခွန်အားဗလ ဆုတ်ယုတ်ခြင်း, ဆံပင်ဖြူခြင်း, သွားကျိုးခြင်း, အရေတွန့်လိပ်ခြင်း စသည်တို့ဖြစ်ရာ၊ အရေတွန့်လိပ်ခြင်း စသည်တို့ကို ဖြစ်စေရာတို့၌ ဇိရဏ-တေဇော ဓာတ် ထက်သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "ဇိရဏ-တေဇော ကောဋ္ဌာသ" မည်၏။

၉၀။ ပလိပ်ဖျား,ငန်းဖျား,သန့်ပါတ်ဖျား,ဖျားပြီးလျှင် အပူကြီးလှသဖြင့် အသဲ,နှလုံးတို့ ကွဲလုခမန်း မခံမရပ်နိုင်သည်ဖြစ်၍ "အလိုလေး-

၉၁။ စားမျိုးအစား၊ ကောင်းစွာကျက်မှု၊ လောင်ကျွမ်း ပြုတတ်၊ စာအိမ်ရှင်၊ မီးဖာတ်ပါစကလွန်း၊

၉၂။ ညွှဲ-ဝေဂမ၊ ကုန်ဆိုင်ဌနှင့်၊ ကောဋ္ဌာသယ၊ အာဂ် သာဒိ၊ အာသာမည်၊ ခြောက်လို-လေဓာတ်လွန်။

"အမယ်လေး" စသည်ဖြင့် ဟစ်အော်မည်တမ်းရှလောက်အောင် ပူပြင်း, လောင်ကျွမ်းခြင်းဖြစ်ရာ၊ ပူပြင်း, လောင်ကျွမ်းခြင်းကိုဖြစ်စေရာ၌ ဒုဟ-တေဇောဓာတ် ထက်သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "ဒုဟ-တေဇော ကောဋ္ဌာသ" မည်၏။

၉၃။ အစာအိမ်၏အတွင်း၌ စားမျိုသုံးဆောင်အပ်သော အစာ အာဟာရတို့ကို ကြေကျက်စေရာ ကြေကျက်ခြင်းတို့ကို ဖြစ်စေရာတို့၌ ပါစက တေဇောဓာတ် ထက်သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "ပါစက-တေဇော ကောဋ္ဌာသ" မည်၏။

တေဇောကောဋ္ဌာသ (၄) ပါးပြီး၏။

၉၂။ ထောက်ကန်မှုသည် ဝါယောဓာတ်မည်၏။ ထိုဝါယောဓာတ်သည် ရှာခြင်း, တည်ခြင်း, ရွေ့ရှားခြင်း စသည်တို့ကို ဖြစ်စေတတ်၏။ ထိုဝါယောဓာတ် ထက်သန် လွန်ကဲခြင်းကြောင့်ဖြစ်သော...

(၁) အထက်သို့ တက်သော ဥဒ္ဓင်္ဂမ ဝါတ-ဥဒ္ဓင်္ဂမ ဝါယော ကောဋ္ဌာသ။

(၂) အောက်သို့သက်သော အဓောဂမ ဝါတ-အဓောဂမဝါယော ကောဋ္ဌာသ။

၉၃။ ကြို့၊ထိုး, သန်း, လှန်၊ အာထက်ဆန်၊ ဥဒ္ဓံ-လေဓောတ်လွှန်၊

၉၄။ ကျင်ကြိုး, ကျင်ငယ်၊ ထုတ်ဘွယ်သက်လျှော၊ အောက်ရုန်မျော၊ အဓော-လေဓောတ်လွှန်။

(၃) အစဉ်တည်၍ နေသော ကုန်ဝ်ဒ ဝါတ - ကုန်ဝ်ဒ ဝါယော ကောဋ္ဌာသ။
(၄) ကောဋ္ဌာသယ ဝါတ-ကောဋ္ဌာသယ ဝါယော ကောဋ္ဌာသ။
(၅) ရွှေ့ရှားတတ်သော အင်္ဂမင်္ဂါနုသာရီ ဝါတ-အင်္ဂမင်္ဂါနုသာရီ ဝါယော ကောဋ္ဌာသ။
(၆) အသင်္ခါရိကသော အဿာသ ပဿာသဝါတ-အဿာသ ပဿာသ ဝါယော ကောဋ္ဌာသ။

ဤခြောက်ပါးအစု ခြောက်ခုသော ကောဋ္ဌာသတို့၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်တို့ ပါ၍ပင် ပါ၍ ပါသော်လည်း ထိုဓာတ်တို့ထက် ဝါယောဓာတ်က ပိုမိုထက်သန် လွန်ကဲသည်၏အဖြစ်ကြောင့် ဝါယောအဓိက-ဝါယောဓာတ်လွန်ကဲသော ဝါယောကောဋ္ဌာသတို့ မည်ကုန်၏။

၉၂။ ထိုခြောက်ပါးခံသော ကောဋ္ဌာသတို့တွင် ကြို့၊ထိုးခြင်း, သန်းခြင်း, အောဉအန်ခြင်း အစရှိသော အထက်သို့ ဆန်သောလေသည် "ဥဒ္ဓင်္ဂမ ဝါတ-ဥဒ္ဓင်္ဂမဝါယောကောဋ္ဌာသ" မည်၏။

၉၄။ ကျင်ကြိုး,ကျင်ငယ်တို့ကို ထွက်စေခြင်း, လေသက်ခြင်း အစရှိသော အောက်သို့ စုန်သောလေသည် "အဓောဂမ ဝါတ-အဓောဂမ ဝါယောကောဋ္ဌာသ" မည်၏။

၉၅။ ဝမ်းခေါင်း အရကြောင်း၊ အစည် အောင်းမှာ၊ ကုန်ဆိုင်ရာနှင့်၊ ကောင်္ခာသယ၊ မည်နာမ၊ ဝါတ-လေခတ်လွန်။

၉၆။ ကိုယ်အင်္ဂါလျော်၊ ခြေလက်မြောက်ခြင်းရေး၊ ကွေးဆန့်သွားလာ၊ ဖြစ်စေရာ၊ သာဓိ-လေခတ်လွန်။

၉၇။ ထွက်သက်ဝင်သက်၊ ဖြစ်ချက်အရာ၊ ကောင်္ခာမှာ၊ အာသာ လေခတ်လွန်။

၉၅။ အ၏အပေ ဝမ်းခေါင်းထဲ၌ အစည်အောင်းသော အစည်တည် သောလေသည် "ကုန်ဆိုင်ဝါတ-ကုန်ဆိုင်ဝါယော ကောင်္ခာသ" မည်၏။ ဒါ၏တွင်း အ၏ချောင်းတွင်း၌ အောင်းသော အစည်တည်သောလေသည် " ကောင်္ခာသယ ဝါတ - ကောင်္ခာသယ ဝါယော ကောင်္ခာသ " မည်၏။

၉၆။ ကိုယ်အင်္ဂါကြွေးငယ်၌လျော်၍ ခြေ,လက်မြောက်ခြင်း ကွေးခြင်း ဆန့်ခြင်း သွားလာခြင်းကို ဖြစ်စေတတ်သော လေသည် "အင်္ဂ မင်္ဂါနုသာရီ ဝါတ-အင်္ဂမင်္ဂါနုသာရီ ဝါယောကောင်္ခာသ" မည်၏။

၉၇။ ထွက်သက် ဝင်သက် ကို ဖြစ်စေတတ်သော လေသည် " အာသာသ ပသာသ ဝါတ - အာသာသ ပသာသဝါယော ကောင်္ခာသ" မည်၏။

ဝါယောကောင်္ခာသ (၆) ပါးပြီး၏။

၉၈။ နွိုတာလီဟု၊ ကောဋ္ဌာရုတ္တင်၊ ပြည့်ကျင်အစာ၊ နှစ်ဖြာဟောင်းသစ်၊ ဥကြောင့်ဖြစ်၊ မှတ်လစ်ကေဇာ၊

၉၉။ ပါစကဓာတ်၊ကံကြောင့်မှတ်လေ၊အာဆာသဆမ္ဘု၊ စိတ်ကြောင့်ဟူ၊မှတ်ယူကေဇာ။

၁၀၀။ ချွေး,တံထွေး,နှပ်၊ မျက်ရည်ဓာတ်စု၊ ဤလေးခုမှု၊ စိတ်-ဥဟူ၊ မှတ်ယူ နွိဇသာ။

သမုဋ္ဌာန်အားဖြင့် ဝေဘန်ခက်း

၉၈။ ထို (၄၂) ပါးသော ကောဋ္ဌာသတို့တွင် ပြည့်, ကျင်ငယ်, အစာဟောင်း,အစာသစ် ဤ(၄)ပါးသော ကောဋ္ဌာသတို့သည် ကံ, စိတ်,ဥတု, အာဟာရဟုဆိုအပ်သော အကြောင်းတရား လေးပါးတို့တွင် ဥတုတည်းဟူသော အကြောင်း တပါး တည်း ကြောင့် သာ ဖြစ်သော ကြောင့် ကေဇ တို့ မည်ကုန်၏။

၉၉။ ပါစကဓာတ်ဇော ကောဋ္ဌာသသည် ကံတည်းဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်သောကြောင့် ကေဇမည်၏။ အသာသ ပဿာသကောဋ္ဌာသသည်လည်း စိတ်တည်းဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်သောကြောင့် ကေဇ မည်၏။

၁၀၀။ ချွေး,တံထွေး,နှပ်, မျက်ရည်-ဤ လေးခုသော ကောဋ္ဌာသတို့သည် စိတ် တည်းဟူသော အကြောင်းကြောင့်လည်းဖြစ်၊ဥတု တည်းဟူသော အကြောင်းကြောင့်လည်းဖြစ်၍ (၂) ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကြကုန်သောကြောင့် နွိဇကောဋ္ဌာသတို့ မည်ကုန်၏။

၁၀၁၊ ယင်းဂေကဇ၊ ဒွိဇပယ်ချန်၊ ဒွတ္တိ်သန်၊ မှတ်ရန် စတုဇာ၊

၁၀၂၊ ကိုယ်ခန္ဓာဆောင်း၊ကလာပ်ပေါင်း၊ မှတ်ကြောင်း ဤသို့သာ။

၃၀၃။ ဥ-ဂေကဇ၊ စတုက၊ လေး၀ အင်္ဂကာ။

၁၀၃။ ထို(၄၂)ပါးသော ကောဋ္ဌာသတို့တွင် ဤကေဇကောဋ္ဌာသ ၆-ပါး, ဒွိဇကောဋ္ဌာသ ၄-ပါးအားဖြင့် ၁၀-ပါးသော ကောဋ္ဌာသတို့ကိုကြည့်၍ ကျန် ၃၂-ပါးသော ကောဋ္ဌာသတို့သည် ကံ-စိတ်-ဥတု-အာဟာရဟု ဆိုအပ်သော ၄ ပါးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်သောကြောင့် စတုဇ ကောဋ္ဌာသတို့ မည်ကုန်၏။

ဇကေဇ = ၆-ပါး၊ ဒွိဇ = ၄-ပါး၊ စတုဇ = ၃၂-ပါးတို့ကို သေသေချာချာ ကွဲပြားအောင် နာနာမှတ်သားလေ။

သမုဋ္ဌာန်အားဖြင့် ဝေဘန်ခက်း ပြီး၏။

ကလာပ်အားဖြင့် ဝေဘန်ခက်း

၁၀၄။ ဤကိုယ်ခန္ဓာဝယ် ၄၂-ပါးသော ကောဋ္ဌာသတို့၌ခို အောင်းတည်ရှိသော ရုပ်ကလာပ်တို့ကို ဤပြဆိုလတံ့သောနည်းဖြင့် မှတ်သားလေ။ မှတ်ကြောင်းကို ဆိုဝေအံ့။

၁၀၅။ ရုပ်တို့ပေါင်းစည်း၍ တည်နေပုံကို ရှေ့ဦးစွာ မှတ်လင့်ဦး။ မြေဓာတ်-ရေဓာတ်-မီးဓာတ်-လေဓာတ်, ထင်းဓာတ်ကြီး ၄-ပါးတို့၏ အခြောင်,အဆင်း,အနံ့,အရသာ,သတ္တိ၊ ထင်း(၈)ခုသော ဓာတ်တို့သည်

၁၀၄။ ပါစကင္ဂါ၊ ကံ ေကြာင့်သိ၊ ဇာတိ-နဝကာ။
၁၀၅။ အာသာ, ပသာသ်၊ စိတ်ေကြာင့်မှတ်၊ ကလာပ်-
သုဒ္ဓဋ္ဌာ။
၁၀၆။ ဒွိဇ လေးရပ်၊ ကလာပ်စိတ်-ဥ၊ နှစ်စီရှု၊ ဂုဏ်ခု-
ဖရဿကာ။

မည်သည့်အခါ မည်သည့်နေရာ၌မျှ မကွဲကြဘဲ တပေါင်းတစည်းတည်း သာ အမြဲဖြစ်ကြသည်။ ၎င်းကို ပါဠိခေါ်အားဖြင့် "ပထဝိ-အာပေါ်-တေဇော-ဝါယော-ဝဏ္ဏ-ဂန္ဓ-ရသ - သြဇာ" အဋ္ဌကကလာပ်ဟူ၍ လည်းကောင်း၊ သုဒ္ဓဋ္ဌက ကလာပ်ဟူ၍လည်းကောင်းခေါ်သည်။ ၎င်းရှစ်ပါးသော ရုပ်တို့နှင့် အတူတကွ အခြားသော ရုပ်တခု ပါဝင်ရောနှော ပေါင်းစပ်လျှင် နဝက ကလာပ်။ နှစ်ခုပါဝင် ရောနှောပေါင်းစပ်လျှင် ဒသက ကလာပ် စသည်ဖြင့် ခေါ်ဝေါ်ရပြန်သည်။ ထို(၄၂)ပါးသော ကောင္ဘာသတို့တွင် ပြည့်,ကျင်ငယ်,အစာသစ်,အစာဟောင်းဟု ဆိုအပ်သော ဥတုကြောင့်ဖြစ်သော ဥတု-ကေဇ-ကောင္ဘာသ ၄-ပါးဝယ် တပါးတပါး၌ အဋ္ဌက ကလာပ် တစည်းစီ ရှိရကား ပေါင်းအဋ္ဌက ၄-စည်းရှိ၏။

၁၀၄။ ပါစကတေဇောဓာတ်၌ ကံကြောင့်ဖြစ်သော နဝက ကလာပ် တစည်းရှိ၏။

၁၀၅။ အသာသ ပသာသ ဝါယော ကောင္ဘာသ၌ စိတ်ကြောင့် ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်းရှိ၏။

၁၀၆။ ချွေး,တံခွေး,နှပ်,မျက်ရည်ဟု ဆိုအပ်သော ဒွိဇကောင္ဘာ သ ၄-ခု၌ တခုတခုလျှင် စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ် တစည်း၊ ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ် တစည်း အားဖြင့် ၂ စည်း ၂-စည်းရှိရကား ပေါင်း-သုဒ္ဓဋ္ဌက ကလာပ် ၈-စည်းရှိ၏။

၁၀၅။ ကြွင်းစဘုဇာ၊ ဒွိတ္တိံသာဂ၊ တာဂတွင်မှ၊ သုံးပွင့်၊ ဖြစ်ကြစိတ်-ဉ, ဇာ။

၁၀၆။ သုံးစည်းဘဝန်၊ ဒွိတ္တိံသံမြောက်၊ ကိုးဆယ်မြောက်၊ ရမြောက်-အဋ္ဌကာ၊

၁၀၉။ ဒီး, သေကောဋ္ဌာ၊ စတုဇာတွင်၊ ကံလျှင်ဖြစ်ဘိ၊ ဂုစ်စည်းသိ၊ ဇိဝိ-နဝကာ၊

၁၀၇။ ထို(၄၂)ပါးသော ကောဋ္ဌာသတို့တွင် ကေဇ ဖ-ပါး; ဒွိဇ ၄-ပါးမှတပါး ကံ,စိတ်,ဥတု,အာဟာရဟု ဆိုအပ်သော ၄-ပါးသော အကြောင်းကြောင့်ဖြစ်သော ကျန် ၃၂-ပါးသော ကောဋ္ဌာသ၌ တပါး တပါးလျှင် စိတ်ကြောင့်ဖြစ်သော အဋ္ဌကတစည်း, ဥတုကြောင့်ဖြစ်သော အဋ္ဌက တစည်း, အာဟာရကြောင့်ဖြစ်သော အဋ္ဌက တစည်း အားဖြင့် ၃-စည်းစိ ရှိကြကုန်၏။

၁၀၈။ ထိုသို့ ကောဋ္ဌာသ တပါးတပါးလျှင် အဋ္ဌက ၃-စည်း ၃-စည်းစိ ရှိသောကြောင့် ၎င်းကလာပ် ၃-စည်းနှင့် စတုဇ ကောဋ္ဌာသ (၃၂)ပါးကိုမြောက်သော် (၃၂×၃=၉၆) အဋ္ဌက ကလာပ်ပေါင်း (၉၆)စည်းရှိ၏။

၁၀၉။ တစ္ဆော ကောဋ္ဌာသ လေးပါး၌ကံကြောင့်သာဖြစ်သော ပါစက ကောဋ္ဌာသကို နုတ်၍ ကျန် ၃-ပါး,ဝါယော ကောဋ္ဌာသ ဖ-ပါး၌စိတ်ကြောင့်သာ ဖြစ်သော အသဲသာသ-ပဿာသကောဋ္ဌာသကိုနုတ်၍ ကျန် ၅-ပါး=ပေါင်း စတုဇ ၈-ပါး၌ တပါးတပါးလျှင်''ဇိဝိတနဝက'' ကလာပ်တစည်းစိ ရှိရကား ပေါင်း-ဇိဝိတနဝက ကလာပ် ၈-စည်းရှိ၏။

၁၁၀။ ကြွင်းစတုဇာ၊ ဧဝေဗိသာတွင်၊ ကံသျှင်ဖြစ်စေ
ကာ-ဘာဝေ၀၊ နှစ်ထွေ-ဒသကာ။
၁၁၁။ စတုဝိသ၊ ကောဋ္ဌာသနှင့်၊ ဒွယဒြွာကံလစ်၊
လေးဆဲ့ ၄၊စ်၊ ဖြစ်၏ဒသကာ။
၁၁၂။ စက်, သော, ဃာ, ဇိ၊ တလီဘဏ္ဍု၊ ငါးခုဒသက၊
သိမ်းခြားပြု၊ နာမ-ပဒေသာ။
၁၁၃။ သဒ္ဒနဝက၊ ကလာပ၊ နွယ စိတ်, ဥစ္စာ။

၁၁၀။ စတုဇ ကောဋ္ဌာသ (၃၂) ပါးတွင် မီး,လေ ကောဋ္ဌာသ စတုဇရှစ်ပါးကို နုတ်သော်(၃၂-၈ = ၂၄)နှစ်ဆယ့်လေးကောဋ္ဌာသ ကျန်၏။ ၎င်း(၂၄)ကောဋ္ဌာသ၌ တပါးတပါးလျှင် ကံဇကြောင့် ဖြစ်သော ကာယဒသကကလာပ်တစည်း, ဘာဝဒသက ကလာပ်တစည်း အားဖြင့် ၂-စည်းစီ ရှိကုန်၏။

၁၁၁။ (၂၄) ကောဋ္ဌာသနှင့် ဒသက ကလာပ် (၂) စည်းတို့ အချင်းချင်း မြောက်သော် (၂၄ × ၂ = ၄၈) ဒသကကလာပ်ပေါင်း (၄၈) စည်းဖြစ်၏။

၁၁၂။ မျက်စိ,နား, နှာ, လျှာ, နှလုံးသွေးတို့၌ အသီးအသီး တည်ရှိသော စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါ ဒသကကလာပ်, ဝတ္ထုဒသက ကလာပ်အားဖြင့် ပဒေသက ကလာပ်မည်သော ဒသက ကလာပ် ၅-စည်းရှိ၏။

၁၁၃။ စိတ်ကြောင့်ဖြစ်သော အသံဟု ဆိုအပ်သော စိတ္တဇ သဒ္ဒ၌ သဒ္ဒနဝက ကလာပ်တစည်း၊ ဥတုကြောင့်ဖြစ်သော အသံဟု ဆိုအပ်သော ဥတုဇသဒ္ဒ၌ သဒ္ဒနဝက ကလာပ်တစည်းရှိ၏။

ကလာပ်အားဖြင့် ဝေဘန်ခဏ်းပြီး၏။

၁၁၄၊ ကောဋ္ဌာဖြစ်ကြောင်း၊ တူရာပေါင်းစပ်၊ ကလာပ်ရုံး၊ ငါးဆဲ့သုံး၊ တွက်ကျုံးဒသကာ၊

၁၁၅၊ ဆယ့်တစ်နဝကာ၊ အဋ္ဌကမျိုး၊ တရုံ့ကိုး၊ ဖြစ်ရိုး ဤကိုယ်မှာ၊

၁၁၆၊ တထောင့်ငါးရာ၊ တခုသာလျော်၊ ရုပ်ပေါင်း ထွက်၊ စည်းချက်ဖြေသချိုင်္ဂ၊

ကလာပ် နှင့် ရုပ်အရေအတွက်ကို ပြဆိုခြင်း

၁၁၄။ သို့ဖြစ်၍ ဤပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသ တူရာဖြစ်ကြောင်းတူရာတို့ကို ပေါင်းစပ်၍ ရေတွက်အပ်သည်ရှိသော် ဤရူပကာယ ခန္ဓာကိုယ်၌ ဒသက ကလာပ်ပေါင်း ၅၃-စည်းခို၏။

၁၁၅။ နဝက ကလာပ် ပေါင်း ၁၁-စည်းရှိ၏။ အဋ္ဌက ကလာပ်မျိုး ၁၀၉-စည်းရှိ၏။

၁၁၆။ ရုပ် ရှစ်ခု - ကိုးခု - ဆယ်ခုစီ အားဖြင့် ပေါင်းစည်း၍နေကြသော ကလာပ်တို့ကို ဖွဲ့စည်းခြင်းကို ဖြေ၍ မပေါင်းမစည်းမူ၍ ရုပ်တခုစီ တခုစီ ခွဲခြမ်း၍ ရေတွက်အပ်သည်ရှိသော်— ရုပ်ပေါင်း (၁၅၀၁) တထောင့် ငါးရာ့တခုရှိ၏။ ရုပ်ပေါင်း (၁၅၀၁) ခု ဖြစ်ဟန်ကား..... ဒသက ကလာပ် (၅၃) စည်းကိုတည်၍ ရုပ် (၁၀) ခုဖြင့် မြှောက်သော် (၅၃x၁၀ = ၅၃၀) ရုပ်ပေါင်း ငါးရာသုံးဆယ်ထွက်၏။ ။နဝက ကလာပ် (၁၁) စည်းကို တည်၍ ရုပ် (၉) ခုဖြင့် မြှောက်သော် (၁၁x၉ = ၉၉) ရုပ်ပေါင်း ကိုးဆယ်ကိုး ထွက်၏။ ။အဋ္ဌကကလာပ် ပေါင်း (၁၀၉) ကို တည်၍ ရုပ် (၈) ခုဖြင့် မြှောက်သော် (၁၀၉x၈ = ၈၇၂) ရုပ်ပေါင်း ရှစ်ရာခုနစ်ဆယ့်နှစ် ထွက်၏။

၁၁၇။ ဤခန္ဓာဓာတ်၊ရုပ်ကလပ်စု၊ ဖြူဏှာလေး၊တပ္ပား ပွား၊ မခြားဖြစ်သည်သား။

သို့ဖြစ်၍ ဒသက ကလာပ် (၅၃) စည်းမှ ရုပ်ပေါင်း (၅၃၀) နဝကကလာပ် (၁၁) စည်းမှ ရုပ်ပေါင်း (၉၉) အဋ္ဌကကလာပ် (၁၀၉) စည်းမှ ရုပ်ပေါင်း (၈၇၂) တို့ကိုပေါင်းသော်...

(၅၃၀ + ၉၉ + ၈၇၂ = ၁၅၀၁)

ရုပ်ပေါင်း တထောင့်ငါးရာတခု ဖြစ်၏။

၁၁၇။ ဤအရာ၌ ဖြစ်ဖြစ်သမျှ သတ္တဝါသန္ဓါရတို့၏ သဘာဝအမှန် အမာခံ သဏ္ဌေ၊ အနှစ်ကို စုလိုက်လျှင် ခက်မာမှု ပထဝီ-သညီမှာ မြေဓာတ်, စွတ်တပါးနှင့်တပါးကို တခြားစီ မကွဲပြားစေရအောင် စည်းနှောင်ဖွဲ့ရက်တတ်သော အာပေါဓော်-ရေဓာတ်, မိမိနှင့်နီးစပ်သည့်ဓာတ်တပါး၏ ရင့်ကျက်ခြင်းကို ပြုတတ်သည့် ပူမှု-အေးမှုဟု ဆိုအပ်သော တေဇောဓော် - မီးဓာတ်, ဆောက်အုန် လှုပ်ရှားခြင်းကို ပြုတတ်သော ဝါယောဓော်-လေဓာတ်, ရုပ်ကလာပ်အစုတို့ တခုနှင့်တခုကို ပိုင်းခြားမှု အာကာသ, ဤငါးဝသော ဓာတ်ကြီးတို့သည်သာလျှင် အမာခံအနှစ် အနယ်ထိုင် ဓာတ်တို့ဖြစ်ကြပေသည်။ ထိုငါးဝသော ဓာတ်အစုတွင် ရုပ်ကလာပ် တခုနှင့်တခုကို ပိုင်းခြားမှုဟု ဆိုအပ်သော အာကာသဓာတ်၏ သဘောရင်းသည် ကြွင်းသော ဓာတ်အစုတို့အား အချင်းချင်း ပိုင်းခြားခြင်းအမှုကို ပြုလုပ်ရပေသောကြောင့် အကြွင်းစု ဖြစ်လေရာ ဥဒ္ဓေသဒ္ဓါပါဝင် ရသည်ချည်းပင် ဖြစ်လေရကား သတ္တဝါ,ပုဂ္ဂိုလ်နှင့် ထိုထို သန္ဓါရတရားတို့၏ အတွင်းသားအနှစ် အမာခံဖြစ်သည်ဟု ဆိုရပေသည်။ စင်စစ်မှာမူကား ကျန်လေးပါးသော ဓာတ်တို့သည်သာလျှင် အမာခံအစစ် ဓာတ်မတို့ ဖြစ်ကြပေသည်။

ထို မြေ,ရေ,လေ,မီးဟု ဆိုအပ်သော ဓာတ်ကြီးလေးခုတို့ ပေါင်းစု၍ ဖြစ်ပေါ်လာကြသည်ရှိသော် ထိုဓာတ်ကြီးလေးခုတို့၏ ညို,ဖြူ,နီ,ဝါ အစရှိသော အရောင်,အဆင်းဟု ဆိုအပ်သော ဝဏ္ဏဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးခုတို့၏ မွေး,နုံ,ညှို့,ပုတ်ခြင်း အစရှိသော အနုံဟုဆိုအပ်သော ဂန္ဓဓာတ်သည်လည်းကောင်း,ထိုဓာတ်ကြီးလေးပါး တို့၏ ချို,ချဉ်,ဖန်,ငန် အစရှိသော အရသာဟု ဆိုအပ်သော ရသာဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးပါးတို့၏ တန်ခိုးသတ္တိဟု ဆိုအပ်သော ဩဇာဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးပါးတို့ နှင့် ထက်ကြပ်မကွာ တပါတည်းဖြစ်ပေါ်၍ လာကြပေသည်။

ထို့ကြောင့် အမာခံဓာတ်မကြီးလေးပါး၊ထိုဓာတ်မကြီးတို့၏အရောင်, အရေ,အနုံ,,အရသာ, တန်ခိုးဟုဆိုအပ်သော အမှီဓာတ်လေးပါး-ပေါင်း ရှစ်ပါးသော ဓာတ်တို့သည် တသားတည်း, တပေါင်းတည်း, တလုံး တစည်းတည်း ဖြစ်ကြကုန်၏။ ထို ရှစ်ပါးတို့ဘွင် အမာခံဓာတ်မကြီး လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား မှီရမှသာလျှင် ဖြစ်ပေါ်နိုင်ကြသောကြောင့် မည်သည့်အခါ၌မျှ အသီးသီး ခွဲခြား၍ မဖြစ်နိုင်။ အမှီဓာတ်လေးပါးတို့သည်လည်း ထိုဓာတ်မကြီးလေးပါးတို့၏ အရောင်,အရေ စသည်တို့မျှသာ ဖြစ်ခြင်းကြောင့် ထိုဓာတ်မကြီးလေးပါး တို့မှကင်း၍ ဒီမိတို့ချည်းသက်သက် လျောက်လျားဘာသာ မည်သည့် အခါ၌မျှ မဖြစ်ပေါ်နိုင်။ ထို့ကြောင့် ဤရှစ်ပါးသော ဓာတ်တို့သည် မည်သည့် အခါ၌မျှ အသီးအသီး ခွဲခြား၍ မဖြစ်ပေါ်ကြပေ။ ထိုရှစ်ပါး သော ဓာတ်တို့၏ အပေါင်းကိုပင်လျှင် အင်္ဂကလာပ်ရုပ် ဟူ၍လည်း ကောင်း, သုဒ္ဓဋ္ဌကကလာပ်ရုပ်ဟူ၍လည်းဇကောင်း, အဝိနိဗ္ဘောဂရုပ်ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်ပေသည်။ ဤပရမတ်အစု ရှစ်ခုတို့၏ အရိပ်, အရောင်မျှသာ ဖြစ်သော ကလာပ်တစည်း အမှုန့်ခဲကလေးတခု၏ ဩဇာ ပမာဏာသည် ပကတိ လူတို့၏မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်လောက်အောင် ပင် ပရမာဏုမြူမှုမက အလွန်သေးငယ်လှပေသည်။ ထို ရုပ်ကလာပ်မျိုး

တို့ များစွာစုပေါင်းမိမှသာလျှင် ပကတိ မျက်စိဖြင့် ကြည့်ရှု၍ မြင်နိုင် ထင်နိုင်သော အခြေအနေသို့ ရောက်ပေသည်။

အသက်မရှိသော ရေ, မြေ, တော, တောင်, သမုဒ္ဒရာ စသည်တို့၌ ဤရုပ်ကလာပ်မျိုးတို့၏ အစုအပေါင်းချည်းသာ ဖြစ်ကြပေသည်။ အသက်ရှိသော သတ္တဝါ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဤရုပ်ရှစ်ခုနှင့် ဒုတိယ တက္ခ ပါဝင်ရောနှော၍ ရုပ်ကိုးခု, ရုပ်ဆယ်ခု, ရုပ်တဆယ့်တခု, ရုပ်တဆယ့်နှစ်ခု, ရုပ်တဆယ့်သုံးခုတိုင်အောင် ပေါင်းစုတတ်ကြသော အခြားသောရုပ်များလည်း ရှိကြပေသေးသည်။ သို့သော်လည်း ၎င်းတို့ ပါဝင်ရောနှောခြင်းကြောင့် ရုပ်ကလာပ်တို့ အချင်းချင်း အကြီး,အငယ် ပမာဏ စသည်တို့ ထူးခြားတော့သည်မဟုတ်ပေ။ ထို့ကြောင့် ဤအရာ၌ ထိုရုပ်တို့ကို မလိုအပ်ပေ။

ထိုပထဝီ,အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ, ရသ, ဩဇာ ဟု ဆိုအပ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုတို့တွင်လည်း အရောင်, အဆင်း, အနံ့, အရသာ, တန်ခိုးသတ္တိ ဟု ဆိုအပ်သော အမှိုက်တော် လေးပါးတို့သည် ကြွင်းသောဓာတ်ကြီးလေးပါးတို့၏ အရောင်-အဝါ, အရှိန်အစေ့မျှသာဖြစ်ကြ၍ အမာခံ ဓာတ်မတို့မဟုတ်ကြ။ပထဝီ,အာပေါ,တေဇော, ဝါယော ဟု ဆိုအပ်သော ဓာတ်ကြီးလေးပါးတို့သည်သာလျှင် အမာခံ ဓာတ်မကြီးတို့ဖြစ်ကြပေသည်။ သို့ဖြစ်၍ သတ္တဝါ,ပုဂ္ဂိုလ်,ရေ,မြေ,တော, တောင်, သမုဒ္ဒရာ အစရှိသော ရှိရှိသမျှသော အရာဝတ္ထုတို့၌ ထိုဓာတ်မကြီးလေးပါးတို့သည်သာ များစွာ ဓုပေါင်း ဖြစ်ပျက်ကြ၍ ပဓာနအချုပ် ဦးစီး ပြုလုပ်လျက် နေကြပေသည်။

ထို့ကြောင့် ဤဓာတ်ကြီးလေးပါးတို့နှင့်တကွ ရုပ်မှုန့်အစုတို့ကို တခုနှင့်တခု ပိုင်းခြားခြင်းပြုတတ်သော အာကာသဓာတ် ပေါင်း ငါးရပ်သော ပရမတ္ထဓာတ် ရုပ်ကလာပ်တို့သည် များစွာပေါင်းစပ်ကြပြီးလျှင် လူကောင်, နတ်ကောင်, ဆင်ကောင်, မြင်းကောင် စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဖြစ်လေအောင် ဟန်ပန်ဆောင်၍ ဤ ကမ္ဘာလောကကြီးကို

၁၁၈။ မခြားဖြစ်အောင်၊ ဥာဏ်ဒိဋ္ဌဖြင်ကာ၊ အစဉ်အမြဲ၊ အာဆင်လွှဲ၍၊ သူဘဲ-ငါဘဲ၊ ဇွတ်ယူစွဲသည့်၊သူ့ရဲ့ မိန္ဆာ၊ ကိုယ်ကကွာ၊ ခေမာ-ရောက်မည်သာ၊ တည်ထောင် ဖန်ဆင်းကြပေသည်။ထိုစာတ်ကြီး ငါးပါးမှတပါး အခြားသောပုဂ္ဂိုလ်,သတ္တစေါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ, ဒြဗျိ,အကောင်, အထည် ဟူ၍မရှိပြီ။ စင်စစ်မှာမူ ထို စာတ်ကြီးငါးပါး မျက်လှည့်သမားတို့သည်သာလျှင် မိန်းမ၏အသွင်, ယောကျ်ား၏အသွင်, သား-သမီး, မိဘ စသည်တို့၏ အသွင် အပြင်ဖြင့် ထင်မြင်အောင် သရုပ်ဆောင်လုပ်လျက် အမှန်မဟုတ်သည့် ဇာတ်ထုပ်အမျိုးမျိုးတို့ကို ထိုးလုပ်ဖန်ဆင်း၍ ဟန်ခင်း ပြုလုပ်ဖမ်သည့် မျက်လှည့်ရုပ် ပမာဆိုရသော ဤရုပ်ခန္ဓာစာတ်ကောင်ကြီးသည် ပကတိထင်မြင်ရသည့်အတိုင်း မပျက်မစီးဘဲ အမြဲတည်နေသည်မဟုတ်။ ပြဆိုခဲ့ပြီးသည့်အတိုင်း ပကတိ မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်သောက်ခအောင် အလွန် သေးငယ်လှစွာသော မြူမှုန့်မြူနုစ်၏ အလား များစွာသော ရုပ်ကလာပ်တို့ စုပေါင်းကြလျက် အကြောင်းအားလျော်စွာ (ယခုကာလရိပ်ပြ-ရုပ်ရှင်ခေါ် ဘိုင်စကုတ် စာတ်စက်၏ အထဲ၌ ကားချပ်တို့ အစဉ်လဲဘိသကဲ့သို့) ခဏမစဲ တဖွားဖွား တသဲသဲ အလဲအလဲအား ဖြင့် အမြဲအစဲ့ ဖြစ်ပျက်၍ နေကြပေသည်။

၁၁၉။ ယင်းသို့ ရုပ်ကလာပ်အစုတို့ မည်သူ၏အလိုဆိုမှ မလိုက်ကြဘဲ အကြောင်း တိုက်ဆိုင်ရာ ခဏမခြား တဖွားဖွား ဖြစ်ပျက်လျက် အဆက်မပြတ်နေပုံကို အာရုံစူးစိုက် သဘောပိုက်မိပါလျှင် သံသရာ အစဉ်အစဉ်မှ အထင်အမြင် လွဲခဲ့သဖြင့် သူဘဲ-ငါဘဲ-မိန်းမဘဲ ယောကျ်ားဘဲ စသည်ဖြင့် ဇွတ်တရွတ် အမြဲ လျှောက်စာန်း ယူစွဲသည့် သက္ကာယဒိဋ္ဌိ တည်းဟူသော မိန္ဆာသူရဲသည် အလိုလို ခွါရှဲ ကင်းပျောက်လွတ် ဘေးမဲ့ဒေါင်ချာ ပြည်ခေမာသို့ လျင်မြန်စွာ ရောက်နိုင်ပေလိမ့်မည်။

၁၁၉။ ဓမ္မာရုက်ကြောင်း၊ နှည်းကောင်းဟု ဆို၊ ဆေးမီးတိုကို၊ ဗိုလ်လူအများ၊ သောက်စေသား၊ မခြား-နှုရက်သာ။

၁၁၉။ ထိုသို့ ပြည်ခေမာသို့ ရောက်ရာ ရောက်ကြောင်း နည်းကောင်းလမ်းမှန် ဖြစ်ပါသဖြင့် ကျမ်းဂန် အရပ်ရပ်ကို နှံစပ်အောင် မသင်ကြားဘူးသော်လည်း ထိုကျမ်းဂန်တို့၌ ပြဆိုအပ်သော အနက်အဓိပ္ပါယ်တို့ကို အလွယ်ဖြင့် သိနိုင်သောကြောင့် အများသူတို့နှင့် အထူးပင် သင့်လျော်လျောက်ပတ်သည့် ကောဋ္ဌာသန္တိဓက်း ဤကမ္မဋ္ဌာန်းဆေးမီးတိုကို သတ္တဝါဗိုလ်လူအများတို့ နှုမလပ် ရက်မခြားဘဲ အားထုတ်၍ သောက်ကြပါစေကုန်သတည်း။

ကောဋ္ဌာသဝေဘန်ခက်း သရုပ်အဓိပ္ပါယ် ပြီး၏။

သက္ကာယဒိဋ္ဌိ (၂၀) အကျယ် ဝေဘန်ခက်း

ဓမ္မသင်္ကိ ပါဠိတော် နိက္ခေပကဏ္ဍ ဒသနတိက်၌ " ဒသနေန ပဟာတဗ္ဗာ ဓမ္မာ " ဟူသော ပုဒ်အရ ဖွင့်ပြဇာတ်မူရာဝယ်....

ရူပံ အတ္တာတော သမနုပဿတိ ရူပဝန္တံ ဝါ အမ္ဟာနံ အတ္တာနိ ဝါ ရူပံ ရူပသ္မိံ ဝါ အတ္တာနံ။

ဝေဒနံ အတ္တာတော သမနုပဿတိ ဝေဒနာဝန္တံ ဝါ အတ္တာနံ အတ္တာနိဝါ ဝေဒနံ ဝေဒနာယဝါ အတ္တာနံ။

သညံ အတ္တာတော သမနုပဿတိ သညာဝန္တံ ဝါ အတ္တာနံ အတ္တာနိဝါ သညံ သညာယဝါ အတ္တာနံ။

သခ်ၤရဲ အတ္တေတာ သမနုပသၼတိ သခ်ၤရဝန္တံဝါ အတ္တာနံ အတ္တနိဝါ သခ်ၤရဲ သခ်ၤရသုဝါ အတ္တာနံ။

ဝိညာဏံ အတ္တတော သမနုပသၼတိ ဝိညာဏဝန္တံဝါ အတ္တာနံ အတ္တနိဝါ ဝိညာဏံ ဝိညာဏသ္မိံဝါ အတ္တာနံ။

ဟူ၍ ေဟာေတာ်မူအပ္ေသာ ဤ "ရူပံ အတ္တေတာ" စသာ ပါဠိေတာ်ဝယ် ခန္ဓာငါးပါးကိုစွဲ၍ သတ္တဝါယဒိဋ္ဌိဖြစ်ေပၚပုံကို မြတ်စွာဘုရားသခင် ေဟာေတာ်မူအပ်ေသာ ဒေသနာေတာ်မြတ် ဖြစ်ခြင်းေကြာင့် ခန္ဓာငါးပါးကို ခဲခြား၍ သိထားနှင့်ဦးမှ ဒေသနာေတာ်၏ အနက်အဓိပ္ပါယ် တို့ကို နားလည်ရိပ်မိ သိရှိနိုင်လိမ့်မည်။ သို့ဖြစ်၍ ရှေးဦးစွာ ခန္ဓာငါးပါးကို ခဲခြား၍ အမြွက်မျှ ပြဆိုပေအံ့။

ခန္ဓာ-ဟူသည် ရုပ်ခန္ဓာ, နာမ်ခန္ဓာဟူ၍ နှစ်မျိုး-နှစ်စား ရှိ၏။ ထိုနှစ်မျိုးတို့တွင် သတ္တဝါတို့၏ သန္တာန်၌ ရုပ်အမျိုးမျိုးတို့ စုပေါင်းဖြစ်ပျက်၍ နေသော ကိုယ်ကောင်ခြေမဟု ဆိုအပ်သော ရုပ်တုံး-ရုပ်ခဲကြီးသည် ရုပ်ခန္ဓာမည်၏ - ရူပက္ခန္ဓာမည်၏။ ထို ရူပက္ခန္ဓာသည် အာရုံကို မယူတတ်, မသိတတ်။ (မြန်မာလို ရုပ်တုံး-ရုပ်ခဲကြီးဟု ဆိုလိုသည်။)

ထိုရုပ်တုံး - ရုပ်ခဲ ရုပ်ကောင်ကြီးကို မှီ၍ ဖြစ်သောအာရုံကို ခံယူသိမှတ်ပို်က်၍ သိမှု,ကြံမှု, မှတ်မှု-ဒေစရိသည်တို့ကို ပြုလုပ်တတ်သော စိတ်-စေတသိက်ဟု ဆိုအပ်သော နာမ်တရားအစုံသည် နာမ်ခန္ဓာမည်၏-နာမက္ခန္ဓာမည်၏။ ထိုနာမ်ခန္ဓာသည်လည်း မိမိတို့၏ အာရုံကို ယူပုံ အာရုံပြုပုံအခြင်းအရာ အာကာရအားဖြင့် ေဝဒနာက္ခန္ဓာ,သညာက္ခန္ဓာ, သခ်ၤရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ လေးမျိုး - လေးပါး ပြားပြန်၏။ ထိုေလးပါးတို့တွင်....

ေဝဒနာက္ခန္ဓာ-ဟူသည် နာမ်တရားအစု၌ အကျုံးဝင်သော ေဝဒနာစေတသိက်ပင်တည်း။ထို ေဝဒနာစေတသိက်သည် စိတ်ဖြစ်တိုင်း စိတ်နှင့် အတူပါ၍ စိတ်၌ ယှဉ်ကပ်ပြီးလျှင် ထိုစိတ်ယူသော အာရုံ၏ အရသာ

ကိုပင်လျှင် အာရုံအားလျော်စွာ ကောင်းသောအခြင်းအရာ မကောင်းသော အခြင်းအရာအားဖြင့် ခံစားမှုဒုံမြဖြစ်၍ နေ၏။ ထိုသို့ဖြစ်ရာ မျက်စိတမှိတ် လျှပ်တပြက် ကာလတွင်ပင် ဒုက္ခြမပေါင်း ကုဋေတသိန်း ကျော်မျှ ဖြစ်ပျက်၍နေသော စိတ်နှင့် အတူယှဉ်၍ အာရုံကို ခံစားခြင်း ခံစားမှုဝေဒနာသည် မပြတ်ဖြစ်၍ နေသကဲ့သို့ ရှိ၏။ထို့ကြောင့် ထိုဝေဒနာကိုပင်လျှင် ဝေဒနာက္ခန္ဓာဟု ခေါ်ဆိုအပ်သည်။ (မြန်မာလို ဝေဒနာတုံး-ဝေဒနာခဲကြီးဟု ဆိုလိုသည်။)

သညာက္ခန္ဓာ - ဟူသည် သညာ စေတသိက်ပင်တည်း။ ထိုသညာ စေတသိက်သည်လည်း စိတ်ဖြစ်တိုင်း စိတ်နှင့် အတူပါ၍ စိတ်၌ယှဉ်ညီကပ်ပြီးလျှင် ထိုစိတ်ယူသော အာရုံကိုပင်လျှင် အစဉ်မပြတ်ဘဲ အတွင်မှတ်မှု ဖြစ်၍နေ၏။ ထိုသို့ဖြစ်ရာ မျက်စိတမှိတ် လျှပ်တပြက်ကာလတွင်ပင် ကုဋေတသိန်းကျော်မျှ ဖြစ်၍နေသော စိတ်နှင့်အတူယှဉ်၍ အာရုံကိုမှတ်ရကား မှတ်မှုသညာသည် မပြတ်ဖြစ်၍နေသကဲ့သို့ ရှိ၏။ထို့ကြောင့် ထိုသညာကိုပင်လျှင် သညာက္ခန္ဓာဟု ခေါ်ဆိုသည်။ (သညာတုံး-သညာခဲကြီးဟု ဆိုလိုသည်။)

သင်္ခါရက္ခန္ဓာ - ဟူသည် ဝေဒနာ-သညာမှ ကြွင်းသော စေတသိက် (၅၀)တို့ပင်တည်း။ ထိုဖဿ,စေတနာအစရှိသော စေတသိက် (၅၀) တို့သည်လည်း စိတ်ဖြစ်သောအခါ စိတ်နှင့်အတူ တပြိုင်နက် ဖြစ်ကြကုန်လျက် ထိုစိတ်၏အာရုံကိုပင်လျှင် အာရုံပြု၍ ငြိတွယ်ခြင်း,လှုံ့ဆော်ခြင်း-အစရှိသော မိမိ မိမိတို့၏သက်ဆိုင်ရာ လက္ခဏာအမှုတို့ကို အသီးအသီး ပြုလုပ်ကြကုန်၏။ထိုတရားတို့သည် သင်္ခါရက္ခန္ဓာ(၅၀)တို့ မည်ကုန်၏။ သို့ပင် မည်ပါကုန်သော်လည်း ထို (၅၀) သောတရားတို့တွင် စေတနာသည်သာလျှင် ပြဓာန်း၍ ထင်ရှားသောကြောင့် ဝိဘင်းပါဠိတော်သင်္ခါရက္ခန္ဓ နိဒ္ဒေသ၌ စေတနာကိုသာ ပဓာနထား၍ ‘‘ဧကွါသမ္မသဇာ စေတနာ၊ သောတသမ္မသဇာ စေတနာ’’ စသည်ဖြင့် ဟောတော်မူသည်။ (ထို သင်္ခါရက္ခန္ဓာကို မြန်မာလို သင်္ခါရုံတုံး-သင်္ခါရခဲဟု ဆိုလိုသည်။)

၁၂၀။ ရုပ်လျှင်ငါဘဲ၊ ငါ့ရုပ်ဘဲဟု၊ ငါ့စွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤထေးဖြာ၊ သက္ကာ–ရုပ်ဒိဋ္ဌိ။

ဝိညာဏက္ခန္ဓာ-ဟူသည် အာရုံကိုကြုံတတ်, သိတတ်သောစိတ်ပင်တည်း။ ထိုစိတ်သည် အမျိုးအစားအားဖြင့် (၈၉) မျိုးရှိ၏။ ထိုစိတ်တို့တွင် မည်သည့်စိတ်မဆို တပါးပါးသော စိတ်သည် ဝေဒနာ-သညာတို့၌ ပြဿိုခဲ့ပြီးသည့်အတိုင်း ဖြစ်ရကား ဝိညာဏက္ခန္ဓာမည်။ (မြန်မာလို ဝိညာဏ်ခဲ-ဝိညာဏ်တုံးဟု ဆိုလိုသည်။)

ဤသို့ ခန္ဓာငါးပါးကို အကျဉ်းအားဖြင့်
မှတ်၍ထားလေ။

သတ္တဝါအနန္တတို့၏ ခန္ဓာကိုယ်ဟူသမျှတို့၌ ဤခန္ဓာငါးပါးတို့သည် သာလျှင် လူကောင်, နတ်ကောင်, ခွေး, ဝက်, ကြွက်, ငှက်, တိရစ္ဆာန်ကောင် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးအားဖြင့် ဖန်ဆင်းဖြစ်ပျက်၍ နေကြကုန်၏။ ဤခန္ဓာငါးပါးမှတပါး အခြား အဝိ-ငါဟူ၍၎င်း, အတ္တဟူ၍၎င်း, အသက်ဟူ၍၎င်း, လိပ်ပြာဟူ၍၎င်း ခေါ်ဆိုအပ်သောတရား တပါးမျှမရှိပြီ။ ထိုအကြောင်းကို ထင်ရှားစွာ သိစေတော်မူလိုသည်ဖြစ်၍ ဤဒေသနာတော်ကို ဟောတော်မူခဲ့ပေသည်။

၁၂၀။ သွားခြင်း,စားခြင်း,အိပ်ခြင်း,စသည်တို့၌ ထိုသွားခြင်း အစရှိသော အမှုတို့ကို ရုပ်ကလာပ်အစု ခန္ဓာကြီးပြုလုပ်သည်ကိုပင်လျှင် ထိုရုပ်ကလာပ်အစုမှတပါး ပြုလုပ်သူအဝိ ငါ = ငါဟု ဆိုအပ်သောတရား သီးခြားမရှိပါဘဲလျက် သက်သက်မဲ့အလွဲ ငါသွား,သည် ငါစား,သည် ငါအိပ်သည် စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် “ ရူပံ အတ္တာတော သမနုပဿတိ”ဟူ၍ ဟောတော်မူဒေသော ပါဠိတော်အရ ရုပ်ခန္ဓာကို ငါဟူ၍ ထင်မှတ်စွဲယူသော “သက္ကာယဒိဋ္ဌိ”တရုပ်ဖြစ်၏။ ထိုကြောင့် “ ရုပ်လျှင်ငါဘဲ ” ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါ၏ကိုယ်, ငါ၏ခြေ, ငါ၏လက် စသည်ဖြင့် မှတ်ထင်စွဲယူရာ ဤရူပကာယ ခန္ဓာကိုယ်၌ ရုပ်ကလာပ် အစုကို့မှတပါး ပိုင်ဆိုင်သည့်သူအပို (ငါ)ဟု ဆိုအပ်သောတရား သီးခြားမရှိဘဲလျက် သက်သက်မဲ့အလွဲ ပိုင်ဆိုင်သူအနေအစားဖြင့် ငါ့ခြေငါ့လက်စသည်ဖြင့် အမှားမှား မှတ်ထင်စွဲယူခြင်းသည် "ရူပဝန္တံ ဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏ရုပ်ဟူ၍ ပိုင်ဆိုင်သူ အနေအစားဖြင့် အမှားမှား စွဲယူသော "သက္ကာယဒိဋ္ဌိ" တရုပ်ဖြစ်၏။ထို့ကြောင့် " ငါ့ရုပ်ဘဲဟု " ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါအဆင်းလှသည်, ငါအသံသာသည်, ငါအနံ့မွှေးသည်, ငါအရသာချိုသည်, ငါအတွေ့ကောင်းသည်, ငါခေါင်းအချိုးကျသည်, ငါမျက်နှာလှသည်စသည်ဖြင့် မှတ်ထင်စွဲယူရာ ဤရူပကာယခန္ဓာကိုယ်၌ ရုပ်ကလာပ်တို့၏ အစုမှတပါး တည်မှီရာအပို(ငါ)ဟုဆိုအပ်သောတရား သီးခြားမရှိဘဲလျက် သက်သက်မဲ့အလွဲတည်မှီရာ ငါဟုမှတ်ထင်စွဲယူခြင်းသည်"အတ္တနိဝါ ရူပံ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ရုပ်တို့ တည်ရှိ၏ဟူ၍ တည်ရာမှီရာ၏ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ" တရုပ်ဖြစ်၏။ ထို့ကြောင့် "ငါ့စွဲရုပ်တည်"ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါစားချင်သည်, ငါစားချင်၍စားသည်, ငါသွားချင်သည်, ငါသွားချင်၍သွားသည်, ငါအိပ်ချင်သည်, ငါအိပ်ချင်၍ အိပ်သည်စ်, ငါအသက်ရှည်သည်, ငါအသက်တိုသည်, ငါ့လိပ်ပြာလှသည်, ငါ့လိပ်ပြာကိုနှုတ်၍သွားသည်,ငါ့လိပ်ပြာလန့်သည်,ငါ့လိပ်ပြာနှင့် သူ့လိပ်ပြာ တွေ့ကြုံသည်စသည်ဖြင့် မှတ်ထင်စွဲယူရာ ဤရူပကာယ ခန္ဓာကိုယ်၌ ရုပ်ကလာပ်အစုတို့မှတပါး တည်တတ် မှီတတ်သော အလွတ် အပို ငါ, ကိုယ်, လိပ်ပြာ, အသက်, အနှစ်, အတ္တဟု ဆိုအပ်သောတရား သီးခြားမရှိပါဘဲလျက် သက်သက်မဲ့အလွဲ တည်တတ်-မှီတတ်သည့် ငါ,အသက်,ကိုယ်, စသည်ဖြင့် အပိုတည်ရှိ၏ဟူ၍ မှတ်ထင်စွဲယူခြင်းသည်"ရူပသ္မိံ ဝါ အတ္တာနံ"

၁၂၁။ ဤနည်းလေးတန်၊ ငါးပါးခန်၊ ဝိသံအာတ်ဒိဋ္ဌိ။ ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ဤရူပကာယခန္ဓာကိုယ်၌ ငါတည်ရှိ၏ဟူ၍ အလွဲလွဲအမှားမှား ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ" တရပ်ဖြစ်၏။ ထို့ကြောင့် "ငါတည်ရပ်မှာ" ဟူ၍ စပ်ဆိုလိုက်ပေသည်။

ဤ၌ "ရုပ်လျှင်ငါဘဲ၊ ငါ့ရုပ်ဘဲဟု၊ ငါ့စွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာ-ရုပ်ဒိဋ္ဌိ" ဟူသကဲ့သို့ ဝေဒနာကမ္ဓန္ဓာအရ "ဝေ" ကိုယူပြီးလျှင် "ဝေလျှင်ငါဘဲ၊ ငါ့ဝေဘဲဟု၊ ငါ့စွဲဝေတည်၊ ငါတည်ဝေမှာ၊ ဤလေးဖြာ၊သက္ကာ - ဝေဒိဋ္ဌိ" ဟူ၍လည်းကောင်း၊ သညာကမ္ဓန္ဓာအရ "သ" ကိုယူပြီးလျှင် "သ၌လျှင်ငါဘဲ၊ငါ့သ၌ဘဲဟု၊ငါ့စွဲသ၌တည်၊ ငါတည်သ၌မှာ၊ ဤလေးဖြာ၊ သက္ကာ - သ၌ဒိဋ္ဌိ" ဟူ၍လည်းကောင်း၊ သင်္ခါရကမ္ဓန္ဓာအရ "ခါ" ကို ယူပြီးလျှင် "ခါလျှင်ငါဘဲ၊ ငါ့ခါဘဲဟု၊ငါ့စွဲခါတည်၊ ငါတည်ခါမှာ၊ဤလေးဖြာ၊သက္ကာ-ခါဒိဋ္ဌိ" ဟူ၍လည်းကောင်း၊ ဝိညာဏကမ္ဓန္ဓာအရ "ဝိည်" ကိုယူပြီးလျှင် "ဝိည်လျှင်ငါဘဲ၊ငါ့ဝိည်ဘဲဟု၊ ငါ့စွဲဝိည်တည်၊ငါ့တည်ဝိည်မှာ၊ဤလေးဖြာ၊သက္ကာ-ဝိည်ဒိဋ္ဌိ" ဟူ၍လည်းကောင်း စပ်ဆိုခဲ့လဟု ဆိုလိုပေသည်။

၁၂၁။ ဤသို့လျှင် ရူပကမ္ဓန္ဓာ၌ သက္ကာယဒိဋ္ဌိ (၄)ပါး ရ၏။ ။ ဆင်းရဲခြင်း,ချမ်းသာခြင်း စသည်တို့ဖြစ်ရာ၌ ထိုဆင်းရဲချမ်းသာကို ခံစားခြင်း စံစားခြင်းအမှုကို ဝေဒနာ စေတသိက်သည်သာလျှင် ပြုလုပ်သည်။ ဝေဒနာ စေတသိက်မှတပါး ခံစားသူအပို ငါ-ဟု ဆိုအပ်သောတရား တပါး မရှိပါဘဲလျက် ထိုဝေဒနာ၏နေရာ၌ အစားသွင်း၍ ထိုဝေဒနာခံစားသည်ကိုပင်လျှင် ငါခံစားသည်, ငါချမ်းသာသည်, ငါဆင်းရဲသည် စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် "ဝေဒနံ အတ္တတော သမနုပဿတိ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ဝေဒနာကမ္ဓန္ဓာကို ငါဟူ၍ ထင်မှတ်စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့် "ဝေလျှင်ငါဘဲ" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ၏ချမ်းသာခြင်း, ငါ၏ဆင်းရဲခြင်း, ငါ၏ကျင်နာခြင်း စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် ''ဝေဒနာဝန် ဝါအတ္တာနံ'' ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏ဝေဒနာဟူ၍ ပိုင်ဆိုင်သူ အနေအစား ဖြင့် အမှားမှား စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့်''ငါ့ဝေဒဲဟု'' ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ့မှာဆင်းရဲနေသည့်, ငါ့မှာချမ်းသာခြင်းနှင့်ပြည့်စုံသည် စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် ''အတ္တနိဝါ ဝေဒနံ'' ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ ဝေဒနာတည်ရှိ၏ဟူ၍ တည်ရာ-မှီရာ၏ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင်စွဲယူသော သက္ကာယဒိဋ္ဌိတရပ် ဖြစ်၏။ ထို့ကြောင့် '' ငါ့စွဲဝေတည်''ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါချမ်းသာသည်, ငါမဆင်းရဲခြင်း,ငါအကောင်းကြိုက်သည် စသည် ဖြင့် မှတ်ထင်စွဲယူခြင်းသည်''ဝေဒနာယ စဝါအတ္တာနံ''ဟူ၍ ဟောတော် မူအပ်သော ပါဠိတော်အရ ဝေဒနာဥစ္စငါတည်ရှိ၏ဟူ၍အလွဲလွဲအမှားမှား ယောင်ဝါးဝါး မှတ်ထင်စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့် ''ငါတည်ဝေမှာ'' ဟူ၍ စပ်ဆိုသင့်ပေသည်။ ။ဤသို့လျှင် ဝေဒနာကွန္ဓာ၌ သက္ကာယဒိဋ္ဌိ(၄)ပါးရ၏။

ထိုထိုသို့သော အာရုံကို သိမှတ်ရာ၌ သိမှတ်ခြင်းအမှုကို သညာကွန္ဓာ ဟု ဆိုအပ်သော သညာစေတသိက် ပြုလုပ်သည်ကိုပင်လျှင် သညာ စေတသိက်မှတပါး သိမှတ်တတ်သူအပို ငါ-ဟု ဆိုအပ်သောတရား တပါး သီးခြားမရှိပါဘဲလျက် သက်သက်မဲ့ အလွဲ ငါသိမှတ်သည်ဟု မှတ်ထင် စွဲယူခြင်းသည် '' သညံ အတ္တာတော သမနုပဿတိ '' ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ သညာကွန္ဓာကို ငါဟူ၍ စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့် ''သဉ်လျှင်ငါဘဲ'' ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ၏သိမှတ်ခြင်း, ငါ၏အမှတ်ဟူ၍ မှတ်ထင်စွဲယူရာ၌ သညာ စေတသိက်မှတပါး ပိုင်ဆိုင်သူအပို ငါ-ဟု ဆိုအပ်သော တရားတပါး

သီးခြား မရှိပါဘဲလျက် သက်သက်မဲ့ အလွဲပိုင်ဆိုင်သူ အနေအစားဖြင့် ငါ၏မှတ်ခြင်း, ငါ၏ အမှာ်ဟူ၍ မှတ်ထင်စွဲယူခြင်းသည် "သညာဝန္ဓ ံဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏အမှတ် ဟူ၍ ပိုင်ဆိုင်သူ အနေအစားဖြင့် အမှားမှား စွဲယူသော သက္ကာယဒိဋ္ဌိ တရပ်ဖြစ်၏။ ထို့ကြောင့် "ငါသည်ဘဲဟု" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ၏ အမှတ်ကောင်းသည့်, ငါ၏အမှတ်ညံ့သည့်, ငါ၏အံမှတ် ထက်မြက်သည့်, ငါ၏အမှတ် နုံ့နှေးသည့် စသည်ဖြင့် မှတ်ထင်စွဲယူရာ၌ သညာစေတသိက်မှတပါး မှတ်တတ်သော တည်ရာ – မှီရာ အဝို ငါဟူဆိုအပ်သော တရားတပါး သီးခြားမရှိပါဘဲလျက် သက်သက်မဲ့ အလွဲသညာကိုပင်လျှင် တည်ရာ-မှီရာ အနေအစားဖြင့် ငါဟု မှတ်ထင်စွဲယူခြင်းသည် "အတ္တာနံ ဝါ သညံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ သညာတည်ရှိ၏ဟူ၍ တည်ရာ-မှီရာ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင် စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့စွဲသည်တည်" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါမှတ်သည့်, ငါမှတ်ချင်၍မှတ်သည့် စသည်ဖြင့် မှတ်ထင် စွဲယူရာ၌ သညာစေတသိက်မှတပါး တည်တတ် မှီတတ်သော တရားတပါး သီးခြားမရှိပါဘဲလျက် သက်သက်မဲ့အလွဲ တည်တတ်-မှီတတ်သည့် အနေအစားဖြင့် ငါ, ကိုယ်စသည်ဖြင့် အဝိုတည်ရှိ၏ဟူ၍ မှတ်ထင်စွဲယူခြင်းသည် "သညာယ ဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ သညာကွန်ရာ၌ ငါတည်ရှိ၏ဟူ၍ အလွဲလွဲ အမှားမှား ယောင်ဝါးဝါး မှတ်ထင်စွဲယူသော သက္ကာယဒိဋ္ဌိတရပ်ဖြစ်၏။ ထို့ကြောင့် "ငါတည်သည်မှာ" ဟူ၍ စပ်ဆိုသင့်ပေသည်။ ဤသို့လျှင် သညာကွန်ရာ၌ သက္ကာယဒိဋ္ဌိ (၄)ပါးရ၏။

ထို့အတူ သခ်ါရကွန်ရာ၌လည်း ငါအားထုတ်သည် ငါကြောင့်ကြစိုက်သည် ငါ၏အားထုတ်မှု,ငါ၏ကြောင့်ကြစိုက်မှု စသည်ဖြင့် မှတ်ထင်စွဲယူသော သက္ကာယဒိဋ္ဌိ(၄)ပါး။

၁၂၂။ ငါနှင့်မဆိုင်၊ ငါဝိုင်မဟုတ်၊ ငါသမုတ်သည့်၊ နာမ်,ရုပ်ကိုခြွေငင်၊ ငါအကောင်၊ ဤယောင်ထင် ဘိ-ယူဒိဋ္ဌိ။

၁၂၃၊ ရုပ်နာမ်ခန္ဓာ၊ ကောဋ္ဌာသအစု၊ ခွဲဝေရွက၊ ငါဟု မထင်၊ ငါမဖြင်ဘဲ၊ ကြောင်တောင်လွဲ၊ ဇွတ်စွဲငါ ဂ္ဂါ-ယူဒိဋ္ဌိ။

ဝိညာဏက္ခန္ဓာ-၌လည်း ငါသိသည်, ငါကြုံသည်, ငါ၏သိခြင်း, ငါ၏ အကြုံ စသည်ဖြင့် မှတ်ထင် စွဲယူသော သက္ကာယဒိဋ္ဌိ (၄) ပါး အားဖြင့် ခန္ဓာငါးပါးကို စွဲ၍ သက္ကာယဒိဋ္ဌိ(၂၀)ဖြစ်၏။

၁၂၂။ ယင်းသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း ငါဟူ၍ ခေါ်ဆိုသမှတ် အပ်သော ခန္ဓာပဉ္စကဒြဗ်၌ စင်စစ်အားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရား (၂)ပါးသာ ရှိသည်ဖြစ်၍ ငါဟူသော တရားနှင့်လည်း မသက်ဆိုင် ငါဟူသော တရားကလည်း မပိုင်ပေ၊ ထိုသို့ ငါနှင့်မဆိုင် ငါဝိုင်လည်း မဟုတ်သဖြင့် ရုပ်နာမ်တရား (၂)ပါးမှ တပါး အခြား အဝိုမရှိပါဘဲ လျက် သက်သက်မဲ့ ကြောင်တောင် ထို ရုပ်နာမ်တရား (၂) ပါးကို မြှောင်ပြီးလျှင် ငါကောင်,ကိုယ်ကောင်,လိပ်ပြာကောင်,အသက်ကောင်, အတ္တကောင် စသည်ဖြင့် အဝို ရှိနေယောင်ယောင် ထင်မှတ်စွဲယူခြင်း သည် သက္ကာယဒိဋ္ဌိ မည်၏။

၁၂၃။ ဤ သက္ကာယဒိဋ္ဌိသည် ခန္ဓာပဉ္စက ဒြဗ်ကို ဤသည်ကား ရုပ်တရားတည်း။ဤသည်ကား နာမ်တရားတည်း။ ဤသည်ကား ရူပက္ခန္ဓာ ဤသည်ကား ဝေဒနာက္ခန္ဓာ ဤသည်ကား သညာက္ခန္ဓာ ဤသည်ကား သင်္ခါရက္ခန္ဓာ ဤသည်ကား ဝိညာဏက္ခန္ဓာတည်းဟု ခွဲခြားဝေဘန်၍ ကြည့်ရှုသည်ရှိသော် ရုပ်နာမ်တရား ခန္ဓာငါးပါးမှ တပါး ထိုအဝိုဖြစ်သော ငါကောင်, ကိုယ်ကောင်, လိပ်ပြာကောင်, အသက်ကောင်,

၁၂၄။ ဤဒီဋ္ဌိငါ၊ မလွတ်ပါက၊ ဗုဒ္ဓဆူဆူ၊ ဆွတ်တော်မူ၊ ထိသူမကျွတ်ဆိ။

အတ္တကောင်ဟူ၍ မတွေ့မြင်ပါဘဲ မရှိပါဘဲလျက် သာမညအားဖြင့် ထင်ယောင်ထင်မှား ဝိုးတိုးဝါးတား မယိုးမယိမ်း သိုးကာ သည်ကာမျှ လွဲခြင်းမဟုတ်မူ၍ သေသေချာချာလွဲ တည့်တည့်လွဲ ကြောင်တောင်လွဲ လွဲပြီးလျှင် "ကျား-ကျား-မီးရှဴ" ဟူသကဲ့သို့ ကြက်ကဏ်းစွဲ မလွတ်ဇွတ်လွဲသော အလွဲကြီးဖြစ်ပေသည်။

၁၂၄။ ဤသို့ အလွဲလွဲ ထင်မှတ်စွဲယူသော သက္ကာယဒိဋ္ဌိသည် သူတပါးတို့အား နာကျည်းစွာ နှုတ်ဖြင့်ပြောဆိုလွန်ကျူးရသော မှားယွင်းခြင်းလည်းမဟုတ်၊ ကိုယ်ဖြင့် သူတပါးတို့အား နာကျည်းစွာ လွန်ကျူးပြုလုပ်ရသော မှားယွင်းခြင်းလည်းမဟုတ်၊ သူတထူးကို ရန်မရှာဘဲ သက်သက်သာသာဖြင့် ကိုယ့်ဘာသာကိုယ် လွဲသည့်အတွက် (စွဲချက်မတင်နိုင်-ပလိပ်အရေးမငိုင်သည် အမှုမျိုးကဲ့သို့) မဆိုးလှပေဟူ၍ မထင်မှတ်ကြေးလန့်။ ဤသက္ကာယဒိဋ္ဌိ အစွဲတည်းဟူသော မိစ္ဆာသူရဲကြီးသည် ရင်ထဲက မခွါမဆုတ်သမျှ ဗုဒ္ဓအထွတ်ထွေ ပရမေအာရုံတို့ မည်မျှပင် ကယ်တင်ချွတ်သော်လည်း ဤသံသရာဝဋ်ဆင်းရဲကြီးမှ မည်သည့်နည်းနှင့်မျှ မကျွတ်မလွတ်နိုင်ဘဲ သံသရာနှင့် ဂဟေစွဲပြီးလျှင် တစဲလည်လည်ဖြင့်သာလျှင် အမြဲတည်ကြရပေလိမ့်မည်။ သို့ဖြစ်၍ ထိုမျှလောက် ကြီးကျယ် ဆိုးသွမ်းသော သက္ကာယဒိဋ္ဌိအစွဲ မိစ္ဆာသူရဲကြီးကို ခွါရှဲကင်းပျောက်စေရန် မြတ်စွာဘုရားသခင် ပေးသနားတော်မူခဲ့သော ဆေးတို့ကို အမြဲသောက်ကြရမည်။

သက္ကာယဒိဋ္ဌိ (၂၀) အကျယ် ဝေဘန်ခက်းပြီး၏။

ဓာတုမနသိကာရကျမ်းလာ ကောဋ္ဌာသခွဲခက်းနှင့်

သက္ကာယဒိဋ္ဌိအကျယ် ပြဆိုခက်း ပြီး၏။

၁၂၅။ ကာမဓောတ်ဘုံ၊ ရုပ်အကုန်သာ၊ ပဝတ်ခါ၊ စုံဖွာ
ရဘိ ထိုက်ထျော်သိ၊
၁၂၆။ ဇလာဗုဇ၊ အဏ္ဍဇနှင့်၊ သံသေဒမှာ၊ ဥပပါတ်,
ဖြစ်လတ် လေးယောနိ၊

၁၂၅။ ကာမ(၁၁)ဘုံ၌ ပဝတ္တိအခါအလုံးစုံသောရုပ်(၂၈)ပါး တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။ ။ဋ္ဌေန္ဒြေအလုံးစုံ ပြည့်စုံညီညွတ်သော "ပရိပုဏ္ဏော်န္ဒြေယ" ပုဂ္ဂိုလ်၌သာ ရုပ်အကုန်လုံးကို ရအပ်၏။ ဋ္ဌေန္ဒြေချို့တဲ့သော "အပရိပုဏ္ဏော်န္ဒြေယ" ပုဂ္ဂိုလ်၌ကား ရုပ်အကုန်လုံးကို မရနိုင်။ ထို့ပြင် ပရိပုဏ္ဏော်န္ဒြေ်ယပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အထေ်းသတ္တဝါ၌ ဋ္ဌထိဘာဝရုပ်, အမ-သတ္တဝါ၌ ပုရိသဘာဝရုပ်နှစ်ပါးကို မရအပ်။ ထို့ကြောင့် အထီး-သတ္တဝါ၌ ဋ္ဌထော်ဘောကြည်သောရုပ်(၂၇) အမ-သတ္တဝါ၌ ပုံးဘောကြည်သော ရုပ်(၂၇)တို့ကိုသာလျှင် ရထိုက်သည်အား်းလျော်စွာ ရအပ်၏။

၁၂၆။ သတ္တဝါတို့၏ အမျိုးငါတ်ဟုဆိုအပ်သော ယောနိတရား ကား ၁-ဇလာဗုဇ, ၂-အဏ္ဍဇ, ၃-သံသေဒဇ, ၄-ဥပပါတ် ဟူ၍ လေးမျိုးရှိ၏။ ထိုတွင် လူ,ခွေး,နွား စသော သတ္တဝါမျိုးသည် အမိဝမ်း တိုက် သူငယ်အိမ်၌ ပဋိသန္ဓေတည်နေရသော ဇလာဗုဇ သတ္တဝါမျိုး တည်း။ ကြက်,ငှက်,မြွေ စသော သတ္တဝါမျိုးသ်ည် ဥခွံအတွင်း၌ ပဋိသန္ဓေတည်နေရသော အဏ္ဍဇ သတ္တဝါမျိုးတည်း။ ဤဇလာဗုဇနှင့် အဏ္ဍဇတို့သည် အမိဝမ်းတိုက်၌ ကိန်းအောင်းကြရသော ဂဗ္ဘသေယျကာ မျိုးတို့သာတည်း။သစ်ပင်,ကြာပင် စသည်နှင့် မစင်, ဘင်ပုတ်,ရေပုတ်, ငါးပုတ်စသည်တို့၌ ပဋိသန္ဓေတည်နေရသော သတ္တဝါမျိုးသည် သံသေ ဒဇ သတ္တဝါမျိုးတည်း။ ဘဝဟောင်းမှ ဘာသစ်သို့ တမုဟုတ်ခြင်းဖြင့် စပါပေါက်ကျရောက်လာသော သတ္တဝါမျိုးသည် ဥပပါတ် သတ္တဝါ မျိုးတည်း။ကမ္ဘာဦးအစ လူများ, ငရဲသားများနှင့် နတ်ဗြဟ္မာစသည်

၁၂၇။ ဥပါတ်, သံသေ၊ သန္ဓေအခါ၊ စက်, သော, ဃာနှင့်၊ ဇိ, ကာ, ဘာ, ထူ၊ ကလာပ်ရုပ်၊ ရဟုအလွန်သိ။

၁၂၈။ စက်, သော, ဃာ, ဘာ၊ ဒသ ကာ၊ ရုံ ခါ ချို့ ကောင်းသိ။

ထိုကား ဥပပါတ်သတ္တဝါတို့ပင်တည်း။ သံသေဒဇတို့သည် သေးငယ်သော အရွယ်မှစ၍ တဖြည်းဖြည်း ရုပ်ကလာပ်တို့ ရင့်ကျက်ကြီးမားလာကုန်၏။ ဥပပါတ်တို့ကား ဖြစ်ရာဘုံ ဘဝတို့၏အရွယ်ပမာဏအားလျော်စွာ တပြိုင်နက်ခြင်း ရုပ်ကလာပ်တို့ ကြီးမားထင်ရှားစွာ ဖြစ်လာကုန်၏။

၁၂၇။ သံသေဒဇ, ဥပပါတ်သတ္တဝါတို့၌ ပဋိသန္ဓေအခါ ဇာန်ပြည့်စုံကြမူကား အစွမ်းကုန် အလွန်ဆုံး ၁-စက္ခုဒသက ကလာပ်, ၂-သောတဒသက ကလာပ်, ၃-ဃာနဒသကကလာပ်, ၄-ဇိဝှါဒသက ကလာပ်, ၅-ကာယဒသက ကလာပ်, ၆-ဘာဝဒသက ကလာပ်, ၇-ဝတ္ထုဒသက ကလာပ် ဤကလာပ် (၇) စည်းတို့ကိုသာလျှင် ရအပ်ကုန်၏။

၁၂၈။ ပဋိသန္ဓေအခါ ရထိုက်သော ရုပ်ကလာပ်တို့ကို ပြည့်စုံစွာ မရဘဲ ဇာန်ခြေချို့သော သံဃသဒဇ, ဥပပါတ်သတ္တဝါများလည်း ရှိသေး၏။ ထိုနှစ်မျိုးတွင် သံသေဒဇ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ဖြစ်မူ စက္ခု, သောတ, ဃာန, ဘာဝဟု ဆိုအင်သော ကမ္မဇကလာပ် (၄) စည်းမှ တစည်းဖြစ်စေ, နှစ်စည်းဖြစ်စေ, သုံးစည်းဖြစ်စေ, လေးစည်းလုံးဖြစ်စေ ချို့ကောင်း၏။ ဒွိဟိတ်, တိဟိတ်ဖြစ်မူ ရသင့်သမျှ ရုပ်ကလာပ်ကို ပြည့်စုံစွာ ရအပ်၏။

ဥပပါတ်ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဖြစ်မူ စက္ခု, သောတ, ဘာဝဟု ဆိုအင်သော ကမ္မဇကလာပ် (၃) စည်းမှ တစည်းဖြစ်စေ, နှစ်စည်းဖြစ်စေ, သုံးစည်းလုံးဖြစ်စေ ချို့ကောင်း၏။ ဒွိဟိတ်, တိဟိတ်ဖြစ်မူ ရသင့်သမျှ ရုပ်ကလာပ်ကို ပြည့်စုံစွာ ရအပ်၏။ ဃာနဒသက ချို့ကောင်း

၁၂၉။ ဂန္ဟံသေယျကာ၊ ကာ, ဘာ,ဝတ္ထု၊ သုံးခုဒသက၊
ဖြစ်ထုန်ကြ၊ဘာဝမဂ္ဂိ-နပုံးသိ။
၁၃၀။ ရေကြည်,အဖြူပ်၊သွေးခဲရုပ်ဖြစ်၊ သား:တစ်,ခက်
မ၊သတ္တာဟာ၊ငါး:ဝဖြစ်ဘိ အဓစဉ်သိ။

သော ဥပပါဘ်သတ္တဝါ ဟူ၍ကား:မ၌။ ဤသို့ သံသေဒဇ, ဥပပါတ် သတ္တဝါတို့၏ ချို့ကောင်းသော ရုပ်ကလာပ်တို့ကို ကွဲပြား:အောင် ခွဲခြား:-မှတ်သား:ရမည်။

၁၂၉။ ဂန္ဟံသေယျကသတ္တဝါတို့အား: ပဋိသန္ဓေအခါ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟု ဆိုအပ်သော ကမ္မဇကလာပ် (၃)စည်း:တို့သည် တပြိုင်နက် ဖြစ်ကုန်၏။ ။ဂန္ဟံသေယျကသတ္တဝါတို့၌ ကလာပ်အား:ဖြင့် သုံး:စည်း:, ရုပ်အရေအတွက်အား:ဖြင့် ရုပ်ပေါင်း:သုံး: ဆယ်တို့ ပဋိသန္ဓေစိတ်နှင့် တပြိုင်နက် ဖြစ်သည်ကိုပင် "ကလလ ရေကြည်"တည်သည်ဟု ဆိုရ၏။အချို့ဂန္ဟံသေယျကတို့၌ ဇုတ္ထိဘော, ပုံးဘောဟု ဆိုအပ်သော ဘာဝဒသကကလာပ် ချို့တတ်ကြ၏။ ထို ဘာဝဒသက ချို့သူကို"နပုံး"ဟု ခေါ်ဝေါ်အပ်၏။

၁၃၀။ ဂန္ဟံသေယျက သတ္တဝါတို့အား: ကလလရေကြည် တည်နေသည်မှစ၍ ရုပ်ကလာပ် အစဉ်တို့ ကြီးမား:တိုး:ပွား:လာကာ ပုံဟန်, သဏ္ဌာန်,အသွင်,အပြင် ပြောင်း:လွဲဖြစ်လာပုံ အလုံး:စုံတို့ကို " ပထမံ ကလလံ ဟောတ်"အစရှိသော ယကွသံယုတ် ပါဠိတော်အစဉ်ဖြင့် ထင်ရှား:အောင် ရေး:သား:ပြဆိုအံ့–ဂန္ဟံသေယျကတို့အား: ၁-အမိ၌ ဥတု ပန်း ပွင့်ပြိုး:စဖြစ်ခြင်း, ၂-မိဘနှစ်ပါး: ပျော်ပါး:-စည်း:ဝေး:ခြင်း:, ၃-သန္ဓေ သား:လည်း, ဘဝဟောင်း:မှ ဘဝသစ်သို့ ရွှေ့ရွှေ့တည်နေခြင်း:-ဤအကြောင်း: သုံး:ဖြာ အင်္ဂါညီညွတ်လျှင် ပဋိသန္ဓေတည်နေ၏။ ယင်း:သို့ အကြောင်း: သုံး:ဖြာ ညီညွတ်၍ ပဋိသန္ဓေတည်နေသော် ခဏ၌ "ကာယ,ဘာဝ,

ဘုရား၊ ထို့နောင်ပဝတ္တိ၊ ဇာတိဒသာ၊ သတ္တာဟာ၊ စက္ခာ
အာဒိစဖြစ်ဘိ၊

စတ္ထုဟုဆိုအပ်သော ကမ္မဇကလာပ်သုံးစည်း, ရုပ်ပေါင်းသုံးဆယ် (ကလလရေကြည်)တို့သည် ခုနစ်ရက်လုံးလုံး တသတ္တာဟာတိုင်တိုင် ကြီးမား-ရှင့်ကျက်နေကုန်၏။

ထိုသို့ ကလလရေကြည် ခုနစ်ရက်ဖြစ်ပြီးနောက် အမြှုပ်ခုနစ်ရက် ဖြစ်၏။ ထို့နောင် သွေးခဲခုနစ်ရက်၊ ထို့နောင် သားတစ်ခုနစ်ရက်၊ ထို့နောင် ဥဒ္ဓိးခေါင်း, ခြေ,လက် ဖြစ်ဘို့ရန် ခက်မငါးဖြာ ကိုယ်အင်္ဂါ ခုနစ်ရက် ဆက်လက်ဖြစ်ခြင်းအားဖြင့် ငါးသတ္တာဟာ-ရုက်ပေါင်း (၃၅) ရက်တိုင်တိုင် သားသွေယ်၏ ရုပ်ကလာပ်အစဉ်တို့သည် တွင်တွင်ကြီးမား၊ တိုးပွားရှင့်ကျက် အသက်ရှင်လျက် ရှိ၏။

၁၃၁။ ဤသို့ ငါးသတ္တာဟာသို့ရောက်-ရုက်ပေါင်း (၃၅) ရုက်ပြည့် မြောက်သောအခါ ခြောက်ခုမြောက်သတ္တာဟာမှစ၍ ဆယ်သတ္တာဟာတိုင်အောင် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇဟု ဆိုအပ်ကုန်သော ဖြစ်ပြီးရုပ်ကလာပ်အစဉ်တို့ ရှင့်ကျက်ကြီးပွားခြင်းမျှသာ ဖြစ်နေကြ၍ ငါးသတ္တာဟာအတွင်း၌ ဖြစ်ခွင့်မရကြသေးသော စက္ခု, သောတ, ဃာန်, ဇိဝှါဒသကကလာပ် ဟုဆိုအပ်သော ကမ္မဇကလာပ် (၄) စည်းတို့သည် တဆယ့်တသတ္တာဟာမြောက် ဧကာဒသမ သတ္တာဟာ၌ တပြိုင်နက် ဖြစ်ကုန်၏။ ဥဒ္ဓိကာကျော်ဆရာ၏အလိုကား တသတ္တာဟာစီ ခြားခြားခြားခြား ဖြစ်ကြသည်ဟု ဆို၏။

ဤသို့လျှင် အဓိဝမ်းတွင်း၌ ဖြစ်ထိုက်သော ရုပ်ကလာပ်အစဉ်တို့ ကြီးမား ရှင့်ကျက်၍ (၄၂) သတ္တာဟာ, ရုက်ပေါင်း (၂၉၄) ရုက်, ယပေါင်း ကိုးလဲကျော်ကျော် ဆယ်လတွင်းသို့ ရောက်ချိန်ကျမှ "ဆံပင်, မွေးညှင်း, ခြေသည်း-လက်သည်း" စသော သုံးဆယ့်နှစ်ကောဋ္ဌာသ

၁၃၂။ သန္ဓေဥစ၊ ကမ္မဇနှင့်၊ ဠီစဥဇာ၊ စိတ္တဇာဒု၊ ဒုစိတ်ဥ၊ ဖြစ်မှုအာစသိ။

၁၃၃။ တစ်နှစ်သတ်ဟာ၊ လွန်လေရာ၌၊ သြဇာနှံ့ကာ၊ အာစဖြာ၊ဟာရာရုပ်ဖြစ်ဘိ။

ရုပ်အစုအဝေးတို့သည် စုံစုံလင်လင် ဖြစ်လာကြကြောင်းကို သိယုတ်အဋ္ဌကထာ၌ ဖွင့်ပြထား၏။ ထို့ကြောင့် ဂန္ထသေယျကသတ္တဝါအား စက္ခု၊ သောတ,ဃာန,ဇိဝှါဟု ဆိုအပ်သော ကမ္မဇကလာပ်(၄) စည်းတို့ ဖြစ်လာသည်တိုင်အောင် ဆယ့်လေးသတ္တာဟာကြာပြီးနောက် လေးဆယ့်နှစ်သတ္တာဟူသို့ ရောက်သော် ကိုးလကျော်ကျော် ဆယ်လအတွင်း မွေးဖွားခါနီးလောက်မှ ဆံပင်, မွေးညှင်း စသည်တို့ စုံစုံလင်လင် ဖြစ်ကြသည်ဟုမှတ်။

၁၃၂။ ဤရုပပဝတ္ထိုကမ္မဇခက်းဌ် ရုပ်ကလာပ်အစဉ်တို့ စတင်ဖြစ်ပေါ်ပုံ အလုံးစုံကို ပြဆိုအံ့-"သန္ဓေဥစ၊ ကမ္မဇနှင့်"၏ အရ-ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်တို့သည် စတင် ဖြစ်ပေါ်ကုန်၏။ "ဠီစဥဇာ" ၏ အရ-ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်တို့သည် စတင် ဖြစ်ပေါ်ကုန်၏။ "စိတ္တဇာစု၊ ဒုစိတ်ဥ"၏ အရ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော ဒုတိယစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်တို့သည် စတင် ဖြစ်ပေါ်ကုန်၏။

၁၃၃။ ပဋိသန္ဓေစိတ်နှင့် ပဌမဘဝင်တို့အောင် အတွင်း၌ "ကံ, စိတ်, ဥတု" အကြောင်းသုံးပါးတို့သာလျှင် ဖြစ်ခွင့်ရကြသေး၏။ အာဟာရဇ ရုပ်ကား သန္ဓေကလလ တည်ပြီးနောက် တသတ္တာဟ, နှစ်သတ္တာဟသို့ရောက်မှ အမြဲဖြစ်သူ စားသောက် မျိုဝါးအပ်သော အစားအစာတို့၌ ပါဝင်သည့် အဆီ, အနှစ် တည်းဟူသော ဗဟိဒ္ဓဩဇာနှင့် သဉ်းသူငယ်၏ အစ္ဈတ္တဩဇာနှစ်၌ ရှိသော်ကမ္မဇဩဇာစတ်တို့

၁၃၄၊ ဧပြီးနေ၁က်ပင်၊ ရုပ်လေးစည်တို့၊ရေလျှင်ဒီးလျှံ၊
ကဲ့သဘ္ဘာဒန်၊ဖြစ်ဟန်ဆက်ဆုံးဘိ။
၁၃၅။ သေခါတိုင်မြောက်၊ စုမရောက်မှီ၊ ဆယ်ခွန်ဦစ၊
ကမ္မဇ၊လုံး၀ မဖြစ်ဘိ။

အချင်းချင်း ရောစပ်ပေါင်းသင်းမိသော ကာလမှစ၍ သန္နေသားအား အာဟာရဇရုပ်တို့ စတင်ဖြစ်ကုန်၏။ ထို့ကြောင့်ပင်လျှင် ရှေးရှေးအစဉ် ပညာရှင်တို့သည် ''ကာလမှန် သတ်နှစ်တန် ချိန်ခါရောက်မှ၊ဒီမျိုးစာ ကိုယ်မှာရောက်တယ်၊ ကျမ်းထောက်လို့ဘဲ'' ဟူ၍ ရေးစပ်တော်မူခဲ့ကြပေသည်။

၁၃၄။ ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ နှစ်သတ္တာဟ ရောက်သည် တိုင်အောင် ကာလအတွင်း၌ ဖြစ်သင့် - ဖြစ်ထိုက်ကုန်သော ကမ္မဇ, စိတ္တဇ, ဥတုဇ,အာဟာရဇရုပ်အစဉ်တို့သည် မိမိအချိန်ကာလ၌ အသီးအသီး ဖြစ်လာကြ၍ တဖြေးဖြေး ရင့်ကျက်တိုးပွားကာ ရေအလျှံ, မီးအလျှံ ပုံဟန် - သဏ္ဌာန်ကဲ့သို့ အဖန်ဖန်အထပ်ထပ် မရပ်မစဲဘဲ သေပွဲဝင်ရသည့်တိုင်အောင် အသစ်အသစ်တို့ ဖြစ်ကဲ့ဖြစ်ကာ နေကြသတည်း။

၁၃၅။ သတ္တဝါတို့၏ အသက်ရှင်ကြောင်း ဖြစ်သော ''အာယု, ဥဿ်မတေဇော, ဝိညာဏ်'' တရားသုံးပါးတို့ ချုပ်ငြိမ်းပြတ်စဲလျှင် သေပွဲဝင်ကြရ၏။ ယင်းသို့ အသက်ရှင်ကြောင်း တရားသုံးပါးတို့ ပြတ်စဲ၍ သေပွဲဝင်ရသောအခါ၌စတုသမုဋ္ဌာနိကရုပ်တို့လည်း သူ့ကာလ-သူ့ခဏ အတွင်း၌သာလျှင် အသီးသီး ချုပ်ငြိမ်းကြကုန်၏။ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ တဘဝလုံး၌ အသစ်အသစ် ဖြစ်နေကြသော ကမ္မဇရုပ်တို့သည် သေခါနီးကာလ စုတိစိတ်မပြန်၍ ရေသည်ရှိသော် ၁၇-ချက် မြောက်စိတ်၏ ဦးခဏမှစ၍ နောက်ထပ်အသစ် မဖြစ်တော့ဘဲ ချုပ်ငြိမ်း ပြတ်စဲကြ၏။

၁၃၆။ ရှေးဖြစ်ကုန်ကြ၊ ကမ္မဇရုပ်၊ ရုက်ချုပ်၊ အချုပ်ပြုံလေတိုး၊

၁၃၇။ စိတ်ဇာ,ဟာရုပ်၊ ရုတ်ချုပ်နောက်၊ စိတ်ဆ·သ့ခြောက်ခန့်၊ တည်ခိုင်ကြီ့၊ တန့်၍ပြုတ်ထေဘ၁။

၁၃၈ ထိုမှနောက်ပင်၊ ကောင်ပုတ်တွင်၊ အစဉ်ဖြစ်ဘိဉဇာသိ။

၁၃၆။ စုတိစိတ်မှပြု၍ ရေသည်ရှိသော် ၁၇-ချက်မြောက်စိတ်၏ ဥပါဒ်ခဏနှင့်ပြိုင်၍ဖြစ်ကြ၍သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ဘင်ခဏ၌ စိတ္တက္ခဏ၁၇-ချက် ခဏငယ် ၅၁-ချက် အသက်ပြည့်သည်ဖြစ်၍ စုတိစိတ်၏ ဘင်ခဏနှင့် ပြိုင်၍ချုပ်ကုန်၏။

၁၃၇။ ရဟန္တာတို့၏စုတိစိတ်မှတပါး ကြွင်းသောစုတိစိတ်၏ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်သော စိတ္တဇရုပ်ဒုံးစည်သည် စုတိစိတ်၏နောက် စိတ္တက္ခဏ ၁၆-ချက် ခဏငယ် ၄၈-ချက်ကြာအောင် ဖြစ်ပြီးနောက် ချုပ်ပျောက်ရ၏။ အာဟာရဇရုပ်မူကား စုတိစိတ်၏နောက် စိတ္တက္ခဏ ၁၆-ချက်, ခဏငယ် ၅၀-ပြည့်မြောက်သောအခါမှ ချုပ်ပျောက်လေသည်။ ဤသို့ စိတ္တဇရုပ်နှင့် အာဟာရဇရုပ်ချုပ်ပုံကို ပြရာ၌ ခဏငယ်အားဖြင့် မညီမျှသော်လည်း စိတ္တက္ခဏအားဖြင့် ညီမျှသောကြောင့် "စိတ်ဇာ,ဟာရုပ်,စုတိချုပ်နောက်" စသည်ဖြင့် ရေးစပ်ပြဆိုးတာ်မူအပ်၏။

၁၃၈၊ ဥတုဇရုပ်သည် ရှေးရှ်သုံးမျိုး ချုပ်ပြီး၊သော်လည်း မချုပ်သေးဘဲ ကြွေးကျန်ရစ်၏၊ စုတေ၊သလွန်ပြီး၊နောက် အဓိကောင်ပုတ်ဖြစ်သည် တိုင်အောင် ဆက်လက်၍ ဖြစ်ပျက်နေသေး၏။ 'အဓိကောင်ပုတ်ဖြစ်သည်တိုင်အောင်' ဆိုသောစကားသည်တဘဝလုံးအတွက်ပုံဟန်သဏ္ဌာန်မပျက်စီးသေးမှီအတွင်းကို ပိုင်းခြားမှတ်သား၍ ပြဆိုခြင်းမျှသာတည်း။

၁၃၉။ သေကြွသတ္တဝါ ဆက်ခါဤနည်း၊ သန္ဓေမှိုးစ၊ဖြစ်ကုန်ကြ၊ဘဝမပြတ်သိ။
၁၄၁။ ဃာ,ဇိ,ကာ,ဘာ ဟ ရဇာမျှတ်၊ သတ်ကလာပ်၊ ချုရပ်မရသိ။

စင်စစ်မှာမူ ဤဥတုဇရုပ်သည် အကောင်ပုတ်ဖြစ်ပြီးနောက် အရိုးစုဖြစ်, အရိုးစုဖြစ်ပြီးနောက်လည်း ထိုအရိုးစုတို့ ဟောင်းနွမ်းဆွေးမြေ့လျက် မှုန့်မှုန့်ညက်ညက် ကြေပျက်၍ ကမ္ဘာကြီးပျက်စီးသည်တိုင်အောင် မြေကြီး၏ အဆီ သြဇာ အဖြစ်ဖြင့် အဆက်ဆက် ဖြစ်ပျက်နေပေသတည်း။

ဤသို့ စတုသမုဋ္ဌာနိက ရုပ်တို့၏ ချုပ်ပုံအစဉ်ကို ပြဆိုအပ်သော စကားရပ်ကား ဂဇ္ဈသေယျကနှင့် သံသေဒဇ သတ္တဝါတို့ကို ရည်ရွယ်ပြဆိုခြင်းသာတည်း။ ဥပပါတ်သတ္တဝါများမူ စုတိ-ကမ္မဇရုပ်ချုပ်သည်နှင့်တပြိုင်နက် ဇိတ်,ဥတု, အာဟာရဟု ဆိုအပ်သော တိဇရုပ်တို့လည်း မီးအလျှံ ငြိမ်းသကဲ့သို့ တပြိုင်နက် ချုပ်ပျက်ကုန်၏။ ထိုကြောင့်လည်း ငရဲသား,နတ်,ဗြဟ္မာ စသော ဥပပါတ် သတ္တဝါတို့သည် ဂဇ္ဈသေယျကတို့ကဲ့သို့ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို သင်္ဂြိဟ်ခြင်း,မြဲမြံခြင်း,ရေမျှောခြင်းအမှုကို မပြုကြရတော့ပြီ။

၁၃၉။ ဤသို့လျှင် စုတေသေလွန်ကြသော သတ္တဝါတို့အား နောက်ဘဝတွင်လည်း ပဋိသန္ဓေဇိတ်၏ဥပါဒ်ခဏမှစ၍ ကံမဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်လေးမျိုးတို့သည် မိမိတို့ဖြစ်ချိန်ကာလသို့ ရောက်ကြသော အခါ၌ ဆိုခဲ့ပြီးသောနည်းဖြင့် ဆက်ကာဆက်ကာ အစဉ်မပြတ် အထပ်ထပ် အဘန်ဘန် ဖြစ်ကြပြန်၏။

၁၄၀။ အသည်သတ်ကြဉ်သောရူပ(၁၅)ဘုံ၌ စသာနဒသက,ဇိဂ္ဂါဒသက, ကာယဒသက, ဋ္ဌာဘာဝဒသက, ပုံးဘာဝဒသကဟု ဆိုအပ်သော ကမ္မဇ ကလာပ်လေးစည်း,အာဟာရဇကလာပ် နှစ်စည်း=

၁၄၁။ သန္ဓေတည်မှု၊စက္ခု၊သော၊ဟာ၊ဇိဝိတာ၊ကမ္မဇသိ-
လေးစည်းဂို၊

၁၄၂။ ပဝတ္တိမှာ၊စိတ်၊ဥစ္စာ၊ထပ်ခါရုလေတိ၊

၁၄၃။ ရုပ်ဌာဝိတွင်၊ကြဉ်လေးယာဇီ၊ကာ၊ဘာ၊ဒွိ၊ဘေဝိ
ရုပသိ၊

ပေါင်းကလာပ်(၇)စည်းတို့ကို မရဒေပ်ကုန်။ ၊ဃာန၊ဇိဝှါ၊ကာယတို့
မရပုံကို ပကိဏ်းဝိုင်း ဝတ္ထုသင်္ဂဟဌ် ဆိုခဲ့ပြီ။ ဇြဟ္မာဘုံဌ် ကာမဂုဏ်
မေထုန်ကိစ္စမရှိသောကြောင့် ဘာဝဒသက ကလာပ်နှစ်စည်းကိုမရအပ်။
ဇြဟ္မာတို့ဌ် အဇ္ဈတ္တသြဇာရှိပြားသော်လည်း ဗဟိဒ္ဓသြဇာတည်းဟူသော
အထောက်အပံ့ကို မရသောကြောင့် အာဟာရဇကလာပ်နှစ်စည်း ဘို့
ကိုလည်း မရဒေပ်ကုန်။

၁၄၁။ ဘုရားဖူး, တရားနာရာတို့ဌ် ကျေးဇူး များသောကြောင့်
အသညသတ်ကြဉ်သော ရုပဇြဟ္မာတို့အား ပဋိသန္ဓေအခါ စက္ခုဒသက,
သောတဒသက, ဝတ္ထုဒသက, ဇိဝိတနဝက ကလာပ် ဟု ဆိုဒေသော
ကမ္မဇကလာပ်(၄)စည်းတို့ကို ရဒေပ်ကုန်၏။

၁၄၂။ ပဝတ္တိအခါဌ်လည်း စိတ္တဇကလာပ်(၆)စည်း, ဥတုဇကလာပ်
(၄)စည်းတို့ကို ထပ်၍တဘန် ရကြပြန်၏။ ထို့ကြောင့် ထိုဇြဟ္မာတို့
အား ပဋိသန္ဓေအခါ, ပဝတ္တိအခါ နှစ်မျိုးဌ် ရထိုက်သမျှ ရုပ်ကလာပ်
တို့ကား ကမ္မဇကလာပ်(၄)စည်း, စိတ္တဇကလာပ်(၆)စည်း, ဥတုဇ
ကလာပ်(၄)စည်း = ပေါင်း ကလာပ်(၁၄)စည်းတို့ဖြစ်သတည်း။

၁၄၃။ ရုပဇြဟ္မာ တို့အား ပြဆိုခဲ့သော ကမ္မဇ,စိတ္တဇ,ဥတုဇ ဟု
ဆိုအပ်သော တိဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်ထိုက်
သော အချိန်ကာလမှာ ပြည့်စုံစွာ စတင် ဖြစ်ပေါ်ကြ ပြီးလျှင် ဇြဟ္မာ

၁၄၄။ အသည်တော်တုံ၊ ရှဘုံရုပ်စယ်၊ တဘန်ပယ်ပြု၊ စက်,သေ,ထွေ၊ သင်္ဘောမရသိ။

၁၄၅။ ဇီဝ,ဝိနိဗ်၊ ပရိယောဒါ၊ လက်စတွ၊ ရဟန္တာသည်။

သက်တမ်း ဆုံးခန်းသို့ ရောက်သည်တိုင်အောင် တဘဝလုံးဌ အဟောင်း ဖြစ်ကုန်သော တိဇရုပ်ကလာပ် အစဉ်တို့ ချုပ်ပျောက်၍ အသစ်အသစ် ဖြစ်ကုန်သော တိဇရုပ်ကလာပ်အစဉ်တို့သည် ဖြစ်ရအယဉ်ကဲ့သို့ အစဉ် တိုးပွား ကြီးမားရင့်ကျက် ဖြစ်ပျက်နေကြကုန်၏။ သို့ဖြစ်၍ ရုပ(၁၅) ဘုံဌ ပဋိသန္ဓေအခါ-ပဝတ္တိအခါ ရထိုက်သော ရုပ်ကား ဃာန,ဇိဝှါ, ကာယ,ဣတ္ထိ°ဘော,ပုံးဘော ကြဉ်ကြွင်းသော ရုပ်(၂၃)ပါးတည်း။ ဃာန,ဇိဝှါ,ကာယ တို့ကို မရကြသော်လည်း နှာခေါင်းသည်ဟာန်, လျှာ သည်ဟာန် ခန္ဓာကိုယ်တို့ကား ဇာတ်ဟူဌ ထင်ရှားစွာ ရှိကုန်၏။ဘာဝရုပ် နှစ်ပါး မရှိကြားလည်း ဇာတ်ဟူသည် ယောကျ်ား၏ ပုံဟန် သဏ္ဌာန် အသွင်ရှိကုန်၏။

၁၄၄။ ရုပ(၁၅)ဘုံဌ ရထိုက်သော ကလာပ် (၁၄)စည်း, ရုပ် (၂၃) ထည်းမှ "စက္ခု၊ သောတ,ဃာန၊ ဒသက ကလာပ် သုံးစည်း၊ ထို့ပြင် ဥတုဇကလာပ်မှလည်း သဒ္ဒနဝက ကလာပ်, သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်နှစ်စည်း၊စိတ္တဇကလာပ်(၆)စည်း = ပေါင်းကလာပ် (၁၁) စည်းတို့ကို အသည်သတ်ဘုံဌ မရသောကြောင့် ထပ်မံ ကြဉ် ဖယ်ရ၏။

၁၄၅။ ထို့ကြောင့် အသည်သတ်ဘုံဌ ပဋိသန္ဓေ-ပဝတ္တိအခါဝယ် ကလာပ်အားဖြင့် သုံးစည်း, ရုပ်အရေအတွက်အားဖြင့် ဇီဝိတရုပ်-၁, အဝိနိဗ္ဘောဂရုပ်-၈,ပရိစ္ဆေဒရုပ် ၁, လဟုတာဒိတ္တယရုပ်-၃,လက္ခဏ ရုပ် ၄ = ပေါင်း(၁၇)ပါးတို့ကို ရအပ်ကုန်၏။

၁၄၆။ ထို့တစ်စိတ်ဇာ၊ လုံးမရ၊ သညှသူတို့ဆိ၊
၁၄၇၊ သဒ်ကြဉ်ဥစာ၊ ဇီဝိတာ၊ သုံးဖြာရဘိကလောင်ဆိ။
၁၄၈၊ ကလောပ်ဇီဝေါ၊သန္ဓေအခါ၊ ၇၀ဘင်ခါဖြစ်၊သဒ္ဒါပစ်၊
ကြွင်းရစ်ဥဇာဆိ၊
၁၄၉၊ ကာ,ရှု, သညှတ်၊ သုံးရပ်ဌာနေ၊ သန္ဓေအခါ၊
ပဝတ်ခါ၊ရှုပါဖြစ်ပုံဆိ၊

၁၄၆။ ထိုဘုံ၌ ကလောပ် သုံးစည်း၊ရုပ် (၁၇) ပါးမှတပါး ကြွင်းသောရုပ်ကလောပ်နှင့် နာမ်တရားအလုံးစုံကို ဘာဝနာအဟုန်ဖြင့် ပယ်ပြီးဖြစ်ရကား စိတ်ကြောင့်ဖြစ်သော စိတ္တဇကလောပ် (၆) စည်းကိုလည်း မရအပ်။

၁၄၇။ ထိုဘုံ၌ ရထိုက်သော ကလောပ်သုံးစည်းကား ဥတုဇသုဒ္ဓဋ္ဌက ကလောပ်တစည်း, လဟုတာဒေကာဒသက ကလောပ်တစည်း, ဇီဝိတနဝက ကလောပ်တစည်းတည်း။

၁၄၈။ ယင်းသို့ ကလောပ် သုံးစည်းကို ရရာဌာနလည်း ဇီဝိတနဝက ကလောပ်ကို ပဋိသန္ဓေအခါ - ပဝတ္တိအခါ နှစ်ပါး၌ရ၍ ဥတုဇကလောပ် နှစ်စည်းကို ပဝတ္တိအခါ၌သာလျှင် ရအပ်သည် ဟု မှတ်။

၁၄၉။ ဤသို့ပြဆိုအပ်သော စကားရပ်အစဉ်ဖြင့် ကာမ (၁၁) ဘုံ ရူပ (၁၅) ဘုံ, အသညသတ်ဘုံတို့မှာ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ရထိုက်သော ရုပ်ကလောပ်တို့နှင့် ရုပ်အရေအတွက် အလုံးစုံတို့ကို ပြည့်စုံအောင် မှတ်သားရမည်။

၁၅၀၊ ဋ္ဌဂိကာမ၊ ရူပတေဝိ၊ သညြိသတ္တရ၊ အာရုပ၊ မြဲမြဲ ရုပ်မရှိ။

၁၅၁။ သဒ္ဒဂိကာ၊ ဓရတာ၊ နိစ္စာပယ်ဘိ လုံးသန္ဓိ၊

၁၅၂၊ ပဝတ်ခါတုံ၊ ရုပ်မျိုးစုံ၊ အာကုန်ဖြစ်လေဘိ၊

၁၅၃။ ဒုက္ခဘေးကြိုး၊ ဝဋ်ဓိုးပူကိန်း၊ လက်စသိမ်း၊ ဇွဲခြိမ်း နိဗ္ဗာန်သိ၊

၁၅၀။ ကာမ(၁၁)ဘုံ၌ ရုပ်(၂၀)ပါး, ကလာပ်(၂၁)စည်း။ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ရုပ်(၂၃)ပါး,ကလာပ်(၁၄) စည်း၊ အသညသတ်ဘုံ၌ ရုပ် (၁၇)ပါး, ကလာပ် (၃) စည်းတို့ကို အသီးအသီး ရအောင်ကုန်၏။ အရူပလေးဘုံ၌ကား ဘဝနာအဟုန်ဖြင့် အလုံးစုံသော ရုပ်တို့ကို ပယ်ခဲ့ပြီးဖြစ်သောကြောင့် မည်သည့်ရုပ်ကိုမျှ မရအောင်။

၁၅၁။၁၅၂။ ပဋိသန္ဓေအခါ၌ သဒ္ဒရုပ်-၁, ဘိကာရရုပ်-၅, ဓရတာ ရုပ်-၁, အနိစ္စတာရုပ်-၁ = ပေါင်း (၈) ပါးတို့ကို အချင်းခပ်သိမ်း မရ သင့်-မရထိုက်။ ပဝတ္တိအခါ၌ကား ရုပ် (၂၀)ပါးတို့ကို ထိုထိုဘုံအား လျော်စွာ ရထိုက်သလို ရအောင်ကုန်၏။

ရူပပဝတ္တိကွမ ပြဆိုခဏ်း ပြီး၏။

၁၅၃။ စိတ်, စေတသိက်, ရုပ်-ပရမတ် တို့၏ အဓိပ္ပါယ်-သရုပ်တို့ကို အသီးအသီးပြဆိုပြီး၍ "နိဗ္ဗာန်ပရမတ်"၏ အဓိပ္ပါယ်-သရုပ်ကို ပြဆို ဦးအံ့-နိဗ္ဗာန် ဟူသည် ဇာတိဒုက္ခအစရှိသော ဒုက္ခမျိုးစုံ ရစ်ထွေးအုံသည့် တောဘုမွက ဝဋ်ဒုက္ခ အပေါင်းတို့မှ လွတ်ငြိမ်း ချမ်းအေးရာဌာန်၊ ကံ, ကိလေသ, ဝိပါက-ဝဋ်သုံးပါး တို့၏ လွတ်ကင်းရာဌာန၊ ရာဂမီး,

၁၅၄။ လောကုတ်ဆိုမှန်၊ မဂ်ဉာဏ်လေးခု၊ မျက်မှောက်ပြုကုန်၊ မဂ်ဖိုလ်စုံ၊ ဆောရုံနိဗ္ဗာန်တည့်။

၁၅၅။ ထိုနိဗ္ဗန်ကို၊ ဝါန-ဆိုအပ်၊ တဏှာရပ်၊ ထွက်တတ် နိဗ္ဗာန်မှည့်။

ဒေါသမီး-အစရှိသော တဆယ့်တသီး မီးအပေါင်းတို့၏ လက်စသိမ်းရာ ဌာနကြီးပင်တည်း။

၁၅၄။ ပကတိလူတို့၏ မျက်စိဖြင့် လ နေ နှစ်ပါးကို ထင်ရှားစွာ တွေ့မြင်ကြရဘိသကဲ့သို့၊ ထို့အတူ အရိယာပုဂ္ဂိုလ်တို့သည် လောကုတ္တရာ မဂ်ဉာဏ် လေးပါးတည်း ဟူသော ဉာဏစက္ခုဖြင့် ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုကြရ-ရှုမြင်ထိုးထွင်း၍ သိကြရ ကုန်၏။ မဂ်ဉာဏ် လေးပါးကို မရကြသေးသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ် တို့သည်လည်း အရိယာ ပုဂ္ဂိုလ် တို့ကဲ့သို့ မျက်မှောက်ဆင်ထင် မရှုမြင်နိုင်ကြ ကုန်သော်လည်း တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန် တို့ဖြင့် ကိလေသာတို့ကို ပယ်ခွါစွန့်လွှတ် နိုင်သော သမထ-ဝိပဿနာ ဘာဝနာ အလုပ်တို့ကို ကြိုးစားပြုလုပ်ကြ သောအခါတို့၌ ထိုနိဗ္ဗာန်၏ စင်စစ်အမှန် ကောင်းမြတ်ချမ်းပုံ အချင်းအရာ မျှကိုသာလျှင် အနုမာနဉာဏ်ဖြင့် ဆင်ခြင်သိမြင်ကြရကုန်၏။

၁၅၅။ ''ဘဝါဘဝံ ဝိနံတိ သံသိဗ္ဗတီတိ ဝါနံ'' ဟူသည်နှင့်အညီဘဝ ကြီးငယ်အသွယ်သွယ်ကို မျှေးတွယ် ချုပ်စပ်တတ်သောကြောင့် ''တဏှာ လောဘ'' ကို ဝါန ဟုဆိုရ၏။ အပ်ချုပ်သမားသည် တစွန်းနှင့်တစွန်း တစပ်နှင့်တစပ်ကို တခုထည်းကဲ့သို့ဖြစ်အောင် ချုပ်စပ်တတ်သကဲ့သို့၊ ထို့အတူ ဝါနဟုဆိုအပ်သော တဏှာ လောဘသည်လည်း တဘဝနှင့် တဘဝကို တစပ်ထည်းဖြစ်အောင် ချုပ်စပ်ပေးလေသည်။ ထိုဝါနဟုဆို အပ်သောတဏှာသည် သံသရာအဆက်မပြတ်အောင် ချုပ်စပ်ပေးရာ၌ မိမိကဦးစီးဦးခိုင်ပြုလျက် ''ဒိဋ္ဌ-မာန'' တည်းဟူသော အဖေါ်သဟဲ

၁၅၆။ ငြိမ်းသွေ့ကြံ၊ တပါးမှန်၊ လေသံပြားဘိ၊ နှစ်မည်မှည့်၊

၁၅၇။ နှစ်မည်မှည့်ဟန်၊ ငါးပါးခန်ကြွင်း၊ မကြွင်းနှစ်ခု၊ မည်-သဉ္ဇ၊ အနုပါဒိ သေသနိ။

အကူအညီကိုယူ၍ ချုပ်စပ်ပေးပေသည်။ ထို့ကြောင့် တဏှာ,မာန,ဒိဋ္ဌိ-သုံးပါးကို သံသရာချွေ့တတ်သည့် "ပပဉ္စတရား" ဟူ၍ ဟောကြားတော်မူအပ်၏။ နိဗ္ဗာန်ပရမတ်တရားမြတ်ကား ထိုဝါနဟုဆိုအပ်သာတဏှာ ကျော့ကွင်းမှ လွှတ်ကင်းရာဌာနကြီးဖြစ်သောကြောင့် နိဝါန ဟုဆိုအပ်လျက် ဝကို ဗပြူ၍ ဒွေးဘော်ဆင့်ပြီးလျှင် "နိဗ္ဗာန-နိဗ္ဗာန်" ဟူသော အမည်ကို ရအပ်ပေသတည်း။

၁၅၆။ ထိုနိဗ္ဗာန်သည် ငြိမ်းအေးခြင်းတည်းဟူသော သန္တိလက္ခဏာ အားဖြင့် တပါးသာရှိသော်လည်း "ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတု ယော၊ ကတမာဒွေ၊ သဥပါဒိသေသာစ နိဗ္ဗာနဓာတု အနုပါဒိသေသာစ နိဗ္ဗာနဓာတု" ဟူ၍ ဟောကြားတော်မူအပ်သော အမည်နာမအားဖြင့်ကား သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် အားဖြင့် နှစ်ပါးအပြားရှိ၏။

၁၅၇။ ဝိပါက် ကမ္မဇရုပ်ဟုဆိုအပ်သော ခန္ဓာငါးပါး အကြွင်းအကျန်ရှိသော နိဗ္ဗာန်သည် "သဥပါဒိသေသနိဗ္ဗာန်" မည်၏၊ ဝိပါက်ကမ္မဇရုပ်ဟုဆိုအပ်သာ ခန္ဓာငါးပါး အကြွင်းအကျန် မရှိသော နိဗ္ဗာန်သည် "အနုပါဒိသေသနိဗ္ဗာန်" မည်၏။ ထိုတွင် သဥပါဒိသေသနိဗ္ဗာန်သည် ကိလေသနိဗ္ဗာန်တည်း။ အနုပါဒိသေသ နိဗ္ဗာန်သည် ခန္ဓနိဗ္ဗာန်တည်း။ တနည်း-

၁၅၈။ ခြင်းရာ ပြားထ၊ သည်, ဆန်၊ အပက်၊ ဟိတ-နိဗ္ဗာန်သိ။

၁၅၉။ ကိလေသာဆိတ်၊ ခန္ဓာဆိတ်၍၊ အဆိတ်မျိုးစုံ၊ ပေါင်းစပ်ဆုံ၊သုညတမှည့်-နိဗ္ဗာန်တည့်။

၁၆၀။ ဖြစ်ကြောင်းကိုယ်ဟန်၊ သင်္ခါရံဆိတ်၊ ဘေးကင်း ဟိတ်၊အနိမိတ်မှည့်-နိဗ္ဗာန်တည့်။

၁၆၁။ အာသာတန်တန်၊မပူပန်၊နိဗ္ဗာန်-ဆပ္ပကိဟိ။

သဥပါဒိသေသ နိဗ္ဗာန်သည် ဒိဋ္ဌဓမ္မိက နိဗ္ဗာန်တည်း။ အနုပါဒိသေသ နိဗ္ဗာန်သည် သမ္ပရာယိကနိဗ္ဗာန်တည်း။

၁၅၈။ တနည်းလည်း- ၁-သုညတနိဗ္ဗာန်, ၂-အနိမိတ္တနိဗ္ဗာန်, ၃-အပ္ပဏိဟိတနိဗ္ဗာန် အားဖြင့် အခြင်းအရာ-အာကာရကိုစွဲ၍ သုံးပါး ရှိ၏။

၁၅၉။၁၆၀။၁၆၁။ ထိုတွင် ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာ ဆိတ်သုဉ်းရာဌာန, ခန္ဓာငါးပါးတို့မှ ဆိတ်သုဉ်းရာဌာန ဟူ ဆိုအပ်သော အလုံးစုံတို့၏ ပေါင်းဆုံဆိတ်သုဉ်းရာ ဟူသော အခြင်းအရာ အာကာရကို စွဲ၍ ဖြစ်သော နိဗ္ဗာန်သည် ''သုညတနိဗ္ဗာန်'' မည်၏။ သန်တတရားတို့သည် အချင်းချင်းပေါင်းသင်းစုဝေးမိကြသောအခါ အတို့, အရှည်,အလုံး,အခဲ·စသော အရိပ်-နိမိတ် ကိုယ်ဟန် သဏ္ဌာန်တို့ ဖြစ်လာကြသကဲ့သို့ အတို့,အရှည် စသော ကိုယ်ဟန်-သဏ္ဌာန် မရှိခြင်းတည်း ဟူသော အခြင်းအရာ အာကာရကို စွဲ၍ဖြစ်သော နိဗ္ဗာန်သည် ''အနိမိတ္တနိဗ္ဗာန်''မည်၏။ ထိုထို တဏှာ အလိုအာသာ မရှိခြင်းကြောင့် ပူပန်ခြင်းကင်းသော အခြင်းအရာ အာကာရကို စွဲ၍ဖြစ်သော နိဗ္ဗာန်သည် ''အပ္ပဏိဟိတနိဗ္ဗာန်''မည်၏။

၁၆၂။ မသေသဆုံးလွန်၊ မပြုဘန်အပ်၊ အလွန်ဖြတ်၍၊ လူနတ် ဆရာ၊ မိန့်တော်မှာ၊ ခေါ်ချနိဗ္ဗာန်တည့်၊

၁၆၂။ စုတေသေလွန်ရခြင်း မရှိ၍ ဥပါဒ် စသော အဆုံး အိုင်း အခြားကိုလွန်သော ကံ-စသော အကြောင်းတရား တို့ မပြုပြင်-မစီရင် နိုင်ကြသည့် အလွန်တရာ မွန်မြတ် ချမ်းသာလှသော ''အနုတ္တရ-ပရမတ္ထ ဓမ္မ'' ကိုပင် လူနတ်တို့၏ဆရာဖြစ်၍ ဝါနဟုဆိုအပ်သော တကျာ ကျဉ့် ကွင်းမှ လွတ်ကင်းတော်မူကြပြီးသော ဘုရားရှင်တို့သည် ''နိဗ္ဗာန်'' ဟူ၍ ဟောကြားတော်မူအပ်ကုန်၏။

ဤ၌ ''မသေ'' ဟူသော စကားရပ်ဖြင့် အနုပါဒိသေသနိဗ္ဗာန်ဓာတ် ကို မုချယူ၍ သဉ်ပါဒိသေသနိဗ္ဗာနဓာတ်ကို သဒ်သုပစာရ အားဖြင့် ယူ အပ်၏ဟု ပြဆို၏။ အကြောင်းကား ရဟန္တာပုဂ္ဂိုလ်တို့သည် သဉ်ပါဒိ သေသနိဗ္ဗာနဓာတ်ကို ရပြီးကြသော်လည်း ပရိနိဗ္ဗာန်ပြုခြင်းတည်း ဟူသော ဓမ္မတာသဘောမှ မလွတ်ကင်း နိုင်ကြသေးသောကြောင့်တည်း။ ''ဆုံးလွန်'' ဟူသော စကားရပ်ဖြင့် ထိုနိဗ္ဗာန်ဓာတ်၏ ဖြစ်ခြင်း-ဥပါဒ်ဟု ဆိုအပ်သော ရှေ့အစွန်းကိုဌင်း, ပျက်ခြင်း-ဘင်ဟု ဆိုအပ်သော နောက် အစွန်းကိုဌင်း လွန်မြောက်ပုံကို ပြဆို၏။ ''မပြုဘန်အပ်'' ဟူသော စကားဖြင့် ကံ အစရှိကုန်သော အကြောင်းတရားတို့သည် ခဏတ္တယ မကင်းသည့် ပရမတ်တရားမျိုးဌာသာ ပြုပြင်-စီရင်နိုင်ကြ၏။ ခဏတ္တယ ကင်းသော ပရမတ်မျိုးဌ မပြုပြင်-မစီရင်နိုင်ကြကုန်။ နိဗ္ဗာန်ပရမတ်ကား စင်စစ်မူ၍ ခဏတ္တယကင်းသော သဘောတရားဖြစ်၍ ကံ အစရှိကုန် သော အကြောင်းတရားတို့ မပြုပြင်-မစီရင်နိုင်ပုံကို ပြဆို၏။ ဤအဓိပ္ပါယ် တို့ကိုရည်ရွယ်၍ ''မသေ, ဆုံးလွန်၊ မပြုဘန်အပ်'' ဟု၍ ရေးစပ်တော် မူအပ်၏။

နိဗ္ဗာန် ပြဆိုခန်း ပြီး၏။

၁၆၃။ ပရမတ္ထ၊ မြတ်ဓမ္မကို၊ ဗိတ္တ, စေ, ရူ၊ နိဗ္ဗာန်ဟူ၊ ဆူဆူ ပေါ၏-စတုဗ္ဗိ။

၁၆၄။ ပရမတ္ထ၊ သင်္ဂဟဟု၊ နာမတွင်လျှင်း၊ ဤသည့် ကျမ်းနှီ၊ ခြောက်ကဏ္ဍထောက်၊ ရုပ်သံပေါက်၊ ပြီးမြောက်၍တွင်ဆို။

၁၆၅။ တရာ့ခြောက်ဆယ်။ ငါးပုန်သွယ်လျက်၊ အာကျယ် စိမ်၊ ရူပကဏ်၊ အမှန်ပြီးစေဘိ။ ။

ရုပ်ပိုင်းသံပေါက် ပြီး၏။

၁၆၃။ ဤသို့လျှင် စိတ်ပိုင်းမှစ၍ ရုပ်ပိုင်း တိုင်အောင် ခြောက်ပိုင်း-ခြောက်ကဏ္ဍတို့ဖြင့် ဗုဒ္ဓဒေဆူဆူ သယမ္ဘူထွဋ်ထား မြတ်ဘုရားဘို့ ဟောကြား ဒေသနာမြွက်တော်မူကြသော "စိတ် ပရမတ်, စေတသိက် ပရမတ်, ရုပ်ပရမတ်, နိဗ္ဗာန် ပရမတ်" လေးရပ် တို့၏ သရုပ်-အဓိပ္ပါယ် အကျယ် စကားစဉ်တို့သည် ဤတွင် ပြီးမြောက် ဆုံးဧကန်သို့ ရောက်သတည်း။ ။

ရုပ်ပိုင်း ပြီး၏။

သမုဒ္ဒည်းဝိုင်း

၁။ ကိုယ်ဝိုင်မှတ်ရှိ၊ နှိုသတ်ဓမ္မာ၊ ပြိုကွာတဖန်၊ သမုဒ်
ကဏ်၊ ပေါင်းဟန်သူတို့လျှစ်။
၂။ ဆကု,အရော၊ ဗေဒဗိပက္ခာ၊ ဆုံးသဒ္ဒါ၊ လေးဖြာ
အပေါင်းလျှစ်။

၁။ စိတ်သည် အာရုံကို သိခြင်း လက္ခဏာ တပါးသာရှိ၏။ စေတသိက်သည် အာရုံကို တွေ့ထိခြင်း-အစရှိသောအားဖြင့် လက္ခဏာ (၅၂)ပါး ရှိ၏။ နိပ္ပန္နရုပ်သည် ခက်မာခြင်း, ဖွဲ့စေးခြင်း-စသောအားဖြင့် လက္ခဏာ(၁၈)ပါး ရှိ၏။ နိဗ္ဗာန်သည် ငြိမ်းခြင်း-သန္တိလက္ခဏာ တပါးသာ ရှိ၏။ ဤပရမတ်တရားတို့၏ ဆိုင်ရာဆိုင်ရာ ကိုယ်ဝိုင်မှတ်ကြောင်း လက္ခဏာတို့ကိုပေါင်းရုံးရေတွက်ပါက (စိတ်-၁ + စေတသိက်-၅၂ + နိပ္ပန္နရုပ်-၁၈ + နိဗ္ဗာန်-၁ = ၇၂) လက္ခဏာပေါင်း ခုနစ်ဆယ့်နှစ် ဖြစ်၏။ ထို ခုနစ်ဆယ့်နှစ်ပါးသော ပရမတ်တရားတို့ကို သဘောတူချင်း ပေါင်းသင်းဖွဲ့စည်း ပြဆိုအပ်သော ''သမုဒ္ဒည်းဝိုင်း'' ကို ပြဆိုပေအုံ့။

အနိပ္ပန္နရုပ် (၁၀) ပါးတို့သည် နိပ္ပန္နရုပ်တို့ကဲ့သို့ တရားကိုယ် ရင်ကောင်းသော ပရမတ်မျိုး မဟုတ်ကြ။ ထို့ကြောင့် ကောန်သိမြင်ထိုက်သည့် အဘိညေယျတရားတို့ကို ပြဆိုလိုရင်းဖြစ်သော ''ဒွိဝတ်ဓမ္မာ'' ၏ အရင်္ဂ မပါဝင်နိုင်ကြ၍ ထိုရုပ် (၁၀)ပါးတို့ကို ကြဉ်ဖယ်ထားရသည်ဟုမှတ်။

၂။ သမုဒ္ဒည်းဝိုင်း၌ အကျဉ်းမှတ်သား၍ သင်္ဂဟသည်—

၁။ အကုသလ သင်္ဂဟ ၃။ ဗေဟိဗပက္ခိယ သင်္ဂဟ
၂။ မိဿဓ သင်္ဂဟ ၄။ သဗ္ဗသင်္ဂဟ

အားဖြင့် လေးပါး ရှိ၏။ ထိုတွင် အကုသိုလ်တရားချင်းချင်း ပေါင်းသင်းရေတွက်ပြဆိုခြင်းသည် ''အကုသလသင်္ဂဟ'' မည်၏။ ကုသိုလ်, အကု

၃။ အကုသလစေတသိကဓမ္မတို့ကို ဟောကြားတော်မူ၏။

၄။ ဣန္ဒြေ, ယောဂ၊ မညနာမ၊ လေးဝသူတို့ဖွယ်စ၊

သိုလ်, အဖျာကတ တရားတို့ကို ရောနှောပေါင်းသင်း ရေတွက်ပြဆိုခြင်းသည် ''မိဿက သင်္ဂဟ''မည်။ ဗောဓိ ဟု ဆိုအပ်သော မဂ်ဉာဏ်၏ အဘို့ဖြစ်သော တရားတို့ကို ရေတွက်ပြဆိုခြင်းသည် ''ဗောဓိပက္ခိယ သင်္ဂဟ''မည်၏။ အလုံးစုံသော ပရမတ်တရားတို့ကို ခန္ဓာ,အာယတန, ဓာတ်-စသည်အစွမ်းဖြင့် ရေတွက် ပြဆိုခြင်းသည် '' သဗ္ဗသင်္ဂဟ '' မည်၏။

၅။ **အကုသလ** သင်္ဂဟ၌အာသဝေါတရားဘို့သည်-

၁။ ကာမာသဝ ၂။ ဒိဋ္ဌာသဝ
၃။ ဘဝါသဝ ၄။ အဝိဇ္ဇာသဝ

အားဖြင့် လေးပါး ရှိကုန်၏။ ထိုတွင် ဝတ္ထု-အာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာသည် ''ကာမာသဝ''မည်၏။ တရားကိုယ်ကား လောဘမူစိတ် (၈)ခု၌ ရှိသော လောဘစေတသိက်တည်း။ ရူပဘဝ, အရူပဘဝ၌ တပ်မက်တတ်သော တဏှာသည် ''ဘဝါသဝ''မည်၏။ တရားကိုယ်ကား ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ ရှိသော လောဘစေတသိက်တည်း။ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု၌ရှိသော လောဘစေတသိက်သည် ''ဒိဋ္ဌာသဝ'' မည်၏။ အကုသိုလ်စိတ် (၁၂)၌ရှိသော မောဟစေတသိက်သည် ''အဝိဇ္ဇာသဝ''မည်၏။

၆။ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ-ဟူသော ဣဿလေးပါးနှင့် ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ-ဟူသော ယောဂလေးပါးတို့လည်း ဤလောဘ,ဒိဋ္ဌ,မောဟ-တရား သုံးပါးတို့၏ အမည်တို့သာတည်း။

၅။ စိး,ယစ်,ထုံတတ်၊ နစ်စေတတ်၊ ယှဉ်တတ်သုံး မည်ဖြစ်။
၆။ အာဘိဇ္ဈာနှင့်၊ ဗျာပါဒမှတ်၊ သီလဗ္ဗတ၊ပရာမာသ၊ ကာယဂန္ထဖြစ်။
၇။ ဩဃံသစ္စာ၊ နီဝေသာ၊ ကာယာဂန္ထတစ်။

၅။ အိုင်းအမာနှင့် တူစွာသော စက္ခုဒွါရ-စသည်မှ ပြည်ပုတ်,သွေးပုတ်နှင့်တူသော ဤလောဘ,ဒိဋ္ဌ,မောဟ-တရား သုံးပါးတို့ ယုဝ်စိးထွက်ပေါ်လာတတ်ကြသောကြောင့်၎င်း, ကြာမြင့်စွာ ထုံအပ်သော အရက်စိမ်ရည်သည် လူကို ယစ်စေ-မူးစေဘိသကဲ့သို့၊ ထို့အတူ အနုမတဂ္ဂ သံသရာတခွင်၌ ကြာမြင့်စွာ ထုံအပ်သော ဤတရားသုံးပါးတို့သည် သတ္တဝါကို ယစ်စေတတ်,ထုံစေတတ်သောကြောင့်၎င်း "အာသဝ" မည်ကုန်၏။

ပကတိ ရဟန္တာယဉ်သည် ထိုထိုအဆောက်အဦနှင့် သတ္တဝါဟူသမျှကို လွှမ်းမိုး နစ်မြုပ်စေဘိသကဲ့သို့၊ ထို့အတူ ဤတရား သုံးပါးတို့လည်း မိမိကိန်းအောင်းရာ သတ္တဝါဟူသမျှကို ဒုပါယ်လေးပါး၌ နစ်စေတတ်ကြသောကြောင့် "ဩဃ" ဟူသော အမည်ထူး၊သတ္တဝါတို့အား ဝဋ်ဆင်းရဲအပေါင်း၌ ယှဉ်ကပ်ပေးတတ်ကြသောကြောင့် "ယောဂ" ဟူသော အမည်ထူးကို ရကြကုန်၏။

၆။၇။ သတ္တဝါတို့အား ထုံးဖွဲ့ရစ်ပတ်တတ်သော ဂန္ထတရား၊ကား-
၁။ အာဘိဇ္ဈာကာယဂန္ထ ၃။ သီလဗ္ဗတပရာမာသကာယဂန္ထ
၂။ ဗျာပါဒကာယဂန္ထ ၄။ ဩဃံသစ္စာဘိနိဝေသကာယဂန္ထ
အား၄ဖြင့် ဟောပါးရှိကုန်၏။ ထိုဘွင် အာဘိဇ္ဈာကာယဂန္ထ-ဟူသည် အာရုံတခုကိုရှေ့ရှုကြိုစည်၍လိုချင်တတ်သောလောဘစေတသိက်တည်း။ ဗျာပါဒကာယဂန္ထ-ဟူသည် ဖေါက်ပြန်ဖျက်စီးခြင်း, စိတ်ဆိုးခြင်းအစွမ်းဖြင့်ဖြစ်သော ဒေါသစေတသိက်တည်း။ သီလဗ္ဗတပရာမာသ ကာယဂန္ထ-

၇။ ဂန္ဓာလေးတန်၊ ရုပ်, နာမ်, ပစ်, နာ၊ များကာဃာ နိုင်စွာထုံးဖွဲ့ချစ်။

၉။ နွားခွေးအတူ၊လေ့ကျင့်မှုလျှင်၊ ဖြူစင်ဝင့်ပြက်၊ စွဲယူမှတ်၊သိလဒ္ဓတ်ဖြစ်။

၁၀။ ဤသာဓာမှန်၊ အညံ့တပါး၊ လုံးလုံးမှားဟန်၊ စွဲယူသန်၊ဆုံဒံသစ္စာဖြစ်။

ဟူသည် မှားသောအားဖြင့် စွဲလမ်းသုံးသပ်တတ်သော ဒိဋ္ဌစေတသိက်တည်း။ ဇုဒံသစ္စာဘိနိဝေသ ကာယဂန္ထ-ဟူသည်လည်း တရားကိုယ်အားဖြင့် ဒိဋ္ဌစေတသိက်ပင်တည်း။

၇။ တရားကိုယ်ခမ္မအားဖြင့် "လောဘ,ဒေါသ,ဒိဋ္ဌိ" ဟု ဆိုအပ်သော ဤဂန္ထတရားတို့သည် ပစ္စုပ္ပန်နာမကာယ ရူပကာယနှင့် အနာဂတ် နာမကာယ-ရူပကာယ ဟု ဆိုအပ်သော နာမ်, ရုပ်အပေါင်းကို ကောင်းစွာ ထုံးဖွဲ့ – ရစ်နှောင်တတ်ကြသော့ကြောင့် "ဂန္ထ" မည်ကုန်၏။

၉။ သီလဗ္ဗတပရာမာသ ဟူသည် နွားတို့၏ အလေ့အကျင့်, ခွေးတို့၏ အလေ့အကျင့်ကို လေ့ကျင့်လျှင် ကိုလေသာ ဖြူစင်ကြောင်း, သံသရာဝဋ်မှ ကျွတ်လွတ်ကြောင်း အကျင့်ကောင်း ဖြစ်သည်ဟု မှားသောအားဖြင့် သုံးသပ်ခြင်းတည်း။

၁၀။ ဇုဒံသစ္စာဘိနိဝေသ ကာယဂန္ထ-ဟူသည် "ဤ ငါ၏အယူသာ မှန်သည်၊ ငါမှတပါး တခြားသူတို့၏ အယူကား လုံးလုံးမှား၏" ဟူ၍ မိမိကမှားယွင်းနေသော အယူရှိသည်ဖြစ်လျက်သည်း ထိုမှားယွင်းသော အယူကို ခိုင်မြဲစွာယူခြင်းပင်တည်း။

၁၁။ ကာမ, ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တာတာနှံ၊ စွဲယူသန်၊ ဥပါဒါနိညစ်-လေးခုဖြစ်။

၁၂။ ကာမဆွဲနှာ၊ ဗျာပါ, ထိ, မိဒ္ဓ၊ ဥဒ္ဓ, ကုစ်, ဂိဆွာ၊ အဝိဇ္ဇာ၊ ခြောက်ဖြာ နိဝရဏဖြစ်။

၁၃။ ကောင်းမှုကုသလံ၊ ဥာဏ်တန်တန်တို့၊ ဖြစ် ရန် ကန့်ကွက်၊ ပိတ်ပင်ချက်၊ အနက်နိဝရဏလျစ်။

၁၁။ မိဒိဆိုင်ရာ အာရုံမျိုးဌ် အလွတ်မပေးခြင်ဘဲ ဖါးမြွေခဲသကဲ့သို့ စွဲငဲ့မြဲမြံ ဘမ်းယူဘဘ်သောတရားအပေါင်းကို "ဥပါဒါန်" ဟု ခေါ်ရ၏။ ဥပါဒါန်တို့ကား-

၁။ ကာမုပါဒါန်	၃။ သီလဗ္ဗတုပါဒါန်
၂။ ဒိဋ္ဌုပါဒါန်	၄။ အတ္တဝါဒုပါဒါန်

အားဖြင့် လေးပါးရှိကုန်၏။ ထိုတွင် ကာမုပါဒါန် အရကား လောဘ စေတသိက်တည်း။ ဒိဋ္ဌုပါဒါန်ကား သီလဗ္ဗတ, အတ္တဝါဒဒိဋ္ဌိ နှစ်မျိုးမှ ကြွင်းသော ဒိဋ္ဌိစေတသိက်တည်း။သီလဗ္ဗတုပါဒါန်ကား ငါ့အား၌အယူ ၌အကျင့်မျိုးဖြင့် သံသရာမှစင်ကြယ်၏ဟူ၍ စွဲစွဲမြဲမြံ ယူတတ်သော ဒိဋ္ဌိ စေတသိက်ပင်တည်း။ အတ္တဝါဒုပါဒါန်ကား သတ္တဝါဟူသမျှ၌ အတ္တရှိ၏ ဟူ၍ ပြောဆိုခြင်း၌ စွဲလမ်းပြင်းထန်စွာ ယူဆတတ်သော ဒိဋ္ဌိစေတသိက် ပင်တည်း။ ၌ဥပါဒါန်တရားတို့သည် ကိစ္စအားဖြင့် လေးပါးရှိကြသော်လည်း တရားကိုယ်အားဖြင့် "လောဘ, ဒိဋ္ဌိ" နှစ်ပါးတို့သာတည်း။

၁၂။ ၁၃။ ကောင်းမှုကုသိုလ်နှင့် ဈာန်, မဂ်, ဖိုလ်ဘရားတို့ မဖြစ်ပွား နိုင်အောင် တားမြစ်ပိတ်ပင်တတ်သော တရားအပေါင်းကို "နိဝရဏ" ဟု ခေါ်ရ၏။ နိဝရဏတရားတို့သည်-

၁၄။ ကာမ, ဘဝ၊ ပဋိစ္စသမုပ္ပါဒ်၊ မာန, ဒိဋ္ဌ၊ ကိစ္စ, ဝိဇ္ဇာ၊ သတ္တာ-နိုဿယဖြစ်၊

၁၅။ အကြောင်းမလျော်၊ မပေါ်ဒုပ်ဝပ်၊ ကြောင်းသင့်လတ်တုံ၊ ထပ်ထပ်အုံကြွ၊ မြုံပါကြွ၊ အနိုဿယသဘောဖြစ်၊

၁။ ကာမစ္ဆန္ဒနီဝရဏာ ၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏာ
၂။ ဗျာပါဒနီဝရဏာ ၅။ ဝိစိကိစ္ဆာနီဝရဏာ
၃။ ထိန-မိဒ္ဓနီဝရဏာ ၆။ အဝိဇ္ဇာနီဝရဏာ

အားဖြင့် ခြောက်ပါး ရှိကုန်၏။ ထိုတွင် ကာမစ္ဆန္ဒနီဝရဏာကား လောဘစေတသိက်၊ ဗျာပါဒနီဝရဏာကား ဒေါသစေတသိက်၊ ထိန-မိဒ္ဓနီဝရဏာကား ထိနစေတသိက်နှင့် မိဒ္ဓစေတသိက်၊ ဥဒ္ဓစ္စ- ကုက္ကုစ္စနီဝရဏာကား ဥဒ္ဓစ္စစေတသိက်နှင့် ကုက္ကုစ္စစေတသိက်၊ ဝိစိကိစ္ဆာနီဝရဏာကား ဝိစိကိစ္ဆာစေတသိက်၊ အဝိဇ္ဇာနီဝရဏာကား မောဟစေတသိက်တည်း။ ဤနီဝရဏာတရားတို့သည် အကုသလအားဖြင့်(၆)ပါး, တရားကိုယ်အားဖြင့် (၈)ပါး ရှိကုန်၏။

ထိန နှင့် မိဒ္ဓသည် ယှဉ်ရာ စိတ္တုပ္ပါဒ်ကို ထိုင်းမှိုင်း တွန့်ဆုတ်အောင် ပြုခြင်းကိစ္စ ၌ တူမျှ၏။ဥဒ္ဓစ္စနှင့် ကုက္ကုစ္စသည် မငြိမ်သက်ခြင်းကိစ္စ ၌တူမျှ၏။ ထိန-မိဒ္ဓသည် ပျင်းရိခြင်း-ကောသဇ္ဇကြောင့် ဖြစ်၏။ ဥဒ္ဓစ္စ-ကုက္ကုစ္စသည် ဗျသနတရား၀င်းပါ်းဘွင် တပါးပါးကြောင့် ဖြစ်၏။ ထိန-မိဒ္ဓသည် ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ဥဒ္ဓစ္စ-ကုက္ကုစ္စသည် သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဤသို့ ကိစ္စအားဖြင့်၎င်း,ဖြစ်ကြောင်း အားဖြင့်၎င်း, ဆန့်ကျင်ဘက် အားဖြင့်၎င်း တူမျှကြသောကြောင့် ထိနနှင့်မိဒ္ဓ,ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့ကို နီဝရဏတပါးစီ ပြအပ်သတည်း။

၁၄။၁၅။ အကြောင်းမလျော် ဖြစ်ခွင့်မတော်လျှင်မဖြစ်ပေါ်သေးဘဲ ဆိုင်ရာ အာရုံနှင့် တွေ့ကြုံအကြောင်းဆိုက်လာက မြုံပါကြွ၍ ဖြစ်တတ်

၁၆။ ကာ, ရွ, ဆရွ၊ သုံးဟူရာဂ၊ ဠီဃ, မာန်, ဒိဋ္ဌ၊ သီ, ဝိ, ကိစ်၊ ဥဒ်, ဝိဇ်-ဒဿစ် သံယောဇဖြစ်။

သော သတ္တဝါသန္တာန်၌ အစဉ်ကိန်းအောင်းနေသည့် တရားအပေါင်းကို "အနုသယ" ဟု ခေါ်ရ၏။ အနုသယတရားတို့သည် -

၁။ ကာမရာဂါနုသယ ၄။ မာနာနုသယ
၂။ ဘဝရာဂါနုသယ ၅။ ဒိဋ္ဌာနုသယ
၃။ ပဋိဃာနုသယ ၆။ ဝိစိကိစ္ဆာနုသယ
၇။ အဝိဇ္ဇာနုသယ

အားဖြင့် ခုနစ်ပါး ရှိကုန်၏။ ထိုတွင် ကာမရာဂါနုသယနှင့် ဘဝရာဂါနုသယကား လောဘစေတသိက်၊ ပဋိဃာနုသယကား ဒေါသစေတသိက်တည်း။ ကြွင်းအနုသယလေးပါးတို့၏ တရားကိုယ်များကား ထင်ရှားကြပြီ။ ကိစ္စအားဖြင့် (၇) ပါး ရှိကြသော်လည်း၊ တရားကိုယ်အားဖြင့် "လောဘ, ဒေါသ, မာန, ဒိဋ္ဌ, ဝိစိကိစ္ဆာ, မောဟ" ဟူ၍ (၆) ပါးသာ ရှိသတည်း။

၁၆။ သုတ္တန်ဒေသနာတော်နည်းအားဖြင့် "သံယောဇဉ်တရား" တို့သည် -

၁။ ကာမရာဂသံယောဇဉ် ၆။ ဒိဋ္ဌိသံယောဇဉ်
၂။ ဘဝရာဂသံယောဇဉ် ၇။ သီလဗ္ဗတပရာမာသသံယောဇဉ်
၃။ အရူပရာဂသံယောဇဉ် ၈။ ဝိစိကိစ္ဆာသံယောဇဉ်
၄။ ပဋိဃသံယောဇဉ် ၉။ ဥဒ္ဓစ္စသံယောဇဉ်
၅။ မာနသံယောဇဉ် ၁၀။ အဝိဇ္ဇာသံယောဇဉ်

အားဖြင့် ဆယ်ပါး ရှိကုန်၏။

၁၆။ အာဘိနည်းမှု၊ နှစ်တန်-ချုပျက်၊ ဘဝစွက်၊ ဥဒ္ဓံတွက် သွင်း ဣာသည်,မစ်။
၁၈။ သံသရာထောင်တွင်း၊ တင်းတင်းဖွဲ့နှောင်၊ ကြိုး ထိပ် လျောင် မှတ်၊ ခြေကျဉ်းခပ်၊ ဆယ် ထပ် သံယောဖြစ်။

၁၇။ အာဘိဓမ္မာဒေသနာတော် နံညီးအားဖြင့် ရူပရာဂ,အရူပရာဂ-သံယောဇဉ် နှစ်ပါးကိုဖျက်၍ ဘဝရာဂသံယောဇဉ်ထည့်၍ ဥဒ္ဓစ္စ သံယောဇဉ်ကိုဖျက်၍လည်း ဇာသာသံယောဇဉ်, မဏ္ဍရိယသံယောဇဉ် ထည့်၍

၁။ ကာမရာဂသံယောဇဉ် ၆။ သီလဗ္ဗတပရာမာသသံယောဇဉ်
၂။ ဘဝရာဂသံယောဇဉ် ၇။ ဝိစိကိစ္ဆာသံယောဇဉ်
၃။ ပဋိဃသံယောဇဉ် ၈။ ဇာသာသံယောဇဉ်
၄။ မာနသံယောဇဉ် ၉။ မဏ္ဍရိယသံယောဇဉ်
၅။ ဒိဋ္ဌိသံယောဇဉ် ၁၀။ အဝိဇ္ဇာသံယောဇဉ်

အားဖြင့် ဆယ်ပါးပင် ရှိကုန်၏။ တရားကိုယ်အားဖြင့် သုတ္တန်နည်း၌ "လောဘ,ဒေါသ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,မောဟ"ဟူ၍ (၇)ပါး။ အဘိဓမ္မာနည်း၌ "လောဘ, ဒေါသ, မာန, ဒိဋ္ဌ, ဝိစိကိစ္ဆာ,ဇာသာ, မဏ္ဍရိယ,မောဟ"ဟူ၍(၈)ပါးရှိ၏။ နည်းနှစ်ပါးကိုပေါင်း၍ ရေတွက်လျှင် "လောဘ,ဒေါသ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,ဇာသာ,မဏ္ဍရိယ, မောဟ"ဟူ၍ သံယောဇဉ် တရားကိုယ်(၉)ပါး ရှိသတည်း။

၁၈။ သတ္တဝါတို့ကို သံသရာ-ထောင်တွင်းမှ မလွတ်ကင်းနိုင်အောင် တင်းတင်း ကျပ်ကျပ် ထိပ်ကြိုးခပ်ထားဘိသကဲ့သို့ ချည်နှောင်ဖွဲ့ယှက် တတ်သောကြောင့် သုတ္တန်နည်း,အဘိဓမ္မာနည်းတို့ဖြင့် ပြအပ်ကုန်သော တရားဆယ်ပါးတို့သည် သံယောဇဉ် မည်ကုန်၏။

၁၉။ လော, ဒေါ, မော, မာ၊ ဖိဋ္ဌ, ကိစ္ဆာ, ထိ၊ ဥန်, အဟိ၊ နောက်ဖြည့်ဒသစ် ကိလေဖြစ်၊

၂၀။ စိတ်ကိုတနဲတန်၊ ပူပန်ညစ်ကျဉ်း၊ နှိပ်စက်မှု၊ ဆယ်ခု ကိလေဖြစ်၊

၂၁။ ဆာ, ဩ, ယော, ဗျာ၊ တစ်ခုတထား၊ နှစ်မည်ဖြာ၊ ကာမဘဝဖြစ်၊

၂၂။ အဉ္ဇုပါဒါန်၊ ဇာဒံသိလဒ်၊ ဤသုံးရပ်၊ မှတ်ဒုလ ဒွိဋ္ဌိတစ်၊

၁၉။၂၀။ မိမိ၏ယှဉ်ဘက်စိတ်ကိုဌင်း, ကိန်းအောင်းရာ သတ္တဝါကိုဌင်း ပူပန်စေတတ် ညစ်ငြမ်းစေတတ်သော တရားကို "ကိလေသ" ခေါ်ရ၏။ကိလေသာတရားတို့သည်-

၁။ လောဘ	၆။ ဝိစိကိစ္ဆာ
၂။ ဒေါသ	၇။ ထိန
၃။ မောဟ	၈။ ဥဒ္ဓစ္စ
၄။ မာန	၉။ အဟိရိက
၅။ ဒိဋ္ဌိ	၁၀။ အနောတ္တပ္ပ

အားဖြင့် ဆယ်ပါး ရှိကုန်၏။

၂၁။ ဤသို့ ပြဆိုအပ်ပြီးသော ကာမာသဝ, ဘဝါသဝ-ဟူသော အမည်၊ ကာမောဃ,ဘဝေါဃ-ဟူသော အမည်၊ ကာမယောဂ,ဘဝယောဂ-ဟူသော အမည်သည် တကွဲတည်း ဟူသော လောဘစေတသိက်၏ အမည်တခုတည်းကိုပင် ကာမ ဟူသောအမည် ဘဝ ဟူသော အမည် နှစ်မျိုးစီ-နှစ်မျိုးစီဖြင့် ခေါ်ဝေါ်အပ်၏။

၂၂။ အတ္တဝါဒုပါဒါန် ဟူသော အမည်၊ ဇာဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူသောအမည်၊ သီလဗ္ဗတပရာမာသဟူသောအမည် သုံးရပ်

၂၃။ အာသဝ, သြဃ၊ ယောဂ, ဂန္ထာ၊ လေးဆုံးဖြာ၊ သုံးစိ
သာဖြစ်တရားစစ်။
၂၄။ ဥပါဒါနုဒ္ဓ၊ နီဝရဏစ်ဆ၊ အာနု, ဆဖြစ်တရားစစ်။
၂၅။ သံယောဇနဝ၊ကို, ဒဿမှတ်၊ ပေါင်းဆုအာပ်၊ ကိုးရပ်
အာကုလစ်။

တို့လည်း ဒိဋ္ဌ-စေတသိက်တခုတည်း၏အမည်တို့ပင်တည်း။ ဒိဋ္ဌစေတသိက်
တခုတည်းဖြစ်လျက် အမည် သုံးမျိုးဖြင့် ပြဆိုခြင်းကား အတ္တဝါဒုပါဒါန်
သည် အတ္တရှိ၏ဟူ၍ စွဲမြဲစွာယူ၏။ ဤဒံသစွာဘ်နိဝေသ သည် ငါ့အယူ
သာ မှန်သည် သူတပါးအယူ မှားသည်ဟူ၍ ယူ၏။ သီလဗ္ဗတပရာမာသ
သည် နွား,ခွေး တို့၏ ဒုလေ့အကျင့်မျိုးသာ ကိုးလသာ စင်ကြယ်၍
သံသရာမှ လွတ်လွယ်သည်ဟု ယူ၏။ ဤသို့ ယူပုံအခြင်းအရာ ကွဲပြား
သောကြောင့် တရားကိုယ် တပါးတည်း ဖြစ်လျက် အမည် သုံးမျိုးဖြင့်
ပြဆိုအပ်သည်။

၂၃။၂၄။၂၅။ ဤအကုသလသင်္ဂဟ၌ "အာသဝ, သြဃ, ယော, ဂ,
ဂန္ထ" တရားတို့သည် ကိစ္စနာမအားဖြင့် လေးပါးစီ-လေးပါးစီ ရှိကြ
သော်လည်း တရားကိုယ်ဓမ္မအားဖြင့်ကား "လောဘ, ဒိဋ္ဌ, မောဟ"
တရား သုံးပါး-သုံးပါးတို့၏ အမည်တို့သာတည်း။

ဥပါဒါနုတရားကိုယ်(၂)ပါး၊နီဝရဏတရားကိုယ်(ဂ)ပါး၊အနုသယ
တရားကိုယ်(၆)ပါးရှိကုန်၏၊ (၂ပါး, ဂပါး, ၆ပါးတို့၏ သရုပ်တို့ကို
အောက်၌ထုတ်ပြခဲ့ပြီ)

ထို့ပြင် သံယောဇဉ်တရားကိုယ်(၉)ပါနှင့် ကိလေသာတရားကိုယ်
(၁၀)ပါးတို့လည်း အောက်၌ပြခဲ့ပြီ။ သို့ဖြစ်၍ ဤဒွေအစဉ်အားဖြင့် ပြဆို
ခဲ့သောတရားများသည်(၉)ပါးရှိကုန်၏။ (၉)ပါးတို့ကား အာသဝ

၂၆။ ကုစ်,ဒိန်,နောတ်,မစ်၊ ဟိ,ဏှာသ်,ဇော်စီ၊ ထိ,နွဲ့ဒွဲ၊ သုံးလိ-မာ,ဥဒ်လ့စ်။

၂၇။ ကိစ်, ဓောဒေါ, ပဥ်၊ ဗိဇ်, လျှင်သဏ္ဌာ၊ ဒိဋ္ဌဆဋ္ဌ၊ လေဘ-ကိုးချက်လ့စ်။

အမည်(၁)ဩဃ(၁)ယောဂ(၁)ဂန္ထ(၁)ဥပါဒါန်(၁) နိဝရဏာ(၁)အနုသယ(၁)သံယောဇဉ်(၁)ကိလေသာ(၁)တို့တည်း။

၂၆။ ကုက္ကုစ္စသည် ကုက္ကုစ္စနိဝရဏာအရာ၌၊ မိဒ္ဓ-သည် မိဒ္ဓနိဝရဏာအရာ၌၊ အနောတ္တပ္ပသည် ကိလေသာအရာ၌။ မစ္ဆရိယသည် သံယောဇဉ်အရာ၌၊ ဒိဋ္ဌိရာဂသည် ကိလေသာအရာ၌၊ ဏှသဲ့ာသည် သံယောဇဉ်အရာ၌ ဤသို့ ကုက္ကုစ္စ,မိဒ္ဓ,အနောတ္တပ္ပ,မစ္ဆရိယ,ဒိဋ္ဌိရာဂ,ဏှသာစေတသိက်တို့သည် မိမိတို့ဆိုင်ရာဌာနအလိုးသိုးဌ် တနေရာ တဌာနစီ ပါဝင်ကြကုန်၏။ ထိနသည် ထိနနိဝရဏာ,ထိနကိလေသာအရာ၌ ပါဝင်၏။ မာနသည် မာနာနုသယ, မာနသံယောဇဉ်, မာနကိလေသာ ဤသုံးဌာန၌၊ ဥဒ္ဓစ္စသည် ဥဒ္ဓစ္စနိဝရဏာ, ဥဒ္ဓစ္စသံယောဇဉ်, ဥဒ္ဓစ္စကိလေသာ ဤသုံးဌာန၌ ပါဝင်၏။

၂၇။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနိဝရဏာ, ဝိစိကိစ္ဆာနုသယ, ဝိစိကိစ္ဆာသံယောဇဉ်, ဝိစိကိစ္ဆာကိလေသာ ဤလေးဌာန-လေးနေရာ၌ ပါဝင်၏။ ဒေါသသည် ဗျာပါဒကာယဂန္ထ, ဗျာပါဒနိဝရဏာ, ပဋိဃာနုသယ,ပဋိဃသံယောဇဉ်,ဒေါသကိလေသာ ဤငါးဌာန-ငါးနေရာတို့၌ ပါဝင်၏။ အဝိဇ္ဇာသည် အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂ, အဝိဇ္ဇာနိဝရဏာ,အဝိဇ္ဇာနုသယ,အဝိဇ္ဇာသံယောဇဉ်,မောဟကိလေသာ ဤခုနစ်ဌာန-ခုနစ်နေရာတို့၌ ပါဝင်၏။ ဒိဋ္ဌိသည် ဒိဋ္ဌာသဝ, ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂ,သီလဗ္ဗတပရာမာသကာယဂန္ထ,ဏှဒံသစ္စာဘိနိဝေသကာယ

၂၀။ လော, ဒေါ, မော–သုံး၊ အ-ယ္ဘဉ်သုံး၊ ခေါ်ထုံး ဟိတ်ခြောက်ရပ်။

၂၉။ တက်,စ၁,ဒိ,ဇ၊ သော, ဒေါဇ၀၊ ဥဝေယ္ဘဉ်လတ်-ချာနင်သတ်။

ဂန္ဓ,ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တာဝါဒုပါဒါန်, ဒိဋ္ဌာနုသယ,ဒိဋ္ဌိသံယောဇဉ်,ဒိဋ္ဌိကိလေသာ ဤရှစ်ဌာန-ရှင်နေရာတို့၌ ပါဝင်၏၊လောဘသည် ကာမာသဝ, ဘဝါသဝ, ကာမောဃ, ဘဝေါဃ, ကာမယောဂ, ဘဝယောဂ, အဘိဇ္ဈာကာယဂန္ထ, ကာမုပါဒါန်, ကာမဆန္ဒနီဝရဏ, ကာမရာဂါနုသယ,ကာမရာဂသံယောဇဉ်, ဘဝရာဂသံယောဇဉ်,လောဘကိလေသာ ဤကိုးဌာန-ကိုးနေရာတို့၌ ပါဝင်၏။

အကုသလသင်္ဂဟ ပြဆိုခဏ်း ပြီး၏။

၂၀။ မိဿက သင်္ဂဟ ၌ ရသောက်မြစ်သည် ပင်စည်-ပင်မ နှင့် တကွ အကိုင်း,အခက်-စသည်တို့ကို ထောက်ပံ့ခိုင်ခံ့စေသကဲ့သို့၊ ထို့အတူ တကွဖြစ်ဖေါ်-ဖြစ်ဘက် ရည်-နာမ် တို့ကို ထောက်ပံ့-ခိုင်ခံ့ စေတတ်သော တရားကို "ဟိတ်" ဟု ခေါ်ရ၏။ ဟိတ်တရား တို့သည်-

၁။ လောဘဟိတ် ၄။ အလောဘဟိတ်
၂။ ဒေါသဟိတ် ၅။ အဒေါသဟိတ်
၃။ မောဟဟိတ် ၆။ အမောဟဟိတ်

ဟူ၍ ခြောက်ပါး အပြားရှိကုန်၏။

၂၉။ ဗျာနင်တရား တို့သည် "ဝိတက်,ဝိစာရ, ပီတိ, ကေဂ္ဂတာ, သောမနဿ,ဒေါမနဿ,ဥပေက္ခာ" ဟူ၍ ခုနစ်ပါးရှိကုန်၏။ ထိုတွင်

၃၀။ သမ္မာတ္ထဝါသ္ဘဉ်၊ဒိဋ္ဌ,သင်,ဝါစာ၊ကမ္မန်,အာဇီဝါယာ, ဓိ,တိ-အာဋ္ဌ၊

၃၁။ ပိဆ္ဆာဒိဋ္ဌသင်၊ ယာ,ဓိ-ဃ္ဉဉ်၊မဂ္ဂင်–ဆယ်.ဒုစ်ရပ်၊

သဝိတက္ကစိတ် (၅၅) ၌ ရှိသော ဝိတက်ဇစေတသိက် သည် "ဝိတက်ရာနင်"မည်၏။သဝိစာရစိတ်(၆၆)၌ ရှိသော ဝိစာရဇစေတသိက်သည် "ဝိစာရရာနင်" မည်၏။ ဒိတိသဟဂုတ်စိတ်(၅၁)၌ ရှိသော ဒိတိစေတသိက်သည် "ဒိတိရာနင်" မည်၏။ ဒွေးပဉ္စဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ် (၁၀)၌ ရှိသော ကေဂ္ဂတာစေတသိက်သည် "ကေဂ္ဂတာရာနင်"မည်၏။သောမနဿသဟဂုတ်စိတ်(၆၂)၌ရှိသော ဝေဒနာစေတသိက်သည် "သောမနဿရာနင်"မည်၏။ ဒေါသမူဒွေး၌ ရှိသော ဝေဒနာစေတသိက်သည် "ဒေါမနဿရာနင်"မည်၏။ စက္ခု၊ ဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး,ဇိဝှါဝိညာဏ်ဒွေး ကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် (၄၇)၌ ရှိသော ဝေဒနာစေတသိက်သည် "ဥပက္ခာရာနင်"မည်၏။ ဤ ရာနင်တရားတို့ကား ကိစ္စအားဖြင့် (၇)ပါး ရှိသော်လည်း တရားကိုယ်အားဖြင့် "ဝိတက်, ဝိစာရ,ဒိတိ,ကေဂ္ဂတာ,ဝေဒနာ" ဟူ၍ ငါးပါးသာ ရှိသတည်း။

၃၀။၃၁။ မဂ္ဂင်တရား တို့သည် သမ္မာသင်္ကပ္ပနှင့်ယှဉ်၍"သမ္မာဒိဋ္ဌ, သမ္မာသင်္ကပ္ပ, သမ္မာဝစီစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ"ဟူ၍ ရှစ်ပါး၊ မိစ္ဆာသင်္ကပ္ပနှင့်ယှဉ်၍ "မိစ္ဆာဒိဋ္ဌ,မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ" ဟူ၍ လေးပါး = ပေါင်း(၁၂)ပါး ရှိကုန်၏။

သမ္မာသင်္ကပ္ပသည် မဖေါက်မပြန် ကောင်းမွန်မှန်ကန်သော အနက်ကို ဟော၏။ မိစ္ဆာသင်္ကပ္ပသည် ဖေါက်ပြန်-မှန်ကန်ခြင်း မရှိသော အနက်ကို ဟော၏။ ထို့ကြောင့် ရှေ့မဂ္ဂင်ရှစ်ပါးကား ကုသိုလ်, အဗျာကတ မဂ္ဂင်တို့တည်း။ နောက်လေးပါးကား အကုသိုလ် မဂ္ဂင်တို့တည်း။ ကိစ္စ

၃၂။ အားရုံစူးစိုက်၊ ဖုတ်မြုံက်ဈာန်ရှု၊ ဒု,သု, နိဗ္ဗာန်၊ ပြည်သုံးတန်၊ ရောက်ရန်လမ်း-မဂ်မှတ်။

၃၃။ ပသာ,ဘာဝ,ဇို,မနှ၊သုခ့,ဝေငါးရပ်။

၃၄။ သန္ဓါ,ဝိရိ၊ သတိ,ဓိ,ပဉ်၊အာနညာအညှ၊ အညတာ၊ ဒိုဒိအာန္ဒြေမှတ်။

၃၅။ အမှာကိုယ်ဆိုင်၊ကိုယ်သာနိုင်၊စိုးပိုင်အုပ်ချုပ်တတ်။

အားဖြင့် (၁၂)ပါး ရှိပြီးသော်လည်း "ဝိတက်,ဝိရိယ,ကေဋ္ဌတာ" တို့သည် ကုသိုလ်ဘက်, အကုသိုလ်ဘက်အားဖြင့် နှစ်ဘက်ပါဝင်နေသောကြောင့် ယခင်(၈)ပါးဟု ဒိဋ္ဌစေတသိက်ကိုထည့်၍ တရားကိုယ်အားဖြင့် (၉)ပါးသာ ရှိ၏။

၃၂။ ကသိုဏ်းစသော အာရုံ၌ စူးစူးစိုက်စိုက် ရှုတတ်သောတရား, နိဝရဏတို့ကို ဖုတ်မြုံက်တတ်သော တရားကို "ဈာန်" ဟု ဆိုရ၏။ ဈာန်တရား အစိပ်အစိပ်ကိုသာ "ဈာနင်တရား" ဟု ဆိုရသည်။ ဒုဋ္ဌတိဘဝ,သုဂတိဘဝနှင့် နိဗ္ဗာန်-တည်းဟူသော ပြည်သုံးတန်သို့ ရောက်ရန်လမ်းကြောင်း တရားအပေါင်းကို "မဂ်" ဟု ဆိုရ၏။ မဂ်တရား အစိပ်အစိပ်ကိုသာလျှင် "မဂ္ဂင်တရား" ဟု ဆိုရလေသည်။

၃၃။၃၄။ ဣန္ဒြေတရား တို့သည် စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ, ဇိဝှိန္ဒြေ,ကာယိန္ဒြေ ဟူသော ပသာဒိန္ဒြေငါးပါး, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟူသော ဘာဝိန္ဒြေ ၂ပါး,ဇီဝိတိန္ဒြေ,မနိန္ဒြေ နှစ်ပါး, သုခိန္ဒြေ,ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ ဟူသော ဇဝဒိန္ဒြေငါးပါး,သဒ္ဓိန္ဒြေ, ဝိရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ,အညိန္ဒြေ,အညတာဝိန္ဒြေအားဖြင့် (၂၂)ပါးရှိကုန်၏။

၃၅။ မိမိတို့ဆိုင်ရာ ကိုယ်ငိုင်အမှုကိစ္စမျိုး၌ စိုးပိုင်အုပ်ချုပ်တတ်သော သဘောကို "ဣန္ဒြေ" ဟု ခေါ်ရ၏။ ဣန္ဒြေတို့သည် ကိစ္စနှံ့ပမာအားဖြင့်

၃၆။ သဒ်, ဝိ,သတိ၊ ဓိ,ပဥ်,ဟိ၊ဩဘ်, ဟိ,နောဘွဝ်၊ ဗိုလ်ကိုးရပ်။

၃၇။ လွှမ်းမိုးနိုပ်စက်၊ တဘက်ရန်သူ၊ တုန့်မလှုန်ငြိ၊ အတင်းကိုင်၊ ကြံ့ခိုင်ဗိုလ်ဟုမှတ်။

၃၈။ ဆန်,ဝိ,စိတ်,ဝိ၊ဓိပတိ၊မရှိတုမှတ် ကြိုးစိုးတတ်။

(၂၂)ပါး ရှိသော်လည်း တရားကိုယ်အားဖြင့် ပသာဒိန္ဒြေငါးပါး, ဘာဝိန္ဒြေနှစ်ပါး, ရုပ်ဇီဝိတ-နာမ်ဇီဝိတ,စိတ်တုခုယုတ်ကိုးဆယ်ဟု ဆိုအပ်သော မနိန္ဒြေ,ဝေဒနိန္ဒြေငါးပါးတို့၌ ဝေဒနာစေတသိက်, သဒ္ဓါ,ဝိရိယ, သတိ, ကေဂ္ဂတာ, ပညာစေတသိက်အားဖြင့် ပေါင်း (၁၆) ပါးသာ ရှိသတည်း။

၃၆။၃၇။ ဆန္နကျင်ဘက် အကုသိုလ်တရားစုတို့ကို တုံ့မလှုန်ငြိအောင် လွှမ်းမိုးနိုပ်စက်၍ လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ၊ မြဲမြံ ကြံ့ခိုင်သော် တရားကို "ဗိုလ်တရား" ဟု ခေါ်ရ၏။ ဗိုလ်တရားတို့သည်

၁။ သဒ္ဓါဗိုလ် ၆။ ဟိရိဗိုလ်
၂။ ဝိရိယဗိုလ် ၇။ သြတ္တပ္ပဗိုလ်
၃။ သတိဗိုလ် ၈။ အဟိရိကဗိုလ်
၄။ သမာဓိဗိုလ် ၉။ အနောတ္တပ္ပဗိုလ်
၅။ ပညာဗိုလ် ဟူ၍(၉)ပါးရှိကုန်၏။

၃၈။ မိမိနှင့်တကွ ဖြစ်ဘက်တရားတို့၏ ထိုထိုကိစ္စ၌ အတုမရှိအောင် ကြိုးကဲ-လွှမ်းမိုးတတ်သော တရားကို "အဓိပတိ" ဟု ခေါ်ရ၏။ အဓိပတိတရားတို့သည်-

၃၉။ ကဗ္ဗဒြိဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေး ထွေဟာမှတ် လွန်ဆောင်တတ်။

၁။ ဆန္ဒာဓိပတိ ၂။ စိတ္တာဓိပတိ
၃။ ဝီရိယာဓိပတိ ၄။ ဝီမံသာဓိပတိ

ဟူ၍(၄)ပါးရှိကုန်၏။ထိုတွင် ဒွိဟိတ်ဇော(၁၈)တိဟိတ်ဇော(၃၄) တို့၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိမည်၏။ ဝီရိယစေတသိက် သည် ဝီရိယာဓိပတိ မည်၏။ ထိုဇော(၅၂)သည် စိတ္တာဓိပတိမည်၏။ တိဟိတ်ဇော (၃၄)၌ရှိသော ပညာစေတသိက်သည် ဝီမံသာဓိပတိ မည်၏။

၃၉။ အစားအစာသည် ခန္ဓာကိုယ်ကို ကြာရှည်စွာ ထောက်ပံ့ ခိုင်မာစေသကဲ့သို့၊ ထို့အတူ မိမိဆိုင်ရာ အကျိုးတရားတို့ကို ထောက်ပံ့ ခိုင်စေတတ်သောတရားကို"အာဟာရ"ဟု ခေါ်ရ၏။ အာဟာရတရား တို့သည်-

၁။ ကဗ္ဗဍီကာရာဟာရ ၂။ မနောသဉ္စေတနာဟာရ
၃။ ဖဿာဟာရ ၄။ ဝိညာဏာဟာရ

ဟူ၍(၄)ပါးရှိကုန်၏။ ထိုတွင် ဩဇာဟု ဆိုအပ်သော အာဟာရရုပ် သည် ကဗ္ဗဍီကာရာဟာရ မည်၏။ စိတ်တခုယုတ် (၉၀)၌ ရှိသော ဖဿစေတသိက်သည် ဖဿာဟာရ မည်၏။ စိတ်တခုယုတ် (၉၀)၌ ရှိသော။ဝါကုသိုလ် အကုသိုလ်ကံဟုဆိုအပ်သော စေတနာစေတသိက် သည် မနောသဉ္စေတနာဟာရမည်၏။ စိတ်တခုယုတ်(၉၀)သည်။ ဝါ ပဋိသန္ဓေဝိပါက် ဝိညာဏ် သည် ဝိညာဏာဟာရ မည်၏။ ဤ၌ ကဗ္ဗဍီ ကာရာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်ဖြစ်သော ဩဇာဋ္ဌမကရုပ်ကို ဆောင်၏။ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်၏။ မနောသဉ္စေ တနာဟာရသည် ဘဝသုံးပါးနှင့် ပဋိသန္ဓေဝိညာဏ်ကိုဆောင်၏။ ဝိညာ ဏာဟာရသည် သဟဇာတ်ဖြစ်သော နာမ်-ရုပ်ကို ဆောင်၏။

၄၀။ သောမင်္ဂအနဉ္ဇိ၊ ဆုံးဖိုလ်ပညာ၊ အညတာ၊ လယ်ညာခြောက်ရပ်အညိုနှမတ်။

၄၁။ ဇိုဝိတ်ခန္ဓာ၊ ရုပ်, နာမ်, ပေ၊ နှစ်ထွေရှိ၏မှတ်။

၄၂။ ပဥ္စဝိဉ်ဣန္ဒြာနှင်၊ အဝိတ္ထင်ဗိုလ်၊ အဟိတ်ဆိုး၊ မင်္ဂကို မရမှတ်။

၄၀။ ဤနေ့(၂၂)ပါးတို့တွင် အနဉ္ဉာတညသာမိတိန္ဒြေ, အညိန္ဒြေ, အညတာဝိန္ဒြေ သုံးပါးတို့၏ တရားကိုယ်ကား ပညာစေတသိက်ပင်တည်း။ ထိုတွင် ''သောမင်္ဂ-အနညာ''ဖြင့် သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်ကို အနဉ္ဉာတညသာမိတိန္ဒြေဟူ၍ ''ဆုံးဖိုလ်ပညာ အညတာ''ဖြင့် အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်ကို အညတာဝိန္ဒြေ၊ ''လယ်ညာခြောက်ရပ် အညိန်မှတ်''ဖြင့် သောတာပတ္တိဖိုလ်မှစ၍ အရဟတ္တမဂ်တိုင်အောင် စိတ်ခြောက်ပါး၌ရှိသော ပညာစေတသိက်ကို အညိန္ဒြေ ယူရမည်ဟုမှတ်။

၄၁။ ဇိုဝိတိန္ဒြေ၏ဘာရားကိုယ်ကား ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ရုပ်ဇီဝိတိန္ဒြေ၏အရကား ဇီဝိတရုပ်တည်း။ နာမ်ဇီဝိတိန္ဒြေ၏အရကား ဇီဝိတိန္ဒြေစေတသိက်တည်း။

၄၂။ ဤဒိဿကသင်္ခါရ ပြဆိုခဲ့ပြီးဖြစ်ကုန်သော ဈာန်, မဂ်, ဖိုလ်, စသောတရားတို့ဉ် တရားကိုယ်အဖြစ်ဖြင့် ပါဝင်ကြသော ''ဧကင်္ဂတာနှင့် ဝေဒနာ''တို့သည် ဒွေးပဋ္ဌဝိညာဏ်ဘဆယ်တို့နှင့် ယှဉ်ကြသော်လည်း ''ဈာနံနာမ ဝိတက္ကပစ္စိမကံ''ဟူသည်နှင့်အညီ ဈာန်ကိစ္စတပ်ရာ၌ အာရုံသို့တင်ပေးတတ်သော ဝိတက်လျှင် နောက်ဆုံးပဓာနဖြစ်ရကား ထိုစိတ်ဆယ်ပါး၌ စိတ်မယှဉ်သောကြောင့် အဘိနိဝေသပနလက္ခဏာမရှိ။ ထိုလက္ခဏာမရှိသောကြောင့် အာရုံကိုစွဲးစွဲးစိုက်စိုက် မရှုနိုင်၊ မရှုနိုင်သောကြောင့်လည်း ဈာန်ကိစ္စမတပ်ကုန်။

၄၃။ ဝိစိ-ဇကော်၊ ဇိုလ်, ဇွန်, မဂ်၊ ဖြစ်ချက်မရမှတ်၊
၄၄။ ဒွိဟိတ်, တိဟိတ်၊ ဓောစိတ်၌သာ၊ ဆင့်လျော်စွာ၊
ဇကောဒ္ဓဝိတပ်၊
၄၅။ တရားကိုယ်ပြု၊ဟိတ်-ဆ, ဈာန်-၁၌၊ မဂ္ဂင်-နဝ၊ ဇွန်-
သောဠ့၊ဗလကိုးရပ် ဓိ, ဟာ-စတ်၊

ကေဂ္ဂတာစေတသိက်သည် အဝိရိယစိတ်တဆစ့်ခြောက်ပါးတို့၌လည်း ယှဉ်၏။ ယှဉ်သော်လည်း ထိုစိတ်တဆစ့်ခြောက်ပါးတို့၌ ပဓာနဖြစ်၍ ထက်မြက်သော ဝီရိယမယှဉ်သောကြောင့် ဇိုလ်ကိစ္စမတတ်နိုင်။ အဟိတ်စိတ် (၁၈) ပါးတို့၌လည်း ဝိတက်, ဝိရိယ, ကေဂ္ဂတာတို့သည် ယှဉ်ကြသော်လည်း ထိုစိတ်တို့၌ သမ္မယုတ်ဟိတ်ကင်းသောကြောင့် မဂ္ဂင်ကိစ္စ မတတ်နိုင်ကြသတည်း။

၄၃။ ဝိစိကိစ္ဆာသဟဂတ်စိတ်နှင့် ယှဉ်သော ကေဂ္ဂတာစေတသိက်သည် ဆုံးဖြတ်ခြင်းလက္ခဏာရှိသော အဓိမောက္ခစေတသိက်နှင့် မယှဉ်ရသောကြောင့် စိတ်တည်တန့်ရုံမျှ ဖြစ်ရကား သမာဓိဇိုလ်, သမာဓိခြေ, ဒိန္ဒြိယသမာဓိမဂ္ဂင် ဟူသောအမည်တို့ကို မရအပ်။

၄၄။ ဒွိဟိတ်ဇော-၁၈, တိဟိတ်ဇော-၃၄ = ပေါင်း (၅၂) ပါးသော ဇောစိတ်တို့၌သာလျှင် အဓိပတိကိစ္စတပ်နိုင်၏။ ထိုတွင် ဒွိဟိတ်ဇော (၁၈)တို့၌ "ဆန္ဒ, ဝီရိယ, စိတ်" ဟူသော အဓိပတိတရားကိုယ်သုံးပါးတွင် တပါးပါးသည်ဌင်း, တိဟိတ်ဇော (၃၄)တို့၌ အဓိပတိတရားကိုယ်လေးပါးတွင် တပါးပါးသည်ဌင်း အဓိပတိကိစ္စတပ်၏။ အဓိပတိတရား လေးပါးရှိသော်လည်း တပါးပါးသာလျှင် အဓိပတိတပ်နိုင်၏။ နှစ်ပါး, သုံးပါး, လေးပါး တပြိုင်နှက် အဓိပတိကိစ္စ မတပ်နိုင်ဟုမှတ်။

၄၅။ ဤမိဿကသင်္ဂဟ၌ "ဟိတ်-ဆ, ဈာန်ပဉ္စ" ၏အရကား ဟိတ်တရားကိုယ် (၆) ပါး, ဈာန်တရားကိုယ် (၅) ပါးတည်း။ "မဂ္ဂင်-နဝ"

၄၆။ ဆကျစသည်၊ရောပြွမ်းတည်ကြ၊ဒိဿက၊သင်္ဘာ-ဝေဘန်အပ်။

၄၇။ ပညာ- ပဥ္စ၊ဒီရိယ, ဓိ၊ လေးစိညို၊စိတ်, သတိမှတ်-သုံးယူအပ်။

၏ အရကား မဂ္ဂင်တရားကိုယ် (၉)ပါးတည်း။ ''ဈာန်-သောဠ'' ၏ အရကား ဈာန်ဖြေတရားကိုယ် (၁၆) ပါးတည်း။ ''ဗလကိုးရပ် ဓိ,ဟာ,စတ်'' ၏ အရကား ဗိုလ်တရားကိုယ် (၉) ပါး, အဓိပတိတရားကိုယ် လေးပါး, အာဟာရတရားကိုယ် လေးပါးတည်း၊

၄၆။ အကုသိုလ်-စသည်တို့နှင့် ရောပြွမ်းပြဆိုအပ်သော ဒိဿက သင်္ဘာဟူ ''ဟိတ်, ဈာန်, မဂ္ဂင်, ဈာန်ဖြေ, ဗိုလ်, အာဟာရ, အဓိပတိဟူ၍ ခုနစ်ဌာန်-ခုနစ်နေရာတို့ဖြင့် ဝေဘန် မှတ်သားအပ်၏။

၄၇။ ထိုတွင် '' ပညာ-ပဥ္စ၊ဒီရိယ,ဓိ ၊လ စိညို'' ၏ အရ-ပညာစေတသိက် ပါဝင်နိုင်သောဌာနကား အဓမာဟဟိတ်, သမ္မာဒိဋ္ဌိမဂ္ဂင်, ပညိန္ဒြေ,ပညာဗိုလ်, ဝီမံသာဓိပတိအားဖြင့် ငါးပါးတည်း။ ဝီရိယစေတသိက် ပါဝင်နိုင်သောဌာနကား သမ္မာဝါယာမမဂ္ဂင်,ဝီရိယိန္ဒြေ, ဝီရိယဗိုလ်,ဝီရိယာဓိပတိအားဖြင့်လေးပါး၊ ကေဂ္ဂတာစေတသိက် ပါဝင်နိုင်သောဌာနကား ကေဂ္ဂတာဈာန်, သမ္မာသမာဓိမဂ္ဂင်, သမ္မာဓိန္ဒြေ, သမာဓိဗိုလ် အားဖြင့် လေးပါးတည်း။ '' စိတ်, သတိမှတ်၊ သုံးယူအပ်'' ၏အရ-စိတ်ပါဝင်နိုင်သောဌာနကား မနိန္ဒြေ, ဝိညာဏာဟာရ, စိတ္တာဓိပတိအားဖြင့် သုံးဌာန။ သတိ၌စေတသိက် ပါဝင်နိုင်၌သော ဌာနကား သမ္မာသတိမဂ္ဂင်,သတိန္ဒြေ,သတ်ဗိုလ်အားဖြင့် သုံးဌာနတည်း။

၄၈။ သင်, ဝေ, သဒ္ဒါ၊နှစ်စီဖြာ၊ သေသာဝိအင်္ဂ် တစ်စိမျှတ်။

၄၉။ ကာယ,ဝေဒနာ၊ စိတ်,ဓမ္မာဂုဏ်၊ ဘန်ဘန်ရှု၊ လေးခု-တိပဋ္ဌာန်။

၄၈။ ထိုမှတပါး "သင်,ဝေ,သဒ္ဒါ၊နှစ်စီဖြာ"၏အရ ဝိတက်ဇစေတသိက် ပါဝင်နိုင်သောဌာနကား ဝိတက်ချာနင်, သမ္မာသင်္ကပ္ပမဂ္ဂင်အား ဖြင့် နှစ်ပါးတည်း။ ဝေဒနာစေတသိက်ပါဝင်နိုင်သောဌာနကား ဝေဒနာ ချာနင်,ဝေဒနိန္ဒြေအားဖြင့် နှစ်ပါးတည်း၊ သဒ္ဒါစေတသိက်ပါဝင်နိုင်သော ဌာနကား သဒ္ဓိန္ဒြေ,သဒ္ဓါဗိုလ်အားဖြင့် နှစ်ပါတည်း။ "သေသာဝိအင်္ဂ-တစ်စိမျှတ်"၏အရ "ပညာ, ဝီရိယ, ကေဂ္ဂတာ, စိတ်, သတိ, ဝိတက်,ဝေဒနာ, သဒ္ဓါတို့မှ ကြွင်းကျန်ကုန်သောတရားအပေါင်းတို့ကား တဋ္ဌာန်-တနေရာစိတ်၌သာလျှင် အသီးအသီး ပါဝင်နိုင်ကြသတည်း။

မိဿက သင်္ဂဟ ပြဆိုခဏ်းပြီး၏။

၄၉။ **ဗောဓိပက္ခိယသင်္ဂဟ** ဥ် ဆိုင်ရာကမ္မဋ္ဌာန်းအာရုံကို လွန်လွန်ကဲကဲ စွဲမြဲသက်ဝင်၍ ဇာဘန်ဘန် ရှုဆင်ခြင်တတ်သော သတိစေတသိက်ကို **သတိပဋ္ဌာန်** ဟု ခေါ်ရ၏။ သတိပဋ္ဌာန်တို့သည်-

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် ၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဟူ၍(၄)ပါး ရှိကုန်၏။ ထိုတွင် ရူပကာယခန္ဓာကိုယ်၌ အသုဘ, အနိစ္စစသော အခြင်းအရာအားဖြင့် အဘန်ဘန် ရှုဆင်ခြင်သော သတိသည် "ကာယာနုပဿနာသတိပဋ္ဌာန်"မည်၏။ ဝေဒနာသုံးပါးတို့ကို အနိစ္စ, ဒုက္ခ-စသော အခြင်းအရာအားဖြင့် အဘန်ဘန်ရှုဆင်ခြင်သော သတိသည်

၅၀။ ဖြစ်ပြီး အာကာ၊ ဗျက် ပယ် မှု၊ သစ် စု မ ဖြစ် ရန်။
၅၁။ မဖြစ်သေးကာ၊ ဖြစ်ရန်ပြုအပ်၊ ဖြစ်ပြီးထပ်၊ ပွား လတ် ဖေးပခဝန်။
၅၂။ သွေးသားခန်းစေ၊ ရိုးကြောရေစု၊ ကြွင်းစေဟု၊ တင်းမှု ဝါဃာမံ။

"ဝေဒနာနုပဿနာသတိပဋ္ဌာန်" မည်၏။ သရာဂစိတ်, ဒိတရာဂစိတ်-အစ ရှိသော တဆယ့်ခြောက်ပါးသော စိတ်ကို အာရုံပြု၍ အနိစ္စ စသော အခြင်းအရာအားဖြင့် အဘန်ဘန် ရှုဆင်ခြင်သော သတိသည် "စိတ္တာနုပဿနာ သတိပဋ္ဌာန်" မည်၏။ သညာ၈ွန်၊ သင်္ခါရက္ခန်ာတို့ကိုအနတ္တ စသော အခြင်းအရာအားဖြင့် အဘန်ဘန်ရှုဆင်ခြင်သော သတိသည် "ဓမ္မာနုပဿနာသတိပဋ္ဌာန်" မည်၏။ (ဤ၌ ကာယဖြင့် ရူပက္ခန်ာကို ဝေဒနာဖြင့် ဝေဒနာက္ခန်ာကို စိတ္တာဖြင့် ဝိညာဏက္ခန်ာကို ယူပြီးဖြစ်၍ ဓမ္မာနုပဿနာ၌ ဓမ္မ၏အရ သညာက္ခန်ာ, သင်္ခါရက္ခန်ာ နှစ်ပါးကို ယူလေ။)

၅၀။၅၁။၅၂။ အသွေး-အသား, အရိုး, အကြော, အရေတို့သည် ညှိုးနွမ်းသွေ့ခြောက် ကုန်ခန်းခြင်းသို့ ရောက်ပါစေ မဖြစ်လျင်မနေ ဟူသော ဇွဲလုလ်ဖြင့် ကောင်းစွာအားထုတ်ကြောင်း- ပြီးစေကြောင်း ဖြစ်သော ဝိရိယမျိုးကို "သမ္မပ္ပဓာန်" ဟု ခေါ်၏။ သမ္မပ္ပဓာန်တရား တို့သည်-

၁။ ဖြစ်ပြီးအကုသိုလ်ကို မဖြစ်အောင် အားထုတ်ခြင်း။
၂။ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင်အားထုတ်ခြင်း။
၃။ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်း။
၄။ ဖြစ်ပြီးကုသိုလ်ကို ထင်မံပွားများ အားထုတ်ခြင်း။

ဟူ၍ (၄)ပါးရှိကုန်၏။ တရားကိုယ်ကား ကုသိုလ်စိတ်(၂၁)ပါး၌ ရှိသော ဝိရိယစေတသိက်ပင်တည်း။

၅၃။ ဆန္ဒ, ဝိရ၊ စိတ်, မံ, သတညွှ်၊ စတုဇ္ဇို၊ ဇာတိအာဇေြခံ။
၅၄။ သဒ္ဓါ, ဝိရိ၊ သတိ, ဓိ, ပဉ်၊ ဇာန်-ဇိုလ်တွင်၊ ငါးအင်္ဂစ်ဘွဲ့ခံ။

၅၃။ ပြီးစီးထင်မြင်သော ဈာန်, မဂ်, ဖိုလ် အဂျိုးတရားတို့၏ အခြေခံအကြောင်းတရားကို "ဇာန်ပါဒ်" ဟု ခေါ်၏။ ဇာန်ပါဒ်တို့သည်-

၁။ ဆန္ဒိဇ္ဈာနပါဒ်
၂။ စိတ္တိဇ္ဈာနပါဒ်
၃။ ဝိရိယိဇ္ဈာနပါဒ်
၄။ ဝိမံသိဇ္ဈာနပါဒ်

ဟူ၍(၄)ပါးရှိကုန်၏။ တရားကိုယ်တို့ကား ဈာန်,မဂ်,ဖိုလ်ကို ရအောင် အားထုတ်ရာ၌ ပရိက်ံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဝေါဒါန် ကိစ္စတပ်သော ကာမကုသိုလ်၊ အဇထက်ဈာန်ကို အားထုတ်ရာ၌ အခြေခံဖြစ်သော မဟဂ္ဂုတ်ကုသိုလ်၊ အထက် မဂ်,ဖိုလ်တို့၏ အခြေခံဖြစ်သော မဂ်ကုသိုလ်တို့နှင့် ယှဉ်ကြသော ဆန္ဒ, ဝိရိယ, ပညာ-စေတသိက်(၃)ပါးတို့နှင့် ကုသိုလ်စိတ်(၂၁)ပါးတို့ပင်တည်း။

၅၄။ မဂ်ဉာဏ်လေးပါးတို့၏ အဘို့အစု အသင်းအပင်းဖြစ်ကုန်သော **ဗောဓိပက္ခိယတရား**တို့၌ ဇာန်ဖြေတရား, ဖိုလ်တရားတို့သည်—

၁။ သဒ္ဓိန္ဒြေ,သဒ္ဓါဖိုလ်
၂။ ဝိရိယိန္ဒြေ,ဝိရိယဖိုလ်
၃။ သတိန္ဒြေ,သတိဖိုလ်
၄။ သမာဓိန္ဒြေ,သမာဓိဖိုလ်
၅။ ပညိန္ဒြေ,ပညာဖိုလ်

ဟူ၍ ငါးပါးစီရှိကုန်၏။

တရားကိုယ်တို့ကား မဟာကုသိုလ်ဇော-၈,မဟာကြိယာဇော-၈,အပ္ပနာဇော-၂၆-ပါးတို့နှင့်ယှဉ်ကြကုန်သော "သဒ္ဓါ,ဝိရိယ,သတိ,ကေဋ္ဌတာ,ပညာ" စေတသိက်ငါးပါးတို့သာတည်း။ ထိုစေတသိက် ငါးပါးတို့သာလျှင် ဇာန်ဖြေဟူသောအမည်နှင့် ဖိုလ်ဟူသော အမည်ဖြင့် နှစ်မည်ရှိနှစ်ဘွဲ့ခံတို့ ဖြစ်ကြ၏။

၅၅၊ သတိ, ဝမ္မ၊ ဝိရ, ဒိတ္တိ၊ ပဿဒ္ဓိဟာ၊သမ္မ, ဥ၊ သတ်စု-ပေါဏ်ံ၊

၅၆၊ အရော-ဆယ်.နှစ်၊ ဒိဏ္ဍာပစ်၊ ကြွင်းရစ်-မက်ရှစ်တန်၊

၅၅။ သစ္စံလေးပါးကိုသိကြောင်း တရားအပေါင်း၏ အစိပ်အစိပ်ကို "ပေါဏ်=ပေါဏ်" ဟု ခေါ်၏။ ပေါဏ်တရားတို့သည်-

၁။ သတိသမ္ဗောဇ္ဈင် ၄။ ဒိတ္တိသမ္ဗောဇ္ဈင်
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်
၃။ ဝီရိယသမ္ဗောဇ္ဈင် ၆။ သမာဓိသမ္ဗောဇ္ဈင်
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်

ဟူ၍(၇)ပါး ရှိကုန်၏။ ထိုဝွင် သတိသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား သတိစေတသိက်တည်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား ပညာစေတသိက်, ဝီရိယသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား ဝီရိယစေတသိက်, ပီတိသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား ပီတိစေတသိက်, ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိစေတသိက်, သမာဓိသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား ကေဋ္ဌတာ စေတသိက်, ဥပေက္ခာသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား တတြမဇ္ဈတ္တတာ စေတသိက်တည်း။ ဤသမ္ဗောဇ္ဈင်တရားကိုယ်တို့သည် မဟာကုသိုလ် ၈, မဟာကြိယာ-၈, အပွန်နာဒေသ ၂၆-တို့နှင့် ယှဉ်ကြသောအခါတို့၌သာ သမ္ဗောဇ္ဈင်ထိုက်ကုန်၏။ ကြွင်းသောစိတ်တို့နှင့် ယှဉ်ကြသောအခါ သမ္ဗောဇ္ဈင်မထိုက်ကုန်။

၅၆။ အောက်မိသကဲ့သို့ ရောနှောပြအပ်သော မဂ္ဂင် (၁၂)ပါးဖြင့် "မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ",

၅၇။ သတိ-ဇကံ၊ လေးပဉ္စာန်လှစ်၊ ဝါယာ-တစ်၊ လေး ဖြစ်-ပဓာနံ။

၅၈။ ဆန်, စိတ်,တတ်, သဒ္ဓါ, ဒိ, ဒ္ဝိဒ္ဒ်-ကပ်၊ ဝါ, ပဿိ, တ္ထိ-သုံးတန်။

၅၉။ သတိ,သမ္မာ၊ဏ္ဍသာ၊ဘာဒါ-ဆတ္တိံသံ။

လေးပါးကြဉ် ကြွင်းသောမဂ္ဂင်(၈)ပါးတို့သည် သမ္မာမဂ္ဂင်တို့ မည်ကုန်၏။

၅၇။ "သတိကော်၊ လေးပဉ္စာန်လှစ်" ၏အရ-ဤဗာဓဝိပက္ခိယသင်္ဂဟ၌ သတိစေတသိက်တပါးထည်းကိုပင် "သတိပဉ္စာန်လေးပါး" အဖြစ်ဖြင့်ဂဉး, "ဝါယာတစ်၊ လေးဖြစ်ပဓာနံ"၏အရ-ဝီရိယစေတသိက်တပါးထည်းကိုပင် "သမ္မပ္ပဓာန်လေးပါး" အဖြစ်ဖြင့်ဂဉး ကောက်ယူရမည်။ အကြောင်းကား ကိစ္စအားဖြင့် လေးပါးစီ ပြားကြသောကြောင့်တည်း။

၅၈။၅၉။ ထိုမှတပါး ဆန္ဒဝိပါဒ်၌ ဆန္ဒစေတသိက်, စိတ္တိဒ္ဓိပါဒ်၌ စိတ်တခုယုတ် ကိုးဆယ်, ဥပေက္ခာသမ္မောဇ္ဈင်၌ တတြမဇ္ဈတ္တတာစေတသိက်,သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်၌ သဒ္ဓါစေတသိက်,ဝီတိသမ္မောဇ္ဈင်၌ ဝီတိစေတသိက်, သမ္မာဒိဋ္ဌိမဂ္ဂင်၌ ပညာစေတသိက်, သမ္မာသင်္ကပ္ပမဂ္ဂင်၌ ဝိတက်စေတသိက်, သမ္မာဝါယာမမဂ္ဂင်၌ ဝီရိယစေတသိက်, ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ ပဿဒ္ဓိစေတသိက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်၌ ဝိရတိစေတသိက်, သမ္မာသတိမဂ္ဂင်၌သတိစေတသိက်, သမ္မာသမာဓိမဂ္ဂင်၌ ဧကဂ္ဂတာစေတသိက်-ဟူ၍တရားကိုယ်အားဖြင့် တဆယ့်လေးပါးရှိကုန်၏။ သတိပဉ္စာန်လေးပါး, သမ္မပ္ပဓာန်လေးပါး-စသောအမည်နာမ ကိစ္စအထူးအပြားအားဖြင့်ကား (၃၇)ပါးတို့တည်း။

၆၀။ သင်, ပသိ,တြဲတ်,ဒိ၊ ဆန်,စိတ်,တဗိမှတ်၊ဤကိုး ရပ်၊ထပ်လေ-ဇစ်ဌာန်။

၆၁။ ဝိ- နော, တိ- အာဋ္ဌ၊ လေးရပ်- သမ္မာ၊ငါးပညာ၊ သဒ္ဓါနှစ်ခုဌာန်။

၆၂။ လုံးစုံဓမ္မာ၊ လောကုတ်မှာဖြစ်၊သင်,ဒိန္ဒစ်၊မဖြစ်ချို့ ကုတ်ဌာန်။

၆၀။၆၁။ တရားကိုယ်အားဖြင့် (၁၄) ပါးရှိရာဝယ်" ဝိတက်-ပသဿဒ္ဓိ, တတြမဇ္ဈတ္တတာ, ပီတိ,ဆန္ဒ,စိတ်၊ဝိရတိစေတသိက်သုံးပါး, ပေါင်း(၉) ပါးတို့သည် တကိစ္စ-တဌာနဓိဋ္ဌသာ ပါဝင်ကုန်၏။ဝိရိယ၊ဧစေတသိက်သည် ကိုးကိစ္စ-ကိုးဌာနတို့ဋ္ဌ၊ သတိစေတသိက်သည် ရှစ်ကိစ္စ-ရှစ်ဌာနတို့ဋ္ဌ၊ ကေဋ္ဌတာစေတသိက်သည် လေးကိစ္စ- လေးဌာနတို့ဋ္ဌ၊ ပညာစေတသိက်သည် ငါးကိစ္စ- ငါးဌာနတို့ဋ္ဌ၊ သဒ္ဓါစေတသိက်သည် နှစ်ကိစ္စ-နှစ်ဌာနတို့ဋ္ဌအသီးအသီးပါဝင်ကုန်၏။ ကိုးကိစ္စ-ကိုးဌာနစသည် တို့ဋ္ဌ ပါဝင်ကြပုံကို ကြည့်ရှုလေ့လာနိုင်လောက်ပြီ။

၆၂။ **ဧဗာဓိပက္ခိယတရား**တို့သည် စိတ်တိုင်း စိတ်တိုင်းဋ္ဌပါဝင်နိုင်ကြသည်မဟုတ်၊ လောကုတ္တရာစိတ်တို့ဋ္ဌသာ အလုံးစုံ ပါဝင်နိုင်ကြ၏။ လောကုတ္တရာစိတ်ဋ္ဌလည်းပဌမဈာန်စိတ်ဋ္ဌသာ(၃၇)ပါးလုံးပါဝင်နိုင်၏။ ဒုတိယဈာန်, တတိယဈာန်ဋ္ဌ သမ္မာသက်ပွဟုဆိုအပ်သော ဝိတက်၊ စတုတ္ထဈာန်, ပဌမဈာန်တို့ဋ္ဌ ဒိတိ-ဤနှစ်ပါးတို့ မပါဝင်နိုင်ကြ။ ယင်းသို့ ဝိတက်နှင့်ဒိတိနှစ်ပါးသည် ပဌမဈာန်စိတ်ဋ္ဌသာ နှစ်ပါးလုံး ပါဝင်နိုင်၍ ဒုတိယဈာန်-စသည်ဋ္ဌ မပါဝင်နိုင်သည်ကို ပြဆိုလိုသဖြင့် "သင်ဒိန္ဒစ်၊မဖြစ်ချို့ကုတ်ဌာန်" ဟူ၍ ရေးစပ်ခဲ့တော်မူအပ်၏။

၆၃။ လော်ကိဓိတ္တာ၊ခြောက်ဝသုဒ္ဓိ၊ ဖြစ်သည်ရှိ၊ ရဟိထိုက်လျော်တန်။

၆၄၊ ရုပ်,ဝေ,သညာ သင်္ခါရာ,ဝိညာဉ-ငါးပါးခန်။

၆၃။ မဟာကုသိလ, မဟာကြိုယာ, မဟဂ္ဂုတ်ကုသိလ, မဟဂ္ဂုတ်ကြိုယာဟုဆိုဒးသ်သော လောကီစိတ်တို့၌ကား သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတည်းဟူသော ဝိသုဒ္ဓိခြောက်ပါးတို့ ဖြစ်ကြသောအခါ၌သာလျှင် ထိုက်သင့်သလို ဖြစ်ကုန်၏။ လောကီဝိပါက်စိတ်တို့ကား ပဋိသန္ဓေ,ဘဝင်,စုတိ-စသော ကိစ္စမျှလောက်သာ ဖြစ်ကြ၍ ဝိသုဒ္ဓိခြောက်ပါးတို့ အလျဉ်းမဖြစ်နိုင်ကြသောကြောင့် ထိုစိတ်များ၌ ဗောဓိပက္ခိယတရားတို့ကို အချင်းခပ်သိမ်း မရအပ်ကုန်သတည်း။

ဗောဓိပက္ခိယသင်္ဂဟ ပြီဆိုခဏ်း ပြီး၏။

၆၄။ "ရာသဒ္ဒေန ခန္ဓာ" ဟူသည်နှင့်အညီ အဓေါင်းအစုဟူသော အနက်သဘောသည် ခန္ဓံဝမည်၏။ ထိုခန္ဓာသည် "ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအားဖြင့် ငါးပါးအပြားရှိ၏။ ။ဤဥစ္စရုပ်-၂၀ ပါးအဓေါင်း, ဓေတသိက် - ၅၂ ပါးအဓေါင်း,စိတ်-၈၉ပါးအဓေါင်းတို့ ပေါင်းမိ-စုမိခြင်းကို ခန္ဓာ ခေါ်ရသည်မဟုတ်၊ ရုပ်တပါးဖြစ်စေ, စေတသိက်တပါးဖြစ်စေ, စိတ်တပါးဖြစ်စေ ပစ္စုပ္ပန်, အတိတ်, အနာဂတ်-ဟူသော ကာလသုံးပါးအား လျှင်စွာ ဉာဏ်ဖြင့် ပေါင်းမိ-စုမိခြင်းကိုသာ ခန္ဓာ ခေါ်ရ၏။ ဥပမာ-ပထဝီခဲတံတပါးထည်းက ပစ္စုပ္ပန်ပထဝီ-စသော ကာလအားဖြင့် သုံးပါးရှိ၏။ ထို

၆၅။ လောကီခန္ဓာ၊ သက်သက်မှာ၊ ဥပါဒါနက်ခန်။
၆၆။ အိုး, ခွက်,ထမင်း၊ ဟင်းလျာ,ချက်သူ၊စားသုံးသူ၊
စဉ်ယူ ဥပမံ။

ပထဝီသုံးပါး ပေါင်းမိ-စုမိခြင်းကိုပင်လျှင် ပထဝီဓာတ် တခုထည်းဖြစ်လျက် "ရူပက္ခန္ဓာ" ဟု ခေါ်ရ၏။ ဝေဒနာက္ခန္ဓာ စသည် တို့ဉ်လည်း ဤအတူ မှတ်လေ။

၆၅။ ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်သော လောကီခန္ဓာ သက်သက်ကိုသာလျှင် "ဥပါဒါနက္ခန္ဓာ" ဟု ခေါ်၏။ ဥပါဒါနက္ခန္ဓာ တို့သည် "ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ" အားဖြင့် ငါးပါးရှိကုန်၏။ ။ အောက်၌ ခန္ဓာငါးပါးနှင့် ဤ၌ ဥပါဒါနက္ခန္ဓာ နှစ်ပါး အထူးကား ဤသို့တည်း။ခန္ဓာ အမည်ဖြင့် ရသင့်သမျှ သာသဝ,အနာသဝ ဖြစ်ကုန်သော လောကီ,လောကုတ္တရာတရား အလုံးစုံတို့ကို သိမ်းခြုံး၍ ဟောတော်မူခြင်းသည် "ခန္ဓဒေသနာ" မည်၏။ ဝိပဿနာ၏ အာရုံကို သိမ်းဆည်းရှုဆင်ခြင်ရန်အတွက်၊လောကီခန္ဓာ သက်သက်ကိုသာ ဟောတော်မူခြင်းသည် "ဥပါဒါနက္ခန္ဓဒေသနာ" မည်၏။

၆၆။ ရူပက္ခန္ဓာသည် ထမင်း,ဟင်း ထည်ရန် အိုး,ခွက် နှင့် တူ၏။ ဝေဒနာက္ခန္ဓာသည်ထမင်းနှင့်တူ၏။သညာက္ခန္ဓာသည်ဟင်းလျာနှင့်တူ၏။ သင်္ခါရက္ခန္ဓာသည် စိမ်ချက်ပြုတ်သူနှင့်တူ၏။ဝိညာဏက္ခန္ဓာသည် စားသုံးသူနှင့်တူ၏။တူပုံ-အိုးခွက်သည် ထမင်း,ဟင်းလျာ၏ တည်ရာဖြစ်သကဲ့သို့ ထို့အတူ ရုပ်တရား အပေါင်းသည် ၎င်းတို့၌ သာယာ ခံစားတတ်သော ဝေဒနာဖြစ်ခြင်း၏ တည်ရာ ဖြစ်သောကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောကြားတော်မူအပ်၏။ ထမင်း,ဟင်းလျာ သည် အိုး-ခွက် ၌ ထည့်သောအခါ ငြိကပ်၍တည်သကဲ့သို့၊ ထို့အတူ ဝေဒနာသည် ရုပ်တရား

၆၇။ စက်,သော,ဃာ,ဌါ၊ ကာ,မနာမှတ်၊ ရွှ,သဒ္ဒ,ဂန်, ရုဟောင်္ဂ,ဓမ္မ၊ ဒွါဒသ်-အာယတနံ။

၆၈။ စိတ်,စေတမ္မာ၊ ဖြစ်ရာဖြစ်ကြောင်း၊အပေါင်းဒုက္ခ၊ ခဲ့ဖျဲထွင်ကြ၊ နာမအာယတနံ။

အပေါင်း၌ ငြိကပ်သာယာ ခံစား၍ တည်သောကြောင့် ရူပက္ခန္ဓာ၏ နောက်၌ ဝေဒနာက္ခန္ဓာကို ဟောကြားတော်မူအပ်၏။ငါး,ဒေမဲ-စသော ဟင်းလျာမျိုးသည် ထမင်းစားရာ၌ မြိန်ရှက်စေရန် အထောက် အပံ့ ဖြစ်သကဲ့သို့၊ထို့အတူ သညာသည် ရုပ်၌သာယာ ခံစားတတ်သော ဝေဒနာ၏ သာယာခံစားရာ၌ အရသာပေါ်အောင် ကူညီထောက်ပံ့တတ်သော အခြံအရံ ဒေဖေါ်သဟဲဖြစ်သောကြောင့် ဝေဒနာက္ခန္ဓာ၏နောက်၌ သညာက္ခန္ဓာကို ဟောကြားတော်မူအပ်၏။ ဟင်းလျာ စိမ်ံ ချက်ပြုတ် သူသည် အဆင်ပြေ,အစပ်တည့်အောင် ချက်ပြုတ်သကဲ့သို့၊ထို့အတူ သင်္ခါရသည်လည်း သညာနှင့် တော်အောင်-လျော်အောင် စိမ်ံပြုပြင် ပေးတတ်သောကြောင့် သညာက္ခန္ဓာ၏ နောက်၌ သင်္ခါရက္ခန္ဓာကို ဟောကြားတော်မူအပ်၏၊ ထမင်း, ဟင်းလျာတို့ကို သုံးဆောင်-စားသောက်သူသည် အိုး,ခွက်,ထမင်း,ဟင်းလျာ စသို့၏ ကြီးကဲသော မှီရာပုဒ္ဓဂ်မ ဖြစ်သကဲ့သို့၊ ထို့အတူ ဝိညာဏ်သည်လည်း ရူပက္ခန္ဓာ-စသည်တို့၏ အကြီးအကဲ မှီရာပုဒ္ဓဂ်မ ဖြစ်သောကြောင့် သင်္ခါရက္ခန္ဓာ၏ နောက်၌ ဝိညာဏက္ခန္ဓာကို ဟောကြားတော်မူအပ်၏။ဤသို့ ခန္ဓာငါးပါးတို့၏ ဒေသနာကြမအစဉ်တို့ကို ဉပမာဟပ်၍ မှတ်လေ။

၆၇။၆၈။ ထိုထို ဒွါရ,အာရုံအားလျော်စွာ စိတ်,စေတသိက် တို့၏ ဖြစ်ရာ-ဖြစ်ကြောင်း တရားအပေါင်းကိုဎင်း, စိတ်,စေတသိက် တို့ကို သံသရာ ဝဋ်ဆင်းရဲ၌ တဖြစ်ထဲဖြစ်နေအောင် ဆွဲဆောင်-ခဲ့ထွင်တတ်သော တရားအပေါင်းကိုဎင်း "အာယတန"ဟု ခေါ်ရ၏။ အာယတနတရား တို့ကား-

၆၉။ မနု-ဇကံ၊ ဝိညာဏ်ခွန်လှစ်၊ ဌာဂရဖြစ်၊မည်လစ်-ဓာတ်ခေါ်ပြန်။

၇၀။ မည်သူမည်ဝါ၊ လိုရာမလိုက်၊ကိုယ်တိုက် ကိုယ်သာ၊ ဦးတည်ရာလျှင်၊ ဆောင့်နှင်၊ ဖြစ်အောင်-ဓာတူနံ။

၇၁။ အန္ဓဗာထဝ၊ သဘာဝါကြောင့်၊ သူငါကစ၊စွဲယူကြသည့်၊ သတ္တ- ဇီဝါ၊ အတ္တာမဟုတ်၊ တနည်းထုတ်၊သမုတ်-ဓာတူနံ။

၁။ စက္ခာယတန ၇။ ရူပါယတန
၂။ သောတာယတန ၈။ သဒ္ဒါယတန
၃။ ဃာနာယတန ၉။ ဂန္ဓာယတန
၄။ ဇိဝှါယတန ၁၀။ ရသာယတန
၅။ ကာယာယတန ၁၁။ ဖောဋ္ဌဗ္ဗာယတန
၆။ မနာယတန ၁၂။ ဓမ္မာယတန
အားဖြင့် တဆယ့်နှစ်ပါး ရှိကုန်၏။

၆၉။၇၀။၇၁။ မည်သူ၏ အလိုဆန္ဒကိုမျှ မလိုက် ဓမ္မနိယာမအား လျော်စွာ သူ့သဘာဝ-သူ့သဘောကို အမြဲဆောင်တတ်သော တရား ကို "ဓာတ်" ဟု ခေါ်၏။ တနည်းလည်း-မိုက်မဲ တွေဝေကြကုန်သော သူတို့က သတ္တဟူ၍ဖြင်း, ဇီဝဟူ၍ဖြင်း အတ္တဟူ၍ဖြင်း, အမှားမှား အလွဲလွဲ စွဲယူ မှတ်ထင်နေကြသကဲ့သို့မဟုတ်၊စင်စစ်မူ၍ သူ့အလိုက် သူ့သဘာဝကို အမြဲဆောင်ရွက် ဖြစ်-ပျက်နေသော နိဿတ္တ,နိဇ္ဇီဝ,အနတ္တတရား ကိုပင်လျှင် "ဓာတ်" ဟု ခေါ်၏။ ထိုဓာတ်တို့သည် အာယတန(၁၂) ပါးက မနာယတနတပါးကို စက္ခုဝိညာဏဓာတ် အစရှိသဖြင့် ခုနစ်ပါး ပွားမျ-

၇၂။ ဒုက်, သမုဒယ၊ နိရောဓ၊ မဂ္ဂ- လေးသစ္စံ၊

၁။ စက္ခုဓောတ် ၁၀။ ဖောဋ္ဌဗ္ဗဓောတ်
၂။ သောတဓောတ် ၁၁။ စက္ခုဝိညာဏဓောတ်
၃။ ဃာနဓောတ် ၁၂။ သောတဝိညာဏဓာတ်
၄။ ဇိဝှါဓောတ် ၁၃။ ဃာနဝိညာဏဓောတ်
၅။ ကာယဓောတ် ၁၄။ ဇိဝှါဝိညာဏဓောတ်
၆။ ရူပဓာတ် ၁၅။ ကာယဝိညာဏဓောတ်
၇။ သဒ္ဒဓောတ် ၁၆။ မနောဓောတ်
၈။ ဂန္ဓဓောတ် ၁၇။ မနောဝိညာဏဓောတ်
၉။ ရသဓာတ် ၁၈။ ဓမ္မဓာတ်

အားဖြင့် (၁၈) ပါး ရှိကုန်၏။ ထိုတွင် ဓာတ်ဆယ်ပါးကား ရုပ်ဓာတ်, အလယ်ခဲတ် ခုနှစ်ပါးကား နာမ်ဓာတ်,အဆုံးဓာတ်တပါးကား ရုပ်-နာမ်နှစ်ပါးရောသော ဓိဿကဓာတ်တည်း။

၇၂။ အရိယာပုဂ္ဂိုလ်တို့သည်သာလျှင် မဖေါက်မပြန် မှန်ကန်စွာ ထိုးထွင်း သိမြင်အပ်သော သဘောတရားကို "အရိယသစ္စာ" ဟု ခေါ်ရ၏။ အရိယသစ္စာတရားဘို့သည်-

၁။ ဒုက္ခသစ္စာ ၃။ နိရောဓသစ္စာ
၂။ သမုဒယသစ္စာ ၄။ မဂ္ဂသစ္စာ

အားဖြင့် (၄)ပါး ရှိကုန်၏။ ထိုတွင် ဒုက္ခ-သမုဒယ နှစ်ပါးသည် ညစ်နွမ်းသော သံကိလိဋ္ဌသစ္စာတည်း။ နိရောဓ မဂ္ဂနှစ်ပါးသည် ဖြူစင်သော ဝေါဒါနသစ္စာတည်း။ တနည်း-ဒုက္ခနိရောဓနှစ်ပါးသည် အကျိုးဖြစ်သော ဖလသစ္စာ, သမုဒယ - မဂ္ဂနှစ်ပါးသည် အကြောင်းဖြစ်သော ဟေတုသစ္စာတည်း။ တနည်း-ဒုက္ခသစ္စာကား ပရိညေယျသစ္စာတည်း။သမုဒယသစ္စာကား ပဟာတဗ္ဗသစ္စာတည်း။ နိရောဓသစ္စာကား သစ္ဆိကာတဗ္ဗ

၇၃။ နှိပ်စက်, ပြုပြင်, ပူပင်, ဖေါက်ပြား, လေးနှက်သွား, မှတ်သား-ဒုက်သဒ္ဒံ။

၇၄။ ဒုက္ခမျိုးတွေ, ဖြစ်ခဲစေ, ဖြစ်ကြောင်း, ဝဋ်ပေါင်း ယှဉ်ချက်, ဖွဲ့တတ်တွက်, လေးနှက်-သသဒ္ဒံ။

သစ္စာတည်း။ မဂ္ဂသစ္စာကား ဘာဝေတဗ္ဗသစ္စာတည်း။ ဤသို့ သံကိလိဋ္ဌ-ဝေါဒါန, ဖလ, ဟေတု, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ-အစွမ်းဖြင့် ဟောတော်မူလျှင် စုံလင်ပြီးခဲ့မြောက်သော့ကြောင့် သစ္စာတရားကို လေးပါးသာလျှင် ဟောတော်မူအပ်၏။

၇၃။ သစ္စာလေးပါးတွင် တပါးတပါး၌ မခဘောက်မပြန် မှန်ကန်သော အနက် လေးချက်စီ, လေးချက်စီ ရှိသောကြောင့် (၄×၄ = ၁၆) သစ္စာ အနက် တဆယ့်ခြောက်ချက်ရှိ၏။ ထိုတွင် ဒုက္ခသစ္စာ၏ မခဘောက်မပြန် မှန်ကန်သော အနှံက်လေးချက်ကား-

၁။ ပီဠနဋ္ဌ-နှိပ်စက်ခြင်း
၂။ သင်္ခတဋ္ဌ-ပြုပြင်အပ်ခြင်း
၃။ သန္တာပဋ္ဌ-ပူပန်စေအပ်ခြင်း
၄။ ဝိပရိဏာမဋ္ဌ-ဘောက်ပြန်တတ်ခြင်းတည်း။

၇၄။ သမုယဒသစ္စာ၏ မဖေါက်မပြန် မှန်ကန်သော အနက်လေးချက်ကား-

၁။ အာယူဟနဋ္ဌ - ဒုက္ခအမျိုးမျိုးဖြစ်အောင် အားထုတ်ခြင်း
၂။ နိဒါနဋ္ဌ-ဒုက္ခအမျိုးမျိုးကို ဖြစ်စေကြောင်း
၃။ သံယောဂဋ္ဌ-ဝဋ်ဆင်းရဲ၌ ယှဉ်စေခြင်း
၄။ ပလိဗောဓဋ္ဌ-ဝဋ်ဆင်းရဲ၌ ဖွဲ့ယှက်ခြင်းတည်း

၇၅။ ဝဉ်မှထွက်မှု၊ မပြုပြင်အပ်၊ ဆိတ်ငြိမ်ရပ်ကွက်၊ မသေချက်၊ လေးနက်-နိဿစ္ဆံ။
၇၆။ နိဗ္ဗာန်ပို့နက်၊ ရောက်ကြောင်းနက်နှင့်၊ မြင်ချက်တရပ်၊ အုပ်စိုးတတ်၊ လေးရပ်-မဂ်သစ္စံ။
၇၇။ သုခ-ရွှေပေ၊ နိဗ္ဗာန်,စေတ၊ ဓမ္မာရှု၊ ဓာတု, အာယတနံ။

၇၅။ နိရောဓ်သစ္စာ၏ မဖေါက်မပြန် မှန်ကန်သော အနက်လေးချက်ကား-

၁။ နိဿရဏဋ္ဌ-ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်း
၂။ အသင်္ခတဋ္ဌ-ကံစသောအကြောင်းတို့ မပြုပြင်အပ်ခြင်း
၃။ ဝိဝေကဋ္ဌ-ကိလေသာတို့မှ ဆိတ်ခြင်း
၄။ အမတဋ္ဌ-မသေရခြင်းတည်း။

၇၆။ မဂ္ဂသစ္စာ၏ မဖေါက်မပြန် မှန်ကန်သောအနက်လေးချက်ကား-

၁။ နိယျာနဋ္ဌ-နိဗ္ဗာန်သို့ပို့ဆောင်ခြင်း
၂။ ဟေတုဋ္ဌ-နိဗ္ဗာန်သို့ရောက်ကြောင်း
၃။ ဒဿနဋ္ဌ-နိဗ္ဗာန်ကိုမြင်ခြင်း
၄။ အဓိပတေယျဋ္ဌ-အစိုးရခြင်းတည်း။

၇၇။ အောက်၌ပြခဲ့သော ဓမ္မာယတန,ဓမ္မဓာတ်၏ ဘရားကိုယ်ကား "သုခုရွှေပေ၊နိဗ္ဗာန်,စေတ" ဟူသည်နှင့်အညီ အာပေါ, ဇုတ္ထိန္ဒြေ,ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်,အာဟာရရုပ်,ပရိစ္ဆေဒ်ရုပ်,ကာယဝိညတ်, ဝစီဝိညတ်,ရူပဿလဟုတာ,ရူပဿမုဒုတာ,ရူပဿကမ္မညတာ,ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဟူဆိုအပ်သော သုခုမရုပ်-၁၆, စေတသိက်-၅၂,နိဗ္ဗာန်တည်း။

၇၈။ ရုပ်,ဝေဒ,သညာ၊ ကြွင်းစေ,ဝိညာဉ၊ ရောင်းဖြာမှု၊ ခန္ဓာဃယူ၊ တောဘူဒါနကွန်း။

၇၉။ ပြည့်ဖြိုးနိဗ္ဗာန်၊ အတိတ်-စ၊ ပြားမရ၊ ခန္ဓဝိမုတ်မှန်။

၈၀။ ဒွါ,ရုံပြားထ၊ အာ-ဒွါဒလှစ်၊ ထိုဒွိဖြစ်မှု၊ဝိဉ်ညွှင်းပြု၊ ဓာတု-ဆယ်.ရှစ်တန်။

၇၈။ ခန္ဓာငါးပါးဒွိလည်း ရုပ်-၂၈ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ,သညာမှ ကြွင်းသော စေတသိက်-၅၀ သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ်တခုယုတ်(၉၀)သည် ဝိညာဏက္ခန္ဓာမည်၏။ ဥပါဒါနက္ခန္ဓာတို့၏ တရားကိုယ်တို့ကိုကောက်ချာ၌ ဘဝဘုမ္မကလောကီစိတ်, စေတသိက်, ရုပ်တို့ကိုသင်္ဂြိုဟ်၍ ရူပုဒါနက္ခန္ဓာစသည် ဖွဲ့လေ။

၇၉။ အာယတန,ဓာတ်,သစ္စာတရားဘို့ကို ပြဆိုရာ၌ နိဗ္ဗာန် ပရမတ်ကို ထည့်သွင်းပြဆိုလျက် ခန္ဓာငါးပါးကို ပြဆိုရာ၌ကား မပါဝင်ခဲ့။ နိဗ္ဗာန်သည် ခန္ဓာငါးပါးမှ လွတ်၍နေ၏။ အခြားမူကား နိဗ္ဗာန်ပရမတ်သည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်, ဒုဇ္ဈတ္တ,ဗဟိဒ္ဓ,ဟိန,ပဏီတ, ဩဠာရိက,သုခုမ,ဒူရ,သန္တိက ဟူဆိုအပ်သော တဆယ့်တပါးသော အပြားမရှိ၍ ခန္ဓာငါးပါးမှလွတ်သော ခန္ဓဝိမုတ်တရားဖြစ်သောကြောင့်တည်း။

၈၀။ စိတ်, စေတသိက်တို့၏ ဖြစ်ရာဒွါရတို့သည် စက္ခုဒွါရ-စသည်ဖြင့် ခြောက်ပါး ရှိကုန်၏။ ထို ဒွါရခြောက်ပါးတို့၌ ထိခိုက်ထင်ပေါ်တတ်ကြသော အာရုံတို့လည်း ရူပါရုံ-စသည်ဖြင့် ခြောက်ပါးပင် ရှိကုန်၏။

၈၁။ ဝဠဳတောဘူမ၊ ဒုက္ခသစ္စာ၊ တဏှာသမုဒယ၊ နိ-နိဟ၊ မဂ်ဖ-မဂ်သစ္စံ။

၈၂။ မဂ်သမ္မယုတ်၊ ဖိုလ် စိတ္တုပ္ပါဒိမတ်ထေးသစ္စံ။

ယင်းသို့ ဒွါရခြောက်ပါး, အာရုံခြောက်ပါး ပြားသည်အားလျော်စွာ အာယတနတရားတို့သည်လည်း (၁၂) ပါး ပြားလာရကုန်၏။ ထို အာယတန တဆယ့်နှစ်ပါးထည်းကပင် မနာယတနတပါးကို စက္ခုဝိညာဏာဒေါတ်-စသော ဝိညာဏာဒေါတ် ခြောက်ပါးပွား၍ ရေတွက်မူကား ဓာတ် (၁၈)ပါး ဖြစ်ပြန်သတည်း။

၈၁။ သစ္စာလေးပါး တရား အပေါင်း၌ ဒုက္ခ သစ္စာ၏ အရကား လောကီစိတ်-၈၁, လောဘကြွဉ်သော စေတသိက်-၅၁, ရုပ်-၂၈ ဟူ ဆိုအပ်သော တေဘူမကတရားအပေါင်းတည်း။ သမုဒယသစ္စာအရကား လောဘစေတသိက်တည်း။ နိရောဓသစ္စာအရကား နိဗ္ဗာန်တည်း။ မဂ္ဂ သစ္စာအရကား မဂ်စိတ်လေးပါး၌ ရှိသော မဂ္ဂင်တရားကိုယ်-၈ ပါး တည်း။

၈၂။ မဂ္ဂသစ္စာ၏အရ၊ ကောက်ပြုရာ၌ မဂ်စိတ်လေးပါးနှင့်ယှဉ်သော မဂ္ဂင်တရားကိုယ် (၈) ပါးကိုသာ ကောက်သောကြောင့် မဂ်စိတ်လေးပါး နှင့် ယှဉ်ဘက်စေတသိက်-၂၈ပါးတို့ ကြွင်းကျန်ကုန်၏။ မဂ်စိတ်လေးပါး ကား အာရမ္မဏာဝိဇာနနလက္ခဏာ တပါးထည်း ရှိ၍ မဂ္ဂင်တရားကိုယ် ၈-ပါးနှုတ်၍ ကျန်သောစေတသိက် (၂၈) ၌ ထည့်ပေါင်းက မဂ်စိတ္တုပ္ပါဒ် (၂၉) ဖြစ်၏။ ဖိုလ်စိတ်လေးပါး၌လည်း စေတသိက်အများဆုံး (၃၆) ပါး ယှဉ်၏။ဖိုလ်စိတ်နှင့်ယှဉ်ကြသော မဂ္ဂင်တရားကိုယ်တို့ကား "နိဗ္ဗာန

၈၃။ ဤသို့ပင်၊ မိန်ဆိုပြီး သင်္ဘောသင်္ကေတ။

ဂါမိနိုပဋိပဒါအရိယသစ္စာ'' မည်သော မဂ္ဂသစ္စာထည်းဦးလည်း မဝင်နိုင်၊ ထို့ကြောင့်ဖိုလ်စိတ် ၊းပါးနှင့် ယှဉ်၊သာ မဂ္ဂင်တရားကိုယ်များကို မနှာ်ရဘဲ ယခင် စေတသိက်(၃၆)ဦး ဖိုလ်စိတ် ၊လေးပါးကို လက္ခဏာတပါးပြု၍ ထည့်ပေါင်းက ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ဖြစ်၏။ ဤ မဂ်စိတ္တုပ္ပါဒ် (၂၉)ဖိုလ်စိတ္တုပ္ပါဒ်(၃၇)တို့သည် သစ္စာလေးပါးမှ အလွတ်ဖြစ်သော ''သစ္စဝိမုတ်''တို့သာလျှင်တည်း။

''စတုသစ္စ ဝိနိမုတ္တာ ဓမ္မာ နာမ နတ္ထိ - သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိ'' ဟူ၍ အဋ္ဌကထာကြီးများ၌ ဖွင့်ပြကြသောကြောင့် ဤသစ္စဝိမုတ် ဖြစ်ကုန်သော မဂ်စိတ္တုပ္ပါဒ် - ၂၉, ဖိုလ်စိတ္တုပ္ပါဒ်-၃၇ တို့ကို လျော်ရာသစ္စာတို့၌ သွင်းယူအပ်ကုန်၏၊ သွင်းပုံ-ဖိုလ်စိတ္တုပ္ပါဒ်-၃၇ ၌ရှိသော မဂ္ဂင်တရားကိုယ် (၈)ပါးကို မဂ္ဂင်တရားချင်း တူသောကြောင့် မဂ္ဂသစ္စာ၌ သွင်းယူအပ်၏။ မဂ်စိတ္တုပ္ပါဒ်-၂၉,ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ် ၂၉ တို့ကိုကား သဒ်ါရုဒ္ဓချင်း တူ၍သာကြောင့် ဒုက္ခသစ္စာ၌ သွင်းယူအပ်ကုန်၏။

၈၃။ ဤသို့လျှင် သမ္မသင်္ဂဟ ၌ ''၁-ခန္ဓာ, ၂-ဥပါဒါနက္ခန္ဓာ, ၃-အာယတန, ၄-ဓာတု, ၅-သစ္စာ''ဟူ၍ တရားငါးမျိုးကို ပြဆိုအပ်၏။ ။ဘုရားရှင်တို့သည် သတ္တဝါ အမျိုးမျိုးတို့၏ ဒေလိအစ္ဆာသယသို့လိုက်၍ ရုပ်နာမ် နှစ်ပါး ပရမတ်တရားတို့ကို ထင်လွယ်,မြင်လွယ်အောင် ဧဝဘန် ဟောကြားတော်မူအပ်ကုန်၏။ ရုပ်၌ တွေ့ဝေသော ရူပသမ္မုဋ္ဌပုဂ္ဂိုလ်ဖြစ်လျှင် ရုပ်တရားတို့ များစွာ ပါဝင်သော အာယတနဒေသနာတော်ကိုဂုဏ်း,နာမ်၌တွေ့ဝေဒသော နာမသမ္မုဋ္ဌပုဂ္ဂိုလ်ဖြစ်လျှင် နာမ်တရားတို့ များစွာပါဝင်သော ခန္ဓဒဿနာတော်ကိုဂုဏ်း,ရုပ်-နာမ် နှစ်ပါးလုံး၌ တွေ့ဝေသော ဥဘယသမ္မုဋ္ဌိုလ်ဖြစ်လျှင် ရုပ် နာမ် နှစ်ပါးတို့ များစွာပါဝင်သော ဓာတုဒဿနာတော်ကိုဂုဏ်း ဟောကြားတော် မူအပ်ကုန်၏။

၈၄။ စတုစ္ခန်းကယ်၊ သိတိုချယ်၍၊ သိလွယ် သရုပ်၊
ဓာကျဉ်းချုပ်၊သမုစ် နိဒ္ဒိဝင်း။

သမုစ္စည်းဝိုင်း သံပေါက်ပြီး၏။

ထိုသို့ ပုဂ္ဂိုလ်သုံးမျိုးတို့နှင့် လျော်အောင် ခန္ဓာ,အာယတန,ဓာတု-ဒေသနာတို့ကို ဟောကြားပြီးသောအခါ၌ ထိုခန္ဓာ-စသည်တို့၏ ဖြစ်ပုံ ပဝတ္တိသစ္စာ ဟု ဆိုအပ်သော ဒုက္ခသစ္စာကို၊ ထို့နောက် ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း ပဝတ္တိဟေတုသစ္စာ ဟု ဆိုအပ်သော သမုဒယသစ္စာကို၊ ထို့နောက် ဒုက္ခ-သမုဒယ နှစ်ပါးတို့ ဆုတ်နစ်ရာဖြစ်သော နိဝတ္တိသစ္စာ ဟု ဆိုအပ်သော နိဗ္ဗာနသစ္စာကို၊ ထို့နောက် နိဗ္ဗာနသစ္စာ၏ ဖြစ်ကြောင်း နိဝတ္တိဟေတုသစ္စာ ဟု ဆိုအပ်သော မဂ္ဂသစ္စာကို ဝေဘန်ဟောကြားတော် မူမှသာလျှင် သစ္စာလေးပါး တရား၏သဘာဝကို မဖေါက်မပြန် မှန်ကန်စွာ ထိုးထွင်း သိမြင်နိုင်ကြသောကြောင့် သစ္စာဒေသနာတော်ကို ခန္ဓာ, အာယတန,ဓာတ်တို့၏ နောက်ဆုံး၌ထား၍ ဟောကြားတော်မူအပ်ကုန်သတည်း။

သဗ္ဗသင်္ဂဟ ပြဆိုခဏ်း ပြီး၏။

သမုစ္စည်းဝိုင်း ပြီး၏။

ပစ္စည်းဝိုင်း

၁၊ ကျေးဇူးပြုအပ်၊ ပြုတတ်မြဲ၊ ပြုပုဒ်ဟန်၊ ဝေဘန်ဖေါ်ပြ ဤကဏ္ဍ။

၂။ ပဒိုစ္စနည်း၊ ပဌာန်းနည်းဟု၊ ဤပစ္စည်းကဏ်၊ နှစ်နည်းဘန်၊သိရန် ဒုဝိဓ၊

၃။ အဓိကြောင်းဖြစ်ရာ၊ ကျိုးဖြစ်ခါမှ၊ မှတ်ယူပြုရာ၊ နယမှာ၊ နာမာ ပဒိုစ္စ။

၄။ ပစ္စယသတ္တိ၊ အဆုံးညှိ၍၊ တည်ဘိုကြောင်းခံ၊ ပဌာနံ၊နယံ မည်နာမ။

၁။ ကျေးဇူးပြုတတ်သော ပစ္စည်းတရား, ကျေးဇူးပြုအပ်သော ပစ္စယုပ္ပန်တရား, ကျေးဇူးပြုပုံ ပြုဟန် ပစ္စယသတ္တိ အထူးအပြားတို့ကို ပြဆိုရာ အခန်းအဝိုင်းကို "**ပစ္စည်းဝိုင်း**" ဟုခေါ်ရ၏။ထို ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိ သုံးမျိုးတွင် ဆိုင်ရာအကျိုးကို ပေးတတ်သော အကြောင်းတရားသည် "ပစ္စည်း"မည်၏။အကြောင်းတရားကြောင့် ဖြစ်လာသော အကျိုးတရားသည် "ပစ္စယုပ္ပန်" မည်၏။ ဆိုင့်ရာ ဆိုင်ရာ ပစ္စည်းမျိုးတို့ဖြင့် ကျေးဇူးပြုပုံ သတ္တိအထူးအပြားသည် "ပစ္စယသတ္တိ"မည်၏။ ဤ၌ "ကျေးဇူးပြု" ဟူသည် မဖြစ်သေးသော် အကျိုးတရားကို ဥပါဒ်ခဏအား ဖြင့် ဖြစ်အောင်,ဋ္ဌိခဏအားဖြင့် တည်တန့်အောင် အထောက်အပံ့ ပြုခြင်းပင်တည်း။

၂။၃။၄။ ပစ္စည်းဝိုင်း၌ "ပဒိုစ္စနည်း,ပဌာန်းနည်း" ဟူ၍ နှစ်နည်းရှိ၏။ ထိုတွင် အကြောင်းပစ္စည်း ဖြစ်ခဲ့သော် ဖြစ်လေ့ရှိသော အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပုံ အခြင်းအရာမျှကိုသာ ပြသော နည်းသည်

၅။ အဝိဇ္ဇာ ပစ္စယာ၊ သင်္ခါရာ၊ ဝိညာ - နာမ်, ရူပ။
၆။ သဠာယတနာဖဿ, ဝေဒနာ၊ ညစ်တဏှာ၊ ဥပါဒါန်,ဘဝ။
၇။ ဇာတိ, ဇရာ၊ မရဏာ၊ သောကာ, ပရိဒေဝ။
၈။ ဒုက္ခ, ဒေါမနဿ၊ ဥပါယာသ်၊ ဆက်စပ် ဖြစ်ကုန်ကြ။
၉။ သစ္စာလေးတန်၊ ပဋိစ္စသမုပ္ပါဒ်၊ မဿိဆောင်ဝိတ်၊ မျောင်-အဝိဇ်၊ စေသိက်-မည်မေဟာ။

ပဋိစ္စနံည်း မည်၏။ အကြောင်း-ပစ္စည်းနှင့် အကျိုးပစ္စယုပ္ပန်သာမက ပစ္စယသတ္တိထူးကိုပါ ထည့်သွင်းပြသော နည်းသည် ပဋ္ဌာန်းနည်း မည်၏။ ဤသို့ နည်းနှစ်ပါးတို့ ထူးခြားမှုကို သတိပြုလေ။

၅။၆။၇။၈။ အဝိဇ္ဇာတည်းဟူသော အကြောင်းပစ္စည်းတရားကြောင့် သင်္ခါရတည်းဟူသော အကျိုး-ပစ္စယုပ္ပန်တရားတို့ ဖြစ်ကုန်၏။ ထို့အတူ သင်္ခါရကြောင့် ဝိညာဏ်,ဝိညာဏ်ကြောင့် နာမ်,ရုပ်,နာမ်-ရုပ်ကြောင့် သဠာယတန,သဠာယတနကြောင့် ဖဿ,ဖဿကြောင့် ဝေဒနာ, ဝေဒနာကြောင့် တဏှာ, တဏှာကြောင့် ဥပါဒါန်, ဥပါဒါန်ကြောင့်ဘဝ, ဘဝကြောင့် ဇာတိ, ဇာတိကြောင့် ဇရာ, မရဏ,သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တည်းဟူသော အကျိုးအဆက်ဆက်တို့ ဖြစ်ကုန်၏။ ဤသို့လျှင် အကြောင်းပစ္စည်းတို့ကြောင့် အကျိုး-ပစ္စယုပ္ပန်တို့ ဆက်ကာ စပ်ကာ ဖြစ်ပေါ်လာကြပုံ အလုံးစုံကို ပြဆိုခြင်းကား "ပဋိစ္စသမုပ္ပါဒ်နည်း" ဖြစ်သတည်း။

၉။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာ ဟူသည် သစ္စာလေးပါးကို မသိခြင်း, သံသရာ၏ရှေ့အဆုံးကို မသိခြင်း, နောက်အဆုံးကို မသိခြင်း,

၁၀၊ အဒိဋ္ဌာတုံးပိတ်ကားဖုံးခြုံးဘုံပျော်ပွဲ၊ စည်းစိမ်ပွဲကို၊ အားဆဲတို့ရန်၊ ပြုစိမံ၊ ဖြစ်ပြန်သင်္ဂါရ၊

၁၁၊ လောကီကုသိုလ်၊ အကုသိုလ်မှာ၊ စေတနာ၊ မှတ်ပါသင်္ဂါရ၊

၁၂၊ ကာ,ရွှ-ကုဂ်၊ ပုညာဘိဟု၊ အကုစေနာ၊ အပုညာဘိ၊ အဂွပိစေ၊ ဆောနေဠွေ၊ သုံးထွေ-သင်္ခါရ၊

ရွှ-နောက်အဘို့ကို မသိခြင်း, ပဋိစ္စသမုပ္ပါဒ်တရားကို မသိခြင်း ဟုဆို အင်သော (၈)ဌာနတို့၌ မသိခြင်းတည်း။အဝိဇ္ဇာ၏ တရားကိုယ်ကား အကုသိုလ်စိတ် - ၁၂ပါးနှင့် ယှဉ်သော မောဟစေတသိက်ပင်တည်း။ ထို့ကြောင့် ဒုရာဌာနတိုင်း၌ မသိခြင်းကို အဝိဇ္ဇာ ဟုဆို၏။၍(၈)ဌာန တို့၌ မသိခြင်းကိုသာလျှင် အဝိဇ္ဇာ ဆိုရ၏။

၁၀။ ယင်းသို့ အဝိဇ္ဇာတည်းဟူသော အဓမ္မာဉ်တရားဖြင့် သိသင့်-သိထိုက်သော ဌာန(၈)ပါးတို့၌ မသိအောင် ပိတ်ဖုံးကာကွယ် ထား ခြင်းကြောင့် ဘုံသုံးပါး၌ ဖြစ်သော စည်းစိမ်ချမ်းသာ အမျိုးမျိုးကို ခံစား-စံစားနိုင်ရန် ပြုပြင် စီမံးပးတတ်ကြသော သင်္ခါရတရားတို့သည် ဖြစ်လာကုန်၏။

၁၁။ ဤ၌ သင်္ခါရ၏အရ နာမ် - ရုပ်တည်းဟူသော သင်္ခတတရား အပေါင်းကို ပြုပြင် စီမံတတ်သည့် လောကီကုသိုလ်,အကုသိုလ်စေတနာ-၂၉-ပါးကို ယူရမည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် ဝဋ်သုံးပါးနှင့်စပ် သော ဝဋ္ဋကထာ ဖြစ်သောကြောင့် ဝိဝဋ္ဋကထာဖြစ်သော လောကုတ္တရာ မဂ်စေတနာ လေးပါးတို့ကို မကောက်ယူရ။

၁၂။ ထို သင်္ခါရ ဟုဆိုအပ်သော စေတနာသည် "ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရ" အားဖြင့် သုံးပါးရှိ၏။ ထိုတွင်

၁၃။ သန်ဒါရကံ၊ ဆော်စိမံ၍၊ ခြောက်တန်ဝိညာဏ်၊ ဓာတ်သခင်၊ ပေါ်ထင်ရှုရှု၊ ဖြစ်ကုန်ကြ၊
၁၄။ ဥဒ္ဓစ်, ဘိညာ၊ စေတနာ၊ ပါယ်ပါကြောင်းဖြ-သန်ဒါရ၊

ကာမကုသိုလ်-၈,ရူပကုသိုလ်-၅ တို့နှင့် ယှဉ်သော စေတနာ (၁၃)ပါးသည် ပုညာဘိသန်ဒါရ မည်၏။ အကုသိုလ်စိတ် - ၁၂ပါးတို့နှင့် ယှဉ်သော စေတနာ (၁၂) ပါးသည် အပုညာဘိသန်ဒါရ မည်၏။ အရူပကုသိုလ် - ၄ပါးနှင့် ယှဉ်သော စေတနာလေးပါးသည် အာနေဉ္ဇာဘိသန်ဒါရ မည်၏။

ဤ၌ အရူပကုသိုလ်စေတနာလေးပါးသည် ကုသိုလ်စေတနာပင်ဖြစ်၍ ပုညာဘိသန်ဒါရ၌ သွင်းယူထိုက်လှက် မယူခြင်းကား ထိုစေတနာလေးပါးသည် သမာပတ်အရှိန်အဓိပ္ပာယ် အာနုဘော်အစွမ်းဖြင့် လွန်စွာသမာဓိအားကောင်းရကား ဆန့်ကျင်ဘက် ကိလေသာတို့မှ ဖဝေးကွာလှက် မလှုပ်မရှက် ငြိမ်သက် တည်ကြည်လှသဖြင့် ''အာနေဉ္ဇ'' ဟူသော အမည်ထူးကို ရသောကြောင့်တည်း။

၁၃။ သခ်ဳိရတည်းဟူသော စေတနာကံက စေ့ဆော်-စိမံပေးခြင်းကြောင့် ''စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဝိညာဏဓာတ်'' တည်းဟူသော ဝိညာဏဓာတ်ခြောက်ပါး-ဝိညာဏ်တရားတို့သည် ထင်လျားစွာ ဖြစ်လာကြပြန်၏။

၁၄။ အဝိဇ္ဇာ ပစ္စယာသခ်ဳိရာ၌ သခ်ဳိရကား အကျိုးတည်း။သခ်ဳိရ ပစ္စယာ ဝိညာဏ်၌ သခ်ဳိရကား အကြောင်းတည်း။ ဤသို့ အကျိုး သခ်ဳိရ, အကြောင်းသခ်ဳိရ နှစ်ဆွဲနဝယ် အကျိုးသခ်ဳိရ၌ အဝိဇ္ဇာမကင်း

၈၅။ လောကိဝိပါက်၊ ဗာဇ္ဈိသက်၊ ကောက် ချက်-ဝိညာဏ။

၁၆။ ဝိညာဏ်ဖြစ်သော်၊ ကြင်ဖော်တူဝိတ်၊ စေတသိက်ကုန်၊ ရုပ်လုံးဆုံ၍၊ ဆေးစုံချယ်လယ်၊ ကောင်အာထယ်၊ ကြိုး,ငယ်ပေါ်ကြ နာမ်-ရုပ။

၁၇။ နာမ်, ရုပ်ဖြစ်ရန်၊ ဝိညာဏ်၊ ကောက်ရန်စိတ္တဆေကုန်ရ။

သူ၏ သန္တာန်မှာ ဖြစ်သောကြောင့် ဥဒ္ဒိစ္စစေတနာနှင့် ကုသိုလ်အဘိညာဏ် စေတနာတို့လည်း ပါဝင်ကုန်၏။ အကြောင်းသင်္ခါရအာဝဇ္ဇကားပဋိသန္ဓေ ဝိညာဏ်ကို မဖြစ်စေနိုင်ကြသောကြောင့် ယင်းစေတနာနှစ်ပါးကို ကြဉ်ဖယ် ထားရသည် ဟု မှတ်။

၁၅။ သင်္ခါရပစ္စယာ ဝိညာဏ်-၌ ဝိညာဏ်၏အရ ပဋိသန္ဓေ, ပဝတ္တိအစွမ်းဖြင့် ဖြစ်သော လောကိဝိပါက်-၃၂ ပါးကိုကောက်။ လောကုတ္တရာဝိပါက်-ဝိညာဏ်ကိုကား ဝိဝဋ္ဋဖြစ်သောကြောင့် မကောက်ရ။

၁၆။ ပဋိသန္ဓေဝိညာဏ် ဖြစ်ပြုန်သည်ရှိသော် ထိုဝိညာဏ်နှင့် ယှဉ်ဘက် စေတသိက်ခန္ဓာသုံးပါး, ပဋိသန္ဓေကမ္မဇရုပ်များလည်း တပြိုင်နက် ဖြစ်လာကုန်၏။ ဤ၌ “ဝိညာဏ်, နာမ်, ရုပ်” သုံးပါးတို့ တပြိုင်နက် ဖြစ်ကြသော်လည်း ဝိညာဏ်က ရှေ့သွားဖြစ်သောကြောင့် ဝိညာဏ်ကြောင့် နာမ်-ရုပ်ဖြစ်သည်ဟု ဆိုရ၏။

၁၇။ ဤဥာဏ်လည်း ဝိညာဏာအရ အကျိုးဝိညာဏ်, အကြောင်းဝိညာဏ် ဟု နှစ်မျိုးခွဲ၍ အကျိုးဝိညာဏ်၏အရ လောကိဝိပါက်-၃၂ ပါးကို ကောက်ပြခဲ့၏။ အကြောင်းဝိညာဏ်၏အရကိုကား အဘိဓမ္မာ

၁၈။ နာမ်, ရုပ်စုံမြောက်၊ အာရုံခြောက်ခွင်၊ ကိုယ်လုံးထင်ရန်၊ ဓာတ်ကြည်မှန်၊ ခြောက်တန်အာယတနဖြစ်ပေါ်ကြ။

၁၉။ သဋ္ဌာဖြစ်မှု၊ ဝတ္ထု၊ မဟာ၊ ဇာ, ဟာရာ၊ ဒွါဒါရုပ-အကြောင်းပြ။

၂၀။ ပသာဒါးတန်၊ စိတ်သဒ္ဓိ၊ ကောက်ရန်-သဋ္ဌာယတန။

နည်းအားဖြင့် စိတ်(၈၉)ပါး အကုန်လုံး ကောက်ရ၏။ နာမ်, ရုပ်နှစ်ပါးတွင်လည်း နာမ်၏အရ စိတ်, စေတသိက် အကုန် ကောက်ယူသင့်သော်လည်း စိတ်ကို ဝိညာဏ်၏အရ အကြောင်းပစ္စည်းအဖြစ်ဖြင့် ယူပြီးဖြစ်သောကြောင့် ယှဉ်ဘက်စေတသိက်ခန္ဓာ သုံးပါးကိုသာ ယူရ၏။

၁၈။ ယင်းသို့ ပဋိသန္ဓေဝိညာဏ်နှင့်တကွ စေတသိက်ခန္ဓာသုံးပါး, ကမ္မဇရုပ် - တည်းဟူသော နာမ်, ရုပ်တရားတို့ ဖြစ်ပွားကြပြန်သည့် ရှိသော် အာရုံခြောက်ပါးတရားတို့ ရှေ့ရှုထင်ပေါ်ကြရန် ဓာတ်ကြည်-ဓာတ်မှန် ဟု ဆိုအပ်သော အာယတနခြောက်ပါး "သဋ္ဌာယတနတရား" တို့သည်လည်း ထင်လျားစွာ ဖြစ်လာကြပြန်၏။

၁၉၊ ၂၀။ နာမ်, ရုပ်နှစ်ပါးဌ ရုပ်၏အရ ကမ္မဇရုပ်များကို ကောက်ရမည်ဟု ဆိုခဲ့ပြီး ထိုကမ္မဇရုပ်များမှ ဝတ္ထုရုပ်-၆ပါး, မဟာဘူတ်-၄ပါး, ဇီဝိတရုပ်, အာဟာရရုပ်=၅(၁၂)ပါးသော ရုပ်တို့ကြောင့် အာယတနခြောက်ပါး-သဋ္ဌာယတနတရားတို့ ဖြစ်ကြရကုန်၏။ ထို့ကြောင့် သဋ္ဌာယတန၏အရ စက္ခုပသာဒ-စသော ပသာဒရုပ်ငါးပါးနှင့် မနာယတန၏အရဖြစ်သော စိတ်တခုယုတ်ကိုးဆယ်တို့ကို ကောက်လေ။

၂၁။ ဓာတ်ကြည်ဓာရံု၊ ဝိညာဏ်ဆုံက၊ ရုသခေါတ်ဆိ၊
ပေါ်ကြောင်း တည်း၊ ခြောက် မည် ဖဿ
ဟုန်းဟုန်းထ၊

၂၂။ ဖဿ အမျိုး ၅စ်ဆယ့်ကိုး၊ကောက်ရိုးအကုန်ပြ၊

၂၃။ ခြောက်မည် ဖဿ၊ ဟုန်းဟုန်းထက၊ ဓာတ်ရဿ
ကို၊ဆဝေဒနာ၊ ကိုယ်စီသာ၊ ညီညာ ဖြဖြ - သုံး
ဆောင်ကြ၊

၂၄။ ဝေဒနာမျိုး၊ ၅စ်ဆယ့်ကိုး၊ကောက်ရိုးအကုန်ပြ၊

၂၁။၂၂။ ဤသို့ ဓာတ်ကြည်-ဓာတ်မှန် တည်းဟူသော ပဿာဒရုပ်
ငါးပါးနှင့် အဘိဓမ္မာနည်းအရ စိတ်တခုယုတ်ကိုးဆယ် ဟု ဆိုအပ်သော
သဉ္ဇာယတနံတရားတို့ ဖြစ်ပွားကြပြန်သော် အာရုံ၏ အရသာ - အဆိ
ဓာတ်ကို တွေထိတတ်သော ဖဿ ခြောက်ပါးတို့လည်း ဖြစ်ပွားလာကြ
ပြန်၏။ ဖဿ-၆ ပါးဟူသည် စက္ခုသမ္ဖဿဲ, သောတသမ္ဖဿ, ဃာန
သမ္ဖဿ,ဇိဝှါသမ္ဖဿ,ကာယသမ္ဖဿ,မနောသမ္ဖဿ တည်း။ ဤ၌ ဖဿ
ခြောက်ပါးတို့၏အရ စိတ်တခုယုတ်ကိုးဆယ်နှင့် ယှဉ်သော ဖဿ တခု
ယုတ်ကိုးဆယ်ကို ကောက်။

၂၃။၂၄။ ဖဿခြောက်ပါးတို့ ဖြစ်ပွားလာကြပြန်လျှင် အာရုံ၏
အရသာ-အဆိဓာတ်ကို သုံးဆောင်-ခံစားတတ်သော ဝေဒနာ ခြောက်
ပါးလည်း ဖြစ်ပွားလာပြန်၏။ဝေဒနာခြောက်ပါးကား စက္ခုသမ္ဖဿဇာ
ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ,
ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနော သမ္ဖဿ
ဇာ ဝေဒနာ တည်း။ ဤ၌လည်း ဝေဒနာ - ၆ပါး၏အရ စိတ်တခုယုတ်
ကိုးဆယ်နှင့် ယှဉ်သော ဝေဒနာတခုယုတ် ကိုးဆယ်ကို ကောက်ခဲ့လ။

၂၅၊ ဝေဒနာဝေဒ်၊သုံးဆောင်လတ်တံု၊အာရုံစွဲမှတ်မိ၊ လုံးလုံးလျှမ်းက၊ ဘရုန်းဘတာ၊သွမ်းတက္ကာ၊ဘန်း ခါပေါ်ကြွ-အာလမ္ဗ၊

၂၆၊ တက္ကာဖြစ်မှု၊ ဒု, သု, ဥပါ၊ ဝေဒနာ၊ သုံးဖြာ အဟုန်ပြု၊

၂၇၊ လောဘမူယဉ်၊ လောဘပင်၊ မည်တွင်နာမ-တက္ကာပြု၊

၂၅။ ဤသို့ ဝေဒနာ ခြောက်ပါးဘို့က အာရုံ၏ အရသာ-အဆိ ဓာတ်ကို သုံးဆောင်-ခံစားလတ်သော် ထိုအာရုံ၌ ခုံမင်တွယ်တာ သာယာတတ်သော တက္ကာခြောက်ပါးတို့ ဆက်ပွား၍ ဖြစ်ကြ၊ပြန်၏။တက္ကာ ခြောက်ပါးကား ရူပတက္ကာ, သဒ္ဒတက္ကာ, ဂန္ဓတက္ကာ, ရသတက္ကာ, ဖောဋ္ဌဗ္ဗတက္ကာ, ဓမ္မတက္ကာတည်း။

၂၆။၂၇။ ထိုထိုအာရုံ၌ ခုံမင်သာယာတတ်သော တက္ကာဟူသမျှသည် အာရုံ၏ အရသာကို ကောင်းသောအခြင်းအရာ, မကောင်းသော အခြင်းအရာအား ဖြင့် ခံစားတတ်သော ဝေဒနာသုံးပါးကို အကြောင်းခံ၍ ဖြစ်ရ၏။ ဆင်းရဲဒုက္ခခံစား့နေရခိုက်၌ ထိုဆင်းရဲဒုက္ခမှ မြန်မြန်လွတ်ကင်း ချမ်းသာလို၏။ ချမ်းသာသုခကို ခံစားနေရခိုက်၌လည်း ထိုချမ်းသာ သုခကို သာယာစွဲလမ်းလျက် ကုန်ခန်းပျောက်ပျက်မည်ကို စိုးရိမ်ပူပန်၍ ထို့ထက်သာလွန် မွန်မြတ်သော ချမ်းသာ သုခမျိုးကို မြော်ကိုးတောင့်တပြန်၏။ လျစ်လျူ့ပြုထိုက်သော ချမ်းသာသုခမျိုးကို ခံစားရာ၌လည်း သုခသဘောကဲ့သို့ပင် ခုံမင်သာယာ တွယ်တာ၍ နေတတ်၏၊ထို့ကြောင့် ဒုက္ခဝေဒနာ, သုခဝေဒနာ, ဥပေက္ခာဝေဒနာ သုံးမျိုးကြောင့် တက္ကာတရား ဖြစ်ပွားလာလေသည်။ ဤ၌ တက္ကာ၏အရ လောဘမူစိတ်-၈-ပါးနှင့် ယှဉ်သော လောဘစေတသိက်ကို ကောက်။

၂၈၊ တဏ္ဍာဇကော်၊အခရင်းခံ၍၊ဆ အာလမ္ဗာ၊တဏ္ဍာတြိ၊ သန္တာန်ဒ္ဓိနောက်၊တို-ကာမြောက်၊ ပွားမြောက် ဥာဿတ-တဏ္ဍာရ၊

၂၉။ ကာမ,ဘဝ၊ဝိဘဝမှာ၊ တိတဏ္ဍာမှတ်၊ အဇ္ဈတ်, ဗဟိဒ္ဓ၊သန္တာန်ဒွိက်၊ပစ်,တိတ်,နာပြု၊တိကာလ။

၂၈။ ထိုဝဋ္ဋမူလဖြစ်သော တဏှာသည် တရား ကိုယ်အား ဖြင့် လောဘစေတသိက်တပါးထည်း ဖြစ်သော်လည်း အာရုံ - စသည်တို့ဖြင့် မြောက်ပွားလျှင် တဏှာအပြား (၁၀၈) ပါးပြားလာ၏။ မြောက်ပုံ-တဏှာတပါးကိုတည် "ဆ-အာလမ္ဗာ" ၏ အရ-အာရုံ - ၆ ပါးဖြင့် မြောက်လျှင် (၁×၆ = ၆) တဏှာခြောက်ပါး ဖြစ်လာ၏။ ထိုကို "တဏှာ-တြိ" ၏ အရ-တဏှာသုံးပါးဖြင့် မြောက်လျှင် (၆×၃ = ၁၈) တဆယ့်ရှစ်ပါးဖြစ်၏။ ထိုကိုတဖန် "သန္တာန်ဒွိနောက်" ၏ အရ သန္တာန်နှစ်ပါးဖြင့် မြောက်လျှင် (၁၈×၂ = ၃၆) သုံးဆယ့်ခြောက် ဖြစ်၏။ ထိုကိုတဖန် "တိကာမြောက်"၏အရ ကာလသုံးပါးဖြင့် မြောက်လျှင် (၃၆×၃ = ၁၀၈) တဏှာအပြား တရာ့ရှစ်ပါး ဖြစ်ပွါးလာ၏။

၂၉။ ဤသို့ တဏှာအပြား (၁၀၈) ပါး မြောက်ပွားပုံကို ပြဆို အပ်သောလက်ဝဲ့ "တဏှာတြိ" ၏အရ-ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသုံးပါး၊ "သန္တာန်ဒွိနောက်" ၏ အရ-အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် နှစ်ပါး၊"တိကာမြောက်" ၏ အရ-အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးကို ယူလေ။

၃၀၊ တဏှာငမ်းငမ်း၊ အပြင်းဘမ်း၍၊စွဲလမ်းခြင်းသန်၊ ဥပါဒါန်၊သည်းထန် ဖြစ်ကုန်ကြ၊

၃၁၊ ကာမ, ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တဝါဒ၊ လေးခုပြား ကုန်ကြ၊

၃၂။ ခြောက်ဆောရုံတွင်၊ ခုံမင်သဲမဲ၊ ဘားမြဲခဲဟန်၊ အစွဲသန်၊မှတ်ရန်-ကာမပြ၊

၃၃၊ ဒိဋ္ဌိအပြား၊နွား,ခွေးအတူ၊ကျင့်မှုဝင်ပြိတ်၊ သက္ကာယတ် ကြွင်းလတ်သုံးဝ၊အစဉ်ပြ၊

၃၀။၃၁။ ယင်းသို့ အာရုံခြောက်ပါး၌ ခုံမင်သာယာတတ်သော တဏှာဖြစ်ပြန်သော် ထိုအာရုံကို မခွဲချင်-မခွါရက်အောင် စွဲလမ်း နှစ်သက် ငမ်းငမ်းတက်ဖြစ်တတ်သော ဥပါဒါန်တရားတို့လည်း ဖြစ်ပွားလာကြပြန်၏။ ဥပါဒါန်တရား လေးပါးကား ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တည်း။

၃၂။၃၃။ ထိုတွင် အာရုံခြောက်ပါး၌ ခုံမင်-သဲမဲ ဇောတွဲကြိုးစွဲ၍ ဘားမြဲခဲ သကဲ့သို့ စွဲလမ်းချက် ပြင်းထန်မှု-အစွဲသန်မှုသည် **ကာမုပါဒါန်** မည်၏။ နွား,ခွေးတို့၏ အကျင့်ကို ကျင့်မှုကား သံသရာမှ လွတ်ကင်း-ငြိမ်းအေးကြောင်း အကျင့်ကောင်း ဖြစ်သည်ဟု စွဲလမ်းချက် ပြင်းထန်မှု-အစွဲသန်မှုသည် **သီလဗ္ဗတုပါဒါန်** မည်၏။ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ-စသော ဒိဋ္ဌိအပြား(၆၂)ပါးသည် **ဒိဋ္ဌုပါဒါန်** မည်၏။ ခန္ဓာငါးပါး တရားအစုဋ္ဌ အတ္တ,ဇီဝရှိ၏ဟု သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်းချက် ပြင်းထန်မှု-အစွဲသန်မှုသည် **အတ္တဝါဒုပါဒါန်** မည်၏။

၃၄။ ကားမု-လောစေ၊နောက်သုံးထွမူ၊ ဒိဋ္ဌိဟူ၊မှတ်ယူအရပြု။

၃၅။ ဥပါဒါနိခဲ၊ အတင်းမဲ၍၊ စွဲလမ်းတိုင်းသာ၊ ပြည့်စိမ်ဒုါ၊ ဖြောဖြောပြုကြ-ဖြစ်ဘဝ၊

၃၆။ ကမ္မ,ဥပတ်၊ ဒုစ်ရပ်ပြားတည်၊ လောကီ-ကု,ကု၊ စိတ္တုပ်စု၊ မည်ပြု-ကံဘဝ၊

၃၄၊ ဥပါဒါန်တရား လေးပါးတို့၏ တရားကိုယ်၌ ကာမုပါဒါန်၏ အရ လောဘစေတသိက်ကို ယူ၍ ကြင်းသုံးပါး၏အရ အောက်သမုစ္ဆည်းပိုင်းခွဲ ပြခဲ့သည့်အတိုင်း ဒိဋ္ဌိစေတသိက်ချည်း ကောက်။

၃၅။ ဥပါဒါန်တရားလေးပါးတို့ ဖြစ်ကြပြန်သော် ထိုဥပါဒါန်တို့၏ လွန်လွန်ကဲကဲ စွဲလမ်းမှု-အစွဲနာမှုကြောင့် စွဲလမ်းချက် ပြည့်စုံပြီးမြောက် စေခြင်းငှါ ဘဝကြီး, ဘဝငယ် အသွယ်သွယ် အစားစားတို့ ဖြစ်ပွားလာကြပြန်၏။

၃၆။ ဤဥဒ္ဓစ္စဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝ ဟူနှစ်မျိုးရှိ၏။ထိုတွင် လောကီကုသိုလ်-၁၇, အကုသိုလ်-၁၂ = ၅၅(၂၉)ပါးဌ ရှိသော စေတနာ-၂၉ ပါးသည် "ကမ္မဘဝ"မည်၏။ အောက်ဌသခ်ါရ၏အရကိုလည်း လောကီကုသိုလ်,အကုသိုလ် စေတနာ-၂၉ပါးကိုပင် ကောက်ခဲ့၏၊ ဤဌလည်း ကမ္မဘဝ၏အရ ထိုစေတနာ-၂၉ပါးကိုပင် ကောက်ပြန်၏။ ယင်းသို့ကောက်သော်လည်း ရှေးအတိတ်ဘဝတို့ဌ ဖြစ်ခဲ့သော စေတနာသည် ၁သခ်ါရ မည်၏။ နောက်ဘဝ အဆက်ဆက်တို့ဌ အကျိုးပေးရန် ယခုမျက်မှောက်ဘဝဌ ပြုအပ်သော စေတနာသည် ကမ္မဘဝ မည်၏။ ဤသို့ စေတနာချင်း တူသော်လည်း ဘဝ-ကာလအစွမ်းဖြင့် ထူးခြားသည်ဟု မှတ်။

၃၇။ ဥပပတ်မှု၊ ကာ,ရူ,အရူ,ဇ,စတု,ပဉ္စ၊ ဝေါကာရင်နှင့်၊ သညီ,အသညီ၊ နေဝသညီ၊ ကိုးအင်္ဂဘဝ ပြားကုန်ကြ၊

၃၈။ လောကိဝိပါက်၊ ဗဘင်္ဂိသင်္ကန်းနှင့်၊ ယဉ်ဘက်စေပါ၊ ကမ္မဇာ၊ ရူပါဇာဂုန်ရ၊

၃၉။ သူ့ဘဝမှာ၊သူနှင့်သာ၊ ဆိုင်ရာယူကြ ကိုးဘဝ၊

၃၇။၃၈။ ဥပပတ္တိဘဝသည်လည်း ကာမဘဝ, ရူပဘဝ, အရူပဘဝ,ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ, သညီဘဝ,အသညီဘဝ,နေဝသညီနာသညီဘဝ ဟူ၍ (၉)ပါးပြားသတည်း။ ကမ္မဘဝတည်းဟူသော စေတနာကံကြောင့် ဖြစ်သော လောကိဝိပါက် ၃၂, စေတသိက်-၃၃, ကမ္မဇရုပ်သည် "ဥပပတ္တိဘဝ" မည်၏။

၃၉။ ထိုတွင် ကာမဝိပါက်-၂၃, စေတသိက်-၃၀, ကမ္မဇရုပ်-၁၈ ပါးသည် "ကာမဘဝ"မည်၏။ ရူပဝိပါက်-၅, စေတသိက်-၃၅,ဈာန, ဇဝဂါ, ကာယ, ဒုတ္ထိဘော, ပုဗ္ဗေါ ကြဉ်သော ကမ္မဇရုပ် ၁၃ ပါးသည် "ရူပဘဝ"မည်၏။ အရူပဝိပါက်-၄,စေဘသိက်-၃၀-သည် အရူပဘဝလည်းမည်၏။ စတုဝေါကာရဘဝလည်းမည်၏။ အသညသတ်ဘုံ၌ ဖြစ်သော ဇီဝိတနဝက ကလာပ်-၉ပါးသည် ဧကဝေါကာရဘဝလည်းမည်၏။ အသညီဘဝလည်း မည်၏။ ကာမဝိပါက်-၂၃, ရူပဝိပါက် ၅, အာကာသာနဉ္စာယတနဝိပါက်, ဝိညာဏဉ္စာယတနဝိပါက်,အာကိဉ္စညာယတနဝိပါက်,စေတသိက်-၃၅, ကမ္မဇရုပ်-၂၀သည် "သညီဘဝ" မည်၏။ နေဝသညာနာသညာယတနဝိပါက်-၁,စေတသိက်-၃၀ သည် "နေဝသညီနာသညီဘဝ"မည်၏။

၄၀။ ကမ္မဘဝ၊ လက်ကိုင်ရက၊ လောကသုံးခွင်၊ ဘုံသုံးပြင်ဝယ်၊ ကံလျှင်နှင်တိုင်း၊ အတွင်စိုင်း၊ မဆိုင်းဖြစ်ကြ-ဇာတိရ၊

၄၁။ ဇာတိသန္ဓေ၊ တဖန်နေ၍၊ ခန္ဓငါးဆင့်၊ ရှေးနည်းမြင့်သော်၊ ရင့်ရော်အိုမင်း၊ သေရခြင်း၊ မယွင်းဖြစ်ကုန်ကြ။

၄၂။ စိုးရိမ်ပူဆွေး၊ ငိုကြွေးဆင်းရဲ၊ ဝမ်းထဲမသာ၊ ပြင်းစွာပူပန်၊ ဒုက္ခတန်တန်၊ ထပ်မံဖြစ်ကြ အဆစ်ပြ၊

၄၀။ ဤသို့ ကမ္မဘဝတည်းဟူသော စေတနာက်ံကို အဖန်ဖန် စီမံအားထုတ် ပြုလုပ်ပြန်သည်ရှိသော် ကာမ, ရူပ, အရူပ တည်းဟူသော လောကသုံးခွင် ဘုံသုံးပြင်ဝယ် အမှတ်မထား တပါးပါးသောဘုံဘဝ ထိုထိုပြုစုစီမံ ဖန်တည်းအပ်သော စေတနာဂုဏ်ကပင် ပဋိသန္ဓေတည်နေခြင်း-ဇာတိတရားကို ဖြစ်ပွား လာစေပြန်၏။

၄၁။၄၂။ ဤသို့ ဇာတိ-သန္ဓေ တည်းနေရပြန်သော် ထိုထို ဘဝဌာန ဖြစ်လာကြရသည့် ရုပ်, နာမ်တရားတို့၏ တဖြည်းဖြည်း ရင့်ရော်ခြင်း-ဇရာ, စုတေခြင်း-မရဏာတို့လည်း မချွတ်မလွဲ ဖြစ်မြဲမမှတာ ဖြစ်လာကြရပြန်၏။ဇာတိကြောင့် ဇရာ-မရဏာ ဖြစ်လာပြန်ကလည်း ထို ဇရာ-မရဏာတို့နှင့် စပ်ၚဖြစ်စေ, မစပ်ဘဲဖြစ်စေ စိုးရိမ်ခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝ, ဆင်းရဲခြင်း-ဒုက္ခ, နှလုံးမသာယာခြင်း-ဒေါမနဿ, ပြင်းစွာပူပန်ခြင်း-ဥပါယာသ တို့သည်လည်း အကျိုးဆက်အားဖြင့် ဖြစ်ပွားလာကြပြန်၏။

ဤ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ၅ပါးဘို့၏ မူလ အကြောင်းကား ဇာတိတည်း ဇာတိဖြစ်လျှင် ဇရာ-မရဏာလည်း

၄၃။ ဤသို့ ဖြစ်ပျက်၊ စစ်ချက်အလာ၊ ချမ်းသာမဖက်၊ သက်သက်မဲ့ချ၊ ဒုက္ခတုံးကြီး၊ ဟုန်းဟုန်းညီး၊ ဝဋ်မီးတောက်ပ ပွဲးစိုးမျှ။

၄၄။ ခဏသုံးဂို၊ သန္ဓိအခါ၊ နာမ်ခန္ဓာ၊ ရူပါကမ္မဇ-ဇာတ်ပြု။

၄၅။ ရုပ်နာမ်-ခန္ဓာ၊ ဌိ,ဘင်ခါ၊ ဇရာ-မရဏာ အစဉ်ပြု။

မချွတ်ဖြစ်ရ၍ ယင်း ဇရာ-မရဏာသည် ဇာတိ၏ မုချအကျိုးတရားတည်း။ သောက-စသော ငါးပါး တို့သည် ဇာတိမှ ဆက်သွယ် ဖြစ်ပွားလာကြသည့် အကျိုးဆက်, အကျိုးဗျာဓိများသာလျှင်တည်း။

၄၃။ ဤသို့လျှင် အဝိဇ္ဇာ အစရှိကုန်သော အကြောင်း ပစ္စည်းတို့ အဆက်မပြတ် ရဟတ်ပမာ အကြောင်း,အကျိုး စပ်ကာ စပ်ကာ ဖြစ်-ပျက် နေကြခြင်းကြောင့် ချမ်းသာမဖက် သက်သက် ဒုက္ခတုံး-ဒုက္ခခဲကြီးတည်း ဟူသော ဝဋ်မီးသည်လည်း တဟုန်းဟုန်း တဖြုန်းဖြုန်းဖြင့် မဆုံးနိုင်အောင် တောက်လောင် ပွားစီးကာ နေပေ၏။ ယင်းသို့ ပဋိစ္စသမုပ္ပါဒ် ရဟတ်-ဝဋ်မီး ပွားစီးတောက်လောင်ချဉ်၌ အဝိဇ္ဇာစသည်ကြောင့် သင်္ခါရစသည်ဖြစ်အောင်, ဖြဟ္မာ,ဗိသနိုး,အစိုးရသူတို့က ဖန်ဆင်းပေးနေကြခြင်းမဟုတ်၊ စင်စစ်မူချ ဓမ္မနိယာမ အစဉ်ဖြင့် သူ့အကြောင်းနှင့် သူ့အကျိုး ဆက်ကာ စပ်ကာ ဖြစ်နေခြင်းမျှသာတည်း။ ငါ, သူတပါး, ယောကျ်ား,မိန်းမ ဖြစ်ခြင်းလည်း မဟုတ်၊ နာမ်-ရုပ် နှစ်ပါးတည်း ဟူသောဒုက္ခတုံး - ဒုက္ခခဲကြီး၏ တောက်လောင်ပွားစီး၍ နေခြင်းမျှသာ ဖြစ်သတည်း။

၄၄။၄၅။ ပဋိသန္ဓေ ဝိပါက် ဝိညာဏ် နာမကွန်ဂါ, ကဋတ္တာရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း-ဥပါဒ်ခဏသည် "ဇာတိ" မည်၏။ ဖြစ်ပြီးနောက်

၄၆။ သောက-ဒေါသ၀၊ ပရိဒေ၀၊ စိတ်-သန္ဒဟှာ၊ ဒုက္ခ-ဒုဒေ၀၊ဒေါဓေ၀,ဒေါမနဿာ၊ ဥပါယာသ်၊ မှတ်လေ-စေဒေါသ။

၄၇။ ဤသို့ပြုရာ၊နယမှာ၊မှတ်ပါ၊ပဋိစ္စ။

တည်နေခြင်း ဋီခဏသည် "ဇရာ" မည်၏။ ပျက်စီးခြင်း-ဘင်ခဏသည် "မရဏာ"မည်၏။ (ဤကား အဘိဓမ္မာနည်း)

တနည်းလည်း-ထိုထိုသတ္တ၀ါတို့အား ထိုထိုဂတိတို့၌ ရှေးဥိးအစ ခန္ဓာကိုယ်-အတ္တဘောကို ရခြင်းသည်"ဇာတိ"မည်၏။ အတ္တဘောကို ရပြီးနောက် ရင့်ရော်-အိုမင်းခြင်းသို့ ရောက်ခြင်းသည် "ဇရာ" မည်၏။ အဆုံးစွန် စုတေ-သေလွန်ရခြင်းသည် "မရဏာ" မည်၏။ (ဤကား သုတ္တန်နည်း)

၄၆။ သောက-စသော တရားငါးပါးတို့ဘွင် သောက၏အရ ဒေါသမူဌေးနှင့် ယှဉ်သော ဒေါမနဿ ဝေဒနာကို ကောက်၍ ပရိဒေ၀၏အရ စိတ္တဇဝိပ္ပလ္လာသ သဒ္ဒ, ဒုက္ခ၏အရ ဒုက္ခသဟဂတ် ကာယဝိညာဏ်နှင့် ယှဉ်သော ဒုက္ခဝေဒနာ,ဒေါမနဿ၏အရ ဒေါသမူဌေးနှင့်ယှဉ်သော ဒေါမနဿဝေဒနာ,ဥပါယာသ၏အရ ဒေါသမူဌေးနှင့်ယှဉ်သော ဒေါသစေတသိက်ကို ကောက်လေ။

ဆီကို အိုးကင်းခွဲထည့်၍ ချက်ရာ အိုးထည်းခွဲ ဆီကျက်ခြင်းသည် သောကနှင့်တူ၏။ အိုးမှ ဝေလျှံတက်ကြွ၍ အပြင်သို့ထွက်ကျခြင်းသည် ပရိဒေ၀နှင့်တူ၏။ အိုးတွင်းခွဲ ဆီကြွင်း-ဆီကျန်များ ကုန်ခန်းသွားအောင် လောင်ကျွမ်းခြင်းသည် ဥပါယာသနှင့်တူ၏။,ဤသို့ "သောက,ပရိဒေ၀, ဥပါယာသ" သုံးပါးအထူးကို ဆီချက် ဥပမာဖြင့်ဟပ်၍ မှတ်အပ်၏။

၄၇။ ဤသို့လျှင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရစသည် ကြောင့်လည်း ဝိညာဏ်စသည် ဖြစ်၏-ဟု အစချီလျက် ပြဆိုခဲ့သော

၄၈၊ သုံးဖြာကာလ၊ နွေဒှ အာဂ်ါ၊ ခြင်းရာဒိသင်္ဘာ၊သုံး
စပ်, လေးလွှာ၊ ဝဋ်သုံ.ဖြာ မှတ်ပါ—နွေးမှုလ၊
၄၉၊ ဝိဇ်္ဇ,သင် တိတာ၊ ဇာ,ဇရာနှင့်၊ မရဏာ-နာဂတ်၊
လယ်ရှစ်ရပ်၊ မှတ်လော-ပစ်ကာလ။

၅၀၊ အင်-ဆယ့်နှစ်မှာ၊ ဝိဇ္ဇာစရိ၊ တိုင်ဘိ—ဇရာ၊ မရ
ဏာဝထိ၊ သေဒကာဒိ၊ မှတ်သိ ကျိုးဆက်မျှ၊

နည်းသည် အကြောင်းပစ္စည်းနှင့် အဂျိုးပစ္စယုပ္ပန်တို့ အချင်းချင်း ဆက်စပ် ဖြစ်ပေါ်ကြပုံ အလုံးစုံကို ပြဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် နည်းသာတည်း။

၄၈။ ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ကာလသုံးပါး, အင်္ဂါတဆယ့်နှစ်ပါး, အခြင်းအရာ နှစ်ဆယ်, သုံးသွယ်သောအစပ်, လေးရပ်အလွှာ, သုံးဖြာသော ဝဋ်တရားနှင့် မူလနှစ်ပါးတို့ကိုလည်း မှတ်သားရာ၏။

၄၉၊ ထိုတွင် အဝိဇ္ဇာ, သင်္ခါရကား အတိတ်ကာလ၊ ဇာတိ, ဇရာ-မရဏာကား အနာဂတ်ကာလ၊ ဝိညာဏ်,နာမ်-ရုပ်,သင်္ဠာယတန, ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်, ကမ္မဘဝ ဟု ဆိုအပ်သော အလယ်ရှစ်ပါးကား ပစ္စုပ္ပန်အကျိုးများ ဖြစ်ကြသောကြောင့်ထင်း, အနာဂတ် အကြောင်းများဖြစ်ကြသောကြောင့်ထင်း ပစ္စုပ္ပန်ကာလ၌ အသိုးအသိမ်း ဖြစ်ကြသော တရားတို့တည်း။

၅၀။ အင်္ဂါအားဖြင့် "အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်, နာမ်-ရုပ်,သင်္ဠာယတန, ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်, ဘဝ,ဇာတိ,ဇရာ-မရဏာ" ဟူ၍ တဆယ့်နှစ်ပါးရှိ၏။သောက-စသော ငါးပါးတို့သည် ပဋိစ္စသမုပ္ပါဒ် အင်္ဂါများ မဟုတ်ကြ၊ ဇာတိ၏အကျိုးဆက်များသာတည်း။ ဇရာ-မရဏာကား ဇာတိ၏ မူလအကျိုးဖြစ်ခြင်းကြောင့် တရားနှစ်ပါးကို တပေါင်းတည်းပြု၍ အင်္ဂါတပါးအဖြစ်ဖြင့် ဧရတွက်ရ၏။

၅၁။ ဝိဇ်,သင်ယူက၊ ဏ္ဍာ,ဥ,ဘကို၊ ယင်းကိုထဖန်၊
ယူလေပြန်၊ မှတ်ရန် ဝိဇ်,သင်ရ၊
၅၂။ ဇော,ဇရာ-မရဏာ၊ ယူလေကလျှင်၊ဝိညာဏ်စလတ်၊
ကျိုးငါးရင်၊ယူအပ်အကုန်ပြ၊

၅၁။ အင်္ဂါတဆယ့်နှစ်ပါးတွင် အဝိဇ္ဇာ,သင်္ခါရနှစ်ပါးကို ယူသဖြင့် အဝိဇ္ဇာနှင့် ကိလေသာဝဋ်ချင်းတူသော တဏှာ,ဥပါဒါန်ကိုငင်း,သင်္ခါရနှင့် ကမ္မဝဋ်ချင်းတူသော ကမ္မဘဝကိုငင်း ယူအပ်သောကြောင့် ''အဝိဇ္ဇာ, သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ'' ငါးပါးကား အတိတ်အကြောင်းတရားတည်း။ တဏှာ, ဥပါဒါန်, ဘဝသုံးပါးကို ယူပြန်ကလည်း တဏှာ, ဥပါဒါန်နှင့် ကိလေသာဝဋ်ချင်းတူသော အဝိဇ္ဇာကိုငင်း, ကမ္မဘဝနှင့် ကမ္မဝဋ်ချင်းတူသော သင်္ခါရကိုငင်း ယူအပ်သောကြောင့် ''တဏှာ, ဥပါဒါန်, ဘဝ,အဝိဇ္ဇာ,သင်္ခါရ'' ငါးပါးကား ပစ္စုပ္ပန်အကြောင်းတရားတည်း။

၅၂။ ဇာတိ,ဇရာ မရဏာ သုံးပါးကို ယူသဖြင့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးငါးပါးကိုလည်း ယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ဇာတိ,ဇရာ-မရဏာ သုံးပါးကား တရားကိုယ် သီးခြားမရှိ။ ဝိညာဏ်စသော အကျိုးငါးပါးတို့၏ ဖြစ်ဆဲ, ရင့်ဆဲ,ပျက်ဆဲ အခိုက်အတန့်ကို '' ဇာတိ,ဇရာ-မရဏာ'' ဟု ဆိုရသောကြောင့် ထိုတရားသုံးပါးကိုယူလျှင် ဝိညာဏ်-စသော ငါးပါးကိုလည်း ယူပြီး ဖြစ်လေသည်။ ထို့ကြောင့် ''ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ,ဝေဒနာ'' ငါးပါးကား ပစ္စုပ္ပန်အကျိုးလည်း မည်၏။ အနာဂတ် အကျိုးလည်း မည်၏။

၁၃၊ အာတိတ်– ကြောင်းငါး၊ ကျိုးငါး-ပစ္စုပ္ပါ၊ ပစ္စုပ္ပ-
ကြောင်းပဉ္စ၊ နောင်- ကျိုးပဉ္စ၊ ခဏ်ုထွင်သိကုန်ကြ၊
၁၄၊ ဤသို့ပြုရာ၊ ခြင်းဝိသာ၊ လေးလွှာ, သုံးစပ်ရ၊
၁၅၊ ဝိဇ်, ဏှာ, ဥပမှာ၊ ကိလေသာဝင်္၊ ကမ္မဝင်္မူ၊
သခ်ါယူ၊နည်းတူကမ္မ-စိတ်ဘဝ၊

၁၃။ အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်,ဘဝ ဟူသော အတိတ် အကြောင်းငါးပါး၊ ဝိညာဏ်,နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုးငါးပါး၊ တဏှာ,ဥပါဒါန်,ဘဝ,အဝိဇ္ဇာ,သခ်ါရ ဟူသော ပစ္စုပ္ပန်အကြောင်းငါးပါး၊ ဝိညာဏ်,နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အနာဂတ်အကျိုးငါးပါးတို့ကို ပေါင်းလျှင် (၅ + ၅ + ၅ = ၂၀)အခြင်းအရာ နှစ်ဆယ်ဖြစ်၏။

၁၄။ ဤအခြင်းအရာ နှစ်ဆယ်၌ပင် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန် အကျိုးတို့၏ စပ်ခြင်းတစပ်, ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတို့၏ စပ်ခြင်းတစပ်, ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏ စပ်ခြင်း တစပ်အားဖြင့် အစပ်သုံ့ပါး ဖြစ်၏။ ထို့ပြင် အတိတ်အကြောင်း ငါးပါးတလွှာ, ပစ္စုပ္ပန်အကျိုးငါးပါးတလွှာ, ပစ္စုပ္ပန်အကြောင်းငါးပါး တလွှာ၊ အနာဂတ်အကျိုးငါးပါးတလွှာအားဖြင့် အလွှာလေးလွှာဖြစ်၏။

၁၅။ အင်္ဂါတဆယ်နှစ်ပါးဌာန အဝိဇ္ဇာ,တဏှာ, ဥပါဒါန် သုံးပါးတို့ သည် ကိလေသာ အမည်တူ တရားများ ဖြစ်ကြသောကြောင့် ‘‘ကိလေသဝင်္’’ တို့ မည်ကုန်၏။သခ်ါရ နှင့် ကမ္မဘဝ တစိတ်တို့သည် လောကီကုသိုလ်, အကုသိုလ် စေတနာကံ တည်းဟူသော အမည်တူတရားများ ဖြစ်ကြသောကြောင့် ‘‘ကမ္မဝင်္’’ တို့ မည်ကုန်၏။ ဤ၌ ဘဝ၏အရ ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးဝယ် သခ်ါရနှင့် ကမ္မဝင်္ချင်းတူသော

၅၆။ ဘဝစိတ်-ဥ၊ ကြွင်းရှင်ဘက်၊ ဝဠုပါက်၊ပေါင်း ချက်-တိဝန္ဒု၊

၅၇ ဆရိဖ်, တဏှာ၊ ဒွယာဝဠုမြစ်၊ ထိုမြစ်နှစ်သွယ်၊ ချုပ်ရာဝယ်၊ပျောက်ကွယ်လုံး၀-ဝဠုဒုက္ခ။

ကမ္မဘဝတစိတ်ကိုသာ ယူစေလို၍ "နည်းတုကမ္မ - စိတ်ဘဝ" ဟု ရေးစပ်တော် မူ၏။ .

၅၆။ ဥပပတ္တိဘဝတစိတ်နှင့်တကွ ကြွင်းသော ဝိညာဏ်, နာမ်-ရုပ်, သဠာယတန,ဖဿ,ဝေဒနာ, ဇာတိ, ဇရာ-မရဏတို့သည် အကျိုးတရား တို့ချည်း ဖြစ်ကြသောကြောင့် "ဝိပါကဝဋ်" တို့ မည်ကုန်၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်တရား၌ ကိလေသာဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဟူ၍ ဝဋ်သုံးပါး ရှိ၏။

၅၇။ ဤ ပဋိစ္စသမုပ္ပါဒ် တရားအပေါင်း၌ ရှေ့ခြောက်ပါး၏ အကြောင်းရင်းမူလ ပဓာနဖြစ်သော အဝိဇ္ဇာတည်းဟူသော ဝဋ်မူလ တပါး၊ နောက်ခြောက်ပါး၏ အကြောင်းရင်းမူလ ပဓာနဖြစ်သော တဏှာတည်းဟူသော ဝဋ်မူလတပါးအား ဖြင့် ဝဋ်မြစ်နှစ်ပါး ရှိ၏။ ဤဝဋ်မြစ်နှစ်သွယ် ချုပ်ကွယ် ကုန်ဆုံးစေနိုင်ပါက သံသရာ ဝဋ်ဒုက္ခ အမျိုးမျိုးမှ ကျွတ်လွတ် ထွက်မြောက်ရသည်သာတည်း။ယင်းသို့ အဝိဇ္ဇာ, တဏှာတည်းဟူသော ဝဋ်မြစ် နှစ်ပါးရှိသော်လည်း အဝိဇ္ဇာသာလျှင် စင်စစ်အကြောင်းရင်းဖြစ်၍ ပြဋ္ဌာန်းသော အကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာကို ဒေသနာ၏ အစအရင်းကထား၍ ဟောကြား တော်မူအပ်၏။ (ဤကား သံသရာစက်ပြဿနာကို ပြဆိုအပ်သော အကျဉ်းစကားရပ် တည်း၊)

၅၈၊ အိုခြင်း, သေခြင်း၊ တွေဝေခြင်းဖြင့်၊ ပြင်းစွာမပြတ်၊ နှိပ်စက်အပ်ကုန်၊ လုံးစုံသတ္တဝါ၊ အာသဝေါ၊ ထင်ခါဖြစ်ကုန်ကြ။

၅၉၊ ယင်းသို့ဖြစ်ခါ၊ အဝိဇ္ဇာဝေါတ်၊ ထက်ကြပ်မကွာ၊ ပေါ်လေရာ၊ သင်္ခါရာစု၊ ဖြစ်ပြုန်ကြ၊

၆၀၊ ဤသို့ဆစု၊ မထင်ကြဘဲ၊ သုံးဘုံထဲဝယ်၊ အမြဲလည်ကြ၊ ဝဋ်ဒုက္ခကို၊ ဘိုဘုန်းမှ၊ မိန့်ဆို-ပဋိစ္စ၊

၅၈။၅၉။ အိုခြင်း, သေခြင်း, တွေဝေခြင်းတို့ဖြင့် ပြင်းစွာမပြတ် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရား လေးပါးတို့ ဖြစ်ကုန်၏။ ယင်းသို့ အာသဝေါတရားတို့ ဖြစ်ကြသောအခါ၌ အဝိဇ္ဇာဝေါတ်လည်း ထက်ကြပ်မကွာ ပါလာပြန်၏။ သို့ဖြစ်၍ အဝိဇ္ဇာဖြစ်ခြင်းအကြောင်းရင်းကား အာသဝေါတရား လေးပါးတို့သာတည်း။ အာသဝေါတရား လေးပါးဖြစ်ခြင်းကြောင့် အဝိဇ္ဇာဝေါတ် ထက်ကြပ်မကွာ ဖြစ်လာပြန်ယျင် သင်္ခါရ-စသည်တို့လည်း အချင်းချင်း အကြောင်း, အကျိုး စပ်ကာ ဖြစ်ကြပြန်သတည်း။

၆၀။ အနမတဂ္ဂအစမထင် သံသရာတွင်၌ အိုခြင်း, သေခြင်း-စသည်ကြောင့် အာသဝေါတရားတို့ဖြစ်၊ အာသဝေါတရားတို့ကြောင့် အဝိဇ္ဇာဖြစ်၊ အဝိဇ္ဇာစသည်ကြောင့် သင်္ခါရစသည် ဖြစ်။လ။ဇာတိကြောင့် ဇရာ-မရဏာ စသည်ဖြစ်၏။ ယင်းသို့ အိုခြင်း, သေခြင်း တည်းဟူသော ဇရာ-မရဏာ ဖြစ်ပြန်လျှင် အာသဝေါတရားတို့ ဖြစ်ကြပြန်၏။အာသဝေါတရား တို့ ဖြစ်ကြပြန်လျှင် အဝိဇ္ဇာဝေါတ် ထက်ကြပ်မကွာ ပါလာပြန်၏။အဝိဇ္ဇာ ဖြစ်ပြန်လျှင် သင်္ခါရစသည် ဖြစ်ကြပြန်၏။ဤသို့လျှင် ဘုံသုံးပါး၌ အဆက်မပြတ်အောင် ရဟတ်ပမာ ချာချာလည်နေကြသည့် ဝဋ်ဒုက္ခအပေါင်းကို

၆၁၊ ဟေတုစသည်၊ ဝတ္ထုဒိသ၊ပစ္စယ၊နာမပဋ္ဌာန်းနည်း။
၆၂၊ ညောင်ပင်ကြီးဝယ်၊ အမြစ်နှယ်သို့၊ တည်ဘွယ်
ပြိတတ်၊သဟဇာတ်၊မှတ်လေ-ဟေပစ္စည်း။

''ပဋိစ္စသမုပ္ပါဒ်တရား'' ဟူ၍ ဗြတ်စွာဘုရား ဟောကြားတော် မူအပ်သတည်း။ (ဤကား သံသရာစက်ရဟတ် အဆက်မပြတ် လည်နေပုံကို ပြဆိုခြင်းတည်း။)

ပဋိစ္စ သမုပ္ပါဒ်နည်း ပြဆိုခဏ်း ငြီး၏။

၆၁။ ပဋ္ဌာန်းကျမ်းကြီး၌ ဟေတုပစ္စယော, အာရမ္မဏပစ္စယော အစရှိကုန်သော နှစ်ဆယ့်လေးပစ္စည်းတို့ကို ဒုကျဉ်းနည်း, မကျဉ်း မကျယ်နည်း, အလွန်ကျယ်ဝန်း ခက်ခဲလှသောနည်း အသီးသီးတို့ဖြင့် အံ့ချီးဘွယ်ရာ တန်းဆာဆင်၍ ဟောကြားတော် မူအပ်ကုန်၏။ ထို ပဋ္ဌာန်းကျမ်းကြီး၌ ဟောကြားတော်မူအပ်သော နည်းအလုံးစုံတို့ကို ပြည့်စုံအောင် ဤ၌ ပြဆိုမည်မဟုတ်သော်လည်း ထိုနည်းတို့၏ တစိတ် တဒေသမျှကို ပြဆိုအပ်သောကြောင့် ''ပဋ္ဌာန်းနည်း'' ဟူ၍ပင် ခေါ်ရ၏။ ထို ပဋ္ဌာန်းနည်း နှစ်ဆယ့်လေးပစ္စည်းတို့ကို အသီးအသီး ထုတ်ဆောင်ပြဆိုပေအံ့။

၆၂။ **ဟေတုပစ္စည်း** ဟူသည် သမ္မယုတ်တရားအပေါင်း၏ တည်ရာတည်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဟိတ်ခြောက်ပါးတရားတည်း။ ပင်ညောင်ပင်၏ ရှေးဦးက မြစ်မသည် ပင်စည်နှင့်တကွ အကိုင်း, အရွက်စသည်တို့ကို ကောင်းစွာ ခိုင်မြဲ တည်တန့်စေသည်၏ အဖြစ်ဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ဟိတ်ခြောက်ပါး တရားတို့သည်လည်း ဖြစ်ဖေါ်-ဖြစ်ဘက် သဟဇာတ်တရားအပေါင်းအား ထောက်ပံ့သမှု ကျေးဇူးပြုကုန်၏။

၆၃။ စိတ်,စေဆေးပါင်း၊ဖြစ်ဘည့်ကြောင်းမှန်၊ဆွဲကိုင်ခံနှင့်၊ တွယ်ရန်အမှု၊ ကျေးဇူးပြု၊ မှတ်ရှု-အာပစ္စည်း။

၆၄။ ကိုယ်နှင့်မကင်း၊ စပ်လျဉ်းဖြစ်ကြ၊ ဓမ္မဘို့ထည့်း၊ ကြိုးအကဲမှန်၊ ရှိသေခံမှု၊ ကျေးဇူးပြု၊ မှတ်ရှု-ဓိပစ္စည်း။

၆၃။ အာရမ္မဏပစ္စည်း ဟူသည် စိတ်,စေတသိက် တရား၊အပေါင်းတို့ ဖြစ်ချဖြစ်ကြောင်း, တည်ရာတည်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အာရုံခြောက်ပါး တရားတည်း၊ ဒွန်အား၊ဗလ နွမ်းလျဆုတ်ယုတ်သည့် ဇရာဒုဗ္ဗလပုဂ္ဂိုလ်သည် ကြိုးတန်း, တောင်ဝှေး စသည်ကို မှီတွယ် ဆွဲကိုင်၍ လျောင်းခြင်း,ထိုင်ခြင်း စသည်ကို ပြုရာ၌ ကြိုးတန်း, တောင်ဝှေး စသည်သည် မှီတွယ်ရာ ဆွဲကိုင်ရာ အဖြစ်ဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အာရုံခြောက်ပါး တရား၊အပေါင်းသည်လည်း စိတ်, စေတသိက်အပေါင်းတို့၏ မှီတွယ်ဆွဲကိုင်ရာ အဖြစ်ဖြင့် ထောက်ပံ့သမှု ကျေးဇူးပြု၏။

၆၄။ အဓိပတိပစ္စည်း ဟူသည် မိဒ်နှင့်မကင်း စပ်လျဉ်းဖြစ်ကြသည့် တရား၊အပေါင်းတို့၌ ကြိုးကဲအစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဒိဗံသ လေးပါးတို့ဝင်း။ စကြာမင်းသည် တပါး၊သော မင်းတို့၏ ကြိုးကဲ-အစိုးရခြင်းကို တား၊မြစ်၍ ကြိုးကဲ-အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ထို့အတူ အဓိပတိလေးပါး ပစ္စည်းတရားတို့လည်း တရာ၊တပါးတို့ ကြိုးကဲ-အစိုးရခြင်းကို တား၊မြစ်၍ ထောက်ပံ့သမှု ကျေးဇူးပြု၏။

၆၅။ မိမိနောက်ချက်၊ ခြားမစွက်ဘဲ၊ မပျက်ဖြစ်ရန်၊ ကျေးဇူးဘန်၊ ဆနန်-မည်ပန္ဆယ်း။

၆၆။ ဤပန္ဆယ်းချက်၊ နာမ်ချင်းယှက်ကြောင့်၊ ဆက် မထင်ဟန်၊ အကြောင်းခံ၊ သမနန်– မည်ပန္ဆယ်း။

၆၅။ **အနန်ရပန္ဆယ်း** ဟူသည် မိမိချုပ်ပျက်ပြီးသည်၏ အခြားမဲ့၌ တရားတပါး ခြားမစွက်စေရဘဲ လျော်ရာလျော်ရာ စိမ့်၊ပွါး၌သာလျှင် အစဉ်မပျက်ဖြစ်လာစေရန် ကျေးဇူးပြုတတ်သော ရဟန္တာတို့၏ စုတိ ကြဉ်သော ရှေးရှေးဥဖြစ်သော စိတ်-၁၉, စေတသိက်-၅၂ တည်း။ စကြာမင်းတို့၏ တောထွက်ခြင်း စုတေသေလွန်ခြင်းသည် သားကြီး ရတနာအား ပြည့်စည်းစိမ်ကို ဆောင်နှင်း ကျေးဇူးပြုဘိသကဲ့သို့၊ ထို့အတူ အနန်ရပန္ဆယ်းကို မှတ်အပ်၏။

၆၆။ **သမနန်ရပန္ဆယ်း**သည် အနန်ရပန္ဆယ်းနှင့်တူ၏။ ဤပန္ဆယ်း နှစ်ပါးကား သဒ္ဒါမျှထူး၍ ဒေဓိပ္ပါယ်မထူးပြီ။ သို့ရာတွင် ဝေနေယျတို့၏ အဇ္ဈာသယ,ဒေသနာဝိလာသ အစွမ်းဖြင့် ပန္ဆယ်းပွား၍ ဟောကြား တော်မူ၏။ သဒ္ဒါအား ဖြင့် ထူးပုံကား ဤသို့တည်း။ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အနန်ရပန္ဆယ်းမည်၏။ ရုပ်ကလာပ်အစု အဝေးတို့ကဲ့သို့ အသွင်,သဏ္ဌာန်မရှိဘဲ ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် သမနန်ရပန္ဆယ်းမည်၏။ ထင်ရှား စေအံ့ - ရှေးရှေးစိတ်တို့၏ချုပ်ခြင်း, နောက်နောက်စိတ်တို့၏ ဖြစ်ခြင်းဥ စိတ္တနိယာမအစဉ်အား ဇလျော်စွာ အကြားမရှိသည်ဖြစ်၍ မပြတ်ဖြစ်ခြင်းငှါ စွမ်းနိုင်သည်၏ ဒေဖြစ်သည် အနန်ရပန္ဆယ်းမည်၏။ ရုပ်ကလာပ်တို့ကဲ့သို့ အသွင်,သဏ္ဌာန်မရှိသောကြောင့်ဂုဏ်း,ပန္ဆယ်း,ပန္ဆယုပ္ပန်တို့ တက္ခဖြစ်ပေါ် တည်နေရာဌာန မရှိသောကြောင့်ဂုဏ်း ဤတရားသည် ဤတရားအောက်က ဤတရားသည် ဤတရားအထက်က ဤတရားသည် ဤတရား၏ ဖလ-နံဘေးက ဖြစ်သည်ဟု ဝေဘန်အပ်သည်၏ အဖြစ်မရှိဘဲ မိမိနှင့်

၆၇။ ဆိမိုးအာလင်း၊ ဖြစ်စေခြင်းနည်း၊ ကိုယ်လည်း ဖြစ်ဆဲ၊ ကိုယ့်ကိုစွဲ၍၊ မကွဲတူကွ၊ မြိုင်ပေါ်ရ၊ သဟ-မည်ပစ္စည်း။

၆၈။ သဟာတွင် ထုတ်၊ ဝက်ခွတုပ်ဟန်၊ ပြန် အာလုန်၊ ပြုပြန်-အဉ်ပစ္စည်း။

တပြိုင်တည်း ဖြစ်သကဲ့သို့ ရှေ့ရှုဆောင်၍ ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည် သမနန္တရပစ္စည်းမည်၏။

၆၇။ **သဟဇာတပစ္စည်း** ဟူသည် မိမိလည်း ဖြစ်ဆဲဖြစ်၍ မိမိကိုစွဲ၍ ဖြစ်ကြသော သဟဇာတ်တရားတို့အားလည်း တကွဖြစ်စေခြင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။ ဆိမိုးသည် အလင်းရောင်အား တကွ ဖြစ်ခြင်းငှါ ထောက်ပံ့-ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ မိမိလည်းဖြစ်ဆဲ, မိမိကိုစွဲ၍ တကွဖြစ်ကြသော သဟဇာတ်တရားအပေါင်းအားလည်း တကွ ဖြစ်စေခြင်းငှါ ထောက်ပံ့-ကျေးဇူးပြု၏။

၆၈။ **အညမညပစ္စည်း** ဟူသည် တပါးသည် တပါးအား ဖြစ်စေခြင်းငှါ အချင်းချင်း ကျေးဇူးပြုတတ်သောတရားတည်း။ လှံတန်သုံးချောင်းကို ဝက်ခွတုပ်၍ စိုက်ထောင်ထား၍သည်ရှိသော် လှံတန်သုံးချောင်းသည် တချောင်းသည်တချောင်းအား ထောက်ပံ့-ခိုင်ခံ့စေဘိသကဲ့သို့၊ ထို့အတူ တကွဖြစ်ဖော်-ဖြစ်ဘက်တရားချင်းချင်း တပါးသည် တပါးအား အပြန်အလှန် ထောက်ပံ့-ကျေးဇူးပြု၏။ သဟဇာတပစ္စည်းကား မိမိနှင့်တကွ ဖြစ်ကာမျှဖြင့် ကျေးဇူးပြု၏။ အညမညပစ္စည်းကား၊ တကွဖြစ်ကာမျှဖြင့် ကျေးဇူးမပြုသေး။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်မှသာလျှင် ပြု၏။ ထို့ကြောင့် သဟဇာတပစ္စည်း ဖြစ်တိုင်း အညမညပစ္စည်းမဖြစ်။ အညမညပစ္စည်း ဖြစ်လျှင်ကား သဟဇာတပစ္စည်း ဖြစ်သည်သဘ့တည်း။

၆၉၊ မြေကြိုး, ဆေးကား၊ နှစ်ပါး အစည်၊ သစ်ပင် ရုပ၊ပမာဏသို့၊ သဟဇာစု၊ တည်မှီမှု၊ ပြုလေ-နိသပန္ဆည်း၊

၇၀၊ တရားတပါး၊ ထင်ရှားဖြစ်ခြန်၊ ထောက်ပံ့ခံမှု၊ အားကြိုးပြု၊ဥပနိသပန္ဆည်း၊

၇၁၊ ရှေးဦးဖြစ်ရပ်၊ နောက်သုတ် ပေါ်လာ၊ နာမ် ခန္ဓာစု၊ဖြစ်တည်မှု ပြုရာ-ပူပန္ဆည်း၊

၆၉။ **နိဿယပန္ဆည်း** ဟူသည် သဟဇာတ်တရားအပေါင်းတို့၏ တည်ရာ-မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။ မြေကြိုးသည် သစ်ပင်တောတောင် စသည်တို့၏ တည်ရာ-မှီရာ ဖြစ်သကဲ့သို့ငင်း, အဝတ်ပုဆိုးသည် ရေးချယ်ချေမှုန်းအပ်သော ပန်းချီဆေးတို့၏ တည်ရာ-မှီရာ ဖြစ်သကဲ့သို့ငင်း၊ ထို့အတူ သဟဇာတ်ဖြစ်သော တရားအပေါင်း၏ တည်ရာ-မှီရာ အဖြစ်ဖြင့် ထောက်ပံ့သမှု ကျေးဇူးပြု၏။

၇၀။ **ဥပနိဿယပန္ဆည်း** ဟူသည် ပစ္ဆယုပ္ပန်တရားအပေါင်းတို့ ထင်ရှားစွာ ဖြစ်ပေါ်လာကြစေရန် အားကြိုးသော မှီရာအကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားတည်း။ မိုးယံးကာလ မိုးယံးအခါ၌ ရှာသွန်းအပ်သော မိုးယံးသည် ကြီးပွားဆဲ, ကြီးပွားလတံ့ဖြစ်ကြသော ကောက်-ပဲ စသည်တို့၏ အားကြိုးသော မှီရာအကြောင်း ဖြစ်သကဲ့သို့၊ ထို့အတူ မိမိကိုအစွဲပြု၍ ဖြစ်လာကြမည့် ပစ္ဆယုပ္ပန်တရားအပေါင်းတို့၏ အားကြိုးသော မှီရာအကြောင်း အဖြစ်ဖြင့် ကျေးဇူးပြု၏။

၇၁။ **ပုရေဇာတပန္ဆည်း** ဟူသည် ပစ္ဆယုပ္ပန်တရားတို့၏ ရှေးဦးစွာ ဖြစ်နှင့်၍ မိမိထင်ရှားရှိတုံးဆဲဆဲ၌သာလျှင် နောက်မှ ဖြစ်လာမည့် နာမကွဲန္ဓာ-ပစ္ဆယုပ္ပန်တရားအပေါင်း၏ တည်ရာ-မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုသော တရားတည်း။

၇၂။ လင်းတငယ်မှာ၊ ဟာရာသာသို့၊ ပန္ထွာနာဓိမှ၊
ရှေးရှုပ၊ထောက်မ-ပစ်ပစ္ခဉ်း၊
၇၃၊ ရှေးရှေး ကျွမ်းဂန်၊ နောက် ကျွမ်း ဂန်ဆေား၊
ကြိုးပွား စေမှု၊ ဆထုံ ပြုသို့၊ ရှေးဇောဒုပု၊
နောက်ဖောပြု၊ထုံမှ-ဆေပစ္ခဉ်း၊

၇၂။ ပန္ထာဇာတပစ္ခဉ်း ဟူသည် ပစ္ခယုပ္ပန်တရား၌ ဖြစ်ပြီး နောက်မှ ပစ္ခဉ်းတရား ဖြစ်လာ၍ ထောက်ပံ့ ကျေးဇူးပြုတတ်သော နာမက္ခန္ဓာလေးပါး တရားအပေါင်းတည်း။ ထိုထို၌၌ အရပ်သို့ ပျံသန်းခြင်းငှါ မစွမ်းနိုင်ကြသေးသော လင်းတငယ်တို့၏ ရူပကာယအား အစာတည်းဟူသော ကမ္မဇကာရူပဟာရ၌ တောင့်တခြင်း တဏှာ အာသာ စေတနာသည် မသေမပျက် အသက်ရှင်လျက် နေနိုင်ကြရန် စတု သမုဋ္ဌာနိက ရူပကာယအား ထောက်ပံ့-ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ နောက်မှဖြစ်သော နာမက္ခန္ဓာလေးပါး ပစ္ခဉ်းတရားသည် ရှေးဦးစွာ ဖြစ်နှင့်သော စတုသမုဋ္ဌာနိက ရူပကာယအား ကျေးဇူးပြု၏။

၇၃။ အာသေဝနပစ္ခဉ်း ဟူသည် အဖန်တလဲလဲ မှီဝဲဆည်းပူး အလိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဆုံးဇော, မဂ်ဇော, ဖိုလ်ဇော ကြဉ်သော ရှေးရှေးဥ ဖြစ်သော လောကီဇော သတ္တစတ္တာလိသ, စေတသိက် ဒွေပညာသတည်း။ ရှေးရှေးဥ လေ့ကျက်အလိပြီးသော ကျွမ်းဂန်သည် နောက်နောက်ဥ လေ့ကျက်အလိသော ကျွမ်းဂန်အား အဖန်တလဲလဲ မှီဝဲဆည်းပူးခြင်းဖြင့် ချမ်းသာ လွယ်ကူစေရန် ကျေးဇူး ပြုသကဲ့သို့၊ထို့အတူ ရှေးရှေးဥဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာ ဇောသည် နောက်နောက်ဥ ဖြစ်သော ဇာတ်တူဇောအား အဖန်တလဲလဲ မှီဝဲ ဆည်းပူးအလိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။

၇၄၊ စိတ်ဇော်လှုံ့ဆော်၊ ဆာဟုန်ပေါ်မှု၊ ကျေးဇူးပြု၊ မည်မှု - ကမ်ပစ္စည်း။

၇၅၊ ကျိုးတရားမှာ၊ ဗျာပါမဘက်၊ ကိုယ်ငြိမ်သက်ဟန်၊ ကိုယ့်နည်းခံ၍၊ ရုပ်,နာမ်ဖြစ်စေ၊ထောက်ပံ့ပေ၊ ပါဂေ-မည်ပစ္စည်း။

၇၆၊ တူဖြစ်ရုပ်, နာမ်၊ အိမ်ကျားကန်သို့၊ ထောက်ခံကြံ့ခိုင်၊ မယိမ်းယိုင်ရ၊ ကူညီမ၊ ဟာရ- မည်ပစ္စည်း။

၇၄။ **ကမ္မပစ္စည်း** ဟူသည် စိတ်၏ အဟုန်, စိတ်၏အမှုအရာ တည်းဟူသော လှုံ့ဆော်မှုဖြင့် ကျေးဇူးပြုတတ်သော စေတနာပင်တည်း။ သရက်မျိုးစေ့သည် သရက်ပင်ပေါက်ခြင်းငှါ လှုံ့ဆော်ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ သဟဇာတ်နာမ်,ရုပ်အပေါင်းအား၎င်း,ဝိပါက်နာမကွန္ဓာ ကဋတ္တာရုပ်အား၎င်း လှုံ့ဆော် ပြုပြင်-စိုရင်ပေးခြင်းဖြင့် ကျေးဇူးပြု၏။

၇၅။ **ဝိပါကပစ္စည်း**ဟူသည် အကျိုးပစ္စယုပ္ပန်ဖြစ်သော သဟဇာတ်နာမ်, ရုပ်အပေါင်း၏ ဗျာပါရမဘက် ငြိမ်သက်အေးချမ်းစွာ ဖြစ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။ လေပြေ-လေအေးသည် ဘိုက်ခပ်ပွေရမ်းအပ်သော သူအား ကိုယ်,စိတ်မပန်း အေးချမ်းမှုကို ဖြစ်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ မိမိလည်း ဗျာပါမဘက် ငြိမ်သက်အေးချမ်းစွာ ဖြစ်၍ မိမိတည်းဟူသော အကြောင်းကြောင့် ဖြစ်ကြသော သဟဇာတ်နာမ်ရုပ်တို့အားလည်း ဗျာပါမဘက် ငြိမ်သက် အေးချမ်းစွာ ဖြစ်စေခြင်းငှါ ကျေးဇူးပြု၏။

၇၆။ **အာဟာရပစ္စည်း** ဟူသည် အဝတ္ထုတကွ ဖြစ်လာကြသော နာမ်,ရုပ်တို့အား ထောက်ခံကြံ့ခိုင် စေသည်၏ အဖြစ်ဖြင့် ကျေးဇူး

၇၇။ ကိုယ့်အမှတ္တင်၊ ကိုယ်လျှင်စိုးပိုင်၊ ကိုယ်သဘ
နိုင်လျက်၊ ထောက်ပံ့ချက်၊ မိန့်ခြွက်-ဈာန်ပစ္စည်း။
၇၈။ အာရုံတွင်ကပ်၊ မြဲကြပ် ပြင်း ပြင်း၊ ကြည့်ရှု
ခြင်းဖြင့်၊ အကြွင်းယှဉ်ဘက်၊ ထောက်ပံ့ချက်၊
မိန့်ခြွက်-ဈာန်ပစ္စည်း။

ပြုတတ်သော တရားတည်း။ ဖရိဖရဲ ပြိုလဲအုံဆဲဆဲ ဖြစ်သော အိမ်အိုကြီး
ကို ကျားတို့ဖြင့် ထောက်ကန်အပ်သည် ရှိသော် မယိမ်းယိုင်ဘဲ ခိုင်မြဲ
တည်နေနိုင်ဘိသကဲ့သို့၊ ထို့အတူ မိမိနှင့် ဖြစ်ဖေါ်-ဖြစ်ဘက် နာမ်ရုပ်တို့
အား ဖရိဖရဲ ပြိုလဲယုတ်စီးခြင်း မရှိရအောင် ကျေးဇူးပြု၏။

၇၇။ ဈာန်ပစ္စည်း ဟူသည် မြင်မှု, ကြားမှု-စသော မိမိ၏အမှ
ကိစ္စ၌ စက္ခုဝိညာဏ်စသော ပစ္စယုပ္ပန်တရားတို့ကို မိမိသာလျှင် စိုးပိုင်၍
မိမိ၏အလိုနှင်ဆဲသို့ လိုက်စေလျက် အစိုးရခြင်းအဖြစ်ဖြင့် ထောက်ပံ့
တတ်သော တရားတည်း။ တိုင်းနိုင်ငံတခုတည်း၌ သီးခြား, သီးခြား
အုပ်ချုပ်၍ မင်းလုပ်သူတို့သည် တယောက်သည် တယောက်၏ အစိုးရ
မှုကို ဝိတ်ပင်ခြင်းမရှိဘဲ မိမိနယ်ပယ်အတွင်းရှိ လူအပေါင်းအား မိမိ
အလိုသို့ လိုက်စေလျက် စိုးမိုးအုပ်ချုပ်ဘိသကဲ့သို့၊ ထို့အတူ ဈာန်ပစ္စည်း
တရားတို့သည် မြင်ခြင်း, ကြားခြင်း-အစရှိသော ကိုယ့်ကိစ္စ-
ကိုယ့်အမှု၌ ကိုယ်သာစိုးပိုင်, ကိုယ်သာနှိုင်၍ ကျေးဇူးပြုကုန်၏။

၇၈။ ဈာနပစ္စည်း ဟူသည် အာရမ္မဏူပနိဇ္ဈာန်,လက္ခဏူပနိဇ္ဈာန်
တို့ကို အဖန်ဖန်အထပ်ထပ် ကပ်၍ရှုခြင်း, ကြိုခြင်း၏အစွမ်းဖြင့် ကျေးဇူး
ပြုတတ်သော ဈာနင်ငါးပါးတို့တည်း။ သစ်ပင်ဈေး, တောင်ထိပ်ဖျား
စသည်တို့၌ တက်ရောက်နေသူသည် အောက်၌ရှိသော အပေါင်းအဖေါ်
တို့အား အဝေးစကား, အနီးစကားတို့ဖြင့် ပြောကြားခြင်းအစွမ်းဖြင့်

၇၉။ ဒု, သူ, နိဗ္ဗာန်၊ ပြည့်သုံး တန်သို့၊ ရောက်ရန် ထုတ်ဘွယ်၊ ကျေ ဇူးကြွယ်၊ ဆောင်သွယ်- မဂ် ပစ္စည်း။

၈၀။ ဖြစ်, ချုပ်, ဆာ, ဒို၊ တူညီနာဓိရ၊ ရောယှက်ပြုခါ၊ ချင်းချင်းသာ၊ ထောက်ရာ- သမ်ပစ္စည်း။

ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ဝိတက် - စသော ဈာနင်တရားတို့သည် သဟဇာတ် နာမ်,ရုပ်တို့အား ကသိုဏ်း-စသော အာရုံတို့ကို အဖန်ဖန် အထပ်ထပ် ကပ်၍ရှုစေခြင်း-ကြိုစေခြင်းအစွမ်းဖြင့် ကျေးဇူးပြုကုန်၏။

၇၉။ မဂ္ဂပစ္စည်းဟူသည် သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့ဇင်း, ဒုဂ္ဂတိဘဝမှလည်း သုဂတိဘဝနှင့် နိဗ္ဗာန်သို့ဇင်း ရောက်အောင် ထုတ်ဆောင်ကျေးဇူးပြုတတ်သော မဂ္ဂင် (၁၂) ပါးတည်း၊ မြစ်ကို ဖက်လာကူးရာ၌လေ, ဖေါင်, သင်းဘောသည် စီးနင်းလိုက်ပါသူတို့အား ဤမှာဘက်မှ ထိုမှာဘက်သို့၊ ထိုမှာဘက်မှလည်း ဤမှာဘက်သို့ ရောက်အောင် ပို့ဆောင်-ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ မဂ္ဂင် (၁၂)ပါး ပစ္စည်းတရားတို့လည်း သဟဇာတ်နာမ်ရုပ်တို့အား သုဂတိမှ ဒုဂ္ဂတိသို့ ဒုဂ္ဂတိမှလည်း သုဂတိ-နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်-ကျေးဇူးပြုကုန်၏။

၈၀။ သမ္မယုတ္တပစ္စည်း ဟူသည်တူသောဖြစ်ခြင်း,တူသောချုပ်ခြင်း, တူသောအာရုံ, တူသောမှီရာရှိကြသော နာမက္ခန္ဓာချင်းချင်း ပေါင်းသင်းရောယှက်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။ ထောပတ်, သကာ, ဆီ, ပျားဟု ဆိုအပ်သော စတုမဓုသည် အချင်းချင်း ရောယှက်ခြင်းဖြင့် သောက်ပံ့ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ နာမက္ခန္ဓာလေးပါးတို့သည် အချင်းချင်း သမ္မယောဂ လက္ခဏာတို့နှင့် ညီညွတ်စွာ ပေါင်းသင်းရောယှက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုကုန်၏။

၇၁၊ ရုပ်, နာမ်နှစ်လုံး၊ ဒိုးခံဒိတတ်၊ သဟဇာတ်ချင်း၊ စပ်ယှက်လျှဉ်းလည်း၊ မှီခြွင်းစလေ၊တူလေးထွေ၊ ကင်းကွေပြုနည်း-ဝိပဿနည်း၊

၇၂၊ ပစ္စုပ္ပန်မိမိ၊ ထင်ရှားဂိုဏ်၊ ကိုယ်၏အလား၊ တည်တပါး၊ ပြုငြား- အတိပစ္စည်း၊

၇၁။ **ဝိပဿနာဘူမိပစ္စည်း** ဟူသည် ပစ္စည်း,ပစ္စယုပ္ပန် ရောနှောဖြစ်ကြသော်လည်း ကုပ္ပါဒ-စသည်တို့ဖြင့် ပစ္စည်းနှင့်ပစ္စယုပ္ပန် မရောယှက် အချင်းချင်း ကင်းကွာလွှက် ကျေးဇူးပြုတတ်သော တရားတည်း။ အချို့, အခဲ့ဉ်, အဖန်, အခါး- စသော ရသာဓာတ်ခြောက်ပါးကို တခုသော ဟင်းလျာမျိုး၌ တဖေါင်းတည်း ရောစပ်အပ်ပါသော်လည်း သူ့အရသာ, သူ့သဘောကိုသာ ဆောင်၍ ထောက်ပံ့-ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အမှီခံဖြစ်သော ရုပ်တရားနှင့် မှီတတ်သောနာမ်တရားတို့သည် အချင်းချင်း ရောနှောဖြစ်ကြသော်လည်း ကုပ္ပါဒ-စသည်အဖြစ်မရှိကြဘဲ အထူးထူးသော သဘောရှိကုန်လျက် အချင်းချင်း ကင်းကွာ၍ ကျေးဇူးပြုကုန်၏။

၇၂။ **အဏုဝိပစ္စည်း** ဟူသည် မိမိကလည်း မျက်မှောက်၌ ထင်ရှားရှိသည်ဖြစ်၍ မျက်မှောက်သဘောရှိ၍ ထင်ရှားရှိသော သဟဇာတ်တရားအဖေါင်းအား ကျေးဇူးပြုတတ်သော တရားတည်း။ မြေ,တောင် စသည်သည် မိမိလည်းမျက်မှောက်၌ ထင်ရှားရှိသည်ဖြစ်၍ မျက်မှောက်၌ ထင်ရှားရှိကြသော မျက်,သစ်ပင်-စသည်တို့အား ထောက်ပံ့-ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အကြင်အကြင် ပစ္စည်းတရား တို့သည်၌ မျက်မှောက်၌ ထင်ရှားရှိကုန်လျက် မျက်မှောက်၌ ထင်ရှားရှိကြသော ထိုထိုပစ္စယုပ္ပန် တရားတို့အား ကျေးဇူးပြုကုန်၏။

၈၃၊ ကိုယ်က ချုပ်သျှက်၊ ကွယ်ဇေပျောက်ပျက်၍၊ နောက်ဆက်တရား၊ ဖြစ်ဘို့အား၊ ပြုငြားနှင့်-နှတ်ပစ္စည်း၊

၈၄၊ နတ္ထိပြုသျှက်၊ ကင်းသည်တွက်၊ မိန့်ဖွက်-ဝိပစ္စည်း၊

၈၅၊ အတ္ထိပြုသျှက်၊ မကင်းတွက်၊ မိန့်ဖွက်- အဝိဘည်း။

၈၆၊ နာမ်သည် နာမ်အား၊ ပြုဖြောက်ပါးနှင့်၊ ငါးပါး နာမ်, ရုပ်၊ တပါးရုပ်၊ ရုပ်လျှင် နာမ်စု- တမျိုးပြု၊

၈၇၊ ပညတ်, နာမ်, ရုပ်၊ နာမ်အား-ဒုက်၊နာမ်,ရုပ်ဒွဂု-ဒွကိုးပြု၊

၈၃။ **နတ္ထိ**ပစ္စည်း ဟူသည် မိမိဟုဆိုအပ်သော ပစ္စည်းတရားက ထင်ရှားမရှိ ချုပ်ပျောက်ဘိ၍ နောက်နောက်ဖြစ်မည့် ပစ္စယုပ္ပန်တရား အား ဖောက်ပြုတတ်သောတရားတည်း။

၈၄။ **ဝိဂတ**ပစ္စည်း ဟူသည် နတ္ထိပစ္စည်း၏ ကျေးဇူးပြုခြင်းသည် မိမိချုပ်သည်၏ အခြားမဲ့ဒဋ္ဌ ပစ္စယုပ္ပန်တရားတို့နှင့် မဆက်ဆံဘဲ ကင်း ခဲဆိတ်ဘိသကဲ့သို့ ထို့ဒေတူ ပစ္စယုပ္ပန်တရားတို့နှင့် ကင်းကွာ၍ ကျေးဇူး ပြုတတ်သော တရားတည်း။

၈၅။ **အ**ဝိဂတပစ္စည်း ဟူသည် အတ္ထိပစ္စည်း၏ ကျေးဇူးပြုခြင်း သည် မိမိနှင့်မကင်း စပ်လျဉ်းဖြစ်ဘိသကဲ့သို့ ထို့အတူ မိမိနှင့်မကင်း စပ် လျဉ်း ဖြစ်ခြင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။

၂၄-ပစ္စည်း ပြဆိုခဏ်း ပြီး၏။

၈၆။၈၇။ ပဋ္ဌာန်းနည်းအရ ပြဆိုအပ်ကုန်ပြီးသော ၂၄-ပစ္စည်း တရားတို့၌ ရှေးဦးစွာ-

၈၈။ ဤဂါထာတို့နှင့်၊ ဒွေးချုပ်စိတ်, စေ၊ နောက်ဧ်တ်, စေအား၊ ပြုပေ-ဏနှန်၊ သမနှန်၊ဝိတံ,နတ်-စတု၊
၈၉။ ဂ္ဂါ့ဇောဒီးစု၊ နောက်ဧောပြုသေ၊ စိတ်, စေသဟာဧောတ်၊ ချင်းချင်းတပ်၊ သင်္မတ် ခြောက်ခု-နာမ်ချင်းပြု။

(၁) နာမ်တရားက နာမ်တရားအား ကျေးဇူးပြုသောပစ္စည်း-၆ပါး,
(၂) နာမ်တရားက နာမ်,ရုပ်အား ကျေးဇူးပြုသောပစ္စည်း-၅ ပါး,
(၃) နာမ်တရားက ရုပ်အား ကျေးဇူးပြုသောပစ္စည်း-၁ ပါး,
(၄) ရုပ်တရားက နာမ်တရားအား ကျေးဇူးပြုသောပစ္စည်း-၁ ပါး,
(၅) ပညတ်,နာမ်-ရုပ်က နာမ်အား ကျေးဇူးပြုသောပစ္စည်း-၂ ပါး,
(၆) နာမ်,ရုပ်က နာမ်,ရုပ်အား ကျေးဇူးပြုသော ပစ္စည်း-၉ ပါး-

ဟူ၍ မာတိကာ သရုပ်ကို အကျဉ်းချုပ်အားဖြင့် ရေတွက်မှတ်သား ထားအပ်၏။

၈၈။ ထိုတွင် ရဟန္တာတို့၏ စုတိစိတ်ကြွင်သော ရှေးရှေး၌ ချုပ်လေ ပြီးသောစိတ်-၈၉, စေတသိက်-၅၂, နာမကွန်ရာလေးပါး ပစ္စည်းတရား သည် ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နေ့က်၌ ဖြစ်သော စိတ်-၈၉, စေတသိက်-၅၂ နာမကွန်ရာလေးပါး ပစ္စယုပ္ပန်တရားတို့အား "အနန္တရ,သမနန္တရ,နတ္ထိ,ဝိဂတ"ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

၈၉။ အဆုံးဧော, မဂ်ဧော, ဖိုလ်ဧော ကြွင်သော ရှေးရှေး၌ဖြစ် သော လောကီဧော သမ္ပယုတ္တာလေ်သ, စေတသိက်၌ပညာသ ဟုဆို အပ်သော "နာမ်တရားသည် ပဌမဈာ, ဖိုလ်ဧောကြွင်သော နှောက် နောက်၌ဖြစ်သော ဧော ကေပညာသ,စေတသိက် ၌ပညာသ ဟုဆို အပ်သော နာမ်တရားအား "အာသေဝန"ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အချင်းချင်းအားတပ်သော စိတ်-၈၉, စေတသိက်-၅၂,ပဝတ္တိ-ပဋိသန္ဓေ

၉၀၊ သေ–ပစ္စည်းတွက်၊ အဆုံးချက်ဧော၊ မဂ်,ဖိုလ် ဧောပယ်၊ ပစ္စယုတ်ဝယ်၊ ပယ်ရန်ဖိုလ်စုပဧောဧု၊ နာမကွန်္ဓာလေးပါး နာမ်တရားသည် အချင်းချင်းမှ ထောက်အပ်သော စိတ်-၈၉, စေတသိက်-၅၂, ပဝတ္တိ-ပဋိသန္ဓေ နာမကွန်္ဓာလေးပါး နာမ်တရားအား "သမ္မယုတ္တ"ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် နာမ်တရားက နာမ်တရားအား ကျေးဇူးပြုသော ပစ္စည်းအလုံးစုံကား "အနန္တရ, သမနန္တရ, အာသေဝန, သမ္မယုတ္တ, နတ္ထိ, ဝိဂတ"အားဖြင့် ခြောက်ပါးတည်း။

၉၀။ **အာသေဝနပစ္စည်း**သည် ဇာတ်တူဧော အချင်းချင်းကိုသာ ကျေးဇူးပြု၏။ ဇာတ်တူဧော်လည်း အဆုံးဧောသည် မိမိ၏နောက်၌ တဒါရုံ, ဘဝင်, စုတိတို့ဖြစ်ကြ၍ အာသေဝနပစ္စည်းမတပ်။ မဂ်ဧော လည်း တကြိမ်သာဖြစ်၍ မိမိ၏နောက်၌ ဖိုလ်ဧောဖြစ်သောကြောင့် အာသေဝနပစ္စည်းမတပ်။ ဖိုလ်ဧောအကြိမ်များစွာ ဖြစ်ဆဲ၌ ရှေးချုပ်ပြီးသော မဂ်ဧောတို့မှ အာသေဝနသတ္တိထူးကို မယူနိုင်ခြင်း, ဖိုလ်ဧောချင်းချင်းလည်း အာသေဝနသတ္တိထူးကို မယူနိုင်ခြင်း, ဝိပါက် အဗျာကတဘုံဖြစ်ခြင်းကြောင့် အာသေဝနပစ္စည်းမတပ်။ ထို့ကြောင့် အာသေဝနပစ္စည်းအတွက် "အဆုံးဧော, မဂ်ဧော, ဖိုလ်ဧော" တို့ကို ကြဉ်ဖယ်အပ်ကုန်၏။

ပဋ္ဌမဧောသည် မိမိရှေ့၌ ဇာတ်တူဧောမရှိသောကြောင့်ဎဲ, ဖိုလ်ဧောတို့သည် ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့်ဎဲ, ပစ္စယုပ္ပန်ကောက်ချာ၌ ပဋ္ဌမဧောနှင့်ဖိုလ်ဧောကို ကြဉ်ဖယ်ရသတည်း။ ထိုမှတပါး ဝိပါက်စိတ်တို့သည် ကံ၏အစွမ်းကြောင့် ဖြစ်ကြရ၍ ရှေ့ဝိပါက်က နောက်ဝိပါက်အား နောက်ဝိပါက်ကလည်း ရှေ့ဝိပါက်အား မိမိ၏ သဘောကို ထုံစေ,ယူစေ၍ မဖြစ်နိုင်ကြသောကြောင့် အာသေဝန ပစ္စည်း မတပ်ကြကုန်။ အာဝဇ္ဇန်းဒွေးဦးလည်း "နမဂ္ဂပစ္စယာ အာသေဝနေ ဧကံ" ဟူ၍ ပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူသောကြောင့်ဎဲ,

၉၁။ ဟိတ်, ဈာန်, မဂ်မှ၊ သဟာနာဓိ, ရူ၊ စဟေတူ၊ သောက်ကူကိုယ်စီပြု။

၉၂။ စေ-သဟာဇံ၊ ကြွင်း,ရုပ်,နာမ်၊ ကမ္မံ- ပစ္စည်းပြု။

၉၃။ ထူးထူးကာလ၊ ဖြစ်ခဲ့ကြစေ၊ ကံပြုပေ၊ နာဇေရုဂု ကမ္မပြု။

အဟိတ်ကြွိယာ သုံးပါးတွင် ဟသိတုပ္ပါဒ် တပါးဆည်းကိုသာ အာဇေဝနုပစ္စည်း အဖြစ်ဖြင့် ထုတ်ဆောင်ဟောကြားတော်မူသောကြောင့်ဌင်း အဇေဝနုပစ္စည်း မတပ်ဟုမှတ်။

၉၁။ ဟိတ်,ဈာန်,မဂ်ဌင် ပစ္စည်းတရားဘို့သည် သဟဇာတ်ဖြစ်ကုန်သော နာမ်,ရုပ်တို့အား ဟေတုပစ္စည်း စသည်ဖြင့် ကျေးဇူးပြုကုန်၏။ ပြုပုံ-ဟိတ်ခြောက်ပါး နာမ်တရားသည် သဟိတ်စိတ် - ၇၁, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်-၅၂,သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား ဟေတုပစ္စည်းဖြင့်၊ ဈာန်ငါးပါး နာမ်တရားသည် ဒွေးပဉ္စဝိညာဏ် - ၁၀ကြဉ်သော စိတ် ၇၉, စေတသိက်-၅၂, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ဈာနပစ္စည်းဖြင့်၊ မဂ္ဂင်ကိုးပါး နာမ်တရားသည် သဟိတ်စိတ်-၇၁,စေတသိက်-၅၂,သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြု၏။

၉၂။၉၃။ စိတ်တခုယုတ်(၉၀)နှင့်ယှဉ်သော သဟဇာတ၊စေတနာ့ပစ္စည်း၊တရားသည် စိတ်-၈၉, စေတနာကြဉ်သော စေတသိက်-၅၁, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဒေတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ ပစ္စည်းတရားသည် ဝိပါက်စိတ်-၃၆, စေတသိက်-၃၀,ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်တို့အား နာနက္ခဏိက ကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဤသို့ ကမ္မပစ္စည်းသည် သဟဇာတကမ္မ, နာနက္ခဏိက ကမ္မဟု

၉၄၊ ဝိပါက်ခန်မှု၊ ချင်းချင်းကူနှင့်၊ ရူပါဟာဇာတ်၊ပါက ဋ္ဌတ်၊ ငါးရပ်နဝဒ်ဂု-နာဝဒ်ရှာ်ပြု။

နှစ်မျိုးရှိလေသည်။ နာနက္ခတ်ကိစ္စတနာ ဟူသည် အထူးထူးသော ခဏာ အတိုင်းလာလက ပြုခဲ့သော ကုသိုလ်, အကုသိုလ်စေတနာပင် တည်း။ ယင်းစေတနာသည် ပြုဆဲကာလ၌ အကျိုးမပေးသေး၊အကြောင်း ပစ္စည်းတို့ ပေါင်းဆုံ ညီညွတ်သော အခါ၌သာလျှင် အကျိုးပေး၏။

၉၄။ ဝိပါက် နာမက္ခန္ဓာ လေးပါး နာမ်တရားသည် ဝိပါက်နာမက္ခန္ဓာလေးပါးနှင့် ဝိပါက်စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်,ဟဒယဝတ္ထုရုပ် အား ''ဝိပါက'' ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပြုပုံ - အချင်းချင်းအားတပ်သော ဝိပါက်စိတ်-၃၆, စေတသိက် ၃၀, ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ပစ္စည်းတရားသည် အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ်-၃၆,စေတသိက်-၃၀, ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးတို့အားလုံး, ဝိပါက်စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်အား တင်သော ပဋ္ဌာန၀ါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်-၎၃,ဒွေပဉ္စဝိညာဏ်-၁၀ ကြဉ်သော ဝိပါက်စိတ်-၂၂, စေတသိက် - ၃၀, ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ပစ္စည်းတရားသည် ဝိပါက်နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားလုံး, ဟဒယဝတ္ထုအားတပ်သော ပဋ္ဌာန၀ါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ပစ္စည်းတရားသည် ပဋ္ဌာန၀ါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုအားလုံး''ဝိပါက''ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဤသို့လျှင် နာမ်တရားက နာမ် - ရုပ်တရားအား ကျေးဇူးပြုသော ပစ္စည်းတို့သည် ''ဟေတု,ကမ္မ,ဝိပါက,ဈာန်,မဂ္ဂ'' အားဖြင့် ၅ပစ္စည်းထို ဖြစ်သတည်း။

၉၅။ နောက်ဖြစ် စိတ်,စေးငွေးကာယေအား၊ ထောက်ပေ-ပန္ဆာ၊ ဇကေသာ၊ နာမာအရ-ရုပ်အားပြု။

၉၆။ ပဝတ္ထုဆ၊ ပဥ္စဝိဉ်ထိ၊ အာငါးလိတ္ထိ၊ သတ်ဗိဝိညာဉ်၊ ပုရေလျှင်၊ ပေင်ရုင်ရ နာဝ်အားပြု။

၉၇။ ညတ်နာဝ်ရုပ်များ၊ နာမအား၊ နှစ်ပါး အာ ဉ ကျေးဇူးပြု။

၉၈။ အာမှာရှစ၊ ပြားထခြောက်ဖြာ၊ ဥမှာရမွတ္ထု၊ နဘုံရှ၊ ပကတ္ထုဟု သုံးမျိုးပြု။

၉၅။ နာဝ်တရားက ရုပ်တရားအား ကျေးဇူးပြုသော ပစ္စည်းကား ပဆ္ဆာဇာတပစ္စည်းတည်း။ ပြိုပုံ - ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် - ၎ခု ကြဉ်သော ပဋိသန္ဓေအစရှိသော နောက်နောက်၌ ဖြစ်သော စိတ်-၈၅, စေတသိက်-၅၂ ၂ပစ္စည်းတရားတို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်ဒုတို့ ဥပါဒ်၍ ရုပ်၏ဦဋ္ဌိသို့ ရောက်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ,စတုဇကာယ ဟု ဆိုအပ်သော စတုသမုဋ္ဌာနိကရုပ်တို့အား "ပဆ္ဆာဇာတ" ပစ္စည်းဖြင့် ကျေးဇူးပြု၏။

၉၆။ ရုပ်တရားက နာဝ်တရားအား၊ ကျေးဇူးပြုသော ပစ္စည်းကား ပုရေဇာတပစ္စည်းတည်း။ ပြိုပုံ-ပဝတ္ထိအခါ ဝတ္ထုရုပ်ခြောက်ပါး ပစ္စည်းတရားသည် သတ္တဝိညာဏဓာတ် နာမက္ခန္ဓာအားဇင်း, ပစ္စုပ္ပန်အာရုံ ငါးပါး ပစ္စည်းတရားသည် ဝဋ္ဋဝိညာဏဝီထိ နာမက္ခန္ဓာအားဇင်း ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

၉၇။၉၈။ ပညတ်, နာဝ်ရုပ်က နာဝ်တရားအား ကျေးဇူးပြုသော ပစ္စည်းကား အာရမ္မဏ, ဥပနိဿယ နှစ်ပါးတည်း။ ထိုတွင် အာရုံ ခြောက်ပါးပစ္စည်းတရားသည်။ ဝါ၊ ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဖြစ်သော

၉၉။ အလေးအမြတ်၊ ပြုအပ်ရုံမှု၊ ရမ္မဏ်၊ နှိမ့်ချပြုအာနုနိုဂ္ဂုဏ်း

၁၀၀။ ရာဂသဒ္ဓါ၊ စဓမ္မဝန္ဒင့်၊ သု,ဒု,ပုဂ္ဂလာ၊ ဘောဇနာ၊ သေနာ,ဥတု-ထိုက်လျော်ပြု။

၁၀၁။ တွင်းပန္နစ်လဓိ၊ ကုစသည်အား၊ ပြုငြားတတန်၊ ကံလည်းဒိပါ၊ ဤနည်းသာ၊ များစွာပြားမှု-ပကာတူပြု။

စိတ်-၈၉, စေတသိက် ၅၂, ရုပ်-၂၈,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညာ် ပစ္စည်းတရားသည် စိတ်-၈၉, ဧးတသိက်-၅၂ နာမက္ခန္ဓာအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဥပနိဿယ ပစ္စည်း၌ အာရမ္မဏာပုနိဿယ, အနန္တရုပနိဿယ,ပကတူပနိဿယ-ဟူ၍ သုံးမျိုးရှိ၏။

၉၉။ ထိုတွင် အလေးအမြတ်ပြုအပ်သော အာရုံ(၆)ပါး ပစ္စည်းတရားသည်။ ၀ါ၊ အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဇာန်ဖြစ်သော နိပ္ပန္နရုပ် ၁၈,ဒေါသမူဇွေး, မောဟမူဇွေး, ဒုက္ခသဟဂတ်ကာယဝိညာဏ်ကြွင်းသော စိတ်-၈၄,ဒေါသ,ဇာသာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်-၄၇, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ(၆)ပါး ပစ္စည်းတရားသည် အလေးအမြတ်ပြုတတ်သော လောဘမူစိတ်-၈, မဟာကုသိုလ်စိတ်-၈, မဟာကြိယာဉာဏသမ္ပယုတ်စိတ်-၄,လောကုတ္တရာစိတ်-၈ ဒေါသ,ဇာသာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပွမညာကြဉ်သော စေတသိက် ၄၅ နာမက္ခန္ဓာအား အာရမ္မဏာပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ အနန္တရုပနိဿယ သည် အနန္တရနှင့် တူ၏။

၁၀၀၊၁၀၁။ ပကတူပနိဿယ ဟူသည် အာရမ္မဏူပနိဿယ, အနန္တရူပနိဿယတို့နှင့် မရောမယှက် မိမိသဘောသက်သက်ဖြင့်သာလျှင်

ဖြစ်သော အားကြိုးလွန်ကဲသော ပစ္စည်းမျိုး,အဇ္ဈတ္တသန္တာန်ဦးပြုစေအပ် ဗဟိဒ္ဓသန္တာန်၌ အဖန်ဖန်လဲလဲ မှီဝဲအပ်သော အားကြိုးလွန်ကဲသော ပစ္စည်းမျိုးပင်တည်း။ ရာဂ-အစရှိသော အကုသိုလ်တရားတို့သည်ဌင်း, ဝါ။ ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ပတ္ထနာ ဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့သည်ဌင်း၊သဒ္ဓါအစရှိကုန်သောကုသိုလ်တရားတို့သည်ဌင်း။ ဝါ။သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ-ဟု ဆိုအပ်ကုန်သော ကုသိုလ်တရားတို့သည်ဌင်း၊ ကာယိကသုခ, ကာယိကဒုက္ခသည်ဌင်း၊ ပုဂ္ဂိုလ်, ဘောဇဉ်, ကျောင်း, အိပ်ရာနေရာသည်ဌင်း = ဤပညတ်,နာမ်,ရုပ် တည်းဟူသော ပစ္စည်းတရားသည် အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန်၌ ကုသိုလ်အစရှိကုန်သော နာမ်တရားတို့အား။ဝါ။ကုသိုလ်,အကုသိုလ်,အဗျာကတဟုဆိုအပ်ကုန်သော နာမ်တရားတို့အား "ပကတူပနိဿယ" ပစ္စည်းဖြင့် ကျေးဇူးပြု၏။ (ပစ္ဆာယုပ္ပန်တရားတို့၌ အဗျာကတ ဟု သာမညအားဖြင့်ဆိုသော်လည်း ရုပ်တရားမျိုးသည် စေ့ဆော်တတ်သည်၏အဖြစ်မရှိသောကြောင့်ဌင်း, သူတပါးအားကပ်၍ မှီတတ်သည်၏အဖြစ် မရှိသောကြောင့်ဌင်း ရုပ်အဗျာကတတရားမပါဟု မှတ်ရမည်။)

ထိုမှတပါး ဗလဝဖြစ်သောကုသိုလ်,အကုသိုလ်စေတနာက် ဟု ဆိုအပ်သော နာမ်ပစ္စည်းတရားသည် ဝိပါက်စိတ်-၃၆, စေတသိက်-၃၈ နာမကွန္ဓာအား "ပကတူပနိဿယ"သတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့လျှင် ပကတူပနိဿယပစ္စည်းမျိုးသည် လွန်စွာများပြားလှ၏။ ယင်းသို့များပြားသော်လည်း အကျဉ်းအားဖြင့် ဤသို့မှတ်သားအပ်၏။ ပကတူပနိဿယပစ္စည်းကား ဗလဝဖြစ်သော စိတ်-၈၉, စေတသိက်-၅၂,ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ်တည်း။ ပစ္ဆာယုပ္ပန်တရားကား စိတ်-၈၉, စေတသိက်-၅၂တည်း။

၁၀၂။ ဓိ,ဓာ,ဓည့်,နိသိ၊ဟာ,ဏှန်,ဝိပ်,ဓာတ်၊ ဓာဝိမှတ်လေ၊ ဤကိုးထွေ၊နာမ်ရုပေစု နာမ်ရုပ်ပြု၊

၁၀၃။ လေးပြုဆပ်-ဓာ၊နာမ်ဓားသာ၊ တဖြာ—ဓာဝိပြု၊

၁၀၄။ လေးသဟဓိ၊ ဖြစ်ဘိတူသာ၊ နာမ်ရုပါ၊ ဟစာ, ဝိပြု—ဝိနှစ်ချ၊

၁၀၂။ နာမ်-ရုပ်က နာမ်,ရုပ်ဓား ကျေးဇူးပြုသော ပစ္စည်းကား ဓမိပတိ,သဟဇာတ,ဓည့်မည,နိသယ,ဓာဟာရ, ဇုန္ဒြိယ,ဝိပွယုတ္တ, ဓတ္ထိ,ဓဝိဂတ-ဓားဖြင့် (၉) ပါး၏။

၁၀၃။ ထိုတွင် ဓာလေးဓမြတ်ပြုဓပ်သော ဓာရုံခြောက်ပါး ပစ္စည်းတရားသည်။ဝါ၊ပစ္စုပ္ပန်,ဓတိတ်,ဓနာဂတ် ဇုဋ္ဌ ဖြစ်သော နိပ္ပန္နရုပ်-၁၈, ဒေါသမူဒ္ဓေး, မောဟမူဒ္ဓေး, ဒုက္ခသဟဂုတ်ကာယဝိညာဏ် ကြဉ်သော စိတ်-၁၄,ဒေါသ,ဇုသာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိဝိကိစ္ဆာကြဉ်သော စေတသိက်-၄၇, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ဟုဆိုအင်သော နာမ်,ရုပ်ပစ္စည်းတရားသည် ဓဧလေးဓမြတ်ပြုတတ်သော လောဘမူစိတ်-၈,မဟာကုသိုလ်စိတ်-၈, မဟာကြိယာဉာဏသမ္ပယုတ်စိတ်-၄, လောကုတ္တရာစိတ်-၈, ဒေါသ, ဇုသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဓပ္ပမညာကြဉ်သော စေတသိက်-၄၅ နာမ်တရားဓား "ဓာရမ္မဏာဓိပတိ" ပစ္စည်းဖြင့် ကျေးဇူးပြု၏။

၁၀၄။ ဓမိပတိကိစ္စတပ်ခိုက်ဖြစ်သော ဆန္ဒ, ဝီရိယ, စိတ်,ဝိမံသ လေးပါးဘွင် တပါးပါးပစ္စည်းတရားသည် ဓဧမိပတိပစ္စည်းကို ရခိုက်-ရနေသဟဇာတ်ဖြစ်ဒသော မောဟမူဒ္ဓေး, ဟသိတုပ္ပါဒ် ဇော ကြဉ်သော သာဓိပတိဇော ၅၂,ဓဧဓိပတိတရားကိုယ်,ဝိဝိကိစ္ဆာကြဉ်သောစေတသိက် ၅၁,သာမိပတိစိတ္တဇရုပ် ဟု ဆိုအပ်သော နာမ်,ရုပ်ဓား "သဟဇာတာဓိပတိ" ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဤသို့ ဓဧမိပတိပစ္စည်းသည် ဓာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ ဟု နှစ်မျိုးရှိ၏။

၁၀၅။ ချင်းချင်းစိတ်, ဧစေ၊ တူဖြစ်လေရုပ်၊ မဟာဘုတ်မှာ၊ချင်းပြုခါ၊ဥပါဒါစု ဟုဝေပြု။

၁၀၆။ ဝတ္ထုဝိပါ၊သန္ဓေခါ၊ ချင်းချင်းသာပြု - ဇာသုံးခု။

၁၀၇။ စိတ်, ဧစေ, မဟာ၊ ဓိခါ-ဝတ်,ဝိ၊ ချင်းချင်းသိ၊ တပ်ဘိသုံးခု-အဉ်မည်ပြု။

၁၀၈။ ချင်းချင်းစိတ်, ဧစေ၊ တူဖြစ်လေရုပ်၊ မဟာဘုတ်မှာ၊ချင်းပြုခါ၊ ဥပါဒါစု-နိဿပစ်ပြု။

၁၀၉။ ဝတ္ထုခြောက်တန်၊ သတ်ဝိညာဏ်၊ တည်ရန်နိဿ်ပြု-နိဿသုံးခု။

၁၀၅။၁၀၆။ စိတ်,စေတသိက်တို့သည် အချင်းချင်းအားဇင်း, သဟဇာတ်ရုပ်တို့အားဇင်း၊ မဟာဘုတ်လေးပါးတို့သည်လည်း အချင်းချင်းအားဇင်း, ဥပါဒါရုပ်တို့အားဇင်း၊ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားဇင်း "သဟဇာတ" ပစ္စည်းဖြင့် ဟောပြအပ်၏။ ဤသို့လျှင် သဟဇာတပစ္စည်းသည် သုံးမျိုးရှိ၏။

၁၀၇။ စိတ်, စေတသိက်တို့သည် အချင်းချင်းအားဇင်း၊ မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားဇင်း၊ ပဋိသန္ဓေဝါကာရ ပဋိသန္ဓေအခါ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားဇင်း "အညမည" ပစ္စည်းဖြင့် ဟောပြအပ်၏။ ဤသို့ အညမညပစ္စည်းလည်း သုံးမျိုးပင်ရှိ၏။

၁၀၈။၁၀၉။ စိတ်,စေတသိက်တို့သည် အချင်းချင်းအားဇင်း, သဟဇာတ်ရုပ်တို့အားဇင်း၊ မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားဇင်း, ဥပါဒါရုပ်တို့အားဇင်း၊ ဇဝတ္ထုရုပ်ခြောက်ပါးတို့သည် သတ္တဝိညာဏဓာတ်တို့အားဇင်း "နိဿယ" ပစ္စည်းဖြင့် ဟောပြအပ်၏။ ဤသို့ နိဿယ

၁၁၀။ သြဇာ - ဓာတ်ဆီ၊ ကဗ္ဗဒီ၊ လေးမည်ကာစု-ဟာရပြု။

၁၁၁။ အာဟာရနာဝ်၊ သဟဇာံ၊ ရုပ်-နာမ်ဟာပြု-ဟာနှစ်ခု။

၁၁၂။ ပသာ, ပဥ်ဝိဥ်၊ ရုပ်ဇီတိနိတတ်၊ ဇွန်ငါးရပ်နာဝ်၊ သဟဇာံ၊ ရုပ်,နာဝ်ကုန်ပြု-ဇွန်သုံးခု။

ပစ္စည်းလည်း သုံးမျိုးပင် ရှိ၏။ ထိုတွင် ရှေ့လက်ာဖြင့် သဟဇာတနိဿယ ပစ္စည်း,ပစ္စယုပ္ပန်ကို ပြ၏။နောက်လက်ာဖြင့် ဝတ္ထု၊ပုရေဇာတနိဿယ ပစ္စည်း, ပစ္စယုပ္ပန်ကို ပြ၏။

၁၁၀။၁၁၁။ ကဗ္ဗဒီကာရာဟာရ ဟုဆိုအပ်သော သြဇာသည် စတုသမုဋ္ဌာနိကရုပ်အား၎င်း၊ ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရသည် သဟဇာတ်ဖြစ်ကုန်သော စိတ်-၁၉, စေတသိက်-၃၂, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၎င်း အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဤသို့ အာဟာရပစ္စည်းသည် ရုပ်အာဟာရ, နာမ်အာဟာရ ဟု နှစ်မျိုးရှိ၏။

၁၁၂။ ပသာဒရုပ်ငါးပါးတို့သည် ဒွေးပဉ္စဝိညာဏ်-၁၀, သဒ္ဒစိတ္တသာဓာရဏဇစေတသိက်-၇ပါးတို့အား၎င်း၊ရုပ်ဇီဝိတိန္ဒြေသည် ဇီဝိတိန္ဒြေကြည်သော ကာယပ်တို့ ဥပါဒိဏ္ဏ ကမ္မဇရုပ် ကိုးခု, ရှစ်ခုတို့အား၎င်း၊ ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဒါ,ဝိရိယ, သတိ,ကေဂ္ဂတာ,ပညာ ဟု ဆိုအပ်သော နာမ်ဇာန်ခြောက်ပါးတို့သည် သဟဇာတ်ဖြစ်ကုန်သော စိတ်-၁၉, စေတသိက်-၃၂, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၎င်း "ဇာန်ငါးယ" ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ ဇာန်ငါးယပစ္စည်းလည်း ဝတ္ထု၊ပုရေဇာတငါးယ, ရူပဇီဝိတငါးယ, သဟဇာတငါးယ ဟု သုံးမျိုးရှိ၏။

၁၁၃။ ထွေ-ဝိသေန်၊စိတ်,စေ-ဟေတာ၊ နာမ်-ရုပါ၊ဟေတာ-ဝိပ္ပယုတ်။

၁၁၄။ စိတ်,စေပန္နာ၊ ပုရေကာ၊ ပန္နာဝိပ္ပယုတ်။

၁၁၅။ ကာလပဝတ်၊ ဝတ္ထု-ခြောက်ထွေ၊သဝိညေ၊ ပုရေဝိပ်ပြု-ဝိပ်သုံးခု။

၁၁၃။ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေနာမက္ခန္ဓာတို့သည် ပဋိသန္ဓေနာမက္ခန္ဓာလေးပါး, ဟဒယဝတ္ထုအားဎင်း၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်-၄ခု, ဒွေးပဋ္ဌဝိညာဏ်-၁၀, ရဟန္တာတို့၏ စုတိကြဉ်သော စိတ်-၇၅, စေတသိက်-၅၂ ဟု ဆိုအပ်သော စိတ်,စေတသိက် တို့သည် သဟဇာတ် ဖြစ်ကုန်သော နာမက္ခန္ဓာလေးပါး, စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားဎင်း၊

၁၁၄။၁၁၅။ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်-၄ခု ကြဉ်သော ပဉ္စမဘုဝင်အစရှိသော နောက်နောက်၌ဖြစ်သော စိတ်-၀၉, စေတသိက် ၅၂ နာမက္ခန္ဓာ လေးပါးတို့သည် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတုံဉပါဒ်၍ ရုပ်၏ဌီသိဒ္ဓရောက်သော ဇကဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယ အားဎင်း၊ ဝတ္ထုရုပ်(၆)ပါးသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်-၄ခု ကြဉ်သော စိတ်-၀၅, စေတသိက်-၅၂ ဟု ဆိုအပ်သော သတ္တဝိညာဏာခေတ်အားဎင်း''ဝိပ္ပယုတ္တ''ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဤသို့ ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်,ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ် ဟု သုံးမျိုးရှိ၏။

၁၁၆။ သ,ပ,ဆာ,ဟာ၊ ရူပါဓိဿတ်၊ ဤငါးရပ်၊ အတ်အဓိဟု အဓမည်ပြု။

၁၁၇။ ဆာ,ဥ,ကံ,အတ်၊ ဤလေးရပ်တွင်၊ ဆားလုံးဝင်၊ ပေါင်းယှဉ်ပုံစတု ပစ္စည်းစု။

၁၁၈။ အတ္ထိပစ္စည်း,အဒိဂတပစ္စည်းတို့သည် သဟဇာတတ္ထ-သဟဇာတအဝိဂတ, ပုရေဇာတတ္ထ-ပုရေဇာတအဝိဂတ, ပစ္ဆာဇာတတ္ထ-ပစ္ဆာဇာတအဝိဂတ, ရူပအာဟာရတ္ထ-ရူပအာဟာရအဝိဂတ, ရူပဇီဝိတိန္ဒြိယတ္ထ-ရူပဇီဝိတိန္ဒြိယအဝိဂတ ဟူ၍ ငါးမျိုးစီ-ငါးမျိုးစီ ရှိကုန်၏။ (သဟဇာတတ္ထ စသည်ဘို့၏ ပစ္စည်း,ပစ္စယုပ္ပန်ဘို့ကို သဟဇာတ, ပုရေဇာတ,ပစ္ဆာဇာတ,အာဟာရ, ရူပဇီဝိတိန္ဒြိယ ပစ္စည်း-ပစ္စယုပ္ပန်ဘို့ ဒုတိုင်းကောက်။)

၁၁၇။ ဤငါးမို အသီးအသီး ပြဆိုအပ်ကုန်ပြီးသော ပစ္စည်းတရားတို့ကို သဘောတူရာ-မျိုးတူရာ ချင်းချင်းပေါင်းသင်း၍ ကောက်ချက်အားဖြင့် ရေတွက်မှတ်သားအပ်သည်ရှိသော် အလုံးစုံသော ပစ္စည်းတရားတို့သည် ‘‘အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ’’ ပစ္စည်းလေးပါးတို့၌ အကျုံးဝင်ကုန်၏။ ဇော်,စေတသိက်တို့၏ အာရုံအဖြစ်သို့မရောက်သော တစုံတခုသော ပစ္စည်းမည်သည်မရှိ။ မိမိတို့ပစ္စယုပ္ပန်ဘရားများ၏ အားကြိုးသော မှီရာအဖြစ်သို့မရောက်သော ပစ္စည်းမည်သည်လည်း မရှိ။ အတ္တဘောတည်းဟူသော ဘန်ဒါရလောကဖြစ်ခြင်းသည် ကုသိုလ်, အကုသိုလ်ကံသာလျှင် အကြောင်းရင်းရှိသည်ဖြစ်၍ အကြောင်းဓါတ်အမည်ကို အကျိုးဥတုစသည်တို့ အလုံးစုံသော ပစ္စည်းတရားတို့သည် ကံ၏သဘောကို မလွန်ဆန်ဥဒ်ကြကုန်။ အလုံးစုံသော ပစ္စည်းတရားတို့သည်

၁၁၈။ ပဝတ်စိတ်ဇာ၊ သန်ကံဇာ၊ ရူပါနှစ်ခု ဟဇာဂ္ဂ၊
၁၁၉။ ဤနည်းဖြင့်သာ၊ တိကာ,လွတ်ယှဉ်၊ တွင်းအပြင်၊
သင်္ဂဟတည်မှု တရားရု။

ပရမတ္ထအားဖြင့်ဂုဏ်း, လောကသမုတိအစွမ်းအားဖြင့်ဂုဏ်း ထင်ရှားရှိကြကုန်၏။ ဤဆိုအပ်ပြီးသော အကြောင်းများကြောင့် အလုံးစုံသောပစ္စည်းတို့သည် ဤပစ္စည်းလေးပါးတို့၌ ထိုက်သည်အားလျော်စွာ ပေါင်းယှဉ်သင်္ဂဟကြကုန်၏။

၁၁၈။ ပဝတ္ထုအခါစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့် ပဋိသန္ဓေအခါ ကံကြောင့်ဖြစ်သော ကမ္မဇကဋတ္တာရုပ်တို့ကို သဟဇာတ်ရုပ်ဟူ၍ မှတ်အပ်၏။ ဤသို့ သဟဇာတရုပ်မျိုးသည် စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်ဟု နှစ်မျိုးရှိ၏။

၁၁၉၊ ဤပြဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ကာလသုံးပါးဉ်ဖြစ်သောပစ္စည်း, ကာလသုံးပါးမှ လွတ်သော ပစ္စည်း, အတွင်းအဆွဲတွာသန္တာန်၌ ဖြစ်သော ပစ္စည်း, အပြင်ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ပစ္စည်း, သခ်ိတဖြစ်သော ပစ္စည်း,အသခ်ိတဖြစ်သော ပစ္စည်း ဟု နှစ်မျိုးစိနှစ်မျိုးစိရကောင်းသော ပစ္စည်းတို့ကိုလည်း မှတ်သားရာ၏။ ထိုတွင် ကာလသုံးပါးနှင့်ယှဉ်သော တေဇာလိကပစ္စည်းကား စိတ်, စေတသိက်, ရုပ်တည်း။ ကာလသုံးပါးမှလွတ်သော ကာလဝိမုတ္တပစ္စည်းကား နိဗ္ဗာန်, ပညတ်တည်း။ အဆွဲတွာသန္တာန်၌ ဖြစ်သော ပစ္စည်းကား မိမိသန္တာန်၌ ဖြစ်သော စိတ်,စေတသိက်,ရုပ်တည်း။ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ပစ္စည်းကား မိမိသန္တာန်မှအပဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်း။ သခ်ိတပစ္စည်းကား စိတ်, စေတသိက်, ရုပ်တည်း။ အသခ်ိတပစ္စည်းကား နိဗ္ဗာန်,ပညတ်တည်း။

၁၂၀၊ တရုပ်နည်းမူ၊ ညွတ်,နာမ်,ရုပ်၊ သုံးဆူတည်မှု တရားရှု၊

၁၂၁၊ ဤတရားကုန်၊ လုံးစုံခြင်းရာ၊ ပဋ္ဌာန်းမှာ၊ ဝိသဇ္ဇနာ-ပစ္စည်းပြီး၊

၁၂၂၊ ညွတ်,နာမ်,ရုပ်တွင်၊ရုပ်ခန်လျှင်၊မည်တွင်ရှုပဟူ၊

၁၂၃၊ စိတ်,စေလေးတန်၊ ဆင်ရှခန်နှင့်၊ နိဗ္ဗာန်ပါင်းစပ်၊ ဤငါးရပ်၊ မှတ်လေ-နာမ်အာရုံ၊

၁၂၄၊ အကြွင်းညွတ်မှာ၊ အတ်,နာ-ပညွတ်၊ နှစ်မျိုးမှတ်၊ ခေါ်ဆိုပုံ-ခေါ်ကြောင်းဟူ၊

၁၂၅၊ နှစ်မျိုးနှစ်စား၊ ပြားဟန်မျှား၊ မှတ်သား ဤသို့ယူ၊

၁၂၀။၁၂၁။ တနည်းလည်း -ပညတ်, နာမ်, ရုပ်အားဖြင့် သုံးမျိုးပြားကောင်း-ရကောင်းသော အကြောင်းပစ္စည်းတရားမျိုးသည်လည်း ပဋ္ဌာန်းကျမ်းကြီး-ပဋ္ဌာန်းနည်း၌ (၂၄) ပစ္စည်း အမည်ရသတည်း။

ပဋ္ဌာန်းနည်း ပြဆိုခဏ်း ပြီး၏။

၁၂၂။ ပဋ္ဌာန်းနည်းအရ ပစ္စည်းဖြစ်ထိုက်သော ပညတ်,နာမ်,ရုပ် သုံးပါးတို့တွင် ရုပ်-၂၈ ပါးအပေါင်းဟု ဆိုအပ်သော ရုပကွန္ဓာသည်ပင် ''ရုပ်'' မည်၏။

၁၂၃။ စိတ်,စေတသိက်ဟု ဆိုအပ်သော နာမကွန္ဓာလေးပါးနှင့် နိဗ္ဗာန်ပရမတ်-ငါးရပ်သည် ''နာမ်'' မည်၏။

၁၂၄။၁၂၅။ ပညတ်တရားကား ၁-အတ္ထပညတ်, ၂-နာမပညတ် ဟူ နှစ်မျိုးရှိ၏။ ထိုတွင် အထည် ဝတ္ထု, ခြမ်စသည်တို့ကို သူတပါး

၁၂၆။ ထိုထို ဘုတ်တွေ၊ ဖောက်ပြန်လေမှု၊စွဲပြုခေါ်ဆိုအပ်၊ မြေတောင်–သည်တို၊ စလပ်-သန္တာန်ဟူ။

၁၂၇။ ဆောက်ဦပေါင်းစု၊ ကြောင်းပြုခေါ်ဆိုအပ်၊ အိုမ်, စရပ်မျိုး၊လှည်း,ရထား၊စသား ည်တို–သမူ။

နားလည်လာအောင် အမည်အမျိုးမျိုးတပ်၍ အပြားအားဖြင့် ခေါ်ဝေါ်အပ်-သိစေအပ်သော ပညာ်သည် အတ္ထပညတ်မည်၏။ ထို ဝတ္ထု၊ ဒြဗ်စသည်ကိုပင် အမည်အမျိုးမျိုးတပ်၍ အထူးထူး အပြားပြားအားဖြင့် ခေါ်ဝေါ်တာ်-သိစေတတ်သော ပညတ်သည် နာမပညတ်မည်၏။ ဝစီပညတ်, ဝစနီယပညတ် ဟူသည်လည်း အတ္ထပညတ်သာတည်း။ သဒ္ဒပညက်, ဝါစကပညတ်ဟူသည်လည်း နာမပညတ်၏ အမည်သာတည်း။ ထို့ကြောင့် အရင်းခံဖြစ်သော "အတ္ထပညတ်, နာမပညတ်" နှစ်ပါးတို့၏ ပြားပုံ-ပြားဟန်ကို ဤဆိုလတံ့သော နည်းဖြင့် မှတ်သားအင်၏။

၁၂၆။ ထိုထို မဟာဘုတ်တို့ အချင်းချင်း 'ယှဉ်စပ် - တွဲဘက်၍ ကျယ်ပြန့်ကြီးမားသော အခြင်းအရာအားဖြင့် စုပေါင်းတည်နေကြသော သန္တာန်အစဉ်ကို အစွဲပြု၍ ဤအရာကား မြေကြီး, ဤအရာကား တော, တောင် အစရှိသည်ဖြင့် ခေါ်ဝေါ်-သမုတ်အပ်၏။ ယင်းသို့ ခေါ်ဝေါ်-သမုတ်အပ်သော အရာဝတ္ထုမျိုးသည် မဟာဘုတ်အစဉ်ကို စွဲ၍ဖြစ်သောကြောင့် "သန္တာနပညတ်" မည်၏။

၁၂၇။ သစ်,ဝါးစသော အဆောက်အဦတို့၏ တခုနှင့်တခု ပေါင်းစုတည်နေမှုကို အကြောင်းပြု၍ အိမ်, စရပ်, လှည်း, ရထား အစရှိသော အားဖြင့် ခေါ်ဝေါ်-သမုတ်အပ်၏။ယင်းသို့ ခေါ်ဝေါ်-သမုတ်အပ်သော အိမ်,စရပ် စသည်သည် သစ်,ဝါး စသော အဆောက်အဦတို့၏ ပေါင်းစုတည်နေမှုကို အကြောင်းပြု၍ ဖြစ်သောကြောင့် "သမူဟပညတ်" မည်၏။ ပုံဟန်-သဏ္ဌာန် ကို စွဲ၍ ဖြစ်သောကြောင့် သဏ္ဌာနပညတ် လည်း မည်၏။

၁၂၀၊ ငါးခန်းစွဲထ၊ မိမ္မ,ယောက်ျား၊ ပုဂ္ဂိုလ်များ၊စသား ညတ်-သတ်ဟူ၊

၁၂၉၊ လ, နေလ့ညှဉ်လည်၊ စွဲမှီခေါ်အပ်၊ အဓုပ်, အခါ၊ အာစဖြာ၊ ဒီသာ,ကာ-ညတ်ဟူ၊

၁၃၀။ မတွေ့ထိခြင်း၊ ဟာင်းလင်းစွဲထ၊ တွင်းလိုဏ် ၎၊ ကာသ-ပညတ်ဟူ၊

၁၂၀။ ခန္ဓာငါးပါးတို့ ပေါင်းစုံ တည် နေမှုကို အစွဲပြု၍ မိမ္မ, ယောက်ျား, ပုဂ္ဂိုလ - စသည်ဖြင့် ခေါ်ဝေါ် - သမုတ်အပ်၏။ ယင်းသို့ ခေါ်ဝေါ်-သမုတ်အပ်သော မိမ္မ,ယောက်ျား စသည်သည် သတ္တဝါကိုစွဲ၍ ဖြစ်သောကြောင့် သတ္တပညတ် မည်၏။ ခန္ဓာငါးပါးကို စွဲ၍ဖြစ်သော ကြောင့် ဥပါဒါပညတ်လည်း မည်၏။

၁၂၉။ နေ,လ,နက္ခတ်ဘို့ လှည့်ပတ်သွားလာမှုကို အစွဲပြု၍ ဤကား အရှေ့,အရပ်,ဤကား အနောက်,ဤကားတောင်, ဤကားမြောက် ဟူ၍ ၎င်း, ဤအချိန်အခါကား နံနက်အခါ, ဤကားနေ့အခါ,ဤကား ညချမ်း အခါ စသည်ဖြင့်၎င်း ခေါ်ဝေါ် - သမုတ်အင်၏။ ယင်းသို့ ခေါ်ဝေါ်-သမုတ်အပ်သော"အရပ်-အခါ"စသည်သည် နေ, လ,နက္ခတ်တို့ လှည့်ပတ် သွားလာမှုကို အစွဲပြု၍ဖြစ်သောကြောင့် "ဒိသာပညတ်, ကာလပညတ်" မည်၏။ ဆောင်း,နွေ,မိုးယိမ်း ဟူသော ဥတုပညတ်, တာကူး, ကဆုန်-စသော မာသပညတ်,တနှစ်,နှစ်နှစ်-စသော သံဝစ္ဆရပညတ်တို့လည်း ကာလပညတ်၌ အကျုံးဝင်ကုန်၏။

၁၃၀။ တွင်း,လိုဏ် - စသည်တို့သည် ထက်ဝန်းကျင် နခမ်းသား ချင်းချင်း၌သာလျှင် မဟာဘုတ်လေးပါးတို့ ရှိကုန်၏။ အလယ်၌မူကား မဟာဘုတ်တို့ အလျဉ်းမရှိကြ၊ ဟာလာဟင်းလင်း ဗလာကျင်း၍နေ၏။

၁၃၁။ မြေကသိုဏ်းစ၊ ဘူတနိမိတ်၊ထူးဟိတ်ဘာဝနာ၊ စွဲကာပရိ၊ကမ္မာဒိ၊နိမိတ်-ပညတ်ဟူ။

၁၃၂။ ဤသို့စသည်၊ ပြားတည်ညတ်မှန်၊ ကေန်ဆတ် ဆတ်၊ မဂ္ဂိမ့တ်၊ ပရမတ် ဂိပ်ရောင်ဟူ။

ဤသို့ မဟာဘုတ်ချင်းချင်း ဆက်စပ် ပေါင်းယှဉ်ခြင်း မရှိဘဲ ဟာလာဟင်းလင်း ဗလာကျင်းနေသော ကောင်းကင်းကို ဒေးစွဲပြု၍ ဖြစ်သော ကြောင့် ''အာကာသပညတ်''မည်၏။ ဒေးပေါက်, ဒေးကြား, ဒေးခေါင်းစသည်လည်း အာကာသပညတ်သာတည်း။

၁၃၁။ ပထဝီကသိုဏ်း စသော ကသိုဏ်းဆယ်ပါးတို့သည် ထိုထို မဟာဘုတ်အာရုံကို စွဲ၍ ဖြစ်ကုန်၏။ ပထဝီမဟာဘုတ် လွန်ကဲသော မြေအပြင်ကို ပထဝီကသိုဏ်း, အာပေါမဟာဘုတ် လွန်ကဲသော ရေအပြင်ကို အာပေါကသိုဏ်း, တေဇောမဟာဘုတ် လွန်ကဲသော မီးအစုကို တေဇောကသိုဏ်း,ဝါယောလွန်ကဲသော လေအထုကို ဝါယောကသိုဏ်းဟု ခေါ်ဝေါ်သမုတ်ဒေ၀်၏။ ယင်းသို့ မဟာဘုတ်အာရုံကို စွဲ၍ဖြစ်သော ကြောင့် '' ကသိုဏ်းပညတ် '' မည်၏။ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ တည်းဟူသော ဘာဝနာအစဉ်ကို ဒေးစွဲပြု၍ ခေါ်ဝေါ်-သမုတ်အပ်သော ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် သုံးပါးသည် ''နိမိတ္တပညတ်''မည်၏။

၁၃၂။ ထိုမှတပါး တတိယာရုပ္ပဝိညာဏ်၏အာရုံဖြစ်သော နတ္ထိဘော ပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ကာယကောဋ္ဌာသပညတ်, ကရုဏာ၏အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တ၀ါပညတ်,မုဒိတာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တ၀ါပညတ်, ဥဒ္ဓုမာတက-စသော အသုဘပညတ်,ပရမတ်တရားအပေါင်းကို စွဲ၍ ဖြစ်သော ဥပါဒါပညတ်,အချင်းချင်းထောက်၍ ခေါ်ဝေါ်-သမုတ်ဒေ၀်သော

၁၃၃။ စုဝေးပရမတ်၊ရိပ်ခြောင်ခေတ်ကို၊ စိတ်မွတ်အာရုံ၊
ထင်လာပုံ၊ သောက်ကုန် အကြောင်းယူ။
၁၃၄။ ကြောင်းယူအမျှား၊ခြင်းရာပြားလျက်၊ယောက်ျား,
မိမှ၊ပုဂ္ဂိုလ်စသည်၊ ကြံစည်အမှတ်၊ခေါ်ဝေါ်အပ်၊
ညွှတ်စုအထွယူ။

ဥပနိဓာပညတ် အစရှိသောအားဖြင့် ပညတ်တရားမျိုးတို့သည် မဇ္ဈိမတွက်သာဒဿင် မြားမြောင်လှကုန်၏။

၁၃၃။ ဤသို့ မရေမတွက်သာအောင် မြားမြောင်ကြကုန်သော်လည်း ပညတ်တရားမျိုးကား တရားကိုယ်-သဘာဝ မဂို။ ပရမတ္ထ - သဘာဝမမှတို့၏ အရိပ် အနာရောင်, အဆွယ်, ဒမ္ပာအားဖြင့်သာ ခေါ်ဝေါ်-သမုတ်အပ်၏။ ယင်းသို့ ခေါ်ဝေါ်-သမုတ်အပ်သောအထည်ခြုံမှ အထွပညတ်သည် ပရမတ်အားဖြင့် ထင်ရှားမရှိသော်လည်း စုဝေး-ပေါင်းစုမိကြသော ပရမဘ်တို့၏ အရိပ်, အရောင်ကို ဆွယ်မြောင်၍ စိတ်,စေတသိက်တို့၏ အာရုံဖြစ်လာလေသည်။ ယင်းသို့ စိတ်,စေတသိက်တို့၏ ဒုံအာရုံအဖြစ်သို့ ရောက်သော ထိုအထွပညတ်မျိုးကား ထိုထိုအခြင်းဒုံအာကို စွဲ၍ဌင်း, အရာဝတ္ထုတခုခုကို ထောက်ရှု၍ဌင်း ခေါ်ဝေါ်-သမုတ်အပ်၏။

၁၃၄။ ထို့ကြောင့် ထိုထိုအခြင်းအရာ ကွဲပြားခြင်း, အရာဝတ္ထုတခုနှင့်တခုကို ထောက်ရှုရခြင်း စသည်ပင်လျှင် အထွပညတ်ကို ခေါ်ဝေါ်-သမုတ်ခြင်း၏ အကြောင်းရင်း စင်စစ် ဖြစ်ပေ၏။ ဤသို့လျှင် အခြင်းအရာကွဲပြားမှုကို ထောက်ရှု၍ ခေါ်ဝေါ်-သမုတ်ရန် အကြောင်းများစွာရှိလာသောကြောင့် "ယောက်ျား,မိမ, ပုဂ္ဂိုလ်,သတ္တဝါ" အစရှိသည်ဖြင့် ကြံစည်သတ်မှတ်၍ ခေါ်ဝေါ်သမုတ်အပ်သတည်း။

အထွပညတ် ပြဆိုခန်း ပြီး၏။

၁၃၅။ ခေါ်ကြောင်းညွှတ်မှု၊ မှတ်ယူနာမ၊ နာမကမ္မ၊ ဝေယျာ၊ ပြုလေမည်ဖြင့်ဟူ။

၁၃၆။ နိုးတိ, ဗျဉ္ဇနာ၊ ဘိဃာပါ၊ သုံးဖြာဒိဝန်ဟူ။

၁၃၇။ နက်ညွှတ်နာမ၊ နာမ်ကမ္မမှတ်၊ မည် မှည့် အာပ်၊ ဆောင်အပ်-ဝေယျဟူ၊

၁၃၈။ မထင်နက်ကို၊ ထုတ်၍ဆိုကြောင်း၊ ပြကြောင်း တဖန် လွန်ထင်ရန်၊ ဆိုဟန်ကြွင်းစည်ယူ။

၁၃၅။၁၃၆။၁၃၇။ နာမပညတ်သည် ''နာမ, နာမကမ္မ, နာမဝေယျ, နာမနိရုတ္တိ, နာမဗျဉ်း, နာမဘိလာပ'' အားဖြင့် ခြောက်ပါး ရှိ၏။ ထိုတွင် အနက်ကို ညွှတ်တတ်သော သဘော, မိမိသို့ အနက်ကို ညွှတ်စေတတ်သော သဘောသည် ''နာမ'' မည်၏။ ဥပမာ - မြင်းကို မြင်၍ ''မြင်း, မြင်း'' ဟု ရွတ်ဆိုလိုက်သောအခါ မြင်းဟော ဖြစ်သော ''အသ'' သဒ္ဒါသည် မြင်းခြေမ်တည်းဟူသော အနက်သို့ ညွှတ်သည် မည်၏။ အသ သဒ္ဒါကို ကြားရလျှင် ''မြင်းဆိုဒါဒီသဟ္ဟဝါမျိုး'' ဟု သိသောအခါ၌ အသသဒ္ဒါတည်းဟူသော မိမိ၌ မြင်းခြေမ်တည်းဟူသော အနက်ကို ညွှတ်စေသည် မည်၏။ ရှေးသူဟောင်းတို့ ခေါ်ဝေါ်အပ်-သမုတ်အပ်သော အမည်သည်၌ ''နာမကမ္မ''. မည်၏။ ရှေးသူဟောင်းကို ဆောင်အပ်-ထားအပ်သော အမည်သည် ''နာမဝေယျ'' မည်၏။

၁၃၈။ မထင်ရှားသောအနက်ကို ထုတ်ဖေါ် ရွတ်ဆိုကြောင်းသည် 'နာမနိရုတ္တိ'' မည်၏။ အနဲက်ကို ပြတတ်ခြင်း-ထင်ရှားအောင် ပြုတတ်ခြင်းသည် ''နာမဗျဉ်း'' မည်၏။ အနက်ကို ရှေ့ရှု ထုတ်ဆိုခြင်းသည် ''နာမဘိလာပ'' မည်၏။ ဤသို့ နာမပညတ်တခုတခု၌ နာမ, နာမကမ္မ-စသော အမည် ခြောက်ပါးစီ ရှိ၏။

၁၃၉။ ထိုနာမ်ညတ်မှာ၊ ဝိဇ္ဇမာန၊ အဝိဇ္ဇ၊ မာနန္ဒစ်ခုမူ။
၁၄၀။ အစဉ်နောက်, ဂ့၊ ဂ့.နှင့်ဂ့.လျှင်၊ နောက်
နောက်လျှင်၊ တွဲယှဉ်ဥ ခြောက်ပါးယူ။
၁၄၁။ ထိုခြောက်ရပ်တွင်၊ ပရမတ်-ရုပ်,ဝေ၊ တို့ဖြစ်ပေ၊
သိဒေ-ဝိဇ်ညတ်ဟူ၊
၁၄၂။ ပရမတ်ဖြင့်သာ၊ ထင်စွာမရှိ၊ စဘိဓေြးထောင်၊ရိပ်
အရောင်ဝတ်၊ ယင်းဖြင့်မှတ်၊ဆိုညတ်-အဝိဇ်ဟူ။

၁၃၉၊၁၄၀။ ထိုနာမပညတ်သည် ၁ - ဝိဇ္ဇမာနပညတ်, ၂-အဝိဇ္ဇ မာနပညတ် ဟု မူနှစ်ခုထား၍ မူအချင်းချင်း ရောယှက်လျှင် ၃-ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်, ထိုမှတဖန် နောက်နှင့်ရှေ့ကိုတွဲ၍ ၄-အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်, ရှေ့ရှေ့ချင်းတွဲ၍ ၅- ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်,နောက်နောက်ချင်းတွဲ၍ ၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟူ၍ ခြောက်မျိုး ရှိ၏။

၁၄၁။ ထိုတွင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော "ရူပ-ဝေဒနာ" စသော ပရမတ္ထသဒ္ဒါဟူသမျှသည် ဝိဇ္ဇမာနပညတ် မည်၏။ ဤဥ ရူပသဒ္ဒါ ,ဝေဒနာသဒ္ဒါစသည်သည် နာမပညတ်ပင်တည်း။ထိုနာမပညတ် ဖြင့်ပြအပ်သော ပထဝီ, အာပေါ စသော ရုပ်အပေါင်း, ဝေဒနာစေတသိက်စသည်သည် ပရမတ္ထအားဖြင့်ထင်ရှားရှိကြသောကြောင့် ထိုရုပ်, ဝေဒနာ စသော အနက်ကိုပြသော ရူပသဒ္ဒါ, ဝေဒနာသဒ္ဒါ စသည်သည် "ဝိဇ္ဇမာနပညတ်" မည်၏။

၁၄၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော "ဘူမိ,ပဗ္ဗတ"စသော သဒ္ဒါဟူသမျှသည် "အဝိဇ္ဇမာနပညတ်" မည်၏။ ဤဥ်လည်း ဘူမိ, ပဗ္ဗတ-စသော သဒ္ဒါသည် နာမပညတ်တည်း။ ထိုနာမပညတ်ဖြင့် ပြအပ်သော "မြေ,တောင်" ဟူသော အတ္ထပညတ်ကား ပရမတ်အားဖြင့်

၁၄၃။ ပရမတ်အား၊ထင်လျှား ရှိ,မရှိ၊ရောစပ်ဘိ၊မှတ်ဘိ အကြွင်းယူ။

၁၄၄။ ခြောက်ဘိဉ်ရှိသူ၊မှတ်ယူ-မသံ၊စက်ဗိညာဏ်ဟု၊ မင်းသားစု၊ စဉ်ပြု-ဥဒါယူ။

ထင်ရှားမရှိ၊ ပရမတ်၏ အရိပ် အရောင်ကို ဆုယ်မြောင်မှတ်သား၍ ခေါ်ဝေါ်-သမုတ်အပ်သောကြောင့် ခြေ,တောင် စသော အနုက်ဟော ဘူမိ,ပဗ္ဗတ သဒ္ဒါစသည်သည် "**အဓိဋ္ဌမာန ပညတ်**"မည်၏။

၁၄၃။၁၄၄။ ကြွင်းသော နာမပညတ် လေးမျိုး၏အရ ပရမတ္ထအား ဖြင့် ထင်ရှား ရှိ-မရှိကို ရောယှက်တွဲစပ်၍ မှတ်သားအပ်၏။ ဥပမာ- " ဆဋ္ဌာဘိညာ-အဘိညာဏ်ခြောက်ပါးရှိသူ " ဟူရာ၌ အဘိညာဏ် ခြောက်ပါးကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်တည်း။ အဘိညာဏ်ရှိသူပုဂ္ဂိုလ်မူကား ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ် တည်း။ ဤနှစ်ရပ်ကို ပေါင်းစပ်၍ ခေါ်ဝေါ်-သမုတ်အပ်သောကြောင့် "ဆဋ္ဌာဘိညာ" ဟူသော နာမပညတ်သည် "**ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်**"မည်၏။ ထိုနည်းအတူ "ဇာတိသဒ္ဒ-မိမ္မအသံ" ဟူရာ၌ မိမ္မ ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်၊ အသံ-ကား သဒ္ဒရုပ်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ် တည်း။ ဤနှစ်ရပ် ရောစပ်၍ ခေါ်ဝေါ်-သမုတ်အပ်သောကြောင့် ဇာတိ သဒ္ဒဟူသော နာမပညတ်သည် "**အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**" မည်၏။

ထို့ပြင် "စက္ခုဝိညာဏ-စက္ခုဝိညာဏ်" ဟူရာ၌ စက္ခုဝတ္ထုလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်တည်း။ ဝိညာဏ် ဟူသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ် ပင်တည်း။ ဤနှစ်ရပ်ကို ရောစပ်၍ ခေါ်ဝေါ်-သမုတ်အပ်သောကြောင့်

၁၄၅။ နှုတ်မြွက်သံဝယ်၊ အစဉ်တွယ်ကြ၊သေတ,ဆန့်၊ ဝိထိရု၊ကျမှ ရှေးဦးဟူ။

၁၄၆။ ပစ္စုပ်သဒ္ဒံ၊ သေတံယူပြု၊ တ - အနဲ့၊ နှစ်ခု ကိုယ်စီယူ။

၁၄၇။ တဒနုနောက်၊ခြားမဲ့ ရောက်လာ၊ မနောဒွါ၊နာမာ ပညတ်ယူ။

၁၄၈။ ထိုပြီးနောက်မှ၊ ယင်းနာမလျှင်၊ အစဉ်လျောက် လျှက်၊ထိုအနက်၊သိချက် မနော၊ယူ။

စက္ခုစိညာဏ ဟူသော နာမပညတ်သည် ''ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်'' မည်၏။ ထိုမှတပါး ''ရာဇပုတ္တ-မင်း၏သား၊တော်'' ဟူရာ၌ မင်း-ဟူသည်လည်း ပရမတ်အား၊ဖြင့် ထင်ရှား၊မရှိသော အဝိဇ္ဇမာန ပညတ်၊ သား၊ဟော်-ဟူသည်လည်း ပရမတ်အား၊ဖြင့် ထင်ရှား၊မရှိသော အဝိဇ္ဇမာနပညတ်ပင်တည်း။ ထို့ကြောင့် ရာဇပုတ္တ ဟူသော နာမပညတ်သည် ''အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' မည်၏။

နာမပညတ် ပြဆိုခန်း ပြီး၏။

၁၄၅။၁၄၆။ ဤပြဆိုအပ်ပြီးသော အတ္ထပညတ်, နာမပညတ် နှစ်ပါး၌ ဖြစ်လာ့ပုံ အစဉ်ကို ပြဆိုလတံ့ ဖြစ်သော ဝိထိအစဉ်တို့ဖြင့် နှိုင်းယှဉ် သိရှိအပ်၏။ နှုတ်မြွက် ရွတ်အံ-ပြောဆိုသံကို အာရုံပြု၍ ရှေးဦးစွာ သောတဝိညာဏဝိထိ၊ထို့နောင် တဒနုဝတ္တုက မနောဒွါရဝိထိ အား၊ဖြင့် နှစ်ဝိထိ ကျ၏။ ထိုတွင် ရှေ့ဝိထိသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။ နောက်ဝိထိသည် အတိတ်သဒ္ဒါရုံကို အာရုံပြု၏။

၁၄၇။၁၄၈။ ဤသို့ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ တဝိထိ, အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဝိထိ အား၊ဖြင့် နှစ်ဝိထိကျပြီး နောက်၌ ရွတ်ဆို

၁၄၉။ အနေကက်မှာ၊ လုံးတိုင်းသာလျှင်၊သောတာဆန့်၊
အာစဉ်ရှု၊ ပေါင်းမှ နောက်ချက်ယူ၊
၁၅၀။ ပေါင်းယူ-ဝိ နောက်၊ နာမ်, အတ် ဧလျာက်၊
ကောက်လေ ရှေးနည်းတူ။

ပြောကြားအပ်သော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရဝီထိကျ၏။ ထို့နောင် ရွှတ်ဆို ပြောကြားအပ်သော နာမပညတ်၏ အနက်-အဓိပ္ပါယ်ကို အစဉ်လျောက်၍ မနောဒ္ဓါရတဝီထိ ကျပြန်၏။ ထိုတွင် ရှေ့ဝီထိသည့် နာမပညတ်ကို အာရုံပြု၏။ နောက်ဝီထိကား အတ္ထပညတ်ကို အာရုံပြု၏။ ဤသို့ နှုတ်မြွက်ရွှတ်အံ့ ပြောဆိုသံကို အာရုံပြု၍ ရွှတ်ဆို ပြောကြားအပ်သော အနက် - အဓိပ္ပါယ်ကို နားလည်လာသည့်တိုင် အောင် ဝီထိလေးချက် ဆက်၍ဆက်၍ ကျလေသည်။

ဥပမာသွင်း၍ ရှင်းပြဦးအံ့-"ဂေါ"ဟူသော အသံကိုကြားရသော အခါ ရှေးဦးစွာ ကြားလိုက်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ ကျ၏။ ထို့နောင် ကြားပြီးဖြစ်သော "ဂေါ" ဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒ္ဓါရဝီထိကျ၏။ ဤနှစ်ဝီထိအတွင်း၌ အသံ သာမညလောက်သာ သိ၏။ နာမပညတ်ကိုမူ ပိုင်ပိုင်နိုင်နိုင် မသိသေး။ ထို့နောင် "ဂေါ" ဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနော်ဒ္ဓါရဝီထိ ကျ၏။ ဤဝီထိကျပြီးမှ "ဂေါ" ဟူသော နာမပညတ်ကို ပိုင်ပိုင်နိုင်နိုင် သိ၏။ထို့နောင် ထိုသိပြီးဖြစ်သော "ဂေါ" ဟူသော နာမပညတ်မှ အစဉ်လျောက်၍ သုဒ္ဓမနောဒ္ဓါရဝီထိ ကျပြန်၏။ ဤသို့လေးခုမြောက် ဝီထိသို့ရောက်မှ "ဂေါ - ဟု ကြားလိုက်သော အသံသည် နွားပါတကား" ဟု ကြားလိုက်သော အသံ၏ အတ္ထပညတ်တည်းဟူသော အနက်-အဓိပ္ပါယ်ကို ပိုင်နိုင်စွာ နားလည်လာ၏။

၁၄၉။၁၅၀။ မျှားသောအကွာရှိသော "ဗုဒ္ဓ ပုရိသ" စသည်တို့ကို ကြားရာ၌လည်း အကွာနှစ်လုံးရှိလျှင် သောတဝိညာဏ နှစ်ဝီထိ,

နဝတ္ထုကမ္မနောဒ္ဓါရ နှစ်ဝိထိ၊သုံးလုံးရှိလျှင် သောတဝိညာဏသုံးဝိထိ,တဒ နဝတ္ထုကမ္မနောဒ္ဓါရသုံးဝိထိကျ၏။ထို့နောင်အကွရှနှစ်လုံးရှိလျှင် နှစ်လုံး ပေါင်း, သုံးလုံးရှိလျှင် သုံးလုံးပေါင်း၍ သုဒ္ဓမနောဒ္ဓါရ တဝိထိစိ ကျ၏။

ဥပမာသွင်း၍ ရှင်းပြဦးအံ့-"ဗုဒ္ဓ" ဟူသော အသံကို ကြားရသော အခါ ရှေးဦးစွာ ကြားလိုက်သည့် "ဗု" ဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝိထိကျ၏။ ထို့နောင် ကြားပြီးဖြစ်သည့် "ဗု" ဟူသော အတိတ်သဒ္ဒါရုံကိုပင် အာရုံပြု၍ တဒနဝတ္ထုက မနောဒ္ဓါရ ဝိထိကျ၏။ "ဒ္ဓ" ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍လည်း သောတဝိညာဏဝိထိ ကျ၏။ ထို့နောင် ကြားပြီးဖြစ်သည့် "ဒ္ဓ" ဟူသော အတိတ်သဒ္ဒါရုံကိုပင် အာရုံပြု၍ တဒနဝတ္ထုက မနောဒ္ဓါရဝိထိ ကျ၏။ ဤနှစ်ဝိထိစိအတွင်း၌ကား အသံသာမည်လောက်သာ သိ၏။ နာမပညတ် ကို မသိသေး။ ထို့နောင် "ဗုဒ္ဓ" ဟူသော အကွရာနှစ်လုံးပေါင်းဖြစ် သော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရဝိထိ ကျ၏။ ဤ ပဌမ မြောက် သုဒ္ဓမနောဒ္ဓါရဝိထိ ကျပြီးနောက်မှ "ဗုဒ္ဓ" ဟူသော နာမ ပညတ်ကို ပိုင်ပိုင်နိုင်နိုင် သိ၏။ ထို့နောင် ထိုသိပြီးဖြစ်သော ဗုဒ္ဓ ဟူသော နာမပညတ်မှ အစဉ်လျောက်၍ သုဒ္ဓမနောဒ္ဓါရ တဝိထိကျပြန်၏။ ယင်း သို့ ခြောက်ခုမြောက် ဝိထိသို့ရောက်မှ "ဗုဒ္ဓ ဟု ကြားလိုက်သော အသံ သည် ဘုရားပါတကား" ဟု ကြားလိုက်သော အသံ၏ အတ္ထုပညတ်-အဓိပ္ပါယ်ရပ်ကို တပ်အပ်သေချာ ပိုင်နိုင်စွာ သိနားလည်လာ၏။

"ပုရိသ"ဟူသော အသံကို ကြားရသော်အခါ၌လည်း ပု-တလုံး, ရိ-တလုံး, သ-တလုံး = ပေါင်းအက္ခရာသုံးလုံး၀ယ် တလုံးတလုံး၌ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ တဝိထိ, အတိတ်သဒ္ဒါရုံကို အာရုံပြု၍တဝိ ထိအား ဖြင့် နှစ်ဝိထိစိ-နှစ်ဝိထိစိ ကျပြီးနောက်မှ အက္ခရာသုံးလုံးပေါင်း နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရတဝိထိ, ထို့နောင် ထိုနာမ ပညတ်မှ အစဉ်လျောက်၍ အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရ တဝိထိ = ပေါင်း (၈) ဝိထိကျပြီးမှသာလျှင် "ယောကျား" ဟူသော အတ္ထပညတ် အဓိပ္ပါယ်ရပ်ကို တပ်အပ်သေချာစွာ သိနားလည်လာ၏။

၁၅၁။ ထိုအာမည်ကို၊ နာမ်ည်တော်ဆို၊ ဖိုလ်,လူ သမုတ်ဟူ၊
၁၅၂။ ဒွေပဥ်ဓိကာ၊ သတ္တဝ္ဂန့်ဘန်၊ ပစ္စည်းကဏ်၊ပြီးပြန်
ကဗျာမူ။ ။

ပစ္စည်းဗိုင်းသံပေါက် ပြီး၏၊

ဤသို့လျှင် အာဋ္ဌာရာလုံးရေအတိုင်း ရှေးဦးစွာ သောတဝိညာဏဝိထိ, ထို့နောင် တဒနုဝတ္တကမနောဒ္ဓါရဝိထိ, ထို့နောင် နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရဝိထိ, ထို့နောင် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဓါရဝိထိ ကျပြီးနောက်မှ "ဗုဒ္ဓ-ဟူသည် ဘုရားပါတကား, ပုရိသ ဟူသည်လည်း ယောကျ်ားပါတကား" ဟု အနက်အဓိပ္ပါယ် အသီးသီး ကို သိနားလည်၏။ ရူပါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့ကို အာရုံပြု၍ အတ္ထပညတ်, နာမပညတ် ဖြစ်ပုံအလုံးစုံကိုလည်း ဤနည်းဖြင့် သိလေ။

၁၅၁။ ဤသို့ နာမပညတ်အမျိုးမျိုးတို့ကို မြေကြီး, တော, တောင် အစရှိသောအားဖြင့် အခေါ်-အသုံးများဖြစ်လာအောင် ကမ္မာဥဒ္ဓံးအစ ဥာဏ်ပညာရှိသူတို့က တစတစ စီစဉ်၍ တီထွင်ပညတ် သမုတ်အပ် သတည်း။ ။ပညတ်ပြဆိုခဏ်း ပြီး၏။ ။

ပစ္စည်းဗိုင်းပြီး၏။

ကမ္မဋ္ဌာန်းပိုင်း

၁။ သမထ, ဝိပဿ၊ နှစ်ရပ်ဘာဝနာ၊ ကမ္မဋ္ဌာ၊ စဉ်ကာ ဤမှနောက်ဝယ်ပြု၊

၁။ ပစ္ဆည်းပိုင်း၏ နောက်၌ သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ဖြာတို့ကို ပြဆိုရာဖြစ်သော "**ကမ္မဋ္ဌာန်းပိုင်း**"ကို ရေးသားပြဆိုအံ့။ ကမ္မဋ္ဌာန်းပိုင်း၌ (က) သမထ (ခ) ဝိပဿနာ (ဂ) ဘာဝနာ (ဃ) ကမ္မဋ္ဌာန်း ဟူသော စကားလေးသွယ်တို့၏ အဓိပ္ပါယ်ကို ရှေးဦးစွာ မှတ်သား နားလည်ထားသင့်၏။

ထိုတွင် (က) ကာမဆွန္ဒနိဝရဏာ စသည်တို့ကိုဖျင်း, ပိတက်စသော ဈာန်အင်္ဂါတို့ကိုဖျင်း ငြိမ်သက်အေးချမ်းစေတတ်သော လောကီကုသိုလ်, ကြိုယာတို့နှင့် ယှဉ်သည့် သမာဓိသည် "**သမထ**" မည်၏။ တရား ကိုယ်ကား ကေဂ်တာ စေတသိက်တည်း။ (ခ) တေဘူမက ရုပ်-နာမ် ဓမ္မတို့ကို အနိစ္စ-စသော အခြင်းအရာအားဖြင့် ရှုဆင်ခြင်တတ်သော ဉာဏ်-ပညာသည် "**ဝိပဿနာ**"မည်၏။ တရားကိုယ်ကား ပညိန္ဒြေ စေတသိက်တည်း။ (ဂ) သတ္တဝါဘို့အား လွန်စွာတိုးပွား အကျိုးများ၍ မ ဖြစ် ဘူး သေး သော သမာဓိ-ပညာနှစ်ပါး။ ဖြစ်ပွားလာအောင် တကြိမ်ဖြစ်ပြီးကလည်း အဆင့်ဆင့်တိုးပွား အကျိုးများအောင် အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်ပွားများခြင်းသည် "**ဘာဝနာ**" မည်၏။ တရားကိုယ်ကား သမာဓိ-ပညာနှစ်ပါးပင်တည်း။ (ဃ) ထိုသမာဓိ, ပညာ-ဘာဝနာနှစ်ပါးတို့ကို ပွားများအားထုတ်ခြင်း၏ တည်ရာအာရုံသည် "**ကမ္မဋ္ဌာန်း**"မည်၏။ တရားကိုယ်ကား ကသိုဏ်းပညတ် စသော အာရုံ, တေဘူမကအာရုံတည်း။

၂။ ကာသိကော်း, အာသူ၊ အနု-ဆယ်စိ၊ လေးလိ-ပမဉ်၊ ဇကာ-သဉ်၊ ဇပင်-ဝဝတ္ထူ။

၃။ အာရုပ်-လေးဖြာ၊ပေါင်းသင်္ဘာ၊ သမထာ-သင်္ဘာသိအာပ်စွ။

၄။ ရာ,ဒေါ,မောဟ,သဒ်၊ ဗုန်,ဝိ မှတ်၊ ခြောက်ရပ်ပြား ထ-စရိတ။

၅။ ပေါများ ပြောထူ၊ဒေါးကြိုးဟူ၊နက်ယူ-စရိတ။

၂။၃။ သမထ ဘာဝနာ ၌ ကမ္မဋ္ဌာန်းသည် ဥဒ္ဒေသအစဉ်အား ဖြင့် (၁) ကသိုဏ်းဆယ်ပါး (၂) အသုဘဆယ်ပါး (၃) အနုဿတိ ဆယ်ပါး (၄) အပ္ပမညာ လေးပါး (၅) ပဋိကူလသညာ တပါး (၆) စတုဓာတုဝဝတ္ထာန် တပါး (၇) အာရုပ္ပ လေးပါး အား ဖြင့် ခုနစ်ပါးရှိ၏။ အကျယ်အား ဖြင့်ကား လေးဆယ်ရှိ၏။ (အကျယ်ရေတွက်ပုံ အထက်၌ တွေ့လတံ့။)

၄။၅။ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်နေကျပကတိ သဘာဝထက် ထူပြော ပေါများ အား ကြိုးသော သဘောတရား ကို ''စရိုက်'' ခေါ်ရ၏။ စရိုက်တရား သည်-

၁။ ရာဂစရိုက် ၄။ သဒ္ဓါစရိုက်
၂။ ဒေါသစရိုက် ၅။ ဗုဒ္ဓိစရိုက်
၃။ မောဟစရိုက် ၆။ ဝိတက်စရိုက်

ဟူ၍ အကျဉ်းအား ဖြင့် ခြောက်ပါး ရှိ၏။ ဤစရိုက်တရား ကား ပုဂ္ဂိုလ် တယောက်၌ တမျိုးစီ-တမျိုးစီမျှသာ ရှိသည်မဟုတ်၊ အချို့ပုဂ္ဂိုလ်မှာ စရိုက် နှစ်မျိုး, သုံးမျိုး-စသည် ရောနှော၍ ရှိတတ်၏။ ထို့ကြောင့် သုဒ္ဓ-အသံသဂ္ဂ၏ အစွမ်းအား ဖြင့် ရာဂါဒိဘိက်၌-၇ပါး, သဒ္ဓါဒိတိက်၌-

၆။ ပရိကံ, ဥပစာ၊ အပ္ပနာ၊ ဘာဝနာပြု-တိဝိဓ။
၇။ ပရိကံ, ဥဂ္ဂဟာ၊ ပဋိဘာ၊ သုံးဖြာထင်ကြ-နိဒ္ဒိဋ္ဌ။

၇ပါး = ပေါင်း (၁၄)ပါးရှိ၏။ မိဿက-သံသဂ္ဂ၏ အစွမ်းအားဖြင့် ကောမဋ္ဌ-၂၁ပါး,ဒ္ဝိမဋ္ဌ-၂၁ပါး, တိမဋ္ဌ-၇ပါး=ပေါင်း (၄၉)ပါးရှိ၏။ ဤနှစ်ရပ်ကိုပေါင်း၍ စရိုက်ပေါင်း(၁၄ + ၄၉ = ၆၃) ခြောက်ဆယ့် သုံးပါး ရှိ၏။ (အကျယ်လိုမူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဝိဘာဝနီဋီကာ, သင်္ခေပဝဏ္ဏနာဋီကာတို့ကို ရှုပါ။)

မည်သည့်ပုဂ္ဂိုလ်အား မည်သည့်စရိုက် ထူးပြော - အားကြိုးသည်ဟု မှန်းဆသိရှိနိုင်ရန် နည်းလမ်းကို (၁) သွားပုံ-လာပုံ စသော ဣရိယာပုထိအားဖြင့်၎င်း, (၂)စားပုံ-သောက်ပုံ ဘောဇဉ်အာဟာရအားဖြင့်၎င်း (၃)နှစ်သက် ပြုလုပ်လေ့ရှိသော အလုပ်ကိစ္စအားဖြင့်၎င်း (၄)နှစ်သက်ဘွယ် အာရုံ၌ ကြည့်ရှုပုံအားဖြင့်၎င်း (၅) ပရိယာယ်များခြင်း, ကောက်ကျစ်ခြင်း, မာနကြီးခြင်း, အလိုကြီးခြင်း-ဓမ္မပဝတ္တိအားဖြင့်၎င်း ဤ အခြင်းအရာ ငါးမျိုးဖြင့်သာလျှင် ထောက်စာမှန်းဆ၍ သိရ၏။

၆။ ပွားများအားထုတ်မှု ဘာဝနာကံသည် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ,အပ္ပနာဘာဝနာ အားဖြင့် သုံးပါးရှိ၏။ ထိုတွင် အပ္ပနာဘာဝနာ ဖြစ်လာအောင် ပြုပြင်စီမံပေးတတ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။ အပ္ပနာဘာဝနာ၏ အနီးအပါး၌ ဖြစ်သော ဘာဝနာသည် ဥပစာရဘာဝနာ မည်၏။အပ္ပနာမည်သော မဟဂ္ဂုတ်-လောကုတ္တရာ ဈာန်တရားအပေါင်း၌ ဖြစ်သော ဘာဝနာသည် အပ္ပနာဘာဝနာ မည်၏။

၇။ ဤဘာဝနာသုံးပါးအား လျော်စွာ ထင်လာသည့် နိမိတ်သည်လည်း ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အားဖြင့် သုံးပါးပင်

၈။ ထို အာ ကျဉ်း ဝယ်၊ သ ရုပ် ကျယ်၊ မှတ် ဘွယ် ဤသို့ပြု၊

၉။ မြေ,ရေ,မီး,လေ၊ညို,အေ,နီ,ဖြူ။၊ ပေါက်,လင်း-ဟူ၊ မှတ်ယူ-ဒသ ကသိဏ။

၁၀။ ပူးရောင်,ကွက်ညို၊ ပြည့်ယို,ကိုယ်ပြတ်၊ ခဲဆပ်, ကြဲဆပ်၊ ဝေးဖြတ်, သွေးယို၊ ပိုးလောက်ဒဏ်ပြု၊ အရိုးစု၊ အသု-ဤဒသ။

ရှိ၏။ ထိုတွင် ပရိကမ္မဘာဝနာ၏အာရုံဖြစ်သော ပထဝီကသိုဏ်း-စသော အာရုံသည် **ပရိကမ္မနိမိတ်** မည်၏။ ပထဝီကသိုဏ်း စသည်ကိုပင် မျက်စိဖြင့်မြင်နေသကဲ့သို့ စိတ်ဖြင့်လည်း မှန်းဆ ပွားများအပ်-ယူအပ်သော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးနှင့် အလားတူသော စိတ်၌ ကောင်းစွာ သွင်းထားအပ် - ပွားများအင်သော ပထဝီကသိုဏ်း-စသော အာရုံသည် **ပဋိဘာဂနိမိတ်** မည်၏။

၈။၉။ **သမထကမ္မဋ္ဌာန်း**သည် သရုပ်အကျယ်အားဖြင့် လေးဆယ် ရှိ၏။ ထိုတွင် **ကသိုဏ်း**-၁၀ ပါးကား-

၁။ ပထဝီကသိုဏ်း
၂။ အာပေါကသိုဏ်း
၃။ တေဇောကသိုဏ်း
၄။ ဝါယောကသိုဏ်း
၅။ နီလကသိုဏ်း
၆။ ပီတကသိုဏ်း
၇။ လောဟိတကသိုဏ်း
၈။ ဩဒါတကသိုဏ်း
၉။ အာကာသကသိုဏ်း
၁၀။ အာလောကကသိုဏ်း-တည်း။

၁၀။ **အသုဘ**-၁၀ ပါးကား-

၁။ ဥဒ္ဓုမာတက အသုဘ
၂။ ဝိနီလက အသုဘ
၃။ ဝိပုဗ္ဗက အသုဘ
၄။ ဝိစ္ဆိဒ္ဒက အသုဘ

၁၁။ ဇုန်,ဝမ်,သံ, သီ၊ စာဂိ,ဒေဝ၊ ဥပသမာ၊ မရဏာ၊ ကာယာ,ဆာန,နိသ်-ဒသ။

၅။ ဝိက္ခာယိတ အသုဘ ၈။ လောဟိတက အသုဘ
၆။ ဝိက္ခ်ိတ္တက အသုဘ ၉။ ပုဠုဝက အသုဘ
၇။ ဟတဝိက္ခ်ိတ္တက အသုဘ ၁၀။ အဋ္ဌိက အသုဘ-တည်း။

၁၁။ **အနုဿတိ ၁၀ ပါးကား:-**

၁။ ဗုဒ္ဓါနုဿတိ ၆။ ဇေဝတာနုဿတိ
၂။ ဓမ္မာနုဿတိ ၇။ ဥပသမာနုဿတိ
၃။ သံဃာနုဿတိ ၈။ မရဏာနုဿတိ
၄။ သီလာနုဿတိ ၉။ ကာယဂတာသတိ
၅။ စာဂါနုဿတိ ၁၀။ အာနာပါနုဿတိ-တည်း။

ဤ၌ ဇေဝတာနုဿတိ ဟူသည် ''အကြင်နတ်,ဗြဟ္မာတို့အား သဒ္ဓါ, သီလ,သုတ,စာဂ,ပညာ, ဟိရိ, ဩတ္တပ္ပ တည်းဟူသော အရိယာဓမ္မ-၇ပါးတို့နှင့် ပြည့်စုံကုန်၏။ ငါ၌လည်း ထိုအရိယာဓမ္မတို့ ရှိ၏'' ဟု နတ် ဗြဟ္မာတို့ကို သက်သေပြု၍ မိမိ၏ သဒ္ဓါ-စသည်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ခြင်းတည်း။ကာယဂတာသတိ,အာနာပါနုဿတိ နှစ်ပါးတို့၌ အနုဿဒ္ဓါ မပါခြင်းကား ဆံစသော-၃၂ ကောဋ္ဌာသကို အနုလုံ, ပဋိလုံ စီးဖြန်းအောက်မေ့ခြင်းဖြင့် အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ခြင်းကိစ္စပြီးစီးသောကြောင့် ကာယဂတာသတိ၌ အနုဿဒ္ဓါ မပါ။အာနာပါနုဿတိကား အတိတ်,အနာဂတ် ထွက်လေ,ဝင်လေကို အာရုံပြုရသည်မဟုတ်၊ ပစ္စုပ္ပန် ထွက်လေ,ဝင်လေ၌သာ တကြိမ်စီ, တကြိမ်စီ အာရုံပြု၍ ဆင်ခြင်ရသောကြောင့် အနုဿဒ္ဓါ မပါရသတည်း။

၁၂။ မေတ္တာ, ကရုဏာ, ဥ-လေးလျှင်၊ အပ္ပမညာ၊ ခေါ်တွင် ဗြဟ္မဝိဟာရ။

၁၃။ စားမျိုဟာတွင်၊ ဂ္ဂါဘယ်ထင်။ ဒေသည်-မည်နှာမ။

၁၄။ ဓာတ်မ - မြေ, ရေ၊ မီး, လေ-စတု၊ ပိုင်းခြားမှု၊ တခု-ဝဝတ္ထု။

တနည်းလည်း-ရှေ့အနုဿတိ-ဂပါးကား ပရမတ်အာရုံများ ဖြစ်၍ ထင်နိုင်ခဲသောကြောင့် အနုသဒ္ဒါထည့်ရ၏။နောက်နှစ်ပါးကား ပညတ်အာရုံဖြစ်၍ ထင်လွယ်သောကြောင့် အနုသဒ္ဒါမထည့်ရ ဟုမှတ်။

၁၂။ အပ္ပမညာ လေးပါးကား-

၁။ မေတ္တာ ၃။ မုဒိတာ
၂။ ကရုဏာ ၄။ ဥပေက္ခာ-တည်း။

၍ အပ္ပမညာ လေးပါးနှင့် ပြည့်စုံညီညွတ်အောင် ကျင့်ကြံနေထိုင်သူ ဖြစ်လျှင် ဗြဟ္မာ၏နေခြင်းနှင့် တူသောကြောင့် "ဗြဟ္မဝိဟာရ-ဗြဟ္မစိုရ်" တရားရှိသောသူဟု ဆိုအပ်၏။

၁၃။ စားသောက်မျိုဝါးအပ်သော ခဲဘွယ်ဘောဇဉ်၌ စက်ဆုပ်ဘွယ်ဟု ထင်မြင်အောင် ရှုဆင်ခြင်တတ်သော သညာသည် "အာဟာရေ ပဋိကူလသညာ" မည်၏။

၁၄။ မိမိ၏ ရူပကာယခန္ဓာကိုယ်၌ မြေ,ရေ,မီး, လေတည်းဟူသော ဓာတ်လေးပါးတို့ စုပေါင်း တည်နေမှုကို ထင်မြင်အောင် ရှုတတ်သော ဉာဏ်သည် "စတုဓာတု ဝဝတ္ထာန်" မည်၏။

၁၅။ အာကာသာနဉ္စာ၊ အစဖြာ၊ လေးမှာ - အောက္ပုပ်။
၁၆။ သမထ အကျယ်၊ သရုပ်ချယ်၊ လေးဆယ်ကမ္မ
ဋ္ဌာန ဖြစ်ကုန်ကြ၊ ___
၁၇။ အသု,ကာယ၊ ရုဂဒြောထူ၊အားကြီးသူ၊ ပွဝးယူ
သင့်လျော်လှ၊

၁၅။၁၆။ အောက္ပုပ် ကမ္မဋ္ဌာန်း လေးပါးကား-

၁။ အာကာသာနဉ္စာယတနဈာန်
၂။ ဝိညာဏဉ္စာယတန ဈာန်
၃။ အာကိဉ္စညာယတနဈာန်
၄။ နေဝသညာ နာသညာယတနဈာန်-တည်း။
ဤသို့လျှင် သမထကမ္မဋ္ဌာန်းသည် သရုပ်အကျယ်အားဖြင့် လေးဆယ်
ရှိသတည်း။

ကမ္မဋ္ဌာန်းလေးဆယ် ရေတွက် ပြဆိုခဏ်း ပြီး၏။

၁၇။ ပြဆိုခဲ့သော စရိုက်(၆)ပါးတို့တွင် ရာဂ, ဒေါသ, မောဟ, ဝိဟက်လေးပါးတို့ကား ဒုစရိုက်များတည်း။ ယင်းစရိုက်လေးပါးကို ပယ်ရှားသုတ်သင်နိုင်ရန် ဆန့်ကျင်ဘက်ကမ္မဋ္ဌာန်းကို ရွေးချယ်၍ ပွားများအားထုတ်အပ်၏။ သို့ဖြစ်၍ ရာဂစရိုက်ထူပြောသူဖြစ်လျှင် အသုဘ-၁၀ ပါး, ကာယဂတာသတိ-ဤကမ္မဋ္ဌာန်း(၁၁)မျိုးတွင် တမျိုးမျိုးကို ပွားများအားထုတ်ရန် သင့်လျော်-လျောက်ပတ်၏။ သို့ရာတွင် စိုးဖြန်းပွားများသူ ယောဂီပုဂ္ဂိုလ်က ယောက်ျားဖြစ်လျှင် သဘာဂဖြစ်သော ယောက်ျားအသုဘကို၊ မိမ္မဖြစ်လျှင် သဘာဂဖြစ်သော မိမ္မအသုဘကိုသာ စိုးဖြန်းပွားများရ၏။ အဘယ့်ကြောင့်ဆိုသော် ဝိသဘာဂကမ္မဋ္ဌာန်း

၁၈။ ပုမဉ်လေးထွေ၊ ညှိ,ဇွေ,နှိ,ဖြဲ။၊ ဤ၇စ်မျှ၊ ပြောထုံ ဒေါသ သင့်လျော်လှ။

၁၉။ မောဟ,ဝိတက်၊မျှားသူတွက်၊ သင့်ချက်အာပါန။

မျိုးကို စိုးဖြန်းပွားများလျှင်"မိုးလောင်ရာ-လေပင့်"သကဲ့သို့ ပင်ကိုယ် မူလက ရာဂစရိုက်ကို လောင်မြှိုက်အားပေးသလို ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမပေါက် အကျိုးမရောက်ဘဲ ရှိတတ်ချေသည်။ ထို့ကြောင့် သဘာဂ အသုဘကမ္မဋ္ဌာန်းကိုသာလျှင် စီးဖြန်းပွားများရာ၏။

၁၈။ **ဒေါသစရိုက်** ထူပြောသူဖြစ်လျှင် အပ္ပမညာ-၄ပါး, နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း ဟူဆိုအပ်သော ဝဏ္ဏကသိုဏ်း-၄ပါး-ဤ(၈)မျိုးတွင် တမျိုးမျိုးကို စီးဖြန်းပွားများအပ်၏။ ဤကမ္မဋ္ဌာန်း(၈)မျိုးသာလျှင် ဒေါသစရိုက်ထူပြောသူ၏ အမျက်ဒေါသကို ပယ်ခွါသုတ်သင်နိုင်၏။ ပင်ကိုယ်က ဒေါသကြီးသူသည် ဒေါသဖြစ်ဘွယ်အာရုံနှင့် ကြုံလျှင် တိုး၍တိုး၍ အမျက်ဒေါသဖြစ်တတ်သည်။ ဤမေတ္တာစသော ဗြဟ္မဝိဟာရ-၄ပါးနှင့် ဝဏ္ဏကသိုဏ်း ၄ပါးတို့ကား ဒေါသစရိုက်ထူပြောသူ၏ စိတ်ကို ရှင်းလန်း ကြည်နူး မြူးတူး ချမ်းမြေ့စေလျက် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော ကမ္မဋ္ဌာန်းများဖြစ်၍ အကျိုးပြီးမြောက်စေနိုင်၏။ ထို့ကြောင့် ဒေါသစရိုက်ထူပြောသူသည်ဤ(၈)မျိုးတွင် တမျိုးမျိုးကို ပွားများအားထုတ်အပ်၏။

၁၉။ **မောဟစရိုက်, ဝိတက်စရိုက်**ထူပြောသူဖြစ်လျှင် အာနာပါန ကမ္မဋ္ဌာန်းတမျိုးထည်းကိုသာ စီးဖြန်းပွားများအပ်၏။ အဘယ့်ကြောင့် ဆိုသော် မောဟစရိုက်ရှိသူလည်း တွေဝေပျံ့လွင့် တုန်လှုပ်နေတတ်၏။ ဝိတက်စရိုက်ထူပြောသူလည်း ကာမဝိတက်စသည်ကို ကြုံစည်တွေးတောလျက် ငေးမောတွေဝေနေတတ်၏။ ထွက်လေ ဝင်လေကို အစဉ်မှန်း၍ စီးဖြန်းပွားများရသော ဤအာနာပါနကမ္မဋ္ဌာန်းသာလျှင် ထိုစရိုက်နှစ်ပါး

၂၀။ ဇုန္ဒ -ဧထတ်၊ နဲသည် ခြောက်ရပ်မူ။ သဒ္ဓါထူ၊ ပြောသူ သင့်လျော်သ။

၂၁။ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ စတုဓာတုဝဝတ္ထာန်း သင့်လျော်စွ။

၂၂။ ကြွင်းသမျှမူ၊ အာဟာရေ ပဋိကူလသညာ၊ ပဉ္စကနိဿယ သင့်လျော်လ။

ထူးပြောအားကြီးသူအား လျော်ကန်သော ကမ္မဋ္ဌာန်း ဖြစ်ပေသည်။ ထို့ကြောင့် မောဟစရိုက်, ဝိတက်စရိုက် ထူပြောသူသည် အာနာပါန် ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏။

၂၀။ **သဒ္ဓါစရိုက်** ထူပြောသူသည် ဗုဒ္ဓါနုဿတိအစ ဒေဝတာနုဿတိ အဆုံးရှိသော အနုဿတိ-၆မျိုးတွင် တမျိုးမျိုးကို စီးဖြန်းပွားများရ၏။ သဒ္ဓါ၏ ပင်ကိုယ်သဘောသည် ဘုရားစသော ကောင်းသောအာရုံ၌ ယုံကြည်ခြင်းလက္ခဏာရှိသောကြောင့် ပင်ကိုယ်သဘာဝနှင့် လိုက်လျောညီညွတ်သော ဤကမ္မဋ္ဌာန်း ၆-မျိုးတွင် တမျိုးမျိုးသာလျှင် သဒ္ဓါစရိုက် ထူပြောသူအား အသင့်လျော်ဆုံး ကမ္မဋ္ဌာန်း ဖြစ်လေသည်။

၂၁။ **ဗုဒ္ဓိစရိုက်** ထူပြောသူသည် ဥပသမာနုဿတိ, မရဏာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်-၌ (၄) မျိုးတွင် တမျိုးမျိုးကို စီးဖြန်းပွားများအပ်၏။ ဉာဏ်ပညာထက်မြက် ကြီးမားသူသည် သိမ်မွေ့နက်နဲ ခက်ခဲသော အာရုံနှင့် တွေ့ကြုံလျှင် နက်နဲစွာ ကြံစည် စဉ်းစားခြင်းဖြင့် ဉာဏ်ပညာတိုးပွား၍ အကျိုးများ၏။ ထို့ကြောင့် ဗုဒ္ဓိစရိုက် ထူပြောသူသည် ၌ကမ္မဋ္ဌာန်း - ၄ မျိုးတွင် တမျိုးမျိုးကို စီးဖြန်းပွားများခြင်းဖြင့် မူလအသိဉာဏ် လျင်မြန်တိုးပွား၍ အကျိုးများနိုင်၏။

၂၂။ ပြဆိုခဲ့ပြီးဖြစ်သော ကမ္မဋ္ဌာန်း(၃၀)မှ ကြွင်းသော ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း,

၂၃၊ ကသိဏ်းကြီးဝယ်၊ မောဟကြွယ်သူ၊ အာငယ်ယူရာ၊ ဝိတက်သာ၊ သဗ္ဗာလုံးစုံပြု။

၂၄၊ ပရိဘာဝနာ၊ တရုမှာ၊ တာလိကမွဲ့ဌာနအာကုန်ရှု၊ အာကာသကသိဏ်း, အာလောကကသိဏ်းနှင့် အာရုပ္ပ-၄ပါး = ပေါင်းကမ္မဋ္ဌာန်း(၁၀)ပါးတို့ကား စရိုက်ခြောက်ပါးတွင် အမှတ်မထား စရိုက်တပါးပါး ပေါများထူပြောသည့် အလုံးစုံသော ပုဂ္ဂိုလ်အပေါင်းအား စိုးဖြန်းပွားများရန်သင့်လျော် လျောက်ပတ်၏။

၂၃။ မောဟစရိုက် ထူပြောသူသည် ပကတိအားဖြင့် စိတ်ဓာတ်ချောက်ချား လွင့်ပါးသူဖြစ်၍ အလွန်ကျဉ်းမြောင်းသည့် ကမ္မဋ္ဌာန်းအာရုံကို ရှုဆင်ခြင်ရမူကား လွင့်ပါး ချောက်ချားနေသော စိတ်ကို လွန်စွာလွင့်ပါး ချောက်ချားစေသောကြောင့် အငယ်ဆုံး အချင်းတထွာ လက်လေးသစ်မှစ၍ အကြီးဆုံး ကောက်နယ်တလင်းခန့်မျှ ပမာဏရှိသော ကသိဏ်းဝန်းကို ပရိကမ်ပြု၍ ရှုဆင်ခြင်အပ်၏။ ဝိတက်စရိုက် ထူပြောသူလည်း ထွေဆွေးပါးကို ကြိုစည်စွဲကပ်၍ စိတ်ဓာတ်ပြေးသွားသူ ဖြစ်ရကား အလွန်ကျယ်ဝန်းသော ကသိဏ်းအာရုံကို ရှုဆင်ခြင်ရလျှင် အတိုင်းမသိအောင် စိတ်ကို မချုပ်တည်း မထိမ်းသိမ်းနိုင်သောကြောင့် အငယ်ဆုံး တထွာလက်လေးသစ် ပမာဏရှိသော ဗန်း, စကာမျှ လောက်ဖြစ်သော ကသိဏ်းဝန်းကိုသာလျှင် ပရိကမ်ပြု၍ ရှုဆင်ခြင်အပ်၏။

သပ္ပါယဘေဒ ပြဆိုခဏ်း ပြီး၏။

၂၄။ **ဘာဝနာဘေဒခဏ်း** ၌ ပရိကမ္မဘာဝနာသည် အထက်ဘာဝနာနှစ်ပါးသို့ ရောက်အောင် ဆွဲဆောင် ပြုပြင်-စီရင်ပေးတတ်သော

၂၅။ ဗုဒ္ဓါအာဒိ၊နဲ့သတိဂ္ဂစ်၊ သညာဂေါ်ပါ၊ ဝဝတ်မှာ၊ ဥပစာတိုင်ရုံရ။

၂၆။ အကြွင်းတိ ံသံ၊ ကမ္မဋ္ဌာန်၊ အပ္ပနံတိုင်အောင်ရ။

ဘာဝနာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းခေါ်ဆယ်လုံး ထို ဘာဝနာနှင့် ကင်း၍ မဖြစ်နိုင်။ ထို့ကြောင့် ကမ္မဋ္ဌာန်း ခေါ်ဆယ်လုံး၌ ပရိကမ္မဘာဝနာကို ရအပ်သည်သာတည်း။ မရအပ်သော ကမ္မဋ္ဌာန်းမည်သည် မရှိ။

၂၅။ ထို ပရိကမ္မဘာဝနာသည်ပင်လျှင် အလေ့အလာများ၍ ရင့်ကျက် အားကောင်းကာ အပ္ပနာဘာဝနာ၏ အနီးအပါးသို့ ရောက်လာသောအခါ၌ကား ထိုအမည်ဖျောက်၍ ဥပစာရဘာဝနာ အမည်ရောက်လာ၏။ထို ဥပစာရဘာဝနာကိုကား ဗုဒ္ဓါနုဿတိအစရှိသော အနုဿတိ-၈ပါး, အာဟာရေပဋိကူလသညာ ၁-ပါး, စတုဓာတုဝဝတ္ထာန-၁ပါး, = ဤကမ္မဋ္ဌာန်း (၁၀) ပါးတို့ဟူသာ ရအပ်၏။ အကြောင်းမူကား ဗုဒ္ဓါနုဿတိ စသည်တို့၌ ဂုဏ်တော်စသည်တို့ကား ပရမတ်တရားများလည်း ဖြစ်, များသော အထူးအပြားလည်း ရှိကုန်၏။ ယင်းပရမတ်တရားတို့၏ လည်း သိမ်မွေ့နက်နဲ ခက်ခဲကြသောကြောင့် ဤကမ္မဋ္ဌာန်း (၁၀) ပါးတို့ဟူ သမာဓိသည် ကောင်းစွာ တည်တန့်နိုင်ခြင်း မရှိရကား အပ္ပနာဘာဝနာ၏ အဖြစ်သို့ မရောက်နိုင်သဖြင့် ဥပစာရဘာဝနာ အဖြစ်ဖြင့်သာ တည်နေသောကြောင့်တည်း။

၂၆။ အပ္ပနာဘာဝနာကိုကား ယခင် ၁၀-ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်း (၃၀) တို့ဟူ ရအပ်၏။ ဤဘာဝနာသည် ဥပစာရဘာဝနာထက် အားကောင်းခိုင်မြဲသော သမာဓိဘာဝနာဖြစ်၍ ကမ္မဋ္ဌာန်း-၃၀ ထဲက ကမ္မဋ္ဌာန်းတခုခု၌ မထိုင်မလဲ သံမှိုစွဲသကဲ့သို့ ခိုင်မြဲစွာသက်ဝင် တည်ငြိမ်လျှ၏။ ထို့ကြောင့် မဟဂ္ဂုတ်ဈာန်တိုင်အောင် အကျိုးပြုနိုင်လေသည်။

၂၇။ တိုံသံတွင်ပိုင်း၊ ကသိဏ်းဒသ၊ ဆောပါန၊ ငါ.ပ ဈာန်တို့ရုံ။

၂၈။ ဆသု,ကာယ၊ ပဈာနသာ၊မေတ္တာ,ကရုဏာ၊ မုဒိတာ၊ ဈာန်လေးဖြာ၊ ပေက္ခာ-ပဉ္စဈာန်ရုံ။

၂၇။ အပ္ပနာဘာဝနာ၌ ရထိုက်သော ကမ္မဋ္ဌာန်း (၃၀) တွင် ကသိဏ်း-၁၀ပါး, အာနာပါနဿတိ=၍(၁၁)ပါး၌ တပါးပါးကို ပွားများအားထုတ်လျှင် ရူပဈာန် ငါးပါးလုံးကိုပင် ရနိုင်၏။ ထို့ကြောင့် ၍ကမ္မဋ္ဌာန်း (၁၁)ပါးတို့သည် ရူပဈာန်ငါးပါးတို့၏ အာရုံ-ကမ္မဋ္ဌာန်းတို့တည်း။

၂၈။ ဆသုဘ-၁၀ပါး, ကာယဂတာသတိကား ပဉ္စမဈာန်၏ အာရုံကမ္မဋ္ဌာန်းသာတည်း။ ၍ကမ္မဋ္ဌာန်း (၁၁)ပါးကို ပွားများအားထုတ်လျှင် ပထမဈာန်ကိုသာ ရနိုင်၏။ ဒုတိယဈာန်စသည်တို့ကို မရနိုင်။ အကြောင်းမူကား အသုဘဘာဝနာသည် လွန်စွာစက်ဆုပ် ရွံရှာဘွယ်အာရုံဖြစ်၍ ကြမ်းတန်းသော ရေအယဉ်နှင့်တူ၏။ ထိုကြမ်းတန်းသော ရေးယဉ်ဘဲ လှေနှင့်တူသော စိတ်သည် ထိုးဝင်းနှင့်တူသော ဝိတက်ဟုဆိုအပ်သော အင်အားနှင့်ကင်း၍ တည်တန့်နိုင်မည်မဟုတ်၊ ဝိတက်တည်းဟူသော အကူအညီ အထောက်အပံ့ကို ရမှသာလျှင် တည်တန့်နိုင်၏။ ထို့ကြောင့် ဝိတက်မရှိသော ဒုတိယဈာန် စသည်တို့၏ အာရုံမဖြစ်ဘဲ ပဉ္စမဈာန်၏ အာရုံသာ ဖြစ်သည်။ (ကာယဂတာသတိကိုလည်း နည်းတူမှတ်။)

မေတ္တာ,ကရုဏာ, မုဒိတာ-၃ပါးတို့ကား ပဉ္စမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် လေးပါးတို့၏ အာရုံတို့တည်း။ ၍ကမ္မဋ္ဌာန်းသုံးပါးတို့သည် ဒေါမနဿ သဟဂုတ် စိတ္တုပ္ပါဒ်တို့ကို ပယ်၍ သောမနဿ သဟဂုတ် စိတ္တုပ္ပါဒ်တို့၌သာလျှင် တကွဖြစ်ကြသောကြောင့် ထိုဈာန်လေးပါးတို့၏ အာရုံကမ္မဋ္ဌာန်းများ ဖြစ်ကြ၏။ ဥပေက္ခာဌာနဟူ ဗိဟာရကား ပဉ္စမဈာန်၏ အာရုံကမ္မဋ္ဌာန်းတည်း။

၂၉၊ ဤဆဋ္ဌိသာ၊ ကမ္မဋ္ဌာ၊ ရူပါဝစာန်တို့ရုံ၊
၃၀၊ ကသိဏာ၃၊ တိမာကာသ၊ စသည်လေးဆူ၊
ဆာရုံမှု၊ အာရုပ္ပစာန်တို့ရုံ၊

၃၁၊ ပရိ,ဥဂ်,ဘာ၊မိတ်သုံးဖြာဝယ်၊ရှေ့နှစ်သွယ်သာ၊
ကြောင်းလျော်စွာ၊တာလိ ရလေကုန်၊

၂၉။ ဤသို့လျှင် ကသိဏ်း-၁၀ပါး, အသုဘ-၁၀ပါး,ကာယဂတာသတိ,အာနာပါနဿတိ, အပ္ပမညာ-၄ပါး = ပေါင်း (၂၆) ပါးသော ကမ္မဋ္ဌာန်းတို့သည် စာန်၄ပါးဘို့၏ အာရုံကမ္မဋ္ဌာန်းတို့သာတည်း။ ထိုတွင် ပဌမစာန်၏အာရုံကား ကသိဏ်း-၁၀ပါး, အသုဘ-၁၀ပါး, ကာယဂတာသတိ,အာနာပါနဿတိ, မေတ္တာ,ကရုဏာ, မုဒိတာ = ပေါင်း (၂၅) တည်း။ ဒုတိယစာန်,တတိယစာန်,စတုတ္ထစာန်လေးပါး တို့၏ အာရုံကား အသုဘ-၁၀ပါး, ကာယဂတာသတိ, မေတ္တာ, ကရုဏာ, မုဒိတာ = ပေါင်း (၁၄)တည်း။ ပဉ္စမစာန်၏အာရုံကား ကသိဏ်း-၁၀ပါး,အာနာပါနဿတိ, ဥပေက္ခာ = ပေါင်း(၁၂)တည်း။

၃၀။ အရူပစာန်လေးပါးတို့၏ အာရုံကမ္မဋ္ဌာန်း အစဉ်တို့ကား—

၁။ အာကာသာနဉ္စာယတနစာန် = ကသိဏ္ဍ၁၀ဠီမာကာသ
၂။ ဝိညာဏဉ္စာယတနံစာန် = ပဌမာရုံပဌဝိညာဏ်
၃။ အာကိဉ္စညာယတနံစာန် = နတ္ထိဘောဝပညတ်
၄။ နေဝသညာ နာသညာယတနစာန် = တတိယာရုပဌဝိညာဏ်တို့ဝင်းတည်း။

ဘာဝနာဘေဒ ပြဆိုခဏ်း ပြီး၏။

၃၁။ အာရုံအပြားအားဖြင့် ရသင့်သော ကမ္မဋ္ဌာန်းတို့ကို ပြဆိုရာ "ဝေါစရဘေဒ"၌ ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်-သုံးပါး

၃၂။ ကသိဏ်း, သုဘ၊ကာယ,အာနာ၊တို့ဆိုသော၊ဘာ-ကိုရဏလေကုန်။
၃၃။ ယင်းတို့ဆိုသော၊ ပဋိဘာဝယ်၊ အာရုံသွယ်ကာ၊ ဥ,ပုနာ၊နှစ်ဖြာ-ဓိဖြစ်ကုန်။
၃၄။ ဖြစ်ပုံသေချာ၊ မှတ်ဘို့ရာ၊ကဗျာ၌သို့ဘန်။
၃၅။ ဆာဒ်ယောဂိ၊ ပထဝိစ၊ ကသိဏာ၊ ပွား:ထဆာဘန် ဘန်။

ဝယ် ရှေ့နိမိတ်နှစ်ပါး:တို့ကိုသာလျှင် ကမ္မဋ္ဌာန်းလေးဆယ်တို့၌ အချို့.ကို ပရိယာယ်အား:ဖြင့်ဂင်း, အ ချို့.ကို မူ ၍ အား: ဖြင့် ဂင်း ရထိုက်သည် အား:လျော်စွာ ရအပ်ကုန်၏။

၃၂။ ပဋိဘာဂနိမိတ်ကိုကား ကသိဏ်း-၁၀ပါး, အသုဘ-၁၀ပါး, ကာယဂတာသတိ,အာနာပါနဿတိ- ဤကမ္မဋ္ဌာန်း(၂၂)ပါး:တို့၌သာလျှင် ရအပ်၏။ ဂုဏ်တော်စသည်ကို ဆင်ခြင်ရသော ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း-၁၀ပါး:တို့သည် ရှေးဦး:အစ စီး:ဖြန်း:ရာကာလနှင့် ဘာဝနာ အသား:ကျလာသည့် နောက်ကာလ၌ တနည်း:တဖုံ ပြောင်း:လွဲကွဲပြား လာခြင်း မရှိကြသောကြောင့် ထိုကမ္မဋ္ဌာန်း-၁၀ပါး:တို့၌ ပဋိဘာဂ နိမိတ်ကို မရအပ်။

၃၃။ ပဋိဘာဂနိမိတ် ရကောင်း:သော ဤကမ္မဋ္ဌာန်း(၂၂)ပါး: တို့၌သာလျှင် ယင်းနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိ နှစ်ပါး:တို့ဖြစ်ကုန်၏။

၃၄။၃၅။ ဘာဝနာသုံး:ပါး:နှင့် နိမိတ်သုံး:ပါး: တွဲစပ်ပုံ၊ ဥပစာရ သမာဓိ, အပ္ပနာသမာဓိနှစ်ပါး:တို့ ဖြစ်လာကြပုံ အလုံး:စုံကို ဤဆိုလတံ့ သော နည်း:ဖြင့် သိအပ်၏။ ။ပထဝီကသိဏ်း:ကို စီး:ဖြန်း:လိုသော

၃၆။ ထိုသို့ပွားတုံ၊ အာရုံ, ဘာဝနာနှစ်ခုမှာ၊ နာမဘာ-
ပရိကမ်း။
၃၇။ ထိုရုံကိုသာ၊ ခါခါပွားမှု၊ စိတ်ဖြင့်ယူ၊ ထင်ဟူ
မျက်စိဟန်။
၃၈။ ထိုသို့ဆင်ရာ၊ထိုအာလမ္ဗ၊အမည်ရ၊ဥဂ္ဂဟနိမိတ်တုံ၊
၃၉။ ဘာဝနာလည်း၊ ရှေးထက်ကြိုး၊ ဒိုင်ပြုံးတည်
တန့်ပြန်။

အာဒိကမ္မိကယောဂီပုဂ္ဂိုလ်သည် တတ္ထာလက်လေးသစ် ပမာဏရှိသော ပထဝီကသိုဏ်းဝန်းကို ပြုစိမ်ပြီးနောက် ထိုကသိုဏ်းဝန်းကို မျက်စိဖြင့် ကြည့်ရှု၍ ''ပထဝီ-ပထဝီ'' ဟု ကြိမ်ဖန်များစွာ ဆင်ခြင်ပွားများရာ၏။

၃၆။ ထိုသို့ ကြိမ်ဖန်များစွာ ဆင်ခြင်ပွားများအပ်သော် ပထဝီကသိုဏ်းဝန်းအာရုံသည် **ပရိကမ္မနိမိတ်** မည်၏။ မျက်စိဖြင့်ကြည့်၍ နှုတ်ကရွတ်ဆိုလျက်ဖြစ်စေ, နှုတ်ဖြင့်မရွတ်ဘဲ စိတ်ထဲ၌တန်းမှန်း၍ဖြစ်စေ ဆင်ခြင်ပွားများမှု ဘာဝနာစိတ်သည် **ပရိကမ္မဘာဝနာ** မည်၏။

၃၇။၃၈။၃၉။ ထို ပရိကမ္မနိမိတ်ဟု ဆိုအပ်သော ပထဝီကသိုဏ်းဝန်းအာရုံကိုပင်လျှင် ကြိမ်ဖန်များစွာ ပွားများအပ်သည့် ရှိသော် ဘာဝနာအဟုန် အထုံရလာသောအခါ မျက်စိဖြင့် မြင်နေရသကဲ့သို့ စိတ်ထည်းဖွဲ့လည်း ထင်မြင်လာသော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏။ ဤဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ဆင်ခြင်ပွားများမှု ဘာဝနာစိတ်သည် ရှေးကထက် ဒိုင်ခုံတည်တန့်သော သမာဓိကို၍၍ ငြိမ်သက်တည်ကြည်သော သမာပတ်အမည်ကိုပင် ရပေသေး၏။

၄၀။ ထိုသို့တည်တုံ၊ ထိုရုံဝယ်တည့်၊ ပဒို့ သမာ၊ဓိဖြင့် သာ၊ပွား၊ကာအား၊ထုတ်ပြန်။

၄၁။ အား၊ထုတ်များ၊ရာ၊ဘာဝနာ၊ခိုင်မာစွမ်း၊အား၊သန်၊ စွမ်း၊အား၊သန်တုံ၊ ထိုအဟုန်ကြောင့်၊ ရှေး၊ရုံတုသ၊ သုကိုန္ဒါ၊ဖေါက်၊ အာဆစ်ရောက်၊ ပေါ်ပေါက် ညှတ်-အာ၊ရုံ။

၄၃။ ထိုရုံစိတ်မှာ၊ ကောင်း၊စွာနှစ်ဝင်၊ စူး၊ဝိုက်ထင်ခါ၊ ပဋိဘာ၊နာမာဘွဲ့ထူး၊ခံ။

၄၄။ တိမ်တိုက်ထွက်လ၊ အိမ်ထုတ်စမှန်၊ မိုး၊ယံ၊ ညဗျိုင်း၊ ပမာနှိုင်း၊ ကာသိုက်း၊ထင်ပုံဟန်။

၄၀။၄၁။ ထိုသို့ ငြိမ်သက်ဟည်ကြည်သော သမာဓိကို ရပြီးဖြစ်သော ယောဂီသည် ပရိကမ္မသမာဓိဖြင့် ထိုဥဂ္ဂဟနိမိတ်ကိုပင် အာရုံပြု၍ ဆက်လက်တဖန် အား၊ထုတ်ပြန်၏။ ယင်းသို့ဆက်လက်အား၊ထုတ်ရာ၌ ဘာဝနာစိတ်သည်လည်း ယခင်နိမိတ်နှစ်ပါး ထင်ပြီး၊ဒုတိယဈာန် လွန်စွာ တည်ကြည်ခိုင်ခံ့ အား၊ကောင်းလာလေသည်။

၄၂။၄၃။ ယင်းသို့ လွန်စွာ တည်ကြည် ခိုင်ခံ့ အား၊ကောင်းလွန်သော ပရိကမ္မဘာဝနာ သမာဓိအဟုန်ကြောင့် ထို ဥဂ္ဂဟနိမိတ်နှင့် ပုံဟန်, သဏ္ဌာန်, အရွယ်ပမာဏ တူမျှသော ပညတ်အာရုံသစ်တမျိုး သည် ဘာဝနာသညာ၏ အစွမ်းကြောင့် ယောဂီပုဂ္ဂိုလ်၏ စိတ်၌ ကောင်းစွာ သွင်း၊ထား၊အပ်သကဲ့သို့ ငြိမ်သက်စွာ ထင်လာ - မြင်လာ၏။ ထိုသို့ အသစ်ထင်လာ-မြင်လာသော ပညတ်အာရုံသည်ပင်လျှင် ပဋိဘာဂနိမိတ် မည်၏။

၄၄။ ထို ပဋိဘာဂနိမိတ်ကား ဥဂ္ဂဟနိမိတ်ထင်စဉ်ကထက် အဆ ဒေး၊ရာ, အထောင်မက၊အောင် သာလွန် ကြည်လင်လှ၏။တ်မ်တိုက်အတွင်းမှ

၄၅။ ထိုမှစပင်လျှင်း၊ နိဗ္ဗြောက်ကင်းဘိ၊ ကာဓိခေါ်ရာ၊
ဥပစာ၊ဘာဝနာဖြစ်၏မှန်း၊
၄၆။ ထိုနောက်ထိုရံ၊ ထိုစိတ်ဟုန်ဖြင့်၊ ဌမ်းကုန်ပွဝ်းရာ၊
ငါးဆင်္ဂါ၊ ထင်စွာပေါ်-ပစ္စာန်၊
၄၇။ ယင်းစ္စာန်သည်သာ၊ အပ္ပနာ၊ သမာဓိ ဘွဲ့ခံ၊

ထွက်ပေါ်လာသော လဝန်း, အိမ်တွင်းက ထုတ်ခါစ ကြေးမှုံမှန်, ညို့မှောင် မည်းနက်သော မိုဃ်းကောင်းကင်ကြီး၌ ပျံသန်းရစ်ဝဲနေသည့် ဥမျိုင်းဖြူတို့သည်၊ ကြည့်ရှု တွေ့မြင်ရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေဘိသကဲ့သို့၊ ထို့အတူ ဘာဝနာသည်၏ အစွမ်းအားဖြင့် ထင်လာ-မြင်လာသော ပဋိဘာဂနိမိတ်သည်လည်း ယောဂီပုဂ္ဂိုလ်၏ စိတ်ထည်း၌ လွန်စွလွန်စွာ ကြည်နူးဘွယ်ရာ ဖြစ်လာ၏။

၄၅။ ၍ပဋိဘာဂနိမိတ် ပေါ်လာသည်မှစ၍ ဘာဝနာစိတ်အစဉ်လည်း ရှေးကထက် သမာဓိစွမ်းပကား လွန်စွာ အားကောင်းလှရကား ပရိကမ္မဘာဝနာ အမည်ပျောက်၍ ဥပစာရဘာဝနာ အမည်ရောက်၏။ ဥပစာရဘာဝနာ ဟူသည်လည်း သမာဓိ ပြဋ္ဌာန်းသော ကာမာဝစရစိတ်ပင်တည်း။ ထိုဘာဝနာစိတ်ဖြင့် သမာဓိ၏ဘေးရန် ပရိပန်းဖြစ်သော နိဝရဏတရားတို့ကို ပယ်ရှား သုတ်သင်နိုင်၏။

၄၆။၄၇။ ထို့နောက် ဥပစာရဘာဝနာ သမာဓိဖြင့်ပင် ထင်လာပြီးဖြစ်သော ထိုပဋိဘာဂနိမိတ်ကို ပျောက်ယွင်းမသွားအောင် သတိဆောင်၍ စိတ်ဖြင့်အဖုံဖုံ အစွမ်းကုန် ဆက်လက် ပွားများဆင်ခြင်သော အခါ၌ မကြာမတင် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရပဌမဈာန် ဟု ဆိုအပ်သော "အပ္ပနာဘာဝနာ" သည် ထင်လျားစွာဖြစ်ပေါ်လာ၏။ ယင်းသို့ ဖြစ်ပေါ်လာသည့် ပဌမဈာန်သည်ဝင် "အပ္ပနာ

၄၈၊ ထိုသို့ရနောက်၊ ဈာန်မပျောက်၊ စဉ်လျောက်နှင်းရန်၊

၄၉၊ ဝသီငါးဖြာ၊ တို့ဖြင့်သာ၊ လေ့လာ ဆဖန်ဖန်၊

၅၀၊ ဆာဝဇ္ဇာနှင့်၊ သမာပဇ္ဇ၊ ဓိဋ္ဌ, ဝုဋ္ဌာ၊ ဝေက္ခဏာ၊ ငါးဖြာ-ဝသီနာမ်၊

၅၁၊ ဆင်ခြင်,ဝင်စား၊ တည်ထား,ထရန်၊ လျင်မြန်ခဏာ၊ ထိတ်ိုင်းရ၊ ငါးဝ နှိုင်နင်းရန်၊

သမာဓိ" အမည်ရှိ၏။ ဤသို့လျှင် ဘာဝနာသုံးပါးနှင့် နိမိတ်သုံးပါး တို့စပ်ရာ၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာက အာရုံပြု၍ ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ, အပ္ပနာဘာဝနာနှစ်ပါးက အာရုံပြုသည် ဟု မှတ်။

၄၈။၄၉။ ထိုသို့ ပဌမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် မိမိရပြီးဖြစ်သောဈာန် ပျောက်ပျက်မသွားရန်နှင့် အထက်အထက်ဈာန်တို့ကို ရအံ့ရန် ထိုရပြီးဈာန်ကိုပင် ဝသီဘော်ငါးတန်တို့ဖြင့် အကြိမ်ကြိမ် အဖန်ဖန် လေ့လာ ပွားများဆင်ခြင်အပ်၏။

၅၀။၅၁။ ဝသီဘော်ငါးပါးကား ၁-အာဝဇ္ဇနဝသီ, ၂-သမာပဇ္ဇနဝသီ, ၃-အဓိဋ္ဌာနဝသီ, ၄-ဝုဋ္ဌာနဝသီ, ၅-ပစ္စဝေက္ခဏာဝသီ တည်း။ ထိုတွင် ဈာန်အင်္ဂါကို ဆင်ခြင်ရာ၌ လျင်လျင်မြန်မြန် ဆင်ခြင်နိုင်သော အစွမ်းသတ္တိသည် "အာဝဇ္ဇနဝသီ"မည်၏။ ဝင်စားလိုသော ဈာန်ကို အလျင်အမြန် ဝင်စားနိုင်သော အစွမ်းသတ္တိသည် "သမာပဇ္ဇနဝသီ"မည်၏။ ဘဝင်အယဉ်ကို တားဆီး၍ ဈာန်အစဉ်ကို ထားနိုင်သော အစွမ်းသတ္တိသည် "အဓိဋ္ဌာနဝသီ" မည်၏။ ပိုင်းခြားအပ်သော ကာလအတွင်း၌ ဈာန်မှထနိုင်သော အစွမ်းသတ္တိသည် "ဝုဋ္ဌာနဝသီ"

၅၂။ ရှေးရှေးဈာန်ပစ်၊ နောက်ဈာန်ချစ်လှုက်၊ ပွားခါတက်၊ ထက်ထက်ရဘိဈာန်၊

၅၃။ ဈာန်ကိုနိုင်နင်း၊ လေ့လာလျင်းကာ၊ ရုံ့ရင်းဆက်ဂါ၊ ဝိတက္ကာ၊ စဖြာ ပယ်ဘို့ရန်။

၅၄။ နှုးညှံ့အင်္ဂါ၊ ဝိစာ-စဖြစ်၊ ဒု-စလစ်၊ ဈာန်သစ် ဖြစ်ဘို့ရန်။

မည်၏။ ဈာန်အင်္ဂါကို ဆင်ခြင်ရာ၌ တဝိထိနှင့်တဝိထိ အကြားအကြား မှာ ဘဝင်များစွာ မခြားစေဘဲ လျင်မြန်စွာ ဆင်ခြင်နိုင်သော အစွမ်းသတ္တိသည် **"ပစ္စဝေက္ခဏာဝဇ္ဇီ"** မည်၏။ အာဝဇ္ဇနဝသီမြောက်လျှင် ဤပစ္စဝေက္ခဏာဝဇ္ဇီလည်း မြောက်တော့ဟုသည်သာတည်း။

၅၂။၅၃။ ပဌမဈာန်ကို ရပြီးဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဒုတိယဈာန်စသော အထက် အထက်ဈာန်တို့ကို ရလိုလတ်သည်ရှိသော် ရပြီးဈာန်၏အင်္ဂါတို့ကို စိစစ်ပစ်ခွါ၍ နောက်နောက်ရလိုသော ဈာန်၏ အင်္ဂါတို့ကိုသာလျှင် ဆင်ခြင်ပွားများရာ၏။ ပဌမဈာန်မှ ဒုတိယဈာန်သို့ တက်ပုံကို ပြဆိုအံ့ - ပဌမဈာန်ကို နိုင်နိုင်နင်းနင်းရှိအောင် ဝသီဘော်ငါးတန်တို့ဖြင့် အကြိမ်ကြိမ်ဒုဖန်ဖန် လေ့လာဝင်စားပြီးနောက် ထိုဈာန်နှင့်ယှဉ်သော ဈာန်အင်္ဂါငါးပါးတွင် "ဝိတက်ကား ရုံ့ရင်းကြမ်းတန်း၏။ ကာမဆွန္ဒနိဝရဏာ အစရှိသော နိုးသောရန်ရှိ၏။ ဒုတိယဈာန်ကား ဝိတက်မပါ၊ ပဌမဈာန်တုံးကထက် သိမ်မွေ့နှုးညှံ့သော ဝိစာရ, ဒီဘိ,သုခ,ဧကဂ္ဂတာတို့သာ ပါရှိ၍ ငြိမ်သက်ချမ်းလှ၏။ ဝိတက်မပါသော ဒုတိယဈာန်ကို ရအောင်အားထုတ်အံ့" ဟု နှလုံးပြုပြီးလျှင် ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ဝိတက်ကို ပယ်နှုတ်ပွားများသော အခါ၌ ဝိတက်မပါ ဈာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ဟု ဆိုအပ်သော "အပ္ပနာဘာဝနာ" ဖြစ်ပေါ်လာ၏။

၁၅။ ကမ္မဋ္ဌာန်းဂြို့တိုင်း၊ အားသစ်လှိုင်းက၊ စဉ်အာတိုင်းသာ၊ ထိုက်သျော်စွာ၊ ပေါ်လာဒု-စဈာန်။
၁၆။ ဤသို့ပထဝီ၊ စကြဝဠကမ္မဋ္ဌာန်၊ ဗာဝိသ၊ရဂလေ-ဘာဝဓိတို့။

၁၇။ အကြွင်းတို့တွင်၊ ပမဉ္ဉိလေးသွယ်၊ သတ်ပဉ္စ်ဝယ် ဒွိတွယ်ဖြစ်ကုန်မှန်။
၁၈။ ဆောကာကြဉ်ဘိ၊ ကိုးကဆိစု၊ တခုခုပင်၊ ပယ်ခွါလျှင်၊ ပေါ်ထင်ဆောကာသံ။

၁၅။၁၆။ ဤသို့လျှင် ဒုတိယစျာန်ကို ရရှေ့ ဝိတက်ကို ပယ်ခွါ၍ တတိယစျာန်ကို ရဘို့ရန် ဝိစာရကို ပယ်ခွါ၍ စတုတ္ထစျာန်ကိုရဘို့ရန် ပီတိကို ပယ်ခွါ၍ ပဉ္စမစျာန်ကို ရဘို့ရန် သုခကို ပယ်ခွါ၍ ပဋိဘာဂနိမိတ်တည်းဟူသော ပထဝီကသိုဏ်းပညတ်ကိုပင် ရှေးပဉ္စမစျာန်ကို ရအောင် အားထုတ်ခဲ့စဉ်အဘိုင်း ဘာဝနာသုံးပါးဖြင့် အားသစ်ကြိုးအား ပွားများ ဆင်ခြင်လျှင် ဒုတိယစျာန်စသော အထက်အထက်စျာန်တို့ကိုလည်း ဧကန်ရနိုင်၏။ ဤကား ပဋိဘာဂနိမိတ်ရကောင်းသောပထဝီကသိုဏ်း-စသော ကမ္မဋ္ဌာန်း(၂၂)ပါးကို ပြဆိုရာစကားရပ်တည်း။

၁၇။ ပဋိဘာဂနိမိတ် ရကောင်းသော ကမ္မဋ္ဌာန်း(၂၂)မှ တပါး အပူနာသမာဓိကို ဖြစ်စေ-ရောက်စေနိုင်သော ကျန်ကမ္မဋ္ဌာန်းကား အပ္ပမညာ-၄ပါး, အာရုပ္ပ-၄ပါးတည်း။ ထိုတွင် အပ္ပမညာလေးပါးတို့ကို သတ္တဝါပညတ်ကိုအာရုံပြု၍ စီးဖြန်းပွားများအပ်ကုန်၏။

၁၈။ ကသိုဏ်း-၁၀ပါးတို့တွင် အာကာသကသိုဏ်းကို ခွါခြင်းငှါ မတတ်ကောင်း။ ဝါးခွါ၍မရစကောင်းသောကြောင့် အာရုပ္ပကံကမ္မဋ္ဌာန်း

၅၉။ ကသိုဏ်းကိုပင်၊ မဆင်ခြင်လတ်၊ ထိုဈာန်ရပ်မှာ၊
အာကာသာဟု၊ ပွားများရာ၊ ဒွါဒသဆိုရပြန်။
၆၀။ ယင်းကိုထပ်မံ၊ အာကာသံဟု၊ ဘန်ဘန်ရွာရာ၊
ပဌမာ ဖြစ်လာ-အာရုပ်ဈာန်။

စီးဖြန်းပွားများလိုသော ယောဂိပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိပြီးဖြစ်သော ပဌမဈာန်ကိုပင် "ဤပဌမဈာန်ကား စက်ဆုပ်ဘွယ်ကောင်းသော ကသိုဏ်းရုပ်ကို အာရုံပြု၏။ အောက်စတုတ္ထဈာန်ဥပါသော သုခနှင့်လည်း နီးကပ်၏။ အထက်အရူပဈာန်ကိုထောက်လှမ်းအလွန်တရာ ကြမ်းတန်းလှ၏" ဟု အပြစ်ကိုရှု၍ အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ပရိကမ်ပြုရာ၏။

၅၉။၆၀။ ယင်းသို့ ပရိကမ်ပြုဘန်များ၍ စိတ်ထည်းဌ်ပဋိဘာဂနိမိတ်ဆိုက်အောင် ကသိုဏ်းဝန်းထင်လာသောအခါ မူလဖြန့်သောကသိုဏ်းကိုပင် နှလုံးမသွင်း အာရုံမပြုတော့ဘဲ စိတ်ဖြင့်သာ ဆင်ခြင်ပွားများရ၏။ ဤသို့ ဆင်ခြင်ပွားများသည်ကိုပင် "ကသိုဏ်းခွါသည်" ဟု ဆိုရ၏။ ထိုမူလကသိုဏ်းဝန်းကို နှလုံးမသွင်း အာရုံမပြုတော့ဘဲ ပယ်ခွါ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုလျက် "အာကာသော အနန္တော = ကောင်းကင်ပညတ်ကား ဥပါဒ်,ဘင်အားဖြင့် အဆုံးအပိုင်းအခြား မရှိပါတကား" ဟု ပရိကမ်ပြု၍ အကြိမ်ကြိမ် ရှုဆင်ခြင်လတ်သော် ရူပပဋ္ဌမဈာန်၌ တပ်ခြင်း-နိကန္တိကင်းကွာ၍ ဥပစာရဘာဝနာအဖြစ်သို့ ကောင်းစွာရောက်၏။ ထို့နောက် ထိုကောင်းကင်ပညတ်ကိုပင် အာရုံပြုလျက် ဆက်လက် အားထုတ်ပြန်သောအခါ ပဌမာရုပ္ပ ဟု ဆိုအပ်သော "အာကာသာနဉ္စာယတနဈာန် = အပ္ပနာသမာဓိ" ဖြစ်လာ၏။

၆၁။ ထိုဗျဉ်းကိုသာ၊ ဝိညာဏံဉှင့်၊ အနန္တံဟု၊ ဘန်ဘန်ရှု၊ ဒုဗြစ်အာရုပ်ဈာန်။

၆၂။ ပဝိညာဏ်၏၊ မရှိခြင်းကို၊ နတ္ထိဆိုခါ၊ စိုးဖြန်းရာ၊ ဖြစ်လာ–အာကာဈာန်။

၆၃။ အာရုပ်-တဈာန်၊ ငြိမ်သက်ဟန်ကို၊ သန္တံ-ပဏီး၊ ပွားများဘိ၊ ဖြစ်၏အာစ-ဈာန်။

၆၁။ ဒုတိယာရုပ္ပဈာန်ကို ရလိုပြန်ကလည်း ထိုပဌမာရုပ္ပဈာန်ကို အာရုံပြု၍ "ဝိညာဏံ အနန္တံ = ပဌမာရုပ္ပဝိညာဏ်ကား အဆုံးအဝိုင်း အခြား မရှိပါတကား" ဟု ပရိကမ်ပြု၍ အကြိမ်ကြိမ်ရှဆင်ခြင် လာ်သော် ပဌမာရုပ္ပဝိညာဏ်၌ တပ်ခြင်း - နိကန္တိကင်းကွာ၍ ဥပစာရဘာဝနာသို့ ရောက်၏။ ထို့နောက် ပဌမာရုပ္ပဝိညာဏ်ကိုပင် အာရုံပြုလျက် ဆက်လက် အားထုတ်ပြန်သောဇနခါ ဒုတိယာရုပ္ပဟု ဆိုအပ်သော "ဝိညာဏဉ္စာယတနဈာန် = အပ္ပနာသမာဓိ" ဖြစ်လာ၏။

၆၂။ တတိယာရုပ္ပဈာန်ကို ရလိုပြန်ကလည်း ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း – နတ္ထိဘောပညတ်ကို အာရုံပြု၍ "နတ္ထိကိဉ္စိ - ပဌမာရုပ္ပဝိညာဏ်သည် ဘင်မျှမကြွင်း စိုးစဉ်းမျှ မရှိကော့ပါတကား" ဟု ပရိကမ်ပြု၍ ရှေးနည်းအတိုင်း အကြိမ်ကြိမ် ရှုဆင်ခြင်လတ်သော် ဥပစာရဘာဝနာမှတဆင့်တက်၍ တတိယာရုပ္ပ ဟု ဆိုအပ်သော "အာကိဉ္စညာယတနဈာန် = အပ္ပနာသမာဓိ" ဖြစ်လာ၏။

၆၃။ စတုတ္ထာရုပ္ပဈာန်ကို ရလိုပြန်ကလည်း ထိုတတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ "သန္တံမေတံ = ပဏီတမေတံ-ဤတတိယာရုပ္ပဈာန်သည် ဘင်မျှမကြွင်း စိုးစဉ်းမျှ မရှိသော နတ္ထိဘောပညတ်ကိုပင် အာရုံပြုနိုင်သောကြောင့် ငြိမ်သက်ပေစွ, မွန်မြတ်ပေစွတကား" ဟု

၆၄။ ကမ္မဋ္ဌာန်းထိုမှ၊ ကြွင်းဒဿဝယ်၊ ဗုဒ္ဓဂုဏော၊ အာဒစ္စဗြွှဲ၊ ပွားလေ့ဘာဝနာဘန်။

၆၅။ ယင်းရုံဒိတ်စွဲ၊ ကောင်းစွာမြဲတုံ၊ ထိုရုံဝယ်တည့်၊ ပရိ-ပစ္စဝေ၊ ဓိန့်စ်ဖြာ၊ ဖြစ်လာကုန်၏မှန်။

ပရိကမ်ပြု၍ အကြိမ်ကြိမ် ရွှဆင်ခြင်လတ်သော် ဥပစာရဘာဝနာမှ တဆင့် တက်၍ စတုတ္ထဈာရုပ္ပဟု ဆိုအပ်သော “ နေဝသညာ နာသညာယတန ဈာန်=အပ္ပနာသမာဓိ ” ဖြစ်လာ၏။

ဒုဈာရုပ္ပဈာန်လေးပါး တက်ပုံ ပြီး၏။

၆၄။ အပ္ပနာဘာဝနာတိုင်အောင် ဆောင်နိုင်သော ကမ္မဋ္ဌာန်း (၃၀) မှ ကြွင်းသော ဗုဒ္ဓါနုဿတိအစရှိသော အနုဿတိရှစ်ပါး, ပဋိကူလသညာတပါး, စတုဓာတုဝဝတ္ထာန်တပါး = ဤကမ္မဋ္ဌာန်း (၁၀) ပါးတို့တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂိပုဂ္ဂိုလ်သည် အရဟံအစရှိသော ဂုဏ်တော်ကို အာရုံပြု၍ “အရဟံ-အရဟံ” စသည်ဖြင့် အကြိမ်ကြိမ် .အဖန်ဖန် ပရိကမ်ပြုအပ်၏။ ယင်းသို့ ပရိကမ်ပြုအပ်သော အရဟံ အစရှိသော ဂုဏ်တော်သည် ပရိကမ္မနိမိတ်မည်၏။ ပွားများမှု ဘာဝနာကံသည် ပရိကမ္မဘာဝနာမည်၏။ (သမ္မာသမ္ဗုဒ္ဓ-စသောဂုဏ်တော်တို့၌လည်း ဤနည်းအတိုင်းမှတ်။)

၆၅။ ယင်းသို့ အရဟံဂုဏ်တော်ကို အာရုံပြု၍ အကြိမ်ကြိမ်အဖန်ဖန် ပရိကမ်ပြုသည်ရှိသော် အကြောင်အခါ ထိုဂုဏ်တော်ကို စိတ်ဖြင့်ကောင်းစွာ ယူနိုင်၏။ ထိုအခါ ဥဂ္ဂဟာနိမိတ် ထင်သည်မည်၏။ ထိုဥဂ္ဂဟာနိမိတ်ထင်လာသောအခါ ပွားများမှုဘာဝနာကံလည်း လွန်စွာတည်ကြည်သော ပရိ

၄၆။ ဘိညာဏ်လုံးစုံ၊ ဖြစ်ကြပုံ၊ ကျဉ်းခြုံ့ဩဝါဒနှင့်။
၄၇။ ဘိညာဏ်ဟူသမျှ၊ ပါဒ, ဓိဋ္ဌာ၊ ခြေ, ဘိညာ၊ ဖြစ်လာ-ဝိုလေးတန်။

ကမ္မဘာဝနာသမာဓိ ဖြစ်လာ၏။ ထိုမှတဆင့်တက်၍ ဆက်လက်အားထုတ်ပြန်သောအခါ၌ သမာဓိစွမ်းပကား လွန်စွာအားကောင်းလှသဖြင့် ကိလေသာနိဝရဏကင်းကွာ၍ ဥပစာရဘာဝနာသမာဓိ ဖြစ်လာ၏။ ဤပဋ္ဌာနသတိ အစရှိသော ကမ္မဋ္ဌာန်း - ၁၀ပါးတို့ကား ပရိကမ္မဘာဝနာသမာဓိ, ဥပစာရဘာဝနာသမာဓိ နှစ်ပါးကဲ့သာ ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းတို့တည်း။ (ဓမ္မာနုသတိ-စသော ကျန်ကမ္မဋ္ဌာန်း-၉ ပါးကိုလည်း ဤနည်းဖြင့် သိလေ။)

၄၆။၄၇။ အဘိဝိသေသတော ဇာနာတီတိ အဘိညာ-ဟူသည် နှင့်အညီ အလွန်အကြူး အထူးအားဖြင့် သိတတ်သော ရူပကုသိုလ်, ကြိုယာ ပဉ္စမစျာန်၌ ရှိသော ဉာဏ်သည် အဘိညာဏ် မည်၏။ဤနေရာ၌ အဘိညာဏ်ဖြစ်ပုံ အလုံးစုံကို အကျဉ်းခြုံ၍ ပြဦးအံ့- ရှေးရှေးဘဝက ဆည်းပူးအားထုတ်ခဲ့ဘူးသော ပါရမီထူးရှိသူများသည် မဂ်ရဏ်၊ ရူပပဉ္စမစျာန်ရရုံမျှဖြင့် အဘိညာဏ်ကိုလည်း ရနိုင်ကြ၏။ ပါရမီထူး မရှိကြသူများကား အဓိပတိလေးပါးတွင် တပါးပါးကို ရှေ့သွားပြု၍ အစဉ်အတိုင်း ဝင်စားအပ်သော နဝါနုပုဗ္ဗစျာန်-၉ပါးလုံးကိုဌင်း, ကသိုဏ်း-၁၀-ပါးကိုဌင်း,ကြိမ်ဖန်များစွာ လေ့လာခြင်းပြုမှသာလျှင် အဘိညာဏ်ကို ရနိုင်ကြ၏။ ထို့ကြောင့် အဘိညာဏ်ဟူသမျှ ဖြစ်ဘို့ရန် ၁-ပါဒကစျာနဒိထိ, ၂-အဓိဋ္ဌာနဒိထိ, ၃-တဖန်ပါဒကစျာနဒိထိ, ၄-အဘိညာဏ်ဒိထိအားဖြင့် ဒိထိလေးချက် ဆက်၍ဖြစ်ပြီးမှသာလျှင် ဝင်စားဖြစ်စေလိုသော အဘိညာဏ်ဖြစ်လေသည်။

၆၈၊ ဘိညာဏ်လိုသူ၊ ရှေးမူစဖြွဲ့၊ ဓိဋ္ဌိအဖြေ၊ ဝင်လေ-ရူပဈာန်။

၆၉၊ ထိုမှထပြန်၊ အဓိဋ္ဌာန်မှု၊ ကာဇောစု၊ ပြုလေ ပရိကမ်။

၇၀၊ ထို့နောက်တဖန်၊ ပဥ္စမျာန်ရသာ၊ ဝင်စားခါ၊ ဘိညာအဖြေခံ။

၇၁၊ ဖြေဈာန်မှထ၊ ကြိုသမျှကို၊ လုံးဝပြီးစေ၊ ရူပဥ်ပေ၊ ဖြစ်လေ-အာဘိညာဏ်။

၆၈။၆၉။ ထင်ရှားစေအံ့-အာဘိညာဏ်တပါးပါးကို ဝင်စားဖြစ်စေလိုသောသူသည် ရှေးဦးစွာ အာဘိညာဏ်၏ အခြေခံဖြစ်သော ရူပပဋ္ဌမဈာန်ကို ဝင်စားရ၏။ ယင်းဈာန်ကို ဝင်စားသောအခါ၌ ပါဒကဈာန်တင်ထိုက်၏။ ထို့နောက် ထိုဈာန်မှထ၍ဆိုင်ရာအာဘိညာဏ်၏ အဓိဋ္ဌာတမ္မအာရုံတခုခုကို ရည်မှန်း၍ ပရိကမ်ပြုရ၏။ ယင်းသို့ ပရိကမ်ပြုသော အခါ၌ ကာမဇောမနောဒ္ဒါရတဓိထိကျပြန်၏။ ထိုဓိထိကိုပင် ပရိကမ္မဓိထိဟူ၍ဖြင်း, အဓိဋ္ဌာနဓိထိဟူ၍ဖြင်းခေါ်ရလေသည်။

၇၀။၇၁။ ဤသို့ အဓိဋ္ဌာနဓိထိ ဖြစ်ပြီးနောက် အာဘိညာဏ်၌ ဒေသေ့အလာနည်းပါးသူဖြစ်လျှင် တဖန် ရူပါဝစရပါဒကဈာနဓိထိကျပြန်၏။ ထို့နောင် ထိုပါဒကဈာန်မှ ထသောအခါ၌ ဝင်စား ဖြစ်စေလိုသမျှ အကြိမ်အစည် ပြီးမြောက်ကြောင်းဖြစ်သော ရူပပဋ္ဌမဈာန်စိတ်သည်ပင်လျှင် အာဘိညာဏ်ကိစ္စတည်လေသည်။

၇၂။ ဣဒ္ဓိဝိဓျန်၊ ကြင်း ဘိ ညာဏ် မှ၊ ဖြေ ဗျာန် ၇ မှာ၊
ဆာလောကာ၊ ဒွန်မှာ-ပြေအရှင်။
၇၃။ ဝိဇ္ဇာန်,ဘိညာ၊ ဇောတ္ထိမှာ၊ ဝိဇ္ဇာတဇ္ဇရှင်။
၇၄။ ဣဒ္ဓိဝိဓါဒိဗ္ဗ-နှစ်ထွေ၊စေတောပရိ၊ပုဗ္ဗေနိ၊မှတ်ဘိ-
ငါး-ဘိညာဏ်၊
၇၅။ လောကီဘိညာဏ်၊ ဤငါး-တန်ထက်၊ အာသ
ဝက္ခယ၊ လောင်းစွက်ထ၊ခြောက်ဝ-အာဘိညာဏ်၊

၇၂။၇၃။ အဘိညာဏ် ဝင်စား-ဖြစ်စေရာဝယ် ဣဒ္ဓိဝိဓအဘိညာဏ် မှတပါး ကြွင်းသောအဘိညာဏ်တို့၏ အခြေခံ - ပါဒကစျာန်၏ အာရုံကား အာလောက ကသိုဏ်းတည်း။ ဣဒ္ဓိဝိဓအဘိညာဏ်၌ အခြေခံ-ပါဒကစျာန်၏ အာရုံကား ပထဝီကသိုဏ်းတည်း။ထိုမှတဖန်အဘိညာဏ်ကို ဝင်စား ဖြစ်စေရာဝယ် ဝိထိလေးချက် ဆက်လက်ဖြစ်ရာ၌ အဓိဋ္ဌာန်ဝိထိနှင့် အဘိညာဏ်ဝိထိကုသောအခါ ဇောတ္ထိသည် ထိုထိုဝင်စား ဖြစ်စေလိုသည့် အဘိညာဏ်၏ အဓိဋ္ဌာနတမ္မအာရုံတို့ကို အာရုံပြုကြ၏။ ဥပမာ-ဣဒ္ဓိဝိဓ အဘိညာဏ်ကို ဝင်စား ဖြစ်စေလိုရာ၌ "သတံ ဟောမိ, သဟဿံ ဟောမိ" စသည်ဖြင့် အဓိဋ္ဌာန်ပြုသည့်အတိုင်း နိမ္မိတရုပ်အရာ,အဆထောင်ဟု ဆိုအပ်သော အဓိဋ္ဌာတ္ထမ္မအာရုံတို့ကို အာရုံပြု၏။ ကြွင်းသော အဘိညာဏ်ဘို့၌လည်း နည်းတူမှတ်။

၇၄။၇၅။ အဘိညာဏ်သည် ၁-ဣဒ္ဓိဝိဓအဘိညာဏ်, ၂-ဒိဗ္ဗစက္ခုအဘိညာဏ်, ၃-ဒိဗ္ဗသောတအဘိညာဏ်, ၄ - စေတောပရိယအဘိညာဏ်, ၅-ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် အားဖြင့် ငါးပါး ရှိ၏။ ဤငါးပါးကား လောကီအဘိညာဏ်တည်း။ ဤလောကီအဘိညာဏ်ငါးပါး၌ အာသဝက္ခယညာဏ်ကို ထည့်လျှင် အဘိညာဏ် ခြောက်ပါး ဖြစ်၏။ ဤအဘိညာဏ် ငါးပါး၌ပင် ယထာကမ္မူပဂ

၇၆၊ ဈာန်ရုံနှစ်ဝ၊ဟာပ်၍ပြု၊ ဘေဒကေါစရုံ၊

၇၇၊ သမထကမ္မဋ္ဌာန်း၊ ပွားစီးဖြန်း၊ နည်းလမ်းနိဋ္ဌိတ်၊

၇၈၊ ဝိပဿိကမ္မဋ္ဌာန်း၊ ပွားစီးဖြန်း၊ နည်းလမ်း၌သို့ မှတ်။

အဘိညာဏ်,အနာဂတံသ အဘိညာဏ် နှစ်ပါးကိုထည့်လျှင် လောကီ အဘိညာဏ် ခုနစ်ပါး ဖြစ်၏။ သို့ရာတွင် ဤအဘိညာဏ်နှစ်ပါးတို့ကား ဒိဗ္ဗစက္ခု၊အဘိညာဏ်နှင့် မကင်းစကောင်း၊ ဒိဗ္ဗစက္ခု၊ အဘိညာဏ်၏ ပရိဘဏ်များဖြစ်ကြ၍ ထိုအဘိညာဏ်၌ အကျုံးဝင်ပြီး ဖြစ်ကြသည်။ ထို့ကြောင့် လောကီအဘိညာဏ်ကို ငါးပါးမျှသာ ရေတွက်ပြဆိုအပ်သတည်း။

၇၆။၇၇။ ဈာန်နှင့်အာရုံ အထူးအပြားကို ဟာ၍၍ပြဆိုရာ ဖြစ်သော ဝေါစရဘေဒ ပြဆိုခဏ်း ပြီး၏။

သမထကမ္မဋ္ဌာန်း ပြဆိုခဏ်း ပြီး၏။

၇၈။ ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိပဿနာ ဟူသည် ဧတဘူမက သခ်ါရတရားအပေါင်းကို အနိစ္စ-စသော အထူးထူးအပြားပြား များစွာသော အခြင်းအရာဖြင့် ရှုဆင်ခြင်တတ်သည့်ဉာဏ်-ပညာဟူသည်း။ထိုဉာဏ်-ပညာ၏တည်ရာအာရုံကိုပင် "ဝိပဿနာ ကမ္မဋ္ဌာန်း" ဟု ခေါ်ဆိုရသည်။ ယခုအခါ၌ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံကို ပြဆိုပေအံ့-

၇၉၊ သိလ,စိတ်နှင့်၊ ဒိဋ္ဌိ,ကင်္ခါ၊ မဂ္ဂါ,ပဋိ၊ ဉာဏသမ္ပယုတ်ရပ်။
၈၀၊ အနိစ္စ,ဒုက္ခ၊ အနတ္တာ၊ လက္ခဏာ, နုပသမ်-သုံးစိမ့်တော်။
၈၁၊ သမ်,ဥ,ဘင်္ဂ၊ဘယ,အာဒီ၊ နိဗ္ဗိ,မုစ္စိုနှင့်၊ ပဋိသင်္ခါ၊ သင်္ခါ,အနုလောမဉာဏ်ဝိပသ်။
၈၂။ သုညတ၁, နိ၊ အပ္ပဏိ၊ တိဝိမောက္ခမှတ်။

၇၉။ ဤဝိပဿနာကမ္မဋ္ဌာန်းဦး ရှေးဦးစွာ မာတိကာအစဉ်ထား၍ မှတ်သားရန်ကား ၁-ဝိသုဒ္ဓိ-၇ပါး, ၂-လက္ခဏာ-၃ပါး, ၃-အနုပဿနာ-၃ပါး, ၄-ဉာဏ်-၁၀ပါး, ၅-ဝိမောက္ခ-၃ပါး, ၆-ဝိမောက္ခမုခ-၃ပါးတို့ပင်တည်း။ ထိုတွင် ဝိသုဒ္ဓိ-၇ပါးကား သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိတည်း။

၈၀။ **လက္ခဏာ-၃ပါးကား** အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတည်း။ ဤသုံးပါးကိုပင် နိဗ္ဗာန်သို့သွားကြောင်းဖြစ်သောကြောင့် ''လက္ခဏာယာဉ်'' ဟုလည်း ခေါ်ကြ၏။ **အနုပဿနာ-၃ပါးကား** အနိစ္စာနုပဿနာ,ဒုက္ခာနုပဿနာ,အနတ္တာနုပဿနာ တည်း။

၈၁။ ဝိပဿနာဉာဏ်-၁၀ပါးကား-သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်,မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တည်း။

၈၂။ ဝိမောက္ခ - ၃ပါးကား - သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ တည်း။

၈၃။ သည်တာ,နှိ၊အပ္ပကိ-ရွာ၊ ဝိမောက်မှ၊ သုံးခုမြောက်ပြီး မှတ်။

၈၄။ ကိုယ်နှင့်ထိုက်တန်၊ ကျင့်ရန်နိစ္စ၊ မြဲသိလလျှင်၊ ဖြူစင်တုံဘိ၊ ပါတိမောက္ခ၊ သံဝရ၊ သီလဟူ၍ မှတ်။

၈၅။ ခြောက်တန်ဇာခြွေ၊ခြောက်ထွေရုံတွင်၊ ခုံမင်လျှပ်ပေါ်၊ လော်လိမ္မိ၊ စောင့်ရှောက်ဘိက၊ ဇာန်ဖြိုယ၊ သံဝရသီလမှတ်။

၈၃။ ဝိမောက္ခမုခ-ဝဲပါးကား- သည်တာနုပဿနာ, အနိဒ္ဓါနုပဿနာ,အပ္ပဏိဟိတာနုပဿနာ တည်း။

၈၄။ အောက်၌ ရေတွက်ပြဆိုခဲ့သော ဝိသုဒ္ဓိ-၇ပါးတို့တွင် သီလဝိသုဒ္ဓိအရ၌ ဿီလဟူသည် ကိုယ်,နှုတ်, နှလုံးကို ဖြူစင်အောင် စောင့်သုံး ထိန်းသိမ်းခြင်းတည်းဟူသော စေတနာ အစရှိသော တရားအပေါင်းပင်တည်း။ထိုသီလသည် ဩမ်းအေးခြင်း-သီလနှလက္ခဏာအားဖြင့် တပါးသာ ရှိသော်လည်း စာရိတ္တသီလ, ဝါရိတ္တသီလ, အာဘိသမာစာရိကသီလ, အာဒိဗြဟ္မစရိယကံသီလ စသော အထူးအပြားအားဖြင့်ကား များသောအပြားရှိ၏။ ယင်းသို့ များပြားသော်လည်း ရဟန်းမိမ္မ,ရဟန်းယောကျ်ား, လူ,သာမဏေတို့ အမြဲမပြတ် စောင့်ထိန်းကျင့်ကြံအပ်သော ကိုယ်နှင့် လျော်ကန် ထိုက်တန်ရာ သိက္ခာပုဒ်တော်တည်းဟူသော သီလအသီးသီးကို မကျိုး,မပေါက်, မည်း,မခြောက်အောင် စောင့်ရှောက်ထိန်းသိမ်းဖြူစင်စေခြင်းသည် "ပါတိမောက္ခသံဝရသီလ"မည်၏။

၈၅။ စက္ခုန္ဒြေ, သောတိန္ဒြေ. ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ ဟု ဆိုအပ်သော ဇုန္ဒြေခြောက်ပါးတို့ကို အာရုံခြောက်ပါးတို့၌

၈၆။ သင်္ကန်းဖြူစင်၊ မိစ်မယ္ယဉ်ရာ၊ သညာဆာဇီ၊ ဝပါရဂီ၊ သုဒ္ဓိသိလမှတ်။

၈၇။ လေးဘန်ပစ္စည်း၊ သုံးဆောင်မှီးလျှင်၊ သင့်ဆင်ခြင်ကာ၊ ပစ္စယသံ၊ နိဿိတံ၊ သိလ ဟူ၍မှတ်။

၈၈။ ဤလေးပါရိ၊ သုဒ္ဓိသိလ၊ မည်နာမ၊ သိလဝိသုဒ္ဓိမှတ်။

၈၉။ သမထမှာ၊ ဥပစာနှင့်၊ ပွနာညွန်ပြ၊ ဓိနှစ်ဝ၊ စိတ္တဝိသုဒ္ဓိမှတ်၊

ခုံမင်သာယာ ကွယ်တာ စွဲလမ်းခြင်းမရှိအောင် သတိဆောင်၍ ပဲ့ခြုံစွာ စောင့်စည်း ထိန်းသိမ်းခြင်းသည် "ဣန္ဒြိယသံဝရသီလ" မည်၏။

၈၆။ အသက်မွေးဝမ်းကြောင်း တည်းဟူသော အကြောင်းကြောင့် ကုလဒူသက-၈ပါး, အနေသန-၂၁ပါး စသော မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်၍ ညစ်ကြေးမတင်အောင် ဖြူစင်စွာ အသက်မွေးခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ" မည်၏။

၈၇။၈၈။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်-မှီဝဲရာ၌ ပစ္စဝေက္ခဏာတင်၍ ဆင်ခြင်သုံးစွဲမှီဝဲခြင်းသည် "ပစ္စယသန္နိဿိတ သီလ" မည်၏။ ဤဆိုခဲ့သော သီလလေးမျိုးကို လုံခြုံ-စင်ကြယ်စေခြင်းသည်ပင် "စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသည်" မည်၏။ ဤစတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံလျှင်လည်း "သီလဝိသုဒ္ဓိ" ဖြစ်တော့သည်သာတည်း။

၈၉။ သမထကမ္မဋ္ဌာန်း၌ ဥပစာရဘာဝနာ-ဥပစာရသမာဓိ စခန်းသို့ရောင်း, အပ္ပနာဘာဝနာ - အပ္ပနာသမာဓိ စခန်းသို့ရောင်း တက်လှမ်းပြီးမြောက်နေသော စိတ်အစဉ်သည် ကိလေသာ နိဝရဏာကင်းကွာ၍ လွန်စွာ တည်ငြိမ် စင်ကြယ်ခြင်းကြောင့် "စိတ္တဝိသုဒ္ဓိ" မည်၏။

၉၀၊ လက္ခဏာ,ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့်၊ နာဝ်နှင့် ရုပ်ကို၊ လက်ဆုပ်လက်ကိုင်၊ ဥာဏ်ဖြင့်ချိုင်၊ဝိုင် ဝိုင် သိမ်းဆည်းအပ်။

၉၁၊ နာဝ်ရုပ်ဝိုင်ဝိုင်၊ သိမ်းဆည်းနိုင်က၊ သတ္တ-ဇီဝါ၊ ငါ, သူတပါး၊ ယောကျ်ား,မိမ္မ၊ အာတ္တဒိဋ္ဌိ၊ ကင်း စင်ဘိ၊ ဒိဋ္ဌိဝိသုဒ္ဓိမှတ်။

၉၂၊ မြွထိုထို၊ ကိုယ်ဝိုင်သိးခြား၊ သဗ္ဗာဘျားမှာ၊ လက္ခဏာ၊ သိရာမီးဓာတ် ပူခြင်းမှတ်။

၉၀။၉၁။ နံ့ဝာ်,ရုပ်နှစ်ပါးကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် အားဖြင့် ဆင်ခြင်သိမ်းဆည်း ကြည့်ရှုသောအခါ၌ နာဝ် - ရုပ်နှစ်ပါးမှ တပါး အခြားအဝို ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိမ္မ-စသည်ဖြင့် ထင်မှားစွဲယူနေသည့် သက္ကာယစွဲ ကင်းပျောက်၍ "နာဝ် တရားဘဲ, ရုပ်တရားဘဲ" ဟု ကွဲကွဲပြားပြား ဝိုင်ဝိုင်နိုင်နိုင် ဥာဏ်ဖြင့် သိမြင်သိမ်းဆည်း နိုင်ခြင်းသည် "ဒိဋ္ဌိဝိသုဒ္ဓိ" မည်၏။

၉၂။ ထိုထို ပရမတ္ထဓမ္မအပေါင်း၌ .အများနှင့် ဆက်ဆံသော သာမညလက္ခဏာ, မိမိတပါးထည်းနှင့်သာ ဆက်ဆံမသာ သဘာဝ လက္ခဏာ ဟု နှစ်မျိုးစိ - နှစ်မျိုးစိရှိ၏။ ထိုဘွင် ရုပ်, နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ,အနတ္တလက္ခဏာကား အများနှင့် ဆက်ဆံသော သာမည လက္ခဏာတည်း။ ထို့အတူ ရုပ္ပနလက္ခဏာကား ရုပ်အားလုံးနှင့် ဆက်ဆံ၍ နမနလက္ခဏာကား နာမ်အားလုံးနှင့် ဆက်ဆံသော သာမည လက္ခဏာတည်း။ မီးသည် ပူတတ်သော ပင်ကိုယ်သဘာဝကို ဆောင် သကဲ့သို့၊ထို့အတူ ဖဿကား ဖုသနလက္ခဏာ,ဝေဒနာကား ဝေဒိယန လက္ခဏာ - စသည်သည်ဌင်း, ပထဝီဓာတ်ကား ကက္ခဠလက္ခဏာ,

၉၃။ ယင်းသဘောဖြင့်၊ တဆင့်ပြုပေ၊ ကိန္နေတရင်၊ ရဏပါသည့်ဂုဏ်၊ ပြည့်စုံသမှတ်၊ ထိုနှစ်ရပ်ကို၊ ရသ-ဆိုဘိ၊ မီးဇ၏ကျက်စေ၊ ထွန်းတောက်ပေ၊ မသွေပုံ သို့မှတ်။

၉၄။ ပြည့်စုံခြင်းဖြင့်၊ ဖြစ်လျှင်းကျိုးနှင့်၊ ထင်ရှားအစည်၊ ဥာဏ်အမြင်ကို၊ ပန္နု-ဆို၊ ဒိုးကိုပုံဟပ် ထိုဒိုးတတ်။

အာပေါဓာတ်ကား၌ဝတ္ထုလက္ခဏာ-စသည်သည်ဌင်း မိမိတပါးထည်းနှင့် ဆက်ဆံသော သဘာဝလက္ခဏာတည်း။ ဤသို့ ထိုထို ပရမတ္ထဓမ္မတို့၏ သာမညလက္ခဏာများနှင့်တကွ အများနှင့်မဆိုင် ကိုယ်ပိုင်သီးခြား သဘာဝလက္ခဏာများသည် "လက္ခဏ" မည်၏။

၉၃။ မီးသည် အရောဝတ္ထု၊တခုခုကို လောင်ကျွမ်း ကျက်စေခြင်း, အလင်းရောင်ကို ဖြစ်စေခြင်းတည်းဟူသော အကျိုးနှစ်ပါးကို ပြီးစေဘိ သကဲ့သို့၊ ထို့အတူ ပရမတ္ထဓမ္မတို့၏ ထိုထိုသဘာဝလက္ခဏာ အသီးအသီးဖြင့်တဆင့်ပြုအပ်သော ကိစ္စသည်ဌင်း,ယင်းကိစ္စကိုပြုခြင်းဖြင့် ပြည့်စုံ'ညီညွတ်၍ ရအပ်သော ဂုဏ်ဟု ဆိုအပ်သော သမ္ပတ္တိသည်ဌင်း "ရသ" မည်၏။ဤသို့လျှင် ရသသည် ကိစ္စရသ, သမ္ပတ္တိရသ ဟု နှစ်မျိုးရှိ၏။

၉၄။ မီးခိုးသည် မီးကြောင့် ဖြစ်ပေါ်လာသကဲ့သို့၊ ထို့အတူ ပရမတ္ထဓမ္မတို့၏ သဘာဝလက္ခဏာ၏အစွမ်းဖြင့် ရအပ်သော ဂုဏ်တည်းဟူသော သမ္ပတ္တိရသကြောင့် ဖြစ်သော အကျိုးဖလသည်ဌင်း, ယောဂီ၏ဉာဏ်၌ ထင်သော အခြင်းအရာဟု ဆိုအပ်သော ဥပဋ္ဌာနာကာရသည်ဌင်း "ပစ္စုပဋ္ဌာန်" မည်၏။ ဤသို့ ပစ္စုပဋ္ဌာန်သည်လည်း ဖလပစ္စုပဋ္ဌာန်,ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်ဟု နှစ်မျိုးပင်ရှိ၏။

၉၅၊ ထိုတရားစု၊ ဖြစ်မှုကြောင်းခံ၊ နည်းဆုံးမှန်၊ပဒဋ္ဌာန်မှတ် ခေါ်ဆိုအပ်။

၉၆၊ နာမ်ရုပ်နှစ်ချက်၊ ကြောင်းကျိုးဆက်ပြိုး၊ ဓာတ်ရုပ်ကြိုးဏ်၊ဖြစ်နည်းဖြစ်ပုံ၊ စက်ကွန်ပဒိုစ်၊ ဥာဏ်ဖြင့် စိတ်က၊ သူ့မူလ၊ လုံးဝမြင်သတတ်။

၉၇၊ လုံးဝထင်လင်း၊ သူ့မြင်ခြင်းကို၊ စင်း စင်း သိမြောက်၊ ဆယ်ခြောက်ယုံမှား၊ ရှစ်ပါး-ဝိဗိ၊ ဒိဋ္ဌိဖြာဖြာ၊ကင်းစင်ကွာ၊ကခ်ဳံဝိတရဏာ ဝိသုဒ္ဓိမှတ်။

၉၅။ ထိုထိုပရမတ္ထဓမ္မဘို့ ဖြစ်ပေါ်လာကြခြင်း၏ အနီးကပ်ဆုံးအကြောင်းသည် "ပဒဋ္ဌာန်"မည်၏။ဤနည်းသောအကြောင်း, ဝေးသောအကြောင်း ဟု အကြောင်းနှစ်မျိုးရှိရာ နီးသောအကြောင်းသည်သာ ပဒဋ္ဌာန်မည်သည် ဟု မှတ်။

၉၆။၉၇။ ဤနာမ်,ရုပ်တရားနှစ်ပါးကား အကြောင်း၊မဲ့သက်သက် ဖြစ်ပျက်၍နေသည်မဟုတ်၊ စင်စစ်မူချအားဖြင့် သူ့အကြောင်းနှင့် သူ့အကျိုး အချင်းချင်းဆက်စပ်၍သာလျှင် ဖြစ်-ပျက်နေ၏။ထင်ရှားစေအံ့-နာမ်, ရုပ်နှစ်ပါးသည် ပဋိသန္ဓေအခါ၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတည်းဟူသော အကြောင်းကြောင့် ဖြစ်၏။ ပဝတ္တိအခါ၌လည်း ရုပ်သည် ကံ, စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းလေးပါးကြောင့်ဖြစ်၍ နာမ်သည် စက္ခုပသာဒ,ရူပါရုံ-အစရှိသော မှီရာ-အာရုံစသည်တို့ကြောင့် သာလျှင် ဖြစ်၏။ ယင်းသို့ နာမ်,ရုပ် ဖြစ်ခြင်းကြောင့် သင်္ခါယတနဖြစ်၏။ သင်္ခါယတန စသည် ဖြစ်ခြင်းကြောင့်လည်း ဖဿ စသည် ဖြစ်၏။ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်ရင်း, ပင္ဆာန်းနည်းအားဖြင့်ရင်း ဥာဏ်ဖြင့်စိတ်မှာကြည့်ရှုပါက သူ့အကြောင်းနှင့်သူ့အကျိုး အမျိုးမျိုးဆက်စပ်၍ သာလျှင် ဖြစ်-ပျက်နေသည်ကို တွေ့မြင်-သိရှိပေလိမ့်မည်။ ယင်းသို့

၉၈။ အတိတမှာ၊ ငါ-ဖြစ်,မဖြစ်၊ ဘာဖြစ်, ဘယ်ခြေ၊ ဘယ်ဖြစ်ထွေမှ၊ဘယ်ဖြစ်ကြမှန်း၊အတိတ်လှမ်း၊ ငါးခမ်း- ယုံမှားမှတ်။

၉၉။ အနာဂတ်မှာ၊ ငါဖြစ်လိမ့်လား၊ မဖြစ်သားစ၊ ယုံမှားဆ၊ ငါးဝ ဤနည်းမှတ်။

တွေ့မြင်-သိရှိပါကလည်း ''နာမ်ရုပ်နှစ်ပါးကား အကြောင်းမပါ ဗလာသက်သက် ဖြစ်-ပျက်၏''ဟု မှတ်ယူစွဲမြဲနေတတ်သော အဟေတုကဒိဋ္ဌိ, "နာမ်,ရုပ်နှစ်ပါးကား ဗြဟ္မာ,ဗိသနိုး,အစိုးရသူတို့ ဖန်ဆင်းမှုကြောင့် ဖြစ် ပျက်နေသည်ဟု'' မည်သွေ့တ်-မမှန်ကန်သော အကြောင်းကိုပင် အကောင်းထင်ကာ မှတ်ယူစွဲမြဲနေတတ်သော ဝိသမဟေတုဒိဋ္ဌိတို့မှလွှင်း, တဆယ့်ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသော ဝိစိကိစ္ဆာတို့မှလွှင်း ကင်းကွာ လွတ်မြောက်ပေမည်။ ယင်းသို့ ဒိဋ္ဌိအမျိုးမျိုး, ယုံမှားခြင်း တဆယ့်ခြောက်ဖြာ, ဝိစိကိစ္ဆာ ရှစ်ပါးတို့မှ ကင်းကွာလွတ်ခြင်းကို ကလည်း ''ကင်္ခါဝိတရဏဝိသုဒ္ဓိ'' ဖြစ်တော့သည်သာတည်း။

၉၇။ ၁-အတိတ်ကာလ၌ ငါဖြစ်ခဲ့တာမှ ဟုတ်ပါ့မလား? ၂-ငါမဖြစ်ခဲ့လေရော့သလား? ၃-ဘယ်လို အမျိုးအနွယ်ဖြင့် ဖြစ်ခဲ့ပါလိမ့်, ၄-ဘယ်လိုအခြေ,အနေ ဘယ်လိုပုံဟန် ဖြစ်ခဲ့ပါလိမ့်, ၅-တတိယဘဝက ဘယ်ပုံဖြစ်ခဲ့၍ ဒုတိယဘဝ၌ ဘယ်လိုများ ဖြစ်ခဲ့ပါလိမ့်-ဟူ၍ အတိတ်ကာလ၌ ယုံမှားခြင်း-၅ပါးရှိ၏။

၉၉။ နောင်ကာလ၌ ငါဖြစ်မှ ဖြစ်ပါအုံးမလား, ငါမဖြစ်ဘဲနေရော့မလား-စသည်ဖြင့် အတိတ်ကာလနည်းတူ အနာဂတ်ကာလ၌လည်း ယုံမှားခြင်း-၅ပါးပင်ရှိ၏။

၁၀၀။ ယဇုအခါ၊ ငါ-ဖြစ်,မဖြစ်၊ ဘာဖြစ်, ဘယ်ခြေ၊ ဘယ်ဖြစ်ထွေမှ၊လာခဲ့ရ၍၊ ဘယ်ဘဝလွှမ်း၊ ဖြစ်လိမ့်မှန်း၊ခြောက်ခမ်း-ပစ္စုပ်မှတ်။

၁၀၁။ တိတ်,နာ-ငါးစိ၊ပစ္စုပ်ဒွိ-ဆ၊ပေါင်းလေကာ၊သော ဋ္ဌ-ယုံမှားမှတ်။

၁၀၂။ သုံးတန်ရတနာ၊ ကျင့်သိက္ခာနှင့်၊ ပုဗ္ဗန္တာဒစ၊ စတုက၊ အဋ္ဌ-ဝိစိမှတ်။

၁၀၀၊၁၀၁။ ၁-ယဇုပစ္စုပ္ပန်ဘဝဋ္ဌဖြစ်သော ခန္ဓာအစဉ်ကို အစွဲပြု၍ သို့လော သို့လော တွေးတောခြင်း, ၂-ငါဖြစ်ဆဲမှ ဟုတ်ရဲ့လား, ၃-ငါဖြစ်ဆဲမဟုတ်ဘဲများ ရှိရော့လား, ၄- ဘယ်လို အမျိုးအနွယ်မှာ ဖြစ်နေရပါလိမ့်, ၅-ဘယ်လို အခြေ-အနေ ဘယ်လိုပုံဟန် ရှိနေပါလိမ့်, ၆-ဘယ်ဘဝက လာပြီး ဘယ်ဘဝကို သွားရဦးမလဲ- ဟူသော ပစ္စုပ္ပန်ကာလဋ္ဌ ယုံမှားခြင်း ခြောက်ပါး ရှိ၏။ ဤသို့လျှင် အတိတ်ကာလဋ္ဌ-၅ပါး, အနာဂတ်ကာလဋ္ဌ-၅ပါး, ပစ္စုပ္ပန်ကာလဋ္ဌ-၆ပါး = ပေါင်း ယုံမှားခြင်း (၅ + ၅ + ၆ = ၁၆) တဆယ့်ခြောက်ပါး ဖြစ်သတည်း။

၁၀၂။ ဝိစိကိစ္ဆာ-၈ပါးကား ၁-ဘုရားဋ္ဌ တွေးတောယုံမှားခြင်း, ၂-တရားဋ္ဌ, ၃-သံဃာဋ္ဌ, ၄-အကျင့်သိက္ခာဋ္ဌ, ၅-သံသရာ၏ ရှေ့အစွန်းဋ္ဌ, ၆-နောက်အစွန်းဋ္ဌ, ၇-ရှေ့,-နောက်အစွန်းဋ္ဌ, ၈ - ပဋိစ္စသမုပ္ပါဒ်တရားအပေါင်းဋ္ဌ တွေးတော ယုံမှားခြင်းတည်း။

၁၀၃။ အကြောင်းအခွင့်၊ အလျင်းသင့်လတ်၊ ဝိပဿီ ဉာဏ်ဆယ်၊ အဓိပ္ပါယ်၊ ဤဝယ် သွင်းဝေဘန်၊
၁၀၄။ ခန္ဓာစသံ၊ နည်းစုံဖန်၍၊ သုံးတန်လက္ခဏာ၊ သုံးသပ်ထ၊ သမ္မသနဉာဏ်။
၁၀၅။ သင်္ခါရစု၊ ဖြစ်မှု, ပျက်မှု၊ အစုံကို၊ ဥဒယဗ္ဗယဉာဏ်။
၁၀၆။ ပျက်မှုကိုသာ၊ ရှုတုံပါ၊ သညာ – ဘင်္ဂဉာဏ်။
၁၀၇။ သင်္ခါရတွင်၊ အပျက်မြင်က၊ ယခင် ပျက်ပြီး၊ ရှေ့လည်းပျက်ဆဲ၊ နောက်ပျက်မြဲပင်၊ ကြောက်ဘွယ်ဆင်မှ၊ ဘေးဟုရှု၊ မည်ပြု-ဘယဉာဏ်။

၁၀၃၊၁၀၄။ ဤနေရာ၌ ဝိသုဒ္ဓိ-၇ပါး အစဉ်အား လျော်စွာ ဖွင့်ပြခြင်း မပြုသေးဘဲ၊ အကြောင်းအခွင့် အလျင်းသင့်သည်ဖြစ်၍ ဝိပဿနာ ဉာဏ် ၁၀ပါးတို့၏ အနက် - အဓိပ္ပါယ်တို့ကို ရေးသားဖွင့်ဆိုအံ့ – ဝိပဿနာ ဉာဏ်–၁၀ပါးတို့တွင် ရုပ် - နာမ်နှစ်ဖြာ ခန္ဓာတရားကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်တင်၍ ဆင်ခြင်-သုံးသပ်တတ်သော ဉာဏ်သည် **"သမ္မသနဉာဏ်"** မည်၏။

၁၀၅။ ရုပ် - နာမ်ခမျာ သင်္ခါရအစု၏ ဖြစ်မှု-ပျက်မှု ဟု ဆိုအပ်သော ဥပါဒ်, ဘင်္ဂကို မြင်အောင်- ထင်အောင် ရှုတတ် သော ဉာဏ်သည် **"ဥဒယဗ္ဗယဉာဏ်"** မည်၏။

၁၀၆။ ရုပ်-နာမ်ခမျာ သင်္ခါရအစု၏ ပျက်မှုကိုသာ ရှုတတ်သောဉာဏ်သည် **"ဘင်္ဂဉာဏ်"** မည်၏။

၁၀၇။ ယင်းသို့ သင်္ခါရတရားစု၏ ပျက်မှုကို မြင်လာသောအခါ၌ "ဤသင်္ခါရတရား အပေါင်းကား ရှေးကလည်း ပျက်ခဲ့လေပြီ, ယခုလည်း ပျက်နေဆဲ, နောင်လည်း ပျက်လတံ့ ဖြစ်သောကြောင့် လွန်စွာ ရှုံဘွယ်

၁၀၈၊ ကြောက်ဘွယ်ထင်ဘိ၊ မရှိခိုကိုး၊ ဘေးဆိုး သောင်းသောင်း၊ ရုပ်နာမ်ပေါင်းတွင်၊ မခုံမင်ဘိ၊ ပြစ်မြင်သိ၊အာဒီနဝဥာဏ်။

၁၀၉၊ မခုံမမင်၊ အပြစ်မြင်က၊ မ ကျွင်စိတ်ပျက်၊ လုံးလုံး ခက်၍၊ မမွေ့.ပျင်းရိ၊ ငြီးငွေ့.ဘိ၊ နိဗ္ဗိ-မည်ဉာဏ်။

၁၁၀၊ ငြီးငွေ့.တုံ့လျှင်း၊ ရန်ခပင်းမှ၊ ချက်ခြင်းခဏ၊ လွတ်လိုလှ၊နာမ-မရွှေ်ဉာဏ်၊

ကြောက်ဘွယ်ကောင်းသော တရားပါဘကား'' ဟု သခ်ါရတရား အပေါင်းခ္ဒ ကြောက်ဘွယ် - ရွံဘွယ် ဘေးဆိုး - ရန်ဆိုးသဘွယ် ပြ့ါ၍ ရှုတတ်သော ဉာဏ်သည် ''ဘယဉာဏ်'' မည်၏။

၁၀၈။ ဤသို့လျှင် သခ်ါရတရားစုခ္ဒ်လွန်စွာ ရွံဘွယ်-ကြောက်ဘွယ် ကောင်းသော ဘေးဆိုး - ရန်ဆိုးသဘွယ် ရှုမြင်တတ်သော ဘယဉာဏ် ဖြစ်ပေါ်လာသောအခါ ထို ရုပ်နာမ်ခမူ-သခ်ါရတို့ခ္ဒ် မခုံမင် မဘွယ်တာ နိုင်တော့ဘဲ အမြဲမပြတ် အပြစ်ကိုသာ ရှုဆင်ခြင်တတ်သော ဉာဏ်သည် ''အာဒီနဝဉာဏ်'' မည်၏။

၁၀၉။ ထိုသို့ ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့ခ္ဒ် မခုံမင်ဘဲ အမြဲမပြတ် အပြစ်ကိုသာ ရှုဆင်ခြင်တတ်သော အာဒီနဝဉာဏ် ဖြစ်လာသည် ကစ၍ သခ်ါရတရားတို့ခ္ဒ် မရွှင်စိတ်ပျက် နှစ်သက်ဘွယ်မပါ ငြီးငွေ့စရာ အဖြစ်ဖြင့် ရှုဆင်ခြင်တတ်သော ဉာဏ်သည် ''နိဗ္ဗိဒါဉာဏ်'' မည်၏။

၁၁၀။ ယင်းသို့ သခ်ါရတရားတို့ခ္ဒ် မရွှင်စိတ်ပျက် နှစ်သက်ဘွယ်မပါ ငြီးငွေ့စရာအဖြစ်ဖြင့် ရှုဆင်ခြင်တတ်သော နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာသည်ကစ၍ ထောင်တွင်းခ္ဒ် အကျဉ်းခံရသူသည် ထောင်တွင်းမှ မကြာ

၁၁၁၊ လွတ်လိုလှ်ဟုံ၊အစွမ်းကုန်ကြိတ်၊ဥာဏ်ဖြင့်နှိပ်၍၊
အနိစ္စတော၊ အစစောလျက်၊ တောရုံဘာဝနာ၊
ကောင်းစွာဖြန့်၍၊ ထွက်ပေါက်ကြည့်၊ ပဋိသန္ဓါ
ဥာဏ်၊
၁၁၂၊ ငါးခန္ဓာကို၊ ဘာဝနာဘေးရုံ၊ ကြည့်ပုံခြင်းရာ၊
လေးဆယ်မှာ၊ဝိပ္ပါ ဤသို့ခြုံ၊

ခဏ လွတ်မြောက်လိုလှသကဲ့သို့၊ ထို့အတူ သန်္ဓါရထောင်တွင်းမှ ချက်ခြင်း လွတ်မြောက်လိုသူ၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်၌ ဖြစ်ပေါ်လာသော ဥာဏ်သည် ‘‘**မုဉ္စိတုကမျတာဥာဏ်**’’ မည်၏။

၁၁၁။ ထောင်တွင်းမှ လွတ်ကင်း ထွက်မြောက်လိုသူသည် ‘‘ဘယ်ပုံ-ဘယ်နည်းဖြင့် ဤထောင်ကြီးက လွတ်ကင်း ထွက်မြောက် နိုင်ပါမည်နည်း’’ ဟူသော မြော်လင့်တောင့်တခြင်းဖြင့် လွတ်ကင်းရာ လွတ်ကင်းကြောင်း နည်းကောင်း လမ်းစကို ရှာကြံကြည့်ရှုနေဘိသကဲ့သို့၊ ထိုအတူ သန်္ဓါရထောင်တွင်းမှ လွတ်ကင်း ထွက်မြောက်လိုသော ယောဂီပုဂ္ဂိုလ် သည်လည်း ထိုသန်္ဓါရတရားအစု၏ မြမှု-အနိစ္စ, ဆင်းရဲမှု-ဒုက္ခ, အစိုးမရမှု-အနတ္တ အစရှိသော ဝိပဿနာ ဘာဝနာဥာဏ်ဖြင့် အပြန်ပြန် အလှန်လှန် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်၍ ကောင်းစွာ ဖြန့်ချိ ထွက်ပေါက်ကို ကြည့်သည်၏ အစွမ်းဖြင့်ဖြစ်သော ဥာဏ်သည် ‘‘**ပဋိသန္ဓါဥာဏ်**’’ မည်၏။

၁၁၂။ ဤနေရာဝယ်ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၌ ပဋိသန္ဓါဥာဏ်ဖြင့် အနည်းနည်း အဖုံဖုံ အစွမ်းကုန် ဆင်ခြင်ပုံစကားရပ်တို့ကို ကြားညှပ်၍ ‘‘ပဋ္ဌမွန္တေ အနိစ္စံတာ ဒုက္ခံတာ အနတ္တာတော’’ စသည်ဖြင့် မဟာနိဒ္ဒေသ ပါဠိတော်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,မဟာဋီကာ စသည်တို့၌

လာသော တော-လေးဆယ်ဟူ၍လည်းကောင်း, ဘာဝနာလေးဆယ်ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်သော ရုပ်, နာမ်ခန္ဓာတို့ကို အနိစ္စ, ဒုက္ခ,အနတ္တတည်းဟူသော လက္ခဏာယာဉ် သုံးချပ်သို့ တင်ပြီးလျှင် ဆင်ခြင် သုံးသပ်၍ ဝိပဿနာရှုပုံ အကျယ်ကို အလွယ်ဖြင့် အချက်ပြလျက် အနက်ထ-ဝေဘန်အပ်ကုန်သော လက်ာနံပါတ် (၁၁၃-မှစ၍ ၁၅၆) တိုင်အောင်သော လက်ာအစဉ်တို့၏ အဓိပ္ပါယ်အကျယ်တို့ကို ဖွင့်ဆိုရေးသားရလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသတို့၌ လာသော ဆိုင်ရာဒေါ်ပွါယ်များကို ထည့်သွင်းရေးသားရမည် ဖြစ်သောကြောင့် ဂန္ထဂရုမဖြစ်စေခြင်းငှါ ဖွင့်ဆိုရေးသားခြင်းမပြုဘဲ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသည့် လက်ာမူအတိုင်းသာလျှင် ထည့်သွင်းပြဆိုပေအံ့-

အနိစ္စလက္ခဏာ-ဒုက္ခတိ:

၁၁၃၊ ပဋိက္ခေပဒွယ၊ ရုပ်,ဓဝ,သညာ,သင်္ခါ,ဝိညာဏ်၊ ငါး ပါးခန်ကွသည်၊ အနိစ္စ၊ ခဏမရဲ၊တည်သဲသာ၊ ဖြစ်ကာ ပျက်ဘိ၊ စ-ဆုံးရှိ၊ တစိမခြိုကုန်၊

၁၁၄၊ ပဒေးဒကာ-ရှု နာ,သေရေး၊ ဘေးရန်သင်္ကန်းက်၊ ပျံ့ ပွက် သောင်း သောင်း၊ ခွဲ ဒုံး ဖျက် ရှောင်း၊ ထောင်းထောင်း ပျက်လေကုန်၊

၁၁၅၊ စလေ-အုံ့ နာ,သေခြင်း၊ ဒုစ်စဉ်းလောကဝယ်၊ ဘွား ကြိုးပြုနိုက၊ အဖြုန် လျင်သောတသောသာ၊ ရှိ. သျှောဖေါက်ပြုနိုကုန်၊

၁၁၆၊ ပဘင်္ဂု-ဘေးရန်ကုထောက်၊ လုံ့လရောက်နှင့်၊ ထိုက်လျောက်အလို၊ ဖရိုဖရဲ၊ အနှံ့ကြဲ၊ အမြဲပျက်စီးကုန်၊

၁၁၇၊ အဓေါ်-အခါအခွင့်၊ နှုရင့်အလိုက်၊ ခိုက်အတိုက်သာ၊ ဖြစ်ရာတချက်၊ သက်သက်အလို၊ နဂိုမဲ့ပိုင်၊ မတည်နိုင်၍၊ သူ့အလေ့၊ ပြကတေ့မမြဲကုန်၊

၁၁၈၊ ဝိပရိဏာမဓမ္မော-ဇရာ,မရဏာ၊သဘာဝဒဏ်ချက်၊ အမြဲနှက်သဖြင့်၊ ကွဲပျက်မခံ၊ ဘဝလောင်ဆန်၊ ဖောက်ပြန်ပျက်တတ်ကုန်၊

၁၁၉၊ အသေးရေးဒေ-မဲ့ပိုင်မမာ၊အကာစင်စစ်၊ပျက်လွယ်လစ်၊ အနှစ်မဲ့ဂိုကုန်၊

၁၂၀၊ ဓိဇာဝါ-ဘယ်ခါဦးဖြိုး၊ မပွားစီးဘဲ၊အမြဲလုံးလုံး၊ တဖြုန်းဖြုန်း၊ ဆုံးရှုံးပျက်စီးကုန်၊

၁၂၁၊ သင်္ခါရာ-ဦးမာတစေ၊ မတည်ပေ၍၊ ထွေထွေအကြောင်း၊ စုဆုံပေါင်းလတ်၊စဉ်မပြတ်၊ထပ်ထပ်ပြုအပ်ကုန်၊

၁၂၂၊ မရဏေမွေး-ဖြစ်ရာအလေ့၊ ပြကတေ့သဘော၊ ရွေ့လျောဆုံးရှုံး၊ တအုန်းအုန်း၊ဖြုန်းဖြုန်း-သေတတ်ကုန်၊

၁၂၃၊ ဤဒသမှာ၊ အနိစ္စာ၊ လက္ခဏာဆင်ခြင်ပုံ၊

ဒုက္ခသက္ခဏာ ၂၅-ပါး

၁၂၄၊ ဒုက္ခ-အဖြစ်,အပျက်၊ ဘေးနှစ်ချက်ဖြင့်၊ ဖေား ကွက်မကပ်၊ နှိပ်စက်လတ်၍၊ မပြတ်ခံရ၊ ဒုက္ခ သောင်းပြောင်း၊ ဘေးပေါင်းစုံး၊ ဆင်းရဲတုံး၊ လုံးလုံးဖြစ်လေကုန်။

၁၂၅၊ ရောဂါ-ကျင်နာမျိုးမျိုး၊ ရောဂါဆိုးဏှ၊ ပေါ်ရိုးမှ လေအဖြစ်မ၊မရချ ဖြစ်လေကုန်။

၁၂၆၊ ဇရာ-ပြည်ပုတ်,ကိုလေ၊တဖွေးဖွေးယို၊ အမြိုလွတ်၊ ကွဲအက်လွန်စွာ၊ ရွံဖွယ်သာ၊ အိုင်းနာ ဖြစ်လေကုန်။

၁၂၇၊ သင်္ဆေဒ-ကိုယ်လုံးအပြည့်၊ အာသည်းထိစွဲ၊ ခိုင်မြဲ စူးဝင်၊ ထိုးကျင်နှိပ်စက်၊ အာန္တရိယခက်ခြား၊ ဆူး ဖြောင့်-မြား၊ မခြားဖြစ်လေကုန်။

၁၂၈၊ အဃာ - စိုးပွားမဆောင်၊ ကျိုးယုတ်အောင်ပြု၊ မကောင်းမှုမျိုး၊ တည်ရှိုးအမှန်၊ ဆိုးညစ်တန်၊ လမ်းမှန်ပျက်ဆီးကုန်။

၁၂၉၊ အဘဗ္ဗဒေဝ-ကိုယ့်အလိုကျ၊ မဖြစ်ရင်ငါ၊ ကောင်း စွာနှိပ်စက်၊အေားခွန်ပျက်၊တူချက် အနာပုံ။

၁၃၀၊ ဤဘီ-ကိုယ်ဝယ်ဖ်စိုး၊ပျက်စီးသမျှ၊ဒုက္ခဝင်း၊သူ ဆောင်ကြဉ်းအပ်၊သူ့အတတ်၊ဖြစ်လတ်ရန်သူဝုန်း၊

၁၃၁၊ ဥပဒ္ဒဝါ-နှိုးစွာကပ်စဲ့၊ အမြဲလွန်ကျူံ၊ မခံနိုင်မှု၊ နှိပ် စက်ပြု၊မှတ်ရှုဘေးသူပုန်၊

ဂတနှာဒ္ဓံပံ-၅၇

၁၃၂။ **ဘယာ**-ပန္ဓုပါသံသာ၊ ဘေးမျှားစွာကို၊ သူသာ ဆောင်ကြဉ်း၊အလွန်ပြင်းထန်၊ကြောက်ဘွယ်နှန်၊ ဘေးရန်ဖြစ်လေကုန်။

၁၃၃။ **ဥပသဂ္ဂါ**-နှစ်ဖြာတွင်းပ၊ဘေးပေါင်းခလျက်၊ စဉ်မပျက်၊ နှိပ်စက်အပ်လေကုန်။

၁၃၄။ **အဘာဗဏာ**-စောင့်ရှောက်အံတု၊ မခံခုနိုင်၊ ငုတ်တုတ်မှိုင်ရှ၊ ထင်တိုင်းပြု၊ဘေးထုဖြစ်လေကုန်။

၁၃၅။ **အလေဏာ**-ကွယ်ကာ တိမ်းရှောင်း၊ မပုန်း ဖောင်းနိုင်၊ ငုတ်တုတ်မှိုင်ရှ၊ ထင်တိုင်းပြု၊ ဘေး ထုဖြစ်လေကုန်။

၁၃၆။ **အသရဏာ**-ဆည်းကပ်ဝင်းတိုး၊ ကိုးရာဌာန၊ လုံးမရှိုင်၊ ငုတ်တုတ်မှိုင်ရှ၊ထင်တိုင်းပြု၊ဘေးထု ဖြစ်လေကုန်။

၁၃၇။ **အာဒီနဝါ**-ဘဝါဘဝ၊ ဖြစ်ကုန်ကြ၍၊ ဒုက္ခမငဲ့၊ အပြစ်ခဲ၊ အမြဖြစ်လေကုန်။

၁၃၈။ **အယမူလာ**-ယုတ်မာညစ်သိုး၊အပြစ်မျိုးနှင့်၊ဘေး ဆိုးဆင်းရဲ၊ဒုက္ခခဲဓါ၊ဖြစ်မြဲမူလ၊ ရင်းအစ၊ မြဲမြံ-ဖြစ်လေကုန်။

၁၃၉။ **ဇေကာ**-ကိုယ်ဒွိချစ်ခင် ကိုယ့်ကိုမင်သူ၊ငြိဟွာ, လူ,နတ်၊ အတွင်သတ်၊သူသတ်ဖြစ်လေကုန်။

၁၄၀။ **သဒ္ဒသဝါ**-အာသဝဆိုး၊အပြစ်မျိုးဘို့ ဖြစ်ရိုးပွား စီး၊အထုကြီး၊ကြောင်းနိုး ဖြစ်လေကုန်။

၁၄၁၊ **မဘရာဓိသဒ**–ညှာတာမပြု၊မစွေ့, ကိုလေ၊ နှစ်ထွေ မာရ်မင်း၊ အတင်းတလကြမ်း၊ အပြင်းဘမ်း၍၊ အားရမ်းရွတ်ရွတ်၊ ကျတ်ကျတ်ဝါးကာ၊ စားမျိုရာ၊ ဒုစာဖြစ်လေကုန်၊

၁၄၂၊ **ဇာတိဓမ္မာ**-သံသရာစက်၊ဒုက္ခခက်ကို၊ရှောင်ချက်ပြင်းထန်၊ဖြစ်ခန်မသို၊ဘောင်းဆုဆိုလည်း၊အာလိုမလိုက်၊ နားမစိုက်ဘဲ၊ တသဲသဲ၊ ဖြစ်မြဲဖြစ်တတ်ကုန်၊

၁၄၃၊ **ဇရာဓမ္မာ**-မဒိုပါရ၊တောင်းပန်ခလည်း၊ ဝမ္မတံထွာ၊မျက်နှာမချို၊သူ့အလို၊အိုသာ–အိုတတ်ကုန်၊

၁၄၄၊ **ဗျာဓိဓမ္မာ**-မဟျားနာရေး၊ဘေးမျိုးလွတ်မှ၊ ပဏ္ဏာပြုလည်း၊ မည်သူမဆို၊သူ့အလိုသာ၊ဝမ္မတာ၊ ဖျားနာတတ်လေကုန်၊

၁၄၅၊ **သောကဓမ္မာ** - စိတ် စက် ပူဆွေး၊ မဆေးမငြိမ်၊ စိုးရိမ်ရန်မှာ၊ဆင်ကြောင်းရာ၊ဟောတုဖြစ်လေကုန်၊

၁၄၆၊ **ပရိဒေဝဓမ္မာ**–ဒထွေးထွေးရာရာ၊ ဆိုမြည်ကာဖြင့်၊ ပြင်းစွာဟစ်အော်၊ ကျော်ကျော်ငိုရန်၊ သူပြုဘန်၊ ကြောင်းမှန်ဖြစ်လေကုန်၊

၁၄၇၊ **ဥပါယာသဓမ္မာ**-လွန်စွာပူဘေးစီး၊ တွင်းမီးစနက်၊ ပူပြင်းချက်ကြောင့်၊ သက်ကြီးရှိုက်ငင်၊ သည်းစွာပင်ပန်း၊ အပြင်းဖမ်းမှု၊ အကြောင်းရ၊ ဟောတုဖြစ်လေကုန်၊

၁၄၈၊ သံကိုးသမျှော-တဏှာ,ဒိဋ္ဌိ၊ ဒုစရိဟု၊ညစ်ကျေ သောင်းပြောင်း၊ ထပ်ဆပ်လောင်း၊ ပွားကြောင်း ဖြစ်လေကုန်၊

၁၄၉၊ ဤပဥ္စဝိသ၊ လက္ခဏာ၊ ဒုက္ခဆင်ခြင်ပုံ။

အနုတ္တလက္ခဏာ ၅-ပါး

၁၅၀၊ မရှေ-သည့်နှယ် သည်သို့၊ ဖြစ်ဘို့ဆိုလို၊ စိတ်ဝယ် သိုလည်း၊ အလိုမလိုက်၊ မဆိုထိုက်၍၊ အလိုက် ပြောက်ဆောက်၊ အလေ့ပေါက်သာ၊ ငါပိုင် မဟုတ်၊ ငါမဟုတ်ပြား၊ ပြင်တပါး၊ တခြားဖြစ် လေကုန်၊

၁၅၁၊ ရှိစွာ-အနှစ်ဓာတ်လာ၊သဘာဝဖြင့်၊ မြဲတင့်ချမ်းသာ၊ ငါ-ဟု ထင်ရှိး၊ အနှစ်မျိုးဟူ၊ ဆုံမြဲမရှိ၊ ကင်းစင်ဘိ၊ ဆိတ်ဂျိုအနှစ်ရုံ၊

၁၅၂၊ ကုဆိုး-အနှစ်မျိုးရုံ၊ ဂုဏ်သိဂ်ကြိုးစွာ၊ ရတနာ ထုပ်၊ အထင်လုပ်လည်း၊ မဟုတ်လေဘဲ၊နှပ်သေး ဖဲ့၊ မလဲ့ဖြစ်လေကုန်၊

၁၅၃၊ သုညာ-အခြားမကိုး၊ ပေါက်လွတ်မျိုးကြောင့်၊ အစိုးရမှု၊ အလိုပြုခွင့်၊စီရင်သည့်သူ၊ ခံစားသူ၊မှတ် ယူ ကင်းဆိတ်ကုန်၊

၁၅၄။ **အနုဗ္ဗာဒ**-ကိုယ်မှကိုယ့်ကိုယ်၊ ဘယ်လိုဘယ်သို့၊ ဖြစ်ဘို့တစ်၊ ကိုယ်မသိနိုင်၊ ကြောင်းတိုက်ဆိုင်ရာ၊ ဖြစ်ရပါ၍၊ ငါသာစိုးပိုင်၊ ငါသာနိုင်နင်း၊ ငါမင်း ငါစံ၊ ငါစိမံဟု၊ အထင်ပြုလည်း၊ ထင်မှားခွာဝေး၊ ငါခေသွေးမဆောင်၊ ငါယောင်မပေါ်၊ ငါစောင်မနုံ၊ ဝဝကန်၊ အမှန် ငါ-မဟုတ်ကုန်၊

၁၅၅။ ၍ပဋ္ဌမှာ၊ အာနတ္တာ၊ လက္ခဏာဆင်ခြင်ပုံ။

၁၅၆။ အနိစ်-ဒုက္ခ-ဝိပဉ္စ၊ အနတ်-ပဉ္စဟု၊ ပွားများမှု၊ ပေါင်းစုလေးဆယ်စုံ။

၁၅၇။ ခန္ဓာငါးလီ၊ နည်းကိုမှီ၍၊ ခြောက်မည်ဒွါရ၊ အာရုံစထွေ၊ အစုံပွေ၊ ပွားလေ အဖုံပုံ။

၁၅၈။ ဖုံပုံပွားရာ၊ ခန္ဓာရုံး၊ ငါးပါးလုံးကို၊ မက်မုန်းမဟူ၊ လျစ်လျူရှုကာ၊ စိတ်ဖြစ်ရာ၊ သင်္ခါရပေက္ခာဉာဏ်။

၁၅၇။၁၅၈။ ဤသို့လျှင် ခန္ဓာငါးပါး နည်းတူစွာ ဒွါရခြောက်ပါး, အာရုံခြောက်ပါး-စသည်တို့ကိုလည်း အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ထင်အောင် အဖုံဖုံအထပ်ထပ် ရှုဆင်ခြင်အပ်ကုန်၏။ ယင်းသို့ ပဋိသင်္ခါဉာဏ်ဖြင့် ရှု-နာမ်နှစ်ဖြာ ခန္ဓာငါးပါး သင်္ခါရတရား တို့ကို အနိစ္စ-စသော လက္ခဏာယာဉ်ဖြင့် တဖန်ထပ်၍ ဆင်ခြင်ပွားများရာ ထိုခန္ဓာငါးပါး သင်္ခါရတရားအပေါင်း၌ ခုံမင်သာယာ တွယ်တာမက် မောခြင်းလည်းမရှိ၊ ကြောက်ဘွယ် မုန်းဘွယ် ဘေးဆိုးရန်ဆိုးသဘွယ် ရှုတတ်သော ဘယဉာဏ်နှင့် အမြဲမပြတ် အပြစ်ကိုရှုတတ်သော အာဒီနဝဉာဏ်-စသည်ဖြင့်လည်း ဆင်ခြင်မှု မပြုတော့ဘဲ လျစ်လျူရှုတတ်သော ဉာဏ်သည် "သင်္ခါရုပေက္ခာဉာဏ်" မည်၏။ ဤ၌ "လျစ်လျူရှုသည်"

၁၅၉၊ သခ်ါရဥာဏ်၊ ရင့်ဝပြိန်က၊ သမ္မတြွင်းချန်၊ ၎ရ. ရစ်ဥာဏ်နှင့်၊ ဖြောင့်မှန်လျော်လျက်၊ နောက်မဂ် နှင့်လည်း၊ ကျင့်နည်းဇရာ၊ သင့်လျော်မှု၊ အနု လောမဥာဏ်၊

၁၆၀၊ ဥာဏ်ဒသတွင်၊ဘယ, အာဒီ၊ နိဗ္ဗိတ္ထိမှာ၊ ဆမည် သာထူး၊နက်မထူး၊သုံးဦးတူအဆုံ၊

ဆိုခြင်းကား သခ်ါရတရားတို့၌ သာ၊ယာမက်မောခြင်းလည်းမှ၊ ကြောက်ဘွယ်-မုန်းဘွယ်ဟုလည်း သတိမပြုတော့ဘဲ အနိစ္စ-စသည်၏အစွမ်းဖြင့် ဆင်ခြင်ပွားများနေခြင်းတည်း။

၁၅၉။ ဤသို့ ရှင်-နာမ်ခန္ဓာ သခ်ါရတရားတို့ကို လျစ်လျူ။ ပြု၍ အနိစ္စ-စသည်၏အစွမ်းဖြင့် ရှုဆင်ခြင်တတ်သော သခ်ါရပေက္ခာဉာဏ် ရင့်သန်ပြန်ကလည်း ထိုဉာဏ်မှတဆင့်တက်၍ သမ္မသနဉာဏ် ကြဉ်သော ဥဒယဗ္ဗယဉာဏ် အစရှိသည့် အောက်ဉာဏ်ရှစ်ပါးနှင့်လည်းလျော်၍ အထက်မဂ်ဓာဒ်၌ ရလတံ့ဖြစ်သော ဗောဓိပက္ခိယတရား-၁၇ ပါးတို့နှင့် လည်းသင့်တော်စွာဖြစ်သောဉာဏ်သည် ''အနုလောမဉာဏ်'' မည်၏။

၁၆၀။ ဝိပဿနာဉာဏ်, ဆယ်ပါးတို့တွင် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ် သုံးပါးတို့သည် ဉာဏ်စဉ်အားဖြင့် ဖြစ်ပေါ်လာစဉ် ရှုမြင်ပုံ အခြင်းအရာ ကွဲပြားကြသော်လည်း ဘာဝနာအသား ကျလာသည့်အခါ ဉာဏ်တခုထည်းကပင် သခ်ါရတရားတို့ကို ဘေးဆိုး-ဗန်ဆိုး သဘွယ် ရှုဆင်ခြင်ရာ၌ ''ဘယဉာဏ်'' အမည်ရ၏။ အပြစ်ကို ရှုဆင်ခြင်ရာ၌ ''အာဒီနဝဉာဏ်'' အမည်ရ၏။ ငြီးငွေ့ဘွယ်ရာ အဖြစ်ဖြင့် ရှုဆင်ခြင်ရာ၌ ''နိဗ္ဗိဒါဉာဏ်'' အမည်ရ၏။ ထို့ကြောင့် ဤဉာဏ်သုံးပါးတို့သည် သဒ္ဓါအမည်အားဖြင့် ထူးကြသော်လည်း အနက်အဓိပ္ပါယ်အားဖြင့် ကား မထူးခြားကုန်။

၁၆၁။ ပဋိသင်္ဂါ၊သင်္ဂါ,မုဆို၊၍တိဝိဖှာ၊အာမည်သာထူး၊ နက်မထူး၊သုံးဥ်ိး တူအာထြ ်၊

၁၆၂။ ဝိပဿီ ဉာဏ် ဆယ်၊ အဓိပ္ပါယ်၊ မှတ် ဘွယ် ပြီးလေပြန်။

၁၆၃။ ထိုမှနောက်လည်း၊ထိုဆိမ်းဆည်းတိ၊အနးကြောင်း ရှိထ၊ ကိတ်စပြားကုန်၊ တောဘုံသင်္ဂါ၊ စခန္ဓာ၊ ဘွဲကာ နည်းစုံဘန်၊

၁၆၁။၁၆၂။ မုဆို တုကမျတာဉာဏ်,ပဋိသန်ဉာဏ်,သန်ဂါရုံပေက္ခာ ဉာဏ်သုံးပါးတို့လည်း ဉာဏ်တခုထည်းကပင် သန်ဂါရတရားအပေါင်းမှ လွတ်မြောက်လိုသူ၏ အဖြစ်ဖြင့် ရှုဆင်ခြင်ရာ၌ "မုဆို တုကမျတာဉာဏ်" အမည်ရ၍ ထိုသန်ဂါရတရားတို့ကို "နိစ္စ, သုခ,အတ္တ,သုဘ" အစွမ်းဖြင့် မစွဲလမ်းနိုင်အောင် တဖန်ထပ်၍ လက္ခဏာယာဉ်တင်ပြီးလျှင် ဆင်ခြင်သုံးသပ်ရာ၌ "ပဋိသန်ဉာဏ်", သန်ဂါရတရားတို့ကို ဘယ-အာဒီနဝ စသည်ဖြင့် မရွှဘဲ လျစ်လျူပြု၍ ရှုဆင်ခြင်ရာ၌ "သန်ဂါရုံပေက္ခဉာဏ်" အမည်ရ၏။ ထို့ကြောင့် ဤဉာဏ်သုံးပါးတို့သည် သဒ္ဓါအမည်ထူးကြသော်လည်း အနက်-ဒေသနာ မထူးကြကုန်။

ဝိပဿနာဉာဏ်-၁၀ပါး ပြဆိုခဏ်း ပြီး၏။

၁၆၄။ ယင်းသို့ ကန်ဝါဝိတရဏာဝိသုဒ္ဓိ ဖြစ်ပြီးသည်၏ အခြားမဲ့ဘွဲ့ကား ဒိဋ္ဌိဝိသုဒ္ဓိ, ကန်ဝါဝိတရဏာ ဝိသုဒ္ဓိနှစ်ပါးဖြင့် ဝိုင်းခြားသိမြင်အောင်ကုန်ပြီး၍ အကြောင်းနှင့်တကွဖြစ်ကုန်သော အတိဟ်-စသည် အပြားရှိကြသည်။ ဝါ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သြဠာရိက, သုခုမ,ဟီန,ပဏီဘ,ဒူရ,သန္တိကဖြစ်ကုန်သော ရုပ်-နာမ်နှစ်ပါး တောဘူ

၁၆၄၊ နည်းစုံဘန်ပြီး၊ ပေါင်းခြုံစီးလျက်၊ ကျန် - ပျက်ကွက်၊သက်သက်-အဓိစ္စံ၊

၁၆၅၊ ဘေးမျိုးဖြစ်လျက်၊ ကြောက်ဘွယ်တွက်၊ သက်သက်-ဒုက္ခမှန်၊

၁၆၆၊ နှစ်မျိုးမဘက်၊ ကင်းဆိတ်တွက်၊ သင်္ကသက်-အနတ္တံ၊

၁၆၇၊ ဤသို့မှတ်ခါ၊အဒ္ဓါ,သန္တတိ၊ ခဏဓိစ္စင်း၊ ခဲခြမ်းကုန်ထ၊ဉာဏ်သမ္မ၊လက္ခဏတင် သုံးတန်၊

မကသခ်ါရတရားတို့ကို ခန္ဓာ - အစုဂိုသော နည်းအဖုံဖုံတို့ဖြင့် အစွမ်းကုန် ဆင်ခြင်ပွားများအပ်ကုန်၏။ ဤ၌ ''ခန္ဓာဒိနယ၏အရ ခန္ဓာ-အစုရှိသောနည်းဟူသည် ခန္ဓာငါးပါးကို ဆင်ခြင်သုံးသပ်သကဲ့သို့၊ ဒွါရခြောက်ပါး, အာရုံခြောက်ပါး,ဝိညာဏ်ခြောက်ပါး, ဖဿခြောက်ပါး, ဝေဒနာခြောက်ပါး-စသည်တို့ကိုလည်း ဆင်ခြင်သုံးသပ်သော နည်းတည်း။

၁၆၄။၁၆၅။၁၆၆။ ဤသို့ တောဂူမကသခ်ါရတရားတို့ကို ခန္ဓာဒိနယ-နည်း အသီးသီးတို့ဖြင့် ပေါင်းစီး ကျဉ်းချုံးလျက် ဆင်ခြင်သုံးသပ်ရာ၌ ဤရုပ်ခန္ဓာကြီးကား ကုန်ခန်း ပျက်စီးတတ်သော အနက်သဘောကြောင့် မမြဲသော အနိစ္စတရားပါတကား, ကြောက်ဘွယ်ခမန်း ဘေးဘုမ်းဟူသော အနက်သဘောကြောင့် ဧကန်ဒုက္ခတရားပါတကား, အနှစ်သာရ ဘာမျှမရှိ ကင်းဆိတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့် စင်စစ်မုချ အနတ္တာတရား အစုပါတကား ဟု ကလာပသမ္မသနနည်းဖြင့် ဆင်ခြင်သုံးသပ် ပွားများအပ်၏။

၁၆၇။ ခန္ဓာအစုရှိသောနည်းဖြင့် တောဂူမကသခ်ါရတို့ကို ဆင်ခြင်သုံးသပ်သောသမ္မသနနည်းသည် ကလာပသမ္မသနနည်း, အဒ္ဓါနသမ္မသနနည်း,သန္တတိသမ္မသနနည်း, ခဏသမ္မသနနည်း ဟူ၍ လေးနည်းရှိ၏။

၁၆၈။ ထိုတောကူမ၊ သခ်ါရဝယ်၊ ဖြစ် ဘွယ် ကြောင်း ဟိတ်၊ ဆရိဇ္ဇာစ၊ ပဋ္ဌယနှင့်၊ ခဏဝေဘန်၊ ဥာဏ် ဥဒယ၊ ဗွယဖြစ်လျှင်၊ ဖြစ် ပျက် ဒုခ်၊ ရှုဆင် အာဘန်ဘန်။

ထိုဘွင် အတိတ်ကာလစသည် မခွဲခြားဘဲ ရှုပကွန္ဓာ, ဝေဒနာကွန္ဓာ စသည်ဖြင့် ခန္ဓာတပါးတပါးကို တပေါင်းထည်းချုံး၍ အကျဉ်းဆုံးအား ဖြင့် သုံးသပ်သောနည်းသည် ‘‘ကလာပသမ္မသနနည်း’’ မည်၏။ အတိတ်ကာလ၌ ဖြစ်ခဲ့သော ရှုပကွန္ဓာ,ပဗ္ဗုပ္ပန်ကာလ၌ ဖြစ်ဆဲဖြစ်သော ရှုပကွန္ဓာ စသည်ဖြင့် ဘဝ-ကာလခွဲခြား၍ ဆင်ခြင်သုံးသပ်သော နည်း သည် ‘‘အဒ္ဓါနသမ္မသနနည်း’’ မည်၏။ ထိုဆို ရုပ်တရားတို့၏ အေးခြင်း-ပူခြင်းစသော အစဉ်တမျှီးမျှီးကို ခွဲခြား၍ ဆင်ခြင်သုံးသပ်သော နည်းသည် ‘‘သန္တတိသမ္မသနနည်း’’ မည်၏။ တခုသောရုပ်အစဉ်၌ ဥပါဒ်,ဌိ,ဘင် ဟူသော ခဏအား ဖြင့် ခွဲခြား၍ သုံးသပ်ဆင်ခြင်သော နည်းသည် ‘‘ခဏသမ္မသနနည်း’’ မည်၏။ ဤနည်းလေးမျိုးတို့တွင် ကလာပသမ္မသနနည်းကား ဆင်ခြင်သုံးသပ်ရန် အလွယ်ဂူဆုံးနည်း တည်း။ အဒ္ဓါနည်း စသည်တို့ကား တနည်းထက်တနည်း သိမ်မွေ့ နက်နဲကုန်၏။ ထို့ကြောင့် အလွယ်ဆုံးနည်းဖြင့် ဆင်ခြင်သုံးသပ်၍ အသားကျမှသာ.ဟု,င် အခြားစသော နည်းတို့ကို အဆင့်ဆင့်တက်၍ ဆင်ခြင်သုံးသပ်အပ်ကုန်၏။

၁၆၉။ ဤသို့လျှင် ကလာပသမ္မသန စသော သမ္မသနနည်းအသီး သီးတို့ဖြင့် တောကူမက သခ်ါရတရားတို့ကို အကြောင်းနှင့်တကွ ဆင်ခြင် သုံးသပ်ရာ၌ ‘‘ဤရုပ်ခန္ဓာကြီးကား အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ကြောင့် ဖြစ်နေရ၏။ နာမ်ခန္ဓာကြီးလည်း အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ကြောင့် ဖြစ်နေရ၏။ အကယ်၍သာ အဝိဇ္ဇာ အစရှိသော အကြောင်း ပစ္စည်းမရှိခဲ့လျှင် ဤရုပ်-နာမ်ခန္ဓာကြီးလည်း အချည်းနှီးထ၍ ဖြစ်လာဘွယ်

၁၆၉ ဘန်ဘန်ရွှမ်္ဂါထိုသည့်သူဖေား၊ဆယ်ပါးအန္တရာယ်၊
ဝိပဿဝယ်၊ပြိဘွယ်ပေါ်လာပြန်၊
၁၇၀။ရောင်,ဝိ,ပသ်,ဒွါ၊ဝိ,သု.ဉာ၊တိ,ကွာ,နိ-ဆယ်ရန်၊

မရှိ '' ဤသို့စသည်ဖြင့် အဘန်ဘန်အထပ်ထပ် ဆင်ခြင်သုံးသပ်သော အခါ ရုပ်-နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း,ပျက်ခြင်း ဟူဆိုအပ်သော ''ဥဒ ယဗ္ဗယဉာဏ်''ကောန်မုချ ဖြစ်ပေါ်လာရ၏။

၁၆၉။ ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်-နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သိမြင်လာသော အခါ၌ ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်လည်း လွန်မင်းစွာ ကြည်လင် သန့်ရှင်းလာ၏။ ထိုအခါ ထိုကြည်လင်သန့်ရှင်းသောစိတ်တည်းဟူသော အကြောင်းကြောင့် သြဘာသ-အစရှိကုန်သော ဝိပဿနာ၏ ညစ်ညူး ကြောင်း မကောင်းသော အန္တရာယ်တရား ဆယ်ပါးတို့လည်းထင်လျား စွာ ဖြစ်ပေါ်လာဟတ်ကုန်၏။

၁၇၀။ **ဝိပဿနာအန္တရာယ်-၁၀ပါး** တို့ကား ၁ – သြဘာသ-အရောင်အဝါ, ၂-ဝိတိ-ဝိပဿနာပိတိ, ၃-ပဿဒ္ဓိ ကိုယ်,စိတ်နှစ်ဖြာ အေးငြိမ်းချမ်းသာခြင်း, ၄-အဓိမောက္ခ-ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ယုံ ကြည်ခြင်း-သဒ္ဓါ, ၅-ပဂ္ဂဟ-ဝိပဿနာစိတ်ကို ခြိမ်းမြောက်ထောက်ပံ့ ခြင်း-ဝိရိယ, ၆-သုခ-ယောဂီ၏သန္တာန်၌ဖြစ်သော-သုခဝေဒနာ, ၇-ဉာဏ-သွက်လက်လျင်မြန်သော-ဝိပဿနာဉာဏ်, ၈-ဥပဋ္ဌာန-ကမ္မဋ္ဌာန်း အာရုံ၌ စွဲမြဲ တည်ကြည်သော-သတိ, ၉-ဥပေက္ခာ-ဝိပဿနုပေက္ခာ, အာဝဇ္ဇနုပေက္ခာဟု ဆိုအပ်သော - တကြမင်္ဂလာပေက္ခာနှင့် စေတနာ, ၁၀ – နိကန္တိ – အရောင်အဝါ – စသည်ကို သာယာနှစ်သက်သော တဏှာ တို့တည်း။ ဤတရားဆယ်ပါးကိုပင် ဝိပဿနာ၏ ညစ်ညူးကြောင်း ဖြစ်သောကြောင့် **''ဝိပဿနူပက္ကိလေသတရား''** ဟု ခေါ်ရ၏။

၁၇၁။ အနောင်စတွေ၊ ဖြစ်ပေါ်လေလျှင်၊ မဆင်ခြင်တတ်၊
မသိမှတ်မူ၊ မဂ်မှတ်ယူသဖြင့်၊ တင်းတိမ်လင့်၊
မဂ်နှင့်သူဝေးပြန်။

၁၇၂။ အနောင်စလတ်၊ ဝိပဿည်စွဲကြောင်း၊ ဘေးခန်
ပေါင်းကို၊ ကောင်းစွာသာလျှင်၊ ဥာဏ်နှင့်ယှဉ်၊
ဆင်ခြင်သိမ်းဆည်းပြန်။

၁၇၃။ ဆင်ခြင်သိမ်းလျက်၊ မဂ်ဟုတ်-မဟုတ်၊ သစ္စာ
လက္ခဏာ၊ ဝိုင်းခြားပါလျက်၊ သိဓာတ်မှာ၊ မဂ္ဂါ
မဂ္ဂ၊ မည်ဉာဏ၊ ဒဿနဝိသုဒ္ဓိမှန်။

၁၇၁။ ယင်းသို့ ဝိပဿနာ၏အနှောယှဉ်ဖြစ်သော အနောင်အဝါ-
စသည်ဖြစ်ပေါ်လာသောအခါ ''ငါ့အား ရှေးက ဤအနောင်အဝါမျိုး
မဖြစ်ပေါ်ခဲ့ဘူး၊ သေး၊ ဤအနောင်အဝါမျိုးကို ဖြစ်စေနိုင်သော စိတ်သည်
ကောင်းမှန် မဂ်စိတ်, ဖိုလ်စိတ်သာ ဖြစ်တန်ရာ၏။ ယခုအခါ ငါမဂ်ရခဲပေ
ပြီ, ဖိုလ်ရပေပြီ'' ဟု ထင်မှတ်ပြီးလျှင် အားထုတ်မြဲဖြစ်သော ကမ္မဋ္ဌာန်း
ကိုပင် မဆင်ခြင်တော့ဘဲ ထိုအနောင်အဝါကိုသာ မဂ်ဟုတ်ပြီဟု ထင်မှတ်
စွဲယူကာ သာယာတင်းတိမ်နေပါမူကား ဝိပဿနာလမ်း မမှန်သည့်
အနေးကြောင့် မဂ်ဉာဏ်နှင့် ဝေးရတတ်သည်။

၁၇၂။၁၇၃။ ထိုသို့ အနောင်အဝါ-အစဉ်ကုန်သော ဝိပဿနာညစ်
ညူးကြောင်း ဘေးရန်အပေါင်းတို့ ဖြစ်ပေါ်လာသောအခါ၌ လိမ္မာကျွမ်း
ကျင်သော ယောဂီပုဂ္ဂိုလ်သည် '' ဤ အနောင်အဝါ စသည်တို့ကား
ဝိပဿနာဇိတ်ကို ညစ်နွမ်းစေတတ်သော ဘေးရန်အနှောယှဉ်များသာ
တည်း။ ဤ အနောင်အဝါ စသည်တို့ကို သာယာနှစ်သက် စွဲလမ်းချက်
ပြင်းထန်နေပါက ကောင်းမှု၌ မဂ်ကိုရကြောင်း လမ်းကောင်းမဟုတ်သည့်
အမဂ္ဂသာတည်း။ ဤအနောင်အဝါ စသည်တို့ကို သတိမမူဘဲ အားထုတ်မြဲ

၁၇၄။ ထိုသို့အနန္တရာယ်၊ကင်းလွတ်ပယ်က၊ဉာဏ်ဥဒယ၊
ဗ္ဗယ-စခံ၊ အနုဉာဏ်တိုင်၊ သုံးဆင့်လက္ခဏာ၊
ဆင့်ဆင့်သာ၊ရှုရာဖေနိဗ္ဗန်၊
၁၇၅၊ ဖန်ဖန်ရှုမှု၊ ထိုသည့်သူ၏၊ ကိုးဆူဉာဏ်မှာ၊
ပဋိဒါ၊ ဉာဏာဝိသုဒ္ဓိမှန်၊

ဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်ခြင်းသည်သာလျှင် မဂ်, ဖိုလ်ကို ကောန့ရကြောင်း လမ်းကောင်းသဘွယ်ဖြစ်သော မဂ္ဂသာတည်း'' ဟု ကောင်းစွာ ပြုပြင် ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်သိမ်းဆည်းသောအခါ မဂ်ဟုတ်သည် မဟုတ်သည် လမ်းမှန်သည် မမှန်သည်ကို ပိုင်းခြား သိမြင်တတ်သော ဉာဏ်ဖြစ်လာ၏။ ဤသို့ ဖြစ်လာသော ဉာဏ်သည်ပင် ''မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'' မည်၏။

၁၇၄၊၁၇၅။ ထိုသို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့် ဝိပဿနာ၏ ဘေးရန် အန္တရာယ်ဆယ်ပါးတို့မှ ကောင်းစွာ ကင်းလွတ်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ကိုးပါးသောဉာဏ်တို့ကို အစဉ်အတိုင်းသာလျှင် လက္ခဏာယာဉ်သုံးရပ်သို့ တင်ပြီးလျှင် ဆင့်ကာဆက်ကာ အားထုတ်ပွားများရာ၏ ယင်းသို့ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် အပေါင်းတို့ကြောင့် အနိစ္စ-စသော လက္ခဏာတို့ ကောင်းစွာမထင်နိုင်သေးရကား ထိုဘေးရန်အန္တရာယ်တို့မှ ကောင်းစွာ လွတ်ကင်းစအခါမှာ လက္ခဏာသုံးပါး ထင်ရှားစေခြင်းငှါ ရှေးဦးစွာ ဥဒယဗ္ဗယဉာဏ်ကို တဖန်ထပ်၍ ပွားများ အားထုတ်ရ၏။ ထို့နောက် ဘင်္ဂဉာဏ်,ဘယဉာဏ်စသော ဉာဏ်စဉ်အားလျော်စွာ ဆင့်ကာဆက်ကာ ပွားများအားထုတ်သည်ရှိသော် အကြင်အခါ အနုလောမဉာဏ်သို့ ရောက်၏။ ထိုအခါ မဂ်သို့ရောက်ဘွယ် စင်ကြယ်ကောင်းမြတ်သော ဉာဏ်ဒဿနကို ရပြီဖြစ်သောကြောင့် ယောဂီပုဂ္ဂိုလ်၏ ပြဆို

၁၇၆၊ ထိုသို့ကျင့်သူ၊ ဥာဏ်မူဝိပဿိ၊ ရင့်သန်ထက်ရာ၊
မဂ်ပွဲနာ၊ ဤခါဖြစ်လိမ့်မှန်၊
၁၇၇၊ ထို့ကြောင့်ဘဝင်၊ အာယဉ်ဖြတ်ကံ၁၊ မနုနာဒွါ၊
ဖြစ်ရာချုံ့လေပြန်၊
၁၇၈။ ဝဋ္ဋနိ်းချုပ်ခဲ့၊ ခြားမဲ့နောက်ရန်၊ နှစ်,သုံးတန်မှတ်၊
စိတ်ဝိပဿိမှာ၊ အနိစ္စာစ၊ လက္ခဏာရာ၊ တခုခု၊
ပြုတွယ်ဖြစ်ကုန်ပြန်၊
၁၇၉။ ထိုစိတ်သုံးထန်၊ ပရိကမ္မာ၊ ဥပစာရ၊ နွေလောမ၊
နာမအဆစ်ခံ၊
ခဲ့သော ဥဒယဗ္ဗယဉာဏ်အစ အနုလောမဉာဏ်အဆုံးနှိုသော ဉာဏ်ကိုး
ပါးသည်ပင်လျှင် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" မည်၏။

၁၇၆။၁၇၇။ ဤဆိုအပ်ခဲ့ပြီးသော နည်းလမ်းအစဉ်တို့ဖြင့် ဆင်ခြင်
ကြိုးစားအားထုတ်ဘာန်များလျှင် ဝိပဿနာဉာဏ်အစဉ်လည်း ရင့်သန်
တိုးတက်၍ "အပုနာဝမည်သော မဂ်ဉာဏ်"ဖြစ်လာရန် ကောန်းကပ်လာ
၏။ ထိုအခါ "ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ" ဟု ဘဝင်နှစ်ကြိမ်ဖြစ်၍
ဘဝင်အယဉ်ပြတ်ကာ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ချုံ့၏။

၁၇၈။၁၇၉။ မနောဒွါရာဝဇ္ဇန်းစိတ် ချုံ့ပြီးသည်၏ အခြားမဲ့၌
တိကဒ္ဒပုဂ္ဂိုလ်အတွက် ဝိပဿနာစိတ်နှစ်ကြိမ်,မန္ဒပုဂ္ဂိုလ်အတွက် ဝိပဿနာ
စိတ် သုံးကြိမ်တို့သည် အနိစ္စ,ဒုက္ခ,အနတ္တ တည်းဟူသော လက္ခဏာ
သုံးပါးတွင် တပါးပါးကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤ၌ ဝိပဿနာစိတ်
နှစ်ကြိမ်အရ ဥပစာ,အနုလုံကိုယူ၍ သုံးကြိမ်အရ-ပရိကမ်,ဥပစာ,အနုလုံ
ကိုယူလေ။

၁၈၀။ ဝိပဿိတမ္ပတိ၊ခေါင်အထွဋ်သို့၊ မချွတ်ရောက်ရာ၊ သင်္ခါ,အနုံ၊ ဉာဏ်နှစ်ခုမှာ၊ ဝုဋ္ဌာနာ၊ ဂါမိတွင်လေပြီနံ။

၁၈၁။ ထို့နောက် ဂေါတြဘူ၊နိဗ္ဗာန်ခံတွယ်၊ပုထုဇဉ်အနွယ်ဖျက်၊ ရိုနွယ်ထက်၊ဘင်လျက် ဖြစ်လေပြီနံ။

၁၈၂။ ထိုနောက်ကပ်ကာ၊သောတာပန်၊ကိစ္စလေးချက်၊ ပြီးစေလျက်၊သက်လေ-အပ်နံ။

၁၈၃။ ဒုက္ခသိမ္ဘာ၊သမုဒယကိုပယ်၊နိဝယ်မျက်မှောက်၊မဂ်ပွား ဖြောက်၊ပြိုင်ဖြောက်-လေးသဉ္ဇ်။

၁၈၀။ ဝိပဿနာ၏ အခေါင်အထွဋ်သို့ မချော်ဧကန်ရောက်နေသည့် သင်္ခါရုပေက္ခဉာဏ်နှင့် အနုလောမဉာဏ် နှစ်ပါးသည် သင်္ခါရတည်းဟူသော အာရုံနိမိတ်မှထင်း,သံသရာ၌ ကြာမြင့်စွာ အစဉ်မပြတ်ဖြစ်နေသော ဝဋ်ခန္ဓာအစုမှထင်း ထမြောက်တတ်သည့် ဝုဋ္ဌာနမည်သော မဂ်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာဉာဏ်ဖြစ်သောကြောင့် “ ဝုဋ္ဌာန ဂါမိနိဝိပဿနာ’’မည်၏။

၁၈၁။၁၈၂။၁၈၃။ ဝိပဿနာဇောစိတ် နှစ်ကြိမ်, သုံးကြိမ် ဖြစ်ရာဝယ် အနုလုံဇောစိတ် ဖြစ်ပြီးသည်မှနောက်၌ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို ဖျက်ကာ အရိယာအနွယ်သို့လည်း ခရောက်စေ-ဖြစ်စေလျက် ဖြစ်၍ ချုပ်၏။ ထို့နောက် ဂေ တြဘူစိတ် ချုပ်ပြီးသည်၏ အခြားမဲ့ဥ်သာလျှင် ဆိုမီးသည် မီးစာကို လောင်ကျွမ်းစေခြင်း, အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း, အလင်းရောင်ကို ဖြစ်စေခြင်း, အိုကို ခန်းခြောက်စေခြင်း တည်းဟူသော ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေဘိသကဲ့သို့၊ ထို့အတူ သောတာပတ္တိမဂ်စိတ်သည် ဒုက္ခသစ္စာကို ငုံခြင်း၍ သိခြင်း,သမုဒယသစ္စာကို ပယ်ခွါခြင်း, နိရောဓသစ္စာကို မျက်မှောက်

၁၈၄၊ ထိုနောက်စုရုံး၊ ဗိုလ်နှစ်သုံး၊ ဖြစ်ဆုံးဘဝ်၊
၁၈၅၊ ထိုနောက်ဘဝင်၊ ဆယဉ်ပြတ်ကာ၊ ဝေကွဆာ၊
ဥဒ္ဓစ္စာဖြစ်ကုန်ပြန်။
၁၈၆၊ ပလင်္ဘပုဂ္ဂိုလ်၊ မဂ်, ဗိုလ်, နိဗ္ဗာန်၊ ပယ်,ကျန်ကိ
လေ၊ ဤငါးထွေ၊မှတ်လေဆင်ခြင်ဟန်။
၁၈၇၊ ပယ်,ကျန်ကိလေ၊ဤနှစ်ထွေမူ၊ အချို့.သူ့မှတ်ယူ
မဆင်မှန်၊

ပြုခြင်း, မဂ္ဂသစ္စာကို ပွားများခြင်း တည်းဟူသော ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေလျက် မဂ်တည်းဟူသော အပ္ပနာဝီထိ ကျ၏။

၁၈၄။ ထိုသို့ မဂ်ဇော တကြိမ်ဖြစ်ပြီးနောက် မန္ဒပုဂ္ဂိုလ်အတွက် ဗိုလ်ဇော သုံးကြိမ်, တိက္ခပုဂ္ဂိုလ်အတွက် ဗိုလ်ဇောနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်အယဉ် ကျသတည်း။ (မဂ္ဂဝီထိပုံစံ ဝိထိပိုင်းကို ပြန်ကြည့်ပါ)။

၁၈၅။၁၈၆။ ယင်းသို့ မဂ်စိတ်နောင် ဗိုလ်နှစ်ကြိမ်, သုံးကြိမ်ဖြစ်ပြီးနောက် ဘဝင်အယဉ်ကျပြီးသည်၏ အခြားမဲ့၌ မဂ်,ဗိုလ်,နိဗ္ဗာန် စသည်တို့ကို ဆင်ခြင်သော "**ပစ္စဝေက္ခဏာဝီထိ**" ဆက်၍တဖန် ဖြစ်ပြန်၏။ ယင်းသို့ ဖြစ်ရာ၌လည်း ပစ္စဝေက္ခဏာဝီထိသည် ၁-မိမိရပြီးဖြစ်သော မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ၂-ရပြီးဖြစ်သော ဗိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ၃-နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ၄-ပယ်ပြီးဖြစ်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ၅ မပယ်ရသေးဘဲ ကြွင်းကျန်နေသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ အားဖြင့် ငါးပါးရှိ၏။

၁၈၇။ ထိုတွင် ရှေ့ဝီထိသုံးမျိုးသည် ကောန်မုချ ဖြစ်သင့်-ဖြစ်ထိုက်သော ဝီထိမျိုးဖြစ်၍ နောက်ဝီထိနှစ်မျိုးမူကား အချို့ပုဂ္ဂိုလ်၌ ဖြစ်၍ အချို့ပုဂ္ဂိုလ်၌ မဖြစ်သောကြောင့် အနေကန်ဖြင့်သော ဝီထိမျိုးတည်း။

၁၈၈။ ဤနည်းဖြင့်လျှင်၊ ခြောက်သုဒ္ဓစဉ်ဆက်၊ ပွားကား တက်ငြား၊မင်္ဂလေးပါးမှာ၊ မည်ဉာဏာ၊ဒဿနာဓိသုဒ္ဓမှန်။

၁၈၉။ ဤလည်းတသုတ်၊ အာကျဉ်းချုပ်၊ ဝိသုဒ္ဓိ ဘေဒံ၊

၁၉၀။ သုံးနုပသည်တွင်၊ အနတ္တာဟု၊ ရှုကြည့်မှုမှာ၊ ငါ့ကိုယ်နှစ်တုံး၊ နှလုံးသွင်းချက်၊လွှတ်ပယ်ဖျက်၍၊ မင်္ဂဝင်ဆဝ၊ သုညတာ၊ နာမတံခါးမှတ်။

၁၈၈။၁၈၉။ ဤသို့လျှင် သောတာပတ္တိမဂ်ရပြီးနောက်၌ ပစ္ဆေကွာ ၅-ဝိထိ, သကဒါဂါမိမဂ်ရပြီးနောက်၌လည်း - ၅ဝိထိ, အနာဂါမိမဂ် ရပြီးနောက်၌လည်း - ၅ဝိထိ ဖြစ်၍ အရဟတ္တမဂ်ရပြီးနောက်၌ကား ကြွင်းကျန်နေသေးသော ကိလေသာကို ဆင်ခြင်ဘွယ်မလိုသောကြောင့် - ၄ဝိထိအားဖြင့် မင်္ဂလေးပါး၏နောက်၌ ဖြစ်ထိုက်သော ပစ္ဆေကွာဝိထိပေါင်း (၅ + ၅ + ၅ + ၄ = ၁၉) ဆယ့်ကိုးဝိထိ ဖြစ်သတည်း။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သီလဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိခြောက်ပါးတို့ကို အစဉ်အတိုင်း ဆင်ခြင်ကြိုးစား ပွားများအားထုတ်ခြင်းကြောင့် ရအပ်သော မင်္ဂလေးပါးသည် ကိလေသာအညစ်အကြေးတို့မှ ဒေထူးသဖြင့် ကဲ့ဝေးစင်ကြယ်၍ သစ္စာလေးပါးကို သိတတ်-မြင်တတ်သောကြောင့် ''ဉာဏဒဿနဝိသုဒ္ဓိ'' မည်၏။

ဝိသုဒ္ဓိဘေဒ ပြဆိုခဏ်း ပြီး၏။

၁၉၀။ အနုပဿနာသုံးမျိုးတို့တွင် အနတ္တာနုပဿနာသည် ငါ, ငါ၏ကိုယ်, အနှစ်တုံး ဟူ၍ နှလုံးသွင်းစွဲလမ်းခြင်း ပြင်းထန်၍နေသော ''အတ္တာဘိနိဝေသ'' ကို စွန့်လွှတ်ပယ်ဖျက်၍ အတ္တရှိ-မရှိကို ထိထိမိမိ

၁၉၁။ အာနိစ္စာဟု ရှုကြည့်မှုမှာ၊ မြိန်စွာပင်၊ အထင်စွဲသန်၊ ဖေါက်ပြန်မှုဒိတ်၊ လွှတ်ပယ်ဟိတ်ကြောင့်၊ အာနိဒိတ္တာ၊ မဂ်ဝင်စ၊ နာမတံခါးမှတ်။

၁၉၂။ ဒုက္ခအစု၊ ရှုကြည့်မှုမှာ၊ တဏှာငမ်းငမ်း၊ ဆပြင်းဘမ်းချက်၊ လွှတ်ပယ်တွက်ကြောင့်၊ မဂ်ဝင်လေဘိ၊ အာပွကိ၊ မည်ရှိဘံခါးမှတ်။

ဆင်ခြင်ရှုစားကြည့်သောအခါ ဘာမျှမရှိသည့် သုညချည်း ထင်အောင်ရှုနိုင်သောကြောင့် "သုညတာနုပဿနာ" အမည်ရလျက် မဂ်ဖိုလ်တည်းဟူသော ဝိမောက္ခသို့ဝင်ရာ တံခါးဝလည်း ဖြစ်သောကြောင့် "ဝိမောက္ခမုခ" လည်း မည်၏။

၁၉၁။ အနိစ္စာနုပဿနာသည် ရုပ်,နာမ်နှစ်ဖြာ ခန္ဓာကြီး၌ ပုံဟန်, သဏ္ဌာန်, အစိုင်, အခဲအားဖြင့် စုတွဲတည်ရှိနေသမျှယောင်ယောင် ဖေါက်ဖေါက်ပြန်ပြန် မမှန်ကန်ဘဲ ထင်မှတ် စွဲယူနေတတ်သော "ဝိပ္ပလ္လာသနိဒါန်" ကို စွန့်လွှတ်ပယ်ဖျက်၍ မြဲသည် မမြဲသည်ကို ဆင်ခြင်ကြည့်ရှုသောအခါ ကေန်မလွဲ မမြဲသော အချက်ကိုသာ ထင်အောင်-မြင်အောင် ရှုနိုင်သောကြောင့် "အနိမိတ္တာနုပဿနာ" အမည်ရလျက် မဂ်, ဖိုလ်တည်းဟူသော ဝိမောက္ခသို့ ဝင်ရာတံခါးဝလည်း ဖြစ်သောကြောင့် "ဝိမောက္ခမုခ" လည်း မည်၏။

၁၉၂။ အနိစ္စာနုပဿနာသည် ရုပ်,နာမ်နှစ်ဖြာ ခန္ဓာကြီး၌ သာယာတွယ်တာဘွယ်အဖြစ်ဖြင့် ထင်မြင်နေခြင်းကြောင့်ဖြစ်သော တောင့်တမှုတဏှာ ပဏိဓိကို စွန့်လွှတ်ပယ်ဖျက်၍ အမှန်တကယ် ချမ်းသာဘွယ်မမြင် ဆင်းရဲဘွယ်ချည်းသာထင်လာ-မြင်လာအောင် ရှုဆင်ခြင်နိုင်သောကြောင့် "အပ္ပဏိဟိတာနုပဿနာ" အမည်ရလျက် မဂ်,ဖိုလ် တည်းဟူသော ဝိမောက္ခသို့ ဝင်ရာ တံခါးဝလည်းဖြစ်သောကြောင့် " ဝိမောက္ခမုခ " လည်း မည်၏။

၁၉၃။ သုံးတံခါးတွင်၊ မင်္ကပေါထင်ရာ၊ တံခါးနာမင်္ကာ
မည်ခေါ်အပ်။
၁၉၄။ ဝိပဿီဝုဒ္ဓာ၊ အနန္တဇာဟာ၊ ရှုကြည့်လေရာ၊ ထိုမင်္ကာ
မှာ၊သည်တာဝိမောက်မှာ်။
၁၉၅။ အနိစ္စဟု၊ကြည့်ရှုတုံဘိ၊ထိုမင်္ကာမည်၊အနိဝိမောက်
မှတ်
၁၉၆။ ဒုက္ခသာဟု၊ကြည့်ရှုတုံဘိ၊ ထိုမင်္ကာမည်၊ အပ္ပဏိ
ဝိမောက်မှတ်။

၁၉၃။၁၉၄။ ဤသို့ မင်္ကာ,ဖိုလ်တည်းဟူသော ဝိမောက္ခသို့ဝင်ရာ တံခါး ပေါက်သုံးမျိုးရှိရာတွင် မင်္ကာထင်ပေါ်လာကြောင်း၊ဖြစ်သော တံခါးပေါက်၏ အမည်နာမ အသီးအသီးဖြင့်သာလျှင် မင်္ကာလည်း မည်ခေါ်အပ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာက သင်္ခါရတရားအစုဥ အနတ္တဟု ရှုလျှင် အတ္တ ဟု စွဲလမ်းခြင်းကို ပယ်စွန့်နိုင်သဖြင့် သုညတာနုပဿနာ ဝိမောက္ခမုခ ဖြစ်၏။ ထိုသုညတာ နုပဿနာ ဝိမောက္ခမှ ထွက်၍ မင်္ကာရလျှင် ထိုမင်္ကာသည် ‘‘သုညတဝိမောက္ခမင်္ကာ’’ မည်၏။

၁၉၅။၁၉၆။ ဝုဋ္ဌာနဂါမိနိဝိပဿနာက သင်္ခါရတရားအစုဥ အနိစ္စဟု ရှုလျှင် နိစ္စဟု ထင်မှတ်မှားယွင်း၊နေတတ်သော ဝိပ္ပလ္လာသနိမိတ်ကို ပယ် စွန့်နိုင်သဖြင့် အနိမိတ္တာနုပဿနာဝိမောက္ခမုခ ဖြစ်၏။ ထိုဝိမောက္ခမုခမှ ထွက်၍ မင်္ကာရလျှင်ကား ထိုမင်္ကာသည် ‘‘အနိမိတ္တဝိမောက္ခမင်္ကာ’’ မည်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာက သင်္ခါရတရားအစုဥ ဒုက္ခဟု ရှုလျှင် သင်္ခါရဥ်တောင့်တမှု တဏှာပဏိဓိကို ပယ်စွန့်နိုင်သဖြင့် အပ္ပဏိဟိတာ နုပဿနာ ဝိမောက္ခမုခဖြစ်၏။ ထိုဝိမောက္ခမုခမှထွက်၍ မင်္ကာရလျှင် ကား ထိုမင်္ကာသည် ‘‘အပ္ပဏိဟိတဝိမောက္ခမင်္ကာ’’မည်၏။

၁၉၇။ ဤသို့မဂ္ဂင်၊ မည်သုံးတန်၊ ရဟန်-ဝိပဿနာကြောင်းမှတ်။

၁၉၈။ မဂ်ဝိထိဖိလ်၊ ဤနည်းဆို၊ မဂ်ကိုစွဲမှတ်မည်သုံးရပ်၊ ၁၉၉။ သမာပတ္တိ၊ ဖိုလ်ဝိထိဝင်၊ သူ၏ဂုဏ်မှာ၊ သူ့ဖိုလ်စုံ၊ သုံးခုမြောက်မည်အောင်၊

၁၉၇။ ဤသို့လျှင် မဂ်၏ထင်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့် စပ်သည့် ဝိပဿနာဂမန၏ အစွမ်းဖြင့် မဂ်သည် သုညတဇ်မောက္ခ, အနိမိတ္တာဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ ဟူသော အမည်သုံးမျိုးကို ရသတည်း။

၁၉၈။ မဂ်သည် ဝိပဿနာဂမန၏အစွမ်းအားဖြင့် သုညတဝိမောက္ခ မဂ်စသော အမည်သုံးမျိုးကို ရသကဲ့သို့၊ ထို့အတူ မဂ္ဂင်ထိမျာ်း၌ မဂ္ဂါနန္တရဖိုလ်သည်လည်း ဖိုလ်စိတ်ဖြစ်ပေါ်လာကြောင်း ဖြစ်သော မဂ္ဂါဂမန၏အစွမ်းအားဖြင့် မဂ်စိတ်က သုညတဝိမောက္ခ-စသော အမည်ကို ရလျှင် ဖိုလ်စိတ်လည်း သုညတဝိမောက္ခဖိုလ် စသော အမည်သုံးမျိုးကိုပင် ရ၏။

၁၉၉။ ''မဂ္ဂါဂမန၏အစွမ်းဖြင့် သုညတဝိမောက္ခမဂ် စသောအမည် ရသကဲ့သို့ မဂ္ဂါနန္တရဖိုလ်လည်း သုညတဝိမောက္ခဖိုလ် စသော အမည်ကို ရသည်''ဟု ဆိုရသော်လည်း မဂ္ဂင်ထိမျာ်း၌ မင်းနောင်ကျသော ဖိုလ်သည်သာ မဂ်အားလျော်စွာ ထိုအမည်များကို ရထိုက်ပေသည်။ ဖလသမာပတ္တိဝိထိမျာ်း၌ ဖြစ်ကြသော ဖိုလ်စိတ်များကား ဖိုလ်ကိုဝင်စားခါနီး ဆင်ခြင်နုလုံးသွင်းသော ဝိပဿနာက သုညတဝိမောက္ခမုခ ဝိပဿနာဖြစ်လျှင် ယခင်မဂ်၏အမည်နောက်သို့ မလိုက်ဘဲ ထိုဝိပဿနာနှင့်စပ်၍သာလျှင် သုညတဝိမောက္ခဖိုလ်-အစရှိသော အမည်သုံးမျိုးတို့ကိုသာ ရအောင်ကုန်၏။

၂၀၀။ မင်္ဂ, ဖုိလ်အာကုန်၊ ဝိထိစုံဝယ်၊ အာရုံ,ကိုယ့် သဘော၊ လိုက်လျောအညီ၊သုံးဆာမည်၊ တူသည် ဟူ၍မှတ်။

၂၀၁။ ဤလည်းတတန်၊အာကျည်းဖန်၊ဘေဒံဝိမောက်မှတ်။

၂၀၂။ တခဏ်းထိမှ၊ ပုဂ္ဂလ၊ ဘေဒ ဤသို့မှတ်။
၂၀၃။ လေးပါးမင်္ဂတွင်၊သောမင်္ဂပွားလျက်၊ဒုဋ္ဌိ ဝိဗျုက် ကာ၊အာပါယ်ရွာ၊ရောက်ရာ အကြောင်းဖြတ်။

၂၀၀။၂၀၁။ မင်္ဂ,ဖုိလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏။ ထို အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတလည်းမည်၏။ အနိမိတ္တ, အပ္ပဏိဟိတလည်း မည်သောကြောင့် အာရုံနှင့်စပ်၍ မင်္ဂဖုိလ်တို့သည် သုညတဝိမောက္ခစသော အမည်သုံးမျိုးကို တပြိုင်ထည်း ရကြ၏။ ထိုမှတပါး မင်္ဂဖုိလ်တို့သည် ရာဂစသည်မှငင်း, အတ္တမှငင်း ဆိတ်သော သုညတသဘောရှိကြ၏။ တပေါင်းထည်း ပေါင်းစုတည်နေဟန် ပုံသဏ္ဌာန်နိဒ်လည်း ကင်းကုန်၏။ တောင့်တခြင်း-တဏှာပဏိဓိလည်း မရှိကုန်။ ထို့ကြောင့် မိမိတို့၏သဘောအားဖြင့်လည်း သုညတဝိမောက္ခစသော အမည်သုံးမျိုးကို ရကြကုန်၏။ ယင်းသို့ အာရုံနှင့်စပ်၍ငင်း, မိမိသဘောအားဖြင့်ငင်း ရအပ်သော မင်္ဂဖုိလ်တို့၏ သုညတ်ဝိမောက္ခစသော အမည်သုံးမျိုးအပေါင်းသည် မဂ္ဂဝိထိ,ဖလသမာပတ္တိဝိထိ အကုန်လုံး၌ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့၏ သန္တာန်အစဉ်မှာ ထူးခြားခြင်း-ကွဲပြားခြင်း မရှိဘဲ အလုံးစုံ ညီညွတ်-တူမျှတော့သည်သာလျှင်တည်း။

ဝိမောက္ခဘေဒ ပြဆိုခဏ်း ပြီး၏။

၂၀၄။၂၀၅။ အရိယာပုဂ္ဂိုလ်တို့၏ အထူးအပြားကို ဝေဘန်ပြဆိုရာဖြစ်သော ပုဂ္ဂလဘေဒခဏ်း၌ မင်္ဂဋ္ဌလေးပါးဘို့တွင် သောတာပတ္တိ

၂၀၄၊ ထိုသို့ဖြတ်တုံ၊လူ-နတ်ဘုံသို့၊ သဒ္ဓေလှိုက်ရန်၊ လွန်ဆုံးမှန်၊ သတ်ဖန်ဧကာက်အပ်—သောတာပန်။

၂၀၅၊ သကဒါဂါမဂ်၊ပွားကာတက်လစ်၊ကြွင်းရစ်ရာဂ၊ ဒေါသ, မောဟ၊ ခေါင်းပါး၀၊ ပြုလေတဖန် ထပ်။

၂၀၆၊ ထိုသို့ပြုတုံ၊ ဤလူ့ဘုံသို့၊ သဒ္ဓေလှိုက်ရန်၊ တကြိမ်ပြန်၊သကဒါဂါမ်ဟု မှတ်။

မဂ်ကို ဖြစ်စေသည့်ရှိသော် ထိုမဂ်သည် ဒိဋ္ဌိနှင့် စိစိကိစ္ဆာ ကိလေသာနှစ်ပါးကို ပယ်ရှား သုတ်သင်နိုင်၏။ ထိုဒိဋ္ဌိ, စိစိကိစ္ဆာနှစ်ပါးကို ပယ်သဖြင့် ၎င်းတို့ယှဉ်ရာ ဒိဋ္ဌိဂတသမ္မယုတ်စိတ်-၄, စိစိကိစ္ဆာသဟဂုတ်-၁, ဤ အကုသိုလ်တရား ၅ါးပါးကိုလည်း ပယ်ရှား သုတ်သင်၏။ဥဒ္ဓစ္စမှတပါး အပါယ်လေးပါးသို့ ကျရောက်ကြောင်း မဒကာင်းသော အပါယဂမနီယ ဖြစ်သည့် ကျန်ကိလေသာများကိုကား အားနည်း ခေါင်းပါး၀အောင်ပြု၏။

၂၀၄။ ထိုသို့ မဂ်ခဏ၌ အပါယ်လားကြောင်း မဒကာင်းသော အကုသိုလ် - ကိလေသာများကို ပယ်ဖြတ်၍ ဖလဋ္ဌာန်ပုဂ္ဂိုလ်အဖြစ်၌ တည်ရကား ထိုပုဂ္ဂိုလ်သည် လူ့ဘုံ, နတ်ရပ် ကာမဓာတ်၌ ခုနစ်ထပ်-ခုနစ်ကြိမ် ပဋိသန္ဓေတည်နေပြီးနောက် အံ့ရဟန္တာဖိုလ်သို့ ရောက်မည့်သူ ဖြစ်သောကြောင့် "သတ္တက္ခတ္တုပရမ သောတာပန်" အမည်ရ၏။

၂၀၅။၂၀၆။ သကဒါဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ထိုမဂ်သည် မည်သည့်ကိလေသာကိုမှ အကြွင်းမဲ့ မပယ်ရှားနိုင်။ သောတာပတ္တိမဂ်ဖြင့် မပယ်နိုင်၍ ကြွင်းကျန်နေသေးသော ရာဂ, ဒေါသ, မောဟ-အစရှိသည့် ကိလေသာတို့ကိုသာ ခေါင်းပါးအောင် ပြုနိုင်၏။ ဖလဋ္ဌာန်ပုဂ္ဂိုလ် အဖြစ်၌ တည်သောအခါ ထိုပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေတကြိမ် ပြန်၍ တည်နေသောကြောင့် "သကဒါဂါမိပုဂ္ဂိုလ်" အမည်ရ၏။

၂၀၇။ အနာဂါမက်၊ ပွားကာတက်ကာ၊ ကာမရာဂ၊ နှစ်ဒေါသ၊လုံး၀ ပယ်ဖျက်အပ်။

၂၀၈။ ထိုသို့ပယ်တုံ၊သဖွဲ့လှံ့ခနဲ၊ ကာမဌာန်၊လုံးမပြန်အပ်၊နာဂါဓိမှတ်။

၂၀၉။ အရဟတ္တမဂ်၊ ပွားကာတက်လျက်၊ ကြွင်းမဲ့ချက်ကုန်၊ကိလေးရုံ၊မြုံပါပယ်ဖျက်အပ်။

၂၁၀။ ထိုသို့ ဗျာက်လတ်၊ လောကဓာတ်၀ယ်၊ ထွဋ်မြတ်အလှူ၊ခံယူထိုက်ထ၊အာသ၀ညစ်ညမ်း၊မြူမသန်း၊ ရဟန္တာဟုမှတ်။

၂၁၁၊ တခဏ်းညွှန်ပြ၊ပုဂ္ဂလ၊ ဘေဒအပြိုးသတ်၊

၂၀၇။၂၀၈။ အနာဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ထိုမဂ်သည် ကာမဂုဏ်ငါးပါးခွဲ တပ်မက်သော တဏှာလောဘတည်းဟူသော ကာမရာဂနှင့် ဒေါသကို အမျက်ထွက်ခြင်း ဒေါသဟု ဆိုအပ်သော ဗျာပါဒကို အကြွင်းမရှိအောင် ပယ်ဖျက်နိုင်၏။ ထိုသို့ ကာမရာဂနှင့် ဗျာပါဒနှစ်ပါးကို အကြွင်းမရှိအောင် ပယ်ဖျက်နိုင်ရကား ဖလဋ္ဌာန်ပုဂ္ဂိုလ်အဖြစ်၌ တည်သောအခါ ထိုပုဂ္ဂိုလ်သည် ဤကာမဘုံသို့ ပဋိသန္ဓေတည်နေခြင်း၏ အစွမ်းဖြင့် မပြန်လာသောကြောင့် "အနာဂါမ်ပုဂ္ဂိုလ်" အမည်ရ၏။

၂၀၉။၂၁၀။၂၁၁။ အရဟတ္တမဂ်ကို ဖြစ်စေသည်ရှိသော် ထိုမဂ်သည် အောက်မဂ်သုံးပါးတို့ဖြင့် မပယ်နိုင်ကြ၍ ကြွင်းကျန်သမျှ ကိလေသာအလုံးစုံကို အကြွင်းမရှိအောင် ပယ်ဖျက်နိုင်၏။ ထိုသို့ ကိလေသာအလုံးစုံကို အကြွင်းမရှိအောင် ပယ်ဖျက်နိုင်ရကား ဖလဋ္ဌာန်ပုဂ္ဂိုလ်အဖြစ်၌ တည်သောအခါ ထိုပုဂ္ဂိုလ်သည် လောကဓာတ်သုံးပါး၌ မြတ်သော

၂၁၂။ ဖလဋ္ဌာမြောက်.သမာပတ်စုံ၊ ဝင်စား၊ပုံ၊ ကျဉ်းခြုံ ၍သိမှတ်။

၂၁၃။ ဖလသမာ၊ဖလဋ္ဌာတို့၊ ကိုယ်သာဖိုင်ငြား၊ ကိုယ်. ဖိုလ်အား၊ဝင်စား၊ပြုအပ် ဆက်ဆံမှတ်၊

၂၁၄၊ ဂုစ်ဖြာသမာပတ်၊ ပြည့်စုံလတ်မူ၊ ကာ,ရူနှစ်တန်၊ နာဂါဝ်,ရဟန္တာ၊ နိဗ္ဗာန၊ခု၏ဝင်စား၊မှတ်၊

၂၁၅၊ ထိုဝင်စား၊ရာ၊ ပဗျာ-စလွက်၊ မဟာသမာ၊ စဉ် ထိုင်းသာ၊ ဝင်ခါထ၍မှတ်၊

အလွှာကို ခံယူထိုက်သောကြောင့် အာသဝေါ ကင်းကွာသည့် "ရဟန္တာပုဂ္ဂိုလ်" အမည်ရ၏။

ပုဂ္ဂလဘေဒ ပြဆိုခဏ်း ပြီး၏။

၂၁၂။၂၁၃။ သမာပတ္တိဘေဒ၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟု ဆိုအပ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် ဝိဝေက သုံးပါးအကျိုးငှါ ကာလအဝိုင်းအခြားပြု၍ မိမိရပြီးဖြစ်သော ဇိုလ်သို့ ကောင်းစွာ ဆိုက်ရောက် ဝင်စားကြမှု သမာပတ်အလုံးစုံကို အကျဉ်းခြုံ၍ ဤဆိုလတံ့သော နည်းဖြင့် သိအပ်၏။ ဖလသမာပတ် ဝင်စားရာ၌ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် မိမိရပြီး - ရောက်ပြီးဇိုလ်နှင့်သာ ဆက်ဆံသည် ဖြစ်၍ ထိုရပြီး-ရောက်ပြီး ဇိုလ်တို့ကိုသာ အသီးအသီး ဝင်စားနိုင်ကြ၏။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်၏။ ဤသို့စသည်ဖြင့် သိ၍လ။ (ဖလသမာပတ္တိ ဝိထိပုံစံကို ဝိထိဒိုင်း ၉၀နှ နိယမခဏ်းမှာ ပြန်ကြည့်ပါ။)

၂၁၄။၂၁၅။ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံကြသော ကာမဘုံ-ရူပဘုံ ကအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သည် စိတ်, စေတသိက်, စိတ္တဇရုပ်တို့

၂၁၆။ ထိုထိုစျာန်မှ၊ထလျက်ထလျက်၊ထိုစျာန်ထက်တွင်၊ သန်ါးစု၊ ဝိပဿင်္ဂကာ၊ ကိုဠညာ၊ တိုင်သာ ရောက်သတ် ဤနည်းမှတ်။

၂၁၇။ ထို့နောက်ဓိဋ္ဌာန်၊အာစခံ၊ပုဗ္ဗပြုအပ်-ကိစ်လေးရပ်၊

အနိုက်အတန့်အားဖြင့် ခုၫ်ငြိမ်းနေခြင်း ဟု ဆိုအပ်သော နိဗ္ဗာနသမာပတ်ကို ဝင်စား ဖြစ်စေနိုင်ကုန်၏။ ထိုသို့ နိဗ္ဗာနသမာပတ်ကို ဝင်စား ဖြင်စေလိုသည်ရှိသော် ရှေးဦးစွာ ဒိဗ္ဗစက္ခုဖြစ်သော ပဉ္စမစျာန်ကို ဝင်စား ရ၏။ ထို့နောက် ထိုစျာန်မှထ၍ ပထမစျာန် စိတ်, စေတသိက်တည်းဟူသော သန်ါးရတနာတို့ကို လက္ခဏာယာဉ်တင်၍ ဆင်ခြင် ပွားများသော ပစ္စဝေက္ခဏာဝီထိကျ၏။ ထိုမှတဖန် ဒုတိယစျာန် စသော အထက်အထက် မဟဂ္ဂုတ်စျာန်တို့ကိုလည်း ပဉ္စမစျာန်နည်းတူ ပစ္စဝေက္ခဏာဝီထိ တခုစီ တခုစီ ခြား၍ ခြား၍ ပင်စား-ပွားများရ၏။

၂၁၆။ ဤသို့လျှင် သမာပတ်-၈ပါး အစဉ်အတိုင်း ထိုထိုစျာန်ကို ဝင်စားပြီးနောက် စျာန်မှထကာ-ထကာ ထိုစျာန်ဟုဆိုအပ်သော သန်ါးရတနာအစုဉ် ဝိပဿနာရှု၍ အာကိဉ္စညာယတနစျာန်တိုင်အောင် ပဉ္စမစျာန်ဉ် ပြဆိုအပ်သော နည်းအတိုင်းသာလျှင် ဝင်စား-ပွားများအပ်၏။

၂၁၇။ ယင်းသို့ သမာပတ်အစဉ်အတိုင်း ဝင်စားခြင်းဖြင့် အာကိဉ္စညာယတနစျာန်သို့ ရောက်ပြီးသောအခါဉ် နေဝသညာနာသညာယတနစျာန်ကို ဆက်လက်မဝင်စားသေးဘဲ အဓိဋ္ဌာန်ခြင်း-အစဉ်သော ပုဗ္ဗကိစ္စလေးပါးကို ပြုအပ်၏။

၂၁၈။ ကိုယ်နှင့်ကွာလှမ်း၊ ဝတ်သက်နှစ်၊ ရန်မခေစေ၊
ဗဋ္ဌာန်ပေ၊ ပြုလေ-ကိစ်တရပ်။

၂၁၉။ သံဃကိစ္စ၊ ရွက်ဆောင်ကြရာ၊ သုံးဃာလိုက၊ ထနှင့်
ပါစေ၊ ဗဋ္ဌာန်ပေ၊ ပြုလေ-ကိစ်တရပ်။

၂၂၀။ ဇုဋ္ဌဖိနေဝ်၊ ခေါ်တော်မူက၊ ထနှင့်ပါစေ၊ ဗဋ္ဌာန်ပေ၊
ပြုလေ-ကိစ်တရပ်။

၂၂၁။ သမာဝင်ရာ၊ ရက်သတ္တာတွင်၊ ရှင်နိုင်လိမ့်လား၊
သက်ပိုင်းခြား၊ ကြည့်ငြား-ကိစ်တရပ်။

၂၂၂။ လေးဖြာကိစ္စ၊ ပြုပြီးမှလျှင်၊ နေ၀သည်၊ နာသည်၊
သမာဝင်စား၊ အပ်။

၂၂၃။ ထိုဝင်သူအား၊ နှစ်ပါး-ပွနာ၊ အောနောက်မှာလျှင်၊
စိတ်စည်စေသိက်၊ စိတ်ဇာရူပါ၊ ချုပ်လေရာ၊ နိသမာ
ပတ် ဝင်သူမှတ်။

၂၁၈။ ၂၁၉။ ၂၂၀။ ၂၂၁။ ပုဗ္ဗကိစ္စလေးပါးကား- ၁-ကိုယ်နှင့်ကွာလှမ်းနေသည့် အဝတ်, သင်္ကန်း, ပရိက္ခရာ, ကျောင်း စသည်တို့ မီးစသည်မလောင်ကျွမ်း, မဖျက်ဆီးစေသင့်သည်းဟု အဓိဋ္ဌာန်ခြင်း ''အဓိဋ္ဌာန'', ၂-သံဃကိစ္စဟူသမျှ သံဃာလိုက သမာပတ်မှ ထနိုင်စေသတည်းဟု အဓိဋ္ဌာန်ခြင်း ''သံဃပဋိမာနန'' ၃-ဘုရားမြတ်စွာခေါ်တော်မူပါက သမာပတ်မှ ထနိုင်ပါစေသတည်း ဟု အဓိဋ္ဌာန်ခြင်း ''သတ္ထုပက္ကောသန'' ၄-သမာပတ်ဝင်စားနေသည့် ခုနစ်ရက်အတွင်း၌ မိမိ၏အသက်အပိုင်းအခြား ရှိ-မရှိကို ကြည့်ရှုစစ်ဆေးခြင်း ''အဒ္ဓါနပရိစ္ဆေဒ'' တည်း။

၂၂၂။ ၂၂၃။ ဤပြဆိုခဲ့ပြီးသော ပုဗ္ဗကိစ္စလေးပါးကို ပြုပြီးမှ သာလျှင် နေ၀သည်းနာသည်ယတနရားနှင့်ကို ဆက်လက်ဝင်စားအပ်၏။

၂၂၄။ ထိုမှထ၍၊ ပဂ်ိုန္နစ်ဖြာဘို့၊ ကိုယ် ဖလာတစ်၊ တကြိမ်ဖြစ်မြောက်၊ ဘဝင်ရောက်၊ ထို့နောက် ဆင်ခြင်မှတ်။

၂၂၅။ ဤလည်း တဝ၊ မိန့်ဆိုပြ၊ ဘေဒသမာပတ်။

၂၂၆။ ဝိပဿ်ကမ္မဋ္ဌာန်း၊ ပွားစီးဖြန်း၊ နည်းလမ်းဆိုပြီး မှတ်။

၂၂၇။ ဗုဒ္ဓမြတ်စွာ၊ သာသနာဝယ်၊ တင့်တယ်ကောင်းမွန်၊ မြတ်ဆုံးလွန်ချက်၊ ဈာန်နှင့်မဂ်, ဖိုလ်၊ နိဗ္ဗာန်ဆို သား၊ ဓာတ်ဆိုများ၊ ရငြား ပဋိပတ်-ကျင့်ဖြင့်မှတ်။

ထိုဈာန်ကိုဝင်စားရာ၌လည်း အကြိမ်များစွာ ဝင်စားမနေရတော့ဘဲ အနာဂါမ်ပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကုသိုလ်ဈာန်စွမ်းကြိမ်, ရဟန္တာပုဂ္ဂိုလ်အား ကြိယာဈာန်စွမ်းကြိမ်မျှ ဝင်စားပြီးသည်၏အဆုံး၌ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ခြင်းဟု ဆိုအပ်သော ''နိုရောဓသမာပတ်''သို့ ကောင်းစွာရောက်၏။

၂၂၄။၂၂၅။၂၂၆။ နိုရောဓသမာပတ်ကိုဝင်စားပြီးနောက် ပိုင်းခြားအပ်သော အချိန်ကာလသို့ ရောက်၍ ထိုသမာပတ်မှ ထသောအခါ၌ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဈာတကြိမ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဈာတကြိမ်-ဤသို့ မိမိဖိုလ်ဈာတ်ကြိမ်စီ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပြီးလျှင်ဘဝင်အယဉ်ကျေးထို့နောင် မိမိဖိုလ်ကိုပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဆက်၍ဖြစ်သတည်း။ ။သမာပတ်ဝင်စားပြီး၏။ ဝိပဿနာ ကမ္မဋ္ဌာန်း ပြဆိုခက်းပြီး၏။

ဥယျောဇနကထာ

၂၂၇။ ဗုဒ္ဓမြတ်စွာ ဘုရဝါ၏ သာသနာတော်ကြီး၌ သီလစောင့်

၂၂၈၊ ဓာတ်ဆိုးမြွတ်ကို၊ သုံးဆောင်လိုက၊ မိန့်ဆိုပြတို့ဉီး၊
နည်းယူနိုင်း၊ မဆိုင်းကျင့်ဇနပ်-ဘာဒနစ်ရပ်။
၂၂၉၊ နှစ်ပြာကျင့်မြတ်၊ ပဋိပတ်ကုင်း၊ အဖျင်းဘဝ၊
လင်းမရမူ၊ထိုသည့်သူ၊ လူ-ဟူအဖြစ်ရှုံးသတတ်။
၂၃၀၊ နှစ်ရှဉ့်သုံးဆယ်၊ ပုဒ်ဖြင့်သွယ်၍၊ မှတ်ဘွယ်တင့်
ဆန်း၊ ကဗျာတန်း၊ ကမ္မဋ္ဌာန်း အပြီးသတ်။ ။

ကမ္မဋ္ဌာန်းပိုင်း သံပေါက် ပြီး၏။

ခြင်း, သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးကို ပွားများအားထုတ်ခြင်း-အစ
ရှိသော အကျင့်ကောင်း, အကျင့်မြတ် ပဋိပတ်၏ မွန်မြတ်သော အရသာ
သာယာခံစားဘွယ်တရားကား ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော
ဘုရသာ-ဓာတ်ဆိုများပင်တည်း။

၂၂၈။ ၂၂၉။ ၂၃၀။ ထို ဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန် တည်းဟူသော
အရသာ-ဓာတ်ဆိုများကို သုံးဆောင်ခံစားလိုကြပါမူ ရဟန်း,ရှင်, လူ
မည်သူမဆို သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ဖြာသောအကျင့်
မြတ် ပဋိပဒ်ကို မပြတ်ကြိုးကုတ် အားထုတ်ပွားများအပ်၏။ ထိုဘာဝနာ
နှစ်ရပ် အကျင့်မြတ်ကို နှလုံးမသွင်း ရှောင်ဖယ်ကင်းခြေ မိုက်-အ-ဖျင်းသူ
ဖြစ်ပါမူကား လူ့ဘဝ-လူ့အဖြစ်မှ ရှုံးခြင်းကြီးမလွ ရှုံးရမည် ဖြစ်သော
ကြောင့် ဈာန်,မဂ်,ဖိုလ်ကို ကောန်လိုလား အမျိုးကောင်းသားကိုသည်
ဘာဝနာနှစ်ပါးကို ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ကြရမည်-
ပွားများ အားထုတ်နိုင်ကြပါစေသတည်း။ ။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

နိဂမာဒိ ကထာ

၁။ ဆင်္ဂြိ, တေ, ဒွိ, ဂင်္ဂေ၊ သင်္ကြာဖြစ်နွေ၊ စကာလေ၊
မာသေ-ပဂ္ဂုဏေ။

၂။ ပုဏ္ဏမိနစက်၊ ကျောခြောက်ရက်ကြို၊ နေ့-ဂဠုန်
မှန်၊ ဖိုးသောက်ယာမ်၊ ဇာတံ-ကျမ်းဆရာ။

၃။ တုတ်လှမ်းနယ်ဝင်၊ မြို့ပြင်ထေရ၊ တေဇလွှမ်းမေဉ်၊
ဇမ္ဗူကျောင်ဂို၊ တူတော်သိဿ၊ အာစာရတွင်၊
ထေရ်အာသျှင်၊ စိရင်၍ကျမ်းစာ။

၄။ ပရမတ္ထ၊ သင်္ဂဟာဟ၊ တင်သတံဆိပ်၊ ဘွဲ့.မှဴလိပ်၊
ခတ်နှိပ်မည်သည်။

၅။ ဂင်္ဂေ, ဆင်္ဂြိ, ဒွိ, ဂေ၊ ဝဿန်နှစ်၊ မာသဘာဒြ၊
ပုဏ္ဏမ၊ ပြီးထ၍ကျမ်းစာ။

၆။ ၍ကျမ်းပြုရ၊ ကုသလကြောင့်၊ ဆုသဓိဋ္ဌာန်၊
ဗောဓိဉာဏ်ဂို၊ ရင့်သန်စေမှု၊ အကြောင်းပြု၊
တောင်းဆု ပတ္ထနာ။

၇။ ဆမျှားမလိုက်၊ တရားမြို့က်ကို၊ အား.စိုက်ထုတ်
သန်၊ ဒုက္ခံ ခပ်သိမ်း၊ ကင်းလွတ်ငြိမ်းစေ၊ ဆုပန်ချွေ၊
ဝေနေ မျှားသင်္ဂြာ။

၈။ ဇိစမ်း, လေ-ဥတု၊ ရတုဖြောင့်မှန်၊ နိုင်ငံစိုးမင်း၊
တရားစင်းချ၊ ခပင်းဗိုလ်လှ၊ ချမ်းကြည်ဖြူလေ၊
ဘေးကင်းကွေ၊ ငြိမ်းစေ-ပတ္ထနာ။

၉။ ငမွေစက်ဂိုန်၊ လက်ထိန်ရွန်းငြောင်၊ မိုက်ငမျောင် ပယ်လျှမ်း၊တိုက်သုံးခမ်း၊လွှမ်းစေ–သာသနာ။
၁၀။ ဤပုညဓာတ်၊ ကုသိုလ်မြတ်ကို၊ ငါနှယ်ထပ်တူ၊ ရကြပါဟူ၊ ပေးလှူမျှားသတ္တာ။
၁၁။ ပညာမြော်မြင်၊ သူတော်စင်တို့၊ ကြည်ရွှင်စွဲပိုက်၊ လွန်နှစ်ခြိုက်စေ၊ အားဝိုက်ပေအာပ်၊ ပရမတ္ထ၊ သင်္ဂဟကျမ်း၊ကဗျာတန်း၊ ဆုံးခဏ်းနိဋ္ဌိတာ။ ။

ပရမတ္ထဆရာသင်္ဂဟ သံပေါက်–အဓိပ္ပါယ်
ဤဝယ်ပြီးပြာ အဆုံးသတ်ပြီး

ဤစာအုပ် ရိုက်နှိပ်ရာတွင် ဓမ္မဒါန
ပါဝင်ကြသော
ကုသိုလ်ရှင်များ စာရင်း

ရန်ကုန်မြို့

၁။ ၄၆-လမ်း စက်သူဌေး ဦးဘကြည်, ဒေါ်တင်စု
သား-သမီးတစု ၅၀၀

၂။ အလုံစက်တွင်းလမ်း ဦးလှမောင်,ဒေါ်ခင်ကြည် ၁၀၀

၃။ ကြည့်မြင်တိုင်ထ ီးတန်း ကုန်သည်ဦးထွန်းရွှေ,
ဒေါ်ရှကျင် ၁၀၀

၄။ ကံဘဲ့စက်ယက်ကန်းပိုင်ရှင် ဦးသောင်းစိန်,
ဒေါ်လှကြည် ၅၀

၅။ ကျောက်မြောင်း ကြက်တံဆိပ် ဘိလပ်ရည်
ကုမ္ပဏ ီပိုင်ရှင် ဦးငြိမ်းမောင်, ဒေါ်အုံးသင် ၂၀

၆။ ရွှေဂုံတိုင်လမ်း အမှတ် ဘီ-၂၂၆ ဒေါ်ကျင်မေ ၂၀

၇။ ပုဇွန်တောင် အောင်ဇေယျလမ်း ဒေါ်ဝေထွး ၂၀

၈။ ၃၅-လမ်း ကုန်သည် ဦးမောင်နိုင်,ဒေါ်သန်းတင် ၂၀

၉။ ဗဟန်း ကန်တော်မိတ် ဒေါ်စောခင်-သား
မောင်မော ၂၀

၁၀။ ဗဟန်း ဈေးခေါင်း ဦးတင်သိန်း, ဒေါ်ငွေရင် ၂၀

၁၁။ ပုဇွန်တောင် ကုန်သည် ကိုသိန်း, မကျင်အေး ၁၅

၁၂။ ကံဘဲ့ ဒေါ်ကျေး ၁၀

၁၃။ ကမာရွတ် ခိုင်ရွေဝါလမ်း ဦးစိန်ထွန်း,ဒေါ်ကျင်ပု ၁၀
၁၄။ အနော်ရထာလမ်း ကုန်သည် ဦးမူရိန်,
ဒေါ်ဝါစိန် ၁၀
၁၅။ တောင်ဥက္ကလာပ ၆-ရပ်ကွက် ဦးဘကျော်,
ဒေါ်အေး ၁၀
၁၆။ ကမာရွတ် ဗိသုကာဆရာကြီးဦးမုံ:,ဒေါ်မြခင် ၁၀
၁၇။ ၄၂-လမ်း အဖျောက် မကြည်.... ..... ၅

မန္တလေးခရိုင်

၁။ မျက်ပါးရပ် ရွှေဆိုင်းကုန်သည် ဦးအေး,
ဦးစံလွင်, ဦးစံရင်-မောင်နှစ်မတစု ၅၀
၂။ မျက်ပါးရပ် မျိုးချစ် ထိုးမုံ့ဆိုင်ရှင် ဒေါ်တင်
သိမ်း ညွှန့်ညွှန့် ၅၀
၃။ ၃၁-လမ်းကျောက်သွေးတန်း စိန်,ရွှေရတနာ
ကုန်သည် ဦးမြရွှေ, ဒေါ်ကြည်ကြည် သား-
သိမ်းတစု ၅၀
၄။ ၃၁ – လမ်း ကျောက်သွေးတန်း စိန်,ရွှေ
ရတနာကုန်သည် ဦးအေးကျော်-ဒေါ်ကြွယ်ကြွယ်
သား-မောင်သန်းဦး ၃၀
၅။ သိမ်းတော်ဈေး ကျောင်းအမ ဒေါ်ဂျမ်း,ဒေါ်ဆန်း ၃၀

ချောက်မြို့

၁။ ချောက်မြို့ တီ,အို,စီ လက်ထောက် အင်ဂျင်နီယာ
အရာရှိကြီး ဦးအုံ–ဒေါ်အုံးရင် သား-သိမ်းတစု ၃၀၀

အပျော်ကာ အထက်ဒိုင်း

၁။ ဒါယကာ-ဒါယိကာမများ ၂၃၀

အပျော်ကာ အလယ်ဒိုင်း

၂။ ဒါယကာ-ဒါယိကာမများ ၃၇၀

အပျောက်သရက်ဆောင်ဒိုင်း

၃။ ဒါယကာ-ဒါယိကာမများ ၄၃၀

အနပျောက် ဘျးဒိုင်း

၄။ ဒါယကာ-ဒါယိကာမများ ၃၇၄

အင်းတရာရွာ

၅။ ဒါယကာ-ဒါယိကာမများ ၁၁၄

ဤစာအုပ် ရိုက်နှိပ်ရာ၌ မူလ ခန့်မှန်းထားသော စာမျက်နှာထက် များစွာ ပိုလွန်နေသည်ဖြစ်ပါ၍ ကောင်းမှုရှင်တို့၏ အမည်စာရင်းတို့ကို အပြည့်အစုံ ထည့်သွင်း-ဖော်ပြလိုပါသော်လည်း အခက်အခဲအမျိုးမျိုးတို့ ကြောင့် ပြည့်စုံအောင် ထည့်သွင်း-ဖော်ပြခြင်း မပြုနိုင်ပါကြောင်း။ ။